ဒုတိယအကြိမ်
ရှမ်းပြည်နယ်လွှတ်တော်
(၁၉)ကြိမ်မြောက်ပုံမှန်
အစည်းအဝေး
မှတ်တမ်း

ရှမ်းပြည်နယ်
ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
(၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
(က)	**(၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း**	
	(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။	၁
	(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။	၂
	(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။	၂
	(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။	၂
	(၅) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။	၅
	(၆) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-	၇
	(က) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်းတွင် ဘဏ္ဍာနှစ်အလိုက် ရေခွန်ကြွေးကျန်မည်မျှရှိပြီး၊ မည်ကဲ့သို့ ပြီးပြတ်အောင် ဆောင်ရွက်မည်နှင့် လက်ရှိရေခွန်ကောက်ခံနေသည့် အစီအမံများ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။	၈

(ခ) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏

(၁) **"ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ မဲနယ်တောင်ကျေးရွာတွင် MPT ထပ်ဆင့်မိုဘိုင်းဖုန်းတိုင်များ ပြုလုပ်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ရွာငံမြို့နယ်ရှိ ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ ပန်းလောင်ကြိုးဝိုင်းနှင့် ပြဒါးလင်းဂူ ကြိုးဝိုင်းတောများရှိ မျိုးစိတ်များ၊ တောရိုင်းတိရစ္ဆာန်များ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက တစ်မြို့နယ်လျှင် အရေးပေါ်ငွေသုံးစွဲရန်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ကြိုတင်ငွေ လျာထားစီမံဆောင်ရွက်ပေးထားမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ **"ကျိုင်းတုံ- တောင်ကြီးကားလမ်းမှ ပွေဖြန်းသုသာန်သွား အရှည်(၂)မိုင်ခန့်ရှိ (၁၂)ပေအကျယ် ကတ္တရာလမ်းတွင် ပျက်စီးနေသော လမ်းပိုင်းနေရာများကို ပြန်လည်ပြုပြင်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ တိုးချဲ့ပညာပေးအစီအစဉ်နှင့် ပညာပေးလုပ်ငန်း၊ ခေတ်မီသတင်း အချက်အလက်များ၊ နည်းပညာများအသုံးပြုခြင်းနှင့် စိုက်ပျိုးမွေးမြူရေးပညာပေးနည်းစနစ်သစ်များ တိုးမြှင့်သုံးစွဲနိုင်ရေး မည်သို့ဆောင်ရွက်ပေးနေကြောင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၎) ဗိုလ်မှူးကျော်ဆန်းမင်း၊ တပ်မတော်သား ပြည်နယ်လွတ်တော် ၃၆
ကိုယ်စားလှယ်၏ **"ကလောမြို့နယ်၊ သူရဲကျေးရွာအုပ်စု၊ မြင်းက ကျေးရွာမှ ဝိန္ဓေပင်ကျေးရွာချင်းဆက် ကျောက်ချောလမ်း (၃)မိုင် (၄)ဖာလုံအား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၏) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွာငံမြို့နယ်၊ တပင်ပျော်ကျေးရွာ အုပ်စု၊ တပင်ပျော်ကျေးရွာတွင် 11 KV (၁.၅)မိုင်နှင့် 400 V (၂)မိုင်၊ 200 KVA ထရန်စဖော်မာ(၁)လုံးအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၈

(ဆ) ဗိုလ်မှူးမျိုးမင်းသူ၊ တပ်မတော်သား ပြည်နယ်လွတ်တော် ၄၀
ကိုယ်စားလှယ်၏ **"တောင်ကြီးမြို့၊ အမှတ်(၁၁) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ လိုအပ်လျက် ရှိသော စာသင်ဆောင် (၉၀×၃၀×၁၈)ပေ (၂)လုံးနှင့် ပျက်စီးနေသော ရေလောင်းအိမ်သာ (၃)လုံးအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။

(၍) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၄၃
"တောင်ကြီးမြို့၊ မြို့လယ်လမ်းမကြီး၊ လူသွားစင်္ကြံန် (ပလက် ဖောင်း)ပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားခြင်းများ" နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၈၂) ဗိုလ်မှူးပြည့်ဖြိုးအောင်၊ တပ်မတော်သား ပြည်နယ်လွတ်တော် ၄၉
ကိုယ်စားလှယ်၏ **"မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ တာကြန့်ကျေးရွာအုပ်စု၊ နမ့်နော်(အောက်) ကျေးရွာရှိ နမ့်နော် ချောင်းသစ်သားတံတားအား ဘေလီတံတား (သို့မဟုတ်) သံကူ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၌) ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၅၂
"မိုင်းဖြတ်မြို့နယ်ရှိ နမ့်လောက်၊ တာမ၊ ဝမ်ဆာ၊ ဆိုင်ဆတ် (ကချင်ရွာ)နှင့် ဝမ်ယန်းမိုင်ကျေးရွာများ လျှပ်စစ်မီးလင်းရေး မည်သို့စီစဉ်ဆောင်ရွက်ပေးမည်" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၄) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းပျဉ်းမြို့နယ်အတွင်းရှိ အ.မ.က (ခမရ- ၅၂၈)နှင့် အ.ထ.က (တုံတာ) ကျောင်းများရှိ အန္တရာယ်ကျောင်းဆောင်များအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၅၄

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းခြင်း။ ၅၇

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၆၀

(၉) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စု တို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၆၀

(၁၀) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၆၅

(၁၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၆၆

(ခ) (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၆၇

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် ၆၈
အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၆၈

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ၆၈
ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး
ကော်မတီမှ ခွင့်ပန်ကြားခြင်း။

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် ၇၁
လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ
ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၇၁
"သီပေါမြို့နယ်အတွင်း ဝေးလံခေါင်ဖျားနှင့် ခရီးလမ်းခက်ခဲသော ဒေသများရှိ ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၏ ဒေသစရိတ်များချီးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၇၅
"ညောင်ရွှေမြို့နယ်၊ နောင်တော၊ မိုင်းပျိုးနှင့် အင်းလျားကျေးရွာအုပ်စုချင်းဆက် စော်ဘွားတောပေါင်လမ်း (၃.၂)မိုင်ကို မြေသားလမ်း (ကျေးရွာကုန်ထုတ်လမ်း)အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငယ်တန်းစာရေး (ရပ်/ကျေး)များ ရွေးချယ်ခန့်ထားမှု"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၇၇

(ဃ) ဦးစံဝင်းအောင်မြတ်(ခ)ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ် ၈၂
အမှတ်(၂)၏ **"မော်တော်ယာဉ်အမည်ပြောင်း မှတ်ပုံတင် ဆောင်ရွက်ရာတွင် ထပ်မံပေးဆောင်ရသည့် အခွန်ငွေများ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

စ

(ဇ) ဗိုလ်မှူးကျော်ကျော်နိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ **"ရှမ်းပြည်နယ်အတွင်းရှိ အချို့ဒေသများတွင် နွေရာသီ၌ သောက်သုံးရေရှားပါး ပြတ်လပ်ခြင်းများရှိသဖြင့် စနစ်တကျစစ်တမ်းကောက်ယူပြီး သောက်သုံးရေ ဖူလုံစွာရရှိရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၅

(ဈ) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်တရားရုံးများတွင် ကလေးသူငယ်အထူးတရားရုံးများ ထားရှိရန်နှင့် ကလေးသူငယ်အထူးရဲများ သီးသန့်ခန့်ထားရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၉၂

(ဆ) ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းဖြတ်မြို့နယ်၊ နမ့်ပန်ကျေးရွာအုပ်စုတွင် MPT ဆက်သွယ်ရေးတာဝါတိုင်တစ်ခုနှင့် ကျိုင်းတုံမြို့နှင့် မိုင်းဖြတ်မြို့ကြားရှိ မိုင် (၃၀)ရွာမှ မိုင်းဖြတ်မြို့အဝင်အထိ ဖုန်းလိုင်းဆက်သွယ်မှု ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၀

(ဇ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးသို့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်သွင်းလာသော ဘဏ္ဍာရေးနှစ်အလိုက် စိစစ်တွေ့ရှိချက်များ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၃

(ဈ) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပင်းတယ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း (၁၂)ကျောင်းအား ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၃

(ည) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းပျဉ်းမြို့နယ်၊ ကျေးရွာအုပ်စု(၄)အုပ်စုအတွင်းရှိ ကျေးရွာ (၁၃)ရွာတွင် ဆိုလာမီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၈

ဆ

(၄) ဗိုလ်မှူးအောင်သူခိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ၁၂၁
ကိုယ်စားလှယ်၏ **"ရှမ်းပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ကုန်များ၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော လုပ်ငန်းများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအပေါ် ကူညီ ဆောင်ရွက်ပေးနေမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၅) ဦးစိုင်းစံမိုင်း၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျေးသီး** ၁၂၉
မြို့နယ်၊ နောင်ဆွမ်းနှင့် မိုင်းကောင် ကျေးရွာအုပ်စုများတွင် ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူပေးရန် အစီအစဉ် ရှိ/ မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၆) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၁၃၁
"**နမ့်ဆန်မြို့နယ်၊ ကွမ်ဟယ်ကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဝန်ကြီးဌာန (၂)ခု၏ မတူညီသော စံချိန်စံညွှန်းများ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၆) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၁၃၅
"ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ် ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီ ကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့် သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

(၇) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေး ၁၃၈
ရှင်းလင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

(၈) ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်း** ၁၄၃
ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်စေရေးတို့ကို စီမံချက်များ ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အဆိုတင်သွင်း ခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။

(၉) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ၁၄၆
ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း
ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်
ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ
ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် ၁၄၆
လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နား
ကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့်
နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

(ဂ) (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၄၇

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် ၁၄၈
အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာ ၁၄၈
ခြင်း။

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ၁၄၈
ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစီစစ်ရေး
ကော်မတီမှ ခွင့်ပန်ကြားခြင်း။

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ၁၅၀
ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့်
သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“နမ့်ခမ်းမြို့ပေါ်တွင် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ရပ်ကွက်(၁၄)ခုအနက် ရပ်ကွက်(၈)ခုတွင် မြေငှား ဂရန်လျှောက်ထား၍ မရသေးခြင်း”** နှင့်စပ်လျဉ်းသည့် ၁၅၁
မေးခွန်း။

(၂) **"နမ့်ခမ်းမြို့နယ်၊ ကောင်းကတ်ကျေးရွာအုပ်စု "ကွင်းပြင်ပဒေသ"ရှိ သစ်တောစိုက်ခင်းအဖြစ် သိမ်းယူထားသည့်မြေအနက် စိုက်ပျိုးခြင်းမရှိသော မြေဧရိယာ (၉၇)ဧကကို မူလပိုင်ရှင် တောင်သူ(၂၈)ဦးထံသို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၅၃

(ခ) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်း ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်းနှင့် အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်မြေနေရာ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၅၅

(ဂ) ဗိုလ်မှူးပြည့်ဖြိုးအောင်၊ တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ **"မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ တာကြန့် ကျေးရွာအုပ်စု၊ ကော်ဆမ်မိန်း ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတစ်ခု ချထားပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၆၅

(ဃ) ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်ရွှေမြို့နယ်၊ တုံဟုံး- လွိုင်မွန်း- ဆီဆိုင်လမ်းပေါ်ရှိ သစ်သားတံတား (၅)စင်းအား ကွန်ကရစ်တံတားအဖြစ် နှစ်အလိုက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၆၇

(င) ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးမိတ်နှင့်မဘိမ်းမြို့နယ်အကြား ရွှေလီမြစ်အတွင်းရှိ ရေနေသတ္တဝါများ မျိုးသုဉ်းခြင်း၊ ရေသယံဇာတ ပျက်စီးခြင်းမဖြစ်ပေါ်စေရန် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၆၉

(စ) ဗိုလ်မှူးအောင်သူခိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ **"လားရှိုးမြို့၌ ဆိုင်ကယ်မောင်းနှင် စီးနင်းသူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်း စည်းကမ်းအား လိုက်နာစေရေး မည်ကဲ့သို့ဆောင်ရွက်နေသည်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၇၆

ည

(ဆ) ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းဖြတ်မြို့နယ်၊ အိုက်လုံနှင့် အိုက်ဒို့ကျေးရွာအုပ်စုများရှိ Telenor တာဝါတိုင်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၀

(ဇ) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့ မီးလင်းရေးလုပ်ငန်းဆောင်ရွက်ပေးမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၃

(စျ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"လွိုင်လင်မြို့နယ်၊ နားယန်းကျေးရွာအုပ်စု၊ အ.လ.က(ခွဲ) ကျူစန်းလောင်းတွင် ပညာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးနိုင်ရေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၅

(၂) **"လွိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စု၊ မူလတန်း(လွန်) လွယ်မွတ်(မိုင်းပွန်)ရှိ ကျောင်းဆောင်ဟောင်းအား ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၆

(ည) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ လင်းလေအင်းကျေးရွာ ရေရရှိရေးအတွက် သိမ်ကုန်းကျေးရွာအုပ်စု၊ တောင်တန်းပေါ်ရှိ နွံရည်ဦး ရေထွက်မှ ရေသွယ်ယူပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၈

(၂) **"COVID-19 ရောဂါအလွန်တွင် ရှမ်းပြည်နယ်ပြည်သူလူထု၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စီမံဆောင်ရွက်ပေးမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၀

(၆) ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ ဖြစ်စေရေးတို့ကို စိမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၀၁

(၇) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၀၈

(၈) ရှမ်းပြည်နယ်တရားလွှတ်တော်က ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ တင်ပြသည့် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။ ၂၁၃

(၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၂၁၉

(ဃ) (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၂၀

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၂၁

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၂၂၁

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂၂၁

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၂၂၃

(က) ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မဘိမ်းမြို့နယ်၊ ကုန်းမခံကျေးရွာအုပ်စု နယ်နိမိတ်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လျှောက်ထားရယူခြင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၄

(ခ) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွာငံမြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စု၊ အင်းကြီးကျေးရွာတွင် အားကစားကွင်း ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၉

(ဂ) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"နမ့်စန်မြို့နယ်တွင် ဟိုတန့်ရေထွက်အပါအဝင် လွိုင်လင်တောင်ကြောတစ်လျှောက် ရေထွက်တော ဝန်းကျင်ရှိ သစ်တောများကို အတားအဆီးမဲ့ တောင်ယာခုတ်ထွင်နေခြင်းများ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၁

(ဃ) ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **"ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီမှ မူလမြေပိုင်ရှင်များထံ အမှုပိတ်သိမ်းကြောင်း ပြန်ကြားလာမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၈

(င) ဗိုလ်ကြီးဟန်လင်းထွန်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏**"တောင်ကြီးမြို့နယ်၊ အောင်သပြေအခြေခံပညာအထက်တန်းကျောင်း၏ (၁၅၀× ၃၀× ၂၄)ပေ အုတ်ညှပ် နှစ်ထပ်ကျောင်းဆောင်အား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၄၂

(စ) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"ရွာငံမြို့နယ်ရှိ ကျောက်ခေတ်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ပြဒါးလင်းဂူ (၁)နှင့် (၂)တို့အား မပျက်စီးစေရေး ထိန်းသိမ်းစီမံဆောင်ရွက်ပေးနေမှု"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၄၅

(ဆ) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၂၄၈
"မိုင်းပျဉ်းမြို့နယ်၊ ပန်ဝိုင်၊ ယမ်းခမ်း၊ ပန်နောင်လုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၁၃)ရွာတွင် စိမ့်စမ်း ရေသွယ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၂၅၂
"ရှမ်းပြည်နယ်တွင် သဘာဝသယံဇာတတူးဖော်ရေး လုပ်ကွက်သစ်များအတွက် ဒေသခံပြည်သူများနှင့် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့်သာ ပြည်နယ်အစိုးရမှသဘောထားမှတ်ချက်ပေးရန် အစီအစဉ် ရှိ/ မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဈ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၄)နှစ်တာ ကာလအတွင်း ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်မညီဘဲ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)များနှင့် ထုတ်ပေးထားသူများကို မည်သို့ဆောင်ရွက်နေသည်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၆၀

(ဋ) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၆၅

(ဌ) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၉၁

(ဍ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၂၉၃

(ဇ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၂၉၅

(ဈ) ဆုံးဖြတ်ချက်များ ၂၉၆

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(ပထမနေ့)မှတ်တမ်း

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၂၂ ရက်

[တနလင်္ဂာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါ သဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၈.၄၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(က)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္နနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လေ့လာကြတဲ့ ဧည့်သည်တော်များ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၂- ၆- ၂၀၂၀ ရက် (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ်မဲဆန္နနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၂)ရက်။

(၂) ဦးယောသပ်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးစံလွင်၊ ဟိုပုံးမြို့နယ် မဲဆန္နနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၄) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ် မဲဆန္နနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၄)ရက်။

(၅) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ် မဲဆန္နနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၆) ဦးခွန်ထွန်းလူ(ခ) ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္နနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၄)ရက်။

(၇) ဦးရန်ကျော်၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၈) ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၉) ဦးညီနပ်၊ မက်မန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၀) ဦးကျကဇော်၊ မက်မန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၁) ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၂) ဦးအာကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၁၃) ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၂)ရက်။

(၁၄) ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၅) ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

(၁၆) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၁၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၆)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉) ကြိမ်မြောက်ပုံမှန်အစည်းဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပြီး လွှတ်တော်တာဝန်များကို ကျေပွန်စွာထမ်းရွက်နိုင်ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ COVID- 19 ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးနိုင်ရေးအတွက်တစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံးက ရင်ဆိုင်နေရသည့် ယခုလိုကာလမျိုးမှာ လွှတ်တော်အစည်းအဝေးကို ခေါ်ယူတာဖြစ်သလို လွှတ်တော်အစည်းဝေးသို့ အချိန်မီ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဒီ(၁၉) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ပြုလုပ်ကျင်းပရာမှာ ယခင်လကကျင်းပခဲ့တဲ့ အထူးအစည်းအဝေး (၁/၂၀၂၀)မှာ ဆောင်ရွက်ခဲ့တဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ်များအတွက် လူမှုဆက်ဆံရာမှာ ခပ်ခွာခွာ နေခြင်းဆိုတဲ့ Social distancing ကို ဆက်လက်ဆောင်ရွက်ထားပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်မှ အသိပေးပန်ကြားစာမှာ ပါတဲ့အတိုင်း စနစ်တကျဂရုပြု သွားလာနေထိုင်ဖို့ ပူးပေါင်းဆောင်ရွက်ကြမယ်လို့ ကျွန်တော့် အနေနဲ့ ပြောကြားလိုပါတယ်။ လွှတ်တော်အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော် အနေဖြင့် လက်ရှိကာလအတွင်း မဖြစ်မနေဆောင်ရွက်ပေးရမည့် ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို အတည်ပြုပေးရမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက်နှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်က ဒီလ(၅) ရက်နေ့ရက်စွဲနဲ့ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေမှာ ဖော်ပြထားတဲ့အတိုင်း ကျွန်တော်တို့ ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီနှင့် ဥပဒေပြုရေးဆိုင်ရာကော်မတီတို့ စိစစ်ပြီး ငွေကြေးဆိုင်ရာသုံးသပ်ချက်နှင့် ဥပဒေဆိုင်ရာသုံးသပ်ချက်တို့ကို လွှတ်တော်ကိုတင်ပြကြရမှာ ဖြစ်ပါတယ်။ ၂၀၁၉- ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုမှ စိစစ်လျှော့ချပြီးသည့် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၉- ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက် မှန်မှန်ကန်ကန်ဖြစ်စေရေးအတွက် ဥပဒေပြုရေး ဆိုင်ရာကော်မတီအနေဖြင့် ဆက်စပ်သည့် ဌာနများနှင့် ကြားနာပွဲပြုလုပ်ပြီး အကြိုညှိနှိုင်း ဆောင်ရွက်ခဲ့တာတွေလည်း ရှိပါတယ်။ ဒီကော်မတီ(၂)ခုဟာ ရှမ်းပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံပြီး ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ ကင်းကင်းဖြင့် စဉ်းစားဆောင်ရွက်ကြဖို့ တာဝန်ရှိပါတယ်။ ကော်မတီအစည်းအဝေး သို့မဟုတ် ကြားနာပွဲကို တက်ရောက်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်များကသာ မိမိတို့ဒေသအတွက် တောင်းဆိုကြပြီး ခွဲဝေကြမယ်ဆိုလို့ရှိရင် ဘဏ္ဍာရန်ပုံငွေခွဲဝေရာမှာ ညီတူညီမျှမဖြစ်နိုင်သကဲ့သို့ ပွင့်လင်းမြင်သာမှုလည်း ရှိနိုင်မည်မဟုတ်ကြောင်း သတိပြုစေလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အစည်းအဝေးမှာ ဆွေးနွေး၍ အများဆန္ဒဖြင့် အတည်ပြု ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ ဖြင့် ပြဋ္ဌာန်းလိုက်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်း

ခြင်းဆိုင်ရာ ဥပဒေမှာလည်း ဖော်ပြထားပြီး ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီ(၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များ ပေးပို့ထားတဲ့ အဆိုများနဲ့ ကြယ်ပွင့်ပြမေးခွန်းများအနက် အသင့်ဖြစ်သောအဆိုများနဲ့ မေးခွန်းများကို ထည့်သွင်းဆောင်ရွက်ထားပါတယ်။ မေးခွန်းများနှင့်စပ်လျဉ်း၍ မေးမြန်းပြီးသော သို့မဟုတ် ဖြေကြားပြီးသောမေးခွန်းအချို့ကို ပြန်လည်တွေ့ရှိရသလို မေးမြန်းသည့်အချက်တူညီသော မေးခွန်းများကိုလည်း စိစစ်တွေ့ရှိရပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးတွေမှာ မေးမြန်းခဲ့ပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များကလည်း ဖြေကြားပြီးဖြစ်သော်လည်း ဆောင်ရွက်ပြီးစီးမှုမရှိသေးသဖြင့် ထပ်ဆင့်မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများကို ကြယ်ပွင့်မပြ မေးခွန်းအနေနဲ့ ထည့်သွင်းဆောင်ရွက်ထားပါတယ်။ ကိုယ်စားလှယ်တစ်ဦးနှင့်တစ်ဦး မေးခွန်းတူနေပါက ဦးစွာရောက်ရှိသော မေးခွန်းကိုသာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ ဖြေကြားပေးရန် ပေးပို့ခဲ့ပါကြောင်း ပြောကြားလိုပါတယ်။ COVID- 19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်နှင့်အညီ ယခုအစည်းအဝေးကို ရက်တိုအတွင်း ပြီးစီးအောင် စီစဉ်ထားပါတယ်။ ဒါကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နားလည်သဘောပေါက်ပြီး အစည်းအဝေး၌ ဆောင်ရွက်စရာရှိသည်များကို ရက်တိုအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ ပူးပေါင်းပါဝင်ကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာရှိသော နံနက်ခင်းပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ၂၀၂၀ ပြည့်နှစ် ၊ ဇွန်လ ၂၂ ရက်နေ့မှာ စတင်ကျင်းပပြုလုပ်မဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (ပထမနေ့) အစီအစဉ်မှာ ကြွရောက်လာတဲ့ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်းနှင့် အတူ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးပဲ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အတွင်း ရေခွန် ကောက်ခံနိုင်မှုအခြေအနေနှင့် လက်ရှိဆောင်ရွက်နေသည့် အစီအမံများနှင့် စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ကောက်ခံလျက်ရှိတဲ့ အခွန်(၄)မျိုးအနက် ရေနဲ့တာတမံခွန်ကောက်ခံခြင်းနှင့် ပတ်သက်ပြီးတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ၁၉၈၂ ခုနှစ်၊ ရေနှင့် တာတမံခွန် ဥပဒေကို ကျင့်သုံးဆောင်ရွက်ကာ အခွန်ကောက်ခံခြင်းလုပ်ငန်းကို ဆောင်ရွက် ခဲ့သော်လည်း (၂၅- ၁- ၂၀၀၇)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၀၇)မှ ရေခွန်နှုန်းထား တိုးမြှင့်ကောက်ခံရန် သဘောတူဆုံးဖြတ်ခဲ့ပါတယ်။ အဲ့ဒီအစည်းအဝေး ဆုံးဖြတ်ချက်အရ ဆည်ရေသောက် ဧရိယာများမှ အဆိုပါရေခွန်နှုန်းထား တိုးမြှင့်ကောက်ခံရေးလုပ်ငန်းကို လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ကောက်ခံရန်ဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရေခွန်ကောက်ခံရေးလုပ်ငန်းအား (၁- ၅- ၂၀၀၇) ရက်နေ့မှ ဆည်မြောင်းဦးစီးဌာနသို့ လွှဲပြောင်းဆောင်ရွက်ခဲ့ပါကြောင်းနှင့် ယင်းအချိန်မှစ၍

ယနေ့အထိ ရှမ်းပြည်နယ်အတွင်း ကောက်ခံရရှိရန် ရေခွန်ကြွေးကျန်မည်မျှရှိသည်လည်းကောင်း၊ ၎င်းရေခွန်များအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ ကောက်ခံနေသည်လည်းကောင်း သိရှိလိုပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ ရေခွန်ကြွေးကျန်များအား ဘဏ္ဍာနှစ်အလိုက် ကြွေးကျန်မည်မျှရှိသည်ကို သိလိုပါတယ်။ ယခုအခါ အစိုးရသက်တမ်းမှာလည်း (၉)လကျော်ခန့်သာ ကျန်ရှိပါတော့သဖြင့် ကျန်ရှိသည့်ရေခွန်ကြွေးကျန်များအား လက်ရှိအစိုးရသက်တမ်းကာလအတွင်း မည်ကဲ့သို့ ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ရှိရေခွန်ကောက်ခံနေမှုအစီအစဉ်နှင့် ပတ်သက်ပြီး သိရှိလိုပါသောကြောင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး မေးမြန်းထားတဲ့ ရှမ်းပြည်နယ်အတွင်းရှိ ရေခွန်ကြွေးကျန်များအား ဘဏ္ဍာရေးနှစ်အလိုက် ကြွေးကျန် မည်မျှကျန်သည်၊ ယခုအခါ အစိုးရသက်တမ်းကာလမှာ ၉ လသာ ကျန်ရှိပါသဖြင့် ကျန်ရှိသည့် ရေခွန်ကြွေးကျန်များကို လက်ရှိအစိုးရသက်တမ်း ကာလမှာ ဘယ်လိုပြီးပြတ်အောင်ဆောင်ရွက်မယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ရှိရေခွန်ကောက်ခံနေသည့် အစီအမံများကို သိရှိလိုသည့် မေးခွန်းနဲ့ ပတ်သက်ပြီး အောက်ပါအတိုင်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်-

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ရေလွှဲမှုများကို ၂၀၀၆- ၂၀၀၇ နွေစပါးရာသီမှ စတင်ကောက်ခံခဲ့ပြီး ၎င်းရေ့နှစ်များမှာ ရေလွှဲမှုများကိုတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ် အရှေ့ပိုင်းမှာ ရေလွှဲ သီးနှံ(၁)ဧကကို (၁၀)ကျပ်နှုန်းသာ ရရှိခဲ့ပါတယ်။ ၎င်းအပြင် ယင်းကာလတွေမှာ ရေလွှဲကောက်ခံရာ၌ ခိုင်ကြေးအနေဖြင့် (၁၀%)ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိခဲ့ပါတယ်။

၂၀၀၆- ၂၀၀၇ မှစ၍ ရေလွှဲမှုများကို သီးနှံတစ်ရာသီလျှင် ရေအပြည့်အဝရယူပါက (၁၉၅၀) ကျပ်နှုန်း၊ တစ်စိတ်တစ်ပိုင်းရယူပါက (၉၀၀)ကျပ်နှုန်းနှင့် စပါးမဟုတ်သော အခြားသီးနှံများအတွက် (၉၀၀)ကျပ်နှုန်း ကောက်ခံရန် ညွှန်ကြားခဲ့ပြီး အဆိုပါ ရေလွှဲမှုများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကောက်ခံရန် တစ်ဆက်တည်း ညွှန်ကြားခဲ့ပါတယ်။ ခိုင်ကြေးများပေးအပ်ရန် ပါဝင်လာခဲ့ခြင်းမရှိပါ။ အဆိုပါနှုန်းထားများဟာ ၂၀၀၆- ၂၀၀၇ မှ ၂၀၁၇- ၂၀၁၈ (မိုးစပါး) ရာသီအထိ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်၊ ရေလွှဲနှုန်းနှင့် တာတမံခွန် ဥပဒေကို (၅.၇.၂၀၁၇) ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၉)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇- ၂၀၁၈ နွေစပါးရာသီမှစပြီး ယနေ့အထိတိုင်အောင် သီးနှံတစ်ရာသီလျှင် ရေအပြည့်အဝရယူပါက (၂၀၀၀)ကျပ်နှုန်း၊ တစ်စိတ်တစ်ပိုင်းရယူပါက (၁၀၀၀)ကျပ်နှုန်းနှင့် အခြားသီးနှံများအတွက် (၁၀၀၀)ကျပ်နှုန်း ကောက်ခံရန် ဥပဒေပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဆိုပါ ဥပဒေထွက်ရှိပြီး ၂၀၁၉ ၊ ဇူလိုင်လ (၁၅) ရက်၊ အမိန့်ကြော်ငြာစာအမှတ်- ၂၁၈/ ၂၀၁၉ ဖြင့် ရေလွှဲနှုန်းနှင့် တာတမံခွန်များ ကောက်ခံရေးနည်းဥပဒေ ဆက်လက်ထွက်ရှိခဲ့ပါတယ်။ အဆိုပါ နည်းဥပဒေမှာလည်း ရေလွှဲမပေးဆောင်ပါက အရေးယူရမည့်နည်းလမ်းများ မပါဝင်သည့်အပြင် ခိုင်ကြေးပေးအပ်မည့်ကိစ္စရပ်များလည်း ပါဝင်လာခြင်း မရှိပါ။

၂၀၀၆- ၂၀၀၇ နွေစပါးရာသီမှ ၂၀၁၇- ၂၀၁၈ မိုးစပါးရာသီအထိ ရေလွှဲကောက်ခံရန် နည်းဥပဒေ မထွက်ရှိသေးသည့် ကာလ၌လည်း ယခင်ကောက်ခံခဲ့သည့် နည်းလမ်းပုံစံများအတိုင်းသာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူတာဝန်ခံ၍ ဆောင်ရွက်ခဲ့ရပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ရေလွှန်များကောက်ခံရန်အတွက် ဝန်ထမ်းများဖြစ်သော အကောက်ခွန်မှူး (ဆည်)နှင့် လက်ထောက်အကောက်ခွန်မှူး(ဆည်)တို့မှ စုစုပေါင်း အင်အား (၆)ဦးသာ ရှိပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွေမှာအဆိုပါဝန်ထမ်းများ လုံးဝခန့်ထား နိုင်ခဲ့ခြင်း မရှိပါဘူး။ သို့ဖြစ်ပါ၍ ကျန်ရှိသော ဝန်ထမ်းများမှ ဝိုင်းဝန်းပူးပေါင်းကာ ဆောင်ရွက်ခဲ့ကြရပြီး မြေပြင်အခြေအနေနှင့် ရေလွှန်ပြေစာထွက်ရှိမှု အခြေအနေတို့ကို တိုက်ဆိုင်စစ်ဆေးကာ ကောက်ခံရသည့်အတွက် ကြန့်ကြာမှုများလည်း ရှိခဲ့ပါတယ်။ ဒါ့အပြင် တောင်သူများမှလည်း ပေးဆောင်ရန် ပျက်ကွက်ခြင်း၊ တောင်သူစာရင်းနှင့် စိုက်ကေကွဲလွဲမှုများ ရှိခဲ့ခြင်း၊ ရေလွှန်မသွင်းပါကလည်း ထိရောက်သော အရေးယူမှုနည်းလမ်းများ မရှိခဲ့သည့်အတွက် အပြည့်အဝကောက်ခံနိုင်ခဲ့ခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၇- ၂၀၁၈ နွေစပါးရာသီမှစ၍ ယနေ့ထိ ရေလွှန်ကောက်ခံရန် နည်းဥပဒေပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း (၅.၇.၂၀၁၇) ဥပဒေထွက်ရှိသည့်အချိန်နှင့် (၁၅.၇.၂၀၁၉) နည်းဥပဒေထွက်ရှိသည့် အချိန်ကာလ(၂)နှစ်တာ ကွာဟနေခြင်း၊ နည်းဥပဒေတွင် ပါဝင်တဲ့ ရေလွှန်ပုံစံစာရွက်များဖြစ်သည့် ပုံစံ(၃) (၄) (၅) (၆) (၇) (၈) (၁၃) (၁၄)စသည့် ပုံစံများဟာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ညှိနှိုင်းကာ ပုံစံအသစ်ပြန်လည်ရေးဆွဲခြင်းကိစ္စများ ဆောင်ရွက်နေရခြင်းစသည်တို့ကြောင့် အဆိုပါ ရာသီမှစ၍ ယနေ့အချိန်ထိ ရေလွှန်ကောက်ခံရန်မှာလည်း ကြန့်ကြာနေရခြင်းဖြစ်ပါတယ်။ ထို့အတူ ရေလွှန်ကြွေးကျန်များလည်း ဖြစ်ပေါ်နေခြင်းဖြစ်ပါတယ်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နည်းဥပဒေထွက်ရှိလာပြီး နောက်ပိုင်း ကျေးရွာအဆင့် ရေလွှန်ကောက်ခံရေးအဖွဲ့များ၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့် စသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းပြီး ကြီးကြပ်ဆောင်ရွက်ကောက်ခံလျက်ရှိပါကြောင်းနှင့် အဖွဲ့များမဖွဲ့စည်းမီကလည်း အချိန်နှင့် ပုံစံအသစ်များ မထွက်ရှိမီ ကာလအတွင်းမှာလည်း ယခင်နှစ်ကြွေးကျန်များကို ဆက်လက်ကောက်ခံလျက်ရှိပြီး ရေလွှန်ရရှိမှုအခြေအနေကို ပါဝါပွိုင့်ဖြင့် တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ပြည်နယ်တစ်ခုလုံးရဲ့ ကြွေးကျန်မှုဟာ တန်ဖိုးဟာ ကျပ်သန်းပေါင်း ၅၈၉.၅၇၀၆၅ သန်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

နှစ်အလိုက် တင်ပြခြင်းဖြစ်ပါတယ်။ ၂၀၀၆ - ၂၀၀၇ ကနေ စပြီး ၂၀၁၇- ၂၀၁၈ အတွင်း ကြွေးကျန်အခွန်ကောက်ခံရမည့် ငွေပေါင်းဟာ ကျပ်သန်းပေါင်း ၉၀၀ ကျော်ရှိသည့်အနက်မှာ ကျပ်သန်းပေါင်း ၄၀၀ ကျော် ကောက်ခံရရှိပြီး ကြွေးကျန်စာရင်းပေါ်မှုမှာ ကျပ်သန်းပေါင်း ၅၀၀ ကျော် ဖြစ်ပါကြောင်း အသေးစိတ်စာရင်း တင်ပြအပ်ပါတယ်။

စဉ်	ရေခွန်ကောက်ခံရမည့် နှစ်	သီးနှံအလိုက်ဆည်ရေသုံးခွဲသည့်ဧက				၁ ဧကနှုန်း	ရေခွန်စည်းကြပ်ရမည့်ငွေ	၁/၂၀၂၀ အတွင်း စည်းကြပ်ရငွေ	စတင်သည်မှ ၁/၂၀၂၀လထိ စည်းကြပ်ရငွေ	အခွန်စည်းကြပ်ရန်ကျန်ငွေ
		စပါး(ဧက)		အခြား သီးနှံ (ဧက)	စုစုပေါင်း (ဧက)					
		ရေတစ်စိတ်တစ်ပိုင်း	ရေအပြည့်အဝ							
၁	၂၀၀၆-၂၀၀၇(နွေစပါး)	၆၅၅.၆၀	၁၁၆၂၀.၅၂	၄၆၅၁.၉၉	၁၆၉၂၈.၁၁	၉၀၀/၁၉၅၀	၂၇၄၃၆၄၅.၀၀	-	၂၂၆၉၄၇၈၆.၅၀	၄၇၄၂၀၅၈.၅၀
၂	၂၀၀၇-၂၀၀၈(မိုးစပါး)	၆၇၂၉.၉၂	၂၄၅၁၁.၅၀	၂၄၃၀.၃၀	၃၃၆၇၁.၇၂	၉၀၀/၁၉၅၀	၅၆၀၄၁၆၂.၀၀	-	၃၈၅၆၂၀၁၇.၀၀	၁၇၄၇၉၆၀၆.၀၀
၃	၂၀၀၇-၂၀၀၈(နွေစပါး)	၂၆.၀၃	၁၁၄၀၆.၂၁	၇၄၀၅.၂၄	၁၈၈၃၇.၄၈	၉၀၀/၁၉၅၀	၂၈၉၃၀၂၅၅.၀၀	-	၁၉၁၃၈၀၀၇.၀၀	၉၈၁၆၄၄၅.၅၀
၄	၂၀၀၈-၂၀၀၉(မိုးစပါး)	၅၇၁၇.၅၄	၂၄၁၀၀.၂၈	၂၃၀၅.၃၅	၃၂၂၂၄.၃၅	၉၀၀/၁၉၅၀	၅၄၂၁၆၁၂၅.၅၀	-	၁၀၀၁၀၀၀.၀၀	၂၁၁၉၀၀၀.၀၀
၅	၂၀၀၈-၂၀၀၉(နွေစပါး)	၁၃၇၀.၇၅	၁၁၀၃၈.၁၀	၇၃၄၂.၂၅	၁၉၇၂၂.၅၅	၉၀၀/၁၉၅၀	၁၉၈၀၂၀၃၃.၅၀	-	၁၃၅၈၂၄၄.၀၀	၁၃၅၈၂၄၄.၀၀
၆	၂၀၀၉-၂၀၁၀(မိုးစပါး)	၅၅၄.၈၂	၂၃၆၆၁.၃၃	၆၃၀.၂၆	၃၃၂၃.၄၃	၉၀၀/၁၉၅၀	၁၃၂၂၆၄၄.၅၀	-	၃၁၁၀၅၉၀.၀၀	၃၁၁၀၅၉၀.၀၀
၇	၂၀၀၉-၂၀၁၀(နွေစပါး)	၁၀၁၉.၈၆	၁၀၁၉.၅၄	၇၁၁၅.၅၄	၁၀၂၃.၅၄	၉၀၀/၁၉၅၀	၁၀၂၁၃၅၀.၀၀	-	၁၃၉၉၇၀၅.၀၀	၁၃၉၉၇၀၅.၀၀
၈	၂၀၁၀-၂၀၁၁(မိုးစပါး)	၅၈၈၀.၅၃	၂၄၇၆၃.၇၃	၂၃၆၇.၉၃	၃၃၀၁.၁၉	၉၀၀/၁၉၅၀	၅၅၇၁၅၂၅.၀၀	-	၂၇၇၉၃၁၇.၀၀	၂၇၇၁၈၇၆၀.၀၀
၉	၂၀၁၀-၂၀၁၁(နွေစပါး)	၁၁၁၈.၄၈	၉၃၇၉.၂၅	၇၁၈၆.၉၃	၁၇၆၈၄.၆၆	၉၀၀/၁၉၅၀	၂၅၇၆၈၄၄.၅၀	-	၁၁၂၃၈၃၄.၀၀	၁၄၄၅၅၀၀.၀၀
၁၀	၂၀၁၁-၂၀၁၂(မိုးစပါး)	၅၆၇၅.၄၀	၂၄၁၀၄.၄၇	၂၅၀၉.၆၄	၄၂၃၉.၅၁	၉၀၀/၁၉၅၀	၅၅၄၂၅၈၅.၀၀	-	၂၃၃၉၉၈၀.၀၀	၂၃၃၉၉၈၀.၀၀
၁၁	၂၀၁၁-၂၀၁၂(နွေစပါး)	၉၁၆.၃၆	၈၇၈၀.၁၀	၈၀၅၁.၁၈	၁၀၇၄.၄၃	၉၀၀/၁၉၅၀	၁၅၇၄၃၄.၀၀	-	၇၉၀၅၄.၄၀	၁၀၂၈၆၁၆.၅၀
၁၂	၂၀၁၂-၂၀၁၃(မိုးစပါး)	၆၈၆၁.၆၁	၂၄၈၀၇.၂၃	၇၉၃.၀၂	၃၂၄၁.၈၆	၉၀၀/၁၉၅၀	၁၅၂၂၆၂.၆၅	-	၂၀၈၈၂.၄၆.၅၀	၃၃၁၀၄၄၄.၅၀

စဉ်	ရေခွန်ကောက်ခံရမည့် နှစ်	သီးနှံအလိုက်ဆည်ရေသုံးခွဲသည့်ဧက				၁ ဧကနှုန်း	ရေခွန်စည်းကြပ်ရမည့်ငွေ	၁/၂၀၂၀ အတွင်း စည်းကြပ်ရငွေ	စုစုပေါင်း ဘဏ်သည်မှ ၁/၂၀၂၀လထိ စည်းကြပ်ရငွေ	အခွန်စည်း ကြပ်ရန် ကျန်ငွေ
		စပါး(ဧက)		အခြား သီးနှံ (ဧက)	စုစုပေါင်း (ဧက)					
		ရေတစ်စိတ် တစ်ပိုင်း	ရေအပြည့် အဝ							
၁၃	၂၀၁၂-၂၀၁၃(နွေစပါး)	၂၄၄၉.၆၇	၈၂၆၈.၈၉	၇၆၈၇.၈၄	၁၈၄၀၆.၄၀	၉၀၀/၁၉၅၀	၂၅၂၄၈၀၉၄.၅၀	-	၆၂၇၄၁၈၉.၅၀	၁၈၉၇၃၉၀၅.၀၀
၁၄	၂၀၁၃-၂၀၁၃(မိုးစပါး)	၆၅၇၇.၉၁	၂၆၀၇၂.၅၈	၈၂၈.၀၀	၃၃၄၇.၂၉	၉၀၀/၁၉၅၀	၅၇၇၀၇၇၀၇.၀၀	-	၂၄၁၁၆၂.၁၀	၃၃၄၆၀၆၄.၀၀
၁၅	၂၀၁၃-၂၀၁၄(နွေစပါး)	၇၀၆.၄၈	၈၂၀၈.၀၇	၆၆၇၅.၀၂	၁၇၉၅၉.၇၅	၉၀၀/၁၉၅၀	၂၄၇၈၂၂၄.၅၀	-	၅၀၅၆၀၆၃.၅၀	၁၉၇၂၆၁၈၄.၀၀
၁၆	၂၀၁၄-၂၀၁၅(မိုးစပါး)	၆၅၈၇.၇၈	၂၆၀၈၈.၅၀	၈၄၀.၇၉	၃၃၀.၇၃	၉၀၀/၁၉၅၀	၅၅၇၈၈၂၈၈.၀၀	-	၂၅၄၀၉၇၄.၂.၀၀	၃၂၁၄၈၅၅၅.၅၀
၁၇	၂၀၁၄-၂၀၁၅(နွေစပါး)	၇၆.၄၈	၈၂၁၂.၁၀	၉၆၁၈.၂၁	၁၇၉၀၆.၇၉	၉၀၀/၁၉၅၀	၂၄၇၃၈၈၁၄.၀၀	-	၄၇၉၆၀၃၈.၅၀	၁၉၉၄၂၂၇၇.၅၀
၁၈	၂၀၁၅-၂၀၁၆(မိုးစပါး)	၆၅၁၈.၂၀	၂၅၈၈.၂၁	၈၄၀.၇၉	၃၃၄၂.၇၀	၉၀၀/၁၉၅၀	၅၅၇၀၀၅၅.၅၀	-	၂၁၉၃၈၂၂.၅၀	၃၄၁၁၇၀၀.၀၀
၁၉	၂၀၁၅-၂၀၁၆(နွေစပါး)	၁၁၁၈.၄၀	၈၂၉.၄၉	၈၂၆.၄၀	၁၇၈၅.၂၃	၉၀၀/၁၉၅၀	၅၅၇၃၀၃၄.၅၀	-	၂၄၂၃၄၄.၀၀	၃၂၃၃၄၀၆.၀၀
၂၀	၂၀၁၆-၂၀၁၇(မိုးစပါး)	၄၈၂.၇၃	၂၅၉၂.၀၂	၂၅၃၀.၁	၃၄၂၀.၂၃	၉၀၀/၁၉၅၀	၅၅၇၃၆၇၄၄.၅၀	-	၃၉၂၁၀.၀၀	၃၂၃၄၄၀၄.၅၀
၂၁	၂၀၁၆-၂၀၁၇(နွေစပါး)	၁၁၁၀.၄၄	၈၃၂.၄၉	၈၅၅၀.၅၂	၁၀၈၀.၇၉	၉၀၀/၁၉၅၀	၂၄၉၆၆၉၅၅.၅၀	-	၁၆၅၁၁၀.၀၀	၃၁၃၁၇၆၉.၅၀
၂၂	၂၀၁၇-၂၀၁၈(မိုးစပါး)	၅၆၆၇.၄၅	၂၆၀၄.၁၀	၁၇၁၄.၁၀	၁၀၄.၃၂	၉၀၀/၁၉၅၀	၅၅၇၅၅၅၄.၅၀	-	၁၄၅၅၁.၀၀	၃၄၅၆၅၉.၅၀
၂၃	၂၀၁၇-၂၀၁၈(နွေစပါး)	၁၁၆၀.၅၅	၈၄၀.၄၀	၆၆၄.၃၀	၁၀၄၃.၅၀	၁၀၀၀/၂၀၀၀	၂၇၁၁၉၀၃၀.၀၀	-	၁၄၆၅၂.၀၀	၃၅၆၅၅၅.၀၀
၂၄	၂၀၁၈-၂၀၁၉(မိုးစပါး)	၁၆၆၇.၄၅	၆၂၀၈.၅၆	၆၂၄.၀၀	၁၀၄၃.၅၄	၁၀၀၀/၂၀၀၀	၄၅၄၅၅၅၀၀.၀၀	-	၆၂၅၅.၀၀	၃၅၄၀၆၅.၀၀
၂၅	၂၀၁၈-၂၀၁၉(နွေစပါး)	၇၆.၄၈	၆၉၃၀.၇၄	၄၅၅.၀၀	၁၀၅၁.၄၄	၁၀၀၀/၂၀၀၀	၁၈၄၅၁၅၆၀.၀၀	-	၆၈၅၀၈၀.၀၀	၁၁၇၆၅၅၆.၀၀
	စုစုပေါင်း	၈၇၁၈.၆၂	၄၁၀၄၃.၀၂	၁၂၀၄၂.၀၈	၆၁၅၆၄.၅၂		၉၉၅၀၃၃၆၉၈.၅၀	-	၄၀၅၄၆၆၃၃.၀၆	၅၅၉၉၇၀၆၅.၆၄

၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၉)မှာလည်း အတည်ပြုပြဋ္ဌာန်းထားတဲ့ ရေခွန်နှင့် တာတမံခွန်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(က)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၂၆-၁၁-၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၁၅၇၂၇/ ၆-၆၃၃/ အစရ (ရှမ်း)ဖြင့် ရှမ်းပြည်နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့အားလည်းကောင်း၊ (၁၂- ၁၂- ၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၁၆၇၂၄/ ၆-၆၃၃/ အစရ(ရှမ်း)ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်/ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့ အဆင့်ဆင့်အားလည်းကောင်း ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များလည်း သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ယခုအခါ ရေခွန်ကောက်ခံရရှိရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပြီးဖြစ်၍သော်လည်းကောင်း၊ နည်းဥပဒေများထွက်ရှိပြီးဖြစ်၍သော်လည်းကောင်း ယခင်ကထက်ပိုမို၍ စနစ်တကျ ကောက်ခံလာနိုင်မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကြွေးကျန်များ ဆက်လက်ကောက်ခံရရှိနိုင်သည့်အပြင် နည်းဥပဒေ ထွက်ရှိပြီးနောက်ပိုင်း စိုက်ပျိုးရာသီများအတွက် ရေခွန်များကိုလည်း စနစ်တကျပြုစု၍ ကောက်ခံသွားမည် ဖြစ်ပါတယ်။

လက်ရှိအစိုးရ၏ သက်တမ်းကာလမှာ ရေခွန်ကြွေးကျန်များ ပြီးပြတ်အောင် ဆောင်ရွက်ရန်အတွက် အဓိကစိန်ခေါ်မှုမှာ ရေခွန်ကောက်ခံမည့်ဝန်ထမ်းများ အဓိကလိုအပ်နေခြင်း၊ ခိုင်ကြေးကိစ္စရပ်များ တိတိကျကျ သတ်မှတ်ပေးရန် လိုအပ်ခြင်း၊ မြေပြင်စာရင်းနှင့် တောင်သူစာရင်းကိုက်ညီမှုရှိစေရန် လိုအပ်ခြင်း၊ ရေခွန်မဆောင်သော တောင်သူများအား တိကျသော အရေးယူမှုနည်းလမ်းများ လိုအပ်နေခြင်းစသည့် အခက်အခဲ များကြောင့် ပြီးပြတ်အောင် ကောက်ခံရန် အခက်အခဲများစွာရှိပါသော်လည်း ကြွေးကျန်များ ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာန၊ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့များနှင့် ပူးပေါင်းပြီး နှစ်အလိုက် ကောက်ခံနိုင်မည့် အစီအမံများ ရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ မေးခွန်းကို တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ မဲနယ်တောင် ကျေးရွာတွင် MPT ထပ်ဆင့်မိုဘိုင်းဖုန်းတိုင်များ ပြုလုပ်ပေးရန်အတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို အများပြည်သူ သိရှိနိုင်ရန်အတွက် ရုမ်းပြည်နယ်လွှတ်တော်

ဥက္ကဋ္ဌမှတစ်ဆင့် ရုမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရုမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တက်ရောက်လာကြသော ဂုဏ်သရေရှိလူကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း မေးမြန်းထားတဲ့ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ မဲနယ်တောင်ကျေးရွာတွင် MPT ထပ်ဆင့်မိုဘိုင်းဖုန်းတိုင်များ မရှိပါသဖြင့် ဒေသခံပြည်သူများ မိုဘိုင်းဖုန်းပြောရန် အခက်အခဲများရှိနေပါသောကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ထပ်ဆင့် မိုဘိုင်းဖုန်းတိုင်များ ပြုလုပ်ပေးရန်အတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလို ပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရုမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းမှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း(MPT)မှ GSM Mobile စခန်း (12)Site နှင့် CDMA- 450 Mobile စခန်း (1)Site စုစုပေါင်း (13) Site ဖွင့်လှစ် သုံးစွဲဆောင်ရွက်လျက်ရှိပါတယ်။

ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စုအတွင်းမှာ တာဝါတိုင်(၁)တိုင် ထပ်ပြီးတော့ တိုးပြီးတပ်ဆင်နိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ တင်ပြထားရှိပြီးဖြစ်သည့်အပြင် ရုမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ ၉-၆-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၇၇၉၁/ ၇-၃၀၈/ အစရ(ရုမ်း)ဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ ထပ်မံ တင်ပြထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယမေးခွန်း အနေနဲ့ တင်ပြရမည်ဆိုလျှင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်ရှိ ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပန်းလောင်ကြိုးဝိုင်းနှင့် ပြဒါးလင်းဂူကြိုးဝိုင်းတောများရှိ မျိုးစိတ်များ၊ တောရိုင်းတိရစ္ဆာန်များ ပပျောက်ခြင်းမရှိစေရန် မည်သို့ထိန်းသိမ်းစီမံဆောင်ရွက် ထားကြောင်းကို အများပြည်သူ သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ သယံဇာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး များ၊ ကြွရောက်ချီးမြှင့်ကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ ခင်ဗျား။ ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ပန်းလောင်ကြိုးဝိုင်းနှင့် ပြဒါးလင်းဂူကြိုးဝိုင်းနှစ်ခုဖြင့် ဖွဲ့စည်းထားပြီးတော့ ပန်းလောင် (တိုးချဲ့) သဘာဝနယ်မြေ အပါအဝင် ဧရိယာ ၁၆၅.၈၈ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ တည်ရှိသည့် မျိုးစိတ်များကတော့-

(၁) သဘာဝ အပင်မျိုးစိတ်များ (အပင်ကြီးမျိုးစိတ် ၁၆၈ မျိုး၊ သစ်ခွမျိုးစိတ် ၁၁၇ မျိုး ၊ ဝါးမျိုးစိတ် ၁၁ မျိုး၊ ပရမျိုးစိတ် ၇၂ မျိုး)

(၂) တောရိုင်းတိရစ္ဆာန် မျိုးစိတ်များ (နို့တိုက် သတ္တဝါမျိုးစိတ် ၄၄ မျိုး၊ ငှက်မျိုးစိတ် ၂၂၇ မျိုး၊ ကုန်းနေ ရေနေနှင့် တွားသွားသတ္တဝါ မျိုးစိတ် ၅၇ မျိုး၊ လိပ်ပြာ မျိုးစိတ် ၂၇ မျိုး၊ ခွံမာပိုးကောင် မျိုးစိတ် ၃၉ မျိုး၊ ရေချို ငါးမျိုးစိတ် ၂၄ မျိုး)

(၃) သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်အဖွဲ့ (Fauna and Flora International- FFI) တို့ ပူးပေါင်း၍ ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းနှင့် အနီး

ဝန်းကျင်ရှိ ထုံးကျောက်ဂူများတွင် ကွင်းဆင်းလေ့လာတွေ့ရှိဖော်ထုတ်နိုင်ခဲ့တဲ့ မျိုးစိတ်အသစ်များကတော့ ထုံးကျောက်ဂူ ဂေဟစနစ်တွင် ကျက်စားသည့် ကျောရိုးမဲ့သတ္တဝါ (၃)မျိုး၊ ကုန်းခရု (၈)မျိုးနှင့် တွားသွားသတ္တဝါ (၂၀)မျိုးတို့ ဖြစ်ကြပါတယ်ခင်ဗျား။

သဘာဝတောတောင်များ စိမ်းလန်းစိုပြည်ရေးနှင့် တောရိုင်းတိရစ္ဆာန်များ မျိုးမသုဉ်း စေရေးအတွက် ခွင့်ပြုဝန်ထမ်းအင်အား ၂၅ ဦးမှာ အုပ်ချုပ်ရေးမှူး (ဦးစီးအရာရှိ)အဆင့် ၁ ဦး အပါအဝင် ခန့်ထား ၁၆ ဦးဖြင့် စီမံဆောင်ရွက်လျက်ရှိပြီးတော့ ပြဒါးလင်းဂူ ထိန်းသိမ်းရေး နယ်မြေ၊ ဂူငယ်တောင်နယ်မြေ၊ ပန်းလောင် (တိုးချဲ့) နယ်မြေဟူ၍ ဇုန်နယ်မြေ ၃ ခု ပိုင်းခြား အုပ်ချုပ်လျက်ရှိပါတယ်။ ဇုန်နယ်မြေအသီးသီးမှာ အခြေစိုက်စခန်း ၁ ခုစီထားရှိပြီးတော့ အဆိုပါ စခန်းများဟာ ဝန်ထမ်းများ အခြေပြု တာဝန်ခွဲဝေ ဆောင်ရွက်လျက်ရှိပါတယ်။

တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်း အစီအစဉ် (Re-establishing Natural Habitats Programme -RNH) အရ ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကင်းလှည့် ထိန်းသိမ်းခြင်း (၁၄၄)ကြိမ် လျာထားခဲ့ရာမှာ ၂၀၂၀ ပြည့်နှစ်၊ မေလကုန်အထိ (၉၆)ကြိမ်၊ စုစုပေါင်း ကင်းလှည့်အကွာအဝေး (၁၃၄၈.၂၆) ကီလိုမီတာ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ သဘာဝတောများ စိမ်းလန်းစိုပြည်ရေးအတွက် သဘာဝတောများ ထိန်းသိမ်းခြင်း၊ ကွက်လပ် ဖြစ်သော နေရာများတွင် ဖြည့်စွက်စိုက်ပျိုးခြင်း၊ တိရစ္ဆာန်အစားအစာဖြစ်တဲ့ သီးပင်စားပင်များ စိုက်ပျိုးခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်း (Re establishing Natural Habitats., RNH) ၂၀၁၉- ၂၀၂၀ မှ ၂၀၂၈- ၂၀၂၉ ထိ (၁၀)နှစ် စီမံကိန်းအရ တောရိုင်းတိရစ္ဆာန် သောက်ရေကန်ပြုပြင်ခြင်း၊ ဆားကျင်းပြုပြင်ခြင်း၊ စားကျက်တည်ထောင်ခြင်း (ဆင်)၊ စားကျက်တည်ထောင်ခြင်း(သမင်၊ ဒရယ်၊ ပြောင်၊ စိုင်၊ ဆတ်)၊ စားကျက်တည်ထောင်ခြင်း (ကျေးငှက်)များ ဆောင်ရွက်လျက်ရှိပါတယ်။ တောရိုင်း တိရစ္ဆာန်များရဲ့ နေရင်းဒေသ ထိန်းသိမ်းကာကွယ်ခြင်းအတွက် ကင်းစခန်းတည်ဆောက်ခြင်း၊ နယ်နိမိတ်ဘုတ်တိုင်စိုက်ထူခြင်း၊ ပညာပေးဟောပြောခြင်း၊ တောမီးကာကွယ်ခြင်း၊ ငှက်စာရင်း ကောက်ယူခြင်းနှင့် ဆန်းစစ်ခြင်း၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ မျိုးစိတ်စာရင်း

ကောက်ယူခြင်းနှင့် ဆန်းစစ်ခြင်း၊ ငါးမျိုးစိတ်စာရင်းကောက်ယူခြင်းနှင့် ဆန်းစစ်ခြင်း ၊ အပင်မျိုးစိတ် (သစ်ပင်၊ သစ်ခွ၊ ဝါး ၊ ကြိမ်၊ ဆေးဖက်ဝင်ပင်)စာရင်းကောက်ယူခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအခွင့်အလမ်း ဖော်ထုတ်ခြင်း၊ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေခြင်း၊ သင်တန်းဖွင့် လေ့ကျင့်ပညာပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။

သုတေသနလုပ်ငန်းများအနေဖြင့် ကိုးရီးယားသမ္မတနိုင်ငံအမျိုးသား ဇီဝအရင်းအမြစ်များသိပ္ပံဌာန(NIBR)၊ ဂျပန်နိုင်ငံ မာကီနို ရက္ခဗေဒဥယျာဉ်၊ အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI)များနှင့် ပူးတွဲဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောဦးစီးဌာနနှင့် နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာ အေဂျင်စီ (NEA)တို့ ပူးပေါင်းဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး (ရေဝပ်ဒေသများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှု မြှင့်တင်ခြင်းအပါအဝင်) စီမံကိန်း (Phase-II) ၏ အထောက်အပံ့ဖြင့် ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို ရေးဆွဲလျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက တတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ တတိယမေးခွန်း ဆက်လက်တင်ပြရမယ်ဆိုလျှင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာခဲ့သော် တစ်မြို့နယ်စီသို့ အရေးပေါ်ငွေသုံးစွဲရန်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ကြုံတင်ငွေ မည်သို့လျာထားစီမံဆောင်ရွက်ထားပေးမည်ကို အများပြည်သူ သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာခဲ့သော် တစ်မြို့နယ်စီသို့ အရေးပေါ် ငွေသုံးစွဲရန်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ကြိုတင်ငွေမည်သို့ လျာထားစီမံဆောင်ရွက်ပေးထားမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်း၊ ဘေးဖြစ်ပွားချိန်၌ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန်ပုံငွေလိုအပ်မှုအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ငွေစာရင်းခေါင်းစဉ်အမှတ် (၀၅-၀၃) ကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးနှင့် ပြန်လည်နေရာချထားရေးခေါင်းစဉ်ဖြင့် ရန်ပုံငွေ ကျပ်သန်း(၅၀၀)အား နှစ်စဉ် ရန်ပုံငွေခွဲဝေ လျာထားသုံးစွဲဆောင်ရွက်လျက်ရှိပြီး ထပ်မံလိုအပ်သော လုပ်ငန်းများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ ရရှိရေး တင်ပြတောင်းခံသုံးစွဲ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့သုံးစွဲဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ယနေ့အထိ ကာလအတွင်း သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းစဉ် (၁၇)ခုအတွက် ကျသင့်ရန်ပုံငွေကျပ်သန်း ၂,၃၈၆.၂၈၆ အား အမျိုးသားသဘာဝဘေး ရန်ပုံငွေ ပြည်နယ်သဘာဝဘေးရန်ပုံငွေ (၀၅- ၀၃)တို့ဖြင့် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခု၊ ခရိုင်(၁၃)ခု၊ မြို့နယ်(၅၅)မြို့နယ်၊ မြို့(၃၂)မြို့ရှိပြီး ကြီးမားကျယ်ပြန့်သော ဒေသဖြစ်၍ နှစ်စဉ် ဘတ်ဂျက်လျာထားရရှိငွေ ကျပ်သန်း(၅၀၀)ဖြင့် မြို့နယ်တိုင်းသို့ ခွဲဝေပေးနိုင်ရန် ရန်ပုံငွေနည်းပါးမှုရှိခြင်း၊ ဘေးဒဏ်ခံစားရနိုင်မှု အခြေအနေအရ မြို့နယ်များအလိုက် ဒေသအခြေအနေအရ တူညီမှုမရှိ၍ ခွဲခြားဆောင်ရွက်ရန် ခက်ခဲခြင်းတို့ကြောင့် ခရိုင်/ မြို့နယ်အလိုက် တင်ပြလာသော လုပ်ငန်းလိုအပ်ချက်များပေါ်မူတည်၍ ဘဏ္ဍာငွေခွဲဝေချထားဆောင်ရွက်လျက်ရှိပြီး ယခုဘဏ္ဍာနှစ်၌ (၀၅-၀၃) ရန်ပုံငွေ ကျပ်သန်း (၁,၀၀၀)ခွဲဝေလျာထားဆောင်ရွက်ခဲ့သော်လည်း Covid- 19 ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ကုသရေးနှင့်

အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များအတွက် ကျခံသုံးစွဲဆောင်ရွက်လျက်ရှိပါသဖြင့် မြို့နယ်များအားလုံးအတွက် ဖြန့်ခွဲချထားပေးနိုင်ခြင်း မရှိပါ။ သို့ဖြစ်ပါ၍ နောင်လာမည့် ဘဏ္ဍာနှစ်တွင် အလားတူရန်ပုံငွေ ရရှိနိုင်မှုအပေါ် မူတည်၍ မြို့နယ်များသို့ သဘာဝဘေးအရေးပေါ် ရန်ပုံငွေ ကြိုတင်ခွဲဝေထားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှိုင်းထွန်းအောင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒုတိယဗိုလ်မှူးကြီးလှိုင်းထွန်းအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှိုင်းထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံ- တောင်ကြီးကားလမ်းမှ ပွေဖြန်းသုသာန်သွားကတ္တရာလမ်းတွင် ပျက်စီးနေသော လမ်းပိုင်းနေရာများကို ရေရှည် ကောင်းမွန်စွာ အသုံးပြုနိုင်စေရေး ပြန်လည်ပြုပြင်ပေးရန်အတွက် အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းသည့်ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံ- တောင်ကြီးကားလမ်းမှ ပွေဖြန်းသုသာန်သွား ကတ္တရာလမ်းမှာအရှည် (၂)မိုင်ခန့်ရှိပါတယ်။ ယာဉ်သွားလမ်း အကျယ်မှာ ကတ္တရာလမ်းခင်းစဉ်က (၁၂)ပေ ရှိခဲ့မည်ဖြစ်သော်လည်း ယခုအခါ မီးသင်္ဂြိဟ်စက် အဝင်နေရာပေ (၃၀၀)ခန့်သာ (၁၂)ပေအကျယ်ရှိပြီး ကျန်လမ်းတစ်လျှောက်လုံးတွင် ကတ္တရာလမ်း (၉)ပေ၊ (၆)ပေ၊ (၄)ပေ အကျယ်ခန့်သာ အသီးသီးကျန်ရှိပါတယ်။

အဆိုပါလမ်းသို့ တောင်ကြီး- ကျိုင်းတုံကားလမ်းမှ အဝင်အစတွင် လမ်းဘေး ဝဲ/ ယာ အိမ်များအကြား၌ လမ်းကျဉ်းမြောင်းနေသည့်အပြင် ရေနုတ်မြောင်းစနစ်လည်း ပျက်စီးလျက်ရှိပါတယ်။ လမ်းတစ်လျှောက် ရေနုတ်မြောင်းစနစ် ထိထိရောက်ရောက် ပြုလုပ်မှုအားနည်းခြင်း၊ ရေနုတ်မြောင်းပါရှိသော်လည်း ရေနုတ်မြောင်းအတွင်း မြေစာများရှင်းလင်းမှု

မရှိခြင်း၊ အလေ့ကျကိုင်းပင်များ ထူထပ်စွာပေါက်ရောက်နေခြင်းတို့ကြောင့် မိုးတွင်းကာလ လမ်းပေါ်တွင် ရေလျှံမှုဖြစ်ပေါ်လေ့ရှိပါတယ်။ တောင်ကုန်းနံရံနှင့် ကပ်လျက်လမ်းပိုင်း အချို့တွင် မြေအောက်ရေနုတ်မြောင်း မရှိခြင်း၊ လမ်းဘေးရေနုတ်မြောင်း မရှိခြင်း တို့ကြောင့် တောင်ကျရေတိုက်စားပြီး ကတ္တရာလမ်းသားများ မကျန်ရှိတော့ဘဲ မြေသား သက်သက်သာ ကျန်ရှိနေသည်ကို တွေ့ရှိရပါတယ်။ ကတ္တရာလမ်းအချို့နေရာများတွင် ကားဘီးသွားလမ်းနှစ်ဖက် နိမ့်ကျနေပြီး အလယ်ခေါင်တွင် ဘောင်သဖွယ်ဖြစ်နေ၍ ယာဉ်ငယ်များ မောင်းနှင်သွားလာရာတွင် အခက်အခဲဖြစ်ပေါ်လျက်ရှိပါတယ်။

အဆိုပါလမ်းတွင် လမ်းအခုံး မရှိသဖြင့် လမ်းပေါ်ရေတင်ကာကတ္တရာ ထပ်ပိုးလွှာ ပျက်စီးခြင်း၊ လမ်းဘေး ဝဲ/ ယာတွင် ချုံနွယ်များထူထပ်စွာ ပေါက်ရောက်နေ၍ မိုးရာသီတွင် အမြဲတမ်းစိုစွတ်နေတတ်ပြီး လမ်းပခုံးသားများ မြေအောက်ရေစိမ့်ဝင်သဖြင့် ပျက်စီးလွယ်ခြင်း၊ လမ်းအကွေ့များတွင် မြင်ကွင်းမရှင်းလင်းသည့်အတွက် ယာဉ်မတော်တဆ အန္တရာယ်များဖြစ်ပေါ်စေနိုင်ခြင်းတို့ ဖြစ်စေနိုင်ပါတယ်။ ထို့အပြင် အဆိုပါလမ်းအတွင်း ကျောက်ခွဲစက်ကြီးများတည်ရှိနေသဖြင့် ကျောက်သယ်ယာဉ်ကြီးများ အသုံးပြုပါကလည်း လမ်း၏ ခံနိုင်ဝန်နှင့် မမျှ၍ ပိုမိုပျက်စီးစေနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းသည် လူတစ်ဦးတစ်ယောက်၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ရာတွင် အသုံးပြုသည့်လမ်းဖြစ်ပါတယ်။ လိုက်ပါပို့ဆောင်သူ မိဘပြည်သူများ အနေဖြင့် ပူဆွေးသောက ဝမ်းနည်းမှုများနှင့် ခံစားနေကြရစဉ် အပူပေါ်အပူဆင့် မဖြစ်စေလိုသော ဆန္ဒဖြင့် ပြည်သူလူထု၏ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျိုင်းတုံ- တောင်ကြီးကားလမ်းမှ ဟွေဖြန်းသုသာန်သွား ကတ္တရာလမ်းတွင် ပျက်စီးနေသောလမ်းပိုင်းနေရာများကို ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်စေရေး ပြန်လည်ပြုပြင်ပေးရန်အတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှိုင်းထွန်းအောင်၊ ကြည်း- ၂၃၈၁ ၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျိုင်းတုံ- တောင်ကြီးကားလမ်းမှ ဟွေဖြန်း သုသာန်သွားလမ်းဖြစ်သည့် အရှည်(၂)မိုင် ခန့်ရှိ (၁၂)ပေအကျယ် ကတ္တရာလမ်းတွင် ပျက်စီးနေသော လမ်းပိုင်းနေရာများကို ရေရှည် ကောင်းမွန်စွာ အသုံးပြုနိုင်စေရေး ပြန်လည်ပြုပြင်ပေးရန်အတွက် မည်သို့စီမံဆောင်ရွက် ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း တင်ပြလိုပါတယ်-

ကျိုင်းတုံမြို့၊ ဟွေဖြန်းသုသာန်သည် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာနမှ ထိန်းသိမ်းကြီးကြပ်လျက်ရှိပြီး လက်ရှိတွင် မီးသင်္ဂြိဟ်စက်အသစ်(၂)လုံး တပ်ဆင်ခြင်း၊ အရိုးပြာ အုတ်ဂူများ ထပ်မံတည်ဆောက်ခြင်း ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စု လမ်းမကြီးမှ ဟွေဖြန်းသုသာန်အထိ လမ်းအရှည်(၁)မိုင်(၇) ဖာလုံ၊ အကျယ်(၁၂)ပေ ကတ္တရာလမ်းမှာ ကောင်းမွန်မှုမရှိ၍ ပြင်ဆင်ထိန်းသိမ်းရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။

မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ ကတ္တရာလမ်းဟောင်း ၁ မိုင် ၇ ဖာလုံရှိသည့်အနက် ပျက်စီးနေသော ၁ မိုင် ၆ ဖာလုံ အကျယ် (၁၂)ပေအား ကတ္တရာလမ်း အကြီးစားပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် (၁၇၈.၇)သန်း ကုန်ကျမည်ဖြစ်ပြီး ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် စုစုပေါင်းလမ်းအရှည် ၁ မိုင် ၇ ဖာလုံ၊ အကျယ်(၁၂)ပေ၊ ထု(၆)လက်မ၊ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပါက ခန့်မှန်းကုန်ကျငွေကျပ် (၃၀၆.၈)သန်းကုန်ကျမည် ဖြစ်ပါတယ်။

ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ငွေလုံး ငွေရင်း အသုံးစရိတ်မှ မြို့တွင်းအဓိက လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို ဦးစားပေး လုပ်ငန်း ခွဲဝေဆောင်ရွက်ရပါသဖြင့် ဟွေဖြန်းသုသာန်လမ်းများအား ဆောင်ရွက်ပေးနိုင်ခြင်း မရှိခဲ့ပါကြောင်း၊ ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၀- ၂၀၂၁ ခု ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ကျပ်(၁,၁၆၅.၀၀)သန်း ဖြစ်၍ သာမန်အသုံးစရိတ် ကျပ်(၄၆၆.၀) သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ကျပ်(၈၉၆.၁)သန်း လျာထားခဲ့ပါကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်များမှာ အဆောက်အဦတည်ဆောက်ရေးလုပ်ငန်း(၁)ခု လျာထားငွေ ကျပ်(၆၇.၀)

သန်း၊ လမ်းတံတား တည်ဆောက်ရေးလုပ်ငန်း(၁၈)ခု လျာထားငွေမှာ ကျပ်(၂၇၀.၅) သန်း၊ အခြားရေပေးရေးလုပ်ငန်း (၁၇)ခု လျာထားငွေ ကျပ် (၈၆.၂၄)သန်း၊ အခြားလုပ်ငန်း(၁၁)ခု လျာထားငွေမှာ ကျပ် (၄၀၅.၈၆)သန်း၊ အခြားစက်ကိရိယာလုပ်ငန်း (၁)ခု လျာထားငွေ ကျပ် (၄.၅) သန်း၊ ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂနှင့် ရုံးသုံးယာဉ်များ ဝယ်ယူခြင်းလုပ်ငန်း (၅)ခု၊ လျာထားငွေမှာ ကျပ်(၆၂.၀)သန်းဖြင့် စုစုပေါင်းငွေလုံးငွေရင်းလုပ်ငန်းပေါင်း (၅၃)ခု၊ လျာထားငွေမှာ ကျပ်(၈၉၆.၁)သန်း လျာထားရေးဆွဲခဲ့ပြီးဖြစ်၍ ၂၀၂၀- ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင်လည်း အဆိုပါလမ်းအား ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် ပေးဖြန်းသုသာန်သွားလမ်း ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၁- ၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်တွင် စတင်ကာ ဌာနဝင်ငွေပေါ်မူတည်၍ နှစ်အလိုက် လျာထားရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ယနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းမည့်မေးခွန်းကတော့ စိုက်ပျိုး၊ မွေးမြူရေးဝန်ထမ်းနှင့် တောင်သူများ၏ စွမ်းဆောင်ရည်မြှင့်မားရေးနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်နှင့်အမျှ နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် ကျေးလက်တွင် နေထိုင်

ကြသူများ ဖြစ်ပါတယ်။ ကျေးလက်ပြည်သူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အဓိလုပ်ကိုင်ကြပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မွေးမြူရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးအရည်အသွေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ တိုးချဲ့ပညာပေးအစီအစဉ်နှင့် ပြည်သူ့ဝန်ထမ်းများမှ တောင်သူလယ်သမားသို့ ပညာပေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတွင် ခေတ်မီသတင်းအချက်အလက်များ၊ နည်းပညာများ အသုံးပြုခြင်းနှင့် စိုက်ပျိုးမွေးမြူရေး ပညာပေးနည်းစနစ်သစ်များ၊ တိုးမြှင့်သုံးစွဲနိုင်ရေးကို မည်သို့ဆောင်ရွက်ပေးနေကြောင်း၊ ရှမ်းပြည်နယ်အစိုးရမှ အများပြည်သူများ သိရှိရန် လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ။ အားလုံး မင်္ဂလာပါ။ ယနေ့ လွတ်တော်အခမ်းအနားကို တက်ရောက်ကြတဲ့ လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္နနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးအေးမောင် မေးမြန်းတဲ့ ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မွေးမြူရေးနှင့် တောင်သူလယ်သမားများ၏ အရည်အသွေး၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ တိုးချဲ့ပညာပေးအစီအစဉ်နှင့် ဝန်ထမ်းများမှ တောင်သူလယ်သမားသို့ ပညာပေးလုပ်ငန်း၊ နည်းပညာများ အသုံးပြုခြင်းနှင့် စိုက်ပျိုးရေး မွေးမြူရေး ပညာပေးနည်းစနစ်သစ်များ တိုးမြှင့်သုံးစွဲရေးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့ဆောင်ရွက်ပေးနေသည်ကို သိရှိလိုသည့် မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် အသေးစိတ်ရှင်းလင်းတင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ပါဝါပွိုင့်ဖြင့် အသုံးပြုခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါတဲ့ လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဌာနအတွင်းမှာရှိတဲ့ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး ဘာသာရပ်အလိုက်၊ သီးနှံအလိုက် နည်းပညာ

ဆိုင်ရာ စာတမ်းဖတ်ပွဲများကို (၃)လလျှင် တစ်ကြိမ် ပြုလုပ်ပေးလျက်ရှိပါတယ်။ နည်းပညာ ဆိုင်ရာသင်တန်းများ၊ လုပ်ငန်းခွင်အတွင်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

သင်တန်းပေါင်း (၁၆)မျိုးကို သင်တန်းကြိမ်အရေအတွက်ပေါင်း (၁၃၁)ကြိမ်နဲ့ ဝန်ထမ်း ပေါင်း (၁၅၉၅)ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကတော့ သင်တန်းဖွင့်လှစ်တဲ့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။

စဉ်	အကြောင်းအရာ	ဆောင်ရွက်နိုင်မှု	
		အကြိမ်	ဝန်ထမ်း
၁	စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ GAPTOT သင်တန်း	၁၀	၃၅
၂	စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ GAP Inspection သင်တန်း	၂၀	၇၀
၃	ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်း	၁၁	၃၅
၄	စစ်ဆေးရေးမှူးသင်တန်း	၃	၈၅
၅	အခြေခံလုပ်ငန်းခွင်သင်တန်း	၂၀	၁၁၀
၆	လုပ်ငန်းခွင်ကျွမ်းကျင်သင်တန်း	၁၅	၅၅
၇	အဆင့်မြင့်စီမံခန့်ခွဲရေး၊ငွေစာရင်းနှင့်စိုက်ပျိုးနည်းပညာသင်တန်း	၁၉	၅၇
၈	တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းသင်တန်း	၆	၂၅
၉	ကျေးရွာသစ်လှုပ်ရှားမှုအခြေခံသင်တန်း	၈	၆၀
၁၀	စာရင်းကိုင်သင်တန်း	၅	၄၀
၁၁	YSI သင်တန်း	၅	၃၀
၁၂	မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်းသင်တန်း	၂	၂၂၀
၁၃	နွားမေထုန်မဲ့သားစပ်သင်တန်း	၃	၆၈
၁၄	အစာအာဟာရဇေဒသင်တန်း	၂	၆၇၀
၁၅	AQS သင်တန်း	၁	၁၅
၁၆	ဝက်မျိုးမြှင့်သားစပ်သင်တန်း(Breeding)	၁	၂၀

ဆက်လက်ပြီး တောင်သူများမှ မျိုးကောင်းမျိုးသန့် ထုတ်လုပ်စိုက်ပျိုး တတ်စေရန်နှင့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲနိုင်စေရန်၊ မျိုးကောင်း မျိုးသန့် မျိုးစေ့ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် သီးနှံ အရည်အသွေးနှင့် အထွက်နှုန်း

တိုးတက်မှုရရှိသည်ကို သိရှိစေရန်အတွက် သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း စံပြကွက်များကို ဆောင်ရွက်ပေးလျက်ရှိပြီးတော့ ထွက်ရှိလာသော မျိုးကောင်းမျိုးသန့် မျိုးစေ့များကို တောင်သူများသို့ ဖြန့်ဖြူးခြင်းလုပ်ငန်းကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါတယ်-

ဆောင်ရွက်သည့် သီးနှံများကတော့ စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နေကြာနှင့် ပဲပုပ် တို့ဖြစ်ပြီး ဆောင်ရွက်တဲ့ စိုက်ကေပေါင်း ၂၉၄၅ ကို အထွက်တင်းပေါင်း ၂၄၆၈၄၄ တင်းကို ထွက်ရှိပြီး ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ဒါကတော့ သီးနှံများ မျိုးကောင်းမျိုးသန့် ထုတ်လုပ်တဲ့ မှတ်တမ်းဓာတ်ပုံပဲ ဖြစ်ပါတယ်။

စဉ်	သီးနှံအမည်	စိုက်ကေ	အထွက်တင်း	ဖြန့်ဖြူးပြီးတင်း	မှတ်ချက်
၁	စပါး	၂၃၂၅	၂၂၆၅၈၅	၂၂၆၅၈၅	
၂	အစေ့ထုတ်ပြောင်း(ကီလို)	၂၁	၆၀၈	၆၀၈	
၃	မြေပဲ	၂၇	၁၂၆၈	၁၂၆၈	
၄	နေကြာ(ကီလို)	၁၄၉	၁၀၁၃၀	၁၀၁၃၀	
၅	ပဲပုပ်	၄၂၃	၈၂၅၃	၈၂၅၃	

ဆက်လက်ပြီး နယ်မြေဒေသ၊ ရာသီဥတုအလိုက် စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံများအား တောင်သူများမှ စနစ်တကျဖြင့် စိုက်ပျိုးနည်းစနစ်မှန်ကန်စွာ စိုက်ပျိုးထုတ်လုပ်တတ်စေရန် ရည်ရွယ်ပြီး သီးနှံအလိုက် တောင်သူပညာပေးစံပြကွက်များ စိုက်ပျိုးပြသခြင်းလုပ်ငန်းကို လည်း နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အောက်ပါအတိုင်း ဖော်ပြ အပ်ပါတယ်-

ဆောင်ရွက်တဲ့ သီးနှံပေါင်း (၁၀)မျိုးရှိပြီး တစ်မျိုးချင်းအလိုက် ကေများဖြင့် ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဒါက တောင်သူပညာပေးစံပြကွက်များ ဆောင်ရွက်ထားမှု အခြေအနေ မှတ်တမ်း ဓာတ်ပုံများ ဖြစ်ပါတယ်။

စဉ်	သီးနှံအမည်	ဧက	မှတ်ချက်
၁	စပါး	၂၇၅၈	
၂	ဂျုံ	၇၀	
၃	အစေ့ထုတ်ပြောင်း	၂၀၀၈	
၄	မြေပဲ	၉၀၄	
၅	နှမ်း	၈၃	
၆	နေကြာ	၂၇၂	
၇	ပဲပုပ်	၁၄၇၄	
၈	ပဲတီစိမ်း	၆၁	
၉	ပဲစဉ်းငုံ	၄၀	
၁၀	ကြံ	၁၇၅	

ဆက်လက်ပြီး တောင်သူလယ်သမားများ၏ အရည်အသွေးတွေ၊ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ ဒု-ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ခြံများမှ တောင်သူပညာပေးလုပ်ငန်းများဖြစ်သည့် သီးနှံအလိုက်၊ ခေတ်မီနည်းပညာများကိုလည်း ပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများ၊ ကွင်းလက်တွေ့သရုပ်ပြပွဲများ ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်၊ ပိုစတာများဖြန့်ဝေခြင်းနှင့် ပညာပေး Vinyl ဆိုင်းဘုတ်များ စိုက်ထူပြသခြင်း လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်-

စဉ်	အကြောင်းအရာ	အကြိမ်		တောင်သူ ဦးရေ
		ရေတွက်ပုံ	အရေအတွက်	
၁	ပညာပေးသင်တန်း	ကြိမ်	၇၉	၄၈၈၆
၂	ဆွေးနွေးပွဲ	ကြိမ်	၆၉၀	၃၃၀၃၃
၃	ကွင်းသရုပ်ပြပွဲ	ကြိမ်	၂၀၀	
၄	လက်ကမ်းစာစောင်	စောင်ရေ	၅၀၆၇၇	
၅	ပိုစတာစိုက်ထူမှု	ခု	၅၉၃	

သင်တန်းအမျိုးအစား၊ သင်တန်းပေးခြင်း၊ သင်တန်းဆွေးနွေးခြင်း၊ ကွင်းသရုပ်ပြခြင်း၊ စာစောင်များပေးခြင်းစတဲ့ လုပ်ငန်းစဉ်များကို တင်ပြထားခြင်း ဖြစ်ပါတယ်။ ဒီလိုတောင်သူပညာပေးသင်တန်း ဆွေးနွေးဟောပြောပွဲအတွက် ဆောင်ရွက်ပေးခဲ့တဲ့ အကြောင်းရင်းများမှာ သီးနှံအလိုက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP လို့ခေါ်တဲ့ Good Agricultural Practices စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်တတ်ခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းဆိုင်ရာနည်းပညာများ၊ သီးနှံအလိုက် အစွမ်းရှိ စိုက်ပျိုးနည်းဆိုင်ရာနည်းပညာများ၊ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးထုတ်လုပ်သည့် နည်းပညာများဖြစ်သည့် Climate Smart Agriculture စသည်များ၊ စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများ၊ ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်သည့် သီးနှံပုံစံများပြောင်းလဲစိုက်ပျိုးရေး စသည့် နည်းပညာများပေးခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံတောင်သူများ ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး သီးနှံပုံစံဖော်ထုတ်စိုက်ပျိုးနိုင်ရန်နဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ပွားများစိုက်ပျိုးလာနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များအသုံးပြုစိုက်ပျိုးခြင်းကို အနီးကပ်လေ့လာ သိရှိပြီး မျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုးခြင်း အကျိုးသိရှိလာစေရန်၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကိုလည်း ကျေးလက်နေပြည်သူများ မျက်မြင်တွေ့ရှိပြီး လိုက်နာကျင့်သုံးလာစေရန်နှင့် မြေဆီလွှာကိုရေရှည်ကောင်းမွန်တဲ့ ထိန်းသိမ်းနည်းစနစ်များအား တောင်သူများ ပိုမိုသိရှိလိုက်နာပြီး စိုက်ပျိုးမြေဇရိယာများ မြေဆီဩဇာထက်သန်လာစေရန်နှင့် ဘက်စုံသီးနှံကာကွယ်နည်းစနစ်များကို လိုက်နာကျင့်သုံးလာခြင်းဖြင့် ပိုးသတ်ဆေးသုံးစွဲမှု လျော့ကျကာ ဓာတ်ကြွင်း အာနိသင်နည်းသော၊ အန္တရာယ်ကင်းရှင်းကာ အာဟာရပြည့်ဝသော အစားအစာများ ရရှိရန်နှင့် ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံရုံသာမက ပြည်တွင်းပြည်ပတို့ကိုလည်း One Village One Product ထုတ်လုပ်တင်ပို့ကာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာများကို ၂၀၁၇- ၂၀၁၈ခုနှစ်မှစပြီး တစ်ခရိုင်မှာ တစ်ရွာဖြင့် ခရိုင်(၁၂)ခရိုင်မှာ (၁၂)ရွာ၊ ၂၀၁၈-၂၀၁၉ခုနှစ်နှင့် ၂၀၁၉- ၂၀၂၀ခုနှစ်မှာ တစ်ခရိုင်လျှင် (၂)ရွာဖြင့် (၂၄) ရွာ၊ တစ်မြို့နယ်လျှင်

(၁)ရွာဖြင့် ကျေးရွာ (၅၀) စုစုပေါင်းကျေးရွာ(၁၆၀)ရွာတို့မှာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့ နေရာတွေမှာ မြေဆီလွှာစစ်ဆေးခြင်း၊ ခရိုင်အလိုက် ဆောင်ရွက်နိုင်တဲ့ ဇကတွေ ဖြစ်ပါတယ်။ သီးနှံပုံစံအလိုက်စိုက်ပျိုးခြင်း၊ မျိုးစေ့ထုတ်လုပ်ငန်း၊ မျိုးကောင်းမျိုးသန့်အသုံးပြု စိုက်ပျိုးခြင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးခြင်း၊ IPM စနစ်ဖြင့် စိုက်ပျိုးခြင်း၊ သင်တန်း၊ ဆွေးနွေးပွဲ၊ ကွင်းပြပွဲ စသည့် လုပ်ငန်းများဟာ နှစ်အလိုက် တစ်မြို့နယ်လျှင် (၁)ရွာ၊ တစ်ခရိုင်ကို (၂)ရွာစတဲ့ နှစ်အလိုက် ဆောင်ရွက်ထားမှုများ တင်ပြထားခြင်း ဖြစ်ပါတယ်။ နောက်ဆက်တွဲကတော့ မှတ်တမ်း ဓာတ်ပုံများ ဖြစ်ပါတယ်။

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်				
		၂၀၁၇-၁၈	၂၀၁၈-၂၀၁၉		၂၀၁၉-၂၀၂၀	
		၁ ခရိုင် ၁ရွာ(ဇက)	၁ ခရိုင် ၂ရွာ(ဇက)	၁ မြို့နယ် ၁ရွာ(ဇက)	၁ ခရိုင် ၂ရွာ(ဇက)	၁ မြို့နယ် ၁ရွာ(ဇက)
၁	မြေဆီလွှာစစ်ဆေးခြင်း	၄၆၆၂	၇၇၀၂	၉၅၃၄	၄၇၇၇	၉၇၉၉
၂	သီးနှံပုံစံအလိုက်စိုက်ပျိုးခြင်း	၄၆၂၂	၇၇၀၂	၁၀၅၆၄	၄၇၇၇	၁၀၄၀၃
၃	မျိုးစေ့ထုတ်လုပ်ငန်း	၃၆၀	၂၅၄	၅၄၁	၁၆၈	၅၁၄
၄	မျိုးကောင်းမျိုးသန့်အသုံးပြု စိုက်ပျိုးခြင်း	၃၉၉၃	၆၄၆၁	၉၄၈၇	၂၆၁၂	၇၃၈၅
၅	GAPစနစ်ဖြင့်စိုက်ပျိုးခြင်း	၄၃၈	၂၆၅၉	၃၉၇၉	၂၀၁၅	၃၂၃၆
၆	IPMစနစ်ဖြင့် စိုက်ပျိုးခြင်း	၃၉၉၃	၆၄၆၁	၆၈၉၃	၂၆၁၂	၇၃၈၅
၇	သင်တန်း၊ ဆွေးနွေးပွဲ၊ ကွင်းပြပွဲ ဆောင်ရွက်ခြင်း	၃၆၅ ကြိမ်	၁၃၂ ကြိမ်	၅၅၀ ကြိမ်	၁၂၄ ကြိမ်	၅၇၃ ကြိမ်

ဆက်လက်ပြီး တောင်သူများ အသိအမြင်ကျယ်ပြန့်စေရန်အတွက် မြို့နယ်တွေမှာရှိတဲ့ ခြံများကိုလည်း လေ့လာရေး ပို့ဆောင်ပေးခြင်း၊ ရှမ်းပြည်နယ်မှာ ပထမဦးဆုံးကျင်းပနိုင်ခဲ့တဲ့ စိုက်ပျိုးရေး စုံညီပွဲတော် Symposium ကိုလည်း ကျင်းပနိုင်ခဲ့ခြင်းအားဖြင့် ရှမ်းပြည်နယ်

အတွင်းမှာရှိတဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ကိုင်သူ တောင်သူပေါင်း (၁၉၀၀၀)ထက်မနည်း လာရောက်လေ့လာပြီး စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ၊ နည်းပညာများ၊ စက်ကိရိယာအသုံးပြုပြီးတော့ စိုက်ပျိုးထုတ်လုပ်ခြင်းများ၊ မျိုးကောင်းမျိုးသန့် သုံးစွဲလာစေရန် ပညာပေး စိုက်ခင်းများ၊ မျိုးစေ့ထုတ် လုပ်ငန်းရှင်များ၊ တောင်သူအစုအဖွဲ့များနှင့် ချိတ်ဆက်နိုင်ခြင်း၊ စစ်မှန်ပြီးတော့ အရည်အသွေးကောင်းမွန်သော မြေဩာ၊ ပိုးသတ်ဆေးများ သုံးစွဲနိုင်စေရန် မြေဩာ၊ ပိုးသတ်ဆေး ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်ခြင်း၊ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်တတ်လာစေရန် တန်ဖိုးမြှင့် ကုန်ချော ထုတ်လုပ်သည့် လုပ်ငန်းရှင်များနဲ့ တောင်သူများ ချိတ်ဆက်ဆောင်ရွက်တတ်လာခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံးမှာပါဝင်တဲ့ တောင်သူ၊ လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အစုအဖွဲ့များနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရလည်း ရှမ်းပြည်နယ်အတွင်း ထူးချွန်စိုက်ပျိုး တောင်သူများကိုလည်း နှစ်စဉ်ရွေးချယ်ပြီး ဆုချီးမြှင့်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း အထိမ်းအမှတ်နေ့များဖြစ်သည့် ရှမ်းပြည်နယ်နေ့၊ ပြည်ထောင်စုနေ့များမှာလည်း တောင်သူပညာပေးပြခန်းများကို ပြုလုပ်ပြသပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါတွေကတော့ ရှမ်းပြည်နယ်မှာ ပထမဦးဆုံးအကြိမ် ကျင်းပနိုင်ခဲ့တဲ့ စိုက်ပျိုးရေးစုံညီပွဲတော်မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ဒါကတော့ စုံညီပွဲတော်မှာ ပတ်သက်တဲ့ ပြသထားမှုများ တင်ပြထားခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီး မြေဩာ၊ ပိုးသတ်ဆေး၊ မျိုးစေ့စသည့် စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများကိုလည်း တောင်သူများမှ သေချာရှင်းရှင်းလင်းလင်းနားလည် သဘောပေါက်လာစေရန်အတွက် သင်တန်းများ၊ ဟောပြောဆွေးနွေးပွဲများ ပို့ချဆွေးနွေးပေးခြင်း၊ မြေဆီလွှာထိန်းသိမ်းရေး လုပ်ငန်းအတွက် တောင်စောင်းစနစ်ဖော်ထုတ်ပြသပေးခြင်း၊ ဓာတ်မြေဩာထောက်ခံနှုန်းထားအတိုင်းသုံးစွဲရေး ပညာပေးခြင်း၊ သစ်စိမ်းမြေဩာ၊ EM၊ ဘိုကာရှိ ပြုလုပ်သုံးစွဲနည်း၊ သဘာဝ မြေဩာသုံးစွဲရေး၊ မြေနမူနာစနစ်တကျ ကောက်ယူခြင်းစသည့် မြေဆီလွှာဆိုင်ရာ နည်းပညာများကိုလည်း အောက်ပါအတိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်-

ရှမ်းပြည်နယ် ရှမ်း(၃)ရှမ်းမှာ အချုပ်အနေနဲ့ တင်ပြရမယ်ဆိုလျှင် အကြိမ်ပေါင်း ၁၅၁ ကြိမ်မှာ ဝန်ထမ်းပေါင်း ၁၉၁၇ ဦးနဲ့ တောင်သူပေါင်း ၅၆၆၂ ဦးကို ပညာပေးနိုင်ခဲ့ပါတယ်။ ဒါကတော့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။

စဉ်	ပြည်နယ်အမည်	အကြိမ်	ဝန်ထမ်း	တောင်သူ
၁	ရှမ်း(တောင်)	၁၁၈	၁၇၀၈	၄၅၉၈
၂	ရှမ်း(မြောက်)	၁၉	၁၄၇	၇၀၄
၃	ရှမ်း(ရှေ့)	၁၄	၆၂	၃၆၀
	ပြည်နယ်ချုပ်	**၁၅၁**	**၁၉၁၇**	**၅၆၆၂**

ဆက်လက်ပြီး လက်မှတ်ရ အသိအမှတ်ပြုပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲသူ သင်တန်းများကိုလည်း ဝန်ထမ်း၊ ပိုးသတ်ဆေး လက်လီလက်ကား အရောင်းဆိုင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ခြံလုပ်ငန်းရှင်တောင်သူများကို စာတွေ့လက်တွေ့ သင်တန်းများပို့ချမှု အခြေအနေကို အောက်ပါအတိုင်း ဖော်ပြအပ်ပါတယ်-

ရှမ်း(၃)ရှမ်းမှာ ပြည်နယ်ချုပ်အနေနဲ့ (၃)ကြိမ်၊ ဝန်ထမ်းပေါင်း (၅၀)ဦး၊ ကုမ္ပဏီဝန်ထမ်း အရောင်း ဝန်ထမ်း၊ ဆိုင်ရှင်၊ တောင်သူ (၂၆၀)ဦးကို သင်တန်းလက်တွေ့ ဆောင်ရွက်ပေး ပို့ချနိုင်ခဲ့ပါတယ်။

စဉ်	ပြည်နယ်အမည်	အကြိမ်	ဝန်ထမ်း	ကုမ္ပဏီဝန်ထမ်း+ အရောင်းဆိုင်ရှင်+ တောင်သူ
၁	ရှမ်း(တောင်)	၁	၇	၁၅၃
၂	ရှမ်း(မြောက်)	၁	၁၂	၉၈
၃	ရှမ်း(ရှေ့)	၁	၃၁	၅၉
	ပြည်နယ်ချုပ်	**၃**	**၅၀**	**၂၆၀**

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ပိုးမွှားရောဂါကျရောက်မှု ပညာပေးဆွေးနွေးခြင်းတွေ၊ ငမြှောင်တောင်ပိုး၊ ရွှေခရု၊ ကြွက်နှင့် ကာကွယ်တဲ့ နည်းပညာတွေ၊ ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲနည်း၊ နည်းပညာများ စိုက်ပျိုးဆိုင်ရာ အလေ့အကျင့်ကောင်းများ ဘတ်စုံသီးနှံကာကွယ်ရေးနည်းလမ်းများ သီးနှံအလိုက် ကျရောက်တဲ့ ဖျတ်ပိုးတွေ ရောဂါကာကွယ် နေတဲ့စသည့် သီးနှံကာကွယ်ရေးဆိုင်ရာနည်းပညာ သင်တန်းများ၊ ဆွေးနွေးဟောပြောပွဲများ ကိုလည်း ရှမ်းပြည်နယ်တစ်လုံးမှာ ၁၉၅ ကြိမ်နဲ့ ဝန်ထမ်းပေါင်း ၁၉၁၇ ဦးနဲ့ တောင်သူပေါင်း ၉၂၇၄ ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။

စဉ်	ပြည်နယ်အမည်	အကြိမ်	ဝန်ထမ်း	တောင်သူ
၁	ရှမ်း(တောင်)	၁၁၈	၁၇၀၈	၆၅၉၈
၂	ရှမ်း(မြောက်)	၅၀	၁၄၇	၁၇၀၄
၃	ရှမ်း(ရှေ့)	၂၇	၆၂	၉၇၂
	ပြည်နယ်ချုပ်	**၁၉၅**	**၁၉၁၇**	**၈၂၇၄**

၂၀၁၈- ၂၀၁၉ မိုးရာသီ၊ အစေ့ထုတ်ပြောင်း စိုက်ဧက (၇)သိန်းကျော်မှာ 'ဖော' ငမြှောင်တောင် ကျရောက်ခဲ့မှုကြောင့် ဧကပေါင်း (၇၁၅၆၅) ကျရောက်ခဲ့သော်လည်း ဧကများအပေါ် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အချိန်မီ စုပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့ အတွက် ပျက်စီးဧက မရှိခဲ့ပါဘူး။ ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါတယ်-

ထောက်ပံ့ပစ္စည်းပေးအပ်ခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်စိုက်ပျိုးရေးဌာန ပူးပေါင်းပြီး သိန်းပေါင်း (၇,၀၀၀)ကျော်၊ သင်တန်းများပေးခြင်း အကြိမ်ပေါင်း၊ ဆေးဖျန်းခြင်း၊ ကုမ္ပဏီများ Drone ဖြင့်ဆေးဖျန်းခြင်း၊ ကုမ္ပဏီမှ ပိုးသတ်ဆေး ပံ့ပိုးခြင်းစသည့် ပူးပေါင်းဆောင်ရွက်မှုများ တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကတော့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။

စဉ်	အကြောင်းအရာ	အရေအတွက်	မှတ်ချက်
၁	ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း	၇၀၅၉၀၀၀ ကျပ်	ပြည်နယ်အစိုးရအဖွဲ့+DOA
၂	သင်တန်းများပေးခြင်း	၃၉၇ ကြိမ်၊ ၂၄၉၈၇ ဦး	
၃	ဥကပ်ပါးနဂျီချိတ်ဆွဲခြင်း	၁၉၅ ဧက	
၄	ဆေးဖျန်းတပ်ဖွဲ့များဖွဲ့စည်းခြင်း	၂၇ ဖွဲ့	
၅	ကုမ္ပဏီမှ Drone ဖြင့်ဆေးဖျန်းခြင်း	၃၆၀ ဧက	မြင်းကျားကုမ္ပဏီ
၆	ကုမ္ပဏီများမှ ပိုးသတ်ဆေးပံ့ပိုးခြင်း	၅၄၀ ဧက	သြဘာ၊ကောင်းသုခ၊ မြင်းကျား

ဆက်လက်ပြီး မျိုးကောင်းမျိုးသန့်ပြောင်းလဲသုံးစွဲရေး၊ မျိုးစေ့ထုတ်နည်းပညာ သင်တန်းစသည့် မျိုးစေ့ဆိုင်ရာနည်းပညာပေးသင်တန်းများကိုလည်း အောက်ပါအတိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်-

ပြည်နယ်ချုပ်အနေနဲ့ ၆၅ ကြိမ်၊ ဝန်ထမ်းပေါင်း ၅၂၅ ဦး၊ တောင်သူပေါင်း ၂၂၅၅ ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။

စဉ်	ပြည်နယ်အမည်	အကြိမ်	ဝန်ထမ်း	တောင်သူ
၁	ရှမ်း(တောင်)	၂၈	၁၉၀	၆၇၁
၂	ရှမ်း(မြောက်)	၁၄	၁၅၇	၅၉၆
၃	ရှမ်း(ရှေ့)	၂၃	၁၇၈	၉၈၈
	ပြည်နယ်ချုပ်	**၆၅**	**၅၂၅**	**၂၂၅၅**

ဆက်လက်ပြီး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်မားရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် စီမံကိန်းလုပ်ငန်းများဖြင့် ပူးပေါင်းဆောင်ရွက်တာလဲ ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူများ အကျိုးစီးပွားမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

Netherland သံရုံးနဲ့ ဆောင်ရွက်တဲ့ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးနည်းစနစ်၊ ပြောင်းလဲလာတဲ့ ရာသီဥတုနှင့်အညီ စိုက်ပျိုးနည်းတွေ၊ မေတ္တာဖောင်ဒေးရှင်းနဲ့ ဆောင်ရွက်သည့် GAP သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာတွေ၊ GIZ နှင့် ဆောင်ရွက်သည့် GAP သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ပညာပေးသင်တန်းတွေ၊ Switzerland (ILO) နဲ့ ကျင်းပတဲ့ ချင်းသီးနှံ GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု နည်းတွေ၊ ကော်ဖီအရည်အသွေးထိန်းသိမ်းမှုနည်းပညာ Organic သီးနှံလက်မှတ်ရရှိရေးအတွက် GIZ နှင့် ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တွေ၊ UNODC နဲ့ ဆောင်ရွက်တဲ့ ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်တဲ့ လုပ်ငန်းစဉ်တွေ၊ KOPA- RDF နဲ့ လုပ်တဲ့ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းများ၊ ONCB၊ မယ်ဖလုံ၊ GIZ ဘိန်းအစားထိုးသီးနှံ လုပ်ငန်းစိုက်ပျိုးမှုတွေ၊ တရုတ်အဖွဲ့အစည်းနဲ့ ဆောင်ရွက်တဲ့ စိုက်ပျိုးလုပ်ငန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တာတွေ၊ နောက်မယ်ဖလုံဖောင်ဒေးရှင်း(ထိုင်း)နဲ့ ဆောင်ရွက်တဲ့ ဘိန်းအစားထိုးသီးနှံလုပ်ငန်းများ၊ IFAD တွေနဲ့ ဆောင်ရွက်တဲ့ တောင်သူပညာပေးစင်တာများ ဖွင့်လှစ်သင်ကြားခြင်း၊ Korea Climate Change Center ရဲ့ စွမ်းအားမြှင့်မြီးဖိုများဖြန့်ဖြူးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုတွေ၊ EU နဲ့ ဆောင်ရွက်တဲ့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံ ပြည်သူများ အာဟာရ ပြည့်ဝပြီး အန္တရာယ်ကင်းတဲ့ အစားအစာများ စိုက်ပျိုးစားသောက်နိုင်ရေးစတဲ့ လုပ်ငန်းစဉ်များကို နိုင်ငံခြားအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ထားမှုကို တင်ပြအပ်ပါတယ်။

ဒါ့အပြင် တောင်သူများ ကြုံတွေ့နေရတဲ့ မြေဆီလွှာပြဿနာတွေ၊ ပိုးမွှားရောဂါပြဿနာများကို အချိန်တိုအတွင်း ဖြေရှင်းပေးနိုင်ဖို့အတွက်ဆိုရင် ကွင်းဝန်ထမ်းသုံးပစ္စည်းများဖြစ်သည့် Microscope, hand lens, Forcep, Glass slide, Harbarium ,Digital Balance, ကတ်ကြေး၊ ခဲး၊ ပိုးနမူနာထည့်ရန် ဗူး/ အိတ်၊ အရက်ပြန်၊ ကိုင်းဖြတ်ကတ်ကြေး၊ ပေကြိုး၊ လက်ကမ်းစာစောင်တွေပါတဲ့ Tool Box , ph meter , Moisture meter များကိုလည်း အောက်ပါအတိုင်း ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်	မှတ်ချက်
၁	ကွင်းဝန်ထမ်းသုံးပစ္စည်း Tool Box	၈၀	ပြည်နယ်
၂	pH meter	၁၀၂	ပြည်ထောင်စု
၃	Moisture meter	၁၀၂	ပြည်ထောင်စု

ပြည်ထောင်စုဘတ်ဂျက်/ ပြည်နယ်ဘတ်ဂျက်နဲ့ ဆောင်ရွက်ပေးနိုင်မှုတွေ ဖြစ်ပါတယ်။ ဒါတွေကတော့ သုံးစွဲနိုင်တဲ့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။

မွေးမြူရေးနဲ့ တောင်သူများ မေထုန်မဲ့ သားစပ်သင်တန်းတွေ၊ အခြေခံတိရစ္ဆာန်ကျန်းမာရေးသင်တန်းတွေ၊ GAHP သင်တန်းတွေ၊ တိရစ္ဆာန်အစာအာဟာရဗေဒ သင်တန်းများ၊ ဇီဝလုံခြုံမှုသင်တန်း၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးသင်တန်းများကို (၄၉) မြို့နယ်မှာ ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ရွာမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့်လည်း ပညာပေးသင်တန်းများကို နှစ်စဉ်တိုးချဲ့လျာထားဆောင်ရွက်လျက်ရှိပါတယ်။ မျိုးကောင်းမျိုးသန့် မြက်မျိုးများကိုလည်း နှစ်စဉ် (၁၀) မြို့နယ်သို့ ဖြန့်ဝေပေးလျက်ရှိပြီး တိရစ္ဆာန်အစာရှားပါးမှုနှင့် အာဟာရအရည်အသွေး မြင့်မားတဲ့ မြက်မျိုးများ ရရှိရေးအတွက်လည်း အထောက်အပံ့ ဖြစ်စေရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းဝင် (၃၉) မြို့နယ်ကိုလည်း မျိုးကောင်းမျိုးသန့် တိရစ္ဆာန် (ဝက်နှင့် ဒေသကြက်)များ ဖြန့်ဝေပေးခြင်း၊ တစ်မြို့နယ်လျှင် ပညာပေးသင်တန်း(၁)ကြိမ်စီနှင့် ပညာပေးဟောပြောပွဲ(၁)ကြိမ်စီအတွက် သင်တန်းသား(၃၀)ဦးစီဖြင့်လည်းကောင်း နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်အနေဖြင့်လည်း မြို့နယ်ပေါင်း (၂၇)မြို့နယ်မှာ နေရာပေါင်း (၃၆)နေရာမှာ သတိပေးတားမြစ်ချက် ဆိုင်းဘုတ် (၇၀)ခုကို စိုက်ထူပြီးတော့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြို့နယ်ပေါင်း (၄၉)မြို့နယ်မှာရှိတဲ့ ရပ်ကွက်/ ကျေးရွာ (၃၁၈)ရွာမှာ တက်ရောက်သူဦးရေပေါင်း (၉၀၀၀၀) ကျော်ကို ပညာပေးဟောပြောပြီး လက်ကမ်းစာစောင် (၈၀၀၀၀)ကျော် ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ မြို့နယ်ပေါင်း (၄၉)မြို့နယ်မှာ ရပ်ကွက်/ ကျေးရွာပေါင်း (၃၁၆)ခုရှိတဲ့ ဝက် မွေးမြူရေးခြံပေါင်း (၂၆၃၇)ခြံကိုလည်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း (၃၉၇၉)ကြိမ် ဆောင်ရွက်ပေးခဲ့ပါတယ်။ ရွာမ်းပြည်နယ်အတွင်းမှာရှိတဲ့ ခရိုင်(၁၂)ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၄)ခုနဲ့ ကုသဆေး

(၇)မျိုး (၁၄၄၀)လုံးအား လည်းကောင်း၊ လားရှိုးမြို့နယ်မှာရှိတဲ့ ဝက်ဝမ်းကျရောဂါ ကာကွယ်ဆေး(၁၀)ဗူး (၂၀၀ဆ)၊ ဖျန်းနိုင်တဲ့ ခြံဖျန်းပိုးသတ်ဆေးများ ဆေးဖျန်းပုံးအပါအဝင် ဆက်စပ်ပစ္စည်းများကို ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ခရိုင် (၆)ခရိုင်နှင့် မြို့နယ် (၁၆)မြို့နယ်တွေမှာ ဖြန့်ဝေ ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ညောင်ရွှေမြို့နယ်မှာလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကျရောက်တာနှင့် တစ်ပြိုင်တည်း ဆက်စပ်မြို့နယ်များကို ဝက်နဲ့ ဝက်အထွက်ပစ္စည်းများ တင်ပို့ဝယ်ယူရောင်းချခြင်းများကို အချိန်နှင့်တစ်ပြေးညီ တားမြစ်ကန့်သတ်ဆောင်ရွက်ပေးပြီးတော့ ဒီမွေးမြူတဲ့ခြံများကိုလည်း ပိုးသတ်ဆေးများ ပက်ဖျန်းနိုင်ရေးကိုလည်း အဖွဲ့များဖွဲ့ပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

တောင်သူများမှ ခေတ်မီသတင်းအချက်အလက်များ၊ စိုက်ပျိုးနည်းပညာများ၊ စိုက်ပျိုးနည်းစနစ်ကောင်းများကို အချိန်နှင့်တပြေးညီ သိရှိလိုက်နာဆောင်ရွက်နိုင်ဖို့အတွက် တိုးချဲ့ပညာပေးနည်းလမ်းတစ်ခုဖြစ်တဲ့ digital extension နည်းလမ်းဖြင့် စိုက်ပျိုးရေးနည်းပညာဆိုင်ရာ Moblie Application များဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန mobile application Plant protection application , GAP online application ဖောင်မြောင် တောင်စစ်တမ်းကောက်ယူနိုင်သည့် application တွေ နှစ်ရှည်သီးနှံစိုက်ပျိုးရေး application နှင့် အခြားစိုက်ပျိုးရေးဆိုင်ရာ application များကို ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် ပူပေါင်းပြီး ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန လူငယ်စိုက်ပျိုးရေး ပညာရှင်များအဖွဲ့ (Shan State YSI)မှ တောင်သူ (၉၀၀၀)ကျော်ရဲ့ မိုဘိုင်းဖုန်းများကို ဖြန့်ဝေပေးနိုင်ခဲ့သည့်အပြင် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ တောင်သူများကြုံတွေ့နေရသည့် အခက်အခဲများကို အချိန်နှင့်တပြေးညီ ဖြေရှင်းပေးနိုင်ရေး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် Call Centre များကိုလည်း ဖွင့်လှစ်ထားရှိပေးလျက်ရှိပါတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများလည်း မွေးမြူသူတောင်သူများ ခေတ်မီသတင်းအချက်အလက်များ၊ နည်းပညာများအသုံးပြုနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ Website ဖြစ်တဲ့ MOALI မှာလည်းကောင်း၊ ရှမ်းပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ Facebook account ဖြစ်တဲ့ SHAN LBVD မှာလည်းကောင်း၊ သတင်းအချက်အလက်နည်းပညာများကို တောင်သူများသိရှိအောင် ဖြန့်ဝေပေးလျက်ရှိပါကြောင်း လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ဆန်းမင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကျော်ဆန်းမင်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ဆန်းမင်း ဖြစ်ပါတယ်။ ကျွန်တော် ယနေ့မေးမြန်းမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ကလောမြို့နယ်၊ သူရဲကျေးရွာအုပ်စု၊ မြင်းကကျေးရွာမှ ပိန္နဲပင်ကျေးရွာ ကျေးရွာချင်းဆက် ကျောက်ချောလမ်း (၃)မိုင်(၄)ဖာလုံအား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်း သည့်ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့ဟာ နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားဧည့်သည်များ နှစ်စဉ်လာရောက် လည်ပတ်လျက်ရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ထိုကဲ့သို့ နိုင်ငံခြားခရီးသွားဧည့်သည်များ ကလောမြို့သို့ လာရောက်လည်ပတ်သည့် အခါတိုင်း ကလော- မြင်းကကျေးရွာ- ပိန္နဲပင် ကျေးရွာလမ်းဟာ နိုင်ငံခြားသားခရီးသွား ဧည့်သည်များအနေဖြင့် အသုံးပြုလျက်ရှိတဲ့ Tracking လမ်းကြောင်းတစ်ခုလည်း ဖြစ်ပါတယ်။

ကလော- မြင်းကကျေးရွာ- ပိန္နဲကျေးရွာလမ်းဟာ ကလောမြို့မှ မြင်းကကျေးရွာအထိ ကတ္တရာလမ်းပိုင်းဖြစ်ပြီး မြင်းကကျေးရွာမှ ပိန္နဲပင်ကျေးရွာအထိ လမ်းပိုင်းဟာ ကျေးရွာ ချင်းဆက်ကျောက်ချောလမ်းတစ်ခု ဖြစ်ပါတယ်။ ထိုမြင်းကကျေးရွာမှ ပိန္နဲပင်ကျေးရွာအထိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းပိုင်းအား နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေး ရန်ပုံငွေဖြင့် ၂၀၀၇- ၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းအဖြစ် အဆင့် မြှင့်တင်ဖောက်လုပ်ပေးခဲ့ပါတယ်။

၎င်းလမ်းပိုင်းဟာ မြင်းကကျေးရွာနှင့် ပိန္နဲပင်ကျေးရွာများမှ ဒေသထွက်ကုန်များအား အောင်ပန်းမြို့သို့ ပို့ဆောင်ပေးသော ကုန်ထုတ်လမ်းတစ်လမ်းဖြစ်သည့်အပြင် ဒေသခံ

တိုင်းရင်းသားပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုနိုင်သော လမ်းတစ်လမ်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြင်းကကျေးရွာမှ ပိန္နဲပင်ကျေးရွာအထိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းပိုင်းဟာ နှစ်ကာလကြာရှည်ပြီး မိုးတွင်းကာလများတွင် ရေတိုက်စားမှုများကြောင့် အောက်ခံကျောက်သားများ ရေစီးမျှောပါသွားပြီးချို့ငွဲ့ကွက်များဖြစ်ပေါ်ကာ သွားလာရခက်ခဲသော လမ်းတစ်လမ်းဖြစ်ပါတယ်။ ပွင့်လင်းရာသီများမှာလည်း ကားများ၊ ဆိုင်ကယ်များဖြင့် သွားလာရာတွင် ဖုန်မှုန့်များဖြစ်ပေါ်ကာ ၎င်းအခြေအနေအတိုင်း အချိန်ကြာမြင့်စွာ၊ နှစ်ကာလများစွာ သွားလာနေရပါက ခရီးသွားပြည်သူများ၏ ကျန်းမာရေးအား ထိခိုက်လာနိုင်သည့်အပြင် ချို့ငွဲ့ကွက်များ၊ ဖုန်မှုန့်များအကြား သွားလာနေရသဖြင့် လမ်းမြင်ကွင်းအား ကောင်းစွာမမြင်ရဘဲ ယာဉ်တိမ်းမှောက်မှု အန္တရာယ်များ ဖြစ်ပွားလာနိုင်ပါတယ်။

သို့ဖြစ်ပါ၍ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းနေပြီး ရာသီမရွေးသွားလာရန် ခက်ခဲနေသောကလောမြို့နယ်၊ သူရဲကျေးရွာအုပ်စု၊ မြင်းကကျေးရွာမှ ပိန္နဲပင်ကျေးရွာအထိ ကျေးရွာချင်းဆက် ကျောက်ချောလမ်း (၃)မိုင် (၄)ဖာလုံအား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား လွတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တပ်မတော်သား ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ကြည်း- ၄၀၂၅၇၊ ဗိုလ်မှူးကျော်ဆန်းမင်း မေးမြန်းထားတဲ့ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းနေပြီး ရာသီမရွေး သွားလာရန်ခက်ခဲနေတဲ့ ကလောမြို့နယ်၊ သူရဲကျေးရွာအုပ်စု၊ မြင်းကကျေးရွာမှ ပိန္နဲပင်ကျေးရွာအထိ ကျေးရွာချင်းဆက် ကျောက်ချောလမ်း ၃ မိုင် ၄ ဖာလုံအား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်မှာ ပြည်ထောင်စုလမ်းမကြီးကနေပြီးတော့ မြင်းက- ပိန်နဲပင်(သူရဲ)လမ်းဟာ ကျောက်ချောလမ်း ၃ မိုင်နှင့် မြေသားလမ်း ၄ မိုင် ၅ ဖာလုံ စုစုပေါင်း လမ်းအရှည် ၅ မိုင်ရှိတဲ့ Class A အမျိုးအစားဦးစားပေးအဆင့် ၂ ရှိတဲ့ လမ်းတစ်လမ်းဖြစ်ပြီးတော့ ဒေသမှကျေးရွာ ၁ ရွာ၊ အိမ်ခြေ ၂၁၀ အိမ်နှင့် လူဦးရေ ၉၇၂ ဦး တို့ကို အကျိုးပြုသော လမ်းတစ်လမ်းဖြစ်ပါတယ်။

လွတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်ရေးအတွက် လိုအပ်သည့်နေရာများမှာ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းအားဖြင့် ၁၂.၂၇ သန်းခန့်ကုန်ကျနိုင်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလမ်းမကြီးကနေပြီးတော့ မြင်းက- ပိန်နဲပင်(သူရဲ)လမ်းကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် လျာထားတင်ပြထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ လွတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်၊ တပ်မတော်သား ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေ့လာသူဧည့်သည်တော်များအားလုံးနှင့် တာဝန်ကျလွတ်တော်ဝန်ထမ်းများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး ဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော့်အနေဖြင့် ရွာငံမြို့နယ်အတွင်းရှိ လူနည်းစု ရှမ်းတိုင်းရင်းသားများနေထိုင်သော တပင်ပျော်ကျေးရွာအုပ်စု၊ တပင်ပျော်ကျေးရွာအား 11 KV (၁.၅)မိုင်နှင့် 400 V

(၂)မိုင် 200 KVA ထရန်စဖော်မာ(၁)လုံးအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရွာငံမြို့နယ်၊ တပင်ပျော်ကျေးရွာအုပ်စု၊ တပင်ပျော်ကျေးရွာမှာ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း ရှမ်းတိုင်းရင်းသားလူမျိုးများ အများစုနေထိုင်သော ကျေးရွာလေး ဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားများဟာ စိုက်ပျိုးရေးကို အဓိကထား အသက်မွေးဝမ်းကျောင်းပြုပြီး စည်းလုံးညီညွတ်စွာ နေထိုင်ကြပါတယ်။

ၚင်းတပင်ပျော်ကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်းရှိသော ငွေတောင်ကျေးရွာဟာ မဟာဓာတ်အားလိုင်းမှ သွယ်တန်းထားသော လျှပ်စစ်မီးများ ထွန်းလင်းကာ ဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာလေး တစ်ရွာဖြစ်ပါတယ်။ တပင်ပျော်ကျေးရွာရှိ ရှမ်းတိုင်းရင်းသားများသည်လည်း လျှပ်စစ်မီးရရှိရန် စိတ်အားထက်သန်လျက် ရှိနေကြပါတယ်။ ငွေတောင်ကျေးရွာမှ တပင်ပျော်ကျေးရွာသို့ လျှပ်စစ်မီး သွယ်တန်းမည်ဆိုပါက 11 KV ဓာတ်အားလိုင်း (၃.၅)မိုင် ကွာဝေးမှာ ဖြစ်ပါတယ်။ ဒေသခံများဟာ လျှပ်စစ်မီးသွယ်တန်းရန် စိတ်အားထက်သန်လျက် (၃.၅)မိုင်မှ (၂)မိုင်ကို နိုင်ငံတော်အား ပံ့ပိုးကူညီရာရောက်အောင် ကိုယ်ထူကိုယ်ထ သွယ်တန်းကြမည်ဟု ဆုံးဖြတ်ခဲ့ကြပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီ အသွင်ကူးပြောင်းကာလမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ပြည်သူလူထုပူးပေါင်း ပါဝင်မှုဟာ အင်မတန် အရေးကြီးပါတယ်။ ယခုလို ပူးပေါင်းပါဝင်လိုစိတ်ရှိသော ရွာငံမြို့နယ်အတွင်း နေထိုင်သော ရှမ်းတိုင်းရင်းသား၏ စိတ်ဓာတ်များဟာ လေးစားအတုယူရသလို ရှမ်းလူမျိုးများအတွက် ဂုဏ်ယူစရာလည်း ကောင်းလှပါတယ်။ ထိုကဲ့သို့ ရှမ်းတိုင်းရင်းသား ဒေသခံများ ချွေးနှဲစာများဖြင့် စုဆောင်းကာ နိုင်ငံတော်အား ပံ့ပိုးကူညီသည့်အနေဖြင့် ကိုယ်ထူကိုယ်ထ ပူပေါင်းပါဝင် ဆောင်ရွက်ထားသော တပင်ပျော်ကျေးရွာအား ကျန်ရှိသည့် 11 KV (၁.၅)မိုင်၊ 200 ဗို့ (၂)မိုင်နှင့် 200 KVA ထရန်စဖော်မာ(၁)လုံးအား ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း လျာထားပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ ဒေသခံရှမ်းတိုင်းရင်းသားများရဲ့ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံး၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက် မေတ္တာပို့ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရုမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး တာဝန်ယူထားသော ဦးစိုင်းရဲနိုတစ်လုံး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရွာငံမြို့နယ်၊ တပင်ပျော်ကျေးရွာအုပ်စု၊ တပင်ပျော်ကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်းရှိတဲ့ ငွေတောင်ကျေးရွာမှ တပင်ပျော်ကျေးရွာသို့ သွယ်တန်းထားသော 11 KV ဓာတ်အားလိုင်း (၃.၅)မိုင်အနက် (၂)မိုင်ကို ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထ သွယ်တန်းခဲ့ပြီးဖြစ်ပြီး ကျန်ရှိတဲ့ 11KV (၁.၅)မိုင်နှင့် 400V (၂)မိုင် 200 KVA ထရန်စဖော်မာ (၁)လုံးကို ၂၀၂၀- ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာငံမြို့နယ်၊ တပင်ပျော်ကျေးရွာ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၁၁ ကေဗွီလိုင်း ၃.၅ မိုင်၊ ၁၁/ ၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း (၂)မိုင် တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ရုမ်းပြည်နယ်အစိုးရရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသူက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးမျိုးမင်းသူ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရုမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့

တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသူ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ မေးမြန်းသွားမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ တောင်ကြီးမြို့၊ အမှတ်(၁၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ လိုအပ်လျက်ရှိသော စာသင်ကျောင်းဆောင်(၂)ဆောင် အသစ်ဆောက်လုပ်ပေးရန်နှင့် ရေလောင်းအိမ်သာ (၃)လုံးအား အသစ်ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့်ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်(၁၁)အခြေခံပညာမူလတန်းလွန်ကျောင်းသည် တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၉)၊ အနောက်မြို့ပတ်လမ်းမကြီးဘေး၊ အမှတ်(၃) ဆက်သွယ်ရေးအလုပ်ရုံနှင့် ကပ်လျက်တွင် တည်ရှိပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ သား/ သမီးများ တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ အမှတ် (၁၁)အခြေခံပညာမူလတန်းကျောင်းအား ၁၉၇၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မူလတန်းလွန်ကျောင်းအဖြစ် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် အဆင့်တိုးမြှင့်ခဲ့ပါတယ်။ ကျောင်းနယ်နိမိတ်အနေဖြင့် (၁.၁၅)ဧကာ ရှိပါတယ်။ စာသင်ကျောင်းဆောင် ဆောက်လုပ်ထားရှိမှုအနေဖြင့် အဆောင် (၁) (၁၂၀× ၃၆× ၁၈)ပေ (၁)လုံး၊ အဆောင် (၂) (၃၀× ၂၄× ၁၈)ပေ (၁)လုံး၊ အဆောင် (၃) (၃၆× ၃၀× ၁၈)ပေ (၁)လုံး၊ အဆောင် (၄) (၉၀× ၃၀× ၁၈)ပေ (၁)လုံး၊ အဆောင် (၅) (၆၀× ၃၀× ၁၈)ပေ (၁)လုံး ဆောက်လုပ်ထားရှိပြီး ရေလောင်းအိမ်သာ (၁၁)လုံး ဆောက်လုပ်ထားရှိပါတယ်။

၂၀၁၉- ၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းဆရာ (၁)ဦး၊ ဆရာမ (၁၆)ဦး ခန့်အပ်ထားရှိပြီး ကျောင်းသား/ ကျောင်းသူအနေဖြင့် (KG) တန်းမှ သတ္တမတန်းအထိ ကျောင်းသား/ ကျောင်းသူပေါင်း (၆၁၅)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။

မြို့ပေါ်ကျောင်း ဖြစ်သည်နှင့်အညီ နှစ်စဉ် တက်ရောက်ပညာသင်ကြားသည့် ကျောင်းသား/ ကျောင်းသူအရေအတွက် တိုးပွားလာသဖြင့် လက်ရှိအဆောက်အဦနှင့် ကျောင်းသား/ ကျောင်းသူအရေအတွက် မျှတမှုမရှိဘဲ အတန်းအလိုက် စာသင်ကြားမှုအပိုင်းတွင် အခက်အခဲများစွာရှိနေသဖြင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ရေလောင်းအိမ်သာ (၁၁)လုံး ဆောက်လုပ်ထားရှိသော်လည်း (၃)လုံးမှာ အသုံးပြုမရသည်ကိုလည်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အမှတ်(၁၁)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် လိုအပ်လျက်ရှိသော စာသင်ကျောင်းဆောင် (၉၀× ၃၀× ၁၈) ပေ (၂)ဆောင် အသစ်ထပ်မံဆောက်လုပ်ပေးရန်နှင့် ပျက်စီးနေသော ရေလောင်းအိမ်သာ (၃)လုံးအား အသစ်ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသူရဲ့ တောင်ကြီးမြို့၊ အမှတ်(၁၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ လိုအပ်လျက်ရှိတဲ့ စာသင်ကျောင်းဆောင် (၂)ဆောင်နဲ့ ပျက်စီးနေသော ရေလောင်းအိမ်သာ (၃)လုံးအား ပြုပြင်ပေးရန် (သို့မဟုတ်) အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးထွန်းက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တောင်ကြီးမြို့နယ်၊ အမှတ်(၁၁)အခြေခံပညာမူလတန်းလွန် ကျောင်းဟာ တပ်ပိုင်မြေ ဖြစ်ပါတယ်။ ကျောင်းဆောင်အနေနဲ့ကတော့ အဆောင်(၁) (၁၂၀×၃၆)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် စာသင်ဆောင် စာသင်ခန်း (၄)ခန်း၊ အဆောင်(၂) (၃၀×၂၄)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်စာသင်ဆောင် စာသင်ခန်း (၂)ခန်း၊ အဆောင် (၃)(၃၆×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် စာသင်ဆောင် စာသင်ခန်း (၂)ခန်း၊ အဆောင် (၄) (၉၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် စာသင်ဆောင် စာသင်ခန်း (၃)ခန်း၊ အဆောင် (၅) (၆၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် စာသင်ဆောင် စာသင်ခန်း (၂)ခန်း၊ စုစုပေါင်း စာသင်ဆောင် (၅)ဆောင်၊ စာသင်ခန်း (၁၃)ခန်း ရှိပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်အနေနဲ့ ကျောင်းသားဦးရေမှာ KG (၇၈)ဦး၊ ပထမတန်း (၆၂)ဦး၊ ဒုတိယတန်း (၈၆)ဦး၊ တတိယတန်း (၉၂)ဦး၊ စတုတ္ထတန်း (၈၁)ဦး၊ မူလတန်းအဆင့် ကျောင်းသား/ ကျောင်းသူစုစုပေါင်း (၃၉၉)ဦးရှိပြီး တန်းခွဲ (၁၀)ခု ရှိပါတယ်။ ပဉ္စမတန်း (၈၅)ဦး၊ ဆဋ္ဌမတန်း (၇၈)ဦး၊ သတ္တမတန်း (၆၇)ဦး၊ အလယ်တန်းအဆင့်

ကျောင်းသား/ ကျောင်းသူစုစုပေါင်း (၂၃၀)ဦးနှင့် တန်းခွဲပေါင်း (၃)ခု ရှိပါတယ်။ မူလတန်း/ အလယ်တန်း စုစုပေါင်း ကျောင်းသား/ ကျောင်းသူ (၆၂၉) ဦး ရှိပြီး တန်းခွဲအနေနဲ့ (၁၃)ခု ရှိပါတယ်။

၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး ရန်ပုံငွေမှ (၉၀×၃၀)ပေ Steel Structure တစ်ထပ် ထည့်သွင်းလျာထားခဲ့သော်လည်း ငွေလုံးငွေရင်း ရန်ပုံငွေခွဲဝေချက် အရ ပယ်ဖျက်ခဲ့ရပါတယ်။ နောက်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း တည်ဆောက်ရေး ရန်ပုံငွေ ရရှိမှုပေါ်မူတည်ပြီး တောင်ကြီးမြို့နယ်ရဲ့ ဦးစားပေး အစီအစဉ်အရ လျာထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လိုအပ်လျက်ရှိသော ရေလောင်းအိမ်သာ (၃)ခန်းတွဲ တစ်လုံးကို ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ် (၀၄/၀၉)ခေါင်းစဉ် ရန်ပုံငွေကနေမှ ခွဲဝေဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ယနေ့ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက် ချီးမြှင့်ပေးပါသော လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ၍ လိုရာဆန္ဒ တစ်လုံးတစ်ဝ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ တောင်ကြီးမြို့၊ မြို့လယ်လမ်းမကြီး လူသွားစင်္ကြံန် (ပလက်ဖောင်း) ပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ မည်ကဲ့သို့ ဆောင်ရွက်ပေးသည်ကို သိရှိလိုရ၍ မေးမြန်းတဲ့မေးခွန်း ဖြစ်ပါတယ်။

ဒီမေးခွန်းကို အများပြည်သူ သွားလာရေး အဆင်ပြေချောမွေ့စေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တောင်ကြီးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နဲ့ ညှိနှိုင်းသဘောတူညီချက်အရ ဒီမေးခွန်းကို တင်ပြမေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ (တတိယ)မြို့တော်ကြီးလည်း ဖြစ်တယ်။ ၎င်းအပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်လွှတ်တော်ရုံးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ ရုံးစိုက်တဲ့ မြို့တော်ကြီးလည်းဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေထဲက 2020 Clean Tourist City Award ဆု(အသန့်ရှင်းဆုံးမြို့တော်ဆု)လည်း ရရှိထားတဲ့ မြို့တော်လည်း ဖြစ်ပါတယ်။

တောင်ကြီးမြို့၊ မြို့လယ်လမ်းမကြီး တစ်ဖက်တစ်ချက်ရှိ လူသွားစင်္ကြံန် တစ်နည်းအားဖြင့် (ပလက်ဖောင်း)များဟာ လွန်စွာကျဉ်းမြောင်းသည့်အပြင် လူသွားစင်္ကြံန်ပေါ်တွင် အချို့သော ရုံးအဆောက်အဦများ၊ လူနေအဆောက်အဦများ၊ ဓာတ်တိုင်များ၊ ဖုန်းတိုင်များ၊ စီးပွားရေးကြော်ငြာတိုင်များ၊ လှေကားထစ်များသည် လူသွားစင်္ကြံန်အား ကျူးကျော်၍ ဆောက်လုပ်နေခြင်း၊ ပလက်ဖောင်းပေါ်ကျူးကျော်၍ ပစ္စည်းခင်းကျင်းခြင်း၊ ဆိုင်ဖွင့်ခြင်း၊ မြို့မဈေးအထက်နားမှာ ပုံကျဈေးသည်များ လမ်းမပေါ်တွင် ခင်းကျင်းရောင်းချနေတာကို တွေ့ရပါတယ်။ ၎င်းအပြင် အချို့နေရာများမှာ (ပလက်ဖောင်း)များဟာ ပျက်စီးပြီး ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်လျက်ရှိနေတာကို နေ့စဉ်နဲ့အမျှ မြင်တွေ့နေရပါတယ်။ လမ်းသွားလမ်းလာများအတွက် လွန်စွာခက်ခဲလျက်ရှိပါတယ်။ အားလုံးရဲ့ မျက်စိထဲမှာ မြင်တွေ့နိုင်ဖို့အတွက် ကျွန်တော်ရိုက်ထားတဲ့ ပါဝါပွိုင့်လေးကို တင်ဆက်ခွင့်ပြုပေးဖို့ ဥက္ကဋ္ဌကြီးအား အနူးအညွတ် ပန်ကြားအပ်ပါတယ်။

ဒါဟာ လမ်းမကြီး ဘေးဖက်မှာရှိတဲ့ ပလက်ဖောင်းပေါ်မှာ ပစ္စည်းတွေခင်းပြီးတော့မှ ဒါကိုယ့်ရဲ့ဆိုင်လိုသဘောထားပြီး ရောင်းချနေတာကို တွေ့ရပါတယ်။ ဒါဒီမိုကရေစီပဲ ဖြစ်ပါတယ်။ ဒါဟာပျက်စီးနေတဲ့ ပလက်ဖောင်း ဖြစ်ပါတယ်။ နောက်တစ်ခု ကားကို ပလက်ဖောင်းပေါ်မှာ မေးတင်ပြီးတော့ တစ်ညလုံး ရပ်ထားနေတဲ့ အနေအထားကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှင် ထမင်းဆိုင်တစ်ခုကနေပြီးတော့မှ ပလက်ဖောင်းတောင်မရှိတော့ပါဘူး။ ဘယ်နားလျှောက်ရမှန်းတောင် မသိတော့ပါဘူး။ ပလက်ဖောင်းပေါ်မှာ ပိုင်ပိုင်စိုးစိုးနဲ့ တံစက်မြိတ်တွေ ချတယ်။ မိုးကာတွေ ချပြီးတော့မှ ဆိုင်ခင်းပြီး ရောင်းချနေတာ

ကို တွေ့ရပါတယ်။ ဒါဟာဆိုလို့ရှိရင် ဘဏ်တစ်ခုကနေပြီးတော့မှ ပလက်ဖောင်းပေါ်ကို လှေကားထစ်တွေ လုပ်ပြီးတော့မှ ဆောက်လုပ်နေတာတွေကို တွေ့ရပါတယ်။ ဒါခုနက ကျွန်တော်ပြတဲ့ လှေကားထစ်တွေ ဖြစ်ပါတယ်။ တကယ်တမ်း ပလက်ဖောင်းက မျဉ်းဖြူတားထားရင် အတွင်းမှာရှိပြီးတော့မှ အဲ့ဒီမျဉ်းဖြူတားထားတဲ့ အတွင်းထဲမှာကို လှေကားထစ်သုံးထစ်၊ လေးထစ်လုပ်ပြီးတော့မှ ဆောက်လုပ်နေတာကို မျက်မြင်တွေ့ရှိရပါတယ်။ ဒါဟာဆိုလို့ရှိရင် ပလက်ဖောင်းပေါ်မှာ ဓာတ်တိုင်တွေ၊ ဖုန်းတိုင်တွေ စိုက်ထူတာ ဖြစ်ပါတယ်။ နောက်တစ်ခု အစိုးရဘဏ်အဆောက်အဦမှာဆိုလို့ရှိရင် လမ်းမကြီးထဲမှာ ကျွန်တော်ထင်ပါတယ်။ (၁၀)ပေခန့် နောက်တစ်ခါ အပေါ်က အမိုးကာ အပါအဝင် (၃)ပေ၊ (၁၃)ပေခန့် လမ်းမကြီးဘက်ကို သိသိသာသာ ဒါချိုင့်ဝင်ပြီးတော့မှ အဆောက်အဦ ဆောက်လုပ်နေတာကို တွေ့ရှိရပါတယ်။ ဒါဟာဆိုရင် လမ်းမကြီးပေါ်မှာ ဓာတ်တိုင်တွေကော၊ ဖုန်းတိုင်တွေကော အကုန်လုံး ပြိုင်တူစိုက်ပြီးတော့မှ ဆောင်ရွက်နေတာကို တွေ့မြင်ရတာ ဖြစ်ပါတယ်။ ဒါတွေလည်းပဲ ပလက်ဖောင်းပေါ်ကို အဖိတွေ ဆွဲပြီးတော့မှ အောက်မှာဆိုရင် လက်ဖက်ရည်ဆိုင်နဲ့ တူပါတယ်။ ခုံတွေခင်းပြီးတော့မှ ရောင်းချပြီးတော့ ပလက်ဖောင်းဆိုတာ မရှိတော့ပါဘူး။ ဒါတွေလည်းပဲ ဓာတ်တိုင်တွေကို ဒီပလက်ဖောင်းပေါ်မှာ အလယ်တည့်တည့်မှာကို စိုက်ပြီးတော့မှ ဆောင်ရွက်ထားတဲ့ အနေအထား ဖြစ်ပါတယ်။ လူတွေတောင်မှ ပလက်ဖောင်း လျှောက်စရာမရှိလို့ လမ်းပေါ်မှာ ထွက်လျှောက်တဲ့ အနေအထားအဝေးမှာ မြင်ရတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကပလက်ဖောင်း အင်မတန်မှ ပျက်စီးနေတာ တွေ့ရပါတယ်။ ဒီပလက်ဖောင်းတွေ ပျက်စီးတာ ပထမအကြိမ် သက်တမ်းထဲက တွေ့ခဲ့ရတဲ့ အနေအထား ဒီကနေ့အထိ (၁၀)နှစ်ရှိပါပြီ၊ ပြင်တာ၊ ပြုတာ မတွေ့ရသေးပါဘူး။ ဒုတိယအကြိမ် သက်တမ်းတောင် ကုန်တော့မှာ ဒီပလက်ဖောင်းက ဒီတိုင်းဒီတိုင်းပဲ ဖြစ်နေတာ တွေ့ရပါတယ်။ ဒါဆိုလည်းပဲ တစ်ပြိုင်တည်း စုစည်းထားတာပါ၊ ဓာတ်တိုင်တွေ ပလက်ဖောင်းပေါ်ကို စိုက်ထားတဲ့ အနေအထား ဖြစ်ပါတယ်။ နောက်တစ်ခါ ရေမြောင်းတွေ ပျက်ပါတယ်။ ပလက်ဖောင်းတွေ ပျက်စီးနေတဲ့ အနေအထားကို ကျွန်တော် ပါဝါပွိုင့် ထိုးပြရခြင်း ဖြစ်ပါတယ်။ ဒါပလက်ဖောင်း အပေါက်ကြီးဖြစ်ပြီးတော့မှ မပြုပြင်ရသေးတဲ့ အနေအထားဖြစ်ပါတယ်။ ဒါဟာဆိုလည်းပဲ Billboard တစ်ခုက အင်မတန်ကြီးတဲ့ တိုင်ကြီးနဲ့ လမ်းအလယ်ခေါင်မှာ စိုက်ပြီးတော့မှ စီးပွားရေးကြော်ငြာတာ တွေ့ရပါတယ်။ ဒါလည်း အလားတူပါပဲ ပလက်ဖောင်းတွေပေါ်မှာ ဓာတ်တိုင်တွေ စိုက်ထူထားပြီးမှ ဆောင်ရွက်နေတဲ့

အနေအထား ဖြစ်ပါတယ်။ ဒါဟာပျက်စီးနေတဲ့ ပလက်ဖောင်းတွေ ဖြစ်ပါတယ်။ ဒါကလည်း ခုနက ကျွန်တော်တင်ပြသလို နှစ်ရှည်လများစွာ ပျက်စီးပြီးတော့ ဒီကနေ့အထိ မပြင်ရသေးတဲ့ ပလက်ဖောင်း အနေအထားဖြစ်ပါတယ်။ ဒါသိအောင် မီးမောင်း ထိုးပြရခြင်းပဲ ဖြစ်ပါတယ်။ ဒါဟာဆိုရင် လမ်းမပေါ်မှာ ပစ္စည်းတွေချတယ်၊ စျေးရောင်းတယ်။ ဒါမနက်အစောကြီး ဆိုင်မရောင်းသေးလို့ ကျွန်တော် လမ်းလျှောက်ထွက်လို့သာ စောစောစီးစီး ရိုက်ထားလို့သာ ဖြစ်ပါတယ်။ ဆိုင်ရောင်းတဲ့ အချိန်ဆို ဒီထက်ပိုပြီး ရှုပ်ပါတယ်။ လူတွေကော၊ ဆိုင်ကယ်တွေကော၊ ကားတွေကော လမ်းပေါ်မှာ တော်တော်လေးကို ရှုပ်ယှက်ခတ်ထားတဲ့ အနေအထားကို တွေ့ရပါတယ်။ ဒါဟာဆိုလို့ရှိရင် အဲ့ဒီအနီနဲ့ အုတ်အိမ်ဟာ သိသိသာသာ လမ်းမအပြင် ပလက်ဖောင်းပေါ်ကို (၂)ပေ၊ (၃)ပေခန့် ကျူးကျော်ပြီး ဆောက်လုပ်နေတာ တွေ့ပါတယ်။ ဆောက်လုပ်စဉ်အခါတုန်းက ခွင့်ပြုမိန့်တောင်းစဉ် အခါတုန်းက သက်ဆိုင်ရာ ပုဂ္ဂိုလ်များက မစိစစ်လို့ မေ့လျော့သွားတာလား မသိပါဘူး။ အဲ့တာတွေက ခုထက်ထိ တွေ့နေရတဲ့ အနေအထား ဖြစ်ပါတယ်။ မြင်မကောင်းပါဘူး။ ဒါဟာ ခုနက ကျွန်တော်ပြတဲ့ ဒီပလက်ဖောင်းတွေပေါ်ကို လှေကားထစ်တွေ ဆောက်လုပ်ထားတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါဟာလည်းပဲ ပလက်ဖောင်းတွေပေါ်မှာ တံစက်မြိတ်တွေ အခိုင်အမာလုပ်ပြီးတော့မှ ကျူးကျော်ပြီးတော့မှ ဆောက်လုပ်ထားတဲ့ အနေအထားဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးမြို့ဟာ စည်ပင်သာယာရေးနှင့် ပတ်သက်တဲ့ ရန်ပုံငွေတွေဟာဆိုရင် ရှမ်းပြည်နယ်ထဲမှာ အများဆုံး ကိုယ်ပိုင်ရန်ပုံငွေရရှိတဲ့ မြို့နယ်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်နယ်အစိုးရရဲ့ ပံ့ပိုးမှု ရန်ပုံငွေ အများဆုံးရရှိတဲ့ မြို့နယ်လည်း ဖြစ်ပါတယ်။ နောက်တစ်ခု ပြည်နယ်ဝန်ကြီးကိုယ်တိုင် ရုံးစိုက်ပြီးတော့မှ ရုံးထိုင်တဲ့ မြို့လည်း ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် ပြည်နယ်စည်ပင်ဝန်ကြီးကိုယ်တိုင် တိုက်ရိုက်ကွပ်ကဲတဲ့ သူ့မျက်စိအောက်မှာရှိတဲ့ မြို့လည်းဖြစ်ပါတယ်။ နောက်တစ်ခါ ဖြည့်စွက်ရန်ပုံငွေတွေ ပြန်ကြည့်တဲ့အခါမှာ Clean and Green Cities ဘတ်ဂျက်မှာလည်းပဲ ဘတ်ဂျက်(၃)ခုလောက် ရယူထားတဲ့ မြို့နယ်လည်း ဖြစ်ပါတယ်။ အဲ့ဒီလို ဝန်ကြီးတွေ တိုက်ရိုက်ကွပ်ကဲတဲ့ မြို့၊ ရန်ပုံငွေတွေ အများဆုံး ရရှိတဲ့ မြို့၊ ပြည်နယ်ရဲ့ စံပြဖြစ်တဲ့ မြို့နယ်မှာ လမ်းဘေးပလက်ဖောင်းတွေ ဒီမြင်မကောင်းတာတော့ဖြင့် လူထုကိုယ်စား ပြုပြင်ပေးဖို့ တင်ပြခြင်း ဖြစ်ပါတယ်။

ဒီလိုဖြစ်နေတာလည်းပဲ မြို့တော်အဂ်ိရပ်နှင့် မညီညွတ်တဲ့အပြင် အခြားသော အခြားသော မြို့နယ်များရဲ့ စံနမူနာပြလည်း ဆောင်ရွက်သင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဥပမာတစ်ခုပြောရမယ်ဆိုလို့ရှိရင် မန္တလေးမြို့စည်ပင်သာယာရေးဟာ Facebook မှာ Account ဖွင့်ထားပါတယ်။ တွေ့တဲ့လူက တွေ့မှာ ဖြစ်ပါတယ်။ အဲ့ဒီ Account ကို လက်ခံထားတဲ့လူ မှန်သမျှ တိုင်ကြားလို့ရပါတယ်။ ဆိုလိုတာက မန္တလေးမြို့၊ ဘယ်မြို့နယ်၊ ဘယ်လမ်းနဲ့ ဘယ်လမ်းကြားမှာ ပလက်ဖောင်းတွေ ပျက်နေပါတယ်။ ပြုပြင်ပေးပါ မြို့တော်ဝန်ခင်ဗျားလို့ တင်ပြလို့ရှိရင် နောက်တစ်ရက်ဆိုလာပြီး ချက်ချင်း ပြင်ပေးပါတယ်။ ဒါမျက်မြင်ကိုယ်တွေ့ပါ။ ဘယ်နားမှာ ခွေးလေ၊ ခွေးလွှင့်ခွေးတွေ များပါတယ်။ အန္တရာယ်များပါတယ်။ ဒါဆောင်ရွက်ပေးပါဆို နောက်တစ်ရက် စည်ပင်က လာဆောင်ရွက်ပေးပါတယ်။ သစ်ပင်လည်း အလားတူပဲ မြင်မကောင်းတဲ့ ကိစ္စမှန်သမျှ Facebook ပေါ်ကို တင်လိုက်လို့ရှိရင် နောက်တစ်ရက်၊ နှစ်ရက်ဆိုရင် စည်ပင်ဝန်ကြီးတွေကော၊ စည်ပင်ဦးဆောင်တဲ့သူတွေ၊ ကော်မတီဝင်တွေ လာကြည့်ပြီးတော့မှ ချက်ချင်းဖြေရှင်းပေးတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကို ဘာလို့ ပြောပြလဲဆိုရင် စည်ပင်ဟာ လူထုရဲ့ အသံကို နားထောင်လို့၊ လူထုရဲ့ တင်ပြချက်ကို တစ်ပြေးညီ ဆောင်ရွက်ပေးတယ်ဆိုတာ သက်သေပြတာပဲ ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော် နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လူထုကိုယ်စား မေးမြန်းလိုတဲ့ မေးခွန်းက-

(က) ပလက်ဖောင်းပေါ်တွင် နှစ်ရှည်လများ ကျူးကျော်ဆောက်လုပ်နေတဲ့ အဆောက်အဦများ၊ တံစက်မြိတ်များ၊ လှေကားထစ်များ၊ ဓာတ်တိုင်များ၊ ဖုန်းတိုင်များ၊ စီးပွားရေးကြော်ငြာဆိုင်းဘုတ်များစသည်တို့ကို ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းပေးဖို့ အစီအစဉ် ရှိ/ မရှိ၊

(ခ) ပလက်ဖောင်းပေါ် ကျူးကျော်၍ ပစ္စည်းခင်းကျင်းခြင်း၊ စျေးဖွင့်လှစ်ရောင်းချခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန် အစီအစဉ် ရှိ/ မရှိ၊

(ဂ) လမ်းမပေါ်ပုံကျ ဟင်းသီးဟင်းရွက်ရောင်းချခြင်းအား မည်ကဲ့သို့ဆောင်ရွက်ရန် အစီအစဉ် ရှိ/ မရှိ။

(ဃ) ပျက်စီးနေသော ပလက်ဖောင်းများအား ပြန်လည်ပြုပြင်ရန် အစီအစဉ် ရှိ/ မရှိကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့အား

ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး အများကြီးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

တောင်ကြီးမြို့၊ မြို့လယ်လမ်းကြီး၊ လူသွားစင်္ကြံနှံ (ပလက်ဖောင်း)ပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ တင်ပြလိုပါတယ်-

(က) ပလက်ဖောင်းပေါ်တွင် ကျူးကျော်ဆောက်နေသော အဆောက်အဦများ၊ တံစက်မြိတ်များ၊ လှေကားထစ်များ၊ ဓာတ်တိုင်များ၊ ဖုန်းတိုင်များ၊ စီးပွားရေး ကြော်ငြာဆိုင်း ဘုတ်များ ဖယ်ရှားရန် အစီအစဉ် ရှိ/ မရှိ၊

(ခ) ပလက်ဖောင်းပေါ် ကျူးကျော်၍ ပစ္စည်းခင်းကျင်းခြင်း စျေးဖွင့်လှစ်ရောင်းချခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန် အစီအစဉ် ရှိ/ မရှိ၊

(ဂ) လမ်းမပေါ် ပုံကျဟင်းသီးဟင်းရွက်ရောင်းချခြင်းနှင့် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း၊

(ဃ) ပျက်စီးနေသော ပလက်ဖောင်းများအား ပြင်ဆင်ရန် အစီအစဉ် ရှိ/ မရှိ။

ဆိုတဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်း၊ လမ်းချဲ့ခြင်းလုပ်ငန်းများ၊ ရေမြောင်းနှင့် တံတားလုပ်ငန်းများ နှစ်စဉ်ဘတ်ဂျက်လျာထား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဟောင်းနွမ်းဆွေးမြေ့နေသည့် တယ်လီဖုန်းတိုင်များအား ကွန်ကရစ်တိုင်အသစ်

လဲလှယ်ခြင်းလုပ်ငန်း၊ လမ်း၊ ရေမြောင်း၊ ပလက်ဖောင်း၊ သစ်ပင်များ၊ ပန်းအလှပင်များ၊ လွတ်ကင်းရာနေရာများသို့ တစ်ပါတည်း ပြောင်းရွှေ့ဆောင်ရွက်ခြင်းလုပ်ငန်း၊ ဓာတ်တိုင်များ ရွှေ့ပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းများအား ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာန၊ ကုမ္ပဏီများနဲ့ နှစ်စဉ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

တောင်ကြီးမြို့၊ မြို့လယ်လမ်းမကြီး၊ လူသွားစင်္ကြံန်ပေါ်တွင် ဖုန်းတိုင်များ၊ လျှပ်စစ်ဓာတ်တိုင်များ ဆောင်ရွက်ခဲ့ရာတွင် သက်ဆိုင်ရာ အိမ်ရှင်များ၏ ဂရန်နယ်နိမိတ်များ၊ ၎င်းတို့၏ အိမ်အဝင်/ အထွက်လမ်းကြောင်းများကို လွတ်ကင်းအောင်ဆောင်ရွက်ရခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖုန်းတိုင်များ၊ လျှပ်စစ်ဓာတ်တိုင်များ ဆောင်ရွက်ရခြင်းအတွက် ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး သင့်လျော်သည့် နေရာတွင် လမ်းသွား/ လမ်းလာ ပြည်သူများ၊ အိမ်ရှင်များ အနှောင့်အယှက် ကင်းဝေးစေအောင် ဖယ်ရှားဆောင်ရွက်လျက်ရှိပါတယ်။

ပလက်ဖောင်းပေါ်တွင် ကျူးကျော်၍ ပစ္စည်းခင်းကျင်းခြင်း၊ စျေးဖွင့်လှစ်ရောင်းချခြင်းများ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာ ဝန်ခံကတိ လက်မှတ်ရေးထိုးသူ (၆၅)ဦး၊ စီမံခန့်ခွဲရေး ဒဏ်ငွေ ရိုက်ခံရသူ (၄)ဦး၊ စုစုပေါင်း (၆၉)ဦး ရှိပါတယ်။ ဆက်လက်ကျူးလွန်ပါက တရားစွဲဆို ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်ရောင်းချခြင်းကို ပုံကျရောင်းချရန် ယာယီသတ်မှတ်ထားသည့် စျေး (၉)စျေးတွင်သာ ရောင်းချစေပြီး သတ်မှတ်မထားသော နေရာ၌ ရောင်းချပါက စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

တောင်ကြီးမြို့၊ မြို့လယ်လမ်းမကြီးဘေးရှိ ပျက်စီးနေသော ပလက်ဖောင်းများအား နှစ်စဉ် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဘတ်ဂျက်လျာထားရေးဆွဲပြီး နှစ်အလိုက် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးပြည့်ဖြိုးအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်လွှတ်တော် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်

နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ပြည့်ဖြိုးအောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ယနေ့မေးမြန်းသွားမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ တာကြန့်ကျေးရွာအုပ်စု၊ နမ့်နော်(အောက်)ကျေးရွာ၊ နမ့်နော်ချောင်းတံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ တာကြန့်ကျေးရွာအုပ်စု၊ နမ့်နော်(အောက်) ကျေးရွာ၊ နမ့်နော်ချောင်းတံတားဟာ အရှည်(၆၀)ပေ၊ အကျယ်(၁၄)ပေ၊ အမြင့်(၈)ပေရှိတဲ့ သစ်သားတံတားဖြစ်ပြီးတော့ ကျေးရွာနေပြည်သူများကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် ဆောက်လုပ်ထားတဲ့ သစ်သားတံတားတစ်စင်းဖြစ်ပါတယ်။ ဒီတံတားဟာဆိုရင် နမ့်နော်(ပေါ်)ကျေးရွာ၊ အိမ်ထောင်စု(၂၆)စု၊ လူဦးရေ(၁၅၀)ဦး၊ နမ့်နော်(အောက်)ကျေးရွာ၊ အိမ်ထောင်စု(၄၃)စု၊ လူဦးရေ(၂၅၀)ဦး၊ ဝမ်ကျိုင်းကျေးရွာ၊ အိမ်ထောင်စု (၂၁)စု၊ လူဦးရေ(၈၅)ဦး၊ စုစုပေါင်းကျေးရွာ (၃)ရွာ၊ အိမ်ထောင်စု(၉၀)စု၊ လူဦးရေ(၄၈၅)ဦးအား အကျိုးပြုဖြတ်သန်းသွားလာ အသုံးပြုလျက်ရှိပါတယ်။ ဒေသခံပြည်သူများအနေနဲ့ စိုက်ပျိုးရေးကိုသာ အဓိကထား အသက်မွေးဝမ်းကြောင်းပြုနေသော ဒေသဖြစ်ပါတယ်။ ဒီတံတားဟာ ဒေသခံပြည်သူလူထုအနေနဲ့ နေ့စဉ်နှင့်အမျှ အသုံးပြုလျက်ရှိပြီးတော့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ဘက်စုံကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုလျက်ရှိပါတယ်။

ဒီနမ့်နော်ချောင်းကူးတံတားမရှိလျှင် ဒေသခံတိုင်းရင်းသား ပြည်သူများအနေနဲ့ များစွာခက်ခဲလျက်ရှိသဖြင့် (၄-၄-၂၀၁၈)ရက်နေ့မှာ ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့ကြခြင်း ဖြစ်ပါတယ်။ ဒီသစ်သားတံတားဟာဆိုရင် အချိန်ကာလကြာမြင့်လာသည့်အတွက် မကြာခဏ ပြန်လည်ပြင်ဆင်နေရသဖြင့် ဒေသခံပြည်သူများအတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ နမ့်နော်ချောင်းတံတားကို ဘေလီတံတားသော်လည်းကောင်း၊ သံကူကွန်ကရစ်တံတားသော်လည်းကောင်း နိုင်ငံတော်မှ ဆောက်လုပ်ပေးနိုင်ရေးအတွက် ဒေသခံတိုင်းရင်းသား ပြည်သူများအနေနဲ့ မျှော်လင့်လိုလားနေကြပါတယ်။

သို့ဖြစ်ပါ၍ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ တာကြန့်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ သွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် နမ့်နော်ချောင်းတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင် မေးမြန်းလာသည့် မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့၊ တာကြန့်အုပ်စု၊ နမ့်နော်(အောက်)ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ သွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ထားသည့် အရှည် (၆၀)ပေ၊ အကျယ်(၁၄)၊ အမြင့် (၈)ပေရှိသော နမ့်နော်ချောင်းသစ်သားတံတား (သို့မဟုတ်) သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့၊ တာကြန့်ကျေးရွာအုပ်စု၊ နမ့်နော်(အောက်) ကျေးရွာရှိ နမ့်နော်ချောင်းကူး(နမ့်ပွန်) (၆၀)ပေ သစ်သားတံတား တည်ဆောက်မည့် နေရာဟာ မိုင်းယောင်း- မိုင်းယုလမ်းမကြီးပေါ်ရှိ ၁၈ မိုင်အနက် မိုင်တိုင်အမှတ် ၁၁ မိုင်ခန့် လက်ဝဲဘက် ခြမ်းလမ်းခွဲမှာ တည်ရှိပါတယ်။ ၎င်းလမ်းပေါ်တွင် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု လွှတ်တော် ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း (၄၁၂)ပေ ဆောင်ရွက်ထားရှိပါတယ်။ နမ့်နော်ချောင်းကူး (၆၀)ပေ သစ်သားတံတားဟာ အကျယ် (၁၄)ပေ၊ အမြင့် (၁၀)ပေ ရှိပြီး ရွာသူ/

ရွာသားများ ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် ဆောင်ရွက်ထားသော တံတားဖြစ်ပြီး ကျေးရွာ (၃)ရွာမှ အိမ်ခြေ (၉၈)အိမ်၊ လူဦးရေ (၅၂၃)ဦးတို့အား အကျိုးပြုလျက်ရှိပါတယ်။

၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများစာရင်းအား အဆိုပြုတင်ပြထားပြီးဖြစ်ရာ အဆိုပါ တံတားမှာ စီမံကိန်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးပါကြောင်းနှင့် လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ဒေသမှ ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြလာပါက သင့်လျော်ရာ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျောက်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်ရှိ ဒေသခံပြည်သူများ၏ ကျေးရွာမီးလင်းရေးနှင့် ပတ်သက်သော ကြယ်ပွင့်ပြမေးခွန်းတစ်ခု တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရမှ နမ့်ကုန်း၊ ဝမ်လုံး၊ ပါထွန်၊ ဝမ်လွေ၊ ဟောင်ဟင်၊ ပါဆန်းနှင့် ဖွေးဟုန်ကျေးရွာပေါင်း (၇)ရွာ လျှပ်စစ်မီးလင်းရေးအတွက် ချမှတ်ဆောင်ရွက်ပေးသည့် အတွက် ဒေသခံပြည်သူများ လှိုက်လှဲစွာ ဝမ်းသာကျေးဇူးတင်ရှိပါတယ်။

ဆက်လက်ပြီး ဆက်စပ်နီးကပ်နေတဲ့ ကျေးရွာများလည်း သူများနည်းတူ လျှပ်စစ် မီးလင်းနိုင်ရေးအတွက် အဆိုပြုတင်ပြတောင်းခံလာပါတယ်။ အဆိုပါ ကျေးရွာများသည်

နမ့်လောက်၊ တာမ၊ ဝမ်ဆာ၊ ဆိုင်ဆတ် (ကချင်ရွာ)နှင့် ဝမ်ယန်းမိုင် ကျေးရွာ(၅)ရွာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိ မီးပေးနေသော ကမ်လုံကုမ္ပဏီအနေဖြင့် ယခုတင်ပြနေသော ကျေးရွာများအပါအဝင် စက်အင်အားနိုင်နင်းမှုရှိသော်လည်း နွေရာသီတွင် ရေလိုအပ်ချက်အခက်အခဲများ ရှိနေသည့်အတွက် အလှည့်ကျစနစ်ဖြင့်သာ မီးပေးလျက်ရှိပါတယ်။ ထို့အတူ မကြာခင်မှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွက် အထက်ကျိုင်းတောင်းမှ မဟာ ဓာတ်အားလိုင်းဖြင့်လည်းကောင်း၊ အခြားနည်းများဖြင့်လည်းကောင်း မီးရရှိရေးအတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းတောင်းခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက တာဝန်ယူထားတဲ့ ဦးစိုင်းရဲနိုတစ်လုံ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မိုင်းဖြတ်မြို့နယ်ရှိ နမ့်လောက်ကျေးရွာ၊ တာမကျေးရွာ ဝမ်ဆာကျေးရွာ၊ ဆိုင်ဆတ် (ကချင်ရွာ)နှင့် ဝမ်ယန်းမိုင်ကျေးရွာများအား ယခုလက်ရှိမီးပေးနေသည့် ကမ်လုံကုမ္ပဏီအနေဖြင့် စက်အင်အားနိုင်နင်းမှုရှိသော်လည်း နွေရာသီမှာ ရေလိုအပ်ချက်အခက်အခဲကြောင့် အလှည့်ကျစနစ်ဖြင့်သာ မီးပေးလျက်ရှိပါကြောင်း အဆိုပါကျေးရွာများ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ အထက်ကျိုင်းတောင်းမှ မဟာဓာတ်အားလိုင်းဖြင့်လည်းကောင်း၊ အခြားနည်းများဖြင့်လည်းကောင်း မီးရရှိရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းဖြတ်မြို့ရှိ မြို့ပေါ် (၃)ရပ်ကွက်နှင့် ဟိုနား (ရှမ်း)ရွာ၊ ဟိုနား (အာခါ)၊ ဟိုနား (စောမွန်)နှင့် ဟိုနား (လားဟူ)ရွာများမှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၁၆၅ ကေဗွီအေနှင့် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် (၂)လုံးဖြင့် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ကန်လုံကုမ္ပဏီမှလည်း အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ၃၂၀ ကီလိုဝပ်၊ ၂လုံး တပ်ဆင်ပြီးတော့ ဓာတ်အားဖြန့်ဖြူးလျက်ရှိပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဖြတ်မြို့နယ်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိနိုင်ဖို့အတွက် ကျိုင်းတုံမြို့မှ မိုင်းဖြတ်မြို့သို့ ၆၆ ကေဗွီအေ ဓာတ်အားလိုင်း ၅၁ မိုင်နှင့် ၆၆/ ၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနဲ့ ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီးတော့ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

မိုင်းဖြတ်မြို့နယ်သို့ ဓာတ်အားစနစ်ရောက်ရှိလျှင် အဆင်သင့်ဖြစ်စေဖို့အတွက် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ တည်ဆောက်ခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ မိုင်းဖြတ်မြို့နယ်ရှိ နမ့်လောက်ကျေးရွာ၊ တာမကျေးရွာ၊ ဝမ်ဆာကျေးရွာ၊ ဆိုင်ဆက် (ကချင်ရွာ)နှင့် ဝမ်ယန်းမိုင်ကျေးရွာတို့ဟာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် မှာ ဆောင်ရွက်လျက်ရှိတဲ့ ပါဆန်းနှင့် ဖွေးဟုန်ရွာရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ (၃)မိုင်ဝန်းကျင်ခန့် အကွာအဝေးမှာ ကျန်ရှိနေသေးတဲ့ ကျေးရွာများဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၂၁- ၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေနဲ့ လျာထားဆောင်ရွက်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီးတော့ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့

ခညောင်းပါစေလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အခုကျွန်တော်ဟာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ အခုကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်အတွင်းမှာရှိတဲ့ ပညာရေးစာသင်ကျောင်းများအနက် အန္တရာယ်ရှိနေသော စာသင်ကျောင်းဆောင်များအား အသစ်ပြန်လည်ဆောက်လုပ်ပေးမည့် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းပျဉ်းမြို့နယ်မှာဆိုလို့ရှိရင်လည်း အဆင့်ဆင့်သော သူများ စာသင်ကျောင်းများ ဖွင့်လှစ်ပြီးတော့ ပညာရေးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ အဲ့ဒီတော့ သင်ကြားတဲ့အခါမှာ ကျောင်းက တစ်ချို့လဲ နှစ်ချို့ဖြစ် နေပါပြီ၊ တစ်ချို့လည်း နှစ်ပေါင်းများစွာ ကြာမြင့်လှပြီ ဖြစ်ပါတယ်။ အဲ့ဒီကြောင့်လည်း ဒီကျောင်းများဟာ ဆိုလို့ရှိရင်လည်း ကောင်းသလို ရှိတဲ့အတိုင်း မကောင်းတဲ့ ကျောင်းဆောင်များလည်း ရှိနေပါတယ်။ အဲ့ဒီအတွက်ကြောင့်လည်း သက်ဆိုင်ရာ ပညာရေးဌာန တာဝန်ရှိသူ ပုဂ္ဂိုလ်များက နေပြီးတော့ ပြန်လည်စိစစ်ပြီး အန္တရာယ်ရှိ ကျောင်းဆောင်များ သတ်မှတ်ပြီးတော့ သက်ဆိုင်ရာ အသီးသီးကို ပြန်လည်တင်ပြတာရှိတဲ့အတွက်ကြောင့် အခုလိုပဲ ပြန်လည်ပြုပြင်လိုတဲ့ အန္တရာယ်ကျောင်းများအနက် ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုရင် လောလောဆယ် (၂)ကျောင်း တင်ပြရခြင်း ဖြစ်ပါတယ်။

ခြေမြန်တပ်ရင်း ၅၂၈ က မူလတန်း (၁)ကျောင်း၊ နောက် တုံတာ အ.ထ.က က နှစ်ထပ်ဆောင် ကျောင်းဆောင်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါကျောင်းဆောင်များဟာဆိုလို့ ရှိရင် အင်မတန်မှပဲ အန္တရာယ်ရှိတဲ့ ကျောင်းဆောင်ဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အနေနဲ့ ကျောင်းဆောင်သစ်ပြန်လည် တည်ဆောက်ပေးနိုင်ရေးအတွက် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းပြီး လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ပြန်လည်မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်

လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများအနက် အန္တရာယ်ကျောင်းဆောင်များအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ မေးခွန်းကို ဆက်လက်ပြီး ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ ခ.မ.ရ (၅၂၈) အခြေခံပညာမူလတန်းကျောင်းဟာ ကျောင်းမြေအနေနဲ့ (၀.၇၅)ဧကရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ် ကျောင်းသား ဦးရေအနေနဲ့ KG (၃)ဦး၊ ပထမတန်း(၄)ဦး၊ ဒုတိယတန်း (၃)ဦး၊ တတိယတန်း (၁)ဦးနှင့် စတုတ္ထတန်း (၆)ဦး ၊ စုစုပေါင်း ကျောင်းသား/ ကျောင်းသူ (၁၇)ဦး ရှိပါတယ်။ ၁၉၉၇ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ (၁၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်စာသင်ဆောင်ဟာ အန္တရာယ်ရှိ ကျောင်းဆောင် ဖြစ်နေတဲ့အတွက် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်း/ လုပ်ငန်းများမှာ အ.မ.က- ခ.မ.ရ (၅၂၈) ကျောင်းအတွက် (၆၀× ၃၀)ပေ Steel Structure (၁)ထပ်ကို (အန္တရာယ်ဆောင်ဟောင်းဖျက်သိမ်း အသစ်ဆောက်အဖြစ်) လျာထားတင်ပြထားပြီး ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ တုံတာအခြေခံပညာအထက်တန်းကျောင်းဟာ ကျောင်းမြေ (၃.၇၇)ဧကော ရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ် ကျောင်းသားဦးရေအနေနဲ့ မူလတန်းဆင့် (၈၇)ဦး၊ အလယ်တန်းဆင့် (၉၅)ဦး၊ အထက်တန်းဆင့် (၄၂)ဦး၊ စုစုပေါင်း ကျောင်းသား/ ကျောင်းသူ (၂၂၄)ဦး ရှိပါတယ်။ စာသင်ဆောင်(၅)ဆောင် ရှိတဲ့အနက် ၂၀၀၂ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ ကံ့ကော်ဆောင် (၁၈၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ် စာသင်ဆောင်ဟာ အန္တရာယ်ရှိ ကျောင်းဆောင်ဖြစ်နေသဖြင့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်း/ လုပ်ငန်းများတွင် အ.ထ.က တုံတာကျောင်းအတွက် (၁၈၀×၃၀)ပေ RCC (၂)ထပ်ကို (အန္တရာယ်ဆောင်ဖျက်သိမ်းအသစ်ဆောက်အဖြစ်) လျာထားတင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ ယခုအစီအစဉ် (၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ ဒီကနေ့ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒီကနေ့အစည်းအဝေးတွင် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးရေးအတွက် တင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ လျာထားသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ်ရငွေများလျာထားရန်နှင့် သုံးငွေများခွင့်ပြုရန် လိုအပ်သည့်အခါ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကို အခြေပြုလျက် ပြည်နယ်လွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Powerpoint အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား (၂၀-၂-၂၀၂၀) ရက်နေ့တွင် ကျင်းပခဲ့သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌

ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေအား ကျပ် ၂၀.၃၃၄ ဘီလီယံဖြင့် အတည်ပြုချက်ရယူခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ၏ စိစစ်ချက်အရ အဆိုပြုတင်ပြသည့် ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှ ကျပ် ၉.၀၇၀ ဘီလီယံ စိစစ်လျော့ချခြင်းခံခဲ့ရပါတယ်။ ဒါကြောင့် ကျပ် ၁၁.၂၆၄ ဘီလီယံ ဖြင့် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သော စာရင်းအရ ရှမ်းပြည်နယ်လွှတ်တော်တွင် ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအဖြစ် အတည်ပြု ပြဋ္ဌာန်းရမည် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြု ဆွေးနွေး၍ ပြည်ထောင်စုစီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသို့ ပေးပို့ခဲ့သော ၂၀၁၉- ၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာ သာမန်အသုံးစရိတ် ကျပ် ၃.၀၁၅ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်၁၇.၃၁၉ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၂၀.၃၃၄ ဘီလီယံ ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၂၆-၃-၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၅၅၄/ ၂၅၄- ဖြည့်စွက် ၃-၆ / အဖရ (၂၀၂၀) အရ ဒုတိယသမ္မတ-၂ မှ စိစစ်၍ ဘဏ္ဍာရေးကော်မရှင် (၁/၂၀၂၀) ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့သည့် ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာတော့ သာမန်အသုံးစရိတ် ကျပ် ၂.၆၄၄ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၈.၆၂၀ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၁၁.၂၆၄ ဘီလီယံပဲဖြစ်ပါတယ်။

အဆိုပါဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပါက ဖြစ်ပေါ်လာမည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေ ကျပ် ၄၈.၉၆၆ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေ ကျပ် ၀.၀၈၃ ဘီလီယံ၊ စုစုပေါင်း ရငွေ ကျပ် ၄၉.၀၄၉ ဘီလီယံနှင့် သာမန်အသုံးစရိတ် ကျပ် ၁၁၀.၄၉၄ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၁၉၆.၇၆၅ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၃၀၇.၂၅၉ ဘီလီယံဖြစ်သဖြင့် စုစုပေါင်းရငွေနှင့်စုစုပေါင်းအသုံးစရိတ် ခြားနားချက်ဖြစ်တဲ့ ကျပ် ၂၅၈.၂၁၀ ဘီလီယံမှာ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုမှ ထောက်ပံ့ ပေးရမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃(ခ)နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၃၅ အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်ဖြင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြထားတဲ့ ၂၀၁၉- ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတွင် အခန်း (၂)ခန်း၊ ပုဒ်မ (၃)ခု နှင့် ဇယား(၄)ခုအား ထည့်သွင်းရေးဆွဲထားပါတယ်။ ဇယား(၁)မှာတော့ ဗဟိုအဖွဲ့အစည်း (၃)ခုရဲ့ သာမန်အသုံးစရိတ် ကျပ် ၀.၄၉၃ ဘီလီယံနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁.၂၁၂ ဘီလီယံ စုစုပေါင်း ကျပ် ၁.၇၀၅ ဘီလီယံအား ရေးဆွဲထားပါတယ်။ ဇယား(၂)မှာတော့ ပြည်နယ်အဆင့်ဦးစီးဌာန(၁၄)ခုရဲ့ သာမန်အသုံးစရိတ် ကျပ် ၂.၁၅၁ ဘီလီယံနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၃.၇၆၂ ဘီလီယံ၊ စုစုပေါင်း ကျပ် ၅.၉၁၃ ဘီလီယံအား ရေးဆွဲထားပါတယ်။ ဇယား(၃)မှာတော့ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်တဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၂.၀၃၄ ဘီလီယံနှင့် ဇယား(၄)မှာတော့ စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁.၆၁၂ ဘီလီယံအား အသီးသီးထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ဌာန/ အဖွဲ့အစည်း(၁၉)ဖွဲ့ရဲ့ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုလိုက်ပါက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းမည်ဖြစ်ပြီး ဥပဒေပါအတိုင်း ထပ်မံခွင့်ပြုပေးလိုက်သည့် ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြင့် အချိန်မီသုံးစွဲနိုင်ရန် တာဝန်ရှိပုဂ္ဂိုလ်များမှ စီမံခန့်ခွဲဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဌာန/ အဖွဲ့အစည်းများရဲ့ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)များအား လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြထားတဲ့ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၂၅ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့ အခါမှာ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။ အမည်စာရင်းပေးသွင်းပြီးနောက် မိမိဆွေးနွေးမည့် အချက်အလက်များကို ၂၃.၆.၂၀၂၀ ရက်နေ့ မနက်ဖြန် ရုံးချိန်အတွင်း ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ မပျက်မကွက် ပေးပို့ရန် ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ “ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စု တို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့် သတ်မှတ်ပေးရန်တိုက်တွန်းကြောင်း” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ယခုအစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **“ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊**

ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စု တို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း” အဆိုဖြစ်ပါတယ်။ ယခု ဦးညီညီ(ခ) ဦးညီလေးချမ်းက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။

ပထမဦးစွာ **“ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ Power Point အသုံးပြုခွင့်ရန် တင်ပြအပ်ပါတယ်။

ဒါကတော့ မိုင်းအင်ကျေးရွာမှ ကြုံဆိုပါသည်ဆိုတဲ့ နေရာမှာ မိုင်းအင်မြို့မှ ကြုံဆိုပါ၏ ပြောင်းလဲနိုင်ရန်အတွက် လွှတ်တော်သို့ တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကတော့ ပင်းတယ-ရပ်စောက်သွားတဲ့ ကားလမ်းမကြီး၏ဘေးမှာ ဒီရွာကလေးတွေ တည်ရှိပါတယ်။ လမ်းရဲ့ ဘေးဝဲ/ ယာမှာဆိုရင် လယ်ကွက်များကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကတော့ မိုင်းအင်ကျေးရွာအနီးမှာရှိတဲ့ ဇော်ဂျီမြစ်ချောင်းဖြစ်ပါတယ်။ အဲ့ဒီဇော်ဂျီမြစ်ကနေပြီးမှ ရေပေးယူလုပ်ရန်အတွက် လမ်းဘေး ဝဲ/ ယာ လယ်ယာစိုက်ခင်းများကိုလည်း အင်းငယ်ရဲ့ ဇော်ဂျီမြစ်ချောင်း ဖြစ်ပါတယ်။ ဒါကတော့ မိုင်းအင်မြို့ရဲ့ အခြေပညာအထက်တန်းကျောင်း ဖြစ်ပါတယ်။ ဒါကတော့ မိုင်းအင်ရဲ့ တိုက်နယ်ဆေးရုံဖြစ်ပါတယ်။ ဒါကတော့ မိုင်းအင်ရဲ့ မီးသတ်ဦးစီးဌာန ဖြစ်ပါတယ်။ ဒါကတော့ မိုင်းအင်မှာ နေ့စဉ်ပြေးဆွဲနေတဲ့ မိုင်းအင်-သပြေကုန်း- ဘော်ဆိုင်း- တောင်ကြီးကားလိုင်း ဝန်းဖြစ်ပါတယ်။ ဒါကတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရဲစခန်းဖွင့်လှစ်ရန်အတွက် နေရာသတ်မှတ်ထားသည့် နေရာဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၆.၆.၂၀၂၀ ရက်နေ့က ကျွန်တော်နှင့်အတူပဲ ရှမ်းပြည်နယ်အထွေထွေဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဦးကိုကိုအောင်နဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံများနှင့်အတူ မိုင်းအင်ရွာဇရိယာ မြို့ဖြစ်ရေးအတွက် လာရောက်

လေ့လာကွင်းဆင်းနေရခြင်း ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမယ်ဆိုရင် လူဦးရေအားဖြင့် ဆက်လက်တင်ပြရမယ်ဆိုရင် မိုင်းလီကျေးရွာအုပ်စုတွင် မိုင်းအင်ကျေးရွာအပါအဝင် ရွာပေါင်း(၁၆)ရွာ ဖြင့်ဖွဲ့စည်းထားပြီး၊ အိမ်ထောင်စုပေါင်း (၁၁၄၀)၊ လူဦးရေ(၆၀၀၀)ဦးခန့်နေထိုင်လျက်ရှိပါတယ်။

မိုင်းလီကျေးရွာအုပ်စုနှင့် ဆက်စပ်လျက်ရှိသောရွာမှာ အင်းငယ်ကျေးရွာအုပ်စု ဖြစ်ပါတယ်။ အင်းငယ်ကျေးရွာအုပ်စုမှာ ရွာပေါင်း (၇)ရွာ၊ အိမ်ထောင်စုပေါင်း (၆၀၆)၊ လူဦးရေ(၃၁၀၀)ဦးခန့်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျေးရွာအုပ်စု(၂)ခုပေါင်း လူဦးရေမှာ (၉၁၀၀)ခန့်ရှိပြီး၊ အိမ်ထောင်စုပေါင်းမှာ (၁၇၄၆)ခန့်ရှိပါတယ်။ အဆိုပါကျေးရွာများမှာ ဓနု၊ ပအိုဝ်း၊ အင်းသား၊ ဗမာ၊ နီပေါ(ဂေါ်ရခါး)လူမျိုးများလည်း နေထိုင်ကြပါတယ်။

စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများ တင်ပြရမယ်ဆိုရင် မိုင်းလီကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများသည် တောင်သူလယ်သမားအများစုဖြစ်ပြီး လယ်စပါးကို အဓိကသီးနှံအဖြစ် စိုက်ပျိုးပါတယ်။ လယ်စပါးစိုက်ဧကမှာ (၂၉၆၇) ဧကရှိပြီး စပါးတင်း (၂၅၂၁၄၁)တင်းခန့်ထွက်ပါတယ်။ ပင်းတယမြို့နယ်အတွက် များစွာအထောက်အကူ ပြုလျက်ရှိပါတယ်။ အခြားသီးနှံဖြစ်သည့် ပြောင်းဖူး၊ ဆီထွက်နေကြာ၊ ပန်းနှမ်းများကိုလည်း စိုက်ပျိုးကြပါတယ်။ အစေ့ထုတ်ပြောင်း စိုက်ဧက (၂၃၅၀)ရှိပြီး အထွက်တင်း (၁၀၇၇၀၈)တင်း ဖြစ်ပါတယ်။ သီးနှံအထွက်ကောင်း၍ စီးပွားရေး အဆင်ပြေသော ကျေးရွာ ဖြစ်ပါတယ်။ နွား၊ ကျွဲ စားကျက်မြေများလည်းရှိပါတယ်။ ဒါ့အပြင် အင်းငယ်ကျေးရွာအုပ်စုကလည်းပဲ လယ်စပါး၊ အခြားသီးနှံများကို များစွာစိုက်ပျိုး လျက်ရှိပါတယ်။

ဈေးအနေနဲ့ ပြောရမယ်ဆိုရင် မိုင်းအင်ဈေးနေ့မှာ (၅)ရက်တစ်ကြိမ်ဖြစ်သော်လည်း ဈေးနေ့မဟုတ်သည့်ရက်များ ဈေးအတွင်း အရောင်းအဝယ်ပြုလုပ်ကြပါတယ်။ မိုင်းအင်ကျေးရွာသည် မြောက်ဘက်တွင် အင်းငယ်ကျေးရွာအုပ်စု၊ တောင်ဘက်တွင် ပင်ပျော်ကျေးရွာအုပ်စုနှင့် တောင်ရှည်ကျေးရွာအုပ်စုရှိ ဒေသခံတိုင်းရင်းသားများသည် မိုင်းအင်ဈေးသို့ လာရောက်ပြီး စိုက်ပျိုးရေးထွက်ကုန်များကို ပြည်နယ်များသို့ တင်ပို့ရောင်းချ ခြင်းဖြစ်ပါတယ်။

မိုင်းအင်ဈေး၏ အကျယ်မှာ (၁.၅)ဧကခန့်ရှိပြီး ဈေးဆိုင်ခန်းပေါင်း(၆၀)ခန့် ရှိပါတယ်။ ဈေး၏ ပတ်ဝန်းကျင်မှာ အိမ်ဆိုင်များ၊ စားသောက်ဆိုင်များရှိပါသဖြင့် မြို့အင်္ဂါရပ်နှင့် ပြည့်စုံသည်ဟု ယူဆရပါတယ်။ ဆန်စက်ငယ်၊ ဆီစက်ငယ်များလည်း ဈေး၏အနီးမှာ ရှိပါတယ်။

လျှပ်စစ်မီးအနေနဲ့ မိုင်းအင်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း (၁၆)ရွာရှိသည့်အနက် မိုင်းအင်ကျေးရွာအပါအဝင် ကျေးရွာ(၁၀)ရွာသည် လျှပ်စစ်မီးရရှိပြီး ဖြစ်ပါတယ်။ ကျန်ရှိသည့် ကျေးရွာ(၆)ရွာမှာလည်းပဲ (NEP) ဘတ်ဂျက်ဖြင့် ဆောင်ရွက်ဆဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းအင်ကျေးရွာဟာ လျှပ်စစ်မီးရရှိပြီး ဖြစ်ပါသဖြင့် မြို့အဖြစ်သတ်မှတ်နိုင်ရန်အတွက် အထောက်အကူဖြစ်စေမည်ဟု ယူဆရပါတယ်။ အင်းငယ်ကျေးရွာအုပ်စု အင်းငယ်ကျေးရွာတွင် လမ်း၊ လျှပ်စစ်မီးများလည်းရှိပြီး ဖြစ်ပါတယ်။

မိုင်းအင်ကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများလည်းရှိပြီးဖြစ်ပါတယ်။ အင်းငယ်ကျေးရွာအုပ်စုတွင် ကျန်းမာရေးဌာနခွဲများလည်း ရှိပြီးဖြစ်ပါတယ်။

အားကစားကွင်းအနေနဲ့ မိုင်းအင်ကျေးရွာတွင် ဘောလုံးကွင်း ပြုလုပ်နိုင်ရန်အတွက် မြေ(၇)ဧက ရွေးချယ်လျာထားပြီး ဖြစ်ပါတယ်။ အင်းငယ်ကျေးရွာမှာ ဘောလုံးကွင်းလည်းရှိပြီး ဖြစ်ပါတယ်။

မိုင်းအင်ကျေးရွာမှာ အရန်မီးသတ်ဦးစီးဌာနလည်း ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။

ရဲစခန်းပြုလုပ်ရန်အတွက် မြေနေရာလည်း လျာထားပြီးလည်း ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးသော ရွာကလေး ဖြစ်ပါတယ်။

ရေရရှိရေးတွင် မိုင်းအင်ကျေးရွာအနီးမှ အမြဲစီးဆင်းနေသည့် ဇော်ကျီမြစ်ချောင်းနှင့် နီးခြင်း၊ မိုင်းအင်လက်ရိုက်ဆည်၊ အိုးကုန်းလက်ရိုက်ဆည်များ ရှိနေ၍ မြို့ဖြစ်ပါက ရေအတွက် ပူပင်သောက ရောက်စရာမလိုပါဘူး။ ရေပို/ ရေလျှံများရရှိနိုင်သောကြောင့် အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့ကို ပေါင်းစပ်ပြီး မိုင်းလီကျေးရွာအုပ်စု မိုင်းအင်ကျေးရွာကို မြို့အဖြစ်သတ်မှတ်ပါက မြို့အင်္ဂါနှင့် ညီညွတ်သည်ဟု ယူဆပါတယ်။ အင်းငယ်ကျေးရွာအုပ်စု ကုဘ်ကြီးသဘာဝရေထွက်ရှိပြီး၊ ရွာသုံးရွာ ရေရရှိသည့်အပြင် လယ်စပါးစိုက်ရန်အတွက်ပါ အသုံးပြုလျက်ရှိပါတယ်။

မြို့တိုးချဲ့ရေးတွင် မိုင်းအင်မြို့ဖြစ်ပြီး မြို့တိုးချဲ့ပါက မိုင်းအင်ကျေးရွာသည် မြေပြန့်အနေအထားဖြစ်ပြီးအရပ်လေးမျက်နှာဘက်သို့ တိုးချဲ့ရန်အတွက် မြေနေရာများ လုံလောက်စွာရှိပါတယ်။

မိုင်းလီကျေးရွာအုပ်စု ပင်ပျော်၊ တောင်ရှည်၊ အင်းငယ်၊ ထယ်သွန်း၊ သစ်အယ်ပင် ကျေးရွာအုပ်စုများနှင့် ရွာချင်းဆက် ကတ္တရာလမ်း (၂၈)မိုင်ခန့် ရှိပါတယ်။ ဒါ့အပြင် မြေသားလမ်းများ၊ ကျောက်ချောလမ်းများ၊ ရွာချင်းဆက်မြေသားလမ်းလည်း ရှိပါတယ်။ မိုင်းလီကျေးရွာအုပ်စုသည် ရပ်စောက်မြို့နယ်၊ ပင်ဖြစ်ကျေးရွာသို့ သွားလာနိုင်သော ရွာချင်းဆက်လမ်းများလည်း ရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ခုနှစ် ပြည်နယ်ရန်ပုံငွေမှ အင်းငယ် ကျေးရွာအုပ်စုအတွင်း ကုန်ထုတ်လမ်းများစတင် အကောင်အထည်ဖော်လျက်ရှိ နေပါတယ်။

မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာမှာ အေးမြို့တော်ယာဉ်ငယ်အသင်းမှ မိုင်းအင်- ဘော်ဆိုင်း- ဟဲဟိုး- တောင်ကြီးလိုင်းအား နေ့စဉ်ပြေးဆွဲလျက်ရှိပါတယ်။ ရပ်စောက်- မိုင်းအင်- ပင်းတယ- ရန်ကုန် ပြေးဆွဲသည့် လုံမွှီနီကားလိုင်းများလည်း မိုင်းအင်တွင် ဂိတ်ခွဲဖွင့်လှစ်ထားရှိပါတယ်။ ထို့အတူ ရပ်စောက်- မိုင်းအင်- ပင်းတယ- အောင်ပန်း ပြေးဆွဲသည့် ဇာတိမာန်၊ နဂါးညီနောင်ယာဉ်ငယ်လိုင်းများ နေ့စဉ်ပြေးဆွဲလျက်ရှိပါတယ်။

TV ထပ်ဆင့်လွှင့်ရုံနှင့် မိုဘိုင်းဖုန်းလိုင်း၊ မိုင်းလီကျေးရွာအုပ်စုမှာ မိုင်းအင်ကျေးရွာတွင် MRTV ထပ်ဆင့်လွှင့်ရုံနှင့် မိုဘိုင်းဖုန်းလိုင်းများလည်း ရှိပါတယ်။

မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မြို့အဖြစ်သတ်မှတ်ပါက တိုင်းပြည်အတွက် ဘဏ္ဍာငွေ/ အခွန်ငွေများလည်း ရရှိလာမည် ဖြစ်ပါတယ်။

မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာရှိ လက်ရှိသချိုင်းမြေမှာ (၅)ဧကကျော်ခန့်ရှိ၍ မိုင်းအင်ကျေးရွာအတွက် မြို့အဖြစ်သတ်မှတ်ပါက မြေလုံလောက်စွာ ရှိပါတယ်။

မိုင်းလီကျေးရွာအုပ်စုတွင် မိုင်းအင်ရွာအပါအဝင် (၁၁)ရွာတွင် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း(၁) ကျောင်းစီတည်ရှိပြီး၊ ကြံခင်းကျေးရွာ၊ နောင်ရဲကျေးရွာ၊ ကျောက်တောကျေးရွာ (၃)ရွာမှာ (၁)ကျောင်း၊ ရဲတိကျေးရွာနှင့် မကျီးကုန်းကျေးရွာမှာ ဘုန်းကြီးကျောင်း (၁)ကျောင်း ရှိပါတယ်။

မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာမှာ အခြေခံပညာအထက်တန်း ကျောင်း (၁)ကျောင်း၊ အ.ထ.က(ခွဲ)(၁) ကျောင်းရှိပြီး ကျောင်းသား/ ကျောင်းသူ ဦးရေ တစ်ထောင်ကျော်ခန့် ရှိပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသည့် စာဖြေဌာနအဖြစ်လည်း ရရှိပြီး ဖြစ်ပါတယ်။ မိုင်းလီကျေးရွာအုပ်စုတွင်

အ.လ.က(ခွဲ)၊ အ.မ.က (မူလွန်)၊ မိုင်းလီကျေးရွာအုပ်စု၊ အ.မ.က ကျောင်းများလည်းရှိပါတယ်။ အင်းငယ်ကျေးရွာအုပ်စုတွင် အ.ထ.က(ခွဲ) (၂)ကျောင်း၊ အ.မ.က ကျောင်းများလည်းရှိပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အခြားအစိုးရရုံးများ ဆောက်လုပ်ရန်အတွက် မြေနေရာများ များစွာရှိပါတယ်။ ၂၀၁၆.၆.၂၀၂၀ ရက်နေ့က ပြည်နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဦးကိုကိုအောင်၊ တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့နှင့်အတူ ကျွန်တော်တို့လည်း ကွင်းဆင်း လေ့လာခဲ့ပါတယ်။

အထက်ဖော်ပြပါ အထောက်အထားများအရ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီ ကျေးရွာအုပ်စုပေါင်း၍ မိုင်းလီကျေးရွာအုပ်စု- မိုင်းအင်ကျေးရွာအား မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုအား တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက် ဖြစ်ပါတယ်။ ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီ ကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့် သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို အလေးအနက် ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ယခု

အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်)

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိသည့်အတွက် ဦးညီညီ (ခ) ဦးညီလေးချမ်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးညီညီ(ခ) ဦးညီလေးချမ်းက တင်သွင်းတဲ့ အဆိုကို ၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၂၃ ရက် (အင်္ဂါနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၂၃ ရက် (အင်္ဂါနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်
ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
(၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
(ဒုတိယနေ့)မှတ်တမ်း
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်
၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၂၃ ရက်
[အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက်(၁၀)နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
(၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၆.၃၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပထမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၃- ၆- ၂၀၂၀ ရက် (ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးစိုင်းရဲနိုတစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန် အတွက် ခွင့်(၁)ရက်။

(၃) ဒေါက်တာအောင်သန်းမောင်၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးယောသပ်၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

(၆) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ(၁၃)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြား သူ(၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၁၉)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်

လွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၉)ဦး၊ ယခင်က ခွင့်ပန် ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ(၁၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၃)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ။ လေးစားအပ်ပါတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းစမ်းစမ်းအေးပဲ ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ကျွန်မမေးမြန်းမည့်မေးခွန်းကတော့ ကျောက်မဲခရိုင်၊ သီပေါမြို့နယ် အတွင်းရှိ ဝေးလံခေါင်ဖျားဒေသများနှင့် ခရီးလမ်းခက်ခဲသော ဒေသများရှိ ပညာရေးဝန်ထမ်း များ၏ ဒေသစရိတ်များထောက်ပံ့ရေးနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ Power Point ဖြင့် တင်ပြခွင့်ပြုရန် တင်ပြအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်ဟာ ဧရိယာအကျယ်အဝန်း ၂၀၄၅.၃၄ စတုရန်းမိုင်ရှိပြီး ဝန်ထမ်းဦးရေပေါင်း ၂၀၀၈ ဦးခန့်ရှိပါတယ်။ စာသင်ကျောင်းပေါင်း ၂၀၉ ကျောင်းမှာ ပညာသင်ကြားပေးနေတဲ့ ပညာရေးဝန်ထမ်းစုစုပေါင်း ၁၁၃၃ ဦးရှိပါတယ်။ ၎င်းတို့ အနက် စာသင်ကျောင်းပေါင်း(၁၂၀)ဟာ သီပေါမြို့နှင့်မိုင်ပေါင်း (၁၇)မိုင်မှ မိုင်(၉၀)အထိ အကွာအဝေးရှိပြီးတော့ လူမှုရေးအခက်အခဲရှိသော ဝေးလံခေါင်သီဒေသများဖြစ်ကြပါတယ်။ အဆိုပါကျောင်းသို့ သွားရာလမ်းများဟာ မြေသားလမ်း/ ကျောက်ကြမ်းလမ်းများဖြစ်နေခြင်း၊ တောင်အတက်အဆင်းအကွေ့အကောက်များသော လမ်းဖြစ်နေခြင်း၊ တိုက်ပွဲများထိတွေ့မှု

ဖြစ်ပွားတတ်သည့် နေရာဖြစ်နေခြင်း၊ လိုင်းကားမရှိသည့် နေရာဖြစ်နေခြင်းတို့ကြောင့် ထိုကျောင်းများတွင် တာဝန်ကျသောဆရာ/ဆရာမများအတွက် အခက်အခဲများစွာနှင့် ကြုံတွေ့နေရပါတယ်။

၎င်းတို့ တာဝန်ကျရာနေရာသို့ သွားရန်အတွက် ကားကြုံစောင့်စီးနေရခြင်းကြောင့် သတ်မှတ်ကျောင်းဖွင့်ရက်သို့ အချိန်မီရောက်ရှိနိုင်ရေးအတွက်များစွာအားစိုက်ရခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် လမ်းခရီးတစ်ဝက်တွင် ညအိပ်နားရခြင်းမှာ ဆရာ/ ဆရာမများ၏ ဘေးကင်းလုံခြုံရေးကိစ္စအာမခံချက်မရှိခြင်း၊ အင်္ဂါးယာဉ်ဖြင့် သွားရခြင်းကြောင့် အကုန်အကျများခြင်းစသည့် ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့နေရပါတယ်။ ထို့ကြောင့် မလိုလားအပ်သော ပြဿနာများဖြစ်သည့် စာသင်ချိန်နောက်ကျခြင်း၊ ခွင့်ရက်ရှည်ယူရခြင်း၊ ကျောင်းတွင်းငွေကြေးကောက်ခံခြင်း၊ နယ်ဝေးသို့ တာဝန်ထမ်းဆောင်ရန် ဆရာ/ ဆရာမများ ရှားပါးခြင်းစသည်တို့နှင့် ကြုံတွေ့နေရပါတယ်။

အကျိုးဆက်များအနေဖြင့် ကလေးများစာသင်ကြားရေးမှာ အနှောင့်အယှက်များစွာ ဖြစ်စေခြင်း၊ စာသင်ကြားမှုအပေါ် ကလေးများအာရုံစူးစိုက်မှုမရှိခြင်း၊ ကျောင်းထွက်မှုနှုန်းများခြင်း စသည်တို့ဖြစ်ပေါ်သည်ကို လေ့လာတွေ့ရှိရပါတယ်။ UNICEF ၏ စစ်တမ်းအရ သီပေါမြို့နယ်တွင် ၁၄ နှစ်အောက်ကလေးများ ကျောင်းထွက်မှုနှုန်းမှာ ၁၇.၅၇ ရာခိုင်နှုန်းရှိနေပြီး စာတတ်မြောက်မှုနှုန်း အနည်းဆုံးမြို့ထဲတွင်လည်း ပါဝင်နေပါတယ်။ ဆရာ/ ဆရာမများ၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်မပြုပေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများစွာနှင့် ကြုံတွေ့နေရခြင်းဟာ ကျောင်းသားများ ကျောင်းထွက်မှုနှုန်း မြင့်မားစေသော အချက်များစွာထဲမှ တနည်းတဖုံနှင့် သက်ရောက်မှုရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သီပေါမြို့နယ်ရှိ ပညာရေးဝန်ထမ်းများ တာဝန်ထမ်းဆောင်နေရတဲ့ နေရာဟာ မြို့နှင့်မိုင်ပေါင်းများစွာ ဝေးကွာနေခြင်း လမ်းပန်းဆက်သွယ်ရေးများ ကြမ်းတမ်းခက်ခဲခြင်းများနှင့်ကြုံတွေ့နေရပါသော်လည်း ၎င်းတို့သည် အခြားမြို့နယ်ရှိ ဝန်ထမ်းများကဲ့သို့ ဝေးလံခေါင်သီဒေသစရိတ် အကျိုးခံစားခွင့် မရရှိကြပါဘူး။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာရှိတဲ့ မြို့နယ်များဖြစ်ကြတဲ့ မန်တုံ၊ မိုင်းရယ်၊ တန့်ယန်း၊ နမ့်ဆန်၊ မိုးမိတ်၊ မဘိမ်း၊ လောက်ကိုင်စသည့်မြို့နယ်များနှင့် မိုင်းလုံမြို့၊ မိုင်းငေါ်မြို့ စသည်တို့တွင် မြို့ပေါ်

ရပ်ကွက်မှာပင် ဒေသစရိတ်ခံစားခွင့်ရရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များ အားလုံး၏ ဝေးလံခေါင်ဖျားကျေးရွာများလည်း ဒေသစရိတ်ကိုယ်စီခံစားခွင့် ရရှိသည်ကို တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ်များအားလုံးထဲမှာမှ သီပေါမြို့နယ် တစ်မြို့နယ်ထဲသာ ဘာအကျိုးခံစားခွင့်မှ မရရှိဘဲ ကျန်ရစ်နေခဲ့သည်ကို ဝမ်းနည်းစရာတွေ့မြင်ရပါတယ်။

ဒါကြောင့် ကလေးများကျောင်းထွက်မှုနှုန်းလျော့ချစေရေးနှင့် ကလေးများ စာတတ်မြောက်မှုနှုန်း ပိုမိုတိုးမြှင့်လာရေးကို ရည်ရွယ်လျက် အဆိုပါဝေးလံခေါင်သီသောနေရာတွင် တာဝန်ကျနေသော ဆရာ/ ဆရာမများအား ဝေးလံခေါင်သီဒေသစရိတ်ခံစားခွင့် ချီးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် မရှိသေးပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အဆင့်ဆင့်သို့ တင်ပြတောင်းခံပေးနိုင်ပါရန် သီပေါမြို့နယ်ရှိ ကျောင်းသားမိဘများနှင့် ဝန်ထမ်းများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နူတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးရဲ့ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်အတွင်း ဝေးလံခေါင်ဖျားဒေသများနှင့် ခရီးလမ်းခက်ခဲသောဒေသများရှိ ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၏ ဒေသစရိတ်များ ချီးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအဖြစ် သတ်မှတ်ရေး စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၇-၅-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၅ဖြင့်လည်းကောင်း၊ ၂၁-၆-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၅၀/၂၀၁၆ ဖြင့်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပါတယ်။ ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီမှ ၂၂-၃-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်

၁/၂၀၁၇ ဖြင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိစစ်ရေး ကော်မတီကို ဖွဲ့စည်းတာဝန်ပေး အပ်ခဲ့ပါတယ်။ ပြည်နယ်အဆင့် စိစစ်ရေးကော်မတီမှလည်း ၂၈-၁၂-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၂/၅၆-၁၁(၄၈၂)/ ရေး၁(အထူး)ဖြင့် ခရိုင်စိစစ်ရေးကော်မတီကို ဖွဲ့စည်းပြီး မြို့နယ်အဆင့် စိစစ်ရေးကော်မတီများကို ထပ်မံဖွဲ့စည်းစေပြီး ဝေးလံခေါင်သီ၍ လူမှုရေး ခက်ခဲသောဒေသများ သတ်မှတ်နိုင်ရေး စိစစ်ဆောင်ရွက်စေလျက်ရှိပါတယ်။

ပြည်နယ်/ခရိုင်/မြို့နယ်စိစစ်ရေးကော်မတီများမှ အဆင့်ဆင့် စိစစ်ပြီး ပြည်နယ်အစိုးရ အဖွဲ့သို့ ထောက်ခံတင်ပြရပါတယ်။ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စု အဆင့် စိစစ်ရေးကော်မတီသို့ ထောက်ခံတင်ပြရပါတယ်။ ပြည်ထောင်စုအဆင့် စိစစ်ရေး ကော်မတီမှ အခြေခံ (၁၁)ချက်နှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ပြီး ဘဏ္ဍာရေးနှစ်၏ နှစ်စတွင် ခွင့်ပြုမိန့် ထုတ်ပြန်ပေးခြင်းဖြစ်ပါတယ်။

ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအဖြစ် သတ်မှတ်ရန် စိစစ်ရသည့် (၁၁)ချက်မှာ -

(က) လုံခြုံရေးအခြေအနေတည်ငြိမ်အေးချမ်းမှုမရှိခြင်း၊

(ခ) လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊

(ဂ) ဆက်သွယ်ရေးစနစ်ခက်ခဲခြင်း၊

(ဃ) ကုန်စျေးနှုန်းကြီးမြင့်ခြင်း၊

(င) ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝမရရှိခြင်း၊

(စ) ပညာရေးစနစ်ဖွံ့ဖြိုးမှုနောက်ကျခြင်း၊

(ဆ) လျှပ်စစ်မာတ်အား လုံလောက်စွာမရရှိခြင်း၊

(ဇ) စီးပွားရေးလုပ်ငန်းများဖြစ်ထွန်းမှုနည်းပါးခြင်း၊

(ဈ) ရာသီဥတုဆိုးရွားခြင်း၊

(ည) လူမှုပတ်ဝန်းကျင်အခက်အခဲများရှိခြင်း၊

(ဋ) စက်သုံးဆီဖြန့်ဖြူးပေးနိုင်မှုအခြေအနေ တို့ဖြစ်ပါတယ်။

အခြေခံအချက် (၁၁)ချက်တွင် ပါဝင်သည့် အသေးစိတ်စိစစ်ရမည့် အချက်(၅၅)ချက်ကို ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီ၏ ၂၂-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ (၀သခ)ပထစ (၀၀၅)/၂၀၁၇ဖြင့် သတ်မှတ်ပေးပို့ထားရှိပါတယ်။ ဖော်ပြပါအချက် (၅၅)ချက်နှင့် ညီညွတ်မှု ရှိ/မရှိ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အဆင့်စိစစ်ရေးကော်မတီမှ စိစစ်ပြီး ညီညွတ်မှုရှိသည့် ဒေသများအတွက် ပြည်နယ်စိစစ်ရေးကော်မတီသို့ ထောက်ခံတင်ပြလာသည့် ဒေသများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီသို့ ထောက်ခံတင်ပြခြင်း များဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၈-၅-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၉ ဖြင့် ရှမ်းပြည်နယ်အတွင်း မြို့ပေါ်(၂၇)ခု၊ ကျေးရွာအုပ်စု(၂၆၂)ခုကို(က)အဆင့်၊ မြို့ပေါ်(၇)ခု၊ ကျေးရွာ အုပ်စု(၄၃၄)ခုကို(ခ)အဆင့်၊ မြို့ပေါ်(၈)ခု၊ကျေးရွာအုပ်စု(၂၇၂)ခုကို(ဂ)အဆင့် သတ်မှတ်၍ ၎င်းဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများကို ၂၀၁၉ ခုနှစ် မေလမှ စတင်၍ အဆင့်အလိုက် ဒေသစရိတ်များ ခံစားခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။

သီပေါမြို့နယ်အတွင်း ဝေးလံသော ကျေးရွာများကိုလည်း မြို့နယ်စိစစ်ရေးကော်မတီမှ အခြေခံအချက်(၁၁)ချက်ပါ အသေးစိတ် (၅၅)ချက်ဖြင့် စိစစ် ဆောင်ရွက်ခဲ့ပြီး ကျေးရွာအားလုံး အခြေခံသတ်မှတ်ချက်များနှင့် ညီညွတ်မှု မရှိကြောင်း တင်ပြချက်အရ ဒေသစရိတ်ခံစားခွင့်နှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ် မေလတွင် ထုတ်ပြန်သည့်စာရင်းတွင် ပါဝင်ခြင်းမရှိခဲ့ခြင်း ဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီမှ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများ သတ်မှတ်နိုင်ရေးအတွက် စာရင်းများ ထပ်မံတောင်းခံလာသည့်အချိန်တွင် အခြေခံအချက် (၅၅)ချက်နှင့် ညီညွတ်မှု ရှိပါက ထောက်ခံတင်ပြပေးသွားမည်ဖြစ်ပြီး အချက်(၅၅)ချက်နှင့် ညီညွတ်မှုမရှိပါက ထောက်ခံတင်ပြ၍ မရနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့

လေးစားအပ်ပါတဲ့ လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တရားသူကြီးချုပ်၊ ဒုဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ညောင်ရွှေမြို့နယ်၊ နောင်တောကျေးရွာအုပ်စု၊ မိုင်းပျိုးကျေးရွာအုပ်စု၊ အင်းလျားကျေးရွာအုပ်စု၊ ကျေးရွာချင်းဆက် စော်ဘွားတောပေါင်လမ်း(၃.၂)မိုင်အား မြေသားလမ်းအဖြစ် ကျေးရွာကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ နှင့်စပ်လျဉ်းပြီး တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ညောင်ရွှေမြို့နယ်အတွင်းမှာရှိတဲ့ နောင်တော၊ မိုင်းပျိုး၊ အင်းလျား ကျေးရွာချင်းဆက် ဒေသအခေါ် စော်ဘွားလမ်း (၃.၂)မိုင်ဟာ ကျေးရွာနေပြည်သူများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အစရှိတဲ့ လူမှုရေးရာအဖြာဖြာမှာ အဓိကကျတဲ့လမ်းတစ်လမ်းဖြစ်ပါတယ်။ အဲ့ဒီလမ်းကို ယခင်က လူသွားလမ်းပြီးတော့ ဆိုင်ကယ်လမ်းအဖြစ်သာ အသုံးပြုနေကြတဲ့အတွက် ကျွန်တော့်အနေနဲ့ ကွင်းဆင်းဆောင်ရွက်တဲ့အချိန်မှာ ဒေသခံလူထုကနေပြီးတော့ အဆိုပါလမ်းကို ကျေးရွာချင်းဆက်မြေသားကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် တင်ပြလာမှုအပေါ် ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွတ်တော်သို့ ဒေသခံလူထုများ၏ကိုယ်စား နောင်တော၊ မိုင်းပျိုး၊ အင်းလျား ကျေးရွာချင်းဆက် စော်ဘွားတောပေါင်လမ်း (၃.၂)မိုင်ကို မြေသားလမ်း ကျေးရွာကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် ကျေးရွာလူထုများကိုယ်စား တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ လွတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး မေးမြန်းတဲ့ ညောင်ရွှေမြို့နယ်၊ နောင်တောကျေးရွာ၊ မိုင်းပျိုးကျေးရွာအုပ်စု၊ အင်းလျားကျေးရွာအုပ်စုချင်းဆက် ဒေသအခေါ် စော်ဘွား တောပေါင်လမ်း

(၃.၂)မိုင်ကို မြေသားလမ်း(ကျေးရွာကုန်ထုတ်လမ်း) အဖြစ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်ပြီး ရှုမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်မှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ခြင်းကို ၂၀၁၇– ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရေးဆွဲထားတဲ့ ဒုတိယကာလတို(၅)နှစ်လယ်ယာကဏ္ဍမူဝါဒနှင့်လုပ်ငန်းစဉ်များ၏ လုပ်ငန်းစဉ်(၆-၁)တွင် ပါဝင်သည့် လယ်ယာကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်းကို ကျေးလက်ကုန်ထုတ်လမ်း တည်ဆောက်ရေးလက်စွဲပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော နောင်တောကျေးရွာ၊ မိုင်းပျိုးကျေးရွာအုပ်စု၊ အင်းလျားကျေးရွာအုပ်စုချင်းဆက် ဒေသအခေါ် စော်ဘွားတောပေါင်လမ်းသည် နောင်တောကျေးရွာ၊ ကြေးထပ်ကျေးရွာ၊ ရွာသစ်ကျေးရွာနှင့် လွယ်မောကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်သော ကျေးရွာချင်းဆက်လမ်း တစ်လမ်းဖြစ်ပြီး ကွင်းဆင်းစစ်ဆေးချက်အရ အရှည် ၂မိုင် ၆.၅ ဖာလုံ ရှိပြီးတော့ အဆိုပါလမ်းမှာ ကျေးရွာချင်းဆက်လမ်းဖြစ်သောကြောင့် ကျေးလက်ကုန်ထုတ်လမ်းတည်ဆောက်ရေးလက်စွဲပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိပါသဖြင့် ကျေးလက်ကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် မရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်ဖြစ်ပါတယ်။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှုမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငယ်တန်းစာရေး(ရပ်/ ကျေး)များ ရွေးချယ်ခန့်အပ်ခြင်းနှင့် ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး(ရပ်/ ကျေး)ရွေးချယ်ခန့်ထားမှုများ ပြုလုပ်ခဲ့ကြောင်းသိရှိရပါတယ်။ မြို့နယ်အဆင့်တွင် ရေးဖြေ၊ နှုတ်ဖြေခြင်းများ တာဝန်ယူ စီစစ်ပေးပြီး ပြည်နယ်အဆင့် စီစစ်ရွေးချယ်ပေးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ တက္ကသိုလ် တစ်ခုခုတွင် ဘွဲ့ရရှိပြီးသူဖြစ်ပြီး ကွန်ပျူတာအခြေခံ တတ်ကျွမ်းကာ ကန့်သတ်ထားသော အသက်ပြည့်မှီသူ ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်း လျှောက်ထားခွင့်ရှိသည့် အခွင့်အလမ်း တစ်ခုဖြစ်ပါတယ်။

ကျွန်မတို့ ရှမ်းပြည်နယ်၏ အနေအထားကို သုံးသပ်ရလျှင် ပညာရေးကဏ္ဍ အခွင့် အလမ်းများကို ရယူခွင့်နည်းပါးနေသေးကြောင်းကို ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက် အလက်များအရ ရှမ်းပြည်နယ်သည် မြန်မာတစ်နိုင်ငံလုံးတွင် စာတတ်မြောက်မှုနှုန်း အနိမ့်ဆုံး ဖြစ်နေပါတယ်။ စာမတတ်သူ (၆၄)ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြပါရှိပါတယ်။ ရှမ်းပြည်နယ် ပြီးလျှင် ဒုတိယ စာတတ်မြောက်မှုနှုန်းအနိမ့်ဆုံးက ကရင်ပြီးလျှင် ချင်း အစရှိသဖြင့် ရှိပါတယ်။ စာတတ်မြောက်မှုနှုန်း အမြင့်ဆုံးမှာ ရန်ကုန်တိုင်းဖြစ်ပြီး လူတစ်ရာလျှင် (၉၆)ယောက် တတ်မြောက်မှုရှိသည်ဟုဖော်ပြပါရှိပါတယ်။

ဤအချက်များကို သုံးသပ်ကြည့်ပါက ကျွန်မတို့ တိုင်းရင်းသားဒေသမှ ကျောင်းသား များသည် ဘွဲ့တစ်ခုကိုရရှိအောင် အင်မတန်အားစိုက်ကြိုးပမ်းခဲ့ကြရသည်ကို မီးမောင်းထိုးပြ နေပါတယ်။ ၂၀၁၂ ခုနှစ်မှစ၍ သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ(၆)ခုအတွက် နိုင်ငံတော်မှပေးအပ်သော အထူးအခွင့်အရေးများ အမှတ် စာရင်းဖြင့် ခေါ်ယူသော အသက် မွေးဝမ်းကြောင်းမှဆိုင်ရာ အခွင့်အလမ်းများ အစရှိသည်တို့ကို ကျွန်မတို့ဒေသခံ လူငယ်များ ရရှိနိုင်ရန် ခက်ခဲပါတယ်။

ကျွန်မတို့ဒေသတွင် စတင်တာဝန်ထမ်းဆောင်ခွင့်ရရှိမည့် ယခုလိုအငယ်တန်းစာရေး ရာထူးသည် ကျွန်မတို့ ဒေသခံဘွဲ့ရလူငယ်များအတွက် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်နေ ပါတယ်။ နယ်မြေဒေသ၏ တည်ငြိမ်မှုအခြေအနေအရသော်လည်းကောင်း၊ နယ်မြေ ကျွမ်းကျင် မှုအရသော်လည်းကောင်း၊ ဘာသာစကား အခက်အခဲကြောင့်သော်လည်းကောင်း၊ ဒေသတွင်

ကြာမြင့်စွာ အလုပ်တာဝန်ထမ်းဆောင်ပေးနိုင်ခြင်းတို့ကိုလည်းကောင်း ထည့်သွင်း စဉ်းစားပြီး ပြည်နယ်ခြားဘွဲ့ရသူများကို ခေါ်ယူရွေးချယ်ခန့်ထားခြင်းထက် ဒေသခံဘွဲ့ရများကိုသာ ခန့်ထားပေးသင့်ပါကြောင်းကိုလည်း တင်ပြလိုပါတယ်။ အစိုးရ၏ လုပ်ပိုင်ခွင့်များကို ဝင်ရောက် စွက်ဖက်ခြင်းမဟုတ်ဘဲ ဒေသခံများ၏ အခွင့်အရေးအတွက် ပြည်သူများကိုယ်စား တောင်းဆို ပေးရခြင်း ဖြစ်ပါတယ်။

(၁၁.၆.၂၀၁၉)တွင် ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်စမ်းအေးက အငယ်တန်းဝန်ထမ်း ခန့်အပ်ခြင်း၊ ရွေးချယ်ခြင်း မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၏ဖြေကြားချက်တွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ ၂၃.၄.၂၀၁၉ ရက်စွဲပါစာအမှတ်၊၁၀၀/ ၆- ၅၆၂/ ရေး၃(အထဉ)ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဝန်ထမ်းများခန့်အပ်ရာတွင် ဘာသာစကား နားလည် တတ်ကျွမ်းသည့် ဒေသခံများကို ဦးစားပေးခန့်အပ်နိုင်ရေး မူဝါဒချမှတ်၍ စီစဉ်ဆောင်ရွက် သွားရန်ဟု ညွှန်ကြားခဲ့ခြင်းအပေါ် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအနေဖြင့် လိုက်နာဆောင်ရွက်လျက်ရှိကြောင်းနှင့် မိမိလက်အောက်ရုံးများသို့လည်း သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအကြောင်းကြားထားပြီးဖြစ်ကြောင်းဖြေကြားခဲ့ပါတယ်။ ကျွန်မတို့ဒေသ မှာလည်း ဒေသခံဘာသာစကား နားလည်တတ်ကျွမ်းခြင်းမရှိသော ဒေသခံများတင်မက တိုင်းဒေသကြီးမှတ်ပုံတင်ကိုင်ဆောင်ထားသူအပါအဝင် ခန့်ထားခဲ့ခြင်းတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၏ ညွှန်ကြားချက် လွှတ်တော်ကတိကဝတ်များကို လိုက်နာမှု အားနည်းနေသေးကြောင်း အထင်အရှားတွေ့မြင်ခဲ့ရပါတယ်။ပြည်နယ်ခြားဘွဲ့ရရှိသူများကို ခေါ်ယူခန့်ထားခြင်းသည် ဒေသခံလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းရပိုင်ခွင့်များကို ပိတ်ပင်ချိုးနှိမ်ထားသလိုဖြစ်နေပါတယ်။ ဒေသခံလူငယ်များ၏နစ်နာဆုံးရှုံးမှုသည် ကျွန်မတို့ ဒေသ၏ ဖွံ့ဖြိုးမှုကို လုံးဝဟန့်တားထားသလို ဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငယ်တန်း စာရေး(ရပ်/ ကျေး) ရွေးချယ်ခန့်ထားမှုများတွင် ဒေသခံဘွဲ့ရ လူငယ်များကိုသာ လျှော်ထားခွင့်၊ ရွေးချယ်ခန့်ထားခွင့် ရရှိနိုင်ရန် အစိုးရအနေဖြင့် မည်သို့ ဖြေလျော့ဆောင်ရွက်ပေး

နိုင်မည်ကိုသိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်မှ တင်သွင်းတဲ့ ရွှမ်းပြည်နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အငယ်တန်းစာရေး(ရပ်/ကျေး) ရွေးချယ်ခန့်ထားမှုများတွင် ဒေသခံ ဘွဲ့ရလူငယ်များကိုသာ လျှောက်ထားခွင့်၊ ရွေးချယ်ခန့်ထားခွင့်ရရှိနိုင်ရန် အစိုးရအနေဖြင့် မည်သို့ဖြေလျော့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းမှ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရွှမ်းပြည်နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်တွင် လစ်လပ်လျက်ရှိသော အမှုထမ်းဝန်ထမ်းသစ်ခန့်ထားခြင်းကိစ္စနှင့်ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၏ (၁.၄.၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၁၀၀/ ဖ-၄(၃၅၇)/ ရေး ၁(အထဉ)အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အငယ်တန်းစာရေးနှင့် လစာနှုန်းတူ(၁၃၃)နေရာ၊ ယာဉ်မောင်း(၅) (၁၀)နေရာနှင့် ရုံးအကူ (၅၀)နေရာ စုစုပေါင်း(၁၈၃) နေရာအား ခန့်ထားခွင့်ပြုခဲ့ပါတယ်။

ယင်းသို့ခန့်ထားခွင့်ပြုခဲ့ခြင်းအပေါ် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ဝန်ထမ်းအင်အားစာရင်း၏ အငယ်တန်းစာရေး(ရပ်/ကျေး) လစ်လပ်မှုအပေါ်မူတည်၍ ရွှမ်းပြည်နယ်အတွင်းတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး(ရပ်/ကျေး)(၆၀)ဦးအား ဝန်ထမ်းရေးရာလုပ်ငန်း လုပ်ပိုင်ခွင့်များခွဲဝေပေးထားသည့်အတိုင်း ခန့်ထားခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် ရုံးချုပ်မှ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို အောက်ပါအတိုင်း ခွဲဝေသတ်မှတ်ပေးခဲ့သည့်အတွက် ရွှမ်းပြည်နယ်ရုံးမှ (၇.၁.၂၀၂၀)ရက်စွဲပါစာအမှတ်၊ ၂/ ၅၁ -၁ (၁၂၁)/ ရေး၁ (အထဉ)ဖြင့် လိုက်နာ ဆောင်ရွက်

သွားရန် ဆက်လက်ညွှန်ကြားခဲ့ပြီးဖြစ်ပါတယ်။ ရာထူးခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်းနှင့်သက်ဆိုင်သည့် ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များမှာ-

(၁) ပြည်နယ်ဒုတိယ(ကျိုင်းတုံ/ လားရှိုး)နှင့် "ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ အုပ်ချုပ်ရေးမှူးများ အနေဖြင့် မိမိရုံးရှိ အမှုထမ်းဝန်ထမ်းများအားလုံး(စီမံ-၁- မပါ)၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိရုံးရှိ ရုံးအကူနှင့် လစာနှုန်းတူရာထူးအဆင့်မှ အကြီးတန်းစာရေးနှင့် လစာနှုန်းတူရာထူးအဆင့်အထိ မြို့နယ်၊ မြို့များမှ အကြီးတန်းစာရေးနှင့်လစာနှုန်းတူရာထူးအဆင့်၊

(၃) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးများအနေဖြင့် မြို့နယ်အတွင်းရှိ ရုံးအကူနှင့် လစာနှုန်းတူ ရာထူးအဆင့်မှ အငယ်တန်းစာရေးနှင့် လစာနှုန်းတူရာထူးအဆင့်အထိ။

ဝန်ထမ်းအသစ်ခန့်ထားရေးကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ (၂၈.၄.၂၀၂၀)ရက်စွဲပါစာအမှတ်၊ ၂ /၅၁ - ၁ (၄၉၁)/ ရေး ၁ (အထဉ)ဖြင့် မူဝါဒနှင့်ကိုက်ညီပါက **"ဒေသခံများကို ဦးစားပေး ရွေးချယ်ခန့်အပ်နိုင်ရေးအား လုပ်ထုံးလုပ်နည်းနှင့်အညီ"** အလေးထားလိုက်နာဆောင်ရွက်သွားရန် ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်ဒုတိယရုံး၊ ခရိုင်ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသရုံးများသို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဟုတ်ကဲ့ ခွင့်ပြုပါရှင့်။ ကျွန်မမေးမြန်းထားတဲ့မေးခွန်းထဲမှာ ကျွန်မတို့ဒေသခံတွေအတွက် လျှောက်ထားခွင့်၊ရွေးချယ်ပိုင်ခွင့်ကို အစိုးရအနေနဲ့ မည်သို့ဖြေလျှော့ဆောင်ရွက်ပေးနိုင်မလဲလို့ မေးမြန်းထားတာဖြစ်ပါတယ်။ အခု ဝန်ကြီးဖြေကြားချက်ထဲမှာ ခန့်ထားတဲ့အချက်အလက်တွေ ဒီလိုလေးတွေကိုပဲ ဖြေကြားသွားတာတွေ့ရပါတယ်။ ဖြေလျှော့ဆောင်ရွက်နိုင်မည့်အနေအထားမျိုးကို ဖြေကြားသွားတာမတွေ့ပါဘူးရှင့်။အဲ့ဒါလေးကို ကျွန်မဆက်လက်ပြီးတော့သိချင်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ ဟုတ်ကဲ့။ လေးစားရသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်မေးမြန်းတဲ့မေးခွန်းက ဖြေတဲ့အဖြေနဲ့တော့

သိပ်ပြီးတော့ ထပ်တူကျခြင်းမရှိပါဘူး။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်ထောင်စုကို ဒီလိုလွှတ်တော်ကိုယ်စားလှယ်က တင်ပြထားတာဖြစ်တဲ့အတွက် အတတ်နိုင်ဆုံး ဖြေလျှော့ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)ကို ဆက်လက်ပြီးတော့ စာတင်ပေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံး မင်္ဂလာပါခင်ဗျား။ ဒီကနေ့ ၂၀၂၀ပြည့်နှစ် ဇွန် လ ၂၃ ရက်နေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မော်တော်ယာဉ်တစ်စီးဝယ်ယူရာမှာ မော်တော်ယာဉ်တစ်စီး၏ ဆိပ်ကမ်းရောက်တန်ဖိုး(CIF)အရ ကျွန်တော်တို့ ဈေးနှုန်းအရကောက်ခံတဲ့ အကောက်ခွန်၊ ကုန်သွယ်ခွန်၊ ကညန(ကနဦး) အခွန်၊ ဝင်ငွေခွန်နှင့် စည်ပင်အခွန်စသည့် သက်ဆိုင်ရာအခွန် စည်းကြပ်မှုနှုန်းထားအလိုက် အခွန်ပေးဆောင်ခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ မော်တော်ယာဉ်များကို အမည်ပြောင်းမှတ်ပုံတင် ဆောင်ရွက်သည့်အခါမှာလည်း နောက်ထပ်အခွန်ငွေအဖြစ် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကာလပေါက်ဈေး မော်တော်ယာဉ်တန်ဖိုး၏ (၃)ရာခိုင်နှုန်း ထပ်မံပေးဆောင်နေရတာဖြစ်ပါတယ်။

ကျွန်တော်တို့ မော်တော်ယာဉ်တင်သွင်းတဲ့ ကနဦးအခွန်ဆောင်ထားသည့် (CIF) တန်ဖိုးနှုန်းထားအရ သတ်မှတ်ထားသော နှုန်းထားကိုသာ အမည်ပြောင်းမှတ်ပုံတင် ဆောင်ရွက်တဲ့နေရာမှာ သတ်မှတ်ရာဖြတ်တန်ဖိုးကောက်ခံသည့် နှုန်းထားအား ပြင်ဆင်ဆောင်ရွက်ပေး

နိုင်ခြင်း ရှိ/ မရှိနှင့် ယခုလက်ရှိ ကာလပေါက်စေး သတ်မှတ်နှုန်းထားဟာ ယခင်တင်သွင်းစဉ် စည်းကြပ်မှုနှုန်းထားထက် မြင့်မားနေတာဖြစ်တဲ့အတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ အခွန်ထမ်းမော်တော်ယာဉ်ပိုင်ရှင်များမှ သိရှိလိုတဲ့အတွက် ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ရှမ်းပြည်နယ်လွှတ်တော်နည်းဥပဒေ ၉၈၊ ၉၉၊ ၁၀၅ အရ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပမာအားဖြင့်ဆိုလို့ရှိရင် လက်ရှိ မြန်မာနိုင်ငံတွင် အများဆုံးသုံးနေတဲ့ Probox မော်တော်ယာဉ်လေးတွေဆိုရင် ယခင် ကျွန်တော်တို့ ၇ နှစ်၊ ၈ နှစ်လောက်က သွင်းတုန်းက သွင်းစေ့းက အပြီးအစီး သိန်း ၁၂၀ ဝန်းကျင်လောက်ကျပါတယ်။ အခု ရာဖြတ်တန်ဖိုးနဲ့ သတ်မှတ်လိုက်တဲ့အခါကြတော့ သိန်းတစ်ရာ့ရှစ်ဆယ်လောက်ဖြစ်နေတော့ ကားကလည်းအဟောင်း စေ့းကလည်းတက်သွားတယ်။ နောက်အမည်ပြောင်းတဲ့အခါကြတော့လည်း ရာဖြတ်တန်ဖိုးအရ ပေးသွင်းရတယ်။ နောက်ဒီကားရဲ့ ရာဇဝင်နဲ့ပတ်သက်လို့လည်း နောက်အမည်ပြောင်းမဲ့လူက တာဝန်ယူ၊ တာဝန်ခံရတော့မှာဖြစ်ပါတယ်။ ဒီကားဘာတွေဖြစ်ခဲ့မှန်းလည်း သူသိချင်မှ သိမှာပါ။ ဒီကား တွေဟာ ဥပဒေအရ ငြိစွန်းတဲ့ကိစ္စရပ်တွေဖြစ်ခဲ့မယ်ဆိုရင်လည်း နောက်ဆုံးအမည်ပေါက် တာဝန်ယူထားတဲ့ပိုင်ရှင်ကနေ တာဝန်ယူဖြေရှင်းရမဲ့ အနေအထားမျိုးလေးတွေရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ မော်တော်ယာဉ်တစ်စီးရဲ့ ရာဇဝင်နဲ့ပတ်သက်ပြီး စတင်ကနဦး သွင်းတဲ့ အချိန်ကစပြီး နောက်ဆုံးအမည်ပြောင်းလဲ မှတ်ပုံတင်တဲ့အထိ သူရဲ့မော်တော်ယာဉ် လုပ်ငန်းစဉ်အတိုင်း သတ်မှတ်နှုန်းထားအတိုင်း သတ်မှတ်ပေးမယ်ဆိုလို့ရှိရင် တရားဥပဒေ စိုးမိုးရေးကိစ္စရပ်ရော၊ အခွန်ထမ်းပြည်သူတွေအနေနဲ့ရော ကျေကျေနပ်နပ်နဲ့ ဆောင်ရွက်နိုင်မဲ့ ကိစ္စရပ်မျိုးဖြစ်တဲ့အတွက် ဒါလေးကို ဖြေကြားပေးနိုင်ဖို့အတွက်ကို ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေအရ မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ နှလုံး၏သာယာခြင်းနှင့် ပြည့်စုံကြပါစေ။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ် (ခ)ဦးအောင်မြတ်၏ မော်တော်ယာဉ်အမည်ပြောင်းမှတ်ပုံတင်ဆောင်ရွက်ရာတွင် အခွန်ငွေ

အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကာလပေါက်ဈေး မော်တော်ယာဉ် တန်ဖိုး ၏ ၃ ရာခိုင်နှုန်း ထပ်မံ ပေးဆောင်နေရသဖြင့် မော်တော်ယာဉ်တင်သွင်းမည့် ကနဦး အခွန်ဆောင်ထားသည့် ဆိပ်ကမ်းရောက်တန်ဖိုး (CIF)တန်ဖိုး နှုန်းအရ သတ်မှတ်ထားသောနှုန်းထားကိုသာ အမည်ပြောင်း မှတ်ပုံတင်ဆောင်ရွက်ရာတွင် သတ်မှတ်ရာဖြတ်တန်ဖိုး ကောက်ခံသည့်နှုန်းထားအား ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိနှင့် ယခုလက်ရှိ ကာလပေါက်ဈေး သတ်မှတ်နှုန်းထားသည် မြင့်မားနေပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါသည်ဆိုသည့် မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းအတွက် ကနဦးယာဉ်မှတ်ပုံတင်သည့် ကိစ္စများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ဆောင်ရွက်ပေးလျက်ရှိပြီး ရှမ်းပြည်နယ်တွင် ကနဦးယာဉ်မှတ်ပုံတင်ကိစ္စဆောင်ရွက်ခြင်းမရှိပါ။ မော်တော်ယာဉ်များ ပြည်ပမှ တင်သွင်းခြင်းအတွက် အသုံးပြုသည့်ဝင်ငွေအပေါ် ဝင်ငွေရလမ်းစိစစ်ခြင်းအား ရန်ကုန်တိုင်းဒေသကြီးတွင် ၂၇-၅-၂၀၁၆ ရက်နေ့မှ စတင်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၆-၇-၂၀၁၆ ရက်နေ့မှ စတင်၍လည်းကောင်း၊ နေပြည်တော်တွင် ၂၄-၁-၂၀၁၉ ရက်နေ့မှစတင်၍ လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် အဆိုပါ မော်တော်ယာဉ်၏ ကုန်းပေါ်ရောက်တန်ဖိုး (အကောက်ခွန်စည်းကြပ် တန်ဖိုး+ အကောက်ခွန်+ အထူးကုန်စည်ခွန်+ ကျသင့်ကုန်သွယ် လုပ်ငန်းခွန်)အပေါ်တွင် ဝင်ငွေရလမ်း စိစစ်ခြင်းဖြစ်ပါတယ်။

ပြည်တွင်း၌မော်တော်ယာဉ်ဝယ်ယူခြင်းဖြစ်စေ၊ Showroom မှဝယ်ယူခြင်း ဖြစ်စေ အမည်ပြောင်းဆောင်ရွက်ရာတွင် အသုံးပြုသည့်ဝင်ငွေကို ဝင်ငွေရလမ်း စိစစ်ခြင်းအတွက် တန်ဖိုးသတ်မှတ်ချက်များ တစ်ပြေးညီတည်းဖြစ်စေရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် မော်တော်ယာဉ်စံနှုန်းများကို သတ်မှတ်ထုတ်ပြန် ထားပြီးဖြစ်ရာ သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများတွင် ဆောင်ရွက်ရမည် ဖြစ်ပါတယ်။

မော်တော်ယာဉ်အမည်ပေါက် အခွန်ပေးဆောင်သည့် ကိစ္စရပ်များအား လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် စံနှုန်းတွင်မပါဝင်သော ယာဉ်များအား တန်ဖိုးသတ်မှတ်ပေးနိုင်ရန်နှင့် သတ်မှတ်စံနှုန်းထက်လျော့နည်းသည့်ကိစ္စများအတွက် ယာဉ်၏အခြေအနေနှင့်ကိုက်ညီသည့် အမှန်တန်ဖိုးအားသတ်မှတ်ပေးရန်တို့ကို တိုင်းဒေသကြီး/ ပြည်နယ်ရုံး

များသို့ ပြည်တွင်းအခွန် ဦးစီးဌာန၏ ၂၇-၁-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ဓ(၁)/ဥစ-၁/ပတခ /၂၀၂၀(၁၀၈၃)ဖြင့် လုပ်ပိုင်ခွင့်များ ပေးအပ်ထားပြီးဖြစ်ပါတယ်။ အဆိုပါတန်ဖိုး သတ်မှတ်ရာတွင် အခွန်ထမ်းပြည်သူများ အဆင်ပြေချောမွေ့စွာ အခွန်ပေးဆောင်နိုင်ရေးအတွက် ရှမ်းပြည်နယ်၏ ဒေသပေါက်စျေးများအပေါ် အခြေခံ၍ တန်ဖိုးသတ်မှတ်နိုင်ရေး ရှမ်းပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်နိုင်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကျော်ကျော်နိုင်၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်နိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်းရှိ အချို့ဒေသများတွင် နွေရာသီ၌ သောက်သုံးရေရှားပါးပြတ်လပ်ခြင်းများ ဖြစ်ပွားလျက်ရှိသဖြင့် သောက်သုံးရေ ဖူလုံစွာရရှိစေရေးနှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နေ့စဉ်အသုံးပြုနေတဲ့ရေသည် အပင်မျိုးစိတ်များအပါအဝင် သက်ရှိသတ္တဝါများနှင့် လူသားများ၏ အသက်ရှင်နေထိုင်မှု၊ အစားအစာဖူလုံမှု၊ လူ့အဖွဲ့အစည်းရေရှည်တည်တံ့ဖွံ့ဖြိုးမှုအတွက် လိုအပ်သော အခြေခံအကျဆုံး သဘာဝအရင်းအမြစ်တစ်ခုဖြစ်ပါတယ်။

ကမ္ဘာ့မျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းခန့်ကို ရေထုကဖုံးလွှမ်းထားပြီး ရေအားလုံးတွင် ရေငန် ၉၆.၅ ရာခိုင်နှုန်းနှင့် ရေချို ၃.၅ ရာခိုင်နှုန်းရှိသော်လည်း ကျွန်ုပ်တို့အသုံးပြုနိုင်သော ရေချိုပမာဏမှာ ၂ ရာခိုင်နှုန်း ခန့်သာရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယခုအခါ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုဖောက်ပြန်လာမှုများကြောင့် မိုးရာသီတွင် ရေကြီးရေလျှံခြင်း၊ နွေရာသီ

တွင် ပူပြင်းခြောက်သွေ့ပြီး သောက်သုံးရေရှားပါးခြင်း စသည့်ဘေးအန္တရာယ်များကို နှစ်စဉ်/နှစ်တိုင်း တွေ့ကြုံခံစားနေကြရပြီး ဖြစ်ပါတယ်။ လူဦးရေတိုးတက်များပြားလာမှုနှင့်အတူ ရေသုံးစွဲမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီဖြစ်ပါတယ်။

ယခုအခါတွင် မြန်မာနိုင်ငံအလယ်ပိုင်း အချို့နေရာတွေမှာ နွေရာသီမတိုင်မီပင် ရေခန်းခြောက်နေကြပြီးတော့ ရှမ်းပြည်နယ်ရှိ အချို့ကျေးရွာများတွင်လည်း နွေရာသီ၌ သောက်သုံးရေများ ပြတ်လပ်လျက်ရှိကြောင်း တွေ့ရှိနေရပါတယ်။ ရေခန်းခြောက်ပြီး သောက်သုံးရေလိုအပ်နေကြောင်း သတင်းကြားသိရသည်နှင့် လက်လှမ်းမီရာဒေသတွေကို တပ်မတော် တပ်ရင်းတပ်ဖွဲ့များက ရေသယ်ကားတွေနဲ့ အကြိမ်ကြိမ်သွားရောက် လှူဒါန်းနေကြသကဲ့သို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ မိသားစုဝင်များ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနဲ့ Volunteer စေတနာရှင်များက မိမိတို့တတ်နိုင်သရွေ့ လိုက်လံလှူဒါန်းနေကြသည်ကို တွေ့မြင်နေကြရပါတယ်။ ဥပမာအနေဖြင့် ၂၀၁၉ ခုနှစ်မှာ ကျွန်တော်တို့ ဗထူးတပ်နယ်နှင့် ရပ်စောက်မြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများ၊ ကျေးရွာများသို့ ရေသန့်ဘူးများနှင့်သောက်သုံးရေများ လှူဒါန်းမှုအကြိမ်ပေါင်း (၃၆)ကြိမ် လိုက်လံလှူဒါန်းပေးနိုင်ခဲ့ပါတယ်။ ပင်းတယမြို့နယ်တွင်လည်း ရေအလှူရှင်အသီးသီးက လှူဒါန်းငွေ(၄၇)သိန်းကျော်ဖြင့် (၄၉)ကြိမ် ရေလှူဒါန်းနိုင်ခဲ့ပြီး အခြားမြို့နယ်ကျေးရွာများမှာလည်း သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော နေရာများသို့ လိုက်လံလှူဒါန်းနေတာကိုတွေ့ရှိနေရပါတယ်။ သို့သော်လည်း ၎င်းဒေသများအားလုံး၏ ရေလိုအပ်ချက်များမှာ ပြည့်မီနိုင်သည်မရှိဘဲ အကြောင်းကြောင်းကြောင့် ရေအလှူရှင်များ ရောက်ရှိမလာပါက ရေရရှိနိုင်သည့်ဝေးလံသော နေရာများသို့ သွားရောက်သယ်ယူကြရသည့်အတွက် ပြည်သူများရဲ့လူနေမှုဘဝ မြင့်မားရေးနှင့် စားဝတ်နေရေးအတွက် ဝန်ထုတ်ဝန်ပိုးသဖွယ် ဖြစ်နေကြတာကိုလည်း စိတ်မကောင်းဖွယ် တွေ့မြင်နေရပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ အချို့ဒေသများတွင် နွေရာသီ၌သောက်သုံးရေရှားပါးပြတ်လပ်ခြင်းများ ဖြစ်ပွားလျက်ရှိသဖြင့် ၎င်းနေရာများအား စနစ်တကျ စစ်တမ်းကောက်ယူပြီး သောက်သုံးရေဖူလုံစွာရရှိစေရေး ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုသည်နှင့် စပ်လျဉ်းသည့် အောက်ပါမေးခွန်းများအား မေးမြန်းအပ်ပါတယ်-

(က) ရှမ်းပြည်နယ်အတွင်း နွေရာသီတွင် သောက်သုံးရေရှားပါးပြတ်လပ်ခြင်းများ ဖြစ်ပွားလေ့ရှိသည့် နေရာများအား စနစ်တကျ စစ်တမ်းကောက်ယူထားခြင်း ရှိ/မရှိ၊ ရှိပါက မည်သည့်ခရိုင်၊ မည်သည့်မြို့နယ်အတွင်းတွင် ရေရှားပါးမှုဒဏ် ခံစားနေရသော အိမ်ခြေ သို့မဟုတ် လူဦးရေ မည်မျှခန့်ရှိပါသနည်း။ စစ်တမ်း ကောက်ယူထားခြင်း မရှိပါက အဘယ်ကြောင့်နည်း။

(ခ) ၂၀၂၀ ခုနှစ်နွေရာသီကာလအတွင်း သောက်သုံးရေရှားပါးပြတ်လပ်ခြင်းများ ဖြစ်ပေါ်လာပါက ပြည်နယ်အစိုးရအနေဖြင့် သောက်သုံးရေရရှိစေရေး ကူညီ ဆောင်ရွက်ပေးရန် မည်ကဲ့သို့စီမံဆောင်ရွက်ထားပါသနည်း။

(ဂ) ရှမ်းပြည်နယ်အတွင်း နွေရာသီ၌ရေခန်းခြောက်လေ့ရှိသောနေရာများတွင် မြေအောက်ရေစောင့်ကြည့်လေ့လာရေးပစ္စည်း (Ground Water monitoring devices)များတပ်ဆင်၍ စောင့်ကြည့်လေ့လာခြင်းများ ရှိ/ မရှိနှင့် ရေရှားပါးမှု ဖြစ်ပွားရာနေရာများအတွက် သန့်ရှင်းသည့် သောက်သုံးရေများ ဖူလုံစွာရရှိ စေရေး မည်ကဲ့သို့သော ရေရှည်အစီအမံများ ဆောင်ရွက်လျက်ရှိသည်ကို သိရှိ လိုပါသဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။ အားလုံး မင်္ဂလာပါ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်နိုင် မေးမြန်းတဲ့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ အချို့ဒေသများတွေဟာ နွေရာသီ၌ သောက်သုံးရေ ရှားပါး ပြတ်လပ်ခြင်းများ ဖြစ်ပွားလျက်ရှိသဖြင့် ၎င်းနေရာများအား စနစ်တကျစစ်တမ်း ကောက်ယူပြီးသောက်သုံးရေဖူလုံစွာ ရရှိရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှမည်ကဲ့သို့ ဆောင်ရွက် ပေးမည်ကို သိလိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်ပြည့်စုံစွာ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးဖို့တင်ပြအပ်ပါတယ်။

လေးစားအပ်ပါတဲ့လွတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရှမ်းပြည်နယ်မှာ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပေးတဲ့ ဌာနနှစ်ခုရှိပါတယ်။ ပထမဌာနတစ်ခုကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှာရှိတဲ့ ရေအရင်းအမြစ်ဦးစီးဌာနတို့ဖြစ်ပါတယ်။

၂၀၁၂ -၂၀၁၃ခုဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်အထိဆောင်ရွက်ခဲ့တဲ့ ရေရရှိရေးလုပ်ငန်းများမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာပေါင်း ၃၁၄၉ ရွာကို လုပ်ငန်းပေါင်း ၃၁၇၅ ခုနှင့် ကုန်ကျငွေပေါင်း ၄၆ ဘီလီယံ အသုံးပြုခဲ့ပါတယ်။ ရေအရင်း အမြစ်ဦးစီးဌာနအနေနဲ့လည်း ကျေးရွာအရေအတွက်ပေါင်း (၂၃၆) ရွာမှာ လုပ်ငန်းပေါင်း ၂၃၆ ခုကို ၅ ဘီလီယံကျော် အသုံးပြုခဲ့ပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးအနေနဲ့ ဌာနနှစ်ခုလုံးအနေနဲ့ ကျေးရွာပေါင်း ၃၃၈၅ ရွာကို တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ မြေသားရေကန်၊ စိမ့်စမ်း၊ အခြား စတဲ့လုပ်ငန်းပေါင်း (၃၄၁၁)ခုအတွက် စုစုပေါင်းအသုံးပြုခဲ့တဲ့ငွေပေါင်းဟာ ၅၁ ဘီလီယံကျော်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါတွေကတော့ ဌာနအလိုက် ဆောင်ရွက်ပေးထားတဲ့ မှတ်တမ်းမဲတိပုံတွေဖြစ်ပါတယ်။ တွင်းတိမ်၊ တွင်းနက်တူးဖော်ခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ၊ မြေသားတမံများ၊ ရေကန်များပြုလုပ်ပြီးတော့ သွယ်ယူတဲ့လုပ်ငန်းများကို တင်ပြထားခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး ကျေးရွာများ ရေလုံလောက်စွာရရှိနိုင်ရေးအတွက်လည်း ရေပိုက်များအစားထိုး လဲလှယ် ခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၃ ခုနှစ်ကစပြီး ယနေ့အချိန်အထိ ရေပိုက်ထောက်ပံ့ခြင်းအနေဖြင့် တစ်ပြည်နယ်လုံးအနေနဲ့ ကျေးရွာပေါင်း (၃၁၇)ရွာကို ရေပိုက်စုစုပေါင်း (၁၀၉၄၄၄)လုံးအား ထောက်ပံ့ပေးနိုင်ခဲ့တဲ့ စာရင်းချုပ်ဖြစ်ပါတယ်။ သက်ဆိုင်ရာဒေသအလိုက်ထောက်ပံ့နိုင်မှုအနေအထားဖြစ်ပါတယ်။

လွတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ ပထမမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်း နွေရာသီတွင် သောက်သုံးရေရှားပါးပြတ်လပ်ခြင်းများ ဖြစ်ပွားလေ့ရှိသည့် နေရာများအား စနစ်တကျ စစ်တမ်းကောက်ယူထားခြင်း ရှိ/ မရှိနှင့် ရှိပါက မည်သည့် ခရိုင် /မြို့နယ် အတွင်းတွင် ရေရှားပါးမှုဒဏ်ခံစားနေရသော အိမ်ခြေ သို့မဟုတ် လူဦးရေ မည်မျှခန့်ရှိပါသနည်း။ စစ်တမ်းကောက်ယူထားခြင်း ရှိပါသလားဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အတွင်း မြို့နယ်ပေါင်း(၅၅)မြို့နယ်ရှိသည့်အနက် တောင်ကြီးခရိုင်အတွင်းရှိ ကလော၊

ညောင်ရွှေ၊ ရပ်စောက်၊ ဟိုပုံး၊ ပင်လောင်း၊ ဆီဆိုင်နှင့် ပင်းတယမြို့နယ်များတွင် နွေရာသီ ကာလအတွင်း သောက်သုံးရေရှားပါး ပြတ်လပ်ခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ(၃၉)ရွာ၊ အိမ်ခြေ (၃၆၂၅)အိမ်၊ လူဦးရေ(၁၈၇၆၂)ဦးဟာ ရေရှားပါး မှုဒဏ် ခံစားခဲ့ကြရပါတယ်။ လက်ရှိမြေပြင်ကွင်းဆင်းစစ်ဆေး၍ နွေရာသီရေရှားပါးမှု ဖြစ်ပေါ် နိုင်သော ကျေးရွာများအား စာရင်းဇယားကောက်ယူထားမှုများအရ အထက်ဖော်ပြပါ မြို့နယ် (၇)မြို့နယ် အတွင်းရှိကျေးရွာများအနက်မှ ကျေးရွာ(၄၅)ရွာ၊ အိမ်ခြေ(၅၂၁၆)အိမ်၊ လူဦးရေ (၂၄၅၃၈) ဦး ခန့်ဟာ ၂၀၂၀ပြည့်နှစ် နွေရာသီကာလအတွင်း ရေရှားပါးပြတ်လပ်မှု ဒဏ်ကို ခံစားရနိုင်ကြောင်းစိစစ်တွေ့ရှိရပါတယ်။

ဒါကြောင့် ရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်လာပါက အရေးပေါ်ထောက်ပံ့ပေးဝေနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများအနေဖြင့် မြို့နယ်ကျေးလက်ရုံးများတွင် ကော်မတီ အဆင့်ဆင့် ဖွဲ့စည်းခြင်းများအား ဆောင်ရွက်ထားရှိပြီးတော့ ကွင်းဆင်းစောင့်ကြည့်ခြင်း၊ စဉ်ဆက် မပြတ် သတင်းအချက်အလက်များရယူခြင်း၊ ရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ ရေဖြန့် ဝေရေးအဖွဲ့များစေလွှတ်ခြင်း၊ အသိပညာပေးခြင်းနှင့် ရေထွက်၊ ရေကန်များ ထိန်းသိမ်းခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အရေးပေါ်ရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက အမြန်ဆုံးနှင့် အထိရောက်ဆုံး ဖြေရှင်းပေးနိုင်ရန်နှင့် စဉ်ဆက်မပြတ် သတင်းအချက်အလက်များ ရယူနိုင်ရေးအတွက် ကျေးရွာများသို့ သက်ဆိုင်ရာမြို့နယ်ကျေးလက်ရုံးများနှင့် ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များ အားဖြန့်ဝေအသိပေးခြင်း၊ ကျေးရွာသို့ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များအား ရယူမှတ်တမ်း ထားရှိခြင်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ၂၀၂၀ပြည့်နှစ်နွေရာသီကာလအတွင်း သောက် သုံးရေရှားပါးပြတ်လပ်ခြင်းများ ဖြစ်ပေါ်လာပါက ပြည်နယ်အစိုးရအနေဖြင့် သောက်သုံးရေ ရရှိစေရေး ကူညီဆောင်ရွက်ပေးရန် မည်ကဲ့သို့စီမံဆောင်ရွက်ထားပါသနည်းဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြို့နယ်(၇) မြို့နယ်မှ နွေရာသီကာလအတွင်း သောက်သုံးရေ ရှားပါးပြတ်လပ်မှု ဖြစ်ပေါ်နိုင်သော ကျေးရွာ (၄၅)ရွာ၊ အိမ်ခြေ (၅၂၁၆)အိမ်၊ လူဦးရေ(၂၄၅၃၈)ဦးခန့်အား သောက်သုံးရေ ရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်-

(၁) လက်ရှိရေသုံးစွဲမှုအနေဖြင့် စက်ရေတွင်းမှရေကို ရယူသုံးစွဲလျက်ရှိသော ကျေးရွာ (၄)ရွာကို နွေရာသီတွင် ရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး ကျေးရွာ(၁)ရွာအား ရေပိုက်ထောက်ပံ့ပြီး စိမ့်စမ်းရေ သွယ်ယူခြင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျန်(၃)ရွာကိုတော့ စက်သုံးဆီထောက်ပံ့မှု ပြုလုပ်ပေးခဲ့ပါတယ်။

(၂) လက်ရှိမြေသားရေကန်မှရေကို ရယူသုံးစွဲလျက်ရှိသော ကျေးရွာ (၁၃)ရွာမှာ နွေရာသီတွင် ရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကျေးရွာ(၁၂)ရွာမှာ ရှိတဲ့ ရေစုကန်များကို ရေကြိုတင်ဖြည့်တင်းခြင်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျန်ကျေးရွာ(၁)ရွာကို ယာယီရေစုကန်(၁)ကန် တည်ဆောက်ပေးပြီး ရေဖြည့်တင်း ဆောင်ရွက်ပေးခဲ့ပါတယ်။

(၃) လက်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းမှ ရေရယူသုံးစွဲလျက်ရှိတဲ့ ကျေးရွာ (၁၅)ရွာကိုလည်း နွေရာသီတွင် ရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကျေးရွာ(၈)ရွာမှာ ကျေးရွာရှိ ရေလှောင်ကန်များအတွင်း ရေကြိုတင်ဖြည့်တင်းခြင်း၊ ကျေးရွာ(၆)ရွာတွင် ယာယီရေစုကန်များ တည်ဆောက်၍ ရေဖြည့်တင်းပေးခြင်းနှင့် ကျေးရွာ(၁)ရွာအား စက်သုံးဆီထောက်ပံ့မှုများပေးခဲ့ပါတယ်။

(၄) လက်ရှိရေသုံးစွဲမှုအနေဖြင့် အုတ်မိုးရေလှောင်ကန်များမှ ရေကို ရယူသုံးစွဲလျက်ရှိတဲ့ ကျေးရွာ(၁၃)ရွာမှာ ရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကျေးရွာ(၉)ရွာမှာရှိတဲ့ ကျေးရွာရှိ ရေလှောင်ကန်များအတွင်း ရေကြိုတင်ဖြည့်တင်းခြင်းများ ဆောင်ရွက်ပေးသွားပြီးတော့ ကျန်ကျေးရွာ(၄)ရွာကို ယာယီရေစုကန်များတည်ဆောက်ပြီး ရေဖြည့်တင်းပေးမှုများ ဆောင်ရွက်ပေးခဲ့ပါတယ်။

သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် နွေရာသီ ရေရှားပါးမှုဖြစ်ပေါ်နိုင်သော ကျေးရွာ(၄၅)ရွာအတွက် ရေပိုက်ထောက်ပံ့ခြင်း(၁)ရွာ၊ ရေကားဖြင့်ရေကြိုတင် ရေဖြည့်ပေးခြင်း (၂၉)ရွာ၊ ယာယီရေကန်တည်ဆောက်ပြီး ရေကြိုတင်ဖြည့်ပေးခြင်း (၁၁)ရွာ နှင့်စက်သုံးဆီဖိုးထောက်ပံ့ခြင်း(၄)ရွာ၊ စုစုပေါင်း(၄၅)ရွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

နောက်မေးခွန်းတစ်ခုဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်း နွေရာသီ၌ ရေခန်းခြောက်လေ့ရှိသော နေရာဒေသများတွင် မြေအောက်ရေစောင့်ကြည့်လေ့လာရေးပစ္စည်း (Ground Water Monitoring Devices)များတပ်ဆင်၍ စောင့်ကြည့်လေ့လာခြင်းများ ရှိ/ မရှိနှင့် ရေရှားပါးမှု ဖြစ်ပွားရာနေရာများအတွက် သန့်ရှင်းသည့် သောက်သုံးရေများ ဖူလုံစွာရရှိစေရေး မည်ကဲ့သို့ သော ရေရှည်အစီအမံများ ဆောင်ရွက်လျက်ရှိသည်နှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အတွင်းမှာ ရှိတဲ့ နွေရာသီမှာ ရေခန်းခြောက်လေ့ရှိသော နေရာဒေသများတွင် မြေအောက်ရေရှိမှု အခြေအနေအား (Geophysics Vertical Electric Sounding) မြေပြင်ဘူမိရူပဗေဒ တိုင်းတာစနစ်ဖြင့် (Terrameter)တိုင်းတာမှုအား ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်တဲ့တိုင်းတာရေး ကိရိယာများအား ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူခဲ့ပြီး ၂၀၁၈-၂၀၁၉ခုနှစ်မှ စတင်ပြီး ရေရှားပါးသော ကျေးရွာများတွင် တိုင်းတာခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မြေအောက်ရေစောင့်ကြည့်လေ့လာရေးအတွက် (Observation Tube Well) များ တူးဖော်ပြီး မြေအောက်ရေစောင့်ကြည့်လေ့လာရေးပစ္စည်း (Ground Water Monitoring Devices)များ တပ်ဆင်စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းများအား ဘတ်ဂျက်ခွင့်ပြုနိုင်မှု အပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် Australia Water Partnership အဖွဲ့နှင့် ပူးပေါင်းပြီး ဇရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် Ground Water Mapများ ရေးဆွဲရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ရေရှည်အစီအမံအနေဖြင့် ၂၀၂၀ ပြည့်နှစ် နွေရာသီကာလအတွင်း ရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်ခဲ့တဲ့ အထက်ဖော်ပြပါ ကျေးရွာ(၄၅)ရွာတွင် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိနိုင်ရေးအတွက် အဆိုပါကျေးရွာများ၏ ရရှိနိုင်သော ရေအရင်းအမြစ်များအပေါ် အခြေခံပြီးတော့ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် စိမ့်စမ်းရေသွယ်ယူခြင်း (၂)ရွာ၊ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်း (၂)ရွာ၊ တွင်းတိမ်တူးဖော်ခြင်း (၁)ရွာ ၊ ရေပိုက်ထောက်ပံ့ခြင်း (၂)ရွာ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာ(၄)ရွာ၊ စုစုပေါင်းကျေးရွာ (၁၁)ရွာတွင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြေသားရေကန်တူးဖော်ခြင်း (၁)ရွာ၊ အမြင့်တင်ရေပေးရေးလုပ်ငန်း (၂)ရွာ၊ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်း(၃)ရွာ၊ စုစုပေါင်းကျေးရွာ(၆)ရွာတွင်လည်း ရေရရှိရေးလုပ်ငန်းများ

ဆက်လက်ဆောင်ရွက်နိုင်ရေး ဒေသန္တရစီမံကိန်းစာရင်းတွင် ထည့်သွင်းလျာထား တင်ပြထား ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ ရေရှားပါးမှုဖြစ်ပေါ်ရာ ဒေသတွေမှာ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိရေး၊ တွင်းနက်စက်ရေတွင်းတူးဖော်ခြင်း၊ စိမ့်စမ်းရေ သွယ်ယူခြင်း၊ မိုးရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၆) အရ ၂၀၃၀ ပြည့်နှစ်တွင် လူသားတိုင်းသန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ် ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေးအတွက် ကျေးလက်ဒေသများ၊ စာသင်ကျောင်းများနှင့် ဆေးရုံဆေးပေးခန်းများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သောက်သုံးရေနှင့်သန့်ရှင်းမှုဆိုင်ရာကဏ္ဍများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မဟာဗျူဟာကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ရေကောင်းရေသန့်ရရှိရေးဆိုင်ရာ လျာထားချက်အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ကျေးရွာအားလုံး၏ (၇၀%)၊ ၂၀၂၅ ခုနှစ်တွင် (၈၅%)၊ ၂၀၃၀ ပြည့်နှစ်တွင် (၁၀၀%) ပြည့်မီစေရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ လွှတ်တော် ဒုဥက္ကဋ္ဌ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ကျ လွှတ်တော်ဝန်ထမ်းများအားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရွာငံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးဖြစ်ပါတယ်။ ယနေ့ ကျွန်တော့် အနေဖြင့် ရှမ်းပြည်နယ်တရားရုံးများတွင် ကလေးသူငယ်အမှုအခင်းများနှင့်ပတ်သက်၍ ဂုဏ်သိက္ခာအရ စစ်ဆေးမေးမြန်းရာတွင် အထူးတရားခွင်များ ပေါ်ပေါက်လာစေရန်နှင့် ကလေး

သူငယ်များဆိုင်ရာကျင့်သုံးမှုဥပဒေ၊ လုပ်ထုံးလုပ်နည်းများ အထူးအလေးပေးဆောင်ရွက်လာစေရန်အတွက် အထူးရဲများပေါ်ပေါက်လာစေရန် ရည်ရွယ်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အခန်း(၂၂)၊ ပုဒ်မ ၈၂ (က) အရ နိုင်ငံတော်အတွင်း လိုအပ်ပြီး သင့်လျော်သော နယ်မြေများတွင် ကလေးသူငယ်တရားရုံးများတည်ထောင်ရမည်။ ထို့အပြင် ကလေးသူငယ်တရားသူကြီးများကို ခန့်ထားနိုင်သည်။ ပုဒ်မခွဲ(ခ)တွင် ပုဒ်မခွဲ(က) အရ ကလေးသူငယ်တရားရုံး တည်ထောင်ထားခြင်းမရှိသော နယ်မြေဒေသတွင် မြို့နယ်တရားသူကြီးအား ကလေးသူငယ်တရားသူကြီး၏ စီရင်ပိုင်ခွင့်အာဏာကို အပ်နှင်းနိုင်သည်။ ကလေးသူငယ်များနှင့်ပတ်သက်၍ အမှုအခင်းများကိုင်တွယ်ဖြေရှင်းရာတွင် သာမန်ရာဇဝတ်ခုံရုံးများ၊ တရားခွင်အစရှိသည့်အပြင်အဆင်မျိုးမဟုတ်ဘဲ တရားရုံးအဆောက်အအုံအတွင်း တရားသူကြီးများ၊ ရှေ့နေများနားနေသည့် အခန်းမျိုးတွင် သာမန်ဆွေးနွေးသည့်ပုံစံဖြင့် စစ်ဆေးစီရင်ရန် ဥပဒေက ပြဋ္ဌာန်းထားပါတယ်။ ယခုလို ဥပဒေပြဋ္ဌာန်းထားပြီးချိန်တွင် မြန်မာတစ်ပြည်လုံး၌ အသက်ဆယ့်ရှစ်နှစ်အောက် ကလေးသူငယ်မှုခင်းများ သီးခြားစစ်ဆေးရန်အတွက် ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးတို့တွင်သာ ကလေးသူငယ်အထူးတရားရုံးများ ဖွင့်လှစ်ထားသည်ဟု သိရှိရပါတယ်။ ၂၀၁၈ ခုနှစ် စာရင်းများအရ ကလေးသူငယ်တရားရုံးများတွင် ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း (၃)နှစ်အတွင်း ၁၀၀၀ ကျော်ရှိနေသည်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ သိရှိရပါတယ်။ ၂၀၁၇ ခုနှစ်တွင် အမှုတွဲပေါင်း ၄၅၀ မှူ ၊ ၂၀၁၆ ခုနှစ်တွင် ၃၀၇ မှူ၊ ၂၀၁၅ ခုနှစ်တွင် ၃၉၆ မှူ၊ ဒါတွေကို ကြည့်ခြင်းအားဖြင့် ကလေးသူငယ်အမှုပေါင်းဟာ တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာတာကို တွေ့ရှိရပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်မှာဆိုရင် နယ်စပ်ဒေသ၊ ပြည်ပနှင့်ဆက်စပ်သောနေရာဒေသဖြစ်ခြင်းကြောင့် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးသူငယ်၊ အမျိုးသမီးများ အမှုအခင်းများနှင့် ရင်ဆိုင်နေရသော ပြည်နယ်ဖြစ်၍ ကလေးသူငယ် အထူးတရားရုံးအဆင့်ထိ လိုအပ်နေတာကို တွေ့ရှိရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အခန်း(၂၁)၊ ကလေးသူငယ်ကို ပြစ်မှုဖြင့် အရေးယူခြင်းနှင့် ကင်းလွတ်ခွင့်၊ ပုဒ်မ ၈၀ တွင် ရဲအရာရှိသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ဖမ်းဆီးလျှင်-

(က) မိမိသည် မည်သူမည်ဝါဖြစ်ကြောင်း ကောင်းမွန်စွာပြောကြားရမည်။

(ခ) ကလေးသူငယ် နားလည်နိုင်သော ရိုးရှင်းသည့် စကားအသုံးအနှုန်းဖြင့် ဖမ်းဆီးရသည့်အကြောင်းရင်းနှင့် ၎င်းအားစွပ်စွဲထားသော ပြစ်မှုတို့ကို ရှင်းလင်းပြောကြားရမည်။

(ဂ) ခြိမ်းခြောက်ခြင်း၊ အဓမ္မ အနိုင်အထက်ပြုခြင်း သို့မဟုတ် မလိုအပ်ဘဲ အင်အားသုံးခြင်း၊ နှိပ်စက်ညှင်းပန်းခြင်း၊ ရက်စက်ခြင်း သို့မဟုတ် လူမဆန်စွာ ပြုမူခြင်း စသည့်အပြုအမှုများကို ရှောင်ရှားရမည်။

(ဃ) လက်ထိပ်ခတ်ခြင်း၊ ကြိုးဖြင့်ဖြစ်စေ၊ အခြားနည်းတစ်နည်းနည်းဖြင့်ဖြစ်စေ ချည်နှောင်ခြင်း မပြုရ။

(င) မည်သည့်အကြောင်းကြောင်းနှင့်မျှ ကလေးသူငယ်ကို ရဲအချုပ်တွင် ချုပ်နှောင်ထားခြင်းမပြုရ။

(စ) လူကြီးအကျဉ်းသားများနှင့်အတူ ရောနှောချ ထားရှိခြင်းမပြုရ၊ မိန်းကလေးဖြစ်ပါက အမျိုးသမီးအစောင့်အရှောက်ဖြင့်သာ ထားရှိရမည် ဟုပါရှိပါတယ်။

၎င်းတို့ဖြစ်ပေါ်လာသော အမှုအခင်းများကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ အခွင့်အရေးများရရှိအောင် အထူးလေ့ကျင့်ထားသည့် ကလေးအထူးရဲများလည်း ကျွန်တော်တို့ ရှမ်းပြည်နယ်တွင် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ရှမ်းပြည်နယ်တွင် ကလေးသူငယ်နှင့် အမျိုးသမီးဆိုင်ရာအမှုကိစ္စများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် နစ်နာမှုများ၊ အဓမ္မပြုကျင့်ခံရမှုများ၊ အကြမ်းဖက်မှုများ၊ လစ်လျူရှုမှုများ၊ ခေါင်းပုံဖြတ်မှုများ စသည့်ဖြစ်ပေါ်လာသည့် မှုခင်းများနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရာတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန်အတွက် ကလေးသူငယ်အထူးတရားရုံးနှင့် ကလေးသူငယ်အထူးရဲများ သီးသန့်ထားရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ လွတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပထမဦးစွာ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးကြွယ်ကြွယ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ကြွရောက်ချီးမြှင့်ပေးကြပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ဒုတိယ ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးရဲ့ ရှမ်းပြည်နယ်တရားရုံးများတွင် ကလေးသူငယ် အမှုအခင်းများနှင့်ပတ်သက်၍ ဂုဏ်သိက္ခာအရ စစ်ဆေးမေးမြန်းရာတွင် အထူးတရားခွင်များ အမှန်တကယ်လိုအပ်လျက်ရှိပါ၍ ကလေးသူငယ် အထူးတရားရုံးများထားရှိရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းရဲ့ ပထမပိုင်းကို ကျွန်တော် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဦးကြွယ်ကြွယ်က ဖြေကြားသွားမှာဖြစ်ပါတယ်။

ဒီမေးခွန်းကို မဖြေကြားခင်မှာ ပဏာမအချက်(၄)ချက်ကို ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။ ပထမအချက်က ဒီမေးခွန်းကို ဆိုလိုရင်းအဓိပ္ပာယ်ပြည့်စုံပြီး ဝါကျတည်ဆောက်ပုံမှန်ကန်စေရန်နှင့် သဒ္ဒါအသုံးအနှုန်းမှန်ကန်စေရန်အတွက် ကျွန်တော့်အနေနဲ့ ဒီလိုပြင်ချင်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးများတွင် ကလေးသူငယ်မှုခင်းနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းရာ၌ ကလေးသူငယ်၏ ဂုဏ်သိက္ခာမထိခိုက်စေရန်လိုအပ်သဖြင့် အထူးတရားခွင်များ၊ ကလေးသူငယ်အထူးတရားရုံးများ ထားရှိရန် အစီအစဉ် ရှိ/မရှိ လို့ပြင်ချင်ပါတယ်။

ဒုတိယတစ်ချက်အနေနဲ့ကတော့ ကလေးသူငယ်မှုခင်းလို့ဆိုတာနဲ့ သုံးမျိုးသုံးစား တွေ့ရမှာဖြစ်ပါတယ်-

(၁) ပြစ်မှုကျူးလွန်တဲ့ကလေးသူငယ်၊

(၂) ပြစ်မှုကျူးလွန်ခြင်းခံရတဲ့ကလေးသူငယ်၊

(၃) ပြစ်မှုကျူးလွန်တာကို မြင်တွေ့တဲ့ကလေးသူငယ်သက်သေဆိုပြီးတော့ သုံးမျိုးသုံးစားရှိမှာဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်ကတော့ ကလေးသူငယ်များဟာ တိုင်းပြည်အတွက် အနာဂတ်သားကောင်းများဖြစ်တယ်။

ဒါကြောင့် သူတို့ကို စိတ်၊ ဂုဏ်သရေထိခိုက်နစ်နာစေမှုများ မဖြစ်စေရန်အတွက်၊ သူတို့ရဲ့ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးပြီး ကိုယ်ကျင့်တရားကောင်းမွန်တဲ့ အရည်အသွေးပြည့်ဝတဲ့ သားကောင်းရတနာတွေ ဖြစ်ပေါ်လာစေရေးအတွက် ကာကွယ်စောင့်ရှောက်ပြုစုပျိုးထောင်ပေးဖို့ရန် ရည်ရွယ်ပြီး ပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်။

တတိယအချက်ကတော့ မေးမြန်းသူ လွတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းခြင်း ရည်ရွယ်ချက်ဟာ အင်မတန်ကောင်းမွန်ပြီး နိုင်ငံသားတိုင်း သိသင့်တဲ့ အကျိုးရှိတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါ့ကြောင့် အခုလို ရှင်းလင်းဖြေကြားခွင့်ရတဲ့အတွက် လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များ၊ မေးခွန်းရှင် လွတ်တော်ကိုယ်စားလှယ်ကြီးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားလိုပါတယ်။

စတုတ္ထအနေနဲ့ မေးခွန်းရဲ့ အဓိကရည်ရွယ်ချက် (၂)ရပ်ရှိပါတယ်။ ကလေးသူငယ်အခွင့်အရေးများကာကွယ်ရေးအတွက် ကလေးသူငယ်အထူးတရားရုံး တည်ထောင်ထားခြင်း ရှိ/ မရှိ၊ ကလေးသူငယ်အထူးတရားရုံး တည်ထောင်ထားခြင်းမရှိရင် တရားခွင်များ Special Interview Room ထားရှိရန် အစီအစဉ် ရှိ/ မရှိ ဆိုတာဖြစ်ပါတယ်။

အထက်မှာ တင်ပြထားတဲ့အတိုင်းပါပဲ။ ၂၀၁၉ ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ပြဋ္ဌာန်းရခြင်း၏ရည်ရွယ်ချက်ဟာ ကလေးသူငယ်များ အရွယ်ရောက်သည်အထိ အသက် ၁၈ နှစ်ပြည့်သည်အထိ ဥပဒေအရ ကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်မှုများမရှိအောင် ကာကွယ်ပြဋ္ဌာန်းထားခြင်းပဲဖြစ်ပါတယ်။ ဥပမာပြောရရင် တော့ ပြစ်မှုကျူးလွန်ခံရတဲ့ ကလေးသူငယ်ရဲ့ နာမည်အရင်း၊ ဖခင်အမည်၊ မိခင်အမည်၊ အသက်၊ နေရပ်လိပ်စာတွေကို သတင်းမီဒီယာမှာ ဖြေကြားခဲ့တဲ့ ဌာနတစ်ခုက တာဝန်ရှိတဲ့ အရာရှိကြီးတွေကို ဌာနဆိုင်ရာ အရေးယူမှုပြုလုပ်ခံခဲ့ရတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်ရဲ့မေးခွန်းကို ၂၀၁၉ ခုနှစ်၊ ကလေး သူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့်အညီ ၎င်းမေးခွန်းနဲ့ဆက်စပ်တဲ့ ကိစ္စရပ်များကို အောက်ပါအတိုင်း ကျယ်ကျယ်ပြန့်ပြန့် ဖြေဆိုရှင်းလင်းဖြေကြားအပ်ပါတယ်။

၂၀၁၉ ခုနှစ်၊ ကလေး သူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ပုဒ်မ-၈၂ (က) အရ ပြည်ထောင်စုတရားလွတ်တော်ချုပ်သည် နိုင်ငံတော် အတွင်းလိုအပ်ပြီး သင့်လျော်သောနယ်မြေများတွင် ကလေးသူငယ်တရားရုံးများ တည်ထောင်ရမှာဖြစ်ပါတယ်။ ကလေးသူငယ်

တရားသူကြီးများကို ခန့်ထားရမှာဖြစ်ပါတယ်။ ပုဒ်မခွဲ(ခ)တွင် အကယ်၍ပုဒ်မခွဲ(က) အရ ကလေးသူငယ်တရားရုံး တည်ထောင်ထားခြင်းမရှိသော နယ်မြေဒေသတွေမှာ မြို့နယ်တရားသူကြီးအား ကလေးသူငယ်တရားသူကြီး၏ စီရင်ပိုင်ခွင့်အာဏာကို အပ်နှင်းရမှာဖြစ်ပါတယ်။ ယခုအခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ကလေးသူငယ်တရားရုံးများ တည်ထောင်ခဲ့ပြီး ကလေးသူငယ်တရားသူကြီးများ ခန့်ထားပြီး ဖြစ်ပါတယ်။ ကျန်သည့်နယ်မြေဒေသများတွင် မြို့နယ်တရားသူကြီးများအား ကလေးသူငယ်တရားသူကြီး၏ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းပြီး ကလေးသူငယ်မှုခင်းတွေကို စစ်ဆေးစီရင်ခိုင်းလျက်ရှိပါတယ်။

၂၀၁၉ ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ- ၈၄ (က) အရ ကလေးသူငယ်များအတွက် သီးခြားတရားရုံး (သို့မဟုတ်) သီးခြားအဆောက်အုံများတွင် ကြားနာစစ်ဆေးရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ သီးခြားတရားရုံး၊ သီးခြားအဆောက်အဦ မရှိပါက တရားရုံးပုံမှန် ဖွင့်လှစ်၍ ကြားနားစစ်ဆေးသည့်နေရာမဟုတ်သော အဆောက်အဦ (သို့မဟုတ်) အခန်းတွင် ကလေးသူငယ်မှုခင်းများ ကြားနာစစ်ဆေးရန်အတွက် သီးခြားရုံးခန်း ပြုလုပ်ပေးရမည်ဖြစ်ပါတယ်။ ယင်းဥပဒေပုဒ်မ ၈၄ ပုဒ်မခွဲ (ခ) အရ ထိုသို့စစ်ဆေးကြားနာသည့် ရုံးခန်းတွင် ကလေး သူငယ်၏မိဘများ၊ အုပ်ထိန်းသူများ၊ တရားရုံးဝန်ထမ်းများ၊ ဥပဒေအရာရှိများ၊ ယူနီဖောင်းဝတ်မထားသော တာဝန်ကျရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းနှင့် သက်ဆိုင်သူများနှင့် တရားရုံးကခွင့်ပြုချက်ပေးထားသူများမှ အပ အခြားမည်သူမျှ ကြားနာစစ်ဆေးသော နေရာကို လာရောက်ခြင်းမရှိစေရဘူးလို့ ပြဋ္ဌာန်းထားပါတယ်။ ယင်းဥပဒေပုဒ်မ ၈၄ ပုဒ်မခွဲ (ဂ) အရ စွပ်စွဲခံရသောကလေးသူငယ်ကို ခုခံကာကွယ်ရန်အတွက် မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် အခြားသင့်လျော်သူတစ်ဦးဦးကို ကလေးသူငယ်ကိုယ်စား စစ်မေးခြင်း၊ လျှောက်ထားခြင်းနှင့် လျှောက်လဲခြင်းများပြုလုပ်ရန် ခွင့်ပြုရမှာဖြစ်ပါတယ်။ ယင်းဥပဒေပုဒ်မ ၈၄ ပုဒ်မခွဲ(ဃ)အရ အမှုမှာ ရဲအရေးပိုင်သည်ဖြစ်စေ၊ ရဲအရေးမပိုင်သည်ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသူကလေးသူငယ်အတွက် တရားလိုဘက်မှ ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်ပေးရန်အတွက် တရားရုံးက ဥပဒေရုံးသို့ အကြောင်းကြားပေးရမှာဖြစ်ပါတယ်။ ယင်းဥပဒေပုဒ်မ ၈၄ ပုဒ်မခွဲ(င) အရ ကလေးသူငယ်များနှင့် ကလေးသူငယ်သက်သေများအတွက် လိုအပ်ပါက စကားပြန်ထားရှိပေးရမှာဖြစ်ပါတယ်။ ယင်းဥပဒေပုဒ်မ ၈၄ ပုဒ်မခွဲ(စ) အရ ကလေးသူငယ်မှုခင်းများကို

ဆောလျင်စွာ စစ်ဆေးကြားနာရမှာဖြစ်ပါတယ်။ ယင်းဥပဒေပုဒ်မ ၈၄ ပုဒ်မခွဲ(ဆ) အရ သက်သေများ စစ်ဆေးခြင်း၊ လျှောက်လဲချက်ပေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းပြုရာ၌ တရားခွင်ရှိ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ လူမှုဝန်ထမ်းအရာရှိများ၊ ရဲအရာရှိများ၊ ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသည့် ကလေးသူငယ်နှင့် သက်သေများမြင်နိုင်ကြားနိုင်၊ မေးမြန်းနိုင်၊ ဖြေကြားနိုင်၊ မှတ်တမ်းတင်နိုင်သည့် ဗီဒီယိုရုပ်မြင်သံကြားမြင်ကွင်းစနစ် Video Conferencing လုပ်နိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ဒေသအသီးသီးတွင် မြို့နယ်တရားသူကြီးများအား ကလေးသူငယ်တရားသူကြီး၏ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းပြီးဖြစ်ပါတယ်။ ကလေးသူငယ်တရားရုံးများအဖြစ် သီးခြားရုံးခန်းတွေမှာ စစ်ဆေးစီရင်လျက်ရှိပြီး အမှုများကို ၂၀၁၉ ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၈၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ကြားနာလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ တရားစီရင်ရေးမဟာဗျူဟာ (၅)နှစ် စီမံကိန်းများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းနယ်ပယ် (၅)ရပ်ကို သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ တရားစီရင်ရေးမဟာဗျူဟာ (၅)နှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားစီရင်ရေးမဟာဗျူဟာ ရည်မှန်းချက်လုပ်ငန်းနယ်ပယ် ၃- ၁- ၂ အစီအစဉ်တွင်-

(က) ကလေးသူငယ်များအတွက် တရားမျှတရေးနှင့် ဆက်နွယ်သော အမျိုးသားဆိုင်ရာ ဦးစားပေးသတ်မှတ်ချက်များ ဖော်ထုတ်နိုင်ရန် ကလေးသူငယ် တရားမျှတမှု မဟာဗျူဟာဖွံ့ဖြိုးတိုးတက်အောင် အထောက်အပံ့ပေးခြင်း၊

(ခ) ကလေးသူငယ်များ တရားမျှတမှုရရှိစေရေးကဏ္ဍတွင် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပူးပေါင်းပါဝင်မှု အားကောင်းလာစေခြင်း၊ အရည်အသွေးပြည့် တရားမျှတမှုကို ကလေးသူငယ်များ လက်လှမ်းမီမှုတိုးတက်စေရေးအတွက် ကလေးသူငယ်တရားမျှတမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တွေ့ဆုံပွဲများကို ပုံမှန်လုပ်ဆောင်ခြင်း စသည့်လုပ်ငန်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် JICA (ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ) ၊ UNICEF (ကုလသမဂ္ဂကလေးသူငယ်များရန်ပုံငွေ

အဖွဲ့)တို့နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၂၀ ပြည့်နှစ်တွင် ရုံးပြည်နယ်အတွင်းရှိ တရားရုံးများအနက် တောင်ကြီးခရိုင်တရားရုံး၊ မူဆယ်ခရိုင်တရားရုံး၊ လားရှိုးခရိုင်တရားရုံး တို့တွင် အထူးသက်သေစစ်ဆေးခန်း (Special Interview Room)များပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် UNICEF မှ စက်ပစ္စည်းများ ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ သို့သော်လည်း စက်ပစ္စည်းများအနက် ယခုအခါ ခရိုင်တရားရုံး (၁)ရုံးမှာ Air – Conditioner (၂)လုံးစီသာရရှိထားပြီး ကျန်ပစ္စည်းများ ရရှိခြင်းမရှိသေးတဲ့အတွက် စက်ပစ္စည်းများပြည့်စုံအောင် တပ်ဆင်နိုင်ခြင်းမရှိသေးကြောင်း တင်ပြအပ်ပါတယ်။ သက်ဆိုင်ရာ ခရိုင်တရားရုံး (၃)ရုံးမှာ Video Conferencing တပ်ဆင်သည့် တရားခွင်နှင့် အထူးသက်သေစစ်မေးခန်းများကို ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ဖြေဆိုတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်သော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရုံးပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးမှ မေးမြန်းလာသည့် ရုံးပြည်နယ်တရားရုံးများတွင် ကလေးသူငယ် အထူးတရားရုံးများထားရှိရန်နှင့် ကလေးသူငယ်အထူးရဲများ သီးသန့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရုံးပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးလှဦးက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ရုံးပြည်နယ်အတွင်း ကလေးသူငယ်ပြစ်မှုဖြစ်ပွားလာပါ တာဝန်ကျ သက်ဆိုင်ရာရဲအရာရှိသည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၂/၉)၊ အခန်း(၂၁)၊ ပုဒ်မ- ၈၀၊ ၈၁ နှင့်အညီ ဆောင်ရွက်နေသောကြောင့် ပြစ်မှုကျူးလွန်သူကလေးသူငယ်များ၏ အခွင့်အရေးကို ရထိုက်ခွင့်ရှိသည့်အတွက်

ကလေးသူငယ်အထူးရဲများ သီးသန့်ထားရှိရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကိုက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနူတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မေးမြန်းတင်ပြလိုတဲ့မေးခွန်းကတော့ မိုင်းဖြတ်မြို့နယ်၊ နမ့်ပန်ကျေးရွာအုပ်စုတွင် တယ်လီဖုန်းဆက်သွယ်ရေးကွန်ရက်ရရှိနိုင်ရေးအတွက် ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ပေးနိုင်ရန် ရှိ/ မရှိနှင့် ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဖြတ်မြို့နယ်အတွင်းမှာရှိတဲ့ နမ့်ပန်ကျေးရွာအုပ်စုဟာ မိုင်းဖြတ်မြို့နှင့် အလှမ်းကွာဝေးပြီး ကျေးရွာပေါင်း (၂၆)ရွာရှိတဲ့ ကျယ်ပြန့်သော အုပ်စုကြီးတစ်ခုဖြစ်ပါတယ်။ ၎င်းကျေးရွာအုပ်စုမှာ ကျေးလက်နေ ပြည်သူပေါင်း (၂၈၀၀)ကျော် နေထိုင်လျက်ရှိကြောင်း သိရှိရပါတယ်။ ယခုခေတ်က နည်းပညာခေတ်ဖြစ်သည်နှင့်အညီ တယ်လီဖုန်းများ၊ အင်တာနက်များ အသုံးပြုနေချိန်တွင် နမ့်ပန်ကျေးရွာအုပ်စုမှာ ဆက်သွယ်ရေးတာဝါတိုင် မရှိသဖြင့် ယနေ့အထိ တယ်လီဖုန်းဆက်သွယ်၍ မရဘဲ နောက်ကျကျန်ရစ်လျက်ရှိပါတယ်။ ဒါ့ကြောင့် နမ့်ပန်ကျေးရွာအုပ်စုတွင် နေထိုင်ကြသော ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆက်သွယ်ရေးတာဝါတိုင်တစ်ခု အထူးလိုအပ်လျက်ရှိပါတယ်။

ဆက်လက်ပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃.၄.၂၀၁၉) ရက်နေ့တွင် မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်က မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရာ

မှာ ကျိုင်းတုံမြို့နှင့် မိုင်းဖြတ်မြို့သည် လမ်းခရီးအကွာအဝေးအရ (၅၁)မိုင်သာရှိသည်ဟု သိရှိရပါကြောင်း၊ ၎င်းလမ်းပိုင်းရှိ မိုင်(၃၀)ရွာမှ မိုင်းဖြတ်မြို့အဝင်ထိ ဖုန်းလိုင်းဆက်သွယ်မှု ယနေ့ထိ မရရှိသေးပါကြောင်း၊ လမ်းပိုင်းမိုင်အားဖြင့် (၂၅)မိုင်နီးပါးရှိမည်ဟု ခန့်မှန်းသိရှိရပါကြောင်း၊ ဖုန်းလိုင်းဆက်သွယ်မှု မရရှိသေးသဖြင့် ကျေးရွာနေပြည်သူများအချင်းချင်း သာရေး၊ နာရေး ဆက်သွယ်မှုအခက်အခဲများ၊ လမ်းတွင် မမျှော်လင့်ဘဲ ကြုံတွေ့ရတတ်သော သဘာဝ ဘေးအန္တရာယ်များ၊ အခြားအန္တရာယ်များ အရေးပေါ်ကိစ္စရပ်များရှိလာပါက အလွယ်တကူ ဆက်သွယ်နိုင်ခြင်း မရှိပါကြောင်း၊ သို့ဖြစ်ပါ၍ လွယ်ကူစွာဆက်သွယ်နိုင်သော တယ်လီဖုန်း လိုင်းချိတ်ဆက်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းထားခဲ့ပြီးလည်း ဖြစ်ပါတယ်။

အဲ့လို မေးမြန်းခဲ့ပြီးနောက်မှာ MPT တာဝါတိုင်တစ်ခုကို ဝမ်ပုံကျေးရွာအုပ်စုတွင် တည်ဆောက်ပေးပြီး (၁၁.၂.၂၀၂၀)ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့သော်လည်း အထက်တင်ပြပါ မိုင်(၃၀)ရွာမှ မိုင်းဖြတ်မြို့အဝင်အထိ ဖုန်းလိုင်းဆက်သွယ်မှု မရရှိသေးပါသဖြင့် ဖုန်းလိုင်း ဆက်သွယ်မှုရရှိရေးအတွက် အထူးလိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ နမ့်ပန်ကျေးရွာအုပ်စုတွင် ဆက်သွယ်ရေးတာဝါတိုင်တစ်ခု တည်ဆောက် ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် ကျိုင်းတုံမြို့နှင့် မိုင်းဖြတ်မြို့ကြားရှိ မိုင်(၃၀)ရွာမှ မိုင်းဖြတ် မြို့အဝင်အထိ ဖုန်းလိုင်းဆက်သွယ်မှုရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသဖြင့် ကျေးလက်နေပြည်သူများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက် လာသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားကို မေးမြန်းထားတဲ့ မိုင်းဖြတ်မြို့နယ်၊ နမ့်ပန်ကျေးရွာအုပ်စုရှိ ဒေသခံ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် MPT ဆက်သွယ်ရေး

တာဝါတိုင်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ကျိုင်းတုံမြို့ နှင့်မိုင်းဖြတ်မြို့ ကြားရှိ မိုင် ၃၀ ရှာမှ မိုင်းဖြတ်မြို့အဝင်ထိ ဖုန်းလိုင်းဆက်သွယ်မှု ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

ဦးစွာ ဆက်သွယ်ရေး မိုဘိုင်းစခန်းများ တည်ဆောက်မှုနဲ့ပတ်သက်လို့ တင်ပြလိုပါတယ်။ ဆက်သွယ်ရေး မိုဘိုင်းစခန်းများ တည်ဆောက်ရာတွင် တည်ဆောက်မည့်နေရာ၏ အိမ်ခြေ၊ လူဦးရေ၊ မြေနေရာရရှိမှု၊ အဝေးဆက်သွယ်ရေးလမ်းကြောင်းများ၊ ဥပမာ- မိုက္ကရိုဝေ့ဗ်၊ ဖိုင်ဘာလိုင်း၊ ဂြိုလ်တုချိတ်ဆက်နိုင်မှု၊ ရာသီဥတုအခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိနိုင်မှု အခြေအနေ စသည်တို့အပေါ်မူတည်၍ တည်ဆောက်ရခြင်းဖြစ်ပြီး အဓိကအားဖြင့် အဝေးဆက်သွယ်ရေးလမ်းကြောင်းရရှိမှုကို အခြေခံပြီး တစ်ဆင့်ပြီးတစ်ဆင့်ရှေ့သို့တိုး၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်းကို မိုဘိုင်းစခန်းတာဝါတိုင်များ တည်ဆောက်နိုင်ရေး လိုအပ်ချက်များကို ဦးစွာ တင်ပြအပ်ပါတယ်။

ဒုတိယအနေနဲ့ တင်ပြလိုတာကတော့ မေးခွန်းပါအပိုင်းဖြစ်ပါတယ်။ မေးခွန်းမှာ ပထမ မေးမြန်းထားတဲ့ မိုင်းဖြတ်မြို့နယ်အတွင်းရှိ နမ့်ပန်ကျေးရွာအုပ်စုဖြစ်ပါတယ်။ ကျေးရွာအုပ်စု အတွင်းမှာ ကျေးရွာပေါင်း ၂၄ ရွာ၊ အိမ်ခြေ ၇၀၉ အိမ်နှင့် လူဦးရေ ၄၀၄၀ ဦးရှိသော ကျေးရွာအုပ်စု ဖြစ်ပါတယ်။ လူဦးရေများပြားတဲ့ အဆိုပါကျေးရွာအုပ်စုအတွက်ကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်သွယ်ရေး တာဝါတိုင် ရှိသင့်သောဒေသတစ်ခု ဖြစ်တာ အမှန်ပဲဖြစ်ပါတယ်။ အဲ့ဒါအပြင် မေးခွန်းမှာဆက်လက်ပါရှိတဲ့ ကျိုင်းတုံမြို့နှင့် မိုင်းဖြတ်မြို့ အကြားမှာရှိတဲ့ မိုင် ၃၀ ရွာမှ မိုင်းဖြတ်မြို့အဝင်အထိ အပိုင်းဖြစ်ပါတယ်။ အဲ့ဒီမှာလည်း ဆက်သွယ်ရေးရရှိမှု လိုအပ်ချက်ရှိနေတာ အမှန်ပဲဖြစ်ပါတယ်။ ကျွန်တော် တင်ပြထားခဲ့တဲ့အတိုင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဖိုက်ဘာဆက်ကြောင်း၊ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း စသည့်အဝေးဆက်ကြောင်းများ မရှိခြင်းကြောင့်လည်းကောင်း၊ ဂြိုလ်တုစနစ်ဖြင့် အသုံးပြုမည်ဆိုပါကလည်း ၄ားရမ်းခစရိတ်ကြီးမြင့်နေခြင်းတို့ကြောင့်လည်းကောင်း လက်ရှိအခြေအနေမှာ အဆိုပါဒေသများအတွင်းမှာ အဝေးဆက်သွယ်မှုလမ်းကြောင်း ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း မရှိသေးတဲ့အတွက်ကြောင့် တည်ဆောက်ပေးရန်

အစီအစဉ် မရှိသေးပါကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြန်လည်တင်ပြထားရှိတာ ဖြစ်ပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် တာဝါတိုင်တည်ဆောက်ပေးရန် အစီအစဉ် မရှိသေးပေမဲ့ အခြားဆက်သွယ်ရေး Operator များမှ ဆက်သွယ်ရေးကွန်ရက်များ ချိတ်ဆက် ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၆-၆-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၈၀၇၄/ ၇- ၃၀၈/ အစရ (ရှမ်း)ဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့လည်း ဆက်လက် တင်ပြထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ပဲ ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးသို့ ရှမ်းပြည်နယ် စာရင်းစစ် ချုပ်ရုံးမှ တင်သွင်းလာသော ဘဏ္ဍာနှစ်အလိုက် အစီရင်ခံစာများအပေါ် ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မှုများဖြင့် သက်ဆိုင်ရာ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှလည်း ပေးသွင်းရမည့်ကြွေးကျန်ရန်ပုံငွေများနှင့်ပတ်သက်ပြီး သတ်မှတ်ကာလအတွင်း ပေးသွင်းသွား ပါမည်ဟု ဝန်ခံကတိတွင် လက်မှတ်ရေးထိုးပြီးဖြစ်တာကိုလည်း သိရှိရတာဖြစ်ပါတယ်။ အဆိုပါကိစ္စများနှင့် ပတ်သက်၍ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အစီရင်ခံစာ အပိုဒ် ၃၁(ဃ)အရ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကုမ္ပဏီ ၃ ခုသို့ ချေးငွေထုတ်ချေးမှုများနှင့်စပ်လျဉ်း၍ စိုးလွင်အောင် ဆောက်လုပ်ရေး ကုမ္ပဏီမှ ထုတ်ချေးငွေ ကျပ်သန်း ၃၀၀ အနက်မှ အတိုးပေးသွင်းရမည့်ရက်ထက် နောက်ကျ ပေးသွင်းခြင်းအတွက်ကြောင့် ငွေကျပ် ၆.၇၈၈ သန်းကို ၂၀၁၉ ခုနှစ် ဇွန်လအကုန်တွင် အပြီး ပေးသွင်းဆောင်ရွက်သွားမည်ဟုလည်းကောင်း၊ ဖြူဇင်အုပ်စုကုမ္ပဏီသို့ ထုတ်ချေးငွေကျပ် သန်း ၃,၀၀၀ အနက်မှ ငွေကျပ်သန်း ၁,၆၀၀ နှင့် အတိုးငွေကျပ် ၄၅၅.၈၉၃သန်းကို ၂၀၁၉ ခုနှစ်

ဒီဇင်ဘာလ အကုန်တွင် ပေးဆပ်သွားရန် ကုမ္ပဏီမှ (၇.၆.၂၀၁၉)ရက်စွဲပါတင်ပြစာဖြင့် လည်းကောင်း၊ မင်းကျန်စစ်အုပ်စုကုမ္ပဏီလိမိတက်သို့ ထုတ်ချေးငွေ ကျပ်သန်း ၄,၀၀၀ အနက်မှ ယနေ့ထိ ပြည်နယ်အစိုးရအဖွဲ့သို့ ချေးငွေနှင့် အရင်း၊ အတိုးပေးဆပ်ရန်ရှိသည့် ငွေကျပ်သန်း ၅,၈၀၀ တွင် အတိုးငွေကျပ်သန်း ၁,၈၀၀ ပေးဆပ်ပြီး ကျန်ရှိသည့်ချေးငွေအရင်း ကျပ်သန်း ၄,၀၀၀ကို အခန်း၀ယ်ယူပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားသည် ကိုလည်းကောင်း၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များတွင် စိစစ်တွေ့ရှိချက် အစီရင်ခံစာပါအပိုဒ်(၁၇) တည်ဆောက်ဆဲ အိမ်ရာ စီမံကိန်း(၈)ခုမှ ပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီ(၆)ခုအနေဖြင့်-

(က) စိန်နှင်းဆီ သတ္တုတူးဖော်ရေးကုမ္ပဏီလိမိတက်မှ လွိုင်ခမ်းအိမ်ရာစီမံကိန်း လုပ်ငန်းအတွက် ၂၃ ရာခိုင်နှုန်း အကျိုးအမြတ်ပေးသွင်းရန်ကျန်ငွေကျပ် သိန်း ၈၀၀ နှင့် လုပ်ငန်းအာမခံငွေကျပ် သန်း ၁၀၀ ကို (၃၀.၁၁.၂၀၁၉) ရက်နေ့တွင် ငွေကျပ်သန်း ၄၅၀ အား ပေးသွင်းဆောင်ရွက်ရန် (၇.၆.၂၀၁၉)ရက်ဖြင့် လည်းကောင်း၊

(ခ) ရွှေနန်းတော်၀င်အိမ်ရာစီမံကိန်းလုပ်ငန်းအတွက် ပေးသွင်းရန်ကျန်ရှိသည့် ငွေကျပ် ၂၈၇.၆၈၂ သန်းအား (၂၉.၆.၂၀၁၉)တွင် ငွေကျပ် ၈၇.၆၈၂ သန်းအား လည်းကောင်း၊ ၂၀၁၉ ခုနှစ် ၁၀ လ ပိုင်းမှာ ငွေကျပ်သန်း ၅၀ အားလည်းကောင်း၊ ၂၀၂၀ ခုနှစ် ၁ လပိုင်းတွင် ငွေကျပ်သန်း ၅၀အားလည်းကောင်း ပေးသွင်းမည်ဟု (၆.၆.၂၀၁၉) ရက်စွဲဖြင့် တင်ပြထားသည်ကိုလည်းကောင်း၊

(ဂ) ထင်းရှူးမြေအိုအေစစ်ဒေသဖွံ့ဖြိုးရေးကုမ္ပဏီလိမိတက်မှ Pine Wood အိမ်ရာ စီမံကိန်းလုပ်ငန်းအတွက် ပေးသွင်းရန်ကျန်ရှိသည့် ငွေကျပ် ၄၇၅.၆၀၆ သန်းကို (၃၁.၁၁.၂၀၁၉)ရက်နေ့ မတိုင်မီ ပေးသွင်းသွားမည်ဟု (၇.၅.၂၀၁၉) ရက်စွဲပါ စာဖြင့်လည်းကောင်း၊

(ဃ) Shining Myanmar Co.,Ltd မှ ချယ်ရီမြို့အိမ်ရာစီမံကိန်းအတွက် ၂၃ ရာခိုင် နှုန်း အကျိုးအမြတ် ပေးသွင်းရန် ကျန်ရှိသည့် ငွေကျပ် ၉၁၈ သန်းကို ၂၀၁၉ ခုနှစ် ၁၂ လ ပိုင်းတွင် ငွေကျပ် ၃၁၈ သန်းနှင့် ကျန်ရှိငွေများကို ၂၀၂၀ ခုနှစ် ၉ လ ပိုင်း

တွင် အပြီးပေးသွင်းသွားမည်ဖြစ်ကြောင်း (၇.၆.၂၀၁၉) ရက်စွဲပါစာဖြင့် လည်းကောင်း၊

(ဂ) ချယ်ရီမြိုင်ကုမ္ပဏီလိမိတက်မှ ချယ်ရီမြိုင်အိမ်ရာ တည်ဆောက်ရေး စီမံကိန်းများမှာ မြေယာအငြင်းပွားမှုများဖြစ်နေ၍လည်းကောင်း၊

(စ) တော်ဝင်ရဲထွဋ်မိုးကောင်းအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလိမိတက်မှ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများအတွက် ပေးသွင်းရန် ကျန်ရှိသည့် ငွေကျပ် ၁၆၁.၇၄၀ သန်းကို နယ်မြေငြိမ်းချမ်းမှုရရှိပြီး စီမံကိန်းလုပ်ငန်းများ စတင်နိုင်မှသာ ပေးသွင်းမည်ဟူ၍လည်းကောင်း၊

ရှမ်းပြည်နယ်စာရင်းစစ်ချုပ် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် အတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ အပိုဒ်(၁၅) (၃၁.၃.၂၀၁၇) ဆောင်ရွက်ဆဲ လျှပ်စစ်ဓာတ်အားစီမံကိန်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း(၁၁)ခု၊ အပိုဒ်(၁၆)မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ဒုတိယခြောက်လမှာ MOU မှ MOA သဘောတူစာချုပ်ချုပ်သည့် စီမံကိန်း (၂)ခု၊ စုစုပေါင်း စီမံကိန်း(၁၃)ခုအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေစာရင်းများ ခေါင်းစဉ်အလိုက်ပေးသွင်းရမည့် စုစုပေါင်းငွေကျပ် ၅၅၈.၉၄၅ သန်းမှ ငွေကျပ် ၄၁၀.၃၄၅ သန်းကိုပေးသွင်းထားပြီဖြစ်သလို ပေးသွင်းရမည့် ရန်ပုံငွေမှ စုစုပေါင်းကျန်ငွေကျပ် ၁၄၇.၆၀၀ သန်းဖြစ်ပြီး ကုမ္ပဏီမှပေးသွင်းရမည့် လုပ်ငန်းအာမခံငွေကျပ်သန်း ၁၀၀ ကို ပြန်လည်ထုတ်ပေးရမည်ဖြစ်၍ ကျန်ရှိငွေများကို (၅.၂.၂၀၁၈)ရက်စွဲဖြင့် သက်ဆိုင်ရာကုမ္ပဏီများကိုလည်း အကြောင်းကြားထားပြီးဖြစ်တာကိုလည်း သိရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါစာရင်းဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေသို့ ရရှိလာမည့်ရန်ပုံငွေများ ရရှိလာပြီဆိုရင်လည်းပဲ ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာမြို့နယ်များအလိုက် အဓိကလိုအပ်ချက်များ အပေါ်မူတည်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့ကိုလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်မံ၍ တင်ပြအပ်ပါတယ်။ သို့ပါသောကြောင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းအပ်ပါတယ်-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အစီရင်ခံစာပါ စိစစ်တွေ့ရှိချက် အပိုဒ် ၃၁(ဃ)ရ ကုမ္ပဏီ ၃ ခု မှ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ချေးငွေထုတ်ချေးထားသော စိုးလွင် အောင်ဆောက်လုပ်ရေးကုမ္ပဏီ၊ ဖြူဇင်အုပ်စုကုမ္ပဏီတို့မှ သတ်မှတ်ကာလ အတွင်း ပေးသွင်းမှု ရှိ/ မရှိ။ ပေးသွင်းငွေ မည်မျှရှိသနည်း။ မင်းကျန်စစ်ကုမ္ပဏီ အနေဖြင့် ကျန်ရှိသည့် ချေးငွေအရင်း ကျပ်သန်း ၄,၀၀၀ ကို အခန်းဝယ်ယူပေး ရန် တင်ပြစာအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆက်လက်ပြီး ကြီးကြပ်နေသနည်း။

(ခ) ရှမ်းပြည်နယ်စာရင်းစစ်ချုပ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များတွင် စိစစ်တွေ့ရှိချက် အစီရင်ခံစာအပိုဒ်(၁၇) စီမံကိန်း (၈)ခုမှ ပေးသွင်းရန် ကျန်ရှိသည့် ကုမ္ပဏီ(၆)ခုအနေဖြင့် သတ်မှတ်ကာလ အတွင်း ပေးသွင်းမှု ရှိ/ မရှိ၊ ပေးသွင်းငွေ မည်မျှရှိပြီး၊ ပေးသွင်းရန်ကျန်ရှိ ကုမ္ပဏီ ရှိပါက မည်သည့်ကုမ္ပဏီဖြစ်သနည်း။

(ဂ) ရှမ်းပြည်နယ်စာရင်းစစ်ချုပ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ အပိုဒ်(၁၅)(၁၆) စီမံကိန်း(၁၃)ခုမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ငွေစာရင်းခေါင်းစဉ်အလိုက် ပေးသွင်းမှု ရှိ/ မရှိ၊ ပေးသွင်းမှုရှိပါကမည်မျှနည်း။ ပေးသွင်းရန် ကျန်ရှိသည့် ကုမ္ပဏီများရှိပါက မည်သည့်ကုမ္ပဏီများဖြစ်သနည်း တို့ဖြစ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အပေါင်း မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေ။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက်ရဲ့ မေးမြန်းချက်အရ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေးသို့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်သွင်းလာသော ဘဏ္ဍာရေးနှစ်အလိုက်

စိစစ်တွေ့ရှိချက်များအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့ကြီးကြပ် ဆောင်ရွက်နေသည်ကို အောက်ပါအတိုင်း သိရှိလိုပါသည်-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အစီရင်ခံစာပါ စိစစ်တွေ့ရှိချက် အပိုဒ် ၃၁ (ဃ)အရ ကုမ္ပဏီ(၃)ခုက ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ချေးငွေ ထုတ်ချေးထားသော စိုးလွင်အောင်ဆောက်လုပ်ရေးကုမ္ပဏီ၊ ဖြူဇင်အုပ်စုကုမ္ပဏီတို့မှ သတ်မှတ်ကာလအတွင်း ပေးသွင်းမှု ရှိ/ မရှိ၊ ပေးသွင်းငွေမည်မျှရှိသနည်းနှင့် မင်းကျန်စစ်ကုမ္ပဏီ အနေဖြင့် ကျန်ရှိသည့် ချေးငွေအရင်းကျပ်သန်း(၄,၀၀၀)ကို အခန်းဝယ်ယူပေးရန် တင်ပြထားမှုအပေါ် ပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆက်လက်ကြီးကြပ်နေသနည်း။

(ခ) ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များတွင် စိစစ်တွေ့ရှိချက် အစီရင်ခံစာပါ အပိုဒ် ၁၇ အိမ်ရာစီမံကိန်း(၈)ခုမှ ပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီ (၆)ခု အနေဖြင့် သတ်မှတ်ထားသည့် ကာလအတွင်း ပေးသွင်းမှု ရှိ/ မရှိ၊ ပေးသွင်းငွေ မည်မျှရှိပြီး ပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီရှိပါက မည်သည့်ကုမ္ပဏီဖြစ်သနည်း။

(ဂ) ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ အပိုဒ် ၁၅၊ ၁၆ စီမံကိန်း(၁၃)ခုမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ငွေစာရင်းခေါင်းစဉ်အလိုက် ပေးသွင်းမှု ရှိ/ မရှိ၊ ရှိပါက ပေးသွင်းငွေမည်မျှရှိပြီး ပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီရှိပါက မည်သည့်ကုမ္ပဏီဖြစ်သနည်း။ ဆိုသည့်မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁- ၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အစီရင်ခံစာပါ စိစစ်တွေ့ရှိချက် အပိုဒ် ၃၁ (ဃ)အရ ကုမ္ပဏီ (၃)ခုက ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ချေးငွေထုတ်ချေးထားသော အခြေအနေမှာ စိုးလွင်အောင် ဆောက်လုပ်ရေးကုမ္ပဏီမှ ပေးသွင်းရန် ကျန်ရှိသည့် ငွေကျပ်(၆.၇၈၈)သန်းအား (၁၇.၆.၂၀၁၉) ရက်စွဲပါချလန်အမှတ် (၇၉)ဖြင့် ပေးသွင်းထားပြီးဖြစ်၍ ပြေကျေပြီးဖြစ်ပါတယ်။

ဖြူဇင်အုပ်စုကုမ္ပဏီမှ တောင်ကြီးမြို့၊ အဆင့်မြင့်ယာဉ်ရပ်နား စခန်း တည်ဆောက်ရေး လုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံမှ ငွေကျပ် သန်း(၃,၀၀၀)အား ချေးယူခဲ့ရာ (၂၆-၂-၂၀၂၀) ရက်နေ့တွင် အရင်းငွေအား အပြေအကျေ ပေးသွင်းထားပြီးဖြစ်ပါတယ်။ (၂၆-၂-၂၀၂၀) ရက်နေ့အထိ အတိုးငွေကျပ် (၉၀၇.၄၂၀)သန်း ပေးသွင်းရန် ကျန်ရှိနေပြီး ယခုအခါ ဆောက်လုပ်ရေးလုပ်ငန်းများသည် COVID-19 ရောဂါနှင့်အတူ စီးပွားရေး ကျဆင်းလျက်ရှိသဖြင့် ၂၀၂၀ - ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း(၄၅၀)နှင့် ၂၀၂၁ - ၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် (၄၅၇.၄၂၀)သန်းအား ပေးသွင်းခွင့်ပြုပါရန် အဆိုပါကုမ္ပဏီ၏ တင်ပြလာမှုအပေါ် (၉.၄.၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ်(၂-၄/၂၀၂၀) ဆုံးဖြတ်ချက် အပိုဒ် ၅(စ္ဆ) အရ ခွင့်ပြုထားရှိပါတယ်။

မင်းကျန်စစ်ကုမ္ပဏီ၏ ကျန်ရှိသည့် ချေးငွေအရင်းကျပ်သန်း(၄,၀၀၀)ကို အခန်းဝယ်ယူပေးရန်နှင့်ပတ်သက်၍ (၈.၇.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၈၉၂၉/ ၇ - ၂၁၆ / အစရ(ရှမ်း) ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ (၁၄.၈.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၁၅၃၉/ ၂၅၄-ချေးငွေ ၁-၇/ အဖရ(၂၀၁၉)ဖြင့် ကုမ္ပဏီမှ အဆောက်အဦဆောက်လုပ်မည့်စီမံချက်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝယ်ယူမည့်အဆောက်အဦများအား စီမံခန့်ခွဲအသုံးပြုမည့် အစီအမံ ချမှတ်ဆောင်ရွက်သင့်ကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်အတိုင်း သိရှိဆောင်ရွက်နိုင်ရန် အကြောင်းကြားထားရှိပါတယ်။

မင်းကျန်စစ်ဆောက်လုပ်ရေးကုမ္ပဏီလိမိတက်မှ အေးသာယာပြည်သူ့ ဝန်ထမ်းအိမ်ရာ စီမံကိန်းလုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ချေးယူထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးရုံးခန်း၌ ၄-၄-၂၀၂၀ ရက်နေ့၊ (၁၃:၀၀)နာရီအချိန်တွင် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်၊ မင်းကျန်စစ်ဆောက်လုပ်ရေးကုမ္ပဏီလိမိတက်နှင့် Grand National Capital Co.,Ltd(GNC) တို့သည် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး အစည်းအဝေး၌ “မင်းကျန်စစ် ဆောက်လုပ်ရေးကုမ္ပဏီလိမိတက်မှ ချေးငွေကျပ်သန်း(၄,၀၀၀) ချေးယူထားသည့်ကိစ္စနှင့်ပတ်သက်၍ ငွေကျပ် သန်း(၂၄၀၀)အား လက်ငင်းပေးသွင်းပြီး ကျန်ငွေကျပ် သန်း(၁၆၀၀)အား ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ယခုအစိုးရ သက်တမ်းကာလအတွင်း အပြီးပေးသွင်းရန်၊ အတိုးငွေ ကျပ်သန်း(၂၀၀၀) ခန့်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ

တန်ဖိုးတွက်ချက်ပြီး နေအိမ်တိုက်ခန်း ခုနှိမ်ဝယ်ယူမည်ဖြစ်၍ ကုမ္ပဏီမှ (၁)နှစ်ကို အခန်း အားလုံး၏ တစ်ဝက်အပ်နှံရန်နှင့် ကျန်အခန်းများကို နောက်နှစ်အတွင်း အပြီးအပ်နှံရန် ဆွေးနွေးဆုံးဖြတ်ခဲ့မှုအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ စီမံကိန်းလုပ်ငန်းများအတွက် ပေးသွင်းရန် ကျန်ရှိသည့် ကုမ္ပဏီ(၆)ခုမှ စိန်နှင်းဆီသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးဝင်းဝဏ္ဏဝင်း၊ ထင်းရှူးမြေ အိုအေစစ် ဒေသဖွံ့ဖြိုးရေးကုမ္ပဏီလိမိတက်၊ ချယ်ရီမြိုင်ကုမ္ပဏီလိမိတက်၊ Shining Myanmar Co.,Ltd နှင့် တော်ဝင်ရဲထွဋ်မိုးကောင်း အပြည်ပြည်ဆိုင်ရာကုမ္ပဏီတို့ဖြစ်ပြီး ငွေပေးသွင်းမှု အခြေအနေ အား ပူးတွဲပါနောက်ဆက်တွဲ(က)ဖြင့် ဖော်ပြအပ်ပါတယ်။ ကုမ္ပဏီများမှ ပေးသွင်းရန် ကျန်ရှိ ငွေများအား ပေးသွင်းရန် လစဉ်နှိုးဆော်အကြောင်းကြားဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်များတွင် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပါ အပိုဒ် ၁၅၊ ၁၆ စီမံကိန်း (၁၃)ခု အနက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စာရင်းစစ်၊ စစ်ဆေးချက်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ငွေစာရင်းခေါင်းစဉ်အလိုက် ပေးသွင်းရမည့်စာရင်း၊ ပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီများ၏ အမည်နှင့် ကြွေးကျန်စာရင်းများကို နောက်ဆက်တွဲ(ခ)၊ (ဂ)တို့ဖြင့် ဖော်ပြ ထားပြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၅-၂-၂၀၁၈ ရက်စွဲပါစာအမှတ်၊ (၁၄၆၁)/၆-၂၃၄/အစရ (ရှမ်း)၊ ၂၇-၆-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ (၈၀၄၉)/၈-၁၁၂/အစရ(ရှမ်း၊ ၂၁-၂-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ (၁၉၂)/၈-၁၁၂/ အစရ(ရှမ်း)နှင့် ၁၉-၅-၂၀၂၀ ရက်စွဲပါစာအမှတ်၊ (၇၀၀၇)/၈-၁၁၂/ အစရ(ရှမ်း)တို့ဖြင့် နှိုးဆော်အကြောင်းကြားထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နောက်ဆက်တွဲ(က)

ရှမ်းပြည်နယ်ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကော်မတီနှင့် အကျိုးတူလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများမှ (၃၁.၅.၂၀၂၀)ရက်နေ့အထိ ပေးသွင်းရန်၊ ပေးသွင်းပြီး၊ ပေးသွင်းရန်ကျန်ရှိမှုအခြေအနေ

စဉ်	ကုမ္ပဏီ အမည်	၂၃% အကျိုးအမြတ်(MD)			ပရီမီယံကြေး(MD)			မြေငှားရမ်းခ(MD)		
		ပေးသွင်း ရန်	ပေးသွင်း ပြီး	ပေး သွင်း ရန် ကျန်	ပေး သွင်း ရန်	ပေးသွင်း ပြီး	ပေးသွင်း ရန်ကျန်	ပေး သွင်း ရန်	ပေး သွင်း ပြီး	ပေး သွင်း ရန် ကျန်
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁
၁	စိန်နှင်းဆီ	၁၆၇၈.၁၄၉	၈၇၈.၁၄၉	၈၀၀.၀၀၀	၁၄၆.၄၆၀	၁၄၆.၄၆၀				
၂	ဦးဝင်းဝဏ္ဏဝင်း	၂၇၈.၁၂၂	၁၄၈.၆၄၂	၁၂၉.၄၈၀	၂၉.၀၄၀	၂၉.၀၄၀				
၃	ထင်းရှူးမြေ အိုအေစစ်	၁၀၁၅.၆၀၆	၅၅၀.၀၀၀	၄၆၅.၆၀၆						
၄	ချယ်ရီမြိုင်	၂၁၆.၄၀၆		၂၁၆.၄၀၆	၆၀.၀၀၀		၆၀.၀၀၀			
၅	Shining Myanmar	၂၂၉၅.၀၀၀	၁၃၇၇.၀၀၀	၉၁၈.၀၀၀						
၆	တော်ဝင်ရဲထွဋ် မိုးကောင်း				၈၈.၂၀၀	၃၄.၄၀၀	၅၃.၈၀၀	၂.၉၄၀	၂.၉၄၀	
	စုစုပေါင်း	**၅၄၈၃.၂၈၃**	**၂၉၅၃.၇၉၁**	**၂၅၂၉.၄၉၂**	**၃၂၃.၇၀၀**	**၂၀၉.၉၀၀**	**၁၁၃.၈၀၀**	**၂.၉၄၀**	**၂.၉၄၀**	

နောက်ဆက်တွဲ(က)

စဉ်	ကုမ္ပဏီ အမည်	လုပ်ငန်းအာမခံ(CF)			လက်မှတ်ရေးထိုးမှုဆုငွေ(KBZ)			ဒဏ်ကြေး(MD)		
		ပေးသွင်း ရန်	ပေးသွင်း ပြီး	ပေးသွင်း ရန်ကျန်	ပေးသွင်း ရန်	ပေးသွင်း ပြီး	ပေးသွင်း ရန်ကျန်	ပေးသွင်း ရန်	ပေးသွင်း ပြီး	ပေးသွင်း ရန်ကျန်
၁	၂	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀
၁	စိန်နှင်းဆီ	၁၀၀.၀၀၀		၁၀၀.၀၀၀	၁၀.၀၀၀		၁၀.၀၀၀	၀.၉၆၀		၀.၉၆၀
၂	ဦးဝင်းဝဏ္ဏဝင်း	၁၀၀.၀၀၀		၁၀၀.၀၀၀	၁၀.၀၀၀	၁၀.၀၀၀		၂၈.၄၄၀		၂၈.၄၄၀
၃	ထင်းရှူးမြေ အိုအေစစ်	၁၀၀.၀၀၀		၁၀၀.၀၀၀	၁၀.၀၀၀		၁၀.၀၀၀			
၄	ချယ်ရီမြိုင်				၁၀.၀၀၀		၁၀.၀၀၀	၂၇.၅၂၀		၂၇.၅၂၀
၅	Shining Myanmar	၁၀၀.၀၀၀		၁၀၀.၀၀၀						
၆	တော်ဝင်ရဲထွဋ် မိုးကောင်း	၁၀၀.၀၀၀		၁၀၀.၀၀၀						
	စုစုပေါင်း	**၅၀၀.၀၀၀**		**၅၀၀.၀၀၀**	**၄၀.၀၀၀**	**၁၀.၀၀၀**	**၃၀.၀၀၀**	**၅၆.၉၂၀**		**၅၆.၉၂၀**

နောက်ဆက်တွဲ(ခ)

ရေအားလျှပ်စစ်စီမံကိန်းများမှ ရှမ်းပြည်နယ်အစိုးရသို့ ငွေစာရင်းခေါင်းစဉ်အလိုက် ပေးသွင်းရမည့်စာရင်းများ

ကျပ်သန်းပေါင်း

စဉ်	ကုမ္ပဏီ	မြေငှားရမ်းခ (MD) (နှစ်စဉ်)	မြေအသုံးချမှုပရီမီယံကြေး (MD) (၁ကြိမ်သာ)	PG အာမခံကြေး (MD) (၁ကြိမ်သာ)	ဆုငွေ (CF) (၁ကြိမ်သာ)	ဒဏ်ကြေး (CF)	စာချုပ်ချုပ်ဆိုသည့်နေ့ရက်	မှတ်ချက်
၁	မြန်မာဟိုက်ဒရိုပါဝါ (တပ်ကြီး)	၆.၀၀၀	၁၂၀.၀၀၀	၂၀.၀၀၀	၁၀.၀၀၀	၇.၈၅၀	၁၉.၂.၂၀၁၅	
၂	ထွန်းနှင့်သန်းကုမ္ပဏီ (နမ့်စောင်ငေါင်း)	၁.၇၅၈	၂၄.၁၈၀	၂၀.၀၀၀	၁၀.၀၀၀		၁၄.၁.၂၀၁၆	
၃	ဇိုက်ရှိန်းပို့ (ပါကျက်ဟော်)	၀.၈၂၅	၁၆.၅၀၀	၂၀.၀၀၀	၁၀.၀၀၀		၂၉.၂.၂၀၁၅	
၄	ပန်ခွန် (နမ်ဆောင်)	၃.၄၉၅	၆၉.၂၁၀	၂၀.၀၀၀	၁၀.၀၀၀		၂၉.၂.၂၀၁၅	
၅	မြသင်းကြူ (နမ့်မျော်)	၁.၇၅၈	၃၅.၁၆၀	၂၀.၀၀၀	၁၀.၀၀၀		၁၉.၂.၂၀၁၆	
၆	ကျိုင်းတုံစွမ်းအင် (နမ့်ဝုတ်)	၄.၀၅၀	၈၁.၀၀၀	၂၀.၀၀၀	၁၀.၀၀၀		၁၉.၂.၂၀၁၆	
၇	ကျိုင်းတုံစွမ်းအင် (နမ့်လပ်)	၅.၆၀၁	၁၁၁.၁၂၀	၂၀.၀၀၀	၁၀.၀၀၀		၁၄.၁.၂၀၁၆	
၈	လွယ်ဆမ်ဆုံ	၀.၇၅၀	၁၅.၀၀၀	၂၀.၀၀၀	၁၀.၀၀၀		၁၄.၁.၂၀၁၆	
၉	မြန်မာဟိုက်ဒရိုပါဝါ (နမ့်ကန်)		၁၀.၀၀၀	၁၂.၀၀၀		၆.၅၄၀	၁၄.၁.၂၀၁၆	
၁၀	မြန်မာဟိုက်ဒရိုပါဝါ (မင်းလှ)		၁၀.၀၀၀	၁၂.၀၀၀		၆.၅၄၀	၁၄.၁.၂၀၁၆	
၁၁	ငွေရည်ပုလဲ	၃.၇၅၀	၇၅.၀၀၀	၁၀၀.၀၀၀			၁၄.၁၂၀၁၆	
၁၂	မင်းခေတ်သစ်	၃.၇၅၀	၅၀.၀၀၀	၁၀၀.၀၀၀		၀.၄၂၀	၁၄.၁.၂၀၁၆	
၁၃	မဂ္ဂါမြန်မာစွမ်းအင် (နမ့်လိန်)	၀.၁၅၀	၃.၀၀၀	၁၀၀.၀၀၀			၁၄.၁.၂၀၁၆	
၁၄	မဂ္ဂါမြန်မာစွမ်းအင် (နမ့်ပိန်း)	၀.၅၂၅	၁၅.၀၀၀	၁၀၀.၀၀၀			၁၆.၁၀.၂၀၁၈	
၁၅	မြန်မာရောမွန် (မယ်ဟုတ်)		၁၀.၀၀၀	၂၀.၀၀၀			၂၈.၆.၂၀၁၈	
၁၆	ကျိုင်းတုံစွမ်းအင် (နမ့်ဝုတ်-၂)	၃.၈၉၅	၁၀.၀၀၀	၁၀.၀၀၀		၀.၈၄၀	၂၄.၈.၂၀၁၈	
၁၇	ကျိုင်းတုံစွမ်းအင် (နမ့်စို)	၃.၄၂၀	၁၀.၀၀၀	၁၀.၀၀၀		၀.၈၄၀	၂၄.၈.၂၀၁၈	
၁၈	Uni Energy		၁၀.၀၀၀	၁၅.၀၀၀			၁၄-၈-၂၀၁၉	
၁၉	YS Golden Butterfly	-	၁၀၀.၀၀၀	၁၅၀.၀၀၀	-		၃-၄-၂၀၂၀	
	စုစုပေါင်း	**၃၉.၅၂၉**	**၅၅၅.၁၅၀**	**၅၈၉.၀၀၀**	**၈၀.၀၀၀**	**၂၃.၀၃၀**		

နောက်ဆက်တွဲ(ဂ)

၂၀၁၈-၂၀၁၉ခုဘဏ္ဍာရေးနှစ်စာရင်းစစ်ဆေးချက်အရ

ရေအားလျှပ်စစ်ကုမ္ပဏီများမှ ပေးသွင်းရန် ကြွေးကျန်စာရင်းများ ၂၀၁၈-၂၀၁၉ ထိ

၁၉-၅-၂၀၂၀ **ကျပ်သန်းပေါင်း**

စဉ်	ကုမ္ပဏီအမည်	မြေငှားရမ်းခ	ပရီမီယံကြွေး	အာမခံကြွေး	ဒဏ်ကြွေး	ဆုငွေ	မှတ်ချက်
၁။	မြန်မာဟိုက်ဒရိုပါဝါ (တပ်ကြီး)	-			၇.၈၅၀		အာမခံကြွေးနောက်ကျ (၁၅၇)ရက်
၂။	မြန်မာဟိုက်ဒရိုပါဝါ (နမ့်ကန်)	-	၅.၀၀၀	၁၂.၀၀၀	၆.၅၄၀	-	
၃။	မြန်မာဟိုက်ဒရိုပါဝါ (မင်းလှ)	-	၅.၀၀၀	၁၂.၀၀၀	၆.၅၄၀	-	
၄။	ဇိုက်ရှိန်း	၀.၈၂၅	၁၆.၅၀၀	၂၀.၀၀၀	-	၁၀.၀၀၀	
၅။	ပန်ခွန်	၂.၃၀၇	-	-	-	-	၂၀၁၇-၂၀၁၈ ၂၀၁၈-၂၀၁၉
၆။	မဂ္ဂါမြန်မာစွမ်းအင် (နမ့်လိန်)	-	-	၁၀၀.၀၀၀	-	-	
၇။	မြန်မာရောမွန်	-	-	၂၀.၀၀၀	-	-	
၈။	ကျိုင်းတုံစွမ်းအင် (နမ့်ဝုတ်-၂)	-	-	-	၀.၈၄၀	-	
၉။	ကျိုင်းတုံစွမ်းအင် (နမ့်စိုး)	-	-	-	၀.၈၄၀	-	
၁၀။	Uni Energy	-	၅.၀၀၀	-	-	-	
	စုစုပေါင်း	**၃.၁၃၂**	**၃၁.၅၀၀**	**၁၆၄.၀၀၀**	**၂၂.၆၁၀**	**၁၀.၀၀၀**	

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ယနေ့မေးခွန်းကို တိုက်ရိုက် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများဖြစ်သည့်-

(၁) မဲနယ်တောင်ကျေးရွာအုပ်စု၊ အထက(ခွဲ)မဲနယ်တောင်အား အထက (မဲနယ်တောင်)၊

(၂) မိုင်းလီကျေးရွာအုပ်စု၊ အ.ထ.က(ခွဲ)မိုင်းလီအား အ.ထ.က (မိုင်းလီ)၊

(၃) ထယ်သွန်းကျေးရွာအုပ်စု၊ အ.ထ.က (ခွဲ)သဲကုန်းအား အ.ထ.က (သဲကုန်း)၊

(၄) သိမ်ကုန်းကျေးရွာအုပ်စု၊ အ.လ.က(ခွဲ) သိမ်ကုန်းအား အ.လ.က (သိမ်ကုန်း)၊

(၅) ကူးကော်ကျေးရွာအုပ်စု၊ မူလွန်စံသီးကုန်းအား အ.လ.က (ခွဲ)စံသီးကုန်း၊

(၆) ပင်ပျော်ကျေးရွာအုပ်စု၊ မူလွန်ပင်ပျော်အား အ.လ.က(ခွဲ)ပင်ပျော်၊

(၇) မိုင်းလီကျေးရွာအုပ်စု၊ မူလွန်အိမ်ပုအား အ.လ.က(ခွဲ)အိမ်ပု၊

(၈) နန်းကုန်းကျေးရွာအုပ်စု၊ မူလွန်နန်းကုန်းနီးအား အ.လ.က(ခွဲ)နန်းကုန်းနီး၊

(၉) ကျောက်စုကျေးရွာအုပ်စု၊ အမက(ခွဲ)ကျောက်စုအား အ.မ.က ကျောက်စု၊

(၁၀) ညောင်ဝန်းကျေးရွာအုပ်စု၊ အ.မ.က(ခွဲ)ညောင်ဝန်းအား အ.မ.က ညောင်ဝန်း၊

(၁၁) သိမ်ကုန်းကျေးရွာအုပ်စု၊ အ.မ.က(ခွဲ) ကုန်းစောင်းအား အ.မ.က ကုန်းစောင်း၊

(၁၂) မိုင်းလီကျေးရွာအုပ်စု၊ အ.မ.က(ခွဲ)ကျောက်ပုလင်အား အ.မ.က ကျောက်ပုလင်သို့ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရန်အတွက် မည်သို့စီမံဆောင်ရွက်ပေးထားမည်ကို ရှုမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ပင်းတယမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း(၁၂)ကျောင်းအား ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်ဆိုသည့်မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် ရှမ်းပြည်နယ်တစ်ခုလုံးအနေနဲ့ အထက်တန်းကျောင်း (၂၂)ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) (၃၆)ကျောင်း၊ အလယ်တန်းကျောင်း (၅၃)ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) (၁၀၄) ကျောင်း၊ မူလတန်းလွန် (၁၆၆)ကျောင်း၊ မူလတန်းကျောင်း (၁၁၄)ကျောင်း၊ မူလတန်းကျောင်း(ခွဲ) (၇၂)ကျောင်း၊ စုစုပေါင်း (၅၆၇)ကျောင်း အသီးသီး အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အနေနဲ့ကတော့ အထက်တန်းကျောင်း (၇)ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) (၁၅) ကျောင်း၊ အလယ်တန်းကျောင်း (၃၃)ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) (၆၇)ကျောင်း၊ မူလတန်းလွန်ကျောင်း (၈၅)ကျောင်း၊ မူလတန်းကျောင်း (၄၁) ကျောင်း၊ မူလတန်းကျောင်း(ခွဲ) (၃၁)ကျောင်း၊ စုစုပေါင်း ရှမ်းပြည်နယ်(တောင်ပိုင်း)အနေနဲ့ (၂၇၉)ကျောင်း အသီးသီး အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယနှင့်ရွာငံမြို့နယ်အနေနဲ့ အထက်တန်းကျောင်း (၂)ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) (၂)ကျောင်း၊ အလယ်တန်းကျောင်း (၂)ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) (၆)ကျောင်း၊ မူလတန်းလွန်ကျောင်း (၅)ကျောင်း၊ စုစုပေါင်း ကျောင်းပေါင်း(၁၇)ကျောင်း အသီးသီး အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ ပင်းတယမြို့နယ်အနေနဲ့ကတော့ အောက်ဖော်ပြပါ အထက်တန်းကျောင်း (၁)ကျောင်း၊ အလယ်တန်းကျောင်း (၁)ကျောင်း၊

အလယ်တန်းကျောင်း(ခွဲ) (၄)ကျောင်း၊ စုစုပေါင်း (၆)ကျောင်း အသီးသီး အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိတဲ့ကျောင်းများကတော့-

(က) မဲနယ်တောင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဆင့်သို့လည်းကောင်း၊

(ခ) သိမ်ကုန်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဆင့်သို့လည်းကောင်း၊

(ဂ) စံသီးကုန်း၊ ပင်ပျော်၊ အိမ်ပုနှင့် နန်းကုန်းနီး အခြေခံပညာမူလတန်း(လွန်)ကျောင်း(၄)ကျောင်းကို အလယ်တန်းကျောင်း(ခွဲ)အဆင့်သို့လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ပါတယ်။

လွတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ မေးခွန်းပါ ကျောင်း ၁၂ ကျောင်းအနက် အထက်တန်းကျောင်း(ခွဲ) မဲနယ်တောင်၊ အလယ်တန်းကျောင်း(ခွဲ)သိမ်ကုန်း၊ မူလွန် စံသီးကုန်း၊ မူလွန် ပင်ပျော်၊ မူလွန် အိမ်ပုနှင့် မူလွန် နန်းကုန်းနီး ကျောင်း(၆)ကျောင်းဟာ လက်ရှိ ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ပြီးဖြစ်ပါတယ်။

ကျန်တဲ့ကျောင်းများအနက် ပထမကျောင်းဖြစ်တဲ့ မိုင်းလီ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ကျောင်းမြေ (၄.၂၆)ဧကော ရှိပြီး ကျောင်းမြေပိုင်ဆိုင်မှုပုံစံ (၁၀၅)ရှိပါတယ်။ ကျောင်းဆောင်(၅)ဆောင်နှင့် စာသင်ခန်း(၁၃)ခန်း၊ မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူ (၉၃)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/ကျောင်းသူ (၂၂၅)ဦးနှင့် အထက်တန်းအဆင့် ကျောင်းသား/ကျောင်းသူ (၁၁၂)ဦး၊ စုစုပေါင်းကျောင်းသား/ကျောင်းသူ (၄၃၀)ဦးရှိပြီး ပင်မကျောင်း ဖြစ်သော အ.ထ.ကမိုင်းအင်နှင့် (၇)မိုင် ခန့်ကွာဝေးပါတယ်။ အ.ထ.က အဆင့်တိုးမြှင့်ဖွင့်လှစ်ရန်အတွက် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ အထက်တန်းအဆင့်ကျောင်းသားဦးရေ(၂၀၀) မပြည့်သဖြင့် ပညာရေး ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိတဲ့အတွက်ကြောင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် မရရှိခဲ့တာဖြစ်ပါတယ်။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းအဆင့်တိုး ခေါ်ယူသည့်အချိန်တွင် အခြေခံပညာဦးစီးဌာနသို့ ထပ်မံတင်ပြပေးသွားမှာဖြစ်ပါတယ်။

ဒုတိယကျောင်းဖြစ်တဲ့ သဲကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ ကျောင်းမြေ (၃.၃၀)ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)ရှိပါတယ်။ ကျောင်းဆောင် (၃)ဆောင် နှင့် စာသင်ခန်း(၁၂)ခန်း၊ မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူ (၄၇)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/ကျောင်းသူ (၁၂၂)ဦးနှင့် အထက်တန်းအဆင့် ကျောင်းသား/ကျောင်းသူ (၉၇)ဦး၊ စုစုပေါင်း ကျောင်းသား/ကျောင်းသူ (၂၆၆)ဦးရှိပြီး ပင်မကျောင်း ဖြစ်သော အ.ထ.က ပင်းတယနှင့် (၈)မိုင်ခန့်ဝေးပါတယ်။ အ.ထ.က(ခွဲ)ဖွင့်လှစ်သည်မှာလည်း(၄)နှစ်ရှိပြီး ဖြစ်ပါတယ်။ အ.ထ.က အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် သတ်မှတ်ထားသော အထက်တန်းအဆင့် ကျောင်းသား/ ကျောင်းသူဦးရေ(၂၀၀) မပြည့်သဖြင့် ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိတဲ့အတွက်ကြောင့် ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်အတွက် အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် မရရှိခဲ့တာဖြစ်ပါတယ်။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းအဆင့်တိုး ခေါ်ယူသည့်အချိန်တွင် အခြေခံပညာဦးစီးဌာနသို့ ထပ်မံတင်ပြပေးသွားမှာဖြစ်ပါတယ်။

တတိယကျောင်းဖြစ်တဲ့ ကျောက်စု အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဟာ ကျောင်းပိုင်မြေ(၀.၆၈)ဧကော ရှိပြီးကျောင်းမြေပိုင်ဆိုင်မှုပုံစံ(၁၀၅)ရှိပါတယ်။ (၆၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်၊ စာသင်ခန်း (၅)ခန်း ရှိပါတယ်။ ကျောင်းသား/ကျောင်းသူများအနေနဲ့ KG (၁၀)ဦး၊ ဒုတိယတန်း (၁၄)ဦး၊ တတိယတန်း (၁၉)ဦး၊ စုစုပေါင်း ကျောင်းသား/ကျောင်းသူ(၄၃)ဦး ရှိပါတယ်။ ပင်မကျောင်း အ.လ.က(ခွဲ) ကျောက်စုနှင့် (၁)မိုင်ခန့် ကွာဝေးပါတယ်။ အ.မ.က(ခွဲ) သက်တမ်းမှာ (၃)နှစ်ရှိပါတယ်။ အ.မ.က အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူဦးရေ (၅၅)ဦးရှိရမည်ဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိတဲ့အတွက် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အ.မ.ကအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့် မရရှိခဲ့တာဖြစ်ပါတယ်။ ၂၀၂၁- ၂၀၂၂ ပညာသင်နှစ် ကျောင်းအဆင့်တိုး ခေါ်ယူသည့်အချိန်မှာ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ထပ်မံတင်ပြပေးသွားမှာဖြစ်ပါတယ်။

စတုတ္ထကျောင်းဖြစ်တဲ့ ညောင်ဝန်း အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဟာ ကျောင်းပိုင်မြေ(၁.၈၀)ဧကော ရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)ရှိပါတယ်။ (၆၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် ကျောင်းဆောင်၊ စာသင်ခန်း(၅)ခန်းရှိပါတယ်။ KG (၁၁)ဦး၊ ပထမတန်း

(၄)ဦး၊ ဒုတိယတန်း (၇)ဦး၊ တတိယတန်း (၆)ဦး၊ စုစုပေါင်း ကျောင်းသား/ကျောင်းသူ (၂၈)ဦးရှိပြီး ပင်မကျောင်း အ.လ.က(ခွဲ)ပိန္နဲကုန်းနှင့် (၀.၂၅)မိုင်ခန့် ကွာဝေးပါတယ်။ အ.မ.က အဆင့် တိုးမြှင့်ဖွင့်လှစ်ရန် မူလတန်းအဆင့် ကျောင်းသားဦးရေ (၅၅)ဦး ရှိရမည်ဖြစ်တဲ့ အတွက်ကြောင့် ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိတဲ့အတွက် အ.မ.က အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် မရရှိခဲ့တာဖြစ်ပါတယ်။ ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် ကျောင်းအဆင့်တိုး ခေါ်ယူသည့်အချိန်တွင် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ထပ်မံတင်ပြပေးသွားမှာဖြစ်ပါတယ်။

ပဉ္စမကျောင်းဖြစ်တဲ့ ကုန်းစောင်းအခြေခံပညာမူလတန်းကျောင်း(ခွဲ)ဟာ ကျောင်းပိုင်မြေ (၀.၇၅)ကော ရှိပြီး ကျောင်းမြေပိုင်ဆိုင်မှုပုံစံ(၁၀၅)ရှိပါတယ်။ (၆၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်၊ စာသင်ခန်း (၅)ခန်းရှိပါတယ်။ KG (၂)ဦး၊ ပထမတန်း (၄)ဦး၊ ဒုတိယတန်း (၁၁)ဦး၊ တတိယတန်း (၆)ဦး၊ စတုတ္ထတန်း (၄)ဦး၊ စုစုပေါင်း ကျောင်းသား/ကျောင်းသူ (၂၇)ဦးရှိပြီး ပင်မကျောင်း အ.လ.က(ခွဲ) သိမ်ကုန်းနှင့် (၁)မိုင်ခန့် ကွာဝေးပါတယ်။ အ.မ.က(ခွဲ) သက်တမ်းမှာ(၃)နှစ် ရှိပြီးဖြစ်ပါတယ်။ အ.မ.က အဆင့် တိုးမြှင့်ဖွင့်လှစ်ရန် မူလတန်းအဆင့် ကျောင်းသားဦးရေ (၅၅)ဦး ရှိရမည်ဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိတဲ့အတွက်ကြောင့် အ.မ.က အဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့် မရရှိခဲ့ပါ။ ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် ကျောင်းအဆင့်တိုး ခေါ်ယူသည့်အချိန်တွင် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ထပ်မံတင်ပြပေးသွားမှာဖြစ်ပါတယ်။

ကျောက်ပုလင် အခြေခံပညာမူလတန်းကျောင်း(ခွဲ)သည် ကျောင်းပိုင်မြေ (၃.၇၃)ကောရှိပြီး ကျောင်းမြေပိုင်ဆိုင်မှုပုံစံ (၁၀၅)ရှိပါတယ်။ (၆၀x၃၀x၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်၊ စာသင်ခန်း(၅)ခန်း ရှိပါတယ်။ KG (၆)ဦး၊ ပထမတန်း(၄)ဦး၊ ဒုတိယတန်း(၅)ဦး၊ တတိယတန်း (၅)ဦး၊ စတုတ္ထတန်း(၄)ဦး၊ စုစုပေါင်း ကျောင်းသား/ကျောင်းသူ (၂၄)ဦးရှိပြီး ပင်မကျောင်း အ.မ.က(လွန်) အိမ်ပုနှင့် (၁)မိုင်ခန့်ကွာဝေးပါတယ်။ အ.မ.က(ခွဲ)သက်တမ်းမှာ (၃)နှစ်ရှိပြီဖြစ်ပါတယ်။ အ.မ.က အဆင့် တိုးမြှင့်ဖွင့်လှစ်ရန် မူလတန်းအဆင့်ကျောင်းသားဦးရေ (၅၅)ဦး ရှိရမှာဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိတဲ့အတွက်ကြောင့် အ.မ.က အဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့် မရရှိခဲ့တာဖြစ်ပါတယ်။ ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ်

ကျောင်းအဆင့်တိုး ခေါ်ယူသည့်အချိန်တွင် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ထပ်မံတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခရေညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ လိုအပ်လျက်ရှိသည့် ဆိုလာမီးရရှိရေးအတွက် ခွင့်ပြုဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်ဟာဆိုလို့ရှိရင် မိုင်းပျဉ်းမြို့ပေါ်တစ်ခုထဲပဲ လျှပ်စစ်အင်ဂျင်မီးစက်ဖြင့် လျှပ်စစ်မီးကို တစ်နေ့လျှင်(၄)နာရီန့ှန်းဖြင့် ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲနိုင်တာဖြစ်ပါတယ်။ ကျန်တဲ့ ကျေးရွာအုပ်စုများမှာ ဆိုလို့ရှိရင် သဘာဝရေအရင်းအမြစ်ရှိတဲ့ တောင်ကျချောင်းများမှ ရေအား လျှပ်စစ်ထုတ်လုပ်ပြီးတော့ ထွန်းနိုင်တဲ့ ကျေးရွာအုပ်စုများလည်း အသင့်အတင့်ရှိပါတယ်။ ဒါပေမဲ့ ကျေးရွာပေါင်း(၃၀၀)ကျော်ရှိတဲ့အနက်မှာဆိုလို့ရှိရင် အများအားဖြင့် မှောင်မှောင်မည်းမည်းနဲ့ပဲ ကိုယ့်ဘဝကိုယ် ကိုဖြတ်သန်းနေကြတဲ့ တောသူတောင်သားများ၊ တောင်သူလယ်သမားများဖြစ်နေတာကို လေ့လာတွေ့ရှိတဲ့အတွက်ကြောင့် အခုလည်း သူတို့မီးလင်းရေးအတွက် လိုအပ်လျက်ရှိတဲ့ ဆိုလာမီးရရှိနိုင်ရန် တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီဆိုလာမီးရရှိရေးအတွက် တင်ပြလာတဲ့ စာရင်းဇယားများအရ ကျွန်တော် လေးစားစွာဖြင့် တင်ပြသွားမှာဖြစ်ပါတယ်-

(၁) မိုင်းလျန်းကျေးရွာအုပ်စု၊ မိုင်းလျန်း(လားဟူ)ကျေးရွာ၊ အိမ်ခြေ(၅၇)၊ အိမ်ထောင်စု (၅၇)စု၊ လူဦးရေ(၂၁၅)ဦးအတွက် လိုအပ်ချက် ဆိုလာမီး အရေအတွက် (၅၅)စုံ။

(၂) မိုင်းလျန်းကျေးရွာအုပ်စု၊ မန်းလေးကျေးရွာ၊ အိမ်ခြေ(၅၀)၊ အိမ်ထောင်စု (၅၀)စု၊ လူဦးရေ(၂၁၃)ဦးအတွက် ဆိုလာမီးအရေအတွက် လိုအပ်ချက် (၄၉)စုံ။

(၃) ဆင်မောင်းကျေးရွာအုပ်စု၊ ဝမ်ပေါ်ကျေးရွာ၊ အိမ်ခြေ(၅၀)၊ အိမ်ထောင်စု (၅၀)စု၊ လူဦးရေ(၂၆၈)ဦးအတွက် လိုအပ်ချက် ဆိုလာမီးအရေအတွက်(၅၀)စုံ။

(၄) ဆင်မောင်းကျေးရွာအုပ်စု၊ ဝမ်ကတ်ကျေးရွာ၊ အိမ်ခြေ(၄၃)၊ အိမ်ထောင်စု (၄၃)စု၊ လူဦးရေ(၂၄၅)ဦးအတွက် လိုအပ်ချက် ဆိုလာမီးအရေအတွက်(၂၆)စုံ။

(၅) လွယ်လုံကျေးရွာအုပ်စု၊ နားကော်ကျေးရွာ၊ အိမ်ခြေ(၂၄)၊ အိမ်ထောင်စု (၂၄)စု၊ လူဦးရေ(၁၀၈)ဦးအတွက် လိုအပ်ချက် ဆိုလာမီးအရေအတွက်(၂၄)စုံ။

(၆) လွယ်လုံကျေးရွာအုပ်စု၊ လုဝိုင်ကျေးရွာ၊ အိမ်ခြေ(၅၀)၊ အိမ်ထောင်စု (၅၀)စု၊ လူဦးရေ(၃၁၃)ဦးအတွက် လိုအပ်ချက် ဆိုလာမီးအရေအတွက်(၅၀)စုံ။

(၇) လွယ်လုံကျေးရွာအုပ်စု၊ ခမ်းယွန်းကျေးရွာ၊ အိမ်ခြေ(၁၉)၊ အိမ်ထောင်စု (၁၉)စု၊ လူဦးရေ(၁၂၀)ဦးအတွက် လိုအပ်ချက် ဆိုလာမီးအရေအတွက်(၁၉)စုံ။

(၈) လွယ်လုံကျေးရွာအုပ်စု၊ ဟွေယားခါးကျေးရွာ၊ အိမ်ခြေ(၄၂)၊ အိမ်ထောင်စု (၄၂)စု၊ လူဦးရေ(၂၇၀)ဦးအတွက် လိုအပ်ချက် ဆိုလာမီးအရေအတွက်(၄)စုံ။

(၉) လွယ်လုံကျေးရွာအုပ်စု၊ ခမ်းမိုက်ဆော့ကျေးရွာ၊ အိမ်ခြေ(၂၉)၊ အိမ်ထောင်စု (၂၉)စု၊ လူဦးရေ(၁၈၈)ဦးအတွက် လိုအပ်ချက် ဆိုလာမီးအရေအတွက်(၂၉)စုံ။

(၁၀) လွယ်လုံကျေးရွာအုပ်စု၊ ပန်မွတ်(၂)ကျေးရွာ၊ အိမ်ခြေ(၁၃)၊ အိမ်ထောင်စု (၁၃)စု၊ လူဦးရေ(၉၄)ဦးအတွက် လိုအပ်ချက် ဆိုလာမီးအရေအတွက်(၁၃)စုံ။

(၁၁) လွယ်လုံကျေးရွာအုပ်စု၊ လွယ်မွန်းကျေးရွာ၊ အိမ်ခြေ(၃၇)၊ အိမ်ထောင်စု (၃၇)စု၊ လူဦးရေ(၂၀၉)ဦးအတွက် လိုအပ်ချက် ဆိုလာမီးအရေအတွက်(၃၇)စုံ။

(၁၂) လွယ်လုံကျေးရွာအုပ်စု၊ နောင်ကွဲကျေးရွာ၊ အိမ်ခြေ(၂၀)၊ အိမ်ထောင်စု (၂၀)စု၊ လူဦးရေ(၁၆၆)ဦးအတွက် လိုအပ်ချက် ဆိုလာမီးအရေအတွက်(၂၀)စုံ။

(၁၃) ပန်နောင်လုံကျေးရွာအုပ်စု၊ ကြိုးဆာကျေးရွာ၊ အိမ်ခြေ(၂၈)၊ အိမ်ထောင်စု (၂၈)စု၊ လူဦးရေ(၁၃၂)ဦးအတွက် လိုအပ်ချက် ဆိုလာမီးအရေအတွက်(၂၈)စုံ။

သို့ဖြစ်ပါ၍ စုစုပေါင်း ဆိုလာမီးလိုအပ်ချက်တင်ပြလာတာ (၁၃)ရွာ၊ လူဦးရေစုစုပေါင်းက (၂၅၄၁)ဦး၊ ဆိုလာမီး(၄၀၄)စုံဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ် ကျေးရွာများတွင်

မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားတောင်သူလယ်သမားများတို့သည် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုသာ လုပ်ကိုင်စားသောက်ကြရာ အပိုဝင်ငွေ လုံးဝမရှိကြသဖြင့် ဆိုလာမီးအတွက် အချိုးကျပေးချေရမည့် ငွေမရှိပါ၍ နိုင်ငံတော်အစိုးရမှ အလုံးစုံကျခံသုံးစွဲပေးနိုင်ပါရန်လည်း အသနားခံတင်ပြတောင်းခံလာကြပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၁၃)ရွာမှ တင်ပြတောင်းခံလာသည့် ဆိုလာမီး(၄၀၄)စုံအား ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(နတလ)ထံမှ စီစဉ်ဆောင်ရွက်ခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့်ပြည့်စုံကြပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းလှဝင်း မေးမြန်းလာသည့် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၄)အုပ်စုရှိ ကျေးရွာ(၁၃)ရွာတွင် ဆိုလာမီးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုသည့်ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ မိုင်းလျန်းကျေးရွာအုပ်စု၊ လွယ်လုံကျေးရွာအုပ်စုနှင့် ပန်နောင်လုံကျေးရွာအုပ်စုဟာ (နတလ)မှ တာဝန်ယူ ဆောင်ရွက်ရမည့်ဧရိယာတွင် ပါဝင်ပြီး လွယ်မောင်းကျေးရွာအုပ်စုသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည့် ဧရိယာမှာ ပါဝင်ပါတယ်။ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်နယ်ရန်ပုံငွေ)ဖြင့် မြို့နယ်အလိုက် ဆောင်ရွက်လိုသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအားတောင်းခံခဲ့ရာ သက်ဆိုင်ရာမြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ တင်ပြသည့် လုပ်ငန်းစာရင်းပါ စီမံကိန်း လုပ်ငန်းများအား ဦးစားပေးအစီအစဉ်အလိုက် အဆိုပြုတင်ပြထားရှိပြီးဖြစ်ရာ အဆိုပါ ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းမှာ ပါဝင်ခြင်း မရှိသေးပါ။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စီမံကိန်းလုပ်ငန်းများ အဆိုပြုတင်ပြရာတွင် သက်ဆိုင်ရာ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ လုပ်ငန်းလိုအပ်ချက် အပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြချက်အပေါ်မူတည်၍ လည်းကောင်း၊ မြို့နယ်အလိုက် ဘဏ္ဍာငွေခွဲဝေရရှိနိုင်မှု/ ခွင့်ပြုနိုင်မှု အချိုးအပေါ်မူတည်၍ လည်းကောင်း နှစ်အလိုက် ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများစာရင်းတွင် အဆိုပြုလျာထား တင်ပြပြီး အတည်ပြုချက်ရရှိချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ၊ စီမံကိန်းလုပ်ငန်းများ ရေးဆွဲတင်ပြချိန်တွင် မိုင်းပျဉ်းမြို့နယ်အတွင်း ဆောင်ရွက်လိုသည့် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ သာသနာရေး၊ မီးရရှိရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနက် ဆိုလာမီးရရှိရေး လုပ်ငန်းများအား ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြပါဝင်လာပါက ရန်ပုံငွေ လျာထားတင်ပြ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နှစ်စဉ်စီမံကိန်းလုပ်ငန်းများတွင် ထည့်သွင်းလျာထားခြင်းမဟုတ်ဘဲ ဆိုလာမီးရရှိရေးအတွက် သီးခြားတင်ပြလိုပါက ဒေသမှ ကျေးရွာအလိုက် အိမ်ခြေစာရင်း၊ ဒေသတာဝန်ရှိသူများ၏ ထောက်ခံချက်များဖြင့် တင်ပြလာပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ ဆက်လက်တင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သူခိုင်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးအောင်သူခိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးအောင်သူခိုင်ဖြစ်ပြီး ကျွန်တော်အနေနဲ့ မေးမြန်းလိုတာကတော့ ရှမ်းပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ကုန်များ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအပေါ် အစိုးရ၏ ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို သိရှိလိုပါသဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်

ဟာ မြန်မာနိုင်ငံအကျယ်အဝန်း၏ ၂၃ ရာခိုင်နှုန်းခန့်ရှိပြီး လူဦးရေအနေဖြင့် ၆ သန်း ၃ သိန်း ကျော် နေထိုင်ပြီး နိုင်ငံလူဦးရေ၏ ၁၀.၉ ရာခိုင်နှုန်း ရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်အကြို ထုတ်ပြန်ချက်အရ ပြည်နယ်၏ GDP တိုးတက်မှုနှုန်း ၅.၉ ရာခိုင်နှုန်းရှိပြီး နိုင်ငံတော်၏ GDP တိုးတက်နှုန်း ၇.၀ ရာခိုင်နှုန်းထက် အနည်းငယ်လျော့နည်းနေပါတယ်။ လူတစ်ဦးကျ GDP ကတော့ နိုင်ငံအတွင်း ချင်းပြည်နယ်ပြီးနောက် ဒုတိယအနည်းဆုံးလည်း ဖြစ်နေတာကို တွေ့ရှိရပါတယ်။

ပြည်နယ်၏ စီးပွားရေးသည် လယ်ယာကဏ္ဍကြီးအပေါ်မှာ အခြေခံထားဆဲဖြစ်ပြီး ပြည်နယ် GDP ၏ ၃၂.၆ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍကြီးမှလည်းကောင်း၊ စက်မှုကဏ္ဍက ၂၄.၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍက ၄၂.၇ ရာခိုင်နှုန်း ပါဝင်နေတာကိုလည်းတွေ့ရှိရပါတယ်။ စိုက်ပျိုးရေးကဏ္ဍ၏ တိုးတက်မှုနှုန်းဟာ ၅ ရာခိုင်နှုန်းဖြစ်ပြီး စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတို့ကတော့ ၈ ရာခိုင်နှုန်းနှင့် ၉ ရာခိုင်နှုန်း ရှိတာကို တွေ့ရှိရပါတယ်။ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ တိုးတက်တာကောင်းမွန်သော်လည်း ပြည်နယ်လူဦးရေ၏ ၇၆ ရာခိုင်နှုန်းသည် ကျေးလက်မှာနေထိုင်ကြလို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကိုလည်း အဓိကထား လုပ်ကိုင်နေရတာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍတိုးတက်မှုနှုန်း နည်းတာကတော့ ကျွန်တော်တို့ ပြည်နယ်အနေနဲ့ အားရစရာ မကောင်းပါဘူး။

ပြည်နယ်၏ GDP တွင်ပါဝင်တဲ့ လယ်ယာကဏ္ဍကို ခွဲခြားကြည့်လျှင် စိုက်ပျိုးရေးကဏ္ဍက ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာကျပ် ၁၅၀၀ ဘီလီယံ ခန့်၊ သားငါးကဏ္ဍကကျပ် ၅၀၀ ဘီလီယံနှင့် သစ်တောကဏ္ဍကကျပ် ၇ ဘီလီယံခန့်ပါဝင်တာကိုတွေ့ရပါတယ်။ ကျေးလက်နေပြည်သူတွေကို တိုက်ရိုက်အကျိုးပြုနေသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမယ်ဆိုလို့ရှိရင်လည်း ပြည်နယ်၏ GDP တိုးတက်မှုကို အထောက်အပံ့ အကူအညီဖြစ်မှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၏ ရည်မှန်းချက်များထဲမှာပါဝင်တဲ့ “ပြည်နယ်အတွင်း စားနပ်ရိက္ခာ ဖူလုံပို့လျှံစေရေးနှင့် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာဖွံ့ဖြိုးတိုးတက်လာစေရန်” ဟူသော ရည်မှန်းချက်လည်းပါရှိပါတယ်။ ၎င်းရည်မှန်းချက်ကို ပြည့်မီရန်အတွက်လည်းကောင်း၊ ယခုလို Covid-19 ကပ်ရောဂါကာလအတွင်းမှာ ပြည်နယ်လူဦးရေရဲ့ ၇၆ ရာခိုင်နှုန်းသော ပြည်သူလူထုတွေရဲ့ အဓိကလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ပံ့ပိုးကူညီပေးနိုင်ရင်တော့ ပိုပြီးကောင်းမွန်မှာဖြစ်ပါတယ်။ တိုးတက်နေတဲ့ စက်မှုလုပ်ငန်းနဲ့

ဝန်ဆောင်မှုလုပ်ငန်းကတော့ အခုချိန်မှာ ကျဆင်းမှာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် အနေနဲ့သိရှိလိုတာကတော့-

(က) ပြည်နယ်အတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များအား ပြည်ပသို့ မည်သည့်အမျိုးအစားများတင်ပို့ပြီး မည်မျှတင်ပို့နေပါသလဲ။

(ခ) ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ပြည်ပမှ ဝင်ရောက် ရင်းနှီးမြှုပ်နှံနိုင်မှုအခြေအနေ။

(ဂ) ပြည်နယ်အစိုးရအနေဖြင့် တိုင်းရင်းသား စိုက်မွေး လုပ်ငန်းရှင်များအပေါ် ကူညီ ဆောင်ရွက်ပေးနိုင်မှု အခြေအနေ။

စသည့်အချက်များကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းအား မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ထပ်ဆင့်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် အနေနဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးအောင်သူခိုင် မေးမြန်း တဲ့ ရှမ်းပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ကုန်များကို ပြည်ပသို့ မည်သည့် အမျိုးအစားများ မည်မျှတင်ပို့နိုင်ပြီး ရှမ်းပြည်နယ်အစိုးရအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တစ်ဆင့် မျိုးကောင်းမျိုးသန့် နှင့် နည်းပညာများကို ဖြန့်ဖြူးပေးနိုင်မှုအခြေအနေ၊ ပြည်ပနိုင်ငံများမှ ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် တိုက်ရိုက် (သို့မဟုတ်) ဖက်စပ်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေသော လုပ်ငန်းများမည်မျှရှိပြီး တိုင်းရင်းသား လုပ်ငန်းရှင်များအပေါ် မည်ကဲ့သို့ ကူညီ ဆောင်ရွက်ပေးနေသည်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ဦးစွာစိုက်ပျိုးရေးကဏ္ဍအနေနဲ့ ရှမ်းပြည်နယ်မှာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တောင်သူများကို မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေးအတွက် လယ်စပါး (၃၁၈၅၀)ကီလိုနှင့် (၈၄၅၅) တင်း၊ ယာစပါး (၈၇၅) တင်း၊ အစေ့ထုတ်ပြောင်း (၇၅၅၀) ကီလို၊ ရေဆင်း-၁ စပ်မျိုး နေကြာ (၆၉၈၉)ကီလို၊ ပဲပုပ် (၁၃၀၅) တင်း၊ မြေပဲ (၄၇၀) တင်း၊ အာလူး (၄၉၀၀)ပိဿာ၊ လက်ဖက်မျိုးစေ့ (၂၂၅၄) ကီလို၊ ကော်ဖီမျိုးစေ့ (၃၀၀) ကီလို၊ နှမ်း (စမုံနက်နှမ်းအပါအဝင်) (၄၀)တင်းနှင့် ပိုက်ဆံလျော် (၅၇)တင်း ကို ဖြန့်ဖြူးပေးခဲ့ပါတယ်။

သီးနှံအလိုက် မျိုးစေ့ထုတ်လုပ်ငန်းနှင့် မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေးအတွက် (မြေပဲ၊ နှမ်း၊ ပဲပုပ်၊ ဂျုံ) မျိုးသန့်မျိုးပွား မျိုးစေ့ထုတ်နည်းပညာများ၊ နေကြာ၊ အစေ့ထုတ်ပြောင်း စပ်မျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းများ ပြုလုပ်ပေးလျက်ရှိပါတယ်။ မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းအတွက် မျိုးကွဲနုတ်ပယ်ခြင်း လုပ်ငန်းများကိုလည်း လက်တွေ့ပညာပေးပြသခြင်း၊ တောင်သူများကိုယ်တိုင် တစ်ပိုင်တစ်နိုင် စပါးမျိုးသန့်မွေးမြူခြင်း နည်းပညာ(ခေါင်နှံဖြင့်)အား ပညာပေးဆွေးနွေးပေးပါတယ်။ နောက်လက်တွေ့ပြသခြင်း၊ သီးနှံအလိုက် မျိုးစေ့ထုတ်စိုက်ခင်းမှ မျိုးစေ့များကို စနစ်တကျ ရိတ်သိမ်းခြွေလှေ့သန့်စင်ခြင်း နည်းပညာပေးဆွေးနွေးခြင်း၊ မျိုးစေ့ထုတ်စိုက်ခင်းများမှ ထွက်ရှိလာသော မျိုးစေ့များကို စိုက်ပျိုးရေးဝန်ထမ်းများမှ စနစ်တကျနမူနာရယူ၍ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းတွင် စစ်ဆေးပေးခြင်း၊ ထောက်ခံချက်များပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များအား စနစ်တကျ သိုလှောင်နည်းစနစ်များ ဆွေးနွေးပညာပေးခြင်း စသည့်နည်းပညာပေးလုပ်ငန်းများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်ရှိ မြို့နယ်အသီးသီးမှာ အကြိမ်ပေါင်း (၁၀၇) ကြိမ်နှင့် တောင်သူပေါင်း (၄၂၅၃)ဦး၊ ဝန်ထမ်းပေါင်း(၉၈၂)ဦးနှင့် အခြား(၃၇)ဦး၊ စုစုပေါင်း (၅၂၇၂)ဦးကို ပို့ချသင်ကြားပေးခဲ့ပါတယ်။ Covid – 19 ကာလမှာလည်း Online Media မှ ဗွီဒီယိုဖိုင်များဖြင့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးခြင်းလုပ်ငန်းများ၊ မျိုးစပါးဝယ်ယူနိုင်မည့် မျိုးစေ့ထုတ်တောင်သူများ၏ လိပ်စာ၊ ဖုန်းနံပါတ်၊ ရောင်းချမည့်စပါး အမျိုးအမည်၊ ဈေးနှုန်းအရေအတွက်များကို ကြေညာပေးခြင်းနှင့် မျိုးစေ့ဝယ်ယူနိုင်မည့် ရှမ်းပြည်နယ်အတွင်းရှိ အရောင်းဆိုင်များ၏ လိပ်စာ၊ ဖုန်းနံပါတ်၊ ရောင်းချသည့် အမျိုးအစားများကိုလည်း ကြေညာပေးသည့် လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မွေးမြူရေးကဏ္ဍအနေနဲ့ ပြည်ပသို့ မွေးမြူရေးထွက်ကုန်များတင်ပို့နိုင်မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ ယနေ့ ကာလအထိ ကုမ္ပဏီ (၂၁၉)ခုမှ ကျွဲ/နွားကောင်ရေ အရှင်ပေါင်း (၂၁၉၀၀)ကို ရှမ်းပြည်နယ်အတွင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ နည်းပညာဖြန့်ဖြူးပေးနိုင်မှုအနေဖြင့် နယူးဇီလန်အစိုးရနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်တဲ့ " မြန်မာ-နယူးဇီလန် ကောင်းမွန်သော နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း" သည် မြန်မာနိုင်ငံအတွင်းရှိမြို့နယ်(၂၀)တွင် နို့စားနွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်ရှိ (၉)မြို့နယ်ရဲ့ စားကျက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နို့နှင့်နို့ထွက်ပစ္စည်းများ အရည်အသွေးများမြှင့်တင်ခြင်းများ၊ မျိုးမြှင့်တင်ခြင်း၊ မွေးမြူရေးခြံများ စီမံခန့်ခွဲခြင်း၊ စီမံကိန်းရင်းမြစ်များ တိုးချဲ့ဆောင်ရွက်ခြင်း၊ နို့စားနွားမွေးမြူရေးဆိုင်ရာ လက်တွေ့သင်တန်း ပို့ချခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုအနေဖြင့် ရှမ်းပြည်နယ်အတွင်းပြည်ပမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ မရှိဘဲ တိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သည့် ရင်းနှီးမြှုပ်နှံလုပ်ငန်းအများစုသာရှိပါတယ်။ ဖက်စပ်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအနေဖြင့် မြန်မာ-စီပီ အစာစပ်စက်ရုံနှင့် ရွှေညောင်မြို့တွင် စတင်ဆောင်ရွက်နေသည့် မိဘမျိုးရိုး ဝက်မွေးမြူရေးခြံတို့ရှိပါတယ်။ တိုင်းရင်းသားလုပ်ငန်းရှင်များအပေါ် ကူညီဆောင်ရွက်ပေးမှုအနေဖြင့် ထိုမိဘမျိုးရိုး ဝက်မွေးမြူရေးခြံမှ ထွက်ရှိလာသော မျိုးကောင်းမျိုးသန့် ဝက်များကို ဒေသတွင်းရှိ မွေးမြူရေး တောင်သူများသို့ ဆက်လက် ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကြက်မွေးမြူရေးလုပ်ငန်းများကိုလည်း အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ ငါးမွေးတောင်သူများကိုလည်း နည်းပညာအနေဖြင့် နှစ်စဉ် အခြေခံငါးမွေးမြူရေးသင်တန်းနှင့် ငါးဆေးထိုးသားဖောက်သင်တန်းများ စာတွေ့၊ လက်တွေ့သင်ကြားပေးလျက်ရှိပြီး ငါးလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ ပြခန်းများ၊ နည်းပညာပေးစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ငါးလုပ်ငန်းဦးစီးဌာန၊ ညောင်ရွှေငါးလုပ်ငန်းစခန်းမှ ငါးမွေးတောင်သူများကို မျိုးကောင်းမျိုးသန့်၊ ငါး(၆)မျိုးဖြစ်သော ငါးဖိန်း၊ ငါးမြစ်ချင်း၊ မြက်စား

ငါးကြင်း၊ ရွှေဝါငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ငါးခုံးမ စတဲ့ ငါးသားပေါက်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။

ပြည်ပပို့ကုန်ကဏ္ဍအနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် ရှမ်းပြည်နယ်အတွင်းမှာ ပြည်ပသို့ တင်ပို့နေသော စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများစွာရှိသည့်အနက် အဓိက တင်ပို့နေသော စိုက်ပျိုးရေးထွက်ကုန်များမှာ ပြောင်း၊ ချင်း၊ သရက်နှင့် ထောပတ် တို့ဖြစ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မှုကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

(က) ပြောင်းသည် ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးသီးနှံများတွင် အဓိကအားအထားရဆုံးသီးနှံဖြစ်ပါတယ်။ ဒေသအတွင်းမှာလည်း သုံးစွဲပြီးပိုလျှံသဖြင့် နှစ်စဉ်ပြည်ပသို့ တင်ပို့နိုင်တဲ့ သီးနှံဖြစ်ပါတယ်။ ရှမ်းပြည်နယ်၏ နှစ်အလိုက် ပြောင်းစိုက်ပျိုးခဲ့မှုနှင့် ဒေသတွင်းသုံးစွဲပြီး ပိုလျှံမှုရှိခဲ့သည်မှာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြောင်းစိုက်ဧက (၅၈၁၈၈)ဧကရှိခဲ့ပြီး ပိုလျှံမှု (၈၉၇၃၁၆)တန်ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပြောင်းစိုက်ဧက (၆၀၇၅၇၉)ဧကရှိခဲ့ပြီး ပိုလျှံမှုမှာ တန်ကိုးသိန်းကျော်ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပြောင်းစိုက်ဧက (၆၃၆၉၁၇)ဧကရှိခဲ့ပြီး ပိုလျှံမှုတန်ချိန်ဟာ (၉၈၂၂၇၆)တန်ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ပြောင်းစိုက်ဧက (၆၈၅၈၁၀) ဧက ရှိခဲ့ပြီး ပိုလျှံမှုတန်ချိန်ဟာ (၁၀၅၇၆၈၀)တန် ဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ပြောင်းစိုက်ဧက (၇၀၄၂၂၈)ဧကရှိခဲ့ပြီး ပိုလျှံမှုတန်ချိန်ဟာ (၁၀၈၆၀၅၈)တန်ရှိပါတယ်။ ပြည်နယ်အတွင်း သုံးစွဲပြီး ပိုလျှံမှုရှိသော ပြောင်းများကို မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများရှိ အစာစပ်ရုံများ၊ ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပနိုင်ငံများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် ရှမ်းပြည်နယ် မူဆယ်မှတစ်ဆင့် Quota စနစ်ဖြင့် တရုတ်ပြည်သို့လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ် မြို့နယ်(မယ်ယန်း) နှင့် ကရင်ပြည်နယ်၊ မြဝတီမှ ထိုင်းနိုင်ငံသို့ လည်းကောင်း အသီးသီးတင်ပို့ပေးလျက်ရှိပါတယ်။

(ခ) နောက်သီးနှံတစ်မျိုးဖြစ်တဲ့ ချင်းဟာ ရှမ်းပြည်နယ်၏ စားဖိုဆောင်သုံး စိုက်ပျိုးရေးထွက်ကုန်များတွင် အရေးပါသည့် ထွက်ကုန်တစ်မျိုးဖြစ်ပါတယ်။ ပြည်နယ်အတွင်း သုံးစွဲမှုပိုလျှံသဖြင့် နှစ်စဉ် ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်

၏ နှစ်စဉ် ချင်းစိုက်ပျိုးမှုနှင့် ပိုလျှံမှုဟာ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ စိုက်ဧက (၁၀၆၆၈)ဧကရှိပြီး ပိုလျှံမှုဟာ (၅၁၂၉၁)တန်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စိုက်ဧက(၁၁၀၀၀)ဧကရှိခဲ့ ပြီးတော့ ပိုလျှံမှုဟာ(၅၀၈၈၇)တန်ရှိပါတယ်။၂၀၁၇-၂၀၁၈ ခုနှစ်တွင် စိုက်ဧက(၁၂၀၀၀)ဧက ရှိခဲ့ပြီးတော့ ပိုလျှံမှုဟာ (၅၀၈၈၇) တန်ရှိပါတယ်။၂၀၁၈-၂၀၁၉ ခုနှစ်မှာ စိုက်ဧက (၁၂၇၆၈)ဧကရှိပြီး ပိုလျှံမှုဟာ (၆၁၅၄၁)တန်ရှိပါတယ်။ ပြည်နယ်အတွင်း သုံးစွဲပြီး၍ ပိုလျှံမှုရှိသော ချင်းများကို ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ အများဆုံးတင်ပို့ပြီး နယ်စပ်ဒေသ ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အိန္ဒိယ၊ ထိုင်း၊ တရုတ်နှင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် စင်္ကာပူ၊ မလေးရှား၊ သီရိလင်္ကာ၊ ဟောင်ကောင်၊ ကိုရီးယား၊ ဂျာမဏီနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့လျက် ရှိကြောင်းတင်ပြအပ်ပါတယ်။

(ဂ) ဆက်လက်ပြီး သီးနှံတစ်မျိုးဖြစ်တဲ့ သရက်ဟာ ရှမ်းပြည်နယ်၏ ပြည်ပပို့ကုန်သစ်သီးဝလံ စိုက်ပျိုးရေးထွက်ကုန်များမှာ အားထားရသော ထွက်ကုန်ဖြစ်သည်နှင့်အညီ ဒေသတွင်းသုံးစွဲပြီး ပိုလျှံသဖြင့် နှစ်စဉ်ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ်၌ သရက်ခူးဆွတ်ဧက (၁၉၅၂၀) စိုက်ပျိုးထားရှိပြီး ပိုလျှံမှုဟာ (၁၀၀၅၀)တန်ရှိပါတယ်။ မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ သရက်ခူးဆွတ်ဧက (၁၇၈၁၀)စိုက်ပျိုး ထားရှိပြီး ပိုလျှံမှု (၁၈၅၇၉)တန် ရှိခဲ့ရာ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့လည်းကောင်း၊ ပင်လယ်ရေကြောင်းမှ ရုရှားနိုင်ငံနှင့် စင်္ကာပူနိုင်ငံသို့လည်းကောင်း တင်ပို့နိုင်ခဲ့ပါတယ်။

(ဃ) ထောပတ်ဟာလည်း ရှမ်းပြည်နယ်၏ ပြည်ပပို့ကုန်သစ်သီးဝလံ စိုက်ပျိုးရေးထွက်ကုန်များတွင် အားထားရတဲ့ သီးနှံထွက်ကုန်တစ်ခုဖြစ်ပါတယ်။ ဒေသတွင်းသုံးစွဲပြီး ပိုလျှံသဖြင့် နှစ်စဉ်ပြည်ပသို့လည်း တင်ပို့တဲ့ သီးနှံဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ၂၀၁၈-၂၀၁၉ ခုနှစ်၌ ထောပတ်ခူးဆွတ်ဧက(၁၁၃၅)ရှိပြီး ပိုလျှံမှု (၃၃၀၈) တန်ရှိပါတယ်။ မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့လည်းကောင်း၊ တမူးကုန်သွယ်ရေးစခန်းမှ အိန္ဒိယနိုင်ငံသို့လည်းကောင်း၊

တာချီလိတ် (မယ်ယန်း) ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။

(c) ရှမ်းပြည်နယ်မှ ပြည်နယ်အတွင်း သုံးစွဲမှု ပိုလျှံမှုရှိသော တစ်ရှူးဌက်ပျော၊ လက်ဖက်၊ ကော်ဖီ၊ ရာဘာ၊ နန္နင်း၊ ကြက်သွန်ဖြူ၊ မက္ကဒေးမီးယား စိုက်ပျိုးရေးထွက်ကုန်များကိုလည်း ပြည်ပနိုင်ငံများသို့ အနည်းငယ်စီ တင်ပို့ရောင်းချလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍအနေနဲ့တင်ပြရမယ်ဆိုရင် ပြည်ပကုမ္ပဏီလုပ်ငန်းရှင်များဖြစ်သော Prime Farms Myanmar Co.,Ltd နှင့် မောဝ်ဥသျှောင်အင်တာနေရှင်နယ်ကုမ္ပဏီလိမိတက် တို့မှာ ရှမ်းပြည်နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဖက်စပ်လုပ်ကိုင်လျက်ရှိတဲ့ ကုမ္ပဏီတွေဖြစ်ပါတယ်။ Prime Farm Myanmar Co.,Ltd သည် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းအား အဓိကလုပ်ကိုင်လျက်ရှိပြီး ဒေသခံတိုင်းရင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကိုရရှိစေပြီး CSR Project ဖြင့် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်သည့်အတွက် ဟဲဟိုး၊ ရပ်စောက်၊ ညောင်ရွှေ၊ ဘန်းယဉ်ရှိ ဒေသခံတိုင်းရင်းသား တောင်သူများအတွက် စိုက်ပျိုးနည်းပညာများကိုလည်း ရရှိစေပါတယ်။ ၎င်းအပြင် အအေးခန်းသိုလှောင်ရုံရှိသဖြင့် အနီးဝန်းကျင်ရှိတောင်သူများမှ ၎င်းတို့၏ ထွက်ရှိလာသော သီးနှံများအားထားရှိသိုလှောင်နိုင်တာဖြစ်ပါတယ်။

မောဝ်ဥသျှောင်အင်တာနေရှင်နယ်ကုမ္ပဏီလိမိတက်သည် ပြည်တွင်းနှင့် နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော နှမ်းမျိုးများကို စိုက်ပျိုးလျက်ရှိပြီး ပင်းတယမြို့နယ်တွင် ဂျပန်စျေးကွက်ရှိသော နှမ်းမျိုးများကို အခြေခံသော သီးနှံပုံစံဖြစ်သည့် နှမ်း၊ ပဲပုပ်၊ ပန်းနှမ်းနှင့် နှမ်း၊ ပြောင်း၊ Adzuki bean သီးနှံပုံစံဖြင့်စိုက်ပျိုးရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့စိုက်ပျိုးခြင်းဖြင့် ခိုင်မာသော စျေးကွက်အခွင့်အလမ်းများကို ရရှိစေသည့်အပြင် Food processing လုပ်ငန်းပါတွဲဖက်လုပ်ကိုင်သောကြောင့် ပဲပုပ်သီးနှံအတွက် စားသောက်ကုန်လုပ်ငန်းတွင် အခွင့်အလမ်းများရရှိစေမှာဖြစ်ပါတယ်။ မောဝ်ဥသျှောင်အင်တာနေရှင်နယ်ကုမ္ပဏီလိမိတက်မှ တောင်သူပညာပေးသင်တန်းများနှင့် ကန်ထရိုက် Farming လယ်ယာစနစ်ကိုပါ တွဲဖက်လုပ်ကိုင်သော အတွေ့အကြုံရှိသောကြောင့် အနီးဝန်းကျင်ရှိ ဒေသခံတိုင်းရင်းသား တောင်သူများအားလည်း စျေးကွက်ရှိသော သီးနှံပုံစံ၊ စျေးကွက်အခြေအနေများကို ဖန်တီးပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးထားသော ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ နောင်ချိုမြို့နယ်တွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းနှင့် သစ်သီးဝလံမျိုးစပ်ခြင်းလုပ်ငန်း (၂)ခု၊ ဆီဆိုင်မြို့နယ်တွင် ဆေးရွက်ကြီးစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း(၁)ခု၊ တောင်ကြီးမြို့နယ်တွင် သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များစိုက် ပျိုးထုတ်လုပ်ခြင်းနှင့် စည်သွပ်ထုတ်လုပ်ခြင်းလုပ်ငန်း(၁)ခု၊ကလောမြို့နယ်တွင် အခြောက်ခံသည့်အသီးရွက်ထုတ်လုပ်ခြင်းလုပ်ငန်း နှင့် ရာသီသီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စားသောက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း (၂)ခု ရှိပါတယ်။ စုစုပေါင်းလုပ်ငန်း(၆)ခုရှိပါတယ်။ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုမိန့် ထုတ်ပေးထားတဲ့ ကျောက်မဲမြို့မှာ ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးအိမ်ထုတ်လုပ်ခြင်းလုပ်ငန်း(၁)ခု၊ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုကော်မတီပေါင်း(၇)ခုရှိပါတယ်။ အဆိုပါလုပ်ငန်းများဟာ ဒေသခံတောင်သူလုပ်ငန်းရှင်များအတွက် မျိုးသွင်းအားစုနှင့် စိုက်စရိတ်များပံ့ပိုးခြင်း၊ ထွက်ကုန်များကို စက်ရုံသို့ ပြန်လည်ပေးသွင်းစေခြင်းစသည့် Contract Farming ပုံစံနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ မွေးမြူရေးကဏ္ဍနှင့် ပတ်သက်၍ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမရှိပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစံမိုင်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစံမိုင်း၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံမိုင်းဖြစ်ပါတယ်။ ကျေးသီးမြို့နယ်၊ နောင်ဆွမ်းကျေးရွာအုပ်စုနှင့် မိုင်းကောင်ကျေးရွာအုပ်စုများအတွက် ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးသီးမြို့နယ်၊ နောင်ဆွမ်းကျေးရွာအုပ်စုနှင့် မိုင်းကောင်ကျေးရွာအုပ်စုများသည် ကွန်ဟိန်း- မိုင်းနောင်- ကျေးသီး- ပန်ကေတုလမ်းပေါ်တွင် တည်ရှိပြီး မြို့နှင့် (၁၀)မိုင်ခန့်ကွာဝေးမှာ တည်ရှိသဖြင့် တယ်လီဖုန်းဆက်သွယ်ရေး လိုင်းများမရရှိပဲ ကျန်နေတဲ့ ကျေးရွာအုပ်စု(၂)ခုဖြစ်ပါတယ်။ နောင်ဆွမ်းကျေးရွာအုပ်စုနှင့် မိုင်းကောင်ကျေးရွာအုပ်စုအတွင်းမှာ ကျေးရွာပေါင်း (၃၈) ရွာ၊ အိမ်ခြေပေါင်း (၁၁၃၀) အိမ်၊ လူဦးရေ (၆၅၂၇) ဦး နေထိုင်ကြပြီး တယ်လီဖုန်းလိုင်းများ ဆက်သွယ်လိုပါက ဆက်သွယ်ရေးလိုင်းများ ရရှိသည့်နေရာများသို့ ကားဖြင့်ဖြစ်စေ၊ ဆိုင်ကယ်ဖြင့်ဖြစ်စေ ခက်ခဲစွာသွားရောက်ဆက်သွယ် အသုံးပြုနေကြရတာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျေးသီးမြို့တွင် တာဝန်ထမ်းဆောင်နေသည့် MPT ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ပြီး တော့မှ မိုင်းကောင်ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိ/ရပ်ဖများအတူ ကွင်းဆင်းပြီးမှ မိုင်းကောင်ကျေးရွာမှာ တာဝါတိုင်စိုက်ထူဖို့ မြေနေရာ သတ်မှတ်ပေးထားခဲ့ပြီးဖြစ်သော်လည်း ယခုအချိန်ထိ လာရောက်စိုက်ထူပေးနိုင်ခြင်း မရှိခဲ့သေးပါ။

သို့ဖြစ်ပါ၍ ကျေးသီးမြို့နယ်၊ နောင်ဆွမ်းနှင့် မိုင်းကောင်ကျေးရွာအုပ်စုများတွင် ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူပေးရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုများကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တက်ရောက်လာကြသူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမိုင်း မေးမြန်းထားတဲ့ ကျေးသီးမြို့နယ်၊ နောင်ဆွမ်းကျေးရွာအုပ်စုနှင့် မိုင်းကောင်ကျေးရွာအုပ်စုတို့မှာ ဆက်သွယ်ရေးတာဝါတိုင်စိုက်ထူပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

မေးခွန်းမှာပါရှိတဲ့ ကျေးသီးမြို့နယ်အတွင်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT) အနေဖြင့် GSM BTS Mobile စခန်း ၆ ခု နှင့် CDMA-450 မိုဘိုင်း စခန်း ၁ ခု၊ စုစုပေါင်း မိုဘိုင်းစခန်း(၇)ခုတို့အား တည်ဆောက်တပ်ဆင် ဖွင့်လှစ်သုံးစွဲလျက်ရှိပါတယ်။ ကျေးသီး

မြို့နယ် နောင်ဆွမ်းကျေးရွာအုပ်စုနှင့် မိုင်းကောင်ကျေးရွာအုပ်စုမှာ မိုဘိုင်းစခန်း တာဝါတိုင်များ တည်ဆောက်နိုင်ရေးအတွက်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ၊ MPT တောင်ကြီးမြို့ကနေပြီးတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ ၁၃-၃-၂၀၂၀ ရက်နေ့တွင် တင်ပြထားရှိပြီးဖြစ်သည့်အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ ၉-၆-၂၀၂၀ ရက်စွဲပါစာဖြင့်လည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဒီကနေ့ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ နမ့်ဆန်မြို့နယ်၊ ကွမ်ဟယ်ကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်ခြင်းနှင့် ပတ်သက်ပြီး ဝန်ကြီးဌာန (၂)ခု၏ မတူညီသောစံချိန်စံညွှန်းများနှင့်ပတ်သက်ပြီး သိရှိလိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ ကွမ်ဟယ်ကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ၂၀၁၈- ၂၀၁၉ မီနီဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် (၃)နှစ်တာကာလ ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာန Budget သန်း(၅၅၀)ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာနက တင်ဒါအောင်မြင်သော ဟိန်းဟိန်းကျော်ကုမ္ပဏီကို ဆောက်လုပ်စေခဲ့ပါတယ်။

အဆိုပါဆောက်လုပ်ရေးကုမ္ပဏီသည် အဆောက်အဦ ဦးစီးဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ စာချုပ်ပါစည်းကမ်းချက်များအရ သတ်မှတ်ကာလတွင် တည်ဆောက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ တည်ဆောက်ပြီးစီး၍ မြန်မာနိုင်ငံအင်ဂျင်နီယာအတိုင်ပင်ခံကောင်စီ (MICEG) Third Party အဖွဲ့က လာရောက်စစ်ဆေးပြီး (၁၀၀%)ပြီးစီးကြောင်း ထောက်ခံလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ အလားတူ ကွမ်ဟယ်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် လက်ထောက်ကျန်းမာရေးမှူးတို့ကလည်း ထပ်ဆင့်ထောက်ခံလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ ထောက်ခံတင်ပြချက်များအရ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်

အဦ ဦးစီးဌာန၊ တောင်ကြီးမြို့ကလည်း လက်ကျန်ငွေအားလုံးကိုလည်း ထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

သို့သော် ယင်းအဆောက်အဦအား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းတဲ့အခါမှာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် မကိုက်ညီသဖြင့် လက်ခံ၍မရကြောင်း ပြန်ကြားလာပါတယ်။ ဆိုလိုတာက အဆောက်အဦ ဆောက်လုပ်တာက အဆောက်အဦ ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ လက်ခံတာ ကျန်းမာရေးဝန်ကြီးဌာနဖြစ်ပါတယ်။ ဥပမာ- ခွဲစိတ်ခန်းမျက်နှာကြက်မှာ RC Slab ဖြစ်ရမယ်။ မီးစလောင်းချိတ်ရန် ချိတ်နှင့် ဝါယာကြိုး ထုတ်ရမယ်။ ခွဲစိတ်ခန်းကြမ်းပြင် Drim ပိုက်များကို သီးသန့် Septic tankမှ သွယ်တန်းပေးရမယ်။ ဓာတ်မှန်တံခါးမကြီးကို ခဲပြားတပ်ပေးရမယ်။ ခဲမှန်တပ်ပေးရမယ်။ အမှောင်ခန်းလုပ်ပေးရမယ်။ ဆေးစတိုအား သံပန်းတပ်ပေးရမယ် စသဖြင့် ပြုပြင်ရန်အချက်ပေါင်း (၂၀) ပြုပြင်ခိုင်းပါတယ်။ အဲ့လိုပြုပြင်မှုလည်း လွှဲပြောင်း/လက်ခံရေး ဆောင်ရွက်နိုင်မယ်လို့ပြောလာပါတယ်။ ၎င်းပြုပြင်ရန် အချက်များသည် စာချုပ်တွင်မပါဝင်သော်လည်းဘဲ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကုမ္ပဏီကို ဖုန်းဆက်ပြီးတော့မှ လာရောက်ပြင်ဆင်စေပါတယ်။ သို့သော် ငွေလည်း (၁၀၀%)ထုတ်ပြီးသွားပြီဖြစ်တဲ့အတွက် လုံးဝဆက်သွယ်လို့ မရပါဘူး။ အခုဆိုလျှင် (၇)လကျော် ကြာမြင့်ပြီဖြစ်ပါတယ်။ ဒီကိစ္စကို ကျွန်တော် လွှတ်တော်ကို တင်ပြတဲ့အခါမှာ လွှတ်တော်ကို တင်ပြတဲ့ကြယ်ပွင့်ပြမေးခွန်းအရပဲ ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ သက်ဆိုင်ရာကုမ္ပဏီကို ခေါ်ပြီးတော့မှပဲ ဆက်သွယ်ပြီးတော့မှ လာရောက်ပြုပြင်ခိုင်းစေတဲ့ အနေအထားရှိပါတယ်။ ဒါကြောင့် မို့လို့ပဲ ဒီဇွန်လ ၄ ရက်နေ့ကဆိုရင် သက်ဆိုင်ရာ ကုမ္ပဏီရယ်၊ ရှမ်းပြည်နယ် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး(၁)ဦး နမ့်ဆန်ကိုလာပြီးတော့ ဒီကိစ္စကို ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ဒေသဦးစီးအဖွဲ့ဝင်တွေရော၊ လွှတ်တော်ကိုယ်စားလှယ်တွေရော၊ မြို့နယ်အုပ်ချုပ်ရေးမှူးရော၊ မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီတွေနဲ့ ကွင်းဆင်းပြီးတော့ အဲ့ဒီအဆောက်အဦကို ကြည့်ရှုကြပါတယ်။

ဆိုလိုတာက အဆောက်အဦကတော့ ဆောက်ပြီးသွားပြီ။ ကျန်းမာရေးဝန်ကြီးဌာကသူ့ရဲ့ စံချိန်စံညွှန်းနဲ့မကိုက်ဘူးဆိုတော့ လက်မခံဘူး။ အဲ့လိုဖြစ်နေတဲ့ကြားထဲမှာ ခုနှစ်လ၊ ရှစ်လလောက် ကြာသွားတယ်။ ဆိုလိုတာက ဘတ်ဂျက်ကလည်း ထုတ်ပြီးသွားပြီ။

ကျန်းမာရေးဝန်ကြီးဌာနလည်း သူ့ရဲ့ စံချိန်စံညွှန်းနဲ့မကိုက်ဘူးဆိုတော့ လက်မခံတဲ့အခါကြတော့ ကြားမှာ အဲ့ဒီအဆောက်အဦကို ပြုပြင်ထိန်းသိမ်းတဲ့ စောင့်ရှောက်တဲ့လူမရှိတဲ့အခါကြတော့ အဆောက်အဦက ကြားမှာပျက်စီးနေတဲ့သဘောဖြစ်ပါတယ်။ တစ်ချို့နေရာဆိုရင် ချိန်းလိမ့်တွေပျက်စီးတယ်။ မှန်တွေကွဲတယ်။ ရေတွေဝင်တယ်။ နွားတွေ၊ ကျွဲတွေ ဝင်ပြီးတော့မှ ကျက်စားနေတာဖြစ်ပါတယ်။ နောက်လူထုကလည်းပဲ အဲ့ဒီအဆောက်အဦကို မျှော်ကြည့်ပြီးတော့မှ ဘယ်တော့ဆေးကုမှာလဲဆိုပြီးတော့မှ ကျန်းမာရေးစောင့်ရှောက်မှုမခံယူရတဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွန်ခဲ့တဲ့ ၄.၆.၂၀၂၀ ရက်နေ့က လွှတ်တော်ကိုယ်စားလှယ်တွေရော၊ ဒေသဦးစီးအဖွဲ့ရော၊ တည်/ကော်အဖွဲ့တွေ ပူးပေါင်းပြီးတော့ ဒါကိုမဖြစ်မနေ ကြားကနေပြီးတော့မှ ဒါကိုတာဝန်ခံပြီး လက်မှတ်ထိုးပြီးတော့မှ လွှဲပြောင်း/လက်ခံတဲ့ အနေအထားဖြစ်ပါတယ်။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ၄.၆.၂၀၂၀ ရက်နေ့က လွှတ်တော်ကိုယ်စားလှယ်တွေရော၊ ဒေသဦးစီးအဖွဲ့ရော၊ တည်/ကော်အဖွဲ့တွေ ကွင်းဆင်းစစ်ဆေးပြီး ကုမ္ပဏီကိုပြင်ခိုင်းတဲ့အပိုင်းတွေ ပြင်ပြီးပြီလားဆိုတာ လိုက်လံစစ်ဆေးတဲ့မှတ်တမ်းဓာတ်ပုံတွေဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့တင်ပြလိုတာကတော့ အခုကိစ္စက ပြီးသွားပြီလို့ပဲပြောရမှာပေါ့။ ကြားကနေပြီးတော့မှ လက်ခံတဲ့အနေအထားဖြစ်တော့ အခုဆိုရင် ကျန်းမာရေးဌာနက လက်ခံပြီးပြီ Section တွေတောင်းစရာရှိတာ တောင်းမယ်။ Instruments တွေ တောင်းစရာရှိတောင်းပြီးတော့မှ မကြာမီအချိန်အတွင်းမှာ စတင်ပြီးတော့မှ လူထုအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို စတင်ပြီးတော့မှ ရရှိတော့မှာဖြစ်ပါတယ်။ ဆိုလိုတာက နောက်ပိုင်းတွေမှာ ဒီလိုဝန်ကြီးဌာနမတူတဲ့(၂)ခုကနေပြီးတော့မှ ဒါစံချိန်စံညွှန်းမကိုက်ဘူးဆိုပြီး ဟိုကလွှဲတယ် ဒီကလည်းလက်မခံဘူးဆိုတဲ့ အနေအထားဖြစ်ခဲ့လို့ရှိရင် ပြည်နယ်အစိုးရအနေနဲ့ ဘယ်လိုပေါင်းစပ်ညှိနှိုင်းပြီး လုပ်ပေးလို့ရမလဲဆိုတာကိုရည်ရွယ်ရင်းနဲ့ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းတာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ (Budget)များစွာဖြင့် တည်ဆောက်နေသော အဆောက်အဦတွေကို ဌာနနှစ်ခု၏ မတူညီသော စံကိုက်များကြောင့် အဆောက်အဦများ အလဟဿဖြစ်နေခြင်း၊ ဘတ်ဂျက်တွေ အလဟဿဖြစ်နေခြင်း၊ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်း စသည့်ဆိုးကျိုးများအပေါ် သက်ဆိုင်ရာ အစိုးရ

အဖွဲ့က မည်ကဲ့သို့ ဖြေရှင်းပေးနိုင်မည်ကို သိရှိလိုတဲ့အတွက် လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းရဲ့မေးခွန်းကို ဆက်လက်ပြီးတော့ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ ကွမ်ဟယ် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံနိုင်ရေးအတွက် တင်ဒါအောင်မြင်တဲ့ ဟိန်းဟိန်းကျော် ကုမ္ပဏီမှ ပြုပြင်ဆောင်ရွက်ရန် ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ) အဆောက်အဦဦးစီးဌာန၊ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီဝင်များနှင့် မြို့နယ်ကုသရေးဦးစီးဌာနတို့မှ ၄-၆-၂၀၂၀ ရက်နေ့တွင် သွားရောက် စစ်ဆေးခဲ့ပြီး ၅-၆-၂၀၂၀ ရက်နေ့တွင် ကုသရေးဦးစီးဌာနသို့ လွှဲပြောင်းလက်ခံ ဆောင်ရွက်ပြီးဖြစ်ပါတယ်။

ကွမ်ဟယ်တိုက်နယ်ဆေးရုံအတွက် လိုအပ်လျက်ရှိသော အခြေခံ ဆေးရုံသုံးပစ္စည်း (၄၉)မျိုးကိုလည်းကောင်း၊ ပရိဘောဂများအတွက် လိုအပ်သော ရန်ပုံငွေကျပ် (၅၀.၇)သိန်းနှင့် အထွေထွေလုပ်သား (၂)ဦး၊ ညစောင့်(၁)ဦးတို့အား နေ့စားလပေးဝန်ထမ်းအဖြစ် ခန့်ထားပေးနိုင်ပါရန်နှင့် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လားရှိုးမြို့၏ ၁၅-၆-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ကုသ/ဝထရ(ထွေ)/ ၂၀၂၀/ ၁၇၆၃၊ ၁၇၆၄၊ ၁၇၆၅ တို့ဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။ ကွမ်ဟယ်တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်(တာဝန်ခံ)(၁)ဦး ခန့်ထားပေးနိုင်ပါရန် ရွှမ်းပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လားရှိုးမြို့၏ ၁၅-၆-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ကုသ/ ဝထရ(ထွေ)/ ၂၀၂၀/ ၁၇၆၆ ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။

ကွမ်ဟယ်တိုက်နယ်ဆေးရုံအင်အားဖြင့် အခြားမြို့နယ်များတွင် တွဲဖက်တာဝန်ချထားသော ဝန်ထမ်းများကို ဆေးရုံလုပ်ငန်းများ ဆောင်ရွက်နိုင်သည်နှင့် တစ်ပြိုင်နက် ပြန်လည် စေလွှတ်သွားမည် ဖြစ်ပါတယ်။ လတ်တလောအခြေအနေတွင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ကွမ်ဟယ်ကျေးလက်ကျန်းမာရေးဌာနခွဲ ဝန်ထမ်းများမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ " ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာ အုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့် သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အခု အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့ အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ် ပေးရန် တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။ ဒါကြောင့် လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ယနေ့ ပြုလုပ်ကျင်းပတဲ့ ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးသို့ ကြွရောက်လာပါသော လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ တင်ပြဆွေးနွေးမှာက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ ပင်းတယမြို့နယ်၊ မိုင်းလီကျေးရွာအုပ်စုမှ မိုင်းအင်ကျေးရွာအား မိုင်းအင်မြို့အဖြစ် တိုးမြှင့် သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မိုင်းလီကျေးရွာအုပ်စုတွင် မိုင်းအင်ကျေးရွာအပါအဝင် ရွာပေါင်း (၁၆)ရွာ ရှိပြီး လူဦးရေအားဖြင့် ၆၀၀၀ ခန့်ရှိပါတယ်။ အင်းငယ်ကျေးရွာအုပ်စုတွင် အင်းငယ်ကျေးရွာအပါအဝင် ရွာပေါင်း (၇)ရွာဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ ၃၀၀၀ ကျော်ခန့် နေထိုင်ပါတယ်။ ဒါကြောင့် ကျေးရွာအုပ်စုနှစ်ခုပေါင်းရဲ့ လူဦးရေဟာ ၉၀၀၀ ကျော်ခန့်ရှိတဲ့အတွက် မြို့အဖြစ် သတ်မှတ်နိုင်တဲ့ အရေအတွက် ဖြစ်ပါတယ်။ ဒါ့အပြင် မိုင်းအင်ကျေးရွာဟာ ပင်းတယမြို့၏ မြောက်ဘက် ၁၀ မိုင်၊ ရပ်စောက်မြို့မှ ၂၂ မိုင်အကွာမှာရှိပြီး ပင်းတယ- ရပ်စောက်- ပြည်နယ် လမ်းမကြီးပေါ်မှာ တည်ရှိတာ ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာတွင် နေထိုင်ကြတဲ့ တိုင်းရင်းသား များမှာ ဓနု၊ ပအိုဝ်း၊ အင်းသား၊ ဗမာ၊ ဂေါ်ရခါး လူမျိုးများဖြစ်ကြပြီး အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများ ဖြစ်ပါတယ်။ မိုင်းလီကျေးရွာအုပ်စုတွင် လယ်စပါးစိုက် ဧကမှာ ၃၀၀၀ ခန့်ရှိပြီး စပါးတင်းပေါင်း ၂၆၀၀၀ ခန့်ထွက်ရှိပြီး ပြောင်းဖူး၊ အစေ့ထုတ်ပြောင်း၊ ဆီထွက် နေကြာ၊ ပန်းနှမ်း၊ မြေပဲ စသည်တို့ကို စိုက်ပျိုးကြပါတယ်။ ဒီအတွက် စပါးဟာ တစ်မြို့နယ်လုံး ကို အကျိုးပြုလျက်ရှိပါတယ်။ အဆိုပါ (၂)ရွာမှ ထွက်ရှိတဲ့စပါးဟာ ပင်းတယမြို့နယ် ဒေသခံ ပြည်သူများရဲ့ ရိက္ခာကိုများစွာ အထောက်အကူပြုလျက်ရှိတဲ့အတွက် မြို့အဖြစ် သတ်မှတ်ပေး ပါရန် တင်ပြဆွေးနွေးအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းအင်ကို မြို့အဖြစ် သတ်မှတ်ဖို့ ဆိုရင် ရွာတွင် လျှပ်စစ်မီးများရှိနေပြီးဖြစ်တဲ့အပြင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ ကျေးလက် ကျန်းမာရေးဌာနခွဲ၊ အရံမီးသတ်ဦးစီးဌာနလည်း ရှိပြီးဖြစ်ပါတယ်။ ဒါ့ပြင် မိုင်းအင် အ.ထ.က ကျောင်း၊ TV ထပ်ဆင့်လွှင့်ရုံနှင့် မိုဘိုင်းဖုန်း တာဝါတိုင်လည်း ရှိပါတယ်။ ဆက်လက်ပြီး တင်ပြရရင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှုးရုံး ဖွင့်လှစ်မည့် မြေနေရာ၊ ရဲစခန်းနှင့် အားကစားကွင်းအတွက် မြေနေရာများ အသီးသီး သတ်မှတ်ထားပြီးဖြစ်ပါတယ်။

မိုင်းအင်ကျေးရွာတွင် ငါးရက်တစ်ဈေး မိုင်းအင်ဈေး ရှိပါတယ်။ ဈေး၏အကျယ်မှာ (၁)ဧကခွဲခန့်ရှိပြီး ဈေးဆိုင်ခန်းပေါင်း ၆၀ ခန့်ရှိသကဲ့သို့ ဈေးအနီးပတ်ဝန်းကျင်တွင် ဆန်စက်၊ ဆီစက်များရှိပြီး စီးပွားရေးအရ အချက်အချာကျသဖြင့် ကျေးရွာအဆင့်မှ မြို့အဖြစ် သတ်မှတ်ပေးပါက ပိုမိုစည်ကားလာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းအင်ကျေးရွာနှင့် မနီးမဝေးမှာ နွေ၊ မိုး၊ ဆောင်း အမြဲစီးဆင်းနေသော ဇော်ဂျီမြစ်ချောင်းရှိတဲ့အတွက် မြို့အဖြစ် ဖြစ်တည်လာပါက သောက်သုံးရေ၊ စိုက်ပျိုးရေအတွက် ပူပန်စရာမလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဇော်ဂျီမြစ်ချောင်းအပြင် မိုင်းအင်လက်ရိုက်ဆည်၊ အိုးကုန်းလက်ရိုက်ဆည်မှလည်း စိုက်ပျိုးရေးအပြင် အများပြည်သူသောက်သုံးရန်အတွက် ရေလုံလောက်စွာ ရနိုင်တဲ့အတွက် မြို့အဖြစ် သတ်မှတ်နိုင်တဲ့ အရည်အချင်း ဖြစ်ပါတယ်။

ထို့အတူ အင်းငယ်ကျေးရွာအုပ်စုတွင် နွေ၊ မိုး၊ ဆောင်း စီးဆင်းနေတဲ့ ကုဘ်ကြီးရေထွက်ရှိပါတယ်။ အဲဒီရေကနေပြီးတော့ လယ် သီးနှံစိုက်ပျိုးရေးအတွက် အသုံးပြုနိုင်သလို သောက်သုံးရေအဖြစ်လည်း အသုံးပြုနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့် မိုင်းလီကျေးရွာအုပ်စုနှင့် အင်းငယ်ကျေးရွာအုပ်စု နှစ်ခုပေါင်းပြီး မိုင်းအင်ရွာမှ မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်သင့်ပါတယ်။

မိုင်းအင်ရွာမှာ ပင်းတယ- ရပ်စောက်- ပြည်နယ်လမ်းမကြီး၏ ဝဲယာတွင် ရှိသကဲ့သို့ ရွာချင်းဆက်ကားလမ်းများအပြင် ကျေးရွာကုန်ထုတ်လမ်းများ၊ ရွာရှောင်လမ်းများလည်း ရှိတဲ့အတွက် မြို့အဂီါရပ်နှင့် ကိုက်ညီသည်ဟု ယူဆရမှာဖြစ်ပါတယ်။ ဒါ့အပြင် နေ့စဉ် ပြေးဆွဲနေသော အေးမြို့တော်ယာဉ်ငယ်အသင်းမှလည်း မိုင်းအင်- ဘော်ဆိုင်း- ဟဲဟိုး- တောင်ကြီးယာဉ်လိုင်းအပြင် ရပ်စောက်- မိုင်းအင်- ပင်းတယ- ရန်ကုန် ပြေးဆွဲသည့် လုမ္မနီကားလိုင်းဂိတ်ဖွင့်လှစ်ထားရှိတဲ့အတွက် မြို့အဂီါရပ်နှင့်ညီညွတ်နေပါသဖြင့် ရွာမှ မြို့အဖြစ်သို့ သတ်မှတ်ပေးရန် နိဂုံးချုပ်အားဖြင့် တင်ပြထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (၈)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာပါသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းမှတင်သွင်းသည့် **"ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ရပ်ကွက်/ ကျေးရွာအုပ်စု၊ ကျေးရွာများအား မြို့အဆင့်သို့ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရာတွင် အောက်ပါအတိုင်း သတ်မှတ်ထားသည့် မြို့အင်္ဂါရုပ်(၂၁)ချက်နှင့် ညီညွတ်ရမှာ ဖြစ်ပါတယ်-

(၁) လူဦးရေအနည်းဆုံး(၅၀၀၀) ဦး၊ အိမ်ခြေအနည်းဆုံး (၁၀၀၀)စု၊

(၂) စျေး (၂.၁၆၆)ဧကာ၊

(၃) ဘောလုံးကွင်း(၃.၇၁၉)ဧကာ၊

(၄) ကလေးများအပန်းဖြေရန် ဥယျာဉ်/ ကစားကွင်း (၁.၄၉၉)ဧကာ၊

(၅) ၁၆ ခုတင်ဆံ့ ဆေးရုံ၊

(၆) ဘာသာရေးဆိုင်ရာ နေရာများ၊

(၇) ကုန်ထုတ်လုပ်မှုဆိုင်ရာ မြေနေရာများ (စက်ရုံ၊ အလုပ်ရုံ၊ ဆန်စက်၊ သစ်ခွဲစက်) စသည့် အချက်များ ဖြစ်ပါတယ်။

(၈) ကျေးရွာဘုံမြေ/ ကျေးရွာထင်းစိုက်ခင်း၊

(၉) အုပ်ချုပ်ရေးရုံးနှင့် စာကြည့်တိုက်၊

(၁၀) အခြေခံပညာ မူ/ လယ်/ ထက် ကျောင်း၊

(၁၁) လျှပ်စစ်မီးရရှိမှု၊

(၁၂) ဆက်သွယ်ရေး၊ အိတ်ချိန်းရုံး/ စာတိုက်၊

(၁၃) လမ်းဦးစီး/ စည်ပင်ကော်မတီလမ်း၊

(၁၄) သောက်သုံးရေ ဖြန့်ဝေမှု၊

(၁၅) တိုးတက်လာမည့် လူဦးရေအတွက် မြို့တိုးချဲ့ရေးအစီအမံ၊

(၁၆) ကုန်စည်ဒိုင်/ လက်ကားဒိုင်/ စီးပွားရေးလုပ်ကိုင်မှု အခွင့်အလမ်းများနှင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းအခြေအနေ၊

(၁၇) ဘူတာရုံ/ သဘော်ဆိပ်/ ကားဂိတ် စနစ်တကျနေရာချထားမှု၊

(၁၈) တိရစ္ဆာန်များထိန်းကျောင်းမှုအခြေအနေ၊

(၁၉) အမှိုက်သရိုက်စွန့်ပစ်ရန်မြေနေရာ (၅.၀၀)ဧကာ၊

(၂၀) မိလ္လာစွန့်ရန်မြေနေရာ (၅.၀၀)ဧကာ၊

(၂၁) သချိုင်းပြုလုပ်ရန် မြေနေရာ (၅.၀၀)ဧကာများ ပြည့်စုံရမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်ဟာ ရပ်ကွက်(၁၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၇)အုပ်စုဖြင့် ဖွဲ့စည်းထားသော မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ မိုင်းလီကျေးရွာအုပ်စုအတွင်းပါဝင်သော မိုင်းအင်ကျေးရွာမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ အမည်ပေါက်စာရင်းစာအုပ်တွင် မိုင်းအင်(ဓနု)၊ မိုင်းအင်(နီပေါလ်) အမည်ဖြင့် သတ်မှတ်ထားသော ကျေးရွာများဖြစ်ပြီး၊ အဆိုပါ ကျေးရွာများမှာ ရပ်စောက် - ပင်းတယ သွားကားလမ်းမပေါ်တွင်

ရွာတန်းရှည်ပုံစံဖြင့် တည်ရှိသော ကျေးရွာများဖြစ်ပါတယ်။ မိုင်းလီကျေးရွာအုပ်စုရှိ မိုင်းအင် ကျေးရွာသည် လက်ရှိအချိန်ထိ အိမ်ခြေ(၃၅၀)၊ အိမ်ထောင်စု(၃၄၀)၊ လူဦးရေ(၁၅၄၂)ဦး မှီတင်းနေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါတယ်။ မိုင်းလီကျေးရွာအုပ်စုအတွင်း ပါဝင်သော ကျေးရွာအရေအတွက်မှာ မြေပြင်စာရင်း(၁၆)ရွာဖြစ်ပြီး၊ လက်ရှိအချိန်ထိ အိမ်ခြေ(၁၄၅၈) အိမ်၊ အိမ်ထောင်စု(၁၄၅၈)စု၊ လူဦးရေ(၆၄၂၁)ဦးနေထိုင်လျက်ရှိပါတယ်။ မိုင်းအင်ကျေးရွာနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အင်းငယ်ကျေးရွာအုပ်စုဟာ မြေပြင်စာရင်းအရ ကျေးရွာ (၄)ရွာ၊ အိမ်ခြေ (၈၇၉)အိမ်၊ အိမ်ထောင်စု (၈၇၉)စု၊ လူဦးရေ (၃၆၆၀)ဦး နေထိုင်လျက်ရှိပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်းမှ တင်သွင်းသော **“အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း”** အဆိုနှင့် ပတ်သက်ပြီးတော့ (၂၀-၆-၂၀၂၀) ရက်နေ့ (၁၀၀၀)နာရီချိန်မှာ ပင်းတယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ တောင်ကြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ပင်းတယမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မိုင်းလီကျေးရွာအုပ်စုရှိ ကျေးရွာ တာဝန်ခံ(၁၆)ဦး၊ အင်းငယ်ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံတို့ ညှိနှိုင်း ဆွေးနွေးခဲ့ရာ မိုင်းလီကျေးရွာအုပ်စုရှိ (၁၆)ရွာအနက်မှ မိုင်းအင်ကျေးရွာနှင့် အိုးကုန်းကျေးရွာ (၂)ရွာသာ မိုင်းအင်မြို့အဖြစ် ဖွဲ့စည်းခြင်းအပေါ် သဘောတူလက်ခံနိုင်ပြီး၊ ကျန်(၁၄)ရွာမှာ မြို့အဖြစ် ဆောင်ရွက်လိုခြင်း မရှိကြောင်းနှင့် အင်းငယ်ကျေးရွာအုပ်စုရှိ ကျေးရွာများမှာ မြို့ အဖြစ် ဆောင်ရွက်လိုခြင်း မရှိကြောင်း ဆွေးနွေးကြပါတယ်။

ဒါ့အပြင် မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာနှင့် အင်းငယ်ကျေးရွာအုပ်စုရှိ ကျေးရွာများအား ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ မိုင်းအင်ကျေးရွာနှင့် အင်းငယ်ကျေးရွာအုပ်စုရှိ ရွာများ၏ အကွာအဝေးမှာ အနီးဆုံးကျေးရွာနှင့် (၂)မိုင်ခန့်ကွာဝေးပြီး၊ အဝေးဆုံးကျေးရွာနှင့် (၄)မိုင်ခန့် ကွာဝေးကြောင်း တွေ့ရှိရသည့်အပြင် ကျေးရွာများမှာလည်း မြေပြင်တွင် တစ်ဆက်တစ်စပ် တည်းတည်ရှိမှုမရှိကြောင်း စိစစ်တွေ့ရှိရသောကြောင့် မြို့အဖြစ် ဖွဲ့စည်းမည်ဆိုပါက အုပ်ချုပ်မှု ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် မိုင်းလီကျေးရွာ

အုပ်စု၊ မိုင်းအင်ကျေးရွာနှင့် အင်းငယ်ကျေးရွာအုပ်စုရှိ ကျေးရွာများ၏ ရွာတွင်းလမ်းများ မှာလည်း မြို့ဖွဲ့စည်းမည်ဆိုပါက မြို့တွင်းလမ်းအဖြစ် သတ်မှတ်ထားရှိသော လမ်းအကျယ် ပေများ ပြည့်မီမှုမရှိခြင်းကြောင့် မီးဘေးအန္တရာယ် ကျရောက်လာချိန်တွင် အဝင်/ အထွက် လမ်းများ ကျဉ်းမြောင်းလွန်းခြင်း၊ တိုးချဲ့ဖောက်လုပ်မည်ဆိုပါကလည်း လမ်းဘေးဝဲ/ ယာရှိ အိမ်/ ခြံများအား ထိခိုက်မှုများရှိလာနိုင်သဖြင့် ဒေသခံများမှ ကန့်ကွက်မှုများ ဖြစ်ပေါ်နိုင်ခြင်း နှင့်စွေးမြေဧရိယာမှာလည်း မြို့အင်္ဂါရုပ်နှင့်အညီ သတ်မှတ်ဧရိယာ ပြည့်မီလုံလောက်မှုမရှိ ကြောင်း စစ်ဆေး တွေ့ရှိရပါတယ်။

ဒါ့အပြင် မြို့အဖြစ်ဖွဲ့စည်းပါက ဌာနဆိုင်ရာအဆောက်အဦများ ဆောက်လုပ်ရန် မြေ နေရာလိုအပ်ခြင်းကြောင့် မြေနေရာများ သိမ်းဆည်းရမည်ဖြစ်၍ သိမ်းဆည်းခံ ဒေသခံ တောင်သူများ၏ သဘောထားများရယူရာတွင် ကန့်ကွက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းနှင့် မြေယာလျော်ကြေးများ၊ နစ်နာကြေးများ ပေးလျော်ရမည်ဖြစ်သဖြင့် နိုင်ငံတော်မှဘဏ္ဍာ ရန်ပုံငွေများ များစွာလိုအပ်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူအများစုမှာလည်း မြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းလိုသည့် ဆန္ဒမရှိခြင်းကြောင့် မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာအား မိုင်းအင်မြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းပေးရန် မသင့်သေးပါကြောင်းနှင့် ရပ်ကွက်ကျေးရွာအုပ်စု၊ ကျေးရွာများကို မြို့အဖြစ်သို့ တိုးချဲ့ဖွဲ့စည်းရာမှာ သတ်မှတ်ထားတဲ့ အချက်အလက်များနှင့် ပြည့်စုံမှုရှိမှသာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်အဆိုပြုလာတဲ့ အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ပြန်လည်ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ၎င်းအဆိုကို မှတ်တမ်းအဖြစ်ထားသင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ(စ)နဲ့ (ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည် ဆွေးနွေးနိုင်ပါတယ်။

ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။

ဥက္ကဋ္ဌ။ လွတ်တော်ရဲ့ ဆန္ဒခံယူမယ်နော် ဟုတ်လား။ အဆိုတင်သွင်းသော လွတ်တော်ကိုယ်စားလှယ်က ၎င်းအဆိုကို အတည်ပြုပေးရန် လွတ်တော်ရဲ့ ဆန္ဒခံယူလိုပါကြောင်း တင်ပြလာပါသဖြင့် ယခုအဆိုနဲ့စပ်လျဉ်းပြီး လွတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ (က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲကို ရှမ်းပြည်နယ်လွတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၁၊ နည်းဥပဒေခွဲ (ထ)၊ နည်းဥပဒေခွဲငယ်(၂)အရ မတ်တပ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဆိုကို အတည်ပြုရန် သဘောတူသည့် ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်များပါက အဆိုသည် အတည်ဖြစ်မှာ ဖြစ်ပြီး၊ အဆိုကို အတည်ပြုရန် သဘောတူသည့် ကိုယ်စားလှယ် ဦးရေသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်နည်းပါက အဆိုအား ပြည်နယ်အဖွဲ့အစည်းဝင်က ဆွေးနွေးသည့်အတိုင်း မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။ ကျွန်တော်ပြောတာ ရှင်းပါတယ်နော်။ ယခု အဆိုကို အတည်ပြုရန် သဘောတူသည့် လွတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန် ဖြစ်ပါတယ်။

မတ်တပ်ရပ်၍ ဆန္ဒပြုသည့် လွတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၁၈)ဦးဖြစ်ပါတယ်။ တစ်ဝက်မကျော်ပါဘူး။ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုအား အတည်ပြုရန်သဘောတူသည့် လွတ်တော်ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်နည်းတဲ့အတွက် အဆိုအား မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ " ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်စေရေးတို့ကို စီမံချက်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်းက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်စေရေးတို့ကို စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆို ဖြစ်ပါတယ်။ ယခု ဦးစိုင်းလှိုင်ခမ်းက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)သို့ တက်ရောက်လာကြသူများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်စေရေးတို့ကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို ကျွန်တော် မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းက တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ခင်ဗျား။ အဆိုတင်သွင်းရခြင်း၏ ရည်ရွယ်ချက်များကတော့ ကျွန်တော်တို့ အားလုံး အပါအဝင် လာမည့် မျိုးဆက်သစ်များနှင့် လူ့အသိုင်းအဝိုင်း၊ အဖွဲ့အစည်းများအားလုံး

ရှေ့ဆက်သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိရှိ အဆင်ပြေစွာနေနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်မှ အကျိုးကျေးဇူးရှိရှိ စနစ်တကျရယူသုံးစွဲနိုင်ရန် ဖြစ်ပါတယ်။

ကျွန်တော်တို့ ရုပ်မြင်သံကြားနယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်အိမ်တော်၏ တံခါးပေါက်မှ ထွက်ထွက်ချင်း လက်ဝဲဘက်ထောင့်မှာ သစ်ပင်ကြောင့်ရရှိနိုင်သော အကျိုးကျေးဇူးများကို Vinyl ဆိုင်းဘုတ်ကြီးဖြင့် အသိပေးထားသည်ကို တွေ့ရပါတယ်။

ရုပ်မြင်သံကြားနယ်လွှတ်တော်ပတ်ဝန်းကျင်ရှိ သစ်ပင်သစ်ရိပ်များမှ ရရှိလာသော အေးချမ်းမှုအကျိုးရလဒ်၊ တောင်ကြီးမြို့ကို အကာအရံသဘောဖြင့် ရှိနေပေးကြသော တောင်ချွန်း၊ ရွှေဘုန်းပွင့်၊ မြစိမ်းတောင်တော်တို့သည် သဘာဝဘေးအန္တရာယ်ကို ကာကွယ်ပေးနေသည့်အပြင် တောင်ကြီးမြို့ တစ်မြို့လုံးသို့ သဘာဝအေးချမ်းမှုအရိပ်များ ပေးနေသည်ကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကတော့ သဘာဝပတ်ဝန်းကျင်ကပေးအပ်သော အမွေကောင်း ဖြစ်ပါတယ်။

ဒီနှစ်၏ထူးခြားချက်ကတော့ ခန့်မှန်းထားသည်ထက် ရေအရင်းအမြစ်များ ပိုမိုလျင်မြန်စွာလျော့နည်းဆုံးရှုံးလာမှု၊ သဘာဝပတ်ဝန်းကျင် ပိုမိုလျင်မြန်စွာ ထိခိုက်ပျက်စီးဆုံးရှုံးလာမှု နှင့် ရာသီဥတုများ ပိုမိုလျင်မြန်စွာ ပြောင်းလဲဖောက်ပြန်လာမှုတို့ပဲ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်၊ မေလ (၁၈)နှင့် (၁၉)ရက်နေ့မှာ ကျင်းပပြုလုပ်သွားသည့် အထူးအစည်းအဝေး (၁/ ၂၀၂၀)အပြီး အိမ်အပြန်လမ်းမှာ ကျွန်တော်တို့ ရုပ်မြင်သံကြား၏ အသက်သွေးကြောကြီးဖြစ်သော “သံလွင်မြစ်ကြီး” သည် ထူးခြားစွာ ခန်းခြောက်နေသည်ကို မျက်မြင်တွေ့ရှိရပါတယ်။ ရုပ်မြင်သံကြားနယ်အတွင်းရှိ ရေအရင်းအမြစ်များ၊ မခန်းခြောက်ဖူးသော ကျေးရွာတော်တော်များများ ရေခန်းခြောက်သွားကြကြောင်း လေ့လာသိရှိရပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူတစ်ယောက်အနေဖြင့် ရေးစပ်ထားသော ကဗျာတိုလေးရှိပါတယ်။ အဲဒါကတော့ **“မြို့၊ ကျေးလက် လမ်းကောင်း၊ သစ်ပင်တောတောင်ပြောင်၊ ရေရင်းမြစ်ခန်းခြောက်၊ အားလုံးဒုက္ခရောက်”** ပဲ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လက်ရှိ တိုင်းရင်းသားပြည်သူများ ရိုးရာဓလေ့အလိုက် လုပ်ကိုင်နေကြသော ရွှေ့ပြောင်းတောင်ယာစနစ်ထက် နှစ်တိုစိုက်ခင်းများဖြစ်သော ပြောင်းသီးနှံစိုက်ခင်း၊ ကြံစိုက်ခင်းနှင့်

တစ်သျှူး ၄က်ပျောစိုက်ခင်းများက သဘာဝပတ်ဝန်းကျင်ကို လျင်မြန်စွာပိုမိုထိခိုက်ပျက်စီးနေသည်ကို လေ့လာသိရှိရပါတယ်။

ကျွန်တော်တို့၏ ပတ်ဝန်းကျင်နိုင်ငံများက သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူမှုများကြောင့် တိုင်းရင်းသားတောင်သူ မိဘများအတွက် စားဝတ်နေရေး ပြေလည်စေမှု၊ မိသားစုဝင်ငွေပိုမိုရရှိစေမှု စသောအကျိုးကျေးဇူးများရှိကြောင်း သိရှိရပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် အထောက်အကူဖြစ်စေမည့် နှစ်ရှည်သီးနှံ စိုက်ပျိုးခြင်းလုပ်ငန်းများအတွက် လုံလောက်သော အရင်းအနှီး၊ အချိန်၊ နည်းပညာ၊ ထိန်းသိမ်းမှု၊ ဈေးကွက်များ ဖန်တီးပေးရန် လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ အခက်အခဲပေါင်းများစွာ ရှိနေသည်ကိုလည်း နားလည်မှုရှိပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိဂုံးချုပ်အနေဖြင့် အထက်မှာ ကျွန်တော်တင်ပြဆွေးနွေးသွားသလို တိုင်းရင်းသားတောင်သူမိဘများ၊ ကျွန်တော်တို့အားလုံးအပါအဝင် မျိုးဆက်သစ်များ၊ လူ့အသိုင်းအဝိုင်းအဖွဲ့အစည်းများအားလုံးအတွက် “ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ” ဆိုသည့်စကားအတိုင်း သဘာဝပတ်ဝန်းကျင်ကို အကျိုးရှိရှိ အသုံးပြုနိုင်သည့်အပြင် အားလုံးအတွက် “ Win and Win” ဖြစ်စေမည့်နည်းလမ်းဖြင့် စနစ်တကျစီမံသုံးစွဲနိုင်ရန်အတွက် **“ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေပြောင်းတောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျတောင်ယာစိုက်ပျိုးခြင်း လုပ်ငန်းများဖြစ်စေရေးတို့ကို စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း”** အဆိုကို လေးစားစွာဖြင့် တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင်ရွှေပြောင်းတောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာစိုက်ပျိုးခြင်း လုပ်ငန်းများဖြစ်စေရေးတို့ကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း”** အဆိုကို လေးလေးနက်နက် ထောက်ခံရင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ဦးစိုင်းလှိုင်ခမ်း တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ သင့်/ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းလှိုင်ခမ်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်း တင်သွင်းသောအဆိုကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၄ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံး ထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) ကို ၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၂၄ ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက်(၁၀)နာရီအချိန်မှာ ဆက်လက် ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကျေးဇူးတင်ပါ တယ်ရှင်။

ရှမ်းပြည်နယ်
ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
(၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
(တတိယနေ့)မှတ်တမ်း
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်
၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၂၄ ရက်
[ဗုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက်(၁၀)နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
(၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၄)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၉.၂၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်

တရားသူကြီးချုပ်နှင့် ရုမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရုမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မဂ်လာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၄- ၆- ၂၀၂၀ ရက် (တတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရုမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစီစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရုမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂) ဦးခင်မောင်ညွန့်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၃) ဦးခွန်မောင်ဖြူ၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၄) ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၁)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရုမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရုမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် (၁၉) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ(၁၅)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမဂ််လာပါ။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာ ကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များအားလုံး မဂ််လာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ပြုလုပ်တဲ့ အစည်းအဝေးမှာ ရှမ်းပြည်နယ် အတွင်းရှိ အချို့မြို့နယ်များတွင် "မြေငှားဂရန်လျှောက်ထားလို့ မရသေးကြောင်း" နှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နမ့်ခမ်းမြို့နယ်ကို ၁၉၇၂ ခုနှစ် တွင် ရပ်ကွက်ပေါင်း(၄)ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း(၄၄)အုပ်စုဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ ပါတယ်။ ယနေ့တွင် လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ နမ့်ခမ်းမြို့ပေါ်ရှိ ရပ်ကွက်(၄) ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရာမှ ရပ်ကွက်(၁၀)ရပ်ကွက်အထိ တိုးချဲ့ဖွဲ့စည်း၍ ယခုတွင် (၁၄)ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း (၄၃)အုပ်စုဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၈-၁-၂၀၁၁) ရက်နေ့စွဲဖြင့် အမိန့်ကြော်ငြာစာ ပြင်ဆင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။

ဤသို့ ပြင်ဆင်ဖွဲ့စည်းခဲ့သည့်အပေါ် တိုးချဲ့ဖွဲ့စည်းခဲ့သည့် ရပ်ကွက်(၁၄)ရပ်ကွက် အတွင်း-

အမှတ်(၁) ရပ်ကွက်မှ	(က)	မန့်ခမ်းရပ်ကွက်
	(ခ)	ကောင်းတပ်ရပ်ကွက်
အမှတ်(၂)ရပ်ကွက်မှ	(က)	နောင်စန့်ကုန်းရပ်ကွက်
	(ခ)	ပန်လုံရပ်ကွက်
အမှတ်(၄)ရပ်ကွက်မှ	(က)	ဝိန်းဆာရပ်ကွက်
အမှတ်(၈)ရပ်ကွက်မှ	(က)	ကောင်းဆာရပ်ကွက်နှင့်
အမှတ်(၁၃)ရပ်ကွက်မှ	(က)	သာယာကုန်းရပ်ကွက်
	(ခ)	မန့်နားရပ်ကွက်

အသီးသီးတို့သည် (၂၀၁၁-၂၀၁၂)ခုနှစ်တွင် မြို့မြေတိုင်းတာခြင်းလုပ်ငန်း ကိစ္စရပ်များ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

၎င်းရပ်ကွက်နေ ပြည်သူများသည် အခြားရပ်ကွက်နေ ပြည်သူများကဲ့သို့ ပိုင်ဆိုင်မှု အထောက်အထားအနေဖြင့် "မြေငှားဂရန်" ရရှိရန် လျှောက်ထားလိုသော်လည်း သက်ဆိုင်ရာ ဌာနများမှ မြေငှားဂရန် လျှောက်ထားမရသေးကြောင်း ပြည်သူများကို ပြောခဲ့သဖြင့် မြေငှားဂရန်ရရှိရန် လျှောက်ထားနိုင်ရေးကို ကူညီဆောင်ရွက်ပေးနိုင်ရန် တင်ပြလာပါတယ်။

သို့ဖြစ်ပါ၍ မြေတိုင်းတာခြင်းကိစ္စလုပ်ငန်းများ ပြီးစီးသော်လည်း မည်သည့်အတွက် ကြောင့် "မြေငှားဂရန်လျှောက်ထားလို့မရသေးကြောင်း"၊ မြေငှားဂရန်လျှောက်ထားခြင်းကို မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် မေးမြန်းတဲ့ "နမ့်ခမ်း မြို့ပေါ်မှာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့တဲ့ ရပ်ကွက်(၁၄)ခုအနက်မှ ရပ်ကွက်(၈)ခုတွင် မြေငှားဂရန် လျှောက်ထား၍ မရသေးခြင်း" ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်မှ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်အတွင်းရှိ နမ့်ခမ်းမြို့ကို ရပ်ကွက် (၁၄)ရပ်ကွက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၈.၁.၂၀၁၁) ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပြင်ဆင်ဖွဲ့စည်း ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မြို့မြေတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်

ခဲ့ပြီးဖြစ်သော်လည်း မြေပြင်ဇရိယာစာရင်း၊ ဦးပိုင်မှတ်ပုံတင်စာရင်း(၁-ခ)၊ ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာရင်း(၁-က)များ ကောက်ယူခြင်း၊ မြေပုံအချောထုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါသဖြင့် မြေငှားဂရန် လျှောက်ထားလာမှုများအပေါ် ဆောင်ရွက်ပေးနိုင်မှုမရှိခဲ့ခြင်းဖြစ်ခဲ့ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းသည့် နမ့်ခမ်းမြို့ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရာတွင်ပါဝင်သော အမှတ်(၁)၊ (၂)၊ (၄)၊ (၈)၊ (၁၃) ရပ်ကွက်အတွင်းရှိ မြေနေရာများနှင့် ပတ်သက်၍ Town Land Roll စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ ဇရိယာစာရင်း၊ ဦးပိုင်မှတ်ပုံတင်စာရင်း (၁-ခ)၊ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာရင်း(၁-က) စာရင်းများကောက်ယူခြင်းနှင့် မြေပုံအချောထုတ်ခြင်းလုပ်ငန်းများကို မြို့နယ်စာရင်းကောက်ယူရေးအဖွဲ့မှ (၁၈.၅.၂၀၂၀) ရက်နေ့တွင် စာရင်းကောက်ယူပြီး နယ်နိမိတ်သတ်မှတ်ရေးအရာရှိ၊ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိက အတည်ပြုလက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၎င်းရပ်ကွက်များအတွင်းရှိ လူနေထိုင်သည့်မြို့မြေနေရာများကို မြေငှားဂရန်လျှောက်ထားလာပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မြို့တွင်းမှာရှိတဲ့ လယ်ယာမြေများကို မြေငှားဂရန်လျှောက်ထားလာပါက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လျှောက်ထားစေပြီး အခြားနည်းအသုံးပြုခွင့် ရရှိပြီးပါက မြေငှားဂရန်များလျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဆက်လက်ပြီး ဒုတိယမေးခွန်းကို ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ နမ့်ခမ်းမြို့နယ်ရှိ ကောင်းကတ်ကျေးရွာအုပ်စု “ကွင်းပြင်ပဒေသ” သစ်တောစိုက်ခင်းမြေကို ပြန်လည်စွန့်လွှတ်ပေးခြင်း ရှိ/ မရှိ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ် “ကွင်းပြင်ပဒေသ” ရှိ သစ်တောစိုက်ခင်းမြေ ဧရိယာ(၁၀၀)ဧကကို မူဆယ်မြို့နယ် (ပူးတွဲ- နမ့်ခမ်း) သစ်တောဦးစီးဌာနမှ (၁၉၉၅- ၁၉၉၆) ခုနှစ်တွင် စိုက်ခင်းအမှတ် (၂/ ၁၉၉၅) ဖြင့် ကျေးရွာသုံးထင်းစိုက်ခင်း အဖြစ် စိုက်ပျိုးရန် သိမ်းယူခြင်းခံခဲ့ရပါတယ်။

ဤကဲ့သို့ ထင်းစိုက်ခင်းအဖြစ် ၂၀၁၃ ခုနှစ်တွင် ယူကလစ်၊ အော်ရီရှားအပင်များ စုစုပေါင်း(၃)ဧကခန့်သာ သစ်တောဦးစီးဌာနမှ ထင်းစိုက်ခင်းအဖြစ် စိုက်ပျိုးလုပ်ကိုင်ခဲ့ပါတယ်။ ကျန်မြေများတွင် စိုက်ပျိုးခြင်း မရှိခဲ့ပါ။ သစ်တောစိုက်ခင်းအနေဖြင့် ဆက်လက်ထိန်းသိမ်း ထားမည်ဆိုသော်လည်း စိုက်ခင်းအမည်သာရှိပြီး အကောင်အထည်ဖော်မှုမရှိသဖြင့် ဒေသခံ တောင်သူများ နစ်နာဆုံးရှုံးခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ၁၉၉၅ ခုနှစ်မှစ၍ သစ်တောဦးစီးဌာနမှ သစ်တောစိုက်ခင်းအဖြစ် သိမ်းယူထားသည့် မြေဧရိယာ (၁၀၀)ဧကအနက် ထင်းစိုက်ခင်းအဖြစ် စိုက်ပျိုးထားသော မြေ(၃)ဧကကို ချန်လှပ်၍ ကျန်စိုက်ပျိုးခြင်းမရှိသော မြေဧရိယာ(၉၇)ဧကကို မူလပိုင်ရှင် တောင်သူ(၂၈)ဦးထံသို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ တောင်သူ များ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါကြပါစေခင်ဗျား။

၁၉၉၅ ခုနှစ်၊ နမ့်ခမ်းမြို့နယ်၊ ကောင်းကတ်ကြိုးပြင်တောင် သစ်တောဦးစီးဌာနမှ စိုက်ခင်းအမှတ် ၂/ ၁၉၉၅ ကျေးရွာထင်းစိုက်ခင်း (၁၀၀)ဧက တည်ထောင် စိုက်ပျိုးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်တွင် နမ့်ခမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ

အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေတွင် တည်ထောင်ပြီးစိုက်ခင်းများကို ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်နှင့် မှတ်တမ်းထားရှိရေး ဆောင်ရွက်သွားရန် မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အကြောင်းကြားထားရှိပါတယ်။

ကျေးရွာထင်းစိုက်ခင်း (၁၀၀)ဧကအနက် ၂၀၁၃ ခုနှစ် စိစစ်ချက်အရ မြေပြင်လက်ကျန် (၃)ဧကအား ၁၅-၆-၂၀၁၉ ရက်နေ့တွင် ကောင်းကတ်ကျေးရွာသို့ လွှဲပြောင်းပေးအပ်ပြီး ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်းဥပဒေနှင့်အညီ ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်စေခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် (၅)၊ ထင်းစိုက်ခင်းဥပဒေ၏ အခန်း(၉) တားမြစ်ချက်များပါ အပိုဒ်ခွဲ(၂၉)တွင် “ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင် ထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အအုံ ဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်းမပြုလုပ်ရ”ဟု ပြဋ္ဌာန်းချက်အရ ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် သေပင်များအား ပြန်လည်ဖာထေးစိုက်ပျိုးပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ကောင်းကတ်ကျေးရွာသို့ လွှဲအပ်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လွှဲအပ်ပြီးပါက ကျေးရွာပိုင် ထင်းစိုက်ခင်းအဖြစ် ကျေးရွာ အစီအစဉ်ဖြင့် အဆိုပါစိုက်ခင်းအား ဆက်လက်စီမံခန့်ခွဲရန် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်သို့ တက်ရောက်လာသော လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့၊ မြို့ရွာင်လမ်း၊ ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်းနှင့် အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်

လိုအပ်သည့်မြေနေရာအား သက်ဆိုင်ရာဌာနများမှ အသုံးမလိုသည့် သိမ်းဆည်းမြေများအား ပြန်လည်စွန့်လွှတ်အပ်နှံခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (ယခင် မီးရထားဝန်ကြီးဌာန)၊ မြန်မာ့မီးရထားလုပ်ငန်းမှ ဖောက်လုပ်ဖို့စီစဉ်ခဲ့တဲ့ ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းတွင် သိမ်းဆည်းခဲ့သည့် မြေများနှင့် ပတ်သက်၍ ယင်းမြေများထဲမှ လက်ရှိတွင် မြန်မာ့မီးရထားဌာနမှ အသုံးပြုရန် မလိုအပ်တော့သည့် သိမ်းဆည်းမြေများအား လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ စွန့်လွှတ်မြေများ ပြန်လည်စွန့်လွှတ်အပ်နှံရာတွင် စွန့်လွှတ်မြေဆိုင်ရာအချက်အလက် မှန်ကန်ပြည့်စုံအောင် ဆောင်ရွက်ရမည့်နည်းလမ်းအတိုင်း သတ်မှတ်ပုံစံများဖြစ်သည့် စွန့်လွှတ်မြေများ ပြန်လည်အပ်နှံခြင်း ပုံစံ(၁)၊ ပုံစံ(၁-က)တို့ဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ အပ်နှံသွားရန် ကျိုင်းတုံမြို့နယ်၊ မြန်မာ့မီးရထားတာဝန်ခံသို့ လိပ်မူ၍ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီမှ (၁၇-၉-၂၀၁၈)ရက်နေ့တွင် ပထမအကြိမ်၊ (၉-၁-၂၀၁၉)ရက်နေ့တွင် ဒုတိယ အကြိမ်၊ (၃၀-၁-၂၀၁၉)ရက်နေ့တွင် တတိယအကြိမ်၊ (၂၅-၂-၂၀၁၉)ရက်နေ့တွင် နောက်ဆုံးအကြိမ် အထက်ဌာနအဆင့်ဆင့်သို့တင်ပြ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ အပ်နှံသွားရန် အကြိမ်ကြိမ်ညှိနှိုင်း အကြောင်းကြားခြင်း၊ ဒါ့အပြင် (၂၃-၂-၂၀၁၉)ရက်နေ့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၏ ကျိုင်းတုံမြို့နယ်ခရီးစဉ်တွင် မီးရထားဘူတာရုံသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်တွင် ပြည်နယ်/ ခရိုင်/ မြို့နယ် တာဝန်ရှိသူများနှင့် မြို့မိ/ မြို့ဖများ၏ တင်ပြချက်အရ ပြည်ထောင်စုဝန်ကြီးမှ အမြန်ဆုံးအပ်နှံဆောင်ရွက်သွားရန် မှာကြားခဲ့ပြီးဖြစ်သော်လည်း ယနေ့အချိန်ထိ သက်ဆိုင်ရာဌာနမှ စွန့်လွှတ်အပ်နှံနိုင်မှုမရှိသေးကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုအခါ တောင်ကြီး- ကျိုင်းတုံ- တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ယာဉ်သွားလာမှုများပြားခြင်းကြောင့် မလိုလားအပ်သော ယာဉ်အန္တရာယ်

များဖြစ်ပေါ်မှုမရှိစေရေးအတွက် ဒေသခံပြည်သူများအနေဖြင့် မြို့ရှောင်လမ်းအား လျင်မြန်စွာ ဖောက်လုပ်စေလိုခြင်း၊ ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ မြို့တော်ဖြစ်သဖြင့် ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများတွင် သီးခြားရုံးမြေနေရာမရှိသည့် ဌာနများအား ရုံးမြေနေရာများ သီးခြားသတ်မှတ်ကာ ဖွင့်လှစ်စေလိုခြင်း၊ တိုးတက်လာသည့် မြို့အင်္ဂါရုပ်နှင့် ညီညွတ်မှုမရှိသည့် ယခင် ယာဉ်ရပ်နားစခန်းနေရာအစား ကျယ်ဝန်းကာ သင့်လျော်သည့် အဝေးပြေးယာဉ်ရပ်နားစခန်း သီးခြားဖွင့်လှစ်နိုင်ရန်အတွက် လွတ်တော် ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများနှင့် ခရိုင်/ မြို့နယ် စီမံခန့်ခွဲမှုကော်မတီတို့အနေဖြင့် အဆိုပါ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အသုံးပြုရန်မလိုတော့သဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံမြေများကို နိုင်ငံတော်နှင့် အများပြည်သူ အကျိုးအလို့ငှာ အသုံးပြုရန်ဆုံးဖြတ်ကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားရှိပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ သို့ဖြစ်ပါ၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကျိုင်းတုံ-ဝမ်တောင်း ရထားလမ်းပိုင်းတွင် ကျိုင်းတုံမြို့နယ်အတွင်း ပြန်လည်စွန့်လွှတ်မည့် မြေကိစ္စနှင့် ပတ်သက်၍ မည်သည့်အတွက်ကြောင့် ကြန့်ကြာနေရသည်၊ မည်သည့်အခက်အခဲ များရှိသည်၊ မည်သည့်အဆင့်တွင် ရောက်ရှိပြီးဖြစ်သည်၊ စွန့်လွှတ်အပ်နှံပြီးပါက စွန့်လွှတ်အပ်နှံသည့် ဧရိယာများအနက် မြို့ရှောင်လမ်းအဖြစ် လွှဲပြောင်း/ လက်ခံရယူမည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လျော်ကြေးမပေးရသေးသည့် တောင်သူများအတွက် မြေယာလျော်ကြေးအား မည်သည့်ဘဏ္ဍာနှစ်တွင်ပေးလျော်ရန် မည်ကဲ့သို့လျာထားသည်၊ မြို့ရှောင်လမ်းတွင်ပါဝင်သည့် တပ်မြေ(၂၁.၉)ဧကနှင့် တက္ကသိုလ်မြေ(၂.၈၀၀)ဧက စုစုပေါင်း (၂၄.၇)ဧကအား ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ စွန့်လွှတ်ပေးရမည့်ကိစ္စနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ထားရှိသည်၊ မြေယာလျော်ကြေးသတ်မှတ်နှုန်းထားများအား ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တွက်ချက်တင်ပြထားမှုနှင့်ပတ်သက်၍ မည်သည့်အဆင့်တွင် ရောက်ရှိနေသည်ကို မဲဆန္ဒရှင်များကသိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အစည်းအဝေးသို့ တက်ရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး မေးမြန်းထားတဲ့ ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်းနှင့် အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေနေရာနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မည့် မြေကိစ္စအတွက် မြေယာလျော်ကြေးနှုန်းထား၊ ပေးလျော်မည့်အစီအမံ၊ စွန့်လွှတ်မည့်မြေအတွက် ဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးပြု၍ Power Point အသုံးပြုခွင့် ပေးပါရန် တင်ပြအပ်ပါတယ်။

ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းမှာပါတဲ့ မြေများဟာ ယခင်က မိုးနဲ- ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းအတွက်ရယူခဲ့ပြီး စီမံကိန်းဆက်လက်ဆောင်ရွက်ရန် မရှိတော့သဖြင့် ပြန်လည်စွန့်လွှတ်ခြင်း၊ မြို့ရှောင်လမ်းနှင့် အခြားသောဒေသဖွံ့ဖြိုးရေးများအတွက် အသုံးပြုခြင်း၊ မြို့ရှောင်လမ်းအတွက် ထပ်မံလိုအပ်မှုကို ရယူအသုံးပြုခြင်းနှင့် ဝန်ကြီးဌာနချင်း မြေလွှဲပြုလုပ်ခြင်း လုပ်ငန်းများဆောင်ရွက်နေရတဲ့ မြေများဖြစ်ပါတယ်။

ရထားလမ်းစီမံကိန်းဟာ ယခင် မီးရထားဝန်ကြီးဌာနသည် ၂၀၀၉- ၂၀၁၀ ခုနှစ်မှာ မိုးနဲ-ကျိုင်းတုံ ရထားလမ်းစီမံကိန်းအား ကျိုင်းတုံမြို့နယ်တွင်ဆောင်ရွက်ခဲ့ရာ ရထားဘူတာရုံတည်ဆောက်ရန်အတွက် မြေ ၄၂.၄၂၀ ဧက အပေါ်ဆုံးမှာ ဖော်ပြထားပါတယ်။ ရထားလမ်းအူကြောင်းအတွက် ၉၉.၅၇၉ ဧက၊ စုစုပေါင်း ၁၄၁.၉၉၉ ဧကကို ရယူခဲ့ကြောင်း သိရှိရပါတယ်။ သို့သော်လည်း စီမံကိန်းဆက်လက်ဆောင်ရွက်ရန် မရှိတော့ပါသဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက စီမံဆောင်ရွက်လျက်ရှိပါတယ်။

ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်းကို ဦးစွာတင်ပြလိုပါတယ်။ ကျိုင်းတုံမြို့တွင်းမှ ဖြတ်သန်းသွားရသည့် မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်း (AH2/ NH27)သည် ယခုအခါ ယာဉ်သွားလာမှုများပြားနေသော်လည်း အဆင့်မြှင့်ချဲ့ထွင်ရန် မြေနေရာအခက်အခဲရှိပြီး ဒေသခံများက မြို့ရှောင်လမ်းကို ဆောလျင်စွာ ဖောက်လုပ်ပေးစေလိုကြပါတယ်။ အဆိုပြုလမ်းကြောင်း ၃ ခုအနက် အသင့်လျော်ဆုံးဖြစ်တဲ့ လမ်းအူကြောင်းအမှတ်(၃)ကို ရွေးချယ်ခဲ့ကြသော်လည်း မြေယာဆိုင်ရာ အခက်အခဲများစွာရှိတဲ့အတွက်ကြောင့် မြန်မာ့မီးရထားက စွန့်လွှတ်မဲ့ ရထားလမ်းအူကြောင်း၏ လယ်ယာဘက်မှ ထပ်မံတိုင်းတာကာ ရထားလမ်းအူကြောင်းမြေအချို့ ရထားလမ်းအရှည်အနေနဲ့ကတော့ 8.045 km ရှိပါတယ်။ ဧကအားဖြင့် ၉၄.၁၇၃ ဧကဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မြေပုံမှာတော့ မြေပုံ ဘယ်ဘက်ခြမ်းမှာ တင်ပြထားတာဖြစ်ပါတယ်။ လွှဲပြောင်းရယူအသုံးပြုရန် စီမံဆောင်ရွက်ခဲ့ကြပါတယ်။ ထိုရထားလမ်းအူကြောင်းအနေဖြင့်လည်း တင်ပြပါ ရထားလမ်းအူကြောင်းကိုလည်း ဆက်သုံးမယ်ဆိုရင် ဝမ်ကောင်းဘူတာအထိပဲ ရရှိနိုင်မှာဖြစ်တဲ့အတွက်ကြောင့်မလို့ မြို့ရှောင်လမ်းအနေနဲ့ မူလလမ်းမကြီးသို့ ပြန်လည်ဝင်ရောက်သည့်နေရာအထိ မြေတွေ ထပ်မံလိုအပ်လာပါတယ်။ ထပ်မံလိုအပ်လာတဲ့ မြေ ၁၆.၂၇ ဧက (မိုင်းဇင်းကျေးရွာအုပ်စု)ကိုလည်း ရယူအသုံးပြုသွားရမဲ့အနေအထားဖြစ်ပါတယ်။

အဲ့ဒီမှာ ကျွန်တော်တို့ ဘူတာမြေနဲ့ပတ်သက်လို့ ဦးစွာရှင်းလင်း တင်ပြလိုပါတယ်။ ကျိုင်းတုံဘူတာယာဒ်ဝင်းမြေ ၄၂.၄၂ ဧက ဖြစ်ပါတယ်။ အဲဒီဟာသည် ယန်းလောကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၁)၊ (၇၂)တွင် ပါဝင်ပြီးတော့ ရှမ်းပြည်နယ်အစေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ (၂၂- ၉ -၂၀၁၀) ရက်စွဲပါစာဖြင့် ကျိုင်းတုံဘူတာရုံမြေနေရာအဖြစ် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၉ အရ ခွင့်ပြုမိန့်ရရှိထားခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း စီမံကိန်းအကောင်အထည်ဖော်နိုင်မှုမရှိတဲ့အတွက်ကြောင့် မြန်မာ့မီးရထားကနေပြီးတော့ အောက်ပါအချက်များဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်-

(၁) နိုင်ငံတော်သို့ အပ်နှံခွင့်ပြုကြောင်း အကြောင်းကြားစာ။

(၂) အပ်နှံခွင့်ပြုရန်တင်ပြစဉ်က ပါရှိသော ပုံစံ(၁)နှင့်(၁-က)။

(၃) မြေစာရင်းပုံစံ (၁၀၅/ ၁၀၆)။

(၄) တည်နေရာပြမြေပုံ (UTM/ Google)ပါရှိသော အမှူတွဲ ၅ စုံ။

ဒါတွေနဲ့ တင်ပြပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုဒီမြေတွေကို ဇယားမှာလည်း ဘယ်ဘက်ခြမ်းမှာ ဖော်ပြထားတာ ရှိပါတယ်။ နိုင်ငံတော်မြေအဖြစ် သတ်မှတ်ပြီးပါက ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ရုံးဌာနမြေနေရာမရှိသေး သောဌာနများသို့ ဇယားရဲ့ဘယ်ဘက်ခြမ်းမှာ ဖော်ပြထားတာဖြစ်ပါတယ်။ သတ်မှတ်ချထား / အသုံးပြုသွားဖို့အတွက်ကို (၃၀-၄-၂၀၂၀)ရက်နေ့က ကျင်းပတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးမှ အတည်ပြုထား ရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ကျိုင်းတုံမြို့ကို မကြာမီ ရောက်ရှိလာမဲ့ National Grid က လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းကသုံးမဲ့ 33/ 11KV ၊ 5MV ဓာတ်အားခွဲရုံအတွက်ကို မြေ ၃.၄၂ ဧက သုံးစွဲမှာ ဖြစ်ပါတယ်။ ထို့အတူပဲ မေးခွန်းမှာပါရှိ တဲ့အတိုင်းပဲ ကားကြီးကွင်းနှင့် ကုန်လှောင်ရုံများအသုံးပြုရန်အတွက် စည်ပင်သာယာရေးဌာန အတွက်ကို ၁၅.၁၃ ဧကသုံးစွဲမှာ ဖြစ်ပါတယ်။ အဲဒါအပြင် မူရင်း ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်မောင်းနှင့် ယာဉ်စစ်ဆေးတဲ့ကွင်းအတွက်ကို ၃.၀၂ ဧကအပြင်၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအတွက် ၀.၅၄ ဧက၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် ၀.၅၄ ဧက၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(DRD)အတွက် ၀.၈၀ ဧက၊ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနအတွက် ၇.၈၉ ဧက၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(DRRD)အတွက် ၁.၀၉ ဧက၊ မူးယစ်တပ်ဖွဲ့ခွဲအတွက် ၀.၉၂ ဧက၊ လမ်းမြေအတွက် ၂.၇၃ ဧက၊ အစိုးရမြေ အတွက် ၆.၃၄ ဧက၊ စုစုပေါင်း ၄၂.၄၂ ဧကကို တင်ပြထားတဲ့အတိုင်း ဆက်လက်အသုံးပြု သွားရန်အတွက် အတည်ပြုထားပြီး ဖြစ်ပါတယ်။ အခုဆိုရင် ခွဲရုံနဲ့ပတ်သက်ပြီး ဆက်လက် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

မြို့ရှောင်လမ်းနဲ့ပတ်သက်ပြီး ဆက်လက်တင်ပြလိုပါတယ်။ ရထားလမ်းအား စွန့်လွှတ်မဲ့ မြေဧက ၉၄.၁၇၃ ဧကအပြင်ကို စောစောကတင်ပြခဲ့တဲ့အတိုင်းပဲ လမ်းမကြီးသို့ ပြန်လည် ဝင်ရောက်ချိတ်ဆက်ရန် ထပ်မံလိုအပ်မြေ ၁၆.၂၇ ဧက၊ စုစုပေါင်း မြို့ရှောင်လမ်း အတွက်ကို ၁၁၀.၄၄၃ ဧက အသုံးပြုသွားရမှာ ဖြစ်ပါတယ်။ အဲဒီမှာ ပါဝင်တာကတော့ ပထမ အချက်ကတော့ ရထားလမ်းအူကြောင်းမြေ ဖြစ်ပါတယ်။ မူလကတော့ ၉၉.၅၇၉ ဧက ရှိပေမဲ့ တောင်သူကို ပြန်လည်စွန့်လွှတ်မှာက ၅.၄၀၆ ဧကဖြစ်ပါတယ်။ ယန်းလောကျေးရွာအုပ်စု ထဲမှာ ရှိတာဖြစ်ပါတယ်။

ဒုတိယပိုင်းကတော့ မြို့ရှောင်လမ်းဖြစ်ပါတယ်။ မြို့ရှောင်လမ်းအတွက် အသုံးပြုရင်တော့ အပိုင်းခွဲလိုက်ရင်တော့ လျော်ကြေးပေးဖို့အပိုင်းရယ်၊ ညှိနှိုင်းရယူဖို့အပိုင်းရယ်၊ ပုံစံ(၄) ဖြင့် မြေရိုင်းလျှောက်ထားဖို့အပိုင်းရယ်၊ ဝန်ကြီးဌာနချုပ်း မြေလွှဲဖို့အပိုင်းရယ်ဆိုပြီးတော့ (၄)ပိုင်းခွဲလို့ရပါတယ်။ လျော်ကြေး/ နစ်နာကြေးပေးရမယ်ဆိုရင်တော့ လယ်မြေသည် ၂၅.၆၆၇ ဧက၊ ယာမြေ ၁၁.၆၁၄ ဧက၊ ရွာမြေ ၀.၃၂၀ ဧက၊ အဆောက်အအုံမြေ ၀.၉၁၅ ဧကနဲ့ မြို့ဂရန်မြေ ၁.၆၄၅ ဧက ဖြစ်ပါတယ်။ ဒါတွေသည် ကျွန်တော်တို့ လျော်ကြေးပေးချေသွားမှာ ဖြစ်ပါတယ်။

ညှိနှိုင်းရယူရန်အတွက်တော့ သာသနာမြေဖြစ်ပါတယ်။ သီလဓမ္မကျောင်း ဖြစ်ပါတယ်။ ၄.၃၃၆ ဧကဖြစ်ပါတယ်။ ညှိနှိုင်းသဘောတူထားပြီး ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မြေရိုင်းဖြစ်ပါတယ်။ သက်ဆိုင်ရာအသုံးပြုမဲ့ လမ်းဦးစီးဌာနက ပုံစံ(၄)ဖြင့် လျှောက်ထားသွားမှာဖြစ်ပါတယ်။ ၂၄.၉၉ ဧကဖြစ်ပါတယ်။ နောက်တစ်ခါကတော့ မေးခွန်းထဲမှာ ပါတဲ့အတိုင်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနချုပ်း မြေလွှဲဆောင်ရွက်ပေးရန် တပ်မြေ ၂၁.၈၈၆ ဧက ဖြစ်ပါတယ်။ အဲ့ဒီမှာ တက္ကသိုလ်မြေကလည်း ၂.၈၀ ဧက ပါဝင်ပါတယ်။ အဲဒါအပြင်ကို ယခင်က တင်ပြခဲ့တဲ့ အတိုင်းပဲ ထပ်မံလိုအပ်သောမြေတွေ ပါလာပါတယ်။ ဧယားမှာ ညာဘက်အစွန် ဒုတိယ ကော်လံမှာ ဖော်ပြထားတာ ဖြစ်ပါတယ်။ ဝမ်ကောင်းဘူတာအထိပဲ ရောက်ရှိတဲ့လမ်းကို မူလလမ်းမကြီးသို့ ထပ်မံချိတ်ဆက်ဖို့လိုတဲ့ ၁၆.၂၇ ဧကဖြစ်ပါတယ်။ အဲဒီမှာလည်း လယ်မြေတွေ၊ ယာမြေတွေ၊ ဥယျာဉ်မြေတွေ ပါရှိပါတယ်။ အဲဒါအပြင်ကို ပုံစံ (၄) ဖြင့် လျှောက်ထားရယူရန် မြေရိုင်း ၈.၂၇ ဧကလည်း ပါရှိပါတယ်။ ဒါတွေကိုလည်း အဖြေမှာ ဧယားနဲ့ သီးခြားဖော်ပြထားတာ ဖြစ်ပါတယ်။

ကျိုင်းတုံမြို့ ရထားလမ်းစီမံကိန်းမြေပြန်လည်စွန့်လွှတ်ခြင်းနှင့် မြို့ရှောင်လမ်း/ဒေသဖွံ့ဖြိုးရေးအသုံးပြုခြင်း မြေဧရိယာများ(ဧက)

သိမ်းဆည်း										ထပ်မံလိုအပ်/ရယူ (မိုင်းဧင်းကျေးရွာအုပ်စု)	စုစုပေါင်း
ဘူတာရုံမြေ ၄၂.၄၂ ဧက			ရထားလမ်းအူကြောင်း ၉၉.၅၇၉ ဧက								
- တောင်သူ ၂၅ ဦး၊ ပယက(ရွှေ) အစီအစဉ် ဝေါခုတ်တိုးချဲ့ ကွက်သစ်တွင် ပြန်နေရာချ - ၂၂-၉-၂၀၁၀ တွင် လနှ ၃၉ ရှိ			- စီမံကိန်းဆက်လက်ဆောင်ရွက်ခြင်းမရှိ၊ ပြန်လည်စွန့်လွှတ်ရန် MR ဆောင်ရွက် - အချို့ တောင်သူထံပြန်စွန့် အချို့ မြို့ရှောင်လမ်းအတွက်ပြန်သုံး								
မြန်မာ့မီးရထား ပြန်လည်စွန့်လွှတ်မြေ											
ဘူတာရုံမြေ			ရထားလမ်းအူကြောင်းမြေ								
ယန်းလော ကျေးရွာအုပ်စု	ဘူတာယာဒ ဝင်း	၄၂.၄၂	မြေမျိုး	တောင်သူထံပြန်စွန့်ရန် ၅.၄၀၆ ဧက	မြို့ရှောင်လမ်းအတွက် ၉၄.၁၇၃ ဧက(ယန်းလော+မိုင်းဧင်း)						
စွန့်လွှတ်ပြီးကအသုံးပြုရန်					လျော်	ညှိနှိုင်း	ပုံစံ(၄)	မြေလွှဲ	ပေါင်း		
လျှပ်စစ်	33/11, 5MV ခွဲရုံ	၃.၄၂	လယ်မြေ		၂၅.၆၆၇	-	-	-	၂၅.၆၆၇	၅.၁၃၀	**၃၀.၇၉၇**
စည်ပင်	ကားကွင်း/ကုန်ရုံ	၁၅.၁၃	ယာမြေ		၁၁.၆၁၄	-	-	-	၁၁.၆၁၄	၀.၁၁၀	**၁၁.၇၂၄**
ကညန	ယာဉ်/မောင်းစစ်	၃.၀၂	ဥယျာဉ်မြေ		-	-	-	-	-	၂.၇၆၀	**၂.၇၆၀**
ရေမြစ်ဖြိုး	ရုံး/ဝန်ထမ်းအိမ်	၀.၅၄	ရွာမြေ		၀.၃၂၀	-	-	-	၀.၃၂၀	-	**၀.၃၂၀**
ပတ်ဝန်းကျင်	ရုံး/ဝန်ထမ်းအိမ်	၀.၅၄	ဆ/ဦမြေ		၀.၉၁၅	-	-	-	၀.၉၁၅	-	**၀.၉၁၅**
DRD	ရုံး/ဝန်ထမ်းအိမ်	၀.၈၀	ဂရန်မြေ		၁.၆၄၅	-	-	-	၁.၆၄၅	-	**၁.၆၄၅**
မြို့ပြ/အိမ်ရာ	ရုံး/ဝန်ထမ်းအိမ်	၇.၈၉	သာသနာမြေ		-	၄.၃၃၆	-	-	၄.၃၃၆	-	**၄.၃၃၆**
DRRD	ရုံး/ဝန်ထမ်းအိမ်	၁.၀၉	မြေရိုင်း		-	-	၂၄.၉၉၀	-	၂၄.၉၉၀	၈.၂၇၀	**၃၃.၂၆၀**
မူးယစ်	ရုံး/ဝန်ထမ်းအိမ်	၀.၉၂	တပ်မြေ		-	-	-	၂၁.၈၈၆	၂၁.၈၈၆	-	**၂၁.၈၈၆**
လမ်းမြေ		၂.၇၃	တက္ကသိုလ်		-	-	-	၂.၈၀၀	၂.၈၀၀	-	**၂.၈၀၀**
အစိုးရမြေ		၆.၃၄	ပေါင်း	၅.၀၆	၄၀.၁၆၁	၄.၃၃၆	၂၄.၉၉၀	၂၄.၆၈၆	**၉၄.၁၇၃**	**၁၆.၂၇**	**၁၁၀.၄၄၃**

တောင်သူထံစွန့်လွှတ် ၅.၄၀၆ ဧက = ယန်းလော၊ သာသနာမြေ = သီလဓမ္မ (ထပ်ရှဲမိုင်း) (ယန်းလော)၊
တပ်မြေ (ခမရ ၅၂၉ ယန်းလော ၁၀.၆၀၆ ဧက)(တဆရ ၃/ ၃၀၀ မိုင်းဧင်း ၁၁.၂၈ ဧက)

အဲဒီတော့ လျော်ကြေး၊ နစ်နာကြေးများ ပေးချေနိုင်ရန်အတွက်ကို မြေလွှဲမိန့်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လျော်ကြေးနဲ့ ပတ်သက်ရင် မြေဧရိယာ ၄၈.၁၆၁ ဧကမှ မြေလျော်ကြေး၊ သီးနှံနဲ့ အဆောက်အအုံနစ်နာကြေးများကို တွက်ချက်မှုစာရင်းများကို တင်ပြပေးထားတာ ဖြစ်ပါတယ်။ ပေးသွားမဲ့ နှုန်းထားများကို တင်ပြပါမယ်။ ကျိုင်းတုံမြို့နယ် လယ်ယာမြေစိစစ်တွက်ချက်ရေးကော်မတီကနေပြီးတော့ တင်ပြလာတဲ့ စာတွေအရ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးကနေပြီးတော့ အတည်ပြုပေးခဲ့တဲ့ နှုန်းထားများဖြစ်ပါတယ်။ ဖော်ပြထားတဲ့အတိုင်းပဲ လယ်မြေ(၁)ဧကကို ကျပ်သိန်း ၁၀၀၊

ယာမြေ(၁)ဧကကို ကျပ်သိန်း ၈၀ ၊ ရွာမြေဆို ကျပ်သိန်း ၁၀၀ ၊ အဆောက်အအုံမြေဆို ကျပ်သိန်း ၁၀၀ နဲ့ မြို့မြေ ဂရန်မြေဆို (၁)ဧကကို ကျပ်သိန်း ၃၅၀ နှုန်းထားဖြင့် ပေးလျော်သွားမှာဖြစ်ပါတယ်။ သီးနှံနစ်နာကြေးများနဲ့ပတ်သက်ရင် စပါးဆိုရင် (၁)ဧကကို တင်း (၆၀) နှုန်းနဲ့ ထွက်ရှိပြီးတော့ (၁)တင်းကို ၅၅၅၅ ကျပ်နှုန်းနဲ့ တွက်ချက်ထားတာဖြစ်ပါတယ်။ ထို့အတူပဲ ယာမြေမှာဆိုရင် ပဲပုပ်ကို (၁)ဧက (၁၄)တင်းနှုန်းတဲ့ (၁)တင်းကို ၂၀၂၃၈ ကျပ်နှုန်းနဲ့ တွက်ချက်ထားတာ ဖြစ်ပါတယ်။ ရာဘာပင်ဆိုရင် (၁)ပင်ကို ၃၅,၀၀၀ကျပ်နှုန်းနဲ့ တွက်ချက်ထားတာ ဖြစ်ပါတယ်။ အဆောက်အအုံနဲ့ပတ်သက်ရင်တော့ ဇယားမှာဖော်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ အဆောက်အအုံ အမျိုးအစားအလိုက် ပေးချေသွားမဲ့နှုန်းထားများဖြစ်ပါတယ်။ ဒီနှုန်းထားများနဲ့ပတ်သက်လို့လည်း အတည်ပြုထားပြီးဖြစ်ပါတယ်။ တင်ပြပါ နှုန်းထားများနဲ့ ပတ်သက်ပြီးတော့ ပေးချေမဲ့ငွေများ၊ လျော်ကြေး၊ နစ်နာကြေးများ ပေးဆောင်နိုင်ရေးအတွက် တွက်ချက်မှုပုံစံစနစ်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ (၁၃-၂-၂၀၂၀)ရက်နေ့တွင် တင်ပြထားခဲ့ပြီးဖြစ်ပါတယ်။ နောက်တစ်ခု ဆက်လက်ဖော်ပြထားတာကတော့ ရန်ပုံငွေဖြစ်ပါတယ်။ လျော်ကြေးပေးချေရမည့် မြေဧရိယာ (၄၈.၁၆၁)ဧကမှာ လျော်ကြေး/ နစ်နာကြေး စုစုပေါင်း ၆၄၈,၂၀၄,၄၀၀ ကျပ် ဖြစ်ပါတယ်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြည်ထောင်စု (ဖြည့်စွက်) ရန်ပုံငွေတွင် တင်ပြတောင်းခံထား ပြီးဖြစ်ပါတယ်။ ခွင့်ပြု ရန်ပုံငွေရရှိလာပါက ဖွဲ့စည်းထားသောကော်မတီဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးချေသွားမှာဖြစ်ပါတယ်။

ကျိုင်းတုံမြို့ရှောင်လမ်း လျော်ကြေး/နစ်နာကြေးတွက်ချက်မှု (၁၆-၈-၂၀၁၉)

စဉ်	အကြောင်းအရာ	ပမာဏ	နှုန်း	ပေးချေရန်(ကျပ်)			မှတ်ချက်
				လျော်ကြေး	နစ်နာကြေး	ပေါင်း	
၁	**လယ်မြေ**					၃၃၈'၇၆၇'၀၀၀	
၂	(က) မြေ	၃၀.၇၉၇ ဧက	၁၀၀ ကျပ်သိန်း/ ဧက	၃၀၇'၉၇၀'၀၀၀	-		
၃	(ခ) သီးနှံ (စပါး)	၃၀.၇၉၇ ဧက	(၆၀ တင်း/ ဧက) (၅'၅၅၅.၆ ကျပ်/ တင်း)	-	၃၀'၇၉၇'၀၀၀		တန်ဖိုးဏ၏ ၃ဆ
၄	**ယာမြေ**					၁၀၃'၇၅၇'၄၀၀	
၅	(က) မြေ	၁၁.၇၂၄ ဧက	၈၀ ကျပ်သိန်း/ ဧက	၉၃'၇၉၂'၀၀၀	-		
၆	(ခ) သီးနှံ (ပဲပုပ်)	၁၁.၇၂၄ ဧက	(၁၄ တင်း/ ဧက) (၂၀'၂၃၈.၁ ကျပ်/ တင်း)	-	၉'၉၆၅'၄၀၀		တန်ဖိုးဏ၏ ၃ဆ
၇	**ဥယျာဉ်မြေ**					၂၁'၅၂၅'၀၀၀	
၈	(က) မြေ	၂.၇၆ ဧက	-	-	-		
၉	(ခ) နှစ်ရှည်ပင်(ရာဘာ)	၆၁၅ ပင်	၃၅'၀၀၀ ကျပ်/ပင်	-	၂၁'၅၂၅'၀၀၀		
၁၀	**ရွာမြေ**	၀.၃၂ ဧက	၁၀၀ ကျပ်သိန်း/ ဧက	၃'၂၀၀'၀၀၀	-	၃'၂၀၀'၀၀၀	
၁၁	**အဆောက်အအုံမြေ**					၇၅'၀၆၀'၀၀၀	
၁၂	(က) မြေ	၀.၉၁၅ ဧက	၁၀၀ ကျပ်သိန်း/ဧက	၉'၁၅၀'၀၀၀	-		
၁၃	(ခ) အုတ်စီသွပ်/အုတ်ကြွပ်မိုး	၃ လုံး	၂၀'၀၀၀ ကျပ်/စ.ပေ	-	၃၂'၀၄၀'၀၀၀		၁၆၀၂ စ.ပေ
၁၄	RC ၁ထပ်	၁ လုံး	၁၅'၀၀၀ ကျပ်/စ.ပေ	-	၁၃'၈၆၀'၀၀၀		၉၂၄ စ.ပေ
၁၅		၂ လုံး	၁၀'၀၀၀ ကျပ်/စ.ပေ	-	၁၁'၉၃၀'၀၀၀		၁၁၉၃ စ.ပေ
၁၆	အုတ်စီ/သစ်/သက်ကယ်မိုး သစ်/သွပ်မိုး	၂ လုံး	၅'၀၀၀ ကျပ်ကျပ်/စ.ပေ	-	၈'၀၈၀'၀၀၀		၁၆၁၆ စ.ပေ
၁၇	**ဂရန်မြေ(မြို့မြေ/တတိယတန်း)**					၁၀၅'၈၉၅'၀၀၀	
၁၈	(က) မြေ	၁.၆၄၅ ဧက	၃၅၀ ကျပ်သိန်း/ဧက	၅၇'၅၇၅'၀၀၀	-		
၁၉	(ခ) အုတ်စီ/သွပ်မိုး	၁ လုံး	၂၀'၀၀၀ ကျပ်/စ.ပေ	-	၂၄'၃၂၀'၀၀၀		၁၂၁၆ စ.ပေ
၂၀	အုတ်စီ/slabမိုး	၁ လုံး	၁၅'၀၀၀ ကျပ်/စ.ပေ	-	၂၄'၀၀၀'၀၀၀		၁၆၀၀ စ.ပေ
၂၁	**စုစုပေါင်း**	**မြေ ၄၈.၁၆၁ ဧက**	**-**	**၄၇၁'၆၈၇'၀၀၀**	**၁၇၆'၅၁၇'၄၀၀**	**၆၄၈'၂၀၄'၄၀၀**	

ဆက်လက်ဖော်ပြလိုတာကတော့ မြေရိုင်းဖြစ်ပါတယ်။ မြို့ရှောင်လမ်းဧရိယာတွင် ပါဝင်နေတဲ့ မြေရိုင်း ၃၃.၂၆ ဧကအား မြေအသုံးချခွင့်ရရှိရေးအတွက် လမ်းဦးစီးဌာနက ပုံစံ(၄)ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ လျှောက်ထားတင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခြားဝန်ကြီးဌာနပိုင်တဲ့ မြေများ ရှိပါတယ်။ အစောက တင်ပြခဲ့သလိုပဲ တပ်မြေ ၂၁.၈၈၆ ဧကနှင့် တက္ကသိုလ်မြေ ၂.၈ ဧကတို့ကိုလည်း အသုံးပြုခွင့်ရရှိရေးအတွက် မြေလွှဲဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြထားရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် မလို့ ကျိုင်းတုံမီးရထားဘူတာနှင့် ရထားလမ်းစီမံကိန်းတို့အတွက် ရယူခဲ့သောမြေများ၊ ပြန်လည်စွန့်လွှတ်ပေးဖို့ ဆောင်ရွက်နေမှုများ၊ ကျိုင်းတုံမြို့ရှောင်လမ်း ဖောက်လုပ်နိုင်ရေး

အတွက် ဆက်လက်ရယူအသုံးပြုသွားမည့် မြေများနှင့် လျော်ကြေးများပေးအပ်နိုင်ရေး၊ မြေအသုံးပြုခွင့်ရရှိရေး၊ မြေလွှဲရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများအား ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးပြည့်ဖြိုးအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့မေးမြန်းသွားမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ တာကြန့်ကျေးရွာအုပ်စု၊ ကော်ဆမ်မိန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတစ်ခု ချထားပေးရန် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ တာကြန့်ကျေးရွာအုပ်စု၊ ကော်ဆမ်မိန်းကျေးရွာသည် မိုင်းယုမြို့မှ (၇)မိုင်အကွာ၊ မိုင်းယောင်းမြို့မှ (၁၁)မိုင်အကွာ မိုင်းယု- မိုင်းယောင်းသွား ကတ္တရာလမ်းမကြီးဘေးတွင် တည်ရှိပါတယ်။ မိုင်းယုမြို့တွင် မိုင်းယုပြည်သူ့ဆေးရုံတည်ရှိပြီး မိုင်းယုမြို့မှ (၃)မိုင်အကွာ တာကြန့်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတစ်ခု တည်ရှိပါတယ်။ ၎င်းတာကြန့်ကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် သားဖွားဆရာမ ဒေါ်ဖြူဖြူဝင်းမှ တာဝန်ယူထမ်းဆောင်၍ ကျေးရွာနေပြည်သူများအား ဆေးကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

တာကြန့်ကျေးရွာအုပ်စုတွင် ဝမ်ပေါ့ကျေးရွာ၊ ဝမ်နားမြက်ကျေးရွာ၊ တာကြန့်ကျေးရွာ၊ ဝမ်တောက်ခမ်းကျေးရွာ၊ နမ့်ကုတ်ကျေးရွာ၊ ကော်ဆမ်းမိန်းကျေးရွာ၊ ဝမ်မိုင်မိုင်းလုံးကျေးရွာ၊ ဝမ်ကျိုင်းကျေးရွာနှင့် နမ့်နော်(အောက်)ကျေးရွာ စုစုပေါင်း ကျေးရွာ(၉)ရွာ ရှိပါတယ်။ အဆိုပါကျေးရွာ(၉)ရွာရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် တာကြန့်ကျေးရွာရှိ ကျေးလက်ဆေးပေးခန်း

တစ်ခုတည်းဖြင့် ဆောင်ရွက်နေရသည့်အတွက် အခက်အခဲများစွာ ကြုံတွေ့နေရသည်ကို တွေ့ရှိနေရပါတယ်။

ထို့ကြောင့် တာကြန့်ကျေးရွာအုပ်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်ဆမ်မိန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတစ်ခု တည်ဆောက်ပေးမည်ဆိုပါက ကော်ဆမ်မိန်းကျေးရွာအပါအဝင် အနီးဆုံးကျေးရွာများဖြစ်သည့် နမ့်ကုတ်ကျေးရွာ၊ ဝမ်မိုင်မိုင်းလုံးကျေးရွာ၊ ဝမ်ကျိုင်းကျေးရွာနှင့် နမ့်နော်(အောက်) ကျေးရွာ၊ စုစုပေါင်း ကျေးရွာ(၅)ရွာအား အကျိုးပြုသည့် ကျေးလက်ဆေးပေးခန်းတစ်ခု ဖြစ်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ တာကြန့်ကျေးရွာအုပ်စု၊ ကော်ဆမ်မိန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်ဆမ်မိန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတစ်ခု ချထားပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင်ရဲ့ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ ကော်ဆမ်မိန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတစ်ခု ချထားပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့၊ တာကြန့်ကျေးရွာအုပ်စုတွင် တာကြန့်၊ ဝမ်ပေါ့၊ ဝမ်နားမြက်၊ ဝမ်တောက်ခမ်း၊ နမ့်ကုတ်၊ ကော်ဆမ်မိန်း၊ ဝမ်မိုင်မိုင်းလုံး၊ ဝမ်ကျိုင်း၊ နမ့်နော် စသည့် ကျေးရွာ (၉)ရွာ ပါဝင်ပြီး တာကြန့်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ

ဖွင့်လှစ်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု အသစ်တိုးချဲ့ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရဲ့ စံသတ်မှတ်ချက်အရ လူဦးရေ အနည်းဆုံး ၂၀၀၀ ဦးကို လွှမ်းခြုံရမှာဖြစ်ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ရန် အတွက် မြေပိုင်ဆိုင်မှု ပေ ၁၀၀ ပတ်လည် ပါရှိရမယ်လို့ ပါရှိပါတယ်။

ကော်ဆမ်မိန်းကျေးရွာသည် တာကြန့်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၁)မိုင်ခန့်သာ ကွာဝေးပြီး လူဦးရေအားဖြင့် ၃၃၇ ဦးသာ ရှိပါတယ်။ မိုင်းယောင်းမြို့နယ် ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှ ကော်ဆမ်မိန်းကျေးရွာ၏ ဒေသဆိုင်ရာအချက်အလက်များနှင့်အတူ စိစစ် တင်ပြလာပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တုံဟုံး- လွိုင်မွန်း- ဆီဆိုင်လမ်းပေါ်ရှိ သစ်သားတံတား(၅)စင်းအား ကွန်ကရစ် တံတားအဖြစ် နှစ်စဉ်အလိုက် လျာထားပေးမှုနှင့်ပတ်သက်ပြီးတော့မှ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

အဆိုပါ တုံဟုံး၊ လွိုင်မွန်း၊ ဆီဆိုင်လမ်းပေါ်ရှိ သစ်သားတံတားများဟာ ဟောင်းနွမ်း ပြီးတော့မှ ဆွေးမြေ့နေပြီ ဖြစ်ပါတယ်။ မိုင်တိုင်အမှတ် (၁/၂)မှာ အလျား (၁၀)ပေ၊ အကျယ် (၁၂)ပေရှိတဲ့ သစ်သားတံတား (၁)စင်း၊ မိုင်တိုင်အမှတ် (၁/၃)တွင် အလျား ပေ(၆၀)၊ အကျယ် (၁၂)ပေ သစ်သားတံတား (၁)စင်း၊ မိုင်တိုင်အမှတ် (၁/၅)တွင် အလျား ပေ(၆၀)၊ အကျယ် (၁၂)ပေ သစ်သားတံတား (၁)စင်း၊ မိုင်တိုင်အမှတ် (၂/၂)တွင် အလျား ပေ(၆၀)၊ အကျယ် (၁၂)ပေ သစ်သားတံတား (၁)စင်းနဲ့ မိုင်တိုင်အမှတ် (၃/၄)တွင် အလျား ပေ(၆၀)၊ အကျယ်

(၁၂)ပေ သစ်သားတံတား (၁)စင်းတို့ကို ဘဏ္ဍာရေးနှစ်အလိုက် ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးနိုင်ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး မေးမြန်းထားတဲ့ တုံဟုံး- လွိုင်မွန်း- ဆီဆိုင်လမ်းပေါ်ရှိ သစ်သားတံတားများကို နှစ်အလိုက် ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ဆက်လက် ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

တုံဟုံး - လွိုင်မွန်းလမ်းဟာ လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိတဲ့ လမ်းဖြစ်ပြီးတော့ ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပါတယ်။ ၃၀-၉-၂၀၁၉ ရက်နေ့ရှိ လမ်းမိုင်အရှည် စုစုပေါင်းမှာ (၁၀)မိုင် (၃)ဖာလုံ ဖြစ်ပါတယ်။ ကတ္တရာလမ်း ၃ မိုင်၊ အမာခံလမ်း ၇ မိုင် ၃ ဖာလုံဖြစ်ပါတယ်။ ၃၀-၉-၂၀၁၉ ရက်နေ့ရှိ တံတားအမျိုးအစားများမှာ (၅၀'နှင့် အထက် ၁၀၀'အောက်) သစ်သားတံတား ၅ စင်း၊ (၅၀') အောက် သစ်သားတံတား (၁)စင်းနှင့် သံကူကွန်ကရစ်ရေထုတ်ပြွန် (၂၄) စင်း၊ စုစုပေါင်းတံတားအစင်းပေါင်း (၃၀) ဖြစ်ပါတယ်။ ယခုမေးခွန်းမှာပါတဲ့ တံတား (၅)စင်း ကတော့ မိုင်တိုင်အမှတ် (၁/၅)၊ မိုင်တိုင်အမှတ် (၂/၂)၊ မိုင်တိုင်အမှတ် (၁/၃)နဲ့ မိုင်တိုင်အမှတ် (၃/၄) မှာပါရှိတဲ့ အရှည် ပေ(၆၀)၊ အကျယ် (၁၂)ပေရှိတဲ့ တံတား (၄)စင်းနဲ့ အမှတ်(၅)တံတား ကတော့ မိုင်တိုင် (၁/၂)မှာ ရှိတဲ့ အလျား(၁၀)ပေ၊ အကျယ် (၁၂)ပေ သစ်သားတံတား (၁)စင်း တို့ဖြစ်ပါတယ်။

၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေကျပ် ၂၁.၅၆ သန်းဖြင့် ယခု မေးခွန်းမှာဖော်ပြထားတဲ့ အစောက ကျွန်တော်တင်ပြတဲ့ (၁၂)ပေ တံတားဖြစ်ပါတယ်။ ပေ (၆၀) (၄)စင်းနဲ့ (၁၀)ပေ (၁)စင်းအနက်က (၁၀)ပေ (၁)စင်းကို ဖော်ပြခြင်းဖြစ်ပါတယ်။ အဲဒီ တံတားအမှတ် (၁/၂)ဟာ မြေပြင်မှာ တံတားအမှတ်ဟာ (၂/၇) ဖြစ်ပါတယ်။ အလျား (၁၀) ပေ၊ အကျယ် (၁၀)ပေ သစ်သားတံတားကို အလျား (၁၀)ပေ၊ အကျယ် (၃၄)ပေရှိတဲ့

ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် ကြမ်းခင်းတံတားအဖြစ် တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာမှာ ၁၀၀% ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။

အဲဒီတော့ တံတား (၄)စင်း ကျန်ရှိမှာ ဖြစ်ပါတယ်။ ပေ (၆၀) တံတားများ ဖြစ်ပါတယ်။ ယခုမေးခွန်းမှာပါဝင်တဲ့ အလျား ပေ (၆၀)၊ အကျယ် (၁၂) ပေ တံတားများဖြစ်တဲ့ စောစောက တင်ပြခဲ့တဲ့ တံတား (၄)စင်းကို သစ်သားတံတားများဖြစ်တဲ့အတွက်ကြောင့်မလို့ ယာဉ်+ ကုန် (၁၀)တန်သာ သွားလာနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ သို့သော်လည်း ယာဉ်ကြီးများ သွားလာနေတဲ့အတွက်ကြောင့်မလို့ ယာဉ်ကြီးများ သွားလာမှုအဆင်ပြေစေရန်အတွက် ပြည်နယ်ရန်ပုံငွေကျပ် ၁၇.၂၅ သန်းဖြင့် လမ်းလွှဲများ တည်ဆောက်ထားပြီး ရန်ပုံငွေကျပ် ၁၀.၇၈၇ သန်းဖြင့် တံတားအမှတ် (၃/၄)ကို ပြုပြင်ရေးလုပ်ငန်းများနဲ့ သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

မေးခွန်းမှာပါတဲ့ တံတား (၅) စင်းတွင် ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် တံတား တည်ဆောက်ခြင်း(၁)စင်း ၊ သစ်သားတံတားပြင်ဆင်ခြင်းနှင့် လမ်းလွှဲတည်ဆောက် ခြင်း(၁) စင်း၊ လမ်းလွှဲတည်ဆောက်ခြင်း(၃) စင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

သို့ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေကျပ် ၅.၇၈၇ သန်းဖြင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားချက်ရေးဆွဲထားပြီး ၂၀၂၁- ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အဆိုပါ တံတားများကို ကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေတင်ပြသွားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်ရှင်။

ကျွန်မအနေနဲ့ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်တို့အကြား နယ်နိမိတ်မြစ်အဖြစ် စီးဆင်းနေတဲ့ ရွှေလီမြစ်အတွင်းမှာ နေထိုင်ကျက်စားကြတဲ့ ငါးသတ္တဝါများကို ဖမ်းဆီးစားသောက်ခြင်းကြောင့် ရေနေသတ္တဝါများ မျိုးသုဉ်းခြင်း၊ ရေသယံဇာတပျက်စီးခြင်း အခြေအနေကို ရောက်ရှိနေရပြီ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ ဒီပုံကတော့ ရွှေလီမြစ်ကမ်းနားဘေးနားမှာ စုပေါင်းစားသောက်နေကြတဲ့ လူတစ်စုရဲ့ ပုံဖြစ်ပါတယ်ရှင်။ ဒီပုံကတော့ ရွှေလီမြစ်ထဲမှာ ရေနေသတ္တဝါတွေဖြစ်တဲ့ ငါးတွေကို အစုလိုက်၊ အပြုံလိုက် မျိုးသုဉ်းမှုဖြစ်အောင် ဖမ်းဆီးနေကြတဲ့ပုံ ဖြစ်ပါတယ်။ ဒီပုံကတော့ ရွှေလီမြစ်ကြောင်းတစ်လျောက် မိုင်းခွဲပြီးတော့ ငါးတွေကို လိုက်လံကောက်ခံနေတဲ့ပုံ ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ ၎င်းအခြေအနေမျိုး မဖြစ်ပေါ်စေရန်အတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်သို့စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုပါ၍ လူထုကိုယ်စား ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်ရီရီဝင်းမေးမြန်းတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်အကြားနယ်နိမိတ် မြစ်အဖြစ်စီးဆင်းနေသောရွှေလီမြစ်တွင် နေထိုင်ကျက်စားကြသော ငါးသတ္တဝါများကို ဖမ်းဆီးစားသောက်ခြင်းကြောင့် ရေနေသတ္တဝါများ မျိုးသုဉ်းခြင်း၊ ရေသယံဇာတ ပျက်စီးခြင်းအခြေအနေသို့ ရောက်ရှိနေပါသဖြင့် အဆိုပါ အခြေအနေမျိုးမဖြစ်စေရန်အတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့်မည်ကဲ့သို့ စီစဉ် ဆောင်ရွက်ပေးမည်နည်းဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်အကြားမှာ စီးဆင်းနေတဲ့ ရွှေလီမြစ်ဟာ တရုတ်နိုင်ငံကနေ မြစ်ဖျားခံစီးဆင်းလာတဲ့ မြစ်တစ်ခု ဖြစ်ပါတယ်။ ဒီ မိုးမိတ်နဲ့ မဘိမ်း မြို့နယ်ဧရိယာအတွင်းမှာရှိတဲ့ ရွှေလီမြစ်ကြောင်းတစ်လျောက်တွင် ရှမ်းပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် နှစ်စဉ် တင်ဒါချက် အပိုင်း(၉)ပိုင်းဖြင့် လေလံစည်းကမ်းများနှင့်အညီ တရားမဝင်ငါးဖမ်းဆီးမှုမရှိစေရေး၊ ရေသယံဇာတပျက်စီးမှုမှ ကာကွယ်တားဆီးနိုင်ရေးအတွက် နှစ်စဉ်လေလံတင် ရောင်းချပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ လေလံတင်ရောင်းချပေးတဲ့ တင်ဒါချက်(၉)ခုမှာ- မိုးမိတ်မြို့နယ်အတွင်းရှိ နိမိတ်ချောင်းမှ ကျောက်တံပိုးအထိ ရွှေလီအပိုင်း(၁)၊ ကျောက်တံပိုးမှ နတ်ရုပ်အထိ ရွှေလီအပိုင်း(၂)၊ နတ်ရုပ်မှ မိုးလုံးကိုအထိ ရွှေလီအပိုင်း(၃)၊ မိုးလုံးကိုမှ ကျူဆာအထိ ရွှေလီအပိုင်း(၄)စသည်ဖြင့် မိုးမိတ်ကနေပြီးတော့ တင်ဒါငါးဖမ်းပိုက်ချက် (၄)ခုရှိတာ ဖြစ်ပါတယ်။ မဘိမ်းမြို့နယ်ဧရိယာအတွင်းမှာဆိုရင်လည်း ရွှေလီမြစ်ဆုံမှ မလှိုင်ကုန်းကျေးရွာအထိ (ရွှေလီအပိုင်း-၁)၊ မလှိုင်ကုန်းမှ လင်ဗန်းကျ (ပြင်လဟာ)အထိ (ရွှေလီအပိုင်း-၂)၊ လင်ဗန်းကျမှ ငါးအိုးပြချောင်းအထိ (ရွှေလီအပိုင်း-၃)၊ ညောင်ပင်သာမှ ယင်းအင်း (ရွှေလီအပိုင်း-၄)၊ ပါစီ-နတ်ပုတ်-နတ်လက်၊ သစ္စာလိုင်ခံဆုံရာ (ရွှေလီအပိုင်း-၅) ဆိုပြီးတော့ တင်ဒါငါးဖမ်းပိုက်ချက် (၅)ခု၊ စုစုပေါင်း ဒီ ရွှေလီမြစ်ပေါ်မှာ မိုးမိတ်နဲ့ မဘိမ်းမှာ တင်ဒါငါးဖမ်းပိုက်ချက် (၉)ခုအား ငါးလုပ်ငန်းဦးစီးဌာနမှလေလံစည်းကမ်းချက်များနှင့်အညီ နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လေလံတင်ရောင်းချလျက်ရှိရာ ၂၀၁၈- ၂၀၁၉ ခုနှစ်မှာ တင်ဒါငါးဖမ်းပိုက်ချက် (၉)ခုမှ ရောင်းချ ငွေ ၄,၃၃၀,၀၀၀/- ကျပ်ကောက်ခံရရှိခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် တင်ဒါငါးဖမ်း ပိုက်ချက်(၉)ခု ရောင်းချရငွေအတွက် ၄,၇၆၃,၀၀၀/- ကျပ်ရရှိရေး လျာထားဆောင်ရွက်ထားတာ ရှိပါတယ်။

ဤကဲ့သို့ တရားဝင်တင်ဒါချက်ဖြင့် ငါးဖမ်းဆီးခြင်းအားဖြင့် ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးနိုင်ခြင်း၊ ရေသယံဇာတပျက်စီးမှုမှ ကာကွယ်နိုင်ခြင်း၊ ရေချိုငါးလုပ်ငန်း ရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ ပြည်နယ်ဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများရရှိစေနိုင်မှာ ဖြစ်ပါတယ်။ ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ်သဘာဝရေပြင်များ/ မြစ်/ ချောင်း/ အင်းအိုင်/ ဆည်- တာတမံများအတွင်းသို့ ငါးမျိုးများစိုက်ထည့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေသခံပြည်သူများအတွက် သန့်ရှင်းလတ်ဆတ်သော ငါးရိက္ခာဖြည့်ဆည်းပေးရန်

နှင့် ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်ဆိုပြီးတော့ နောင်တွင်လည်း စဉ်ဆက်မပြတ်ငါးမျိုးများ စိုက်ထည့်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ရေချိုငါးလုပ်ငန်းနည်းဥပဒေ အခန်း(၁၀)၊ အပိုဒ်(၅၈)၊ နည်းဥပဒေခွဲ(က)တွင်လည်း "တင်ဒါရရှိသူအနေဖြင့် အခိုင်အမာအတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားခြင်း"၊ အခန်း(၁၀)၊ အပိုဒ် (၅၉) နည်းဥပဒေခွဲ(ဂ)တွင် " မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါ ငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့်ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းလုပ်ကိုင်ခွင့်ရှိခြင်း" ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ တင်ဒါစည်းကမ်းချက်များနှင့်အညီ တင်ဒါ လေလံရရှိသူများအနေဖြင့် ရေနေသတ္တဝါများအား မျိုးသုဉ်းခြင်း၊ ရေသယံဇာတပျက်စီးခြင်းများ မဖြစ်ပေါ်စေဖို့ ဘက်ထရီရှော့တိုက်ခြင်း ၊ ငါးဆေးချခြင်းတို့ကို မပြုလုပ်ဖို့နဲ့ မြံ၊ ပိုက်ကွန်၊ ထောင်ချောက်များ၊ ဂျမ်းများ၊ ဆောင်းများ၊ ငါးမျှားချိတ်များ၊ ပုစွန်ဖောင်များဖြင့်သာ ဖမ်းယူစေခဲ့ပါတယ်။ ၎င်းအပြင် တင်ဒါစည်းကမ်းများနှင့်အညီ တင်ဒါလေလံစည်းကမ်းတွင်လည်း တင်ဒါဝယ်ယူရရှိသူတိုင်းဟာ လျှပ်စစ်ကျင်စက်၊ ဘက်ထရီရှော့တိုက်၍ ငါးဖမ်းခြင်းတို့ကို လုံးဝခွင့်မပြုထားပါဘူး။ ငါးရစ်ငါးသန်ရာသီချိန်ဖြစ်သည့် နှစ်စဉ် မေ၊ ဇွန်၊ ဇူလိုင်လများတွင် မည်သူတစ်ဦးတစ်ယောက်မျှ ငါးရှာဖွေဖမ်းဆီးခွင့် လုံးဝမရှိပါဟု သတ်မှတ်ထားပြီးဖြစ်ပါတယ်။ အခန်း(၁၅) ၊ အပိုဒ်(၈၇)တွင်လည်း "ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမျိုး ထိန်းသိမ်းခြင်းနှင့်ငါးဖမ်းခြင်းဆိုင်ရာ နည်းပညာများခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် အများပြည်သူများအား ပညာပေးစည်းရုံးဟောပြောခြင်း၊ ဟောပြောပွဲများလည်း ကျင်းပပေးလျက် ရှိပါတယ်။ ခေတ်မီနည်းပညာစာအုပ်စာတမ်းများ ဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသနစာတမ်းများ ဖတ်ကြားခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်ပေးလျက် ရှိပါတယ်" ဖော်ပြတဲ့အတိုင်း ၂၀၂၀ ပြည့်နှစ်တွင် မဘိမ်းမြို့နယ်၊ ဘဟဲကျေးရွာ၌ ပညာပေး ဟောပြောပွဲ(၁)ကြိမ် ဆောင်ရွက်နိုင်ပြီး ရွှေလီမြစ်ကြောင်းတစ်လျှောက်ရှိ ကျန် ရပ်ကွက်/ ကျေးရွာများသို့လည်း ပညာပေးဟောပြောပွဲ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထား ရှိပြီးဖြစ်ပါတယ်။ ငါးရစ်ငါးသန်ရာသီချိန်ဖြစ်တဲ့ နှစ်စဉ် မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငါးရှာဖွေ ဖမ်းဆီးမှုမရှိစေရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊

ကျေးရွာတာဝန်ခံများနှင့် ပူးပေါင်းပြီး ကွင်းဆင်းစစ်ဆေးခြင်းများကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသော အင်းလေလံနှင့် ပိုက်ချက်တင်ဒါပါ စည်းကမ်းချက်များအား ဖောက်ဖျက်ကျူးလွန်ပါက လုပ်ပိုင်ခွင့်ရုပ်သိမ်းခြင်းများ ဆောင်ရွက်သွားမည့်အပြင် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ၊ အခန်း(၁၁)၊ ပုဒ်မ(၃၆)၊ (၃၇)၊ (၃၈)၊ (၃၉)၊ (၄၀) နှင့် (၄၁)တို့မှာလည်း တားမြစ်ချက်များကို ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေ၊ အခန်း(၁၂)၊ ပုဒ်မ(၄၅)၊ (၄၆)၊ (၄၇) တို့ဖြင့် ပြစ်ဒဏ်အမျိုးအစားအလိုက် အရေးယူဆောင်ရွက်သွားမယ်လို့လည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။

ဒါတွေနဲ့အညီ အခန်း(၁၁)၊ ပုဒ်မ ၃၆ မှာဆိုရင်လည်း မည်သူမျှ ငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း ဆိုပြီးတော့ တားမြစ်ထားပြီး ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဒီကာလအတွင်းမှာ ညောင်ရွှေမြို့နယ်၊ စံကားအင်းမှာဆိုရင် ဘက်ထရီရှော့တိုက် ငါးဖမ်းလို့ စစ်ဆေးတွေ့ရှိလို့ မောင်လန်၊ လင်လံမြောက်ကျေးရွာ၊ ညောင်ရွှေမြို့နေသူမှ ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးနေသဖြင့် ညောင်ရွှေမြို့၊ နန့်ပန်ရဲစခန်းတွင် ရှမ်းပြည်နယ် ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၅ အရ တရားစွဲဆိုခဲ့ပြီး ထောင်ဒဏ် (၁)နှစ် ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် မတိမ်းမြို့နယ်၊ ရွှေလီမြစ်အထက်ပိုင်းမှာလည်း (၃-၂-၂၀၂၀) ရက်နေ့မှာ တရားမဝင်ငါးဖမ်းဆီးမှု ရှိ/ မရှိ အားစစ်ဆေးခဲ့ရာ ပွေးတူကျေးရွာ တုံပေါရွာအနီးတွင် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးနေခြင်းတွေ့ရှိရ၍ နောင်မပြုလုပ်ရန် ကတိပြုလက်မှတ်ရေးထိုးထားခြင်း ဆောင်ရွက်ခဲ့ပါတယ်။

(၁-၁-၂၀၂၀)ရက်နေ့တွင် မဘိမ်းမြို့ ရွှေလီမြစ်အထက်ပိုင်း၊ (၅-၁-၂၀၂၀)ရက်နေ့တွင် မဘိမ်းမြို့၊ ရွှေလီမြစ်အောက်ပိုင်း၊ (၁၅-၂-၂၀၂၀)ရက်နေ့တွင် မဘိမ်းမြို့၊ ရွှေလီမြစ် အထက်ပိုင်း၊ (၁၉-၆-၂၀၂၀)ရက်နေ့နှင့် (၂၀-၆-၂၀၂၀)ရက်နေ့တို့တွင် မဘိမ်းမြို့၊ ရွှေလီမြစ် အထက်ပိုင်းနှင့် အောက်ပိုင်းတို့၌ တရားမဝင် ငါးဖမ်းဆီးမှု ရှိ/ မရှိကို စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

အခန်း(၁၁)၊ ပုဒ်မ (၃၇) တွင်လည်း ဖော်ပြပါအတိုင်း ဥပဒေတွေ ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ “မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါဆွဲဝယ်ပြီးနောက် ဌာန၏ ခွင့်ပြုချက်မရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို သတ်မှတ်ရက် အတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။”

အခန်း(၁၁)၊ ပုဒ်မ (၃၈) တွင်လည်း ဖော်ပြပါအတိုင်း သတ်မှတ်ပြီး ဖြစ်ပါတယ်။ “မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ ခွင့်ပြုချက်မရှိဘဲ ဆည်၊ တမံ၊ ယင်းစသော အပိတ်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။”

အခန်း(၁၁)၊ ပုဒ်မ (၃၉) တွင်လည်း ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ဖို့ သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ “မည်သူမျှ ဌာနကအခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။”

အခန်း(၁၁)၊ ပုဒ်မ (၄၀) တွင်လည်း ဖော်ပြပါအတိုင်းများ ဆောင်ရွက်ရန် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ “ မည်သူမျှ အင်း သို့မဟုတ် အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) အင်း၏ ရေစီးရေလာပျက်ပြားစေရန်၊ သဘာဝအခြေအနေ ထိခိုက်စေရန် ပြုလုပ်ခြင်း၊

(ဂ) သီးနှံစိုက်ပျိုးခြင်း၊

(ဃ) လူနေအိမ်များဆောက်လုပ်နေထိုင်ခြင်း၊

အခန်း (၁၁)၊ ပုဒ်မ (၄၁)တွင်လည်း ဖော်ပြပါအတိုင်း ဒီ ငါးလုပ်ငန်းနဲ့ပတ်သက်တဲ့ ဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ “မည်သူမျှ ဌာန၏ ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။”

အခန်း(၁၂)မှာဆိုရင်လည်း ပြစ်ဒဏ်၊ အခန်း(၁၂)၊ ပုဒ်မ (၄၅)မှာဆိုရင်လည်း ပြစ်မှု၊ ပြစ်ဒဏ် “မည်သူမဆို ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် (၁)နှစ်မှ အများဆုံး ထောင်ဒဏ် (၃)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀,၀၀၀/-ကိုလည်း ချမှတ်နိုင်သည်။”

အခန်း(၁၂)၊ ပုဒ်မ (၄၆)တွင်လည်း ပြစ်မှု၊ ပြစ်ဒဏ်များ “မည်သူမဆို ပုဒ်မ ၃၇၊ ပုဒ်မ ၃၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် (၃)လမှ အများဆုံး ထောင်ဒဏ်(၁)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀,၀၀၀/- ကိုလည်း ချမှတ်နိုင်သည်။”

အခန်း(၁၂)၊ ပုဒ်မ (၄၇)တွင်လည်း ပြစ်မှု၊ ပြစ်ဒဏ်များကို ဒဏ်ငွေများနဲ့ ထောင်ဒဏ်များ သတ်မှတ်ပြီး ဖြစ်ပါတယ်။ “မည်သူမဆို ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် (၆)လမှ အများဆုံး ထောင်ဒဏ်(၂)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀,၀၀၀/-ကိုလည်း ချမှတ်နိုင်သည်။” ဆိုပြီးပြဋ္ဌာန်းပြီးဖြစ်ပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်ဧရိယာအတွင်းရှိ ရွှေလီမြစ်ကြောင်းတစ်လျှောက်တွင် နေထိုင်ကျက်စားနေသော ရေနေသတ္တဝါများ မျိုးသုဉ်းခြင်း၊ ရေသယံဇာတ ပျက်စီးခြင်းများမရှိစေရေးအတွက် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒေသအာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံရေလုပ်သားများအနေဖြင့် အခုလို တရားမဝင်ငါးဖမ်းဆီးခြင်းများ၊ ရေသယံဇာတ ပျက်စီးမှုမရှိစေရေးအတွက် တာဝန်သိစိတ်ဓာတ်များဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေ

လိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းပြောကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်သူခိုင်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးအောင်သူခိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်သူခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လွှတ်တော်မှာ မေးမြန်းလိုတာက ရှမ်းပြည်နယ်၊ လားရှိုးမြို့မှာရှိတဲ့ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်တဲ့မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာရှိတဲ့ လားရှိုးမြို့သည် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိပြီးတော့ နှစ်နိုင်ငံ ကုန်သွယ်ရေးလမ်းကြောင်းပေါ်မှာ တည်ရှိတဲ့အတွက် လားရှိုးမြို့ဟာ နှစ်စဉ် စီးပွားရေးကူးသန်းမှုရှိသလို လူဦးရေလည်း တိုးတက်များပြားလာပါတယ်။ လူဦးရေတိုးတက်များပြားလာမှုနှင့်အတူ အိမ်နီးချင်းနိုင်ငံမှ ဈေးသက်သာတဲ့ ဆိုင်ကယ်များလည်း စီးနင်းမှုများပြားလာပါတယ်။ ဆိုင်ကယ်စီးနင်းတဲ့ အချိန်မှာလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းသလို တစ်ဦးချင်းအနေနဲ့ လိုက်နာမှုအားနည်းတာကိုလည်း တွေ့ရှိရပါတယ်။ မြို့နေလူထုအနေနှင့် ဆိုင်ကယ်စီးနင်းပြီး သွားလာတဲ့အချိန်မှာ အချိန်ကုန်သက်သာခြင်း၊ ခရီးမြန်ဆန်ခြင်းဆိုတဲ့ အကျိုးကျေးဇူးတွေ ခံစားရတာရှိသလို တစ်ဦးချင်းလိုက်နာမှု အားနည်းတဲ့အတွက်ကြောင့် ယာဉ်မတော်တဆဖြစ်တဲ့အချိန်မှာလည်း ထိခိုက်သေဆုံးမှု များပြားနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ တင်ပြပါပုံကတော့ လားရှိုးခရိုင်အတွင်း ၂၀၁၈

ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့ ယာဉ်မတော်တဆမှု ဖြစ်ပါတယ်။ ဖြစ်ပွားမှုအနေနဲ့ ၁၇၂ မှု ဖြစ်ခဲ့ပြီးတော့ ဒဏ်ရာရရှိသူ ၂၄၈ ဦး၊ သေဆုံးသူ ၇၅ ဦးရှိပါတယ်။ ယာဉ်မတော်တဆဖြစ်ပွားမှု ဖြစ်တဲ့ အရေအတွက်နဲ့ဆိုရင် သေဆုံးမှုရာခိုင်နှုန်းဟာ ၄၀ ရာခိုင်နှုန်းခန့် သေဆုံးနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ လားရှိုးခရိုင်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှုဖြစ်ပါတယ်။ ဖြစ်ပွားမှုအနေနဲ့ ၁၅၆ မှုပဲရှိပါတယ်။ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှု နည်းသွားပေမဲ့ ဒဏ်ရာရရှိမှုနဲ့ သေဆုံးမှုမှာဆိုရင် သေဆုံးသူဟာ စုစုပေါင်း ၈၄ ဦးထိ ရှိတာကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။ သေဆုံးသူဦးရေ တိုးလာပြီးတော့ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှု ဖြစ်ပွားတဲ့ နေရာမှာ ၅၃ ရာခိုင်နှုန်းအထိ မြင့်တက်လာတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကတော့ လားရှိုးမြို့ဧရိယာအတွင်းမှာ ၂၀၁၉ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့တဲ့ ယာဉ်မတော်တဆမှုပဲ ဖြစ်ပါတယ်။ စုစုပေါင်း ၈၁ ခုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူနဲ့ သေဆုံးသူဟာဆိုရင် သေဆုံးသူ စုစုပေါင်း ၅၀ ဦး၊ ဒဏ်ရာရရှိသူ ၉၅ ဦးရှိတာကို တွေ့ရပါတယ်။ လားရှိုးခရိုင်တစ်ခုလုံးမှာ ဖြစ်ခဲ့တဲ့ ယာဉ်မတော်တဆမှုတွေရဲ့ ၅၀ ရာခိုင်နှုန်းခန့်ဖြစ်ပြီးတော့ သေဆုံးသူစုစုပေါင်းရဲ့ ၆၀ ရာခိုင်နှုန်းဟာ လားရှိုးမြို့ပေါ်မှာပဲ ဖြစ်သွားတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီယာဉ်မတော်တဆမှုတွေဖြစ်တာကလည်း ကြီးကြီးမားမား သေဆုံး၊ ဒဏ်ရာရမှသာ မှတ်တမ်းထဲရောက်လာပေမဲ့ အချို့အနည်းငယ်ထိခိုက်မှု ဖြစ်သွားတဲ့ဟာတွေကတော့ ရောက်မလာပါဘူး။ နေ့စဉ်လိုလို သွားရင်းလာရင်းနဲ့လည်း တွေ့နေရပါတယ်။ ဒီလိုပါပဲ။ ဆိုင်ကယ်စီးနင်းမှုများတဲ့သူများဟာလည်း ဦးထုပ်မဆောင်းကြပါဘူး။ တစ်ဦးချင်းလိုက်နာရမဲ့စည်းကမ်း၊ ၎င်းတို့ သေဆုံး၊ ဒဏ်ရာရမှာကို မလိုလားလို့ ထုတ်ပြန်ထားတဲ့ စည်းကမ်းကိုလည်း လိုက်နာမှုအားနည်းနေတာကို တွေ့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စည်းကမ်းမလိုက်နာတာဟာ ဥပဒေကို ချိုးဖောက်တာလည်း ဖြစ်ပါတယ်။ ဒီဥပဒေဟာလည်း ပြဋ္ဌာန်းထားတာ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ စည်းကမ်းလိုက်နာဖို့၊ မိမိတို့ ထိခိုက်ဒဏ်ရာမရရှိဖို့၊ တစ်ဦးချင်းလိုက်နာဖို့ ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းများပဲ ဖြစ်ပါတယ်။ ဒီမလိုက်နာဘဲ ချိုးဖောက်တာကို ထိန်းသိမ်းတဲ့သူများကလည်း ထိန်းသိမ်းမှုအားနည်းခဲ့မယ်ဆိုရင် ပြည်သူများအနေနဲ့ ဥပဒေဆိုတာ ချိုးဖောက်ရင်လည်းရတယ်။ ဘာမှမဖြစ်ဘူးဆိုတဲ့ စိတ်များဝင်သွားခဲ့ရင် ရေရှည်ကျရင်

ဥပဒေစိုးမိုးမှုကိုလည်း ထိခိုက်ပါမယ်။ ဥပဒေစိုးမိုးမှုမရှိတဲ့ ပြရုပ်တွေကိုလည်း ဖြစ်ပေါ်စေ ပါတယ်။ ဒါကတော့ ကျွန်တော်သဘောကျလို့ တောင်ကြီးမှာရှိတဲ့ စည်းကမ်းလိုက်နာတာ တွေကို ပြသခြင်းဖြစ်ပါတယ်။ အစိုးရရုံးစိုက်ရာ တောင်ကြီးမြို့ဟာ ကျွန်တော်တို့ လွတ်တော် စတက်တဲ့အချိန်ထဲက ဦးထုပ်ဆောင်းလာတာ ခုချိန်အထိပါပဲ။ တောင်ကြီးမြို့တွင်းမှာ ဦးထုပ် ဆောင်းပြီး စီးနင်းကြပါတယ်။ ဒီလိုပါပဲ အတွင်းလမ်းမှာလည်း ဦးထုပ်ဆောင်းစီးကြပါတယ်။ အတွင်းလမ်းမို့လို့ မဆောင်းတဲ့သူ မရှိပါဘူး။ ဗိုလ်ချုပ်လမ်းမကြီးပေါ်မှာလည်း ဦးထုပ် ဆောင်းပြီး စီးကြပါတယ်။ မီးပွိုင့်မှာရပ်တဲ့အချိန်မှာလည်း ကျွန်တော် ဒါမှတ်တမ်းတင်ထား တာပါ။ အကုန်လုံး နောက်မှာထိုင်စီးတဲ့သူလည်း ဦးထုပ်ဆောင်းပါတယ်။ ရှေ့မှာ မောင်းတဲ့သူ လည်း ဦးထုပ်ဆောင်းပြီး စီးပါတယ်။ ဒါ ရှမ်းပြည်နယ်အစိုးရ ရုံးစိုက်တဲ့မြို့မှာတော့ ဦးထုပ် ဆောင်းစီးခြင်းဆိုတဲ့လုပ်ငန်းကို ထိထိရောက်ရောက်လုပ်နိုင်ပြီးတော့ အားလုံးလည်းလိုက်နာ နိုင်အောင် ဆောင်ရွက်ထားနိုင်ခဲ့ပါတယ်။ ဒါ ကျွန်တော်တို့ လားရှိုးမြို့မှာ စီးနေတာပါ။ လားရှိုး မြို့မှာတော့ ပုံမှာ မြင်တွေ့နေရတဲ့အတိုင်းပါပဲ။ မန်ဆူဘုရားနားမှာ ရိုက်ထားတာပါ။ တစ်ယောက်မှ ဦးထုပ်မဆောင်းထာပါဘူး။ ဒါ မီးပွိုင့်နားမှာပါ။ ဒီနားမှာ ယာဉ်ထိန်းရုံးလည်း ရှိပါတယ်။ ယာဉ်ထိန်းလည်း ရှိပါတယ်။ ဘယ်သူမှ မလိုက်နာပါဘူး။ ဆိုင်ကယ်ကို ပုံမှာ မြင်တွေ့နေရတဲ့အတိုင်းပဲ ဦးထုပ်မဆောင်းပဲ စီးနင်းကြပါတယ်။ ဒါကတော့ လားရှိုး ထောင်ကြီး ရှေ့မှာရှိတဲ့ မြင်ကွင်းပါ။ လမ်းဘေးမှာ စျေးဖွင့်ထားပါတယ်။ အဲ့ဒီမှာ စျေးသူစျေးသား လာတာအကုန်လုံးက ရှေ့ကောနောက်ကော စီးတဲ့သူအားလုံး ဘယ်သူမှ ဦးထုပ် မဆောင်း ပါဘူး။ အဲ့နားပတ်ဝန်းကျင်မှာ ရိုက်ထားတာပါပဲ။ ဒီပုံကို ပြရခြင်းကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့(၂)မြို့ပါပဲ။ မြို့(၂)မြို့မှာကို ဥပဒေစိုးမိုးမှု မတူညီပါဘူး။ စည်းကမ်းလိုက်နာမှုလည်း ကွာနေပါတယ်။ ဒါကြောင့်မလို့ ဒီလိုဖြစ်တာကို ထိန်းသိမ်းနိုင် ဖို့အတွက် ကျွန်တော့်အနေနဲ့ လွတ်တော်မှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်မှာရှိတဲ့ စည်းကမ်းထိန်းသိမ်းတဲ့သူများအနေနဲ့လည်း တောင်ကြီးမြို့ ပေါ်မှာ စည်းကမ်းလိုက်နာနိုင်အောင် ဆောင်ရွက်နိုင်ခဲ့တဲ့ အဆင့်ဆင့်သောလုပ်ငန်းစဉ်များ၊ စီမံချက် များ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ခဲ့ပြီးလည်းဖြစ်တဲ့ အတွက် လားရှိုးမြို့မှာလည်း ဒီလိုစည်းကမ်းလိုက်နာနိုင်အောင် ဆောင်ရွက်စေချင်ပါတယ်။ ကျွန်တော့်အနေနဲ့ လွတ်တော်မှတစ်ဆင့် မေးမြန်းလိုတာကတော့ လားရှိုးမြို့မှာ ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ အန္တရာယ်ကင်းရှင်းစေရန် ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်း

အား အများပြည်သူလိုက်နာစေရေးအတွက် မည်ကဲ့သို့ဆောင်ရွက်နေပြီး ၎င်းစည်းကမ်းလိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ခြင်းကို မည်သည့်အချိန်ကာလအပြီး ရည်မှန်းချက်ထားဆောင်ရွက်မည့် အစီအမံကို သိရှိလိုပါသဖြင့် လွှတ်တော်မှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သူခိုင်မှ မေးမြန်းလာသည့် လားရှိုးမြို့၌ ဆိုင်ကယ်မောင်းနှင်စီးနင်းသူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်း စည်းကမ်းအား လိုက်နာ စေရေး မည်ကဲ့သို့ဆောင်ရွက်နေသည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးမှ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် အမှတ်(၂၀) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ၊ အမှတ်(၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုတို့ရှိပြီး အရာရှိ(၁၀)ဦး၊ အခြားအဆင့် တပ်ဖွဲ့ဝင် (၃၃)ဦး၊ စုစုပေါင်း(၄၃)ဦးဖြင့် လားရှိုးမြို့နယ်အတွင်း ဆိုင်ကယ်မောင်းနှင်စီးနင်းသူ ပြည်သူများ ယာဉ်စည်းကမ်း/ လမ်းစည်းကမ်း စနစ်တကျလိုက်နာမှုရှိစေရေး အသိပညာပေးခြင်း၊ စစ်ဆေးအရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်၊ ဇွန်လအထိ ယာဉ်စည်းကမ်း/ လမ်းစည်းကမ်း လိုက်နာမှုမရှိဘဲ Power အိတ်(စ်)ဇောဖွင့်၍ မောင်းနှင်ခြင်း၊ မီးနီဖြတ်မောင်းခြင်း၊ လမ်းပြောင်းပြန် မောင်းနှင်ခြင်း၊ ယာဉ်မောင်းလိုင်စင်မရှိခြင်း၊ ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်ခြင်းစသည့် စည်းကမ်း ဖောက်ဖျက်မှု (၅၇၀)မှုအား စစ်ဆေးအရေးယူနိုင်ခဲ့ပါတယ်။

လားရှိုးမြို့နယ်အတွင်း ဆိုင်ကယ်မောင်းနှင်စီးနင်းသူများ ယာဉ်စည်းကမ်း/ လမ်း စည်းကမ်း စနစ်တကျလိုက်နာမှုရှိစေရေး အသိပညာပေးခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ NGO များ၊

လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဆိုင်ကယ် စီးဦးထုပ် ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ယာဉ်/ လမ်း အသုံးပြုသူ ပြည်သူများ ဥပဒေပါ တားမြစ်ချက်များ၊ ပြစ်ဒဏ်များအား သိရှိလိုက်နာ ဆောင်ရွက်စေရေးအတွက် ဥပဒေစာအုပ်များ ဖြန့်ဝေခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး လမ်းညွှန်အမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်များ စိုက်ထူအသိပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ ယာဉ်အန္တရာယ်ကင်းရှင်းရေးစီမံချက် National Road Safety Action Plan ၂၀၁၄- ၂၀၂၀ ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ၂၆-၅-၂၀၂၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ယာဉ်အန္တရာယ်ကင်းရှင်းရေး နှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သည့် အမှုများမှာ ရဲအရေးယူမပိုင်သော အမှုများဖြစ်သဖြင့် စည်းကမ်းချိုးဖောက်သည့် ယာဉ်မောင်း များကို သက်ဆိုင်ရာတရားရုံးများသို့ ဦးတိုက်လျှောက်ထား၍ အချိန်နှင့်တစ်ပြေးညီ တရားစွဲ တင်ပို့လျက်ရှိပါကြောင်းနှင့် လားရှိုးမြို့နယ်အတွင်း ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများ၊ စည်းကမ်းချိုးဖောက်သူများအား COVID-19 ရောဂါကင်းစင်ချိန်မှစတင်၍ အသိပညာပေး ခြင်း၊ စစ်ဆေးအရေးယူခြင်းများကို ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြား တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကိုက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့အတူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်ဓါဝမ်းသာခြင်း၊ ကိုယ်ဓါကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းတင်ပြလိုတဲ့ မေးခွန်းကတော့ မိုင်းဖြတ်မြို့နယ်၊ အိုက်လုံကျေးရွာအုပ်စုမှာ စိုက်ထူထားတဲ့ Telenor တာဝါတိုင်ကိစ္စပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းဖြတ်မြို့နယ်၊ အိုက်လုံကျေးရွာအုပ်စုမှာ Telenor တာဝါတိုင်တစ်ခုကို ၂၀၁၄ ခုနှစ်မှာ စိုက်ထူဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၎င်း Telenor တာဝါတိုင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် အိုက်လုံကျေးရွာအုပ်စုနှင့် အိုက်ဇိုကျေးရွာအုပ်စုများတွင် နေထိုင်ကြသော ကျေးလက်နေပြည်သူများ ဆက်သွယ်ရေးကွန်ရက်ရရှိပြီး လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများကို တယ်လီဖုန်းများဖြင့် ဆက်သွယ်ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။

အထက်တင်ပြပါ Telenor တာဝါတိုင်ဟာ ၂၀၁၉ ခုနှစ်၊ နှစ်ဆန်းပိုင်းလောက်မှာ ဆက်သွယ်ရေး ကွန်ရက်ပြတ်တောက်သွားပြီး ဖုန်းအဆက်အသွယ်များ ပြတ်တောက်သွားခဲ့ရပါတယ်။ ၎င်း တာဝါတိုင်ဆက်သွယ်ရေး ပြတ်တောက်သွားပြီး တစ်နှစ်ကျော်ကြာတဲ့အထိ ပြန်လည်ပြင်ဆင်ပြုပြင်မှု တစ်စုံတစ်ရာမရှိပါသဖြင့် ကျေးလက်နေပြည်သူများ တယ်လီဖုန်းအဆက်အသွယ်ရရှိရေးအတွက် အခက်အခဲများနဲ့ ရင်ဆိုင်နေရပါတယ်။

သို့ဖြစ်ပါ၍ အိုက်လုံကျေးရွာအုပ်စုနှင့် အိုက်ဇိုကျေးရွာအုပ်စုများတွင် နေထိုင်ကြသော ကျေးလက်နေပြည်သူများ တယ်လီဖုန်းအဆက်အသွယ်များ ပြန်လည်ရရှိနိုင်ရေးအတွက် ဆက်သွယ်ရေးကွန်ရက် ပြတ်တောက်သွားသော Telenor တာဝါတိုင်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် မည်သည့်ကာလတွင် ပြုပြင်ပေးမည်ကို သိရှိလိုပါသဖြင့် ကျေးလက်နေ ပြည်သူများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို မေးမြန်းထားတဲ့ မိုင်းဖြတ်မြို့နယ်၊ အိုက်လုံကျေးရွာအုပ်စုနှင့် အိုက်ဇိုကျေးရွာအုပ်စုများမှာ တစ်နှစ်ကျော်ကြာ ဆက်သွယ်ရေးကွန်ရက် ပြတ်တောက်သွားတဲ့ Telenor တာဝါတိုင်ကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ပြုပြင်ပေးမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ဆက်လက်ဖြေကြားတင်ပြပေးသွားမှာ ဖြစ်ပါတယ်။

ဆက်သွယ်ရေး မိုဘိုင်းစခန်းများ တည်ဆောက်ရာတွင် တည်ဆောက်မည့်နေရာ၏ အိမ်ခြေ၊ လူဦးရေ၊ မြေနေရာရရှိမှု၊ အဝေးဆက်သွယ်ရေးလမ်းကြောင်းများ (မိုက္ကရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုလ်တု) ချိတ်ဆက်နိုင်မှု၊ ရာသီဥတုအခြေအနေ၊ လျှပ်စစ်ဓာတ်အား ရရှိနိုင်မှု အခြေအနေ စသည်တို့အပေါ် မူတည်၍ တည်ဆောက်ရခြင်းဖြစ်ပြီး အဝေးဆက်သွယ်ရေး လမ်းကြောင်းရရှိမှုကိုအခြေခံ၍ တစ်ဆင့်ပြီးတစ်ဆင့် ရှေ့သို့ တိုးဝင်ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

မေးခွန်းမှာပါရှိတဲ့ မိုင်းဖြတ်မြို့နယ်၊ အိုက်လုံနှင့် အိုက်ဒိုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၆ ရွာ၊ အိမ်ခြေ ၁၅၈ အိမ်၊ လူဦးရေ ၈၃၀ ဦး ရှိတဲ့ ကျေးရွာအုပ်စုဖြစ်ပါတယ်။ အဆိုပါ ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရေးရည်ရွယ်၍ ဆက်သွယ်ရေး Operator ဖြစ်တဲ့ Telenor ကုမ္ပဏီမှ တယ်လီဖုန်းတာဝါတိုင်အမှတ် SH-0338 (၁)တိုင်ကို ၂၀၁၄ ခုနှစ်မှစတင်၍ ကုမ္ပဏီမှ စာရွက်စာတမ်း အထောက်အထားရယူ ဆောင်ရွက်ခဲ့ပါတယ်။ ၂-၂-၂၀၁၆ ရက်နေ့တွင် တာဝါတိုင်အား On Air အဖြစ်စတင် ဆက်သွယ်အသုံးပြုနိုင်ခဲ့ပါတယ်။

အဆိုပါ Telenor ဆက်သွယ်ရေးတာဝါတိုင် တည်ရှိသောနေရာဟာ သွားလာရေး ခက်ခဲတဲ့ တောင်ကုန်းမြင့်နေရာတွင် စိုက်ထူထားရှိပြီး လျှပ်စစ်မီးမရရှိနိုင်တဲ့ တာဝါတိုင် ဖြစ်ပါတယ်။ မီးစက်အသုံးပြု၍ ၂၄-၁-၂၀၁၉ ရက်နေ့အထိ ၃ နှစ်ခန့် ဆက်သွယ်ရေး ဝန်ဆောင်မှုများ ပေးနိုင်ခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။

အဆိုပါ ဆက်သွယ်ရေးတာဝါတိုင် လည်ပတ်နိုင်စေရေးအတွက် Telenor ကုမ္ပဏီ အနေနဲ့ အခြား ကုမ္ပဏီဖြစ်တဲ့ Irrawaddy Green Towers ကုမ္ပဏီသို့ ငှားရမ်း၍ Vendor အဖြစ် တာဝန်ပေးအပ်ထားရှိခဲ့သော်လည်း တင်ပြပါ တာဝါတိုင်အတွက် ပြုပြင်ထိန်းသိမ်းရန် နှင့် စက်သုံးဆီဖြည့်ဆည်းရန် သွားရောက်ဆောင်ရွက်ရာ၌ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု ကြောင့် လက်ခံဆောင်ရွက်လိုသည့် ကုမ္ပဏီများမရှိခြင်းကြောင့် တာဝါတိုင်လည်ပတ်မှုကို ရပ်ဆိုင်းခဲ့ရခြင်းဖြစ်ပါကြောင်း Telenor ကုမ္ပဏီက တင်ပြထားရှိပါတယ်။

အဆိုပါ ရပ်ဆိုင်းခဲ့သော တာဝါတိုင်အား ပြန်လည်ပြုပြင် ထိန်းသိမ်းနိုင်ရေးနှင့် စက်သုံးဆီဖြည့်ဆည်းရသည့် မီးစက်အစား Solar စနစ်ဖြင့်သော်လည်းကောင်း အစားထိုး ဖြည့်ဆည်းလည်ပတ်နိုင်စေရေးအတွက် ကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၆-၆-၂၀၂၀ ရက်စွဲပါစာဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး

ဝန်ကြီးဌာနသို့ တင်ပြထားရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ အခု ကျွန်တော့်အနေနဲ့ မိုင်းပျဉ်းမြို့နယ်၊ မဟာဓာတ်အားလိုင်းရရှိတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်ဟာဆိုရင် နိုင်ငံတော်အစိုးရက ပစ္စည်းအင်အား၊ လူအင်အား၊ ဓနအင်အားများဖြင့် အချိန်ယူပြီး နမ့်စန်မြို့မှတစ်ဆင့် မဟာလျှပ်စစ်ဓာတ်အားလိုင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့ကို (၇.၆.၂၀၂၀)ရက်နေ့တွင် (၂၄)နာရီမီးစတင် မီးပေးနိုင်ပြီးဖြစ်ရာ မိုင်းပျဉ်းမြို့နေ ပြည်သူလူထုများအား ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပြီး အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ထို့အတူ ကျိုင်းတုံမြို့မှာလည်း မဟာဓာတ်အားလိုင်းရောက်ရှိပြီး မီးလင်းပြီဆိုတာကို ကြားသိရတဲ့အတွက်လည်း အထူးပဲ ဂုဏ်ယူမိပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းပျဉ်း- ကျိုင်းတုံ မဟာလျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ဆောင်ရွက်ရာတွင် တုံတာမြို့ကိုလည်းဖြတ်သန်းသွားရမည်ဖြစ်ရာ တုံတာမြို့သည် မည်သည့်အချိန်တွင် မီးရရှိမည်ကို မြို့နေပြည်သူလူထုများက စောင့်မျှော်ရင်း သိရှိလိုပါကြောင်း တင်ပြမေးမြန်းလာပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့သည် မဟာလျှပ်စစ်ဓာတ်အားလိုင်း မည်သည့်အချိန်တွင် မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းရဲန်တစ်လုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်း မေးမြန်းတဲ့ မေးခွန်းဖြစ်တဲ့ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့ရှိ မဟာလျှပ်စစ်ဓာတ်အားလိုင်းကို မည်သည့်အချိန်တွင် မီးလင်းရေးလုပ်ငန်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ် ခင်ဗျား။

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့တွင် ၂၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် တစ်ရက်လျှင် ၄ နာရီ ၃၀ မိနစ်ဖြင့် (ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် (၁)နာရီ ပံ့ပိုးခြင်းအပါအဝင်) တုံတာမြို့ပေါ်ရပ်ကွက် (၃)ရပ်ကွက်အား ဓာတ်အားဖြန့်ဖြူးလျက်ရှိပါတယ်။ အိမ်ထောင်စု ၃၁၄ စုရှိသည့်အနက် မီးသုံးသူ ၂၁၃ ဦးရှိပြီးလည်း ဖြစ်ပါတယ်။ ဓာတ်အားရရှိမှုရာခိုင်နှုန်း ၆၈ % ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တုံတာမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးအတွက် မိုင်းပျဉ်းမြို့မှ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၃၀ မိုင်နှင့် ၆၆/ ၁၁ ကေဗွီ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် တင်ပြလျာထားဆောင်ရွက်သွားနိုင်ဖို့ တင်ပြထားပြီးတော့ ပြည်ထောင်စုကနေ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး တိုင်းရင်းသားပြည်သူများအတွက် မီးအဆင်ပြေသုံးစွဲနိုင်ရေးကို ကျွန်တော်တို့ တစိုက်မတ်မတ် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်း(၁)နဲ့ (၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ယနေ့ပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသော လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ကိုယ်စားလှယ်တော်များအားလုံး၊ တက်ရောက်လာကြသူများအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့ပြုလုပ်တဲ့အစည်းအဝေးမှာ ကျွန်တော်တို့ လွိုင်လင်မြို့နယ်အတွင်းရှိ အခြေခံပညာသင်ကျောင်းများ၏ ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်ရဲ့ လိုအပ်ချက်အချို့ကို တာဝန်ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သိရှိရန်နှင့် ဖြည့်ဆည်းကူညီမှုများ ဆောင်ရွက်ပေးနိုင်ပါရန်အတွက် အောက်ပါမေးခွန်း(၂)ခုကို တစ်ဆက်တည်းမေးမြန်းတင်ပြ သွားမှာ ဖြစ်ပါတယ်-

(က) လွိုင်လင်မြို့နယ်၊ နားယန်းကျေးရွာအုပ်စုရှိ အ.လ.က(ခွဲ) ကျူးစန်းလောင်းသည် ကျောင်းသူ/ ကျောင်းသားပေါင်း (၁၀၀)ကျော် ပညာဆည်းပူး လျက်ရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တွင် KG မှ အဋ္ဌမတန်းအထိ အတန်းစုံရှိပြီး ပညာရေးဝန်ထမ်းမှာ အလယ်တန်းပြ(၁)ဦးနှင့် မူလတန်းပြ (၁)ဦး၊ စုစုပေါင်း (၂)ဦးသာ ရှိခဲ့ပါတယ်။ အလယ်တန်း ကျောင်းတစ်ကျောင်းလုံးကို ဝန်ထမ်း (၂)ဦးနှင့် လည်ပတ်ခဲ့ရသည့်အတွက် ကလေးသူငယ်များကို ထိရောက်သော ပညာသင်ကြားမှုနဲ့ သင်ယူမှု လုံးဝမရှိခဲ့ပါဘူး။ ပညာရေးဝန်ထမ်းများအနေနဲ့ လည်း အလွန်ပင်ပန်းလှပါတယ်။ ကျောင်းသားမိဘများ အနေနဲ့လည်း မိမိ သားသမီးများ ပညာရေးကောင်းစွာ သင်ကြားနိုင်ခြင်းမရှိတဲ့အတွက် စိတ် မကောင်းဖြစ်ရပါတယ်။ ကလေးသူငယ်များရဲ့ အခွင့်အရေးလည်း ဆုံးရှုံးပါ တယ်။ ကျေးရွာသူ၊ ကျေးရွာသားများ အနေနဲ့ မိမိတို့ရဲ့ ကလေးတွေကို အဆင်ပြေရာကျောင်းမှာ သွားပြီး ပြောင်းလဲအပ်နှံမယ်ဆိုရင်လည်း မိမိတို့ ကျေးရွာအတွင်းမှာရှိတဲ့ အလယ်တန်ကျောင်းခွဲကြီး ပျက်စီးဆုံးရှုံးသွားမှာလည်း အင်မတန်မှ စိုးရိမ်လျက်ရှိပါတယ်။ ဒါကြောင့်မလို့ ဘာပဲဖြစ်ဖြစ် အောင့်အည်း ပြီးတော့မှ မိမိတို့ သက်ဆိုင်ရာ အ.လ.က(ခွဲ) ကျူးစန်းလောင်းမှာပဲ ပညာ

သင်ကြားခိုင်းရတာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လာမည့် ၂၀၂၀- ၂၀၂၁ ပညာသင်နှစ် တွင် အ.လ.က(ခွဲ) ကျူစန်းလောင်းရှိ ကျောင်းသူ/ ကျောင်းသားများ ကောင်းမွန်ထိရောက်စွာ ပညာသင်ယူနိုင်ရေးအတွက် အထူးလိုအပ်လျက် ရှိသော ပညာရေးဝန်ထမ်းများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

(ခ) ကျွန်တော်တို့ လွိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စုရှိ မူလတန်းလွန် ကျောင်း လွယ်မွတ်(မိုင်းပွန်)တွင် ကျောင်းသူ/ ကျောင်းသား ပေါင်း (၁၆၀)ကျော် ပညာသင်ကြားလျက်ရှိပါတယ်။ ၁၉၇၄ ခုနှစ်က တည်ဆောက်ခဲ့တဲ့ ကိုယ့်အား ကိုယ်ကိုး ကျောင်းဆောင်ဟောင်း (၆၀×၃၀)ပေ (၁)ဆောင်နှင့် နီပွန်ဖောင် ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းဆောင် (၉၀×၃၀)ပေ (၁)ဆောင်၊ စုစုပေါင်း ကျောင်းဆောင်(၂)ဆောင် ရှိပါတယ်။ ကိုယ့်အားကိုယ်ကိုးနဲ့ တည်ဆောက်ခဲ့တဲ့ ကျောင်းဆောင်ဟောင်းမှာ သက်တမ်းကြီးရင့်နေ၍ လည်းကောင်း၊ အဆောက်အဦပုံစံကြောင့် လည်းကောင်း၊ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်စွာမရရှိသည့်အတွက် သင်ကြား သင်ယူမှုကို ထိခိုက်စေပါတယ်။ ဒေသခံကျေးရွာသူ/ ကျေးရွာသားများကလည်း ဒီ မူလွန် လွယ်မွတ်ကျောင်းကို အနာဂတ်ကာလမှာ အ.လ.က ကျောင်းအဖြစ်သို့ အဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် မျှော်လင့်နေကြပါတယ်။ လက်ရှိ ခေတ်သစ် ပညာရေးစနစ်အရ ကျောင်းဆောင်များကိုလည်း ပိုမိုလိုအပ်နေမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၁၉၇၄ ခုနှစ်ကတည်းက တည်ဆောက်ခဲ့သော ကိုယ့်အားကိုယ်ကိုး မူလွန်လွယ်မွတ်ကျောင်းဆောင်ဟောင်းကို စနစ်တကျပြန်လည် ပြုပြင်မွမ်းမံနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင် ရှိပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ရဲ့ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို တစ်ဆက်တစ်စပ်တည်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ လွိုင်လင်မြို့နယ်၊ အလက(ခွဲ) ကျူးစန်းလောင်းအတွက် အထူးလိုအပ်လျက်ရှိတဲ့ ပညာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ပတ်သက်ပြီးတော့ လွိုင်လင်မြို့နယ်၊ နားယန်းကျေးရွာအုပ်စု၊ အလက(ခွဲ) ကျူးစန်းလောင်းကျောင်းအနေနဲ့ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တုန်းက မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၆၆)ဦးနှင့် တန်းခွဲ(၅)ခု၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၃၅)ဦးနှင့် တန်းခွဲ(၄)ခု၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၁၀၁)ဦးရှိပြီး တန်းခွဲ(၉)ခု ရှိပါတယ်။ အ.လ.က (ခွဲ) ကျူးစန်းလောင်းကျောင်းမှာ ကျောင်းအုပ်ခွဲဝေ (၁)ဦး၊ ခန့်ထားမရှိ၊ လစ်လပ်(၁)ဦး ဖြစ်ပါတယ်။ အလယ်တန်းပြ ခွဲဝေ(၃)ဦး၊ ခန့်ထား (၁)ဦး၊ လစ်လပ်(၂)ဦး ဖြစ်ပါတယ်။ မူလတန်းပြ ခွဲဝေ (၅)ဦး၊ ခန့်ထား (၁)ဦး၊ လစ်လပ် (၄)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ဆရာ/ဆရာမ ခွဲဝေ (၉)ဦးရှိပြီး ခန့်ထား (၂)ဦး၊ လစ်လပ် (၇)ဦးဖြစ်ပါတယ်။ အလယ်တန်းပြဆရာ/ ဆရာမများကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် မူလတန်းပြမှ အလယ်တန်းပြရာထူးတိုး ဒေသမရွေး လျှောက်ထားသော ဆရာ၊ ဆရာမ (၂)ဦးအား ခန့်ထားရန် လျာထားဆောင်ရွက်ထားပါတယ်။ လစ်လပ်လျက်ရှိသော မူလတန်းပြ ဆရာ/ ဆရာမ (၄)ဦးအား ပညာရေးကောလိပ် (PPTT ၊ DTED) သင်တန်းဆင်း ဆရာ၊ ဆရာမများခန့်ထားရန် စီမံထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ နမ့်စန်မြို့နယ်၊ အမက(၁)မှ မူလတန်းပြဆရာမ ဒေါ်ထက်ထက်ဝင်း၊ လွိုင်လင် အလက(မြို့မ)မှ မူလတန်းပြဆရာမ ဒေါ်သဲစုအေးတို့ (၂)ဦးကို မူလတန်းပြမှ အလယ်တန်းပြရာထူးတိုးပြီးတော့ အ.လ.က (ခွဲ) ကျူးစန်းလောင်းကျောင်းမှာ ခန့်ထားရန် လျာထားပြီးဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လွိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စု၊ မူလတန်း(လွန်) လွယ်မွတ်(မိုင်းပွန်)မှာရှိတဲ့ (၆၀×၃၀)ပေရှိတဲ့ ကျောင်းဆောင်ဟောင်းကို ပြုပြင်ပေးဖို့

ကိစ္စနှင့်ပတ်သက်ပြီးတော့ လွှိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စု၊ မူလတန်း(လွန်) လွယ်မွတ်(မိုင်းပွန်)ဟာ ကျောင်းပိုင်မြေ(၂)ကေရှိပြီး ကျောင်းမြေ ပိုင်ဆိုင်မှုပုံစံ(၁၀၅)ရှိလည်း ရှိပါတယ်။ ကျောင်းဆောင်အနေနဲ့တော့ အဆောင်(၁) (၉၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် စာသင်ခန်း(၄)ခန်း၊ အဆောင်(၂) (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်ဆောင် စာသင်ခန်း(၄)ခန်း ရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တုန်းကတော့ ကျောင်းသား ဦးရေအနေနဲ့ KG (၃၃)ဦး၊ ပထမတန်း (၂၆)ဦး၊ ဒုတိယတန်း(၁၅)ဦး၊ တတိယတန်း (၄၁)ဦး၊ စတုတ္ထတန်း (၁၃)ဦး၊ စုစုပေါင်း (၁၂၈)ဦးနှင့် တန်းခွဲ (၅)ခု ရှိပါတယ်။ ပဉ္စမတန်း (၂၇)ဦး၊ ဆဋ္ဌမတန်း (၄)ဦး၊ သတ္တမတန်း (၃)ဦး၊ စုစုပေါင်း (၃၄)ဦးနှင့် တန်းခွဲ(၃)ခု ရှိပါတယ်။ တစ်ကျောင်းလုံးအနေနဲ့တော့ မူလတန်း၊ အလယ်တန်း စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ(၁၆၂)ဦးနှင့် တန်းခွဲ(၈)ခု ရှိပါတယ်။ (၆၀×၃၀)ပေ (၁)ထပ် အဆောင်(၂) ပြုပြင် မွမ်းမံရန်အတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (၀၄၀၂) ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေ ကနေမှ ကျပ် ၉.၇၅ သန်းအား မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်ပြီး လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကို မင်္ဂလာပါလို့ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော် တင်ပြမဲ့မေးခွန်းကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ လင်းလေအင်းကျေးရွာတွင် အိမ်ခြေ (၂၂၀)၊ မဲနယ်တောင် ထန်းကုန်းကျေးရွာတွင် အိမ်ခြေ (၅၆)၊ သစ်မြစ်ရေရပ်ကွက်တွင် အိမ်ခြေ (၅၀)၊ မဲနယ်တောင်အရှေ့ကုန်း အိမ်ခြေ (၁၀၀)၊ နတ်စင်ကုန်းရပ်ကွက် အိမ်ခြေ (၄၀)၊ မဲနယ်တောင်ရွာမ အိမ်ခြေ (၁၀၀)၊ အနောက်ကုန်းရပ်ကွက် အိမ်ခြေ (၄၅)၊ စုစုပေါင်း အိမ်ခြေ (၆၀၀)ကျော်

ရှိပါတယ်။ အဲဒီရွာတွေမှာဆိုရင် နွေရာသီတွင် ရေရှားပါးမှု နှစ်စဉ်ကြုံတွေ့နေရတဲ့အတွက် အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်-

မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ လင်းလေအင်းကျေးရွာသို့ ရေရရှိရေးအတွက် သိမ်ကုန်းကျေးရွာအုပ်စု တောင်တန်းပေါ်ရှိ နွဲ့ရည်ဦးရေထွက်မှ လင်းလေအင်းဘုန်းကြီးကျောင်းအထိ ရေပိုက်ဖြင့် ရေသွယ်ပါက (၈)မိုင် ခန့်ကွာဝေးနေပါသဖြင့် ရေရရှိရေးကို မည်သို့စီမံဆောင်ရွက်ပေးမည်ကို ရှမ်းပြည်နယ် လွတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ် ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ် ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် လွတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ လင်းလေ အင်းကျေးရွာ ရေရရှိရေးအတွက် နွဲ့ရည်ဦးရေထွက်မှ ရေသွယ်ယူရရှိနိုင်ရေး ၃၀.၅.၂၀၂၀ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးချက်အရ အဆိုပါရေထွက်မှ ရေရယူရန် သိမ်ကုန်းကျေးရွာ အုပ်စု၊ အုံအက်ကျေးရွာနှင့် ညှိနှိုင်းသဘောတူညီမှု မရရှိသည့်အတွက် ကျေးရွာမှလက်ရှိရယူ သုံးစွဲလျက်ရှိသော ကျေးရွာရဲ့အရှေ့ဘက် ပေ ၂၅၀၀ အကွာအဝေးမှာရှိတဲ့ ဘော်ဆယ် ရေထွက်မှရေကို စိမ့်စမ်းအမြင့်တင်စနစ်ဖြင့် ရယူမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် ၂၁.၄၀ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ လင်းလေအင်းကျေးရွာရှိ အိမ်ခြေ(၂၀၁)အိမ်၊ လူဦးရေ (၉၀၆)ဦးအား အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

အဆိုပါ လင်းလေအင်းကျေးရွာ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ခန့်မှန်း ကုန်ကျငွေ ကျပ် ၂၁.၄၀ သန်းကို ၂၀၂၀- ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေး နိုင်ခြင်းမရှိပါသဖြင့် သက်ဆိုင်ရာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ မှ လွတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပြီး ရေးဆွဲတင်ပြလာပါက

ပြည်နယ်တွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယမေးခွန်း အနေနဲ့ ဆက်လက်တင်ပြရမယ်ဆိုရင် COVID-19 ရောဂါအလွန်တွင် ရှမ်းပြည်နယ် ပြည်သူလူထု၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဒီနေရာမှာ မေးခွန်းကတော့ တိုပေမဲ့ ကဏ္ဍစုံပါနေပါတယ်။ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးရေး ကိစ္စတွေပါတော့ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ COVID-19 ရောဂါအလွန်တွင် ရှမ်းပြည်နယ် ပြည်သူလူထု၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ကျန်းမာရေး၊ ပညာရေးကဏ္ဍဆိုင်ရာများကို ဦးစွာဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

COVID-19 ရောဂါအလွန်တွင် ရှမ်းပြည်နယ် ပြည်သူလူထုအနေဖြင့် New Normal ဘဝနေထိုင်မှုပုံစံဖြင့် နေထိုင်သွားရန်အတွက် ရောဂါကာကွယ်ရေးအနေဖြင့် ပြည်သူလူထုအား လူစုလူဝေးခြင်းခွင့်မပြုဘဲ Social Distancing ကို ဆက်လက်လိုက်နာကျင့်သုံးစေခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်းများ မတပ်မနေရ တပ်ဆင်ရန်အတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား Community Based Facility

Quarantine တွင် (၂၁)ရက်ပြည့်အောင်ထားရှိ၍ COVID-19 ရောဂါပိုး ရှိ/ မရှိ စစ်ဆေး ပေးခြင်း၊ ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင်၊ စျေး၊ ဟိုတယ်၊ တည်းခိုခန်းများ၊ စက်ရုံများ၊ ဆောက်လုပ်ရေး Site များ ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ကြပ်မတ်ခြင်း၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရာသီတုပ်ကွေးရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် COVID-19 ရောဂါကာကွယ်ရေးအတွက် ပုံမှန်ဆောင်ရွက်လျက်ရှိသော Fever Surveillance ကို အားဖြည့်ဆောင်ရွက်လျက်ရှိပါတယ်။

ရောဂါကူသရေးအနေဖြင့် ဆေးရုံ၊ ဆေးခန်းများတွင် Fever Corner ထားရှိ၍ ကူးစက်မှုလျှော့ချနိုင်ရန် ပြင်ဆင်ခြင်း၊ လူနာများအား စမ်းသပ်စစ်ဆေးရာတွင် တစ်ကိုယ်ရည်ကာကွယ်ရေးပစ္စည်းများအား Level အလိုက် ဝတ်ဆင်ကာကွယ်ခြင်း၊ ဝန်ထမ်းများ၊ လူနာနှင့် လူနာစောင့်များ မကြာခဏလက်ဆေးနိုင်ရန် လက်ဆေးဘောစင်များ ပြင်ဆင်ထားရှိခြင်း၊ လူနာစောင့်နှင့် လူနာသတင်းမေးအရေအတွက် ကန့်သတ်ခြင်း၊ သံသယလူနာများအား COVID-19 ရောဂါပိုး ရှိ/ မရှိ ဓာတ်ခွဲစစ်ဆေးပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပုံမှန်လုပ်ငန်းများဖြစ်သော တိုးချဲ့ကာကွယ်ဆေးထိုးခြင်း/ တိုက်ခြင်းလုပ်ငန်းတွင်လည်း ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ကလေးမိခင်များ လိုက်နာဆောင်ရမည့် ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရန်ကြိုးကြပ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအားလည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများ ရောဂါကူးစက်မှုနည်းစေရန် ပြည်သူလူထုမှ Stay at Home ၊ Social Distancing နေထိုင်ခြင်းအပြင် နေ့စဉ် ဖုံး၊ သွန်၊ လဲ၊ စစ်၊ တိုက်ချွတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ငှက်ဖျား၊ တီဘီ၊ HIV၊ အနာကြီး၊ မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ မိခင်နှင့်ကလေးကျန်းမာရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စသည်တို့ကို ပုံမှန်ပြန်လည်ဆောင်ရွက်ရာတွင် ရောဂါကူးစက်မှုနည်းအောင် စီစဉ်ဆောင်ရွက်ထားရှိပါတယ်။

ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း Social Distancing နေထိုင်ခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ လက်ဆေးခြင်း၊ မလိုအပ်ဘဲအပြင်မထွက်ခြင်း၊ ဆေးရုံ၊ ဆေးခန်း၊ စျေးများသို့ လိုအပ်မှသာသွားရောက်ခြင်း၊ တစ်ကိုယ်ရည်

ကာကွယ်ရေးနှင့် နာစေး၊ ချောင်းဆိုးခြင်းဆိုင်ရာ ကျင့်ဝတ်တို့အား ဆက်လက်လိုက်နာ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ပညာရေးကဏ္ဍအနေဖြင့် ရှမ်းပြည်နယ်အတွင်း ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အခြေခံပညာအထက်တန်းကျောင်း (၂၉၄)ကျောင်း၊ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)(၂၀၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၂၉၇)ကျောင်း၊ အလယ်တန်း ကျောင်း(ခွဲ) (၃၉၁)ကျောင်း၊ မူလတန်း(လွန်)ကျောင်း (၈၅၅)ကျောင်း၊ မူလတန်းကျောင်း (၃၇၅၀)ကျောင်း၊ မူလတန်းကျောင်း(ခွဲ)(၆၅၉)ကျောင်း၊ မူလတန်းကျောင်း(တွဲ)(၁၀)ကျောင်း၊ စုစုပေါင်း (၆၄၆၀)ကျောင်း ဖွင့်လှစ်ဖို့ရှိပါတယ်။

ပုဂ္ဂလိက ဖွင့်လှစ်ခွင့်ပြုထားသော ကိုယ်ပိုင်အထက်တန်းကျောင်း (၉၈)ကျောင်း၊ အလယ်တန်းကျောင်း (၁၃)ကျောင်း၊ မူလတန်းကျောင်း (၁၆)ကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း(၈၈)ကျောင်း ရှမ်းပြည်နယ်မှာ ရှိပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်က ရှမ်းပြည်နယ်တွင် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၇၂၉၆၅)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၂၄၄၅၇၀)ဦး၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၅၃၄၅၃၁)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၈၅၂၀၆၆)ဦး ရှိပါတယ်။

အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၏ (၂.၆.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ (၂၃-က)/ ၁၄၈/ ၁၁၁၈၇/ လုပ်ငန်းအစီအစဉ် (၂၀၂၀)ဖြင့် COVID-19 ကူးစက်မြန်ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် အခြေခံပညာကျောင်းများကို နှစ်စဉ်ပုံမှန်ဖွင့်လှစ်သော ဇွန်လတွင် ဖွင့်လှစ် နိုင်ခြင်းမရှိသည့်အတွက် အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး လုပ်ငန်းအစီအစဉ်အရ ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းအစီအစဉ် များအနေနဲ့ ၅.၆.၂၀၂၀ မှ ၁၉.၆.၂၀၂၀ ရက်နေ့အထိ အထက်တန်းပြများ တက္ကသိုလ်ဝင်တန်း အဖြေလွှာများ စစ်ဆေးခြင်း၊ ၅.၆.၂၀၂၀ မှ ၉.၆.၂၀၂၀ ရက်နေ့အထိ စတုတ္ထတန်း၊ အဋ္ဌမတန်း အဖြေလွှာများ စစ်ဆေးခြင်း၊ ၁၃.၆.၂၀၂၀ရက်နေ့တွင် အခြေခံပညာကျောင်းများ ကျောင်းတွင်း စစ်စာမေးပွဲ အောင်စာရင်းနှင့် စတုတ္ထတန်း၊ အဋ္ဌမတန်းအောင်စာရင်းများ ထုတ်ပြန်ခြင်း၊ အထက်တန်းအဆင့် ပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်မည့်စာရင်း ထုတ်ပြန်ခြင်း၊ ၁၅.၆.၂၀၂၀ မှ ၂၁.၆.၂၀၂၀ ရက်နေ့အထိ Grade-4 သင်ရိုးသစ် Face to Face သင်တန်း

ဆောင်ရွက်ခြင်း၊ ၂၂.၆.၂၀၂၀ မှ ၂၈.၆.၂၀၂၀ ရက်နေ့အထိ Grade-7 သင်ရိုးသစ် Face to Face သင်တန်းဆောင်ရွက်ခြင်း၊ ၂၉.၆.၂၀၂၀ မှ ၈.၇.၂၀၂၀ ရက်နေ့အထိ Grade-10 သင်ရိုးသစ် Face to Face သင်တန်းဆောင်ရွက်ခြင်း၊ ၄.၇.၂၀၂၀ မှ ၆.၇.၂၀၂၀ ရက်နေ့အထိ Grade-10 (နဝမတန်း) ကျောင်းတွင်းစစ် ပြင်ပဖြေစာမေးပွဲနှင့် Placement Test စစ်ဆေးပြီး ၁၁.၇.၂၀၂၀ ရက်နေ့တွင် အောင်စာရင်းထုတ်ပြန်ခြင်း၊ ၁၃.၇.၂၀၂၀ မှ ၁၇.၇.၂၀၂၀ ရက်နေ့အထိ အထက်တန်းအဆင့် ကျောင်းအပ်နှံရေးသီတင်းပတ် သတ်မှတ်၍ ၂၁.၇.၂၀၂၀ ရက်နေ့တွင် ဖွင့်လှစ်ခြင်းဆောင်ရွက်မည် ဖြစ်ပါတယ်။

စာသင်ခန်းနှင့် ကျောင်းသားဦးရေ (၁:၂၀)ရှိသော ကျောင်းများအား ပုံမှန်တက်ရန်၊ (၁:၂၁ မှ ၁:၄၀ ထိ)ရှိသော ကျောင်းများအား တစ်ပတ်ခြားတက်ရန်၊ (၁:၄၁ မှ ၁:၈၀ ထိ) ရှိသော ကျောင်းများအား နှစ်သုတ်ခွဲ၍ တစ်ပတ်ခြားတက်ရန်၊ (၁:၈၁ မှ ၁:၁၆၀ ထိ)ရှိသော ကျောင်းများအား နှစ်သုတ်ခွဲ၍ တစ်ပတ်ခြား (၃)ရက်တက်ရန် ပညာရေးဝန်ကြီးဌာနမှ စီစဉ်ထားရှိပါတယ်။

ကျောင်းသားတစ်ဦးချင်း ကိုယ်အပူချိန်တိုင်းခြင်း၊ နှာခေါင်းစီးတပ်ဆင်ခြင်း၊ (၆)ပေခြားထိုင်၍စာသင်ခြင်းများ စီစဉ်ထားရှိပါတယ်။ လိုအပ်သည့် စာသင်ခုံနှင့် ပရိဘောဂများကိုလည်း ကျောင်းသားမိဘများနှင့်ညှိနှိုင်း၍ စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခြေခံပညာအထက်တန်းအဆင့်များဖွင့်လှစ်သည့် ၂၁.၇.၂၀၂၀ ရက်နေ့ နောက်ပိုင်း COVID-19 ရောဂါပြန့်ပွားကူးစက်မှုအခြေအနေအရ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်တို့ကို တစ်ဆင့်စီဖွင့်လှစ်နိုင်ရေးအတွက် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၏ ညွှန်ကြားချက်အတိုင်း စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ရှမ်းပြည်နယ်၏ စီးပွားရေးရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း (SSIPP) (၂၀၂၀-၂၀၃၀)ကို (၁၈-၃-၂၀၂၀)ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ပြီး (၂၀၂၀-၂၀၂၂) နှစ်စဉ်စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားရေးဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော

စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီမှ ချေးငွေထုတ်ချေးခြင်း၊ စီးပွားရေးကို ပြန်လည်လှုံ့ဆော်ရေးအစီအစဉ်များရေးဆွဲခြင်းစသည့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

နယ်စပ်ကုန်သွယ်ရေးနဲ့ပတ်သက်ပြီးတော့ ပုံမှန်လည်ပတ်လျက်ရှိပါတယ်။ နယ်စပ်ကုန်သွယ်ရေးက တစ်နေ့ကို အမေရိကန်ဒေါ်လာ ၆ သန်းကနေပြီးတော့ ၁၂ သန်း၊ ခါတိုင်းနှစ်ထက်ကို ခပ်ပိုပို ခပ်စောင်းစောင်းရှိပါတယ်။ အဲတော့ နယ်စပ်ကုန်သွယ်ရေး ကျမသွားအောင် ပြည်ထောင်စုကလည်း ဒါကို တစ်ဘက် တရုတ်အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ခရီးသွားလုပ်ငန်းကတော့ တစ်ကမ္ဘာလုံးက Zero Setting ကနေ ပြန်စတင်ရမှာဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းမှာတော့ လေကြောင်းလမ်းတွေလည်း ပြန်မဖွင့်နိုင်သေးတဲ့အတွက် ခရီးသွားလုပ်ငန်းကိုတော့ ကျွန်တော်တို့ ထိခိုက်မှုလုပ်ငန်းတွေထဲမှာ အထိခိုက်ဆုံးလုပ်ငန်းလို့လည်း ပြောလို့ရပါတယ်။ သို့သော်လည်းပဲ ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ဖို့ဆိုရင် နိုင်ငံတကာ လေကြောင်းလိုင်းတွေ ပြန်လည်ဖွင့်ပေးပြီးတဲ့နောက်ပိုင်းမှာ ပုံစံအသစ်နဲ့ ခရီးသွားလုပ်ငန်းအသစ်ပြန်လည်ပြီးတော့ အစပျိုးရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ (Local) ပြည်တွင်းခရီးသွားလုပ်ငန်းကိုတော့ ဖွင့်ချင်တဲ့သူတွေကို ကျွန်တော်တို့ ပြည်ထောင်စုကညွှန်ကြားတဲ့ ကာ/ထိန်း/ ကု လို့ခေါ်တဲ့၊ COVID- 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီက ညွှန်ကြားချက်အတိုင်း ခရီးသွားလုပ်ငန်းဖွင့်ချင်တဲ့ ဟိုတယ်တွေကို စိစစ်ပြီးတော့ ကျွန်တော်တို့ ယာယီဖွင့်ပေးလျက်ရှိပါတယ်။ အဲတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အနေနဲ့ဆိုရင် COVID အလွန်မှာဆိုရင်တော့ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ တစ်ဘက်အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ လာအို၊ တရုတ်တို့ကနေ COVID ကင်းစင်ကာလ ကြေညာနိုင်ရင် ကျွန်တော်တို့ဘက်ကလည်း ကြေညာနိုင်ခဲ့မယ်ဆိုရင်တော့ Visa of Arrival ခေါ်တာပေါ့။ (VOA) ကိုထုတ်ပြီးတော့ ကျွန်တော်တို့ ပြည်တွင်း ရှမ်းပြည်နယ် ခရီးသွားလုပ်ငန်းကို မြှင့်တင်သွားဖို့ စီမံကိန်းတွေ ရေးဆွဲလျက်ရှိပါတယ်။ ဥပမာ- ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံဆိုရင် လျှပ်စစ်မီးလည်းရပြီ။ ဒေသမှာရှိတဲ့ ဝမ်ဆိုင်းကျေးရွာတို့၊ ပန်ဝိုင်ကျေးရွာတို့၊ ဖားယန်နွဲ့တို့ အဲ့ဒီကျေးရွာတွေမှာ CBT Project တို့၊ CBT ကျေးရွာတွေ၊ Community Based Tourism လို့ခေါ်တဲ့ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းတွေ၊ နောက် Eco-tourism တွေပေါ့နော်။ အဲ့ဒါတွေကို မြှင့်တင်ပြီးတော့ ရှမ်း(ရှေ့)ရဲ့ ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်သွားဖို့ ရှိပါတယ်။ နောက်ထပ်လည်း ခရီးစဉ်အသစ်တွေကိုလည်း ယာယီ

ဖော်ထုတ်လျက်ရှိပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ COVID လုံးဝကင်းစင်သွားပြီဆိုတဲ့ အခြေအနေပေါ်မှာမှ ကျွန်တော်တို့ Normal New Life Tourism ပုံစံနဲ့ ချီတက်သွားရမှာ ဖြစ်ပါတယ်။

နောက်ချေးငွေနဲ့ စုငွေတို့နဲ့ ပတ်သက်ပြီးတော့လည်း ပြည်ထောင်စုကနေ ဖြေလျော့ထားတာ ရှိပါတယ်။ COVID-19 ရောဂါအလွန်တွင် ပြည်တွင်းစီးပွားရေးကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေစုဘဏ် အတိုးနှုန်းများလျော့ချခြင်း၊ ချေးငွေအတိုးနှုန်းများ လျော့ချခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ငွေစုအတိုးနှုန်းကလည်း ယခင်ဆိုရင် ၂၀၂၀ ဧပြီလတွင် ၆.၅% သို့လည်းကောင်း၊ ၂၀၂၀ မေလတွင် ၅% သို့လည်းကောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စုငွေလျော့ချဆောင်ရွက်စေခဲ့ပါတယ်။ ယင်းကဲ့သို့ စုငွေလျော့ချခြင်းအားဖြင့် အပ်နှံငွေတွေဟာ တချို့က ပြင်ပကို ပြန်လည်ထုတ်ပြီးတော့ စီးပွားရေးလုပ်ရမှာ ဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။

နောက်အတိုးနှုန်းအနေနဲ့ ကာလသတ်မှတ်ချက်ချေးငွေ(Term Loan) အတိုးနှုန်းများကိုလည်း ယခင် ၁၂.၅% မှ ၂၀၂၀ ဧပြီလတွင် ၁၁% သို့ လျော့ချပေးနိုင်ခဲ့ပါတယ်။ ၂၀၂၀ မေလတွင် ၉.၅% သို့ လျော့ချပေးပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ လျော့ချပေးခဲ့ပါတယ်။ ဒီလို လျော့ချခြင်းအားဖြင့်လည်း စီးပွားရေးလုပ်ငန်းရှင်များ ဘဏ်အတိုးနှုန်းများသက်သာပြီး အလုပ်အကိုင်အခွင့်အလမ်းများကို အရှိန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပါတယ်။ ဒါ့အပြင် မြန်မာ့စီးပွားရေးဘဏ်မှ ပုံမှန်ထုတ်ချေးနေကျ ချေးငွေများအပြင် COVID-19 Fund ဆိုပြီးတော့ COVID-19 ကြောင့် လတ်တလော စီးပွားရေးလုပ်ငန်းများကိုအများဆုံးထိခိုက်စေသော လုပ်ငန်းရှင်များသို့ အလွန်သက်သာသောအတိုးနှုန်း (တစ်နှစ်လျှင် ၁ %) နဲ့ပဲ ထုတ်ချေးပါတယ်။ အဲ့လိုထုတ်ချေးတဲ့ လုပ်ငန်းတွေကလည်း COVID- 19 ကြောင့် လတ်တလော ထိခိုက်သွားတဲ့ လုပ်ငန်းတွေ၊ ဥပမာ- CMP လိုလုပ်ငန်းမျိုးတွေ၊ ဟိုတယ်ခရီး၊ အသေးစားလုပ်ငန်းတွေ အဲဒီလုပ်ငန်းတွေကို ထုတ်ချေးလျက်ရှိပါတယ်။

နောက် စိုက်ပျိုးစရိတ်ချေးငွေနဲ့ပတ်သက်ပြီးတော့လည်း တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေတွေလည်း ပုံမှန်အတိုင်းချေးပေးခဲ့ပါတယ်။ သို့သော်လည်းပဲ ထူးခြားချက်ကတော့ မိုး၊ ဆောင်း၊ မိုးကြိုနှင့် JICA Two Step Loan ချေးငွေများကို ယခင်ကတစ်နှစ်လျှင် ၈% နှုန်း အတိုးဖြင့်ထုတ်ချေးပါတယ်။ ယခု COVID- 19 ရောဂါဖြစ်နေတဲ့ ကာလအတွင်း

မှာတော့ အတိုးနှုန်းများကို တစ်နှစ်လျှင် ၅% နှုန်းအတိုးဖြင့်ပေးဆပ်ရန် ဖြေလျော့ထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော်က ဖြေလျော့ထားတာရှိပါတယ်။ အခုနောက်ထပ် ပြည်ထောင်စုအဆင့် ကနေ ဆွဲနေတဲ့ COVID Economic Relief Plan လို့ခေါ်တဲ့ ဒီ COVID သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ထိရောက်မှုတွေကို ကုစားရန်အတွက် စီမံချက်တွေ ရေးဆွဲနေပြီဖြစ်ပါတယ်။

အဲ့တော့ ရှမ်းပြည်နယ်အနေနဲ့ စီးပွားရေးအားလုံးကို ခြုံငုံသုံးသပ်လိုက်ရင် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပထမ(၆)လပတ်မှာ သက်ရောက်မှု မရှိခဲ့သော်လည်း ဒုတိယ ၆ လပတ်ကစပြီးတော့ ဧပြီလအတွင်း စီးပွားရေးယန္တရားအားလုံးနီးပါး ရပ်လုနီးပါးရှိခဲ့ပါတယ်။ COVID- 19 ကပ်ရောဂါ ဧပြီလကုန်တွင် လျော့နည်းလာခဲ့သော်လည်း၊ ထပ်မံဝင်ရောက်လာမဲ့ ပြည်တော်ပြန်များကြောင့် ဒုတိယလှိုင်းအတွက်လည်း ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ကြိုတင်ပြင်ဆင်ထားဖို့လည်း လိုအပ်ပါတယ်။ အဲ့လို ဒုတိယလှိုင်းအတွက် ကြိုတင်ပြင်ဆင်ပြီး စီးပွားရေးလုပ်ငန်းများအနေဖြင့် နလံထူနိုင်အောင် အတော်ကြိုးစားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှလည်း ထိခိုက်လွယ်သည့် ဦးတည်အုပ်စုများသို့ ဖြေလျော့ပေးခြင်း၊ အခွန်သက်သာခွင့်ပေးခြင်း၊ အတိုးနှုန်းသက်သာသည့် ချေးငွေများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းဖြင့် ထိရောက်စွာ ကုစားလျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ဒီ COVID လွန်ကာလနဲ့ပတ်သက်ပြီး ကျန်ရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မဲ့ဟာကို ဆက်လက်တင်ပြခွင့်ပြုပါ။

စိုက်ပျိုးရေးကဏ္ဍအနေနဲ့ တင်ပြရမယ်ဆိုရင် ဒီ COVID- 19 အလွန်ကာလများတွင် ရှမ်းပြည်နယ်အတွင်း လုပ်ကိုင်ဆောင်ရွက်နေသော စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန် မပြတ်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အလိုက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြ ကျေးရွာများဖော်ဆောင်ကာ စိုက်ပျိုးပြသမှာဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေးနှင့် အရည်အသွေးမြင့်မားသော စိုက်ပျိုးရေးထွက်ကုန်များ ရရှိစေရေးအတွက် လည်း မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်းစတဲ့ အစီအမံများကို ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ သီးနှံအလိုက် တောင်သူအစုအဖွဲ့များ စုဖွဲ့ဆောင်ရွက်စေမှာ ဖြစ်ပါတယ်။ လယ်ယာကုန်ထုတ် သမဝါယမ

အသင်းများဖွဲ့စည်းပြီး စိုက်ပျိုးထုတ်လုပ်စေခြင်း၊ မျိုးစေ့၊ ပျိုးပင်၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအစရှိသည့် လယ်ယာလုပ်ငန်းသွင်းအားစုများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်ဝစေရေးအတွက် ပုံမှန်စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ အလွယ်တကူနှင့် အချိန်မီရရှိစေရေးအပြင် သီးနှံပေါ်ပေးစနစ်ဖြင့် ရယူသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာ ကုမ္ပဏီ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ တောင်သူများ ခိုင်မာသော စျေးကွက်ရရှိစေရေးနှင့် အာမခံစျေးနှုန်းရရှိစေရေးတို့အတွက် Contract Farming စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်းစသည့်လုပ်ငန်းကဏ္ဍအလိုက် စီမံဆောင်ရွက်လျက်ရှိပါတယ်။

တောင်သူများစိုက်ပျိုးသော သီးနှံများဟာလည်း အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးကောင်းရရှိရေးနှင့် စျေးကွက်ရရှိရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP လိုက်နာ ကျင့်သုံးလာစေရန်နဲ့ GAP နှင့်ဆိုင်သော သွင်းအားစုများ ပိုမိုပံ့ပိုးပေးခြင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ GAP အသိအမှတ်ပြုလက်မှတ်များကို တောင်သူများကိုယ်တိုင် Online စနစ်ဖြင့် လျှောက်ထားခြင်းစသည့် ရာသီအမီရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

Covid- 19 လွန်ကာလတွင် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများကိုလည်း တစ်မြို့နယ်တစ်ရွာဖြင့် မြို့နယ်(၅၀)၊ တောင်သူပေါင်း(၄၁၂၈)ဦး၊ ဧကပေါင်း(၁၁၁၂၈)ဧက အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် ရှမ်းပြည်နယ်အတွင်း ကော်ဖီ၊ အာလူး၊ ဟင်းသီးဟင်းရွက်၊ ကြံ၊ လက်ဖက်၊ ပိုးစာ၊ အစေ့ထုတ်ပြောင်း စသည့် သီးနှံများအား Contract Farming စနစ်ဖြင့် တောင်သူနှင့် ကုမ္ပဏီ၊ လုပ်ငန်းရှင်များမှ အကျိုးတူ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြပါတယ်။ အခြားသော သီးနှံများကိုလည်း ကန်ထရိုက်လယ်ယာစနစ်ကို COVID-19 လွန်ကာလတွင် စည်းရုံးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအလိုက် မျိုးစေ့ထုတ်အသင်း (Seed Grower Association-SGA)၊ မျိုးစေ့ထုတ်သမဝါယမအသင်း၊ သီးနှံအလိုက်တောင်သူအစုအဖွဲ့များ ဖွဲ့စည်းစေပြီး တောင်သူများ စိုက်ပျိုးထားသည့်သီးနှံများ စျေးကွက်ချိတ်ဆက်ရောင်းချနိုင်ရေး တောင်သူများအစုအဖွဲ့တွင် ပိုမိုပူးပေါင်းပါဝင်လာစေရေး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

စိုက်ပျိုးထုတ်လုပ်မှုတွင် လိုအပ်သော သွင်းအားစုများ အလွယ်တကူဝယ်ယူရရှိနိုင်ရေး သွင်းအားစုဝယ်ယူရရှိနိုင်သည့် အရောင်းဆိုင်များစာရင်းများကိုလည်း ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ Social Media များတွင် တောင်သူများသိရှိနိုင်ရန် စာရင်းပြုစုထုတ်ပြန်ပေးထားပြီးဖြစ်ပါတယ်။

စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို တောင်သူများ အချိန်နှင့်တစ်ပြေးညီသိရှိစေရေး အတွက် COVID-19 ကာလနှင့် အလွန်ကာလများတွင် မိမိဒေသအခြေအနေနှင့် သင့်လျော်သည့်ပညာပေးနည်းလမ်းများဖြစ်သည့် တောင်သူတစ်ဦးချင်းကိုဖြစ်စေ၊ အစုအဖွဲ့ကိုဖြစ်စေ သွားရောက်ဆွေးနွေးပညာပေးခြင်း၊ ဗီဒီနိုင်းပိုစတာများ စိုက်ထူပညာပေးခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်း၊ Call Center များဖွင့်လှစ်၍ တောင်သူများ သိလိုသည်များ ဖြေကြားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ Social Media များဖြင့်လည်း ပညာပေးဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းပြီး စျေးကွက်ဝင်သည့် သီးနှံများအား တောင်သူအချင်းချင်း ဆွေးနွေးလေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းများအပြင် စိုက်ပျိုးရေး နည်းပညာများကိုလည်း အလွယ်တကူ၊ အချိန်မရွေးသိရှိနိုင်စေရေး ရှမ်းပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနရှိ လူငယ်ပညာရှင်များ(YSI)မှ စိုက်ပျိုးရေးဆိုင်ရာ Mobile Application များ အသုံးပြုနည်းပညာရပ်များကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

COVID- 19 လွန်ကာလများတွင် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ဒေသခံတိုင်းရင်းသား တောင်သူများ၏ ကိုယ်ပိုင်အတွေ့အကြုံများနှင့် ညှိနှိုင်းပေါင်းစပ်၍ လယ်ယာကုန်ထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မွေးမြူရေးကဏ္ဍအနေနဲ့ တင်ပြရမယ်ဆိုရင် COVID -19 ရောဂါအလွန်တွင် ပြည်သူလူထုအတွက် အောက်ပါလုပ်ငန်းများကို စီမံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်-

(၁) COVID- 19 ရောဂါဖြစ်ပွားချိန်တွင် မြစိမ်းရောင် (အသားကဏ္ဍ/ ပျားကဏ္ဍ) မွေးမြူရေးကျေးရွာ ထူထောင်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အတိုးနှုန်းငွေကို တစ်ရာကျပ်အတွက် တစ်လလျှင် ပြားငါးဆယ်နှုန်းဖြင့် ၂၀၂၀ပြည့်နှစ်၊ ဧပြီလမှ စတင်၍ (၁)နှစ်တိတိ လျော့ချကောက်ခံသွားမှာ ဖြစ်ပါတယ်။

(၂) “COVID- 19 ရောဂါဖြစ်ပွားမှုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှု စစ်တမ်း” များကိုလည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ချုပ်ရုံး၏ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်ရှိ (၅)မြို့နယ်အပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့နယ်ပေါင်း(၂၄)မြို့နယ်ရှိ အငယ်စား၊ အလတ်စား စီးပွား ဖြစ်ခြံများအား တစ်ခြံချင်းစီမေးမြန်း၍ စစ်တမ်းကောက်ယူခြင်းကို (၂၉-၄-၂၀၂၀)ရက်မှ (၁၂-၅-၂၀၂၀)ရက်အထိ (၂)ပတ်တာကာလအတွင်း အပြီး ဆောင်ရွက်သွားပြီး ဖြစ်ပါတယ်။ စစ်တမ်းကောက်ယူရရှိမှု ရလဒ်အပေါ် မူတည်၍ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း သတ်မှတ်ပေးသွားမှာ ဖြစ်ပါတယ်။

(၃) COVID- 19 ရောဂါဖြစ်ပွားချိန်တွင် ခေတ္တရပ်ဆိုင်းခဲ့သည့် ပညာပေးသင်တန်း များ၊ ဟောပြောပွဲများကို ယခင်ကထက် (၂)ဆတိုးမြှင့်ပြီးတော့လည်း လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

(၄) မေထုန်မဲ့သားစပ်လုပ်ငန်းအတွက် လိုအပ်သောပစ္စည်းကိရိယာများ ဖြည့်ဆည်း ပေးခြင်း၊ မေထုန်မဲ့သားစပ်သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းများကိုလည်း ယခင် လျာထားချက်ထက် (၂)ဆတိုးမြှင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(၅) အသားကဏ္ဍထုတ်လုပ်မှု (GDP) မထိခိုက်စေရန်အတွက် မျိုးကောင်းမျိုးသန့် ဒေသန္တရကို တစ်မြို့နယ်လျှင် ဒေသန္တရမ- ၂၀ ကောင်နှင့် ဒေသန္တရထီး ၁ ကောင်စီဖြင့် မြို့နယ်(၁၀)မြို့နယ်အတွက် (၂၁၀)ကောင်ကို မွေးမြူရေးဘဏ် စနစ်ဖြင့်လည်းကောင်း၊ တစ်မြို့နယ်လျှင် ကောင်ရေ ၄၀၀ စီနှင့် (၈)မြို့နယ် အတွက် ဒေသကြက်(၃၂၀၀)ကောင်ကို မူးယစ်အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်း အတွက် အခမဲ့ထောက်ပံ့ခြင်းစနစ်ဖြင့်လည်းကောင်း၊ ၂၀၂၀ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လများအတွင်း မွေးမြူသူတောင်သူများလက်ဝယ်သို့အရောက် ဖြည့်တင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

(၆) တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးများ ထိုးနှံမှုအား (၃)လပတ်အလိုက် လျာထားချက်အပေါ် (၂)ဆ တိုးမြှင့်ဆောင်ရွက်သွားဖြစ်မှာ ဖြစ်ပါတယ်။

(၇) တိရစ္ဆာန်ကျန်းမာရေးလုပ်သားများကိုလည်း အရေအတွက်အားဖြင့် (၂)ဆတိုး၍ သင်တန်းဖွင့်လှစ်ပို့ချနိုင်ရေး လေ့ကျင့်ပျိုးထောင်ပေးသွားမှာ ဖြစ်ပါတယ်။

(၈) တိရစ္ဆာန်ရောဂါ ရှာဖွေရေးဓာတ်ခွဲခန်းများတွင်လည်း ရောဂါရှာဖွေမှုလုပ်ငန်းများ ပုံမှန်ထက် (၂)ဆတိုးမြှင့်ကွင်းဆင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(၉) အာဖရိကဝက် အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ပိုးသတ်ဆေးဖျန်းခြင်း၊ သွေးနမူနာပစ္စည်းများ ရယူစစ်ဆေးခြင်း၊ ကွင်းဆင်း ပညာပေးဟောပြောပွဲများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(၁၀) ကျွဲ၊ နွားများ အာဟာရပြည့်ဝသော အစာရရှိရေးအတွက် မျိုးကောင်းမျိုးသန့် မြက်မျိုးများ ဖြန့်ဖြူးပေးခြင်း၊ တိရစ္ဆာန်အာဟာရဇေဒသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းတို့ကို ကျေးရွာအရောက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအနေနဲ့ တင်ပြရမယ်ဆိုရင် ရှမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် COVID- 19 ကူးစက်ရောဂါကြောင့် လူမှုစီးပွားထိခိုက်ဖြစ်ပေါ်လျက်ရှိသည့် လုပ်ကွက်ငယ်တောင်သူများနှင့် ထုတ်လုပ် ရောင်းချသူများအနေဖြင့် သွင်းအားစုနှင့် အရင်းနှီးများကို မြစိမ်းရောင်ကဲ့သို့သော အရင်းမပျောက်ရန်ပုံငွေမတည်မည့် စီမံကိန်းကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ယင်းစီမံကိန်းသည် အိမ်ခြေ (၅၀) အောက်ကို ကျပ်သိန်း (၁၀၀)၊ အိမ်ခြေ (၅၁-၁၀၀)ကြားကို ကျပ်သိန်း(၂၀၀)၊ အိမ်ခြေ(၁၀၁)နှင့် အထက်ကျပ်သိန်း(၃၀၀) မတည်ပေးသွားမှာဖြစ်တဲ့ စီမံကိန်းဆောင်ရွက်မှုကို (၁၀)နှစ်ပြည့်တဲ့အထိ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အတိုးနှုန်းကို စီမံကိန်းပထမနှစ်တွင် ငွေ ၁၀၀ ကျပ်အတွက် (၁)လလျှင် (၅၀)ပြားနှုန်း သတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် COVID- 19 ရောဂါကူးစက်မှုကာလအတွင်း အချို့ဒေသများ၌ Lock Down ပြုလုပ်ခြင်း၊ အသွားအလာ ထိန်းချုပ်ကန့်သတ်ခြင်း၊ လူစုလူဝေး တားမြစ်ခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေရရှိရေး လုပ်ငန်းများတွင် ထိခိုက်မှုဖြစ်ပေါ်လျက်

ရှိပါတယ်။ ကိုရိုနာဗိုင်းရပ်ကူးစက်ရောဂါ အကျိုးဆက်သက်ရောက်ခြင်းခံရသော ရှမ်းပြည်နယ်ရှိ ကျေးလက်ဒေသများ၌ ပြည်သူများအား ချက်ချင်းဝင်ငွေရရှိနိုင်ရန်အတွက် Cash for Work လို့ခေါ်တဲ့ စီမံကိန်းကိုလည်း မြို့နယ်(၅၁)မြို့နယ်မှာရှိတဲ့ ကျေးရွာပေါင်း (၂၅၀)ရွာကို အကောင်ထည်ဖော်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်ရှိ ပြည်သူများအား ၄င်းတို့ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၄င်းတို့ကိုယ်တိုင် ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိလာနိုင်ပြီး ကျေးရွာအခြေခံအဆောက်အအုံများလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် COVID-19 ရောဂါအလွန်တွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်(၄၂)မြို့နယ်မှ ကျေးရွာပေါင်း(၂၅၀)တို့ အား မြစိမ်းရောင်ကဲ့သို့သော ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း Village revolving Fund Project ကို ဆောင်ရွက်ပေးမှာ ဖြစ်တယ်။ ပြီးရင် မြို့နယ် (၅၁)မြို့နယ်မှာရှိတဲ့ ကျေးရွာ ပေါင်း(၂၅၀) ကိုလည်း Cash for Work လို့ခေါ်တဲ့ စီမံကိန်း(၂)ခုအား စီမံဆောင်ရွက် ပေးသွားမှာ ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ရှင်းလင်းစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ " ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ ဖြစ်စေရေးတို့ကို စီမံချက်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အခု အစီအစဉ်(၆) ဖြစ်ပါတယ်။ ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်စေရေးတို့ကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးဖို့

အမည်စာရင်း ပေးပို့ထားပါတယ်။ ပထမဦးစွာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဟာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းတင်သွင်းတဲ့ **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်စေရေးတို့ကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာ အခဲ့ဒီအကြောင်းအရာနဲ့ဆက်စပ်ပြီးတော့ ကျွန်တော့် မိုင်းပျဉ်းမြို့နယ်ရဲ့အနေအထား၊ ပကတိ ခံစားနေရတာတွေကိုလည်း အနည်းအကျဉ်း တင်ပြခွင့်ပြုပါ။ ကျွန်တော်တို့ မိုင်းပျဉ်းမြို့ဟာဆိုရင် သံလွင်မြစ်ရဲ့ အနောက်ဘက်ကမ်းမှာတည်ရှိပြီး စတုရန်းအားဖြင့် အကျယ်အားဖြင့် ၂၃၃၀ စတုရန်းမိုင်ရှိပါတယ်။ အစဉ်အလာအရ တစ်ချိန်တစ်ခါတုန်းက ကျွန်တော်တို့ မိုင်းပျဉ်းမြို့နယ်ဟာဆိုရင် တောတောင်ရေမြေအရ တောင်ကုန်း၊ တောင်တန်း၊ တောင်စွယ်များဖြင့် ပြည့်နှက်နေပြီး၊ အဲဒီ တောင်စဉ်၊ တောင်တန်းတွေဆိုရင် စိမ်းလန်းစိုပြည်တဲ့ တောတန်းလေးတွေ ဖြစ်နေပါတယ်။ ဒါပေမဲ့လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုအခါမှာ အဲဒီ တောင်စဉ်၊ တောင်တန်း၊ သစ်ပင်တွေဆိုတာ မရှိသလောက်ဖြစ်သွားပါပြီ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့် မိုင်းပျဉ်းမြို့နယ်ကို ပြန်ကြည့်မယ်ဆိုရင် လယ်မြေဆိုတာ ဧက(၅၀၀၀)ပဲ ရှိပါတယ်။ မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားပေါင်းစုံက (၆)သောင်းကျော် ရှိပါတယ်။ အဲ့ဒီ (၆)သောင်းကျော်မှာ မြို့နေလူဦးရေက (၁)သောင်းသာသာပဲရှိပါတယ်။ ကျန်တဲ့ တိုင်းရင်းသားတွေအကုန်လုံး တောင်ပေါ်ဒေသမှာပဲ နေထိုင်ကြတဲ့အတွက် မိမိရဲ့ စားဝတ်နေရေး၊ နေ့စဉ်အမျှ ကိုယ့်ရဲ့ဘဝဆက်ပြီး ထာဝစဉ်ရှင်သန်နိုင်ဖို့ အတွက်ဆိုတာ ဒီပတ်ဝန်းကျင်မှာရှိတဲ့ တောတောင်ရေမြေကိုပဲ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်လာခဲ့ကြတာ နှစ်ပေါင်းမြောက်များစွာ ကြာခဲ့ပါပြီ။ သူတို့စနစ်က

ဘာလဲဆိုတာ အနည်းငယ်တင်ပြခွင့်ပြုပါ။ တောင်ယာကို ပထမဦးစွာ ခုတ်လိုက်တယ် ဒီနှစ် အတွက်။ ခုတ်ပြီး သူတို့ဝမ်းစာအတွက် တတ်နိုင်သလောက် အကျယ်။ တချို့ကလည်း အကျယ်ကြီး။ တချို့ကလည်း သူတို့မိသားစုအတိုင်းအတာအရ။ နောက်နှစ်အတွက်ဆိုရင် လည်းထပ်ပြီးတော့ တစ်ကွက်ဆိုပြီးတော့ ကြုံတင်မီးရှို့ပစ်လိုက်တယ်။ ဒီနှစ်မှာ စိုက်ပျိုးပြီးတဲ့ ဟာကို နောက်နှစ်ကျတော့ မြေဆီလွှာက ခမ်းသွားတယ်။ နောက်တစ်နေရာကို ရွှေ့စိုက်တယ်။ ထိုနည်းတူစွာပဲ နောက်နှစ်အတွက် ထပ်စိုက်ဖို့အတွက် သစ်ပင်တွေကို မီးရှို့တယ်။ မိသားစုတစ်ခုဆိုလို့ရှိရင် တောင်ယာဟာ (၃)ကွက် တစ်နှစ်ပြီးတစ်နှစ် ရွှေ့ပြောင်းတောင်ယာ စနစ်နဲ့ပဲ။ အဲ့လိုလုပ်ခဲ့ဖန်များလာတော့ ကျွန်တော်တို့မိုင်းပျဉ်းမှာနေတဲ့ တောင်သူလယ်သမား များဟာ သောင်းဂဏန်းဆိုလို့ရှိရင် ခန့်မှန်းလို့ရပါတယ်။ ဒါကြောင့် မိုင်းပျဉ်းမြို့နယ်မှာ ကျွန်တော်တင်ပြဆွေးနွေးသလို တောတောင်ရေမြေ စိမ်းလန်းပေမဲ့လည်း ဒီအကြောင်းများ ကြောင့် နှစ်ကာလကြာရှည် သစ်ပင်တွေ ပြုန်းတီးပြီးတော့ လက်ရှိဘဝ တောခေါင်ခေါင်၊ ဝမ်းပြောင်ပြောင်ဘဝများ ရောက်ရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါမကပါဘူး။ ကျွန်တော်ဆိုရင်လည်းပဲ အရင်တုန်းက သူ့ခေတ် သူ့ခါမို့လားမသိဘူး။ တရားမဝင်သစ်ခုတ်ထုတ်လုပ်မှုကြောင့်လည်း ကျွန်တော့် မိုင်းပျဉ်း မြို့နယ်ဟာ အင်မတန်မှ ပထမက ခိုးထုတ်လုပ်ကြတာ သစ်မာ၊ နောက်ကျတော့လည်း ထင်းရှူးပင် အကုန်လုံးကို ဖြစ်ကုန်ပါပြီ။ ဒါတွေကြောင့်လည်း တောပြုန်းမှုဒဏ်ကို အများကြီး ခံခဲ့ရပါတယ်။ နောက်တစ်ခု ဘာဖြစ်လဲဆိုတော့ ကျွန်တော်တို့ တောင်သူလယ်သမားဆိုတာ လည်း စားဝတ်နေရေးအတွက် လိုအပ်တဲ့လောင်စာ ထင်းကိုလည်း နှစ်စဉ်နဲ့အမျှ ခုတ်လှဲပြီး တော့ လောင်စာအဖြစ်သုံးကြတဲ့အတွက်လည်း သစ်ပင်သစ်တောတွေ ပြုန်းတီးမှုဟာလည်း အပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့်မလို့လည်း အကယ်၍များ သံလွင်ကနေကျော်ပြီး မိုင်းပျဉ်း မြို့ထဲဝင်တော့မယ်ဆိုရင် တုံတာမြို့အထိ မိုင်ပေါင်း (၈၀)၊ ကားလမ်းနဲ့သွားမယ်ဆိုရင် ကား လမ်းပတ်ဝန်းကျင်မှာရှိတဲ့ တောတောင်တွေဟာအကုန်လုံး သစ်ပင်တွေဆိုတာ မရှိသလောက် ဖြစ်နေတာကို လေ့လာတွေ့ရှိမှာပါ။ ထိုနည်းတူပါပဲ။ မက်မန်းမြို့နယ်ကနေ သွားတဲ့လမ်း ကနေပြီးတော့ မိုင်းဆတ်နယ်စပ်အထိ မိုင်ပေါင်း (၇၀)ကို ကားဖြင့်သွားမယ်ဆိုရင် အကုန်လုံး သစ်ပင်ဆိုတာ မရှိသလောက်ပါပဲ။ တောပြောင်ပြောင်ကြီးဖြစ်တဲ့ဘဝ ရောက်ရှိနေတာ ဖြစ်ပါ တယ်။ ဒါကြောင့်လည်း ဒီအတွေ့အကြုံအမျိုးမျိုးကြောင့် ကျွန်တော်တို့ ရှမ်းပြည်နယ်မှာလည်း

ထိုနည်းတူပဲ ရှိကြအုံးမှာပဲလို့ ယုံကြည်မိပါတယ်။ ဥပမာ မိုင်းပျဉ်းမြို့နယ်သာ မဟုတ်ဘူး။ မိုင်းယောင်း၊ မိုင်းခတ်၊ မိုင်းတုံ စသည်ဖြင့် ထိုနည်းတူပဲ။ နောက်ပြီး အခြား ရှမ်းပြည်နယ် (မြောက်ပိုင်း)တွေမှာလည်း ထိုနည်းတူပဲ။ အဲလိုအမျိုးမျိုးကြောင့် တောပြုန်းပြီးတော့ မြေဆီလွှာတွေပျက်စီး၊ ဒါ့အပြင် သဘာဝတောရိုင်းတိရစ္ဆာန်တွေလည်း လုံးဝမရှိသလောက် ဖြစ်သွားပြီ။ တောသတ္တဝါတွေလည်း မျိုးပြုန်းတဲ့အခြေအနေလည်း ဖြစ်နေတဲ့အတွက်ကြောင့် ဒီဟာကို အကောင်းဆုံးနည်းလမ်းကို ဘယ်လိုလုပ်သင့်သလဲဆိုတာကို အစိုးရအဖွဲ့အနေနဲ့ ဒီကွက်လပ်များကို ဖြည်းဆည်းဆောင်ရွက်ပေးဖို့ အထူးပဲလိုအပ်ပါတယ်။ ကျွန်တော် စကား မစပ်တင်ပြလိုတာကတော့ ကမ္ဘောဇတိုင်းမှာ သူတို့ Live Show Video လွှင့်ထားတာရှိပါ တယ်။ တောင်ကြီးခရိုင်တစ်ခုလုံးကို ရဟတ်ယာဉ်ဖြင့် သစ်ပင်တွေစိုက်ပျိုးနေတဲ့ ပုံတွေ တွေ့ရတဲ့အတွက် အင်မတန်မှ ကျွန်တော် အားရကျေနပ်ပါတယ်။ အဲ့လိုဆိုရင် ကျွန်တော်တို့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တစ်ခုလုံးကိုလည်း ဒီနည်းစနစ်ဖြင့် သစ်ပင်များ ပြန်လည်စိုက်ပျိုး ပေးမယ်ဆိုရင် အထူးပဲ ကျေးဇူးဥပကာရတင်ရှိမှာဖြစ်တယ်လို့ တင်ပြလိုပါတယ်။ တစ်ဆက် တစ်စပ်တည်း တင်ပြရမယ်ဆိုရင် တစ်ချိန်တစ်ခါတုန်းက မိုင်းပျဉ်းမှာ ပါမစ်တစ်စောင် သစ်တောခုတ်ခွင့်ရမယ်ဆိုရင် တစ်တောလုံးပြောင်ဆိုတာ စာဆိုရှိခဲ့ပါတယ်။ ဒါကြောင့်မလို့ ကျွန်တော်တို့ မိုင်းပျဉ်းဟာ ပါမစ်တစ်စောင်ကြောင့်ပဲ တောင်တွေ၊ တောတွေ အကုန်လုံး ပြုန်းတီးခဲ့တဲ့ ဘဝရောက်ရှိခဲ့တာကိုလည်း လေးစားစွာ တင်ပြလိုအပ်တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် အကြီးဆုံးပြည်နယ် တစ်ခုဖြစ်သည့်အလျောက် ရွှေ့ပြောင်းတောင်ယာစနစ် အများဆုံးစိုက်ပျိုးသော ပြည်နယ် တစ်ခုလည်း ဖြစ်ပါတယ်။ နှစ်စဉ် ရွှေ့ပြောင်းတောင်ယာ လုပ်ကွက်အသစ်များ ထပ်မံတိုးချဲ့ပြီး စိုက်ပျိုးလာခြင်းကြောင့် သစ်တောပြုန်းတီးမှု၊ မြေဆီလွှာတိုက်စားခံရမှု၊ တောရိုင်းတိရစ္ဆာန် များနှင့် ဇီဝမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်မှုစသော ဘေးထွက်ဆိုးကျိုးများ ပိုမိုတွေ့ကြုံ လာရသည်ကို အားလုံးအသိပဲဖြစ်ပါတယ်။

ရွှေ့ပြောင်းတောင်ယာစနစ်များ ပိုမိုစိုက်ပျိုးလေလေ ရေအရင်းအမြစ်များ ခမ်းခြောက် လာခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးလာခြင်း၊ ရာသီဥတုများ ဖောက်ပြန် ပြောင်းလဲလာခြင်းများ ပိုမိုတွေ့ကြုံလာမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ရွှေ့ပြောင်း တောင်ယာလုပ်ကိုင်နေကြသော ဌာနေတိုင်းရင်းသား တောင်သူများအတွက် လုံလောက်သော

တောင်ယာလုပ်ကွက်နေရာများ၊ သီးနှံအထွက်တိုးစေမည့် နည်းလမ်းများ၊ ခိုင်မာသင့်တင့် သောစျေးကွက်များ သတ်သတ်မှတ်မှတ် ထောက်ပံ့ဖော်ဆောင်ပေးနိုင်မှသာလျှင် ရေရှည် စားဝတ်နေရေးပြေလည်မှုရှိစေမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများလျော့ချနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်ထိန်းသိမ်းမှုကို အထောက်အကူပြုနိုင်ရန်အတွက် လှေကား ထစ်စိုက်ပျိုးရေး လုပ်ကွက်သစ်များနှင့် ကုန်းမြင့်လယ်ယာ လုပ်ကွက်သစ်များကို လက်တွေ့ ကျကျ သေသေချာချာလေ့လာသုံးသပ်ပြီးမှ အကျိုးရှိစေရန်အတွက် စနစ်တကျဖော်ဆောင် သွားရန် အထူးလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့် မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းတင်သွင်းသည့် **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်စေရေးတို့ကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်တူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းစံဟွမ်၊နမ့်တူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ နမ့်တူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)မှာ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်း တင်သွင်းတဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ စုစုပေါင်းမြေရိယာ၏ ၂၂.၈ ရာခိုင်နှုန်းသည် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးသော မြေရိယာဖြစ်သည်ကို ၂၀၁၄ ခုနှစ်ပါ သစ်တောဆိုင်ရာ အချက်အလက်များ၊ သစ်တောဦးစီးဌာန၊ ၁၉၉၃ ခုနှစ်အရ သိရှိရပါတယ်။ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းကို

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ သစ်တောပြုန်းတီးရခြင်း၏ နောက်ခံအကြောင်းရင်းများထဲတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းသည် အဓိကအချက် တစ်ချက်အဖြစ် တွေ့ရကြောင်း ဆန်းစစ်ချက်များအရ သိရပါတယ်။ စစ်တမ်းကောက်ယူချက်များအရ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်ရဲ့ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးတဲ့ စုစုပေါင်း ဧရိယာဟာ ၃၈၀၄ ဧက ရှိပြီး၊ မြို့နယ်တစ်ခုလုံး စုစုပေါင်းရဲ့ အသုံးချဧရိယာရဲ့ ၃.၉ ရာခိုင်နှုန်းထိရှိကြောင်း တွေ့ရှိရပါတယ်။ လူဦးရေတိုးတက်လာမှုနှင့်အတူ မြေအသုံးချမှုပုံစံ ပြောင်းလဲလာမှုများအရ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြေလှပ်ထားသည့်ကာလဟာ ၁၉၇၀ ခုနှစ်များတွင် (၁၀ နှစ် မှ ၁၂ နှစ်အထိ) ထားရှိရာမှ လက်ရှိမှာ (၀ နှစ် မှ ၅ နှစ်) အထိသာ ထားရှိလာကြသည်ကို တွေ့ရှိလာရပါတယ်။ တချို့ဒေသများဟာ မြေလပ်ချိန်မရှိတော့ဘဲ နှစ်စဉ် ချဲ့ထွင်စိုက်ပျိုးလာကြတာကိုလည်း တွေ့ရပါတယ်။

ရှမ်းပြည်နယ်၏ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် ဧရိယာများတွင် ပြောင်းမျိုးသစ်များ(CP 888 ၊ CP 999) အစရှိတဲ့ မျိုးကွဲများ စတင်စိုက်ပျိုးလာကြပြီး အချို့သော တောင်သူများသည် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းမှ စီးပွားဖြစ်စိုက်ပျိုးသည့် အလေ့အထသို့ ကူးပြောင်းသွားကြပြီး မြေလပ်မရှိတော့တဲ့ အနေအထားအထိရောက်ရှိလာ၍ ရေအရင်းအမြစ်များလျော့နည်းဆုံးရှုံးလာခြင်း၊ သစ်တောပြုန်းတီးလာခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ၊ မြေဆီလွှာပျက်စီးဆုံးရှုံးမှုများ၊ မိုးကြီးရေလျှံမှုအစရှိသည့် ဆိုးကျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိခဲ့ရပါတယ်။

သစ်တောများ သိသိသာသာပြုန်းတီးခြင်းနှင့် မလျော်ကန်သော မြေအသုံးချရေးနည်းစနစ်များသည် မြန်မာနိုင်ငံ၏ သဘာဝဂေဟစနစ်များကို ခြိမ်းခြောက်နေပြီး အထူးသဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးကန် ရေဝေရေလဲဒေသတွင် လွန်ခဲ့သော နှစ်(၂၀)ကာလအတွင်း အင်းလေးကန် ပတ်ဝန်းကျင်တွင် ခရီးသွားလုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးလာခြင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ သစ်တောများပြုန်းတီးခြင်း၊ တိုးချဲ့စိုက်ပျိုးလာခြင်းနှင့် မြို့ပြစနစ်ဖွံ့ဖြိုးလာခြင်း စသောပြောင်းလဲမှုများ သိသိသာသာ ဖြစ်ပေါ်လာခြင်းကြောင့် အင်းလေးကန်ရေထိန်းဒေသ၏ ၈၀ ရာခိုင်နှုန်းခန့်ကို ဆိုးကျိုးသက်ရောက်စေခဲ့ပြီး

မြေတိုက်စားမှုများနှင့် သဲနုန်းအနည်ထိုင်ခြင်းများဖြစ်ပေါ်စေခဲ့ပြီး မကြံုစဖူး ရေခမ်းခြောက်မှု ပြဿနာဖြစ်ပေါ်စေခဲ့တာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ သုတေသနတွေ့ရှိချက်များအရ ရွှေ့ပြောင်းတောင်ယာစနစ်သည် သစ်တောပြုန်းတီးမှုနှင့် မြေဆီလွှာတိုက်စားခံရမှုများခြင်း စသော ဆိုးကျိုးများ ဖြစ်ပေါ်စေသည်ဟု ရေးသားဖော်ပြခဲ့ကြသော်လည်း ကောင်းမွန်သော အကျိုးရှိစေသော အချက်များလည်း တွေ့ရှိနိုင်ပါတယ်။ အလှည့်ကျမြေလှပ်ထားခြင်းသည် မျိုးစိတ်များ၊ ဂေဟစနစ်နှင့် မြေမျက်နှာသွင်ပြင်ဆိုင်ရာ အရင်းအမြစ်များကို စီမံခန့်ခွဲ၍ ထိန်းသိမ်းထားသော နည်းပညာတစ်ခုဖြစ်ပြီး ဂေဟစနစ်လုံခြုံမှု၊ စားနပ်ရိက္ခာဖူလုံမှုတို့ကို သေချာစေပြီး လူမှုရေးဆိုင်ရာ လုံခြုံမှုတစ်ခုကိုလည်း ရရှိစေပါတယ်။ မြေလှပ်ထားခြင်းသည် သဘာဝတောရိုင်းတိရစ္ဆာန်များနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများ ထိန်းသိမ်းခြင်း၊ ရေဝေရေလဲဆိုင်ရာ ဧလဗေဒနှင့် ကာဗွန်ဖမ်းယူခြင်းတို့အတွက် အလွန်အရေးပါတဲ့ အချက်တစ်ချက်ဖြစ်ပါ တယ်။ အလှည့်ကျစနစ်ဖြင့် မြေလှပ်၍ တောင်ယာစိုက်ပျိုးခြင်း သို့မဟုတ် ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးသော တောင်သူလယ်သမားများသည် သစ်တောများနှင့် မြေဆီလွှာကို အခြားသော လယ်သမားများထက်ပို၍ ထိန်းသိမ်းပေးနိုင်ရုံမက အထွက်နှုန်းလည်း ပိုမိုကောင်းမွန်လာစေ နိုင်ကြောင်း တွေ့ရှိရပါတယ်။

အချို့သော ကိစ္စရပ်များတွင် ရွှေ့ပြောင်းတောင်ယာစနစ်သည် အကောင်းဆုံးသော ပတ်ဝန်းကျင်ထိန်းသိမ်းနည်းစနစ်တစ်ခုဖြစ်ပြီး ယင်းစနစ်ကို ကောင်းမွန်စွာ စီမံခန့်ခွဲခြင်း ဆောင်ရွက်နိုင်လျှင် မှန်ကန်သော ပတ်ဝန်းကျင်ထိန်းသိမ်းသော နည်းလမ်းတစ်ခု ဖြစ်လာနိုင် ပါတယ်။ ထို့ကြောင့် ရွှေ့ပြောင်းတောင်ယာကို စနစ်တကျစီမံခန့်ခွဲနိုင်ပါလျှင် တောင်တန်း ဒေသများရှိ လယ်သမားများ၏ ဆင်းရဲနွမ်းပါးမှုကို လျော့ချနိုင်ရုံသာမက မြေဆီလွှာပျက်စီး ခြင်းမှလည်း ကာကွယ်နိုင်ပါတယ်။

မြန်မာနိုင်ငံ၏ သစ်တောမူဝါဒ ၁၉၉၅ တွင် "ရွှေ့ပြောင်းတောင်ယာစိုက် တောင်သူများ၏လူနေမှုဘဝ ပိုမိုကောင်းမွန်လာစေရန်နှင့် စိုက်ပျိုးထုတ်လုပ်နိုင်မှု တိုးတက်လာစေရေး အတွက် ပိုမိုကောင်းမွန်သော စိုက်နည်းစနစ်များကို လက်ခံကျင့်သုံးလာခြင်းမှတစ်ဆင့် သစ်တောများကို ပြုန်းတီးထိခိုက်စေသော ရွှေ့ပြောင်းတောင်ယာစနစ်ကို အားမပေးရန်" ဟု ဖော်ပြပါရှိချက်နှင့်အညီ သစ်တောများပြုန်းတီးမှု မဖြစ်ပေါ်စေဘဲ ရွှေ့ပြောင်းတောင်ယာစိုက်

တောင်သူများ၏ လူနေမှုဘဝ ပိုမိုကောင်းမွန်လာစေရန်၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်၊ ပိုမိုကောင်းမွန်တဲ့ စိုက်နည်းစနစ်များကို ရှမ်းပြည်နယ်အစိုးရမှ ပံ့ပိုးပေးဖို့ လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း တင်သွင်းသည့် **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေပြောင်းတောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်စေရေးတို့ကို စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို အလေးအနက် ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ရှင်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (c) အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်းမေးမြန်းတဲ့ **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်စေရေးတို့ကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုနဲ့ပတ်သက်ပြီး ကျွန်တော် အောက်ပါအတိုင်း ရှင်းလင်းတင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများ လျော့နည်းပပျောက်လာစေရေးအတွက် ကျွန်တော့်ဆီမှာ စက်မှုလယ်ယာဦးစီးဌာန၊ ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးစီမံကိန်းရုံး (၃)ရုံးနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီရုံးများရဲ့ ရည်ရွယ်ချက်များကို အောက်ပါအတိုင်းချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်-

(က) ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းစနစ်ကို လှေကားထစ် လယ်ယာစိုက်ပျိုးခြင်းစနစ်ဖြင့် အစားထိုးရန်၊

(ခ) ဒေသစားနပ်ရိက္ခာ ဖူလုံပိုလျှံရေးကို အထောက်အကူပြုရန်၊

(ဂ) ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် ပြောင်းရွှေ့နေထိုင် စိုက်ပျိုးရသည့်အခြေအနေမှ အတည်တကျ အခြေချနေထိုင်သည့် ဘဝထူထောင်ပေးရန်၊

(ဃ) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေးလုပ်ငန်းများ အထောက်အကူဖြစ်စေရန်၊

(င) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အကျိုးပြုစေရန်ဆိုပြီးတော့ ရည်ရွယ်ချက်တွေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ဖို့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ကုန်းမြင့်လယ်ယာမြေများအဖြစ် ၂၀၁၅-၂၀၁၆ ခုနှစ်မှစပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် ၂၀၁၉-၂၀၂၀ အထိ ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ကုန်းမြင့် (၄) တောင်ကြီးမှ ဧက(၉၂၀)၊ ကုန်းမြင့်(၂) ကျိုင်းတုံမှ (၉၂၀)ဧကနှင့် ကုန်းမြင့်(၁) လားရှိုးမှ (၉၅၀)ဧက၊ စုစုပေါင်း(၂၇၉၀)ဧကကို ဖော်ထုတ်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒါကတော့ အမှတ်(၄)ကုန်းမြင့်၊ တောင်ကြီးရဲ့ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့တဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။ ဧကတွေဖြစ်ပါတယ်။

အမှတ်(၄)ကုန်းမြင့်၊ တောင်ကြီးမြို့

စဉ်	ဘဏ္ဍာရေးနှစ်	ဖော်ထုတ်ပြီးစီးကေ	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ	မှတ်ချက်
၁	၂၀၁၅-၂၀၁၆	၂၀၀ ဧက	ရွာငံ/ ကလော	ဆင်ခေါင်း/ သီခေါင်	ကိုင်းစုတောင်/ ဥသကံ	
၂	၂၀၁၆-၂၀၁၇	၂၀၀ ဧက	ဟိုပုံး	လဲသက်	ညောင်လေးခွ/ ထီဗွာ	
၃	၂၀၁၇-၂၀၁၈	၂၀၀ ဧက	ဖယ်ခုံ	ခေါင်အိ	ကောင်ဝှက်	
၄	၂၀၁၈-၂၀၁၉	၁၂၀ ဧက	ရပ်စောက်	ပွေး	၄က်ပျောဂနိုင်	
၅	၂၀၁၉-၂၀၂၀	၂၀၀ ဧက	ရပ်စောက်	ပွေး	လွယ်ဟောင်	

ဒါကတော့ အမှတ်(၂)ကုန်းမြင့်၊ ကျိုင်းတုံရဲ့ ဖော်ဆောင်တဲ့လုပ်ငန်း ဖြစ်ပါတယ်။ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့တဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။

အမှတ်(၂)ကုန်းမြင့်၊ ကျိုင်းတုံမြို့

စဉ်	ဘဏ္ဍာရေးနှစ်	ဖော်ထုတ်ပြီးစီးကေ	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ	မှတ်ချက်
၁	၂၀၁၅-၂၀၁၆	၂၀၀ ကေ	ကျိုင်းတုံ	နောင်လျှန်/ လွယ်မွေ	နောင်လျှန်/မိုင်းပန်လင်	
၂	၂၀၁၆-၂၀၁၇	၂၀၀ ကေ	ကျိုင်းတုံ	လွယ်မွေ	နောင်ချို/နောင်လုံ	
၃	၂၀၁၇-၂၀၁၈	၂၀၀ ကေ	ကျိုင်းတုံ	ဖာတ/မိုင်နှော့	ဖာတ/မိုင်နှော့	
၄	၂၀၁၈-၂၀၁၉	၁၂၀ ကေ	ကျိုင်းတုံ	မိုင်နှော့/ဖာတ	မိုင်နှော့/ဖာတ	
၅	၂၀၁၉-၂၀၂၀	၂၀၀ ကေ	ကျိုင်းတုံ	လွယ်မွေ/ယန်းခ	ကျိတ်ခေါင်(အလယ်ရွာ၊ အထက်ရွာ၊အောက်ရွာ)	

ဒါကတော့ အမှတ်(၁)ကုန်းမြင့်၊ လားရှိုးရဲ့ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့တဲ့ ဧကတွေ ဖြစ်ပါတယ်။

အမှတ်(၁)ကုန်းမြင့်၊လားရှိုးမြို့

စဉ်	ဘဏ္ဍာရေးနှစ်	ဖော်ထုတ် ပြီးစီးကေ	မြို့နယ်	ကျေးရွာ အုပ်စု	ကျေးရွာ	မှတ် ချက်
၁	၂၀၁၅-၂၀၁၆	၂၀၀ ကေ	လားရှိုး	ပန်ထိုလင်	လုံမွန်း	
၂	၂၀၁၆-၂၀၁၇	၂၀၀ ကေ	ကွတ်ခိုင်	လွယ်စန်	မန်ဒါ	
၃	၂၀၁၇-၂၀၁၈	၂၀၀ ကေ	ကွတ်ခိုင်	လွယ်ခမ်း	ဘန်လွေ (ဆွတ်ရိန်)	
၄	၂၀၁၈-၂၀၁၉	၁၅၀ ကေ	သိန်းနီ	ဟိုတုံ	ဟိုတုံ	
၅	၂၀၁၉-၂၀၂၀	၂၀၀ ကေ	သိန်းနီ	ဟိုတုံ	နားကျဲ၊ ကောင်းပေါ်၊ နောင်ဆွာ၊ ဟိုတုံ မန်ကမ်၊ နမ့်အွန်	

ဒါ့အပြင် ပဂ္ဂလိကတင်ဒါဖြင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်မှစပြီးတော့ ကုန်းမြင့် လယ်ယာမြေ(၂၀၀)ဧကေ နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ (၃၆၈)ဧကေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ (၃၄၀)ဧကေ၊ စုစုပေါင်း(၉၀၈)ဧကေကို ပြည်နယ်အစိုးရငွေပြုရန်ပုံငွေဖြင့် အောက်ပါအတိုင်း ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်-

၂၀၁၇-၂၀၁၈ ကုန်းမြင့်လယ်ယာ ပဂ္ဂလိကတင်ဒါနဲ့ ဆောင်ရွက်တဲ့ ဧကေ (၂၀၀) ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ခု ကုန်းမြင့်လယ်ယာမြေဧက(၂၀၀)ဖော်ထုတ်ပြီးစီးမှု

စဉ်	အဖွဲ့အစည်း	စီမံကိန်းဆောင်ရွက်သည့်			ဖော်ထုတ်ပြီး ဧက	မှတ်ချက်
		မြို့နယ်	အုပ်စု	ကျေးရွာ		
၁	တင်မြင့်ရိုကုမ္ပဏီ	မိုင်းခုတ်	ဖန်ဖု	မယ်နား	၅၀	
၂	လွယ်ဆမ်ဆုံ	မိုင်းဆတ်	လွယ်လမ်း	ဟွေခတ်	၆၅	
၃	မြင့်နှင့်ဇော်	မိုင်းခုတ်	ဝမ်ကောင်း	ပုံတက်	၈၅	
	စုစုပေါင်း(ဧက)				၂၀၀	

၂၀၁၈-၂၀၁၉ ကုန်းမြင့်လယ်ယာ (၃၆၈)ဧက ဖော်ထုတ်တဲ့ နေရာနဲ့ ဒေသအခြေအနေ ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ခု ကုန်းမြင့်လယ်ယာမြေ(၃၆၈)ဧက ဖော်ထုတ်ပြီးစီးမှု

စဉ်	ပြည်နယ်	ခရိုင်	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ	ဖော်ထုတ်မည့် ဧက	မှတ်ချက်
၁	ရှမ်း(ရှေ့)	တာချီလိတ်/ ကျိုင်းတုံ/ ကျိုင်းတုံ	မိုင်းဖြတ်/ ကျိုင်းတုံ/ ကျိုင်းတုံ	အိုက်လုံ/ လွယ်မွေ/ လွယ်မွေ	ဟာကြားမုဒိ/ ဟိုလပ်/ နောင်ဟိုင်	၆၀ ၉၀ ၉၀	
၂	ရှမ်း(တောင်)	တောင်ကြီး	ဖယ်ခုံ	အလယ်ကယန်း	ဆီဘူး	၁၂၈	
	စုစုပေါင်း					၃၆၈	

၂၀၁၉-၂၀၂၀ ကုန်းမြင့်လယ်ယာ (၃၄၀)ဧက ဖော်ထုတ်တဲ့ နေရာဒေသဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ခု ကုန်းမြင့်လယ်ယာမြေ(၃၄၀)ဧက ဖော်ထုတ်မှု

စဉ်	စီမံကိန်းလုပ်ငန်း တည်နေရာ	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ	ဖော်ထုတ်မည့် ဧက	မှတ်ချက်
၁	ရှမ်း(အရှေ့ပိုင်း)	မိုင်းတုံ မိုင်းဆတ် မိုင်းဆတ် မိုင်းဆတ် မိုင်းတုံ မိုင်းတုံ	မိုင်းကန် ဖန်ဖု နားမွန်း နားမွန်း နမ့်ဟူးခွန် နမ့်ဟူးခွန်	ခိုင်းလုံ နမ့်ဘော်လုံ ပုလွဲ ဟားငွဲ့ နမ့်ဟူးခွန် နမ့်ချန်	၇၀ ၅၀ ၈၀ ၂၀ ၅၀ ၇၀	
	စုစုပေါင်း				၃၄၀	

ဒါ့အပြင် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့်လည်း ၂၀၁၅- ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် စက်မှုလယ်ယာ စနစ်တကျ လယ်မြေ(၁၅၅၀) ဧကကိုလည်း ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါကတော့ စက်မှု လယ်ယာဦးစီးဌာနရဲ့ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့တဲ့ ဧက (၁၅၅၀) ဖြစ်ပါတယ်။

စဉ်	ဘဏ္ဍာရေးနှစ်	ခရိုင်	မြို့နယ်	ကျေးရွာ	စနစ်ကျ (ဧက)	ပေါင်း(ဧက)	မှတ်ချက်
၁	၂၀၁၅-၂၀၁၆	တောင်ကြီး ။ လားရှိုး	တောင်ကြီး ရပ်စောက် သိန်းနီ	သံတဲ ဟွေး ပန်လေ့	၂၀၀ ၁၀၀ ၁၀၀	၄၀၀	
၂	၂၀၁၆-၂၀၁၇	တောင်ကြီး မိုးမိတ်	ဆီဆိုင် မိုးမိတ်	နောင်မွန် နမီ	၂၀၀ ၁၀၀	၃၀၀	
၃	၂၀၁၇-၂၀၁၈	တောင်ကြီး	တောင်ကြီး	ကင်တုတ်	၁၀၀	၁၀၀	
၄	၂၀၁၈-၂၀၁၉	တောင်ကြီး မိုးမိတ်	ဆီဆိုင် မိုးမိတ်	နောင်မွန် လက်ခုပ်ပင်	၂၀၀ ၂၅၀	၄၅၀	
၅	၂၀၁၉-၂၀၂၀	တောင်ကြီး	တောင်ကြီး	ကုန်းလှိုင်	၃၀၀	၃၀၀	
	စုစုပေါင်း				၁၅၅၀	၁၅၅၀	

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၈- ၂၀၁၉ ခုနှစ်အထိ တစ်နှစ်လျှင် ဧက(၆၀၀) ဖော်ထုတ်ပေးလျက်ရှိရာမှ ၂၀၁၉- ၂၀၂၀ ခုနှစ်မှစတင်၍ ပြည်နယ်၊ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဧက(၉၀၀)ကို တိုးချဲ့ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ပွင့်လင်းရာသီမှသာ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်၍ စက်ကိရိယာအင်အား၊ လူအင်အားအပေါ်မူတည်၍ ကုန်းမြင့်ရုံး(၁)ခုလျှင် ဧက(၃၀၀)နှုန်းဖြင့် စုစုပေါင်းတစ်နှစ်လျှင် (၉၀၀)ဧကသာ ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒေသအတွင်းလိုအပ်ချက်အရ လွတ်တော်ကိုယ်စားလှယ်များ၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ တောင်သူများမှ တင်ပြတောင်းဆိုလာပါကလည်း ကွင်းဆင်းစစ်ဆေးပြီး ဌာနမှ တာဝန်ယူကြီးကြပ်၍လည်းကောင်း၊ ပဂ္ဂလိကတင်ဒါ စနစ်ဖြင့်လည်းကောင်း ကုန်းမြင့်လယ်ယာမြေများကို စနစ်တကျဖော်ထုတ်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၉- ၂၀၂၀ ခုနှစ်အထိ ရွှေပြောင်းတောင်ယာ (၂၀၇၁၈၁)ဧကရှိပါတယ်။ ရွှေပြောင်းတောင်ယာလျော့ချနိုင်ရေး ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း ပိုမိုဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ ပိုမိုချဲ့ထွင်စိုက်ပျိုးလာမှုများကြောင့် ရေအရင်းအမြစ်များ ထိခိုက်လာမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ မဖြစ်ပေါ်စေရေးနှင့် ရွှေပြောင်းတောင်ယာသို့မဟုတ် တောင်ယာမြေများ အသစ်ခုတ်ထွင် စိုက်ပျိုးခြင်းများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာ ခရိုင်/ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာ/ ကုန်းမြင့်လယ်ယာဦးစီးဌာန၊ ရေအရင်းအမြစ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဒေသခံ ရပ်မိ/ ရပ်ဖများ၊ တိုင်းရင်းသား

ရိုးရာအကြီးအကဲများ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များနှင့် ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များဖြင့် တောင်ယာစိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး စနစ်တကျစီမံချက်တွေ ရေးဆွဲချမှတ်လျက် နှစ်ရှည်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်တဲ့အတွက် တင်ပြပါအဆိုကို အတည်ပြုသင့်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီး ကနေတစ်ဆင့် ရှင်းလင်းစွာ ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုကို လွှတ်တော် ကိုယ်စားလှယ်(၂)ဦးက ထောက်ခံဆွေးနွေးပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် ကလည်း ဒီအဆိုကိုအတည်ပြုရန် သဘောတူတဲ့အတွက် မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ဦးစိုင်းလှိုင်ခမ်း တင်သွင်းသောအဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့ ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းလှိုင်ခမ်း တင်သွင်းသောအဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်က ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်မှု အခြေအနေတင်ပြသည့် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်တရားလွှတ်တော်က ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်မှု အခြေအနေ တင်ပြသည့်အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာ ဖတ်ကြားရှင်းလင်း တင်ပြပေးဖို့အတွက် ရှမ်းပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားသူကြီးချုပ်ကို ဖိတ်ခေါ်ပါတယ်။

ဦးကြွယ်ကြွယ်၊ ပြည်နယ်တရားသူကြီးချုပ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ရဲ့ (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(တတိယနေ့)ကို ကြွရောက်ချီးမြှင့်ပေးကြပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်

ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အပါအဝင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်တရားလွှတ်တော်ရဲ့ ၂၀၁၉ ခုနှစ်၊ နှစ်စဉ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တရားဥပဒေရဲ့ ကျင့်စဉ်အရ ပြက္ခဒိန်နှစ်အရပဲ နှစ်စဉ်အစီရင်ခံစာတင်သွင်းလေ့ရှိပြီး ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်တာ မဟုတ်တဲ့အတွက် နှစ်စဉ်အလိုက် တင်သွင်းခြင်းဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်ရဲ့ နှစ်စဉ်အစီရင်ခံစာကို ခေါင်းစဉ်ငယ် (၃၇)ခုနဲ့ ခွဲခြားပြီး တင်ပြထားပါတယ်။ သို့သော်လည်းပဲ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးကို တက်ရောက်ချီးမြှင့်ကြပါသော လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့ တန်ဖိုးရှိတဲ့ အချိန်ကိုင့်ညှာသောအားဖြင့် အကျဉ်းချုပ်အစီရင်ခံ တင်ပြသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၂ အရ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တရားရုံးတွေကို ကြီးကြပ်ကွပ်ကဲရတဲ့ တာဝန်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ရှမ်းပြည်နယ် တရားလွှတ်တော်ရုံး (၁)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားရုံး(၁)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး(၃)ရုံး၊ ခရိုင်တရားရုံး (၁၀)ရုံးနှင့် မြို့နယ် တရားရုံး (၅၀)ရုံး၊ စုစုပေါင်း တရားရုံး (၆၅)ရုံးနဲ့ ဖွဲ့စည်းတည်ထောင်ထားပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးဟာ “၀” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်မှ ဖွင့်လှစ်တာဖြစ်တဲ့အတွက် ဒီနှစ် ၂၀၁၉ ခုနှစ် အစီရင်ခံစာထဲမှာ အဲ့ဒီတိုင်းတရားရုံးရဲ့ဆောင်ရွက်ချက်ဟာ ပါဝင်သေးခြင်း မရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်မှာရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများထံမှာ ရှမ်းပြည်နယ် တရားလွှတ်တော်ရဲ့ ၂၀၁၉ ခုနှစ် တရားရုံး နှစ်စဉ်အစီရင်ခံစာကို ဖြန့်ဝေပြီးဖြစ်ပါတယ်။ ဒါကြောင့်မလို့လည်း အကျဉ်းချုပ်တင်ပြမှာဖြစ်ပါတယ်။ အဲဒီမှာလည်း စာမျက်နှာ(၆)မှာ ရှမ်းပြည်နယ်၊ တာချီလိတ် ခရိုင်တရားရုံးအောက်က မြို့နယ် တရားရုံး(၃)ရုံးကို ဖော်ပြတဲ့နေရာမှာ မိုင်းယောင်းမြို့နယ် တရားရုံးအစား တာချီလိတ်မြို့နယ်ရုံးလို့ မှားယွင်းဖော်ပြထားတာကို ကျွန်တော်ပြင်ဆင်လိုပါတယ်။ ဒီလို မှားယွင်းတဲ့ အတွက်လည်း တောင်းပန်ပါတယ်။ ကျန်တာကတော့ ဒီမှာပါရှိတဲ့အတိုင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

တရားစီရင်ရေးအခြေအနေကို တင်ပြရမယ်ဆိုရင် ရုမ်းပြည်နယ်တရားလွှတ်တော်ဟာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ ရာဇဝတ်မှု၊ တရားမမှု စုစုပေါင်း (၂၆၄)မှုရှိပြီးတော့ စစ်ဆေးပြီးပြတ်တဲ့အခြေအနေဟာ နောက်ဆုံး ၂၀၁၉ ခုနှစ် လက်ကျန်ဟာ (၃၄၇)မှု ဖြစ်တဲ့အတွက် ပြီးပြတ်မှုအားဖြင့် လျော့နည်းပြီး၊ တက်ရောက်တဲ့အမှုတွေထက် လျော့နည်းတဲ့အတွက် အမှုလက်ကျန် ပိုမိုများပြားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး (၃)ရုံးနဲ့ ခရိုင်တရားရုံး(၁၀)ရုံးတို့ရဲ့ တရားစီရင်ရေးအခြေအနေကတော့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ (၁၅၅၈)မှုရှိပြီးတော့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ (၁၄၁၈)မှုရှိတဲ့အတွက် ခရိုင်တရားရုံးတွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတွေ အမှုပြီးပြတ်မှုရာခိုင်နှုန်း ပိုမိုပြီးပြတ်အောင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

မြို့နယ်တရားရုံး(၅၀)ရုံးရဲ့ တရားစီရင်ရေးအခြေအနေမှာတော့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ ရာဇဝတ်၊ တရားမ စုစုပေါင်း (၂၁၈၀)ရှိပြီးတော့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာတော့ (၂၄၁၅)မှုဖြစ်တဲ့အတွက် အမှုလက်ကျန် ပိုမိုများပြားလာပြီး တက်ရောက်လာတဲ့အမှုတွေ စစ်ဆေးပြီးပြတ်မှုနည်းတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ရုမ်းပြည်နယ်တရားလွှတ်တော်အနေနဲ့ လက်အောက်ခံတရားရုံးတွေက စစ်ဆေးနေတဲ့မှုခင်းတွေမှာ ကြီးကြပ်မှုပေးတဲ့ ပြင်ဆင်မှုဖွင့်လှစ်တဲ့အမှုတွေ၊ အယူခံအပြင်အဆင်တွေကို အောက်ရုံးအမိန့်နဲ့ အတည်ပြုနိုင်မှု၊ ပယ်ဖျက်နိုင်မှုအခြေအနေကို ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်အတွင်း လက်အောက်ခံတရားရုံးများမှ ချမှတ်တဲ့အမှုများနှင့်စပ်လျဉ်းပြီး အမှု (၉၃)မှု ခေါ်ယူကြည့်ရှုခဲ့ပြီး မှတ်ချက်နဲ့ပြန်ပို့တာ (၄၁)မှု၊ မှတ်ချက်မရှိပြန်ပို့တာ (၄၄)မှု၊ ခရိုင်တရားရုံးများကို ပြင်ဆင်မှုဖွင့်လှစ်ရန် ညွှန်ကြားတဲ့အမှုက (၅)မှု၊ ရုမ်းပြည်နယ်တရားလွှတ်တော်မှာ ပြင်ဆင်မှု(က) ဖွင့်လှစ်တဲ့အမှုက (၃)မှုဖြစ်ပါတယ်။ ရုမ်းပြည်နယ်တရားလွှတ်တော်ကို တင်သွင်းလာတဲ့ အယူခံမှု (၄၈၇)မှုမှာ အောက်ရုံးအမိန့်ကို အတည်ပြုတာ (၃၁၄)မှု၊ ပြင်ဆင်ပယ်ဖျက်တဲ့အမှုဟာ (၁၇၃)မှုရှိပါတယ်။ ရုမ်းပြည်နယ်တရားလွှတ်တော်ကို တက်ရောက်တဲ့ ပြင်ဆင်မှု (၁၇၄)မှုအနက် အောက်ရုံးအမိန့်ကို (၁၂၂)မှု အတည်ပြုပြီး၊ (၅၂)မှု ပြင်ဆင်ပယ်ဖျက်ခဲ့ကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့ကစပြီးတော့ တောင်ကြီးခရိုင်တရားရုံးနဲ့ တောင်ကြီးမြို့နယ်တရားရုံးတွေကို (NCMP) National Case Menument Programme နဲ့ အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်တဲ့ကာလအတွင်း အမှုပြီးစေဖို့ ဒီစနစ်နဲ့ စတင်ပြီး စစ်ဆေးစီရင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းတွေကိုလည်း (၁-၈-၂၀၁၈) ရက်နေ့မှာပဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှာရှိတဲ့ တောင်ကြီးခရိုင်တရားရုံးနဲ့ တောင်ကြီးမြို့နယ်တရားရုံးတွေမှာ NCMP စနစ်နဲ့ စစ်ဆေးတဲ့နေရာမှာ တောင်ကြီးခရိုင်တရားရုံးက ယခင် အစီအစဉ်မစမီ စမ်းသပ်တဲ့ကာလမှာ ရရှိတဲ့ရလဒ်ထက် ပိုမိုကောင်းမွန်တဲ့ ရလဒ်ရရှိသော်လည်း စံသတ်မှတ်တဲ့ ရာခိုင်နှုန်း မမီသေးကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်တရားရုံးဟာ လည်း အစီအစဉ်မစမီကာလမှာ ရရှိခဲ့တဲ့ရလဒ်ထက် ရာဇဝတ်မှုစစ်ဆေးပြီးပြတ်မှုနှုန်း လျော့ကျခဲ့ပြီး၊ တရားမမှု စစ်ဆေးပြီးပြတ်မှုနှုန်း မြင့်လာပါတယ်။ ဒါပေမဲ့ ဒီရုံး (၂)ရုံးဟာ စံသတ်မှတ်တဲ့နှုန်းကို မမီသေးကြောင်းတွေ့ရှိရတယ်လို့ တင်ပြအစီရင်ခံအပ်ပါတယ်။ ဒါနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ CMP ရုံးများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုတွေ ရှိခဲ့ပါတယ်။ ဒီလို CMP စနစ်နဲ့ စစ်ဆေးတဲ့အခါမှာ ၂၀၁၈ ခုနှစ်ပြီးတော့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအတွင်းမှာပဲ ဒီအကောင်အထည်ဖော်ဆောင်ရွက်တဲ့အခြေအနေအပေါ် ပြန်လည်သုံးသပ်တဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ နောက်ထပ် CMP စနစ်နဲ့ စစ်ဆေးမဲ့ ရုံးတွေကို ကြိုတင်ပြီးတော့ သက်ဆိုင်ရာ ဌာနဆိုင်ရာတွေနဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်များကို ရှင်းလင်းနိုင်ဖို့အတွက် လားရှိုးမြို့မှာ Golden Hill Hotel မှာ လည်းကောင်း၊ တာချီလိတ်မြို့မှာ One G One Hotel မှာလည်းကောင်း၊ ဟိုပုံးမြို့မှာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမမှာလည်းကောင်း၊ လွိုင်လင်မြို့မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမမှာလည်းကောင်း ကျင်းပပြုလုပ်ပြီးတော့ ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်မှာ CMP စနစ်နဲ့ တိုးချဲ့စစ်ဆေးတဲ့ တရားရုံးတွေမရှိပေမဲ့ ၂၀၂၀ ပြည့်နှစ်မှာတော့ တာချီလိတ်ခရိုင်တရားရုံး၊ လွိုင်လင်ခရိုင်တရားရုံး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ဒေသတရားရုံး၊ လားရှိုးခရိုင်တရားရုံးစတဲ့ ခရိုင်တရားရုံးအဆင့် တရားရုံး (၄)ရုံးနဲ့ သူတို့ရဲ့ လက်အောက်ခံတရားရုံးတွေမှာ (၁-၇-၂၀၂၀) ကစတင်ပြီး CMP စနစ်နဲ့ စစ်ဆေးစီရင်သွားရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တိုင်စာများပေးပို့တာနဲ့ပတ်သက်လို့ စိစစ်ဆောင်ရွက်ချက်များကို အကျဉ်းချုပ်တင်ပြရမယ်ဆိုရင် လက်ခံရရှိတာက ရှမ်းပြည်နယ်တရားလွှတ်တော်ကို တိုင်ကြားလာတဲ့တိုင်စာ (၅၂) စောင်၊ ရှမ်းပြည်နယ်တရားလွှတ်တော်ကို မိတ္တူပေးပို့လာတဲ့တိုင်စာ (၆၀)စောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စိစစ်ဖို့ပေးပို့တဲ့ တိုင်စာ(၂၆)စောင်၊ ပြည်ထောင်စုဥပဒေအထောက်အကူပြုအဖွဲ့မှ စိစစ်ဖို့ပေးပို့တဲ့ တိုင်စာ(၂)စောင်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကပေးပို့တဲ့ တိုင်စာ(၂)စောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က လွှဲအပ်ပေးပို့တဲ့တိုင်စာ (၄)စောင် စတဲ့ တိုင်စာများကို လက်ခံရရှိပြီး အားလုံးစိစစ်ပြီး ပြန်လည်ပြန်ကြားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်အနေနဲ့ ၂၀၁၉ ခုနှစ်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးရဲ့ (၉-၁၀-၂၀၁၉) ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၅/ ၂၃)အရ မိမိရဲ့ ဒေသအတွင်းမှာရှိတဲ့ အကျဉ်းထောင်တွေ၊ ရဲဘက်စခန်းတွေ၊ ရဲတပ်ဖွဲ့အချုပ်စခန်းတွေကို နယ်မြေသတ်မှတ်ပြီး (၃)လတစ်ကြိမ် လှည့်လည်စစ်ဆေးတဲ့နေရာမှာ အကျဉ်းထောင် (၆)ခု၊ ရဲဘက်စခန်း (၇)ခု၊ ရဲဘက်စခန်းခွဲ (၃)ခုနဲ့ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်နိုင်တဲ့ ရဲတပ်ဖွဲ့စခန်းပေါင်း (၁၃၂)ခု နဲ့ အကျဉ်းထောင် (၇)ကြိမ်၊ ရဲဘက်စခန်းကို (၂)ကြိမ်၊ မြို့မရဲစခန်းတွေ (၄၃)ကြိမ်၊ နယ်မြေ ရဲစခန်းကို (၂၁)ကြိမ် စစ်ဆေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်ကို နိုင်ငံတကာအဖွဲ့အစည်းများမှ ၂၀၁၉ ခုနှစ်အတွင်း လာရောက်တွေ့ဆုံတဲ့နေရာမှာ International Development Law Organization (IDLO)က Senior. Programme Officer ဖြစ်သူ Mr. Alfred Hill ဦးဆောင်တဲ့အဖွဲ့နဲ့ (၁၀.၇.၂၀၁၉) ရက်နေ့မှာ ရှမ်းပြည်နယ်အတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်မဲ့ လိင်ပိုင်းဆိုင်ရာနှင့်ကျား/ မ အခြေပြု အကြမ်းဖက်မှုအား တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ကာကွယ်မှုမြှင့်တင်ခြင်းလုပ်ငန်းအစီအစဉ်တွေအကြောင်းကို လာရောက်ဆွေးနွေးတင်ပြတာကို လက်ခံတွေ့ဆုံခဲ့ခြင်းရှိပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်အနေနဲ့လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ထားတဲ့ ၂၀၁၈- ၂၀၂၂ ခုနှစ် (၅)နှစ် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

အဲဒီမှာ ဝန်ထမ်းများအပေါ် တိုင်စာနှင့်စပ်လျဉ်းပြီး အရေးယူထားတာ (၃)မှုရှိကြောင်း တင်ပြအပ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက အငယ်တန်းစာရေးဟာ ခွင့်ပြုချက် မရှိဘဲ ရုံးပျက်ကွက်တဲ့အတွက် ဌာနဆိုင်ရာစစ်ဆေးခဲ့ပြီး ရာထူးမှ ထုတ်ပယ်ခဲ့ပါတယ်။ အကြီးတန်းစာရေး (လောက်ကိုင်)ကတော့ မြို့နယ်တရားသူကြီးရဲ့ လတ်မှတ်တုထိုးပြီး ကျမ်းကျိန်လွှာထုတ်ပေးခဲ့တဲ့အတွက် တစ်ဆင့်နိမ့်ရာထူးကို (၂)နှစ်လျော့ချပြီး တာဝန်ထမ်း ဆောင်စေခဲ့ပါတယ်။ မူဆယ်မြို့နယ်တရားရုံးက အကြီးတန်းစာရေးတစ်ယောက်ဟာ အမှုသည်တွေဆီက ငွေတောင်းခံတယ်လို့ ကျော်ဇောသတင်းရှိလို့ ဌာနဆိုင်ရာစစ်ဆေးပြီး တစ်ဆင့်နိမ့်ရာထူးနဲ့ တခြား(၂)နှစ်လျော့ချပြီး အခြားရုံးသို့ ပြောင်းရွှေ့အရေးယူခဲ့မှု အခြေ အနေတွေကို တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်အနေနဲ့ မိမိလက်အောက်ခံ တရားသူကြီးများနဲ့ တရားရုံးဝန်ထမ်းများအား လုပ်ငန်းဆောင်ရွက်မှုများအပေါ် မူတည်ပြီး တော့မှ ဂုဏ်ပြုချီးမြှင့်တာတွေ လုပ်ခဲ့ပါတယ်။ သက်ဆိုင်ရာ မိမိတရားရုံးတွေကို ပြည်သူများ ယုံကြည်ကိုးစားလာစေရေးအတွက် ဆောင်ရွက်နိုင်တဲ့ သီပေါမြို့နယ်တရားသူကြီးနဲ့ ကျေးသီး မြို့နယ်တရားသူကြီးကို ဆုချီးမြှင့်ခဲ့ပါတယ်။ ဒါ့အပြင် ဌာနဆိုင်ရာစာမေးပွဲတွေမှာ ထူးချွန်စွာ အောင်မြင်တဲ့ ဝန်ထမ်းတွေကိုလည်း ဂုဏ်ပြုချီးမြှင့်ခဲ့ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်နဲ့ အောက်မှာရှိတဲ့ တရားရုံးတွေမှာရှိတဲ့ ဝန်ထမ်း တွေရဲ့ သားသမီးတွေကိုလည်း နှစ်စဉ် ပညာသင်ကြေးများ ထောက်ပံ့လျက်ရှိပါတယ်။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်သို့ ရှမ်းပြည်နယ် တရားလွှတ်တော်ရဲ့ ၂၀၁၉ ခုနှစ်၊ တရားရုံးနှစ်စဉ် အစီရင်ခံစာကို တင်ပြအစီရင်ခံရင်း တင်သွင်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်း ပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)မှာ ရှမ်းပြည်နယ် တရားလွှတ်တော်မှတင်ပြသည့် ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ တင်ပြသည့် အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေ ပုဒ်မ ၃၈(စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၂၅ ရက် (ကြာသပတေးနေ့)၊ နံနက်(၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(စတုတ္ထနေ့)မှတ်တမ်း

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်

[ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက် ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၀.၆၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ၂၅-၆-၂၀၂၀ ရက်နေ့ (စတုတ္ထနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါ တယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးအာကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်ကခွင့်ပန်ကြားထားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၁)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၃)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာ ဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ကိုတက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ဦးရေမှာ (၁၃၉)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၃)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၉)ဦးက မေးမြန်းထားသည့်မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပထမဦးစွာ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညိုက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းသွားမဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်တွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မပါဘဲ အခြားရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် လျှောက်ထားရယူခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီ/ မညီ၊ လျှောက်ထားရယူမှု ရ/ မရ သိရှိလို၍ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ကုန်းမခံအုပ်စုနှင့် မဘိမ်းမြို့၊ နမ့်ပုံးပုံးရပ်ကွက် နယ်နိမိတ်တို့သည် ထိစပ်လျက်ရှိပါတယ်။ ကုန်းမခံအုပ်စု နယ်နိမိတ်အတွင်းရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကို ဒေါ်ခင်သီတာထွန်း၊ ဦးမြအောင်၊ ဦးမျိုးဝင်းညွန့်တို့က မဘိမ်းမြို့၊ နမ့်ပုံးပုံးရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပေး၍ လျှောက်ထားခဲ့ရာ ယခုကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ထုတ်ပေးသော မြေစာရင်းပုံစံ(၁၀၅)ရရှိထားပြီး ဖြစ်ပါတယ်။ ဒေါ်ခင်သီတာထွန်း ရယူထားသောမြေကို တစ်ရွာထဲနေ ဒေါ်ခင်ဝင်းဌေးက သူမ၏ ရေတားထိပ်စည်းဇရိယာထိခြင်း၊ ရွာနှင့်(၂)မိုင်အတွင်းကျရောက်ခြင်းတို့ကြောင့် ကန့်ကွက်ခဲ့ပါတယ်။ (၃၀.၆.၂၀၂၀)ရက်နေ့တွင် ဘုတ်အဖွဲ့စစ်ဆေးမှုရှိပါတယ်။ အဲ့ဒီဘုတ်အဖွဲ့စစ်ဆေးမှု မပြုလုပ်ခင် ပုံစံ(၁၀၅) ရယူသွားပြီးဖြစ်ပါတယ်။ ဦးမြအောင်နှင့် ဦးမျိုးဝင်းညွန့်တို့၏ မြေရာဇဝင်စစ်ဆေးခြင်း ကန့်ကွက်လွှာခေါ်သောစာကို ကြော်ငြာသင်ပုန်းများတွင် ကပ်ထားမှု မရှိခဲ့ပါ။ ဤအချက်ကိုလည်း နမ့်ပုံးပုံးရပ်ကွက် အုပ်ချုပ်ရေးမှူးကလည်း ဝန်ခံပါတယ်။ ထို့ကြောင့် နည်းဥပဒေ ပုဒ်မ(၉)၊ ပုဒ်မခွဲ(ဂ၊ ဃ)အရ ကြော်ငြာကပ်ရမည်ဖြစ်ပါသော်လည်း မလုပ်ခဲ့ပါ။

ထို(၃)ဦးတို့သည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ(၃၀)၊ ပုဒ်မခွဲ(က)အရ "သက်ဆိုင်ရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူး၏ စိစစ် ထောက်ခံချက်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ရယူရန် ဥပဒေပါလုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုနိုင်သည်" ဟုဖော်ပြထားပါရှိတယ်။ သို့သော် ကုန်းမခံအုပ်စုအတွင်းရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကို မဘိမ်းမြို့၊ နမ့်ပုံးပုံးရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ထောက်ခံချက်ပေး၍ ရယူသည်ကို တွေ့ရပါတယ်။

ထို့ကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့၊ နမ့်ပုံးပုံးရပ်ကွက်နေ ဒေါ်ခင်သီတာထွန်း၊ ဦးမြအောင်နှင့် ဦးမျိုးဝင်းညွန့်တို့ လျှောက်ထားရယူထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများသည် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညီ/ မညီ၊ ထို(၃)ဦးအတိုင်း လျှောက်ထားရယူ၍ ရ/ မရ၊ ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လူထု(၅၇)ဦး၏ ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ ကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို မေးမြန်းတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ကုန်းမခံကျေးရွာအုပ်စုနှင့် မဘိမ်းမြို့၊ နမ့်ပုံးပုံးရပ်ကွက်နေ ဒေါ်ခင်သီတာထွန်း၊ ဦးမြအောင်နှင့် ဦးမျိုးဝင်းညွန့်တို့မှ ကုန်းမခံကျေးရွာအုပ်စု နယ်နိမိတ်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် မပါဘဲ အခြားရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် လျှောက်ထားရယူခြင်းဟာ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညီ/ မညီ၊ ထို(၃)ဦးအတိုင်း လျှောက်ထားရယူ၍ ရ/ မရ ကိုသိလိုသည့်မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မဘိမ်းမြို့နယ်၊ နမ့်ပုံးပုံးရပ်ကွက်ဟာ ယခင်ကနမ့်ပုံးပုံးကျေးရွာအုပ်စုအဖြစ် နမ့်ပုံးပုံးကျေးရွာနှင့် ကုန်းမခံကျေးရွာ(၂)ရွာကို ဖွဲ့စည်းထားတဲ့ ကျေးရွာအုပ်စုဖြစ်ပါတယ်။ ၎င်းနောက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ (၂၃-၆-၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၀၁/၂၀၁၅) ဖြင့် နမ့်ပုံးပုံးကျေးရွာအုပ်စုအား နမ့်ပုံးပုံးရပ်ကွက်နှင့် ကုန်းမခံကျေးရွာအုပ်စုအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ နမ့်ပုံးပုံးရပ်ကွက်နှင့် ကုန်းမခံကျေးရွာတို့ဟာ နယ်မြေတစ်ဆက်တစ်စပ်တည်းရှိပြီး ပြင်ဆင်ဖွဲ့စည်းပြီးနောက် မြေအသုံးချမှုစာရင်းများအား မြေပြင်အမှတ်အသား တိတိကျကျ တိုင်းတာမှုမရှိသေးခြင်း၊ ယခင်နမ့်ပုံးပုံးကျေးရွာ နယ်နိမိတ်အတွင်း ပါရှိသည့်မြေများသည် အသစ်ပြန်လည်ဖွဲ့စည်းပြီးနောက် ကုန်းမခံကျေးရွာအုပ်စုအတွင်း ပါဝင်ခဲ့သော်လည်း ကုန်းမခံကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ မြေပုံအချက်အလက်များနှင့် မြေဇရီယာ စာရင်းဇယားများကို စနစ်တကျလွှဲပြောင်း/ လက်ခံထားခြင်း မရှိသေးသောကြောင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ သဘောထားမှတ်ချက် ထောက်ခံပေးထားခြင်း မရှိပါကြောင်း နှင့်မြေယာတိုင်ကြားစာများ၊ လယ်ယာအငြင်းပွားမှုများ၊ သီးနှံစိုက်ခင်းများသို့ ကျွဲ၊ နွားတိရစ္ဆာန်များဝင်ရောက်ဖျက်ဆီးသည့် ကိစ္စရပ်များ၊ ရေကြီးနစ်မြုပ်မှုအတွက် သီးနှံလျော်ကြေးကိစ္စရပ်များကို မြေပြင်ကွင်းဆင်း စိစစ်ထောက်ခံတင်ပြပေးခြင်း၊ ထို့နောက် ဌာနဆိုင်ရာမြေနေရာကိစ္စရပ်များကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းကွင်းဆင်း၍ နမ့်ပုံးပုံးရပ်ကွက်အုပ်ချုပ်ရေးမှူးမှ စိစစ်ထောက်ခံပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရ၍ ရပ်ကွက်နေပြည်သူများမှလည်း သဘောတူလက်ခံခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ယခင်နမ့်ပုံးပုံးကျေးရွာအုပ်စုအတွင်း ပါဝင်သည့် မြေဇရီယာအတွင်းမှ အများပြည်သူ တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ လုပ်ပိုင်အသုံးပြုခွင့်ရရှိရေး လျှောက်ထားမှုအပေါ်စိစစ်၍ နမ့်ပုံးပုံးရပ်ကွက် အုပ်ချုပ်ရေးမှူးမှ သဘောထားမှတ်ချက်နှင့်အတူ ထောက်ခံပေးခြင်းသာ ဖြစ်ပါတယ်။

မဘိမ်းမြို့နယ်၊ နမ့်ပုံးပုံးရပ်ကွက်နေ ဒေါ်ခင်သီတာထွန်း၊ ဦးမြအောင်၊ ဦးမျိုးဝင်းညွန့်တို့မှ လျှောက်ထားမြေများဟာ ပြင်ဆင်ဖွဲ့စည်းထားတဲ့ ကုန်းမခံကျေးရွာအုပ်စုအတွင်း တည်ရှိ

သော်လည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဖွင့်လှစ်သည့် အမှုတွဲ၌ ၎င်းတို့(၃)ဦးလျှောက်ထားသည့် တည်နေရာပြုပုံတွင်လည်း နမ့်ပုံးပုံးရပ်ကွက်ဟု ဖော်ပြထားခြင်းကြောင့် နမ့်ပုံးပုံးရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ထောက်ခံချက်ပေးခြင်းသာ ဖြစ်ပါတယ်။

နမ့်ပုံးပုံးရပ်ကွက်နေ ဒေါ်ခင်သီတာထွန်းမှ (၁၁-၇-၂၀၁၇)ရက်နေ့မှာ ရာသီသီးနှံစိုက်မှု၊ စက်မှုကုန်ကြမ်းသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်ပင်စိုက်ပျိုးရန်အတွက် လုပ်ပိုင်ခွင့်လျှောက်လွှာ ပုံစံ(၁)ဖြင့် လျှောက်ထားခဲ့ရာ ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ရန် ပုံစံ(၆)ဖြင့် (၁-၁၀-၂၀၁၇) ရက်နေ့မှ(၃၁-၁၀-၂၀၁၇)ရက်နေ့ထိ ကန့်ကွက်စာအား နမ့်ပုံးပုံးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတို့၌ ကြော်ငြာကပ်ထားပေးခဲ့ပါတယ်။ နမ့်ပုံးပုံးရပ်ကွက်အုပ်ချုပ်ရေးမှူးမှ (၂၃-၁၀-၂၀၁၇)ရက်စွဲပါစာဖြင့် လျှောက်ထားသည့်မြေနှင့် ပတ်သက်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်ပေးခဲ့တာ ဖြစ်ပါတယ်။

လျှောက်ထားမြေနှင့်ပတ်သက်၍ ကန့်ကွက်လွှာ ကြော်ငြာစဉ်အတွင်း ဒေါ်လှမြိုင် (ဒေါ်ခင်ဝင်းဌေး၏မိခင်)မှ (၁၉-၁၀-၂၀၁၇)ရက်နေ့မှာ ကန့်ကွက်လွှာပေးပို့ထားပြီး (၁-၁၁-၂၀၁၇) ရက်နေ့မှာ ကန့်ကွက်သူအား ခေါ်ယူမေးမြန်းရာမှာ ကန့်ကွက်သူဒေါ်လှမြိုင်ကိုယ်တိုင် လာရောက်ခြင်းမရှိဘဲ သမီးဖြစ်သူဒေါ်ခင်ဝင်းဌေးမှ လာရောက်ခဲ့ကြောင်း၊ ဒေါ်လှမြိုင်၏ ကန့်ကွက်စာမှာ အထောက်အထားများပူးတွဲတင်ပြထားမှု မရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒေါ်ခင်သီတာထွန်း လျှောက်ထားသည့်အမှုတွဲအား ကန့်ကွက်မှုမရှိသဖြင့် နမ့်ပုံးပုံးရပ်ကွက်၊ ကွင်းပြင်ပ၊ ဇရိယာ(၅.၀၀)ဧကအား ဒေါ်ခင်သီတာထွန်းအမည်ဖြင့် ရာသီသီးနှံ စိုက်ပျိုးရန်အတွက် ရုံးပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ (၂-၄-၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၀၉၈/ မလရ/ ခွင့်ပြုမိန့်(၂၀၁၉)ဖြင့် ၂၀၁၉ ခုနှစ်မှ ၂၀၄၈ ခုနှစ်အထိ နှစ်ပေါင်း(၃၀)လုပ်ပိုင်ခွင့် အသုံးပြုခွင့် ချထားပေးခဲ့တာ ဖြစ်ပါတယ်။

ယင်းသို့ချထားပေးမှုနှင့်ပတ်သက်၍ ဒေါ်ခင်ဝင်းဌေးမှ (၂၉-၁၀-၂၀၁၉) ရက်စွဲပါ စာဖြင့် ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်သို့ တင်ပြတိုင်ကြားခဲ့ရာ တိုင်ကြားစာအပေါ်မှာ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း

အသိပေးပြန်ကြားပေးရန် (၁၀-၂-၂၀၂၀)ရက်စွဲပါ စာမှတ်၊ ၄/၂၂၀(က)(၅)(၄၉၅/၂၀၂၀)လဆ ဖြင့် ညွှန်ကြားလာသည့်အတိုင်း တိုင်ကြားသူကာယကံရှင်ထံ အသိပေးဆောင်ရွက်ပြီး ဖြစ်ပါတယ်။

ထို့အတူ နမ့်ပုံးပုံးရပ်ကွက်နေ ဦးမြအောင်နှင့် ဦးမျိုးဝင်းညွန့်တို့ဟာလည်း (၂-၄-၂၀၁၇) ရက်နေ့တွင် ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်ပင်စိုက်ပျိုးရန်အတွက် လုပ်ပိုင်ခွင့်လျှောက်လွှာပုံစံ(၁)ဖြင့် လျှောက်ထားခဲ့ရာ ကန့်ကွက်လိုသူရှိက ကန့်ကွက်ရန် ပုံစံ(၆)ဖြင့် (၃၀-၄-၂၀၁၈)ရက်နေ့မှ (၂၉-၅-၂၀၁၈) ရက်နေ့ထိ ကန့်ကွက်စာအား သက်ဆိုင်ရာ မြေတည်ရာအရပ် နမ့်ပုံးပုံးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတို့မှာ ကြော်ငြာကပ်ခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ကန့်ကွက်မှုမရှိသဖြင့် နမ့်ပုံးပုံးရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ဦးမြအောင်နှင့် ဦးမျိုးဝင်းညွန့်တို့(၂)ဦး၏ လျှောက်ထားခြင်းအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

နမ့်ပုံးပုံးရပ်ကွက်၊ ကွင်းပြင်ပ၊ ဧရိယာ(၁၅.၀၀)ဧကအား ဦးမြအောင်အမည်ဖြင့် ရာသီသီးနှံနှင့် နှစ်ရှည်ပင်စိုက်ပျိုးရန်အတွက် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ ၃၀-၅-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁၈၅/ မလရ/ ခွင့်ပြုမိန့်(၂၀၁၉)ဖြင့် လုပ်ပိုင်ခွင့်ပြုထားခြင်း ဖြစ်ပါတယ်။ နမ့်ပုံးပုံးရပ်ကွက်၊ ကွင်းပြင်ပ၊ ဧရိယာ(၁၅.၀၀)ဧကအား ဦးဝင်းညွန့်(ဦးမျိုးဝင်းညွန့်)အမည်ဖြင့် ရာသီသီးနှံနှင့် နှစ်ရှည်ပင်စိုက်ပျိုးရန်အတွက် ရှမ်းပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ကော်မတီ၏ ၃၀-၅-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁၈၆/မလရ/ခွင့်ပြုမိန့်(၂၀၁၉)ဖြင့် ၂၀၁၉ ခုနှစ်မှ ၂၀၄၈ ခုနှစ်အထိ နှစ်ပေါင်း(၃၀) လုပ်ပိုင်အသုံးပြုခွင့် ချထားပေးခဲ့တာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေါ်ခင်သီတာထွန်း၊ ဦးမြအောင်နှင့် ဦးမျိုးဝင်းညွန့်တို့ လျှောက်ထားသည့် မြေနေရာများဟာ အမှုတွဲတည်ဆောက်စဉ်က မြေကြီးမြေပုံစာရင်းအရ နမ့်ပုံးပုံးရပ်ကွက်ဟု ဖော်ပြထားခြင်းကြောင့် နမ့်ပုံးပုံးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံချက်ပေးခြင်းသည် ဥပဒေနှင့်ညီညွတ်ပါကြောင်းနှင့် အဆိုပါ(၃)ဦးနည်းတူ အခြားမည်သူမဆို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေကြီးမြေပုံ မှတ်တမ်းစာရင်းအရ ဖော်ပြလျှောက်ထားနိုင်ပါ

ကြောင်းနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည် ဖော်ဆောင်ရွက်နိုင်မှုမရှိပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေ ၂၂(ဂ)ဖြင့် ပြန်လည် သိမ်းယူသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရုမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရုမ်းပြည်နယ်ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ လွှတ်တော် ဒု-ဥက္ကဋ္ဌ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် တာဝန်ကျ လွှတ်တော်ရုံးဝန်ထမ်းများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး ဖြစ်ပါတယ်။ ယနေ့ ကျွန်တော့် အနေဖြင့် ရွာငံမြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စု၊ အင်းကြီးကျေးရွာတွင် အားကစားကွင်း ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာငံမြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စု အင်းကြီးကျေးရွာဟာ ရွာငံမြို့နှင့် (၈)မိုင်ခန့် ကွာဝေးလျက်ရှိပါတယ်။ အင်းကြီးကျေးရွာ၏ အနီးတဝိုက်တွင် တပင်ပျော်ကျေးရွာအုပ်စု၊ လင်းဝေးကျေးရွာအုပ်စု၊ ရေဦးကျောက်မြောင်း ကျေးရွာအုပ်စုတို့မှ ကျေးရွာ ၁၆ ရွာခန့်တည်ရှိနေထိုင်ကြပါတယ်။

၎င်းကျေးရွာအုပ်စုမှ လူငယ်မောင်မယ်များအတွက် အားကစားလုပ်ဆောင်ရန် အားကစားကွင်းကောင်းစွာလိုအပ်လျက်ရှိပါတယ်။ ပထဝီအနေအထားအရ တောင်ကုန်း တောင်တန်းများ ပေါများစွာတည်ရှိသော နယ်မြေဒေသဖြစ်သော်လည်း အင်းကြီးကျေးရွာ၌ အားကစားကွင်းဖော်ထုတ်ရန် မြေနေရာ တည်ရှိလျက်ရှိပါတယ်။ ထိုမြေနေရာအား ကျေးရွာ လူထုများမှ အားကစားကွင်းဖော်ထုတ်ရန် ကျေးရွာပိုင် အားကစားကွင်း၊ မြေနေရာအဖြစ် သတ်မှတ်ကာ မြေစာရင်းပုံစံ (၁၀၅)များ ရေးဆွဲခဲ့ကြပါတယ်။

ထိုအားကစားကွင်းဖော်ထုတ်ပေးမည်ဆိုပါက ၎င်းဒေသများရှိ ကျေးရွာလူငယ်များအတွက် အားကစားပြိုင်ပွဲများ ပြုလုပ်ပေးနိုင်မည်ဖြစ်သလို ၎င်းအနီးရှိ အင်းကြီးကျေးရွာအ.ထ.က၊ ရေဦးကျေးရွာ အ.ထ.က တို့မှ ကျောင်းသားလူငယ်မောင်မယ်များလည်း အားကစားပွဲတော်များပြုလုပ်နိုင်မည်ဖြစ်ပြီး၊ ၎င်းအနီးရှိ အ.မ.က ကျောင်းသား/ ကျောင်းသူများလည်း အားကစားများ ပြုလုပ်နိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် ရွာငံမြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စု၊ အင်းကြီးကျေးရွာတွင် အားကစားကွင်း ဖော်ထုတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင်ဖော်ထုတ်ပေးမည်၊ မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူများတောင်းဆိုချက်အရ ဒေသခံများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအေးမင်းစိုးရဲ့ ရွာငံမြို့နယ်၊ အင်းကြီးကျေးရွာ အားကစားကွင်း ဖော်ထုတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စုအတွင်းရှိ မြေနီကုန်းကျေးရွာ အားကစားကွင်း (၂၅၀×၁၅၀)ပေ၊ ညောင်ပင်ခွကျေးရွာ အားကစားကွင်း (၂၀၀×၃၀၀)ပေ၊ တောကျယ်ကျေးရွာ အားကစားကွင်း (၂၀၀×၃၀၀)ပေ စသည့် ကျေးရွာအားကစားကွင်း ဖော်ထုတ်ခြင်းလုပ်ငန်းများအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်းရန်ပုံငွေမှ စုစုပေါင်း ကျပ်(၁၅.၀၀)သန်းဖြင့်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ရွာငံမြို့ အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း (၂၈၀×၁၆၅)ပေ ဖော်ထုတ်ခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ်သန်း (၂၀.၀၀)ဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြို့အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း ဖော်ထုတ်ခြင်း (၃၆၀×၂၃၅)ပေအား ကျပ်သန်း(၂၀.၀၀)ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ စံချိန်မီအားကစားကွင်း (၁)ကွင်း ဖော်ထုတ်မည်ဆိုပါက အလျား ၃၇၀ ပေ၊ အနံ ၂၄၅ ပေ အနည်းဆုံးလိုအပ်မှာ ဖြစ်ပါတယ်။ သိမ်ကုန်းကျေးရွာအုပ်စု၊ အင်းကြီးကျေးရွာ အားကစားကွင်းအနေနဲ့ (၃၀၀×၂၀၀)ပေ ဖော်ထုတ်နိုင်တဲ့အတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်း ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်တွင် လွိုင်တန့်(ဟိုတန့်) ရေထွက်အပါအဝင် လွိုင်လင်တောင်ကြောတစ်လျှောက် ရေထွက်ဝန်းကျင် ရှိသစ်တောများ အတားအဆီးမဲ့ တောင်ယာခုတ်ထွင်နေခြင်းများနှင့် ပတ်သက်တဲ့ ကြယ်ပွင့်ပြေမေးခွန်းအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့ဟာ မြို့ပေါ်ရပ်ကွက်(၅)ခု၊ အိမ်ခြေ(၄၂၇၃) အိမ်၊ အိမ်ထောင်စု(၄၉၁၀)၊ လူဦးရေ ကျား(၁၂၆၇၃)ဦး၊ မ (၁၃၄၃၇)ဦး၊ စုစုပေါင်း လူဦးရေ (၂၆၁၀)ဦးတို့ ရှိပါတယ်။ မြို့ပေါ်ရပ်ကွက်(၅)ခုဟာ နမ့်စန်မြို့လယ်က ဖြတ်သန်းစီးဆင်း

နေတဲ့ နမ့်လတ်ချောင်းကို အမှီပြုပြီး သောက်သုံးရေကို သုံးစွဲနေကြရသက့ဲသို့ ချောင်းနဲ့ အလှမ်းဝေးတဲ့ရပ်ကွက်တွေမှာ အဝီစိတွင်းရေနဲ့ ရေသယ်ယာဉ်များဖြင့် ဝယ်ယူအသုံးပြုပြီး သောက်သုံးရေရရှိရေးဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

ဒီနမ့်လတ်ချောင်းနှင့်ပတ်သက်ပြီး မြို့ရေရရှိရေးအတွက် ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၊ ဆဋ္ဌမပုံမှန်အစည်းအဝေး၊ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတို့မှာ (၃)ကြိမ်တိုင်တိုင် ကြယ်ပွင့်ပြမေးခွန်းများကို မြို့ရေရရှိရေးအတွက် အခြေအနေအမျိုးမျိုးဖြင့် မေးမြန်းသက့ဲသို့ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လိပ်မူပြီး လွိုင်လင်(ဟိုတန့်)ရေထွက်မှ တောင်ပေါ်ရေကန်သို့ ရေသွယ်ယူနိုင်ရေး(၁၈.၉.၂၀၁၉)ရက်နေ့တွင် တင်ပြဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၅.၃.၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၄၄၂၀/၈-၂၁၁/အစရ(ရှမ်း)ဖြင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနသို့ (၁၉.၃.၂၀၂၀) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၂-၃/၂၀၂၀)၊ ဆုံးဖြတ်ချက်အပိုဒ် ၅(၂-ဂ)အရ စိတ်ဝင်စားမှုအဆိုပြုလွှာ ခေါ်ယူဆောင်ရွက်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးဌာနသို့ ညွှန်ကြားလာကြောင်း သိရှိရပါတယ်။

သို့ပါသော်လည်း လက်ရှိအခြေအနေမှာတော့ ရာသီဥတု၊ ရေမြေသဘာဝပြောင်းလဲမှု၊ လူသားတို့၏ အခြေအနေအရပ်ရပ်အရ နမ့်စန်မြို့နယ်ရေရရှိရေးအတွက် နမ့်လတ်ချောင်းရေသည်လည်းကောင်း၊ လွိုင်တန့်(ဟိုတန့်) ရေထွက်သည်လည်းကောင်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါတယ်။ နမ့်လတ်ချောင်း ချောင်းဖျားခံရာဒေသများဖြစ်တဲ့ လွိုင်လင်တောင်ကြောရှိရေထွက်များဟာလည်း တောင်ယာခုတ်ထွင်မှုများပြားမှုကြောင့် ရေထွက်အချို့ခမ်းခြောက်တိမ်ကောပြီး ရေထွက်နည်းပါးလာတာတွေ ဖြစ်ပေါ်လာပြီး ချောင်းများတိမ်ကောခမ်းခြောက်လာတာကို တွေ့ရပါတယ်။

နမ့်လတ်ချောင်းထဲကို စီးဝင်တဲ့ လွိုင်တန့်(ဟိုတန့်) ရေထွက်ဖက်သို့ တစ်ဖန်ကွင်းဆင်းစိစစ်တဲ့အခါမှာလည်း မူလရေထွက် (၂)ခုအနက် လက်ရှိရေသွယ်ရန် လျာထားတဲ့အောက်ရေထွက်ရဲ့ အပေါ်ဘက် ပေ(၃၀)အကွာမှာရှိတဲ့ ရေထွက်ဟာ ပြီးခဲ့တဲ့ ၂၀၁၉ နှစ်ဦးပိုင်းမှာပဲ လုံးဝခမ်းခြောက်ခဲ့ပြီး ယခုလျားထားတဲ့ရေထွက်ဟာလည်း ရေထွက်ဝန်းကျင်တောင်ကြောများမှာ တောင်ယာခုတ်ထွင်ခြင်း၊ ချဲ့ထွင်ခြင်းများ ယခုနှစ်ပိုင်း ပိုမိုများပြားလာခြင်းကြောင့်

ရေထွက်ပမာဏ နည်းပါးလာသကဲ့သို့ ရေထွက်ခမ်းခြောက်မှုအခြေအနေဟာလည်း အထူးပဲ စိုးရိမ်စရာဖြစ်ပေါ်လာပါတယ်။

အဲ့ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ နမ့်စန်မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီနဲ့ မြို့မိမြို့ဖများဟာ နမ့်စန်မြို့ရေရှိရေးအတွက် ဆက်လက်ရှာဖွေစိစစ်ရာမှာ နမ့်စန်မြို့ရဲ့မြောက်ဘက် (၄.၂၈)မိုင်ခန့်အကွာ လွိုင်ယဲကျေးရွာအုပ်စု၊ ကုန်းဟတ်ရွာရဲ့မြောက်ဘက် ချောင်းရိုးမျက်နှာပြင်မှ တောင်ကုန်းပေါ်သို့ အနိမ့်အမြင့်ကွာခြားချက်(၃၃၀)ပေ၊ အမြင့်တင်အကွာအဝေး ပေ(၃၈၀၀)ခန့်ကို ရေသွယ်ယူနိုင်မည့်အရင်းအမြစ် တစ်ခုကို ထပ်မံရှာဖွေတွေ့ရှိခဲ့ပါတယ်။ နမ့်တိန်းချောင်းမှ ရေသွယ်ယူပေးနိုင်ဖို့ ကြယ်ပွင့်မပြ မေးခွန်းအဖြစ်လည်း ထပ်မံတင်ပြထားပါတယ်။

ဒီအခြေအနေတွေဖြစ်ပေါ်မှုကို Power Point နှင့်တကွ တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကျွန်တော်တို့ နမ့်စန်မြို့နယ်ရဲ့မြေပုံဖြစ်ပါတယ်ခင်ဗျား။ နမ့်စန်မြို့ရဲ့ ကောင်းကင်မြေပုံနှင့် နမ့်လတ်ချောင်း မြေပုံဖြစ်ပါတယ်ခင်ဗျား။ ဒါကျွန်တော်တို့ မိုးရာသီမှာ လက်ရှိစီးဆင်းနေတဲ့ နမ့်လတ်ချောင်းရဲ့ ရေအနေအထားနှင့် ကျွန်တော်တို့ စည်ပင်သာယာရေးကော်မတီအပါအဝင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်တွေ မြေပြင်ကွင်းဆင်းပြီးတော့မှ ကြည့်ရှုတဲ့အနေအထားဖြစ်ပါတယ်။ ပြီးခဲ့တဲ့ (၁၅)ကြိမ်မြောက်ပုံမှန်းအစည်းအဝေးမှာတုန်းကလည်း ဒီဓါတ်ပုံကို ဒီအစည်းအဝေးခန်းမထဲမှာ Power Point နှင့်တကွ တင်ပြဖူးပါတယ်ခင်ဗျား။ ဒါကတော့ ယခုလက်ရှိ နမ့်လတ်ချောင်း စောစောကကျွန်တော်တို့ သွားကြည့်တဲ့ချောင်းရဲ့ အနေအထား ဖြစ်ပါတယ်။ လုံးဝရေခမ်းခြောက်ပြီးတော့ ဒါမိုးရာသီမှာ မိုးရွာလို့ကျတဲ့ရေကျန်လေးတွေနဲ့ ကျန်ရှိနေတဲ့ ချောင်းရဲ့အနေအထားဖြစ်ပါတယ်။ ဒါလည်း နမ့်လတ်ချောင်းရဲ့လက်ရှိအနေအထား ဖြစ်ပါတယ်။ ဒါကကျွန်တော်တို့ နမ့်လတ်ချောင်းကို စီးဆင်းနေတဲ့ နမ့်လတ်ချောင်းသွယ်ရဲ့အခြေအနေ လုံးဝခမ်းခြောက်တဲ့အနေအထားလေးကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ဟိုတန့်ရေထွက်ကနေပြီးတော့မှ ကျွန်တော်စောစောက တင်ပြခဲ့တဲ့ရေသွယ်ယူရေးကိစ္စနှင့်ပတ်သက်ပြီး နမ့်စန်မြို့နယ် စီမံခန့်ခွဲရေးကော်မတီရယ်၊ ပြီးရင် ကျွန်တော်တို့ စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူးရယ်၊ ပြီးရင်ကျွန်တော်တို့ ပြည်နယ်ကဖွဲ့စည်းပေးထားတဲ့ ညွှန်ကြားရေးမှူးအဖွဲ့အစည်းဝင် (၄)ဦးရယ်၊ ခရိုင်အဖွဲ့အစည်းတွေရယ် မြေပြင်ကွင်းဆင်းပြီး ကြည့်ရှုစိစစ်နေတဲ့အနေအထား ဖြစ်ပါတယ်။ ဒါတော့ဟိုတန့်ရေထွက်

ဖြစ်ပါတယ်။ ကျွန်တော်အခုတင်ပြတဲ့ ဟိုတန့်ရေထွက် ဖြစ်ပါတယ်။ ဒါဟိုတန့်ရေထွက်ရဲ့ လက်ရှိမြေနေရာဖြစ်ပြီးတော့ မြားပြထားတဲ့ထိပ်ကနေရာက ဟိုတန့်နေရာလေး အဲဒီနေရာလေး ကွက်ကွက်ကလေးပဲ ကျန်ပါတယ်။ ပတ်ဝန်းကျင်မှာတော့ တောတောင်တွေကတော့ မြင်တွေ့ရတဲ့အတိုင်းပဲ လုံးဝတောင်ကတုံးတွေဖြစ်ပြီးတော့ ဟိုးတောင်ထိပ်ထိတောင်မှ တောင်ယာတွေ ချဲ့ထွင်၊ ခုတ်ထွင်ရှင်းလင်းထားတဲ့ အနေအထားဖြစ်တဲ့အတွက် ဒီသစ်တော သဘာဝပတ်ဝန်းကျင်အခြေအနေက တော်တော်လေး ထိခိုက်စွာ ဆိုးရွားပျက်စီးလာတာ ဖြစ်တဲ့အတွက် ရေထွက်တွေပျက်စီးမှုအနေအထားလေး ဖြစ်ပေါ်လာတာ တွေ့ရပါတယ်။ ဒါလည်း ဟိုတန့်နေရာရဲ့ အနီးကပ်ဆုံးနေရာရှိတဲ့ တောင်ကြောပါ။ အဲ့ဟိုတန့်ရေထွက်ရဲ့ အနီးမှာမှ မီတာ(၂၀၀)ကျော်ကျော် အတွင်းမှာပဲရှိနေတဲ့ တောင်ကြောတစ်ခုကတော့ လုံးဝ အဲ့လိုမျိုးတောင်ကတုံးဖြစ်ပြီးတော့ ကျန်ရှိသွားတဲ့ အနေအထားလေးကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲ့လိုမျိုးအခြေအနေတွေ ဖြစ်တဲ့အတွက် ကျွန်တော်တို့ မြို့ရေရှုရှုရေးအတွက် အဘက်ဘက်ကနေပြီးတော့မှ ကြိုးပမ်းဆောင်ရွက်ဖို့ဆိုပြီးတော့ ရေသွယ်ယူနိုင်မယ့်နေရာကို ကျွန်တော်တို့ ထပ်မံရှာဖွေတဲ့အချိန်မှာ နမ့်တိန်းချောင်းကနေ တွေ့ရှိရတာဖြစ်ပါတယ်။ နမ့်တိန်းချောင်းကနေ နမ့်စန်မြို့ကို ပြန်သွယ်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ ထပ်ပြီးရှာယူရတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါကျွန်တော်တို့ နမ့်စန်မြို့ကို သွယ်ယူရမဲ့ အနေအထားနဲ့ လမ်းမိုင်အကွာအဝေးကို တင်ပြထားခြင်း ဖြစ်ပါတယ်။ ဒါကိုတော့ ကြယ်ပွင့်မပြမေးခွန်းနဲ့လည်း ကျွန်တော်ထပ်ပြီးတော့ မေးမြန်းထားပါတယ်။ ဒါကျွန်တော်တို့ သောက်သုံးရေရရှိရေးအတွက် မြေပြင်ကွင်းဆင်းတဲ့ အနေအထားဖြစ်ပါတယ်။ ဒါနမ့်တိန်းချောင်းဇရိယာ ဖြစ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ယခုလို နမ့်စန်မြို့ရဲ့သောက်သုံးရေအခက်အခဲဟာ မိုးရာသီအတွင်း မိုးရွာသွန်းနေချိန်မှ အပ ကျန်အချိန်များမှာဖြစ်တဲ့ ဆောင်းရာသီနှင့် နွေရာသီကာလများမှာ အခက်အခဲများစွာ ကြုံတွေ့နေရပြီ ဖြစ်ပါတယ်။ နမ့်စန်မြို့နေပြည်သူများက ငယ်စဉ်ကမြင်တွေ့နေရတဲ့ တစ်သွင်သွင်စီးဆင်းနေတဲ့ နမ့်လတ်ချောင်းဟာ အခုအချိန်မှာ အသက်ငင်နေပြီး အသက် ငွေ့ငွေ့သာကျန်တော့တယ်လို့ ဝမ်းနည်းဖွယ်ရာပြောဆိုလာကြပါတယ်။

သောက်သုံးရေရှားပါးမှုအခက်အခဲက မြို့တိုင်းမှာ ရှိနိုင်ပါတယ်။ ရှိနေကြလို့လည်း မြို့နယ်အသီးအသီးက ကျွန်တော်တို့လုပ်ဖော်ကိုင်ဖက် လွတ်တော်ကိုယ်စားလှယ်အသီးသီး

ကမေးခွန်း၊ အဆိုတွေနဲ့ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ကနေ တစ်ဆင့် သက်ဆိုင်ရာအစိုးရကို တင်ပြမေးမြန်းတောင်းခံနေကြတာဖြစ်ပါတယ်။

ကျွန်တော်လည်း ကျွန်တော့်နမ့်စန်မြို့က ဒေသခံပြည်သူလူထုတွေရဲ့အသံကို လွှတ်တော်ထဲမှာ ထပ်ဆင့်တင်ပြပြောပြချင်လို့ ဒီမေးခွန်းများကို တင်ပြရခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်စန်မြို့ သောက်သုံးရေရရှိရေးအတွက် ယခု (၁၉)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ မေးခွန်း(၄)ခုအထိ တင်ပြခဲ့သော်လည်း ယခင်အစည်းအဝေးများက ကြယ်ပွင့်ပြမေးခွန်းများနဲ့ ဆက်စပ်နေတာကြောင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၁ အပိုဒ်(ဃ)အရ သဘောထားတူညီတဲ့ မေးခွန်းများဖြစ်နေတဲ့အတွက် ကြယ်ပွင့်မပြမေးခွန်းအဖြစ်သာ မေးခွန်း(၃)ခုကို ပြောင်းလဲမေးမြန်းခဲ့တာ ဖြစ်ပါတယ်။

ယခုမေးမြန်းခွင့်ရတဲ့ မေးခွန်းကတော့ နမ့်စန်မြို့နယ်သောက်သုံးရေရရှိရေးအတွက် အားထားရတဲ့ နမ့်လတ်ချောင်းထဲကို စီးဆင်းစေတဲ့ လွိုင်တန့်(ဟိုတန့်) ရေထွက်အပါအဝင် လွိုင်လင်တောင်ကြောတစ်လျှောက်ရှိ ရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေထွက်တောဝန်းကျင်ရှိ သစ်တောများကို အတားအဆီးမဲ့ တောင်ယာခုတ်ထွင်နေမှုအား သက်ဆိုင်ရာပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက ကွင်းဆင်းစစ်ဆေးပညာပေး အရေးယူဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၉၇)၊ (၉၈)၊ (၁၀၅) အရ နမ့်စန်မြို့နယ်ရှိ ပြည်သူလူထုများကို ကိုယ်စားပြု၍ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည်စုံကြပါစေခင်ဗျား။

ဒေသအခေါ်ဟိုတန့်ရေထွက်နှင့် သုဝဏ္ဏသျှံရေထွက်တို့ဟာဆိုရင် နမ့်စန်မြို့နယ်ရဲ့ အရေးကြီးတဲ့ ရေထွက်တွေ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ သုဝဏ္ဏသျှံရေထွက်ဝန်းကျင်

မှာဒေသခံများ ထိန်းသိမ်းထားသည့် သစ်တောဧရိယာ အနည်းငယ် ကျန်ရှိခြင်းမှအပ ရေထွက်နှစ်ခုစလုံးရဲ့ ဆက်စပ်ဧရိယာများဟာ သစ်တောသစ်ပင်မရှိဘဲနဲ့ လွန်ခဲ့သည့် (၅)နှစ် အလွန် ကာလများကတည်းက ရွှေ့ပြောင်းတောင်ယာများ၊ အမြဲတမ်းယာမြေများ၊ လယ်မြေများ၊ စိုက်ပျိုးမြေများအဖြစ် တည်ရှိနေတာ ဖြစ်ပါတယ်။

လူဦးရေထူထပ်လာမှုနှင့်အတူ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအတွက် စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်းကနေတစ်ဆင့် မြစ်ချောင်းများအတွင်း၊ ရေထွက်များ အတွင်းမှာရှိတဲ့ရေတွေကို စိုက်ပျိုးရေးအတွက် သွယ်တန်းရယူအသုံးပြုခြင်းဟာလည်း ချောင်းရေများနည်းပါးစေခြင်းရဲ့ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်တာကို တွေ့ရပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ သဘာဝရေထွက်များ ရေရှည်တည်တံ့ရေးနှင့် ဒေသခံပြည်သူများအတွက် လိုအပ်တဲ့ သောက်သုံးရေ၊ စိုက်ပျိုးရေများ စဉ်ဆက်မပြတ် ထောက်ပံ့ပေးနိုင်ရေးအတွက် မြို့နယ်အဆင့် သဘာဝရေထွက်များ တည်နေရာရှာဖွေ မှတ်တမ်းတင်ရေး ကော်မတီများဖွဲ့စည်းပြီးတော့ သဘာဝရေထွက်များကို ရှာဖွေဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဟိုတန့်ရေထွက်ရဲ့ ရေဝေဧရိယာနှင့် ဆက်စပ်နေတဲ့ သစ်တောဧရိယာ (၆၄၁၃) ဧက ကိုတော့ ၁၉၉၉ ခုနှစ်မှာ နောင်တောင်းကြိုးဝိုင်းအဖြစ်လည်းကောင်း၊ သစ်တောဧရိယာ (၈၆၇၂)ဧကကိုတော့ ၂၀၀၅ ခုနှစ်မှာ လွိုင်လင်ကြိုးဝိုင်းအဖြစ် လည်းကောင်း ဖွဲ့စည်းခဲ့ပြီးတော့ သစ်တောဥပဒေဖြင့် ကာကွယ်ထားရှိပါတယ်။ အဆိုပါ ကြိုးဝိုင်းများအတွင်း သစ်ပင်ပေါက်ရောက်မှု ကျဲပါးတဲ့ နေရာများအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)ရဲ့အကူအညီနဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းကို ၂၀၁၇ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာမှာ နောင်တောင်းကြိုးဝိုင်းအတွင်းမှာ (၁၉၀၆)ဧက၊ လွိုင်လင်ကြိုးဝိုင်းအတွင်းမှာ (၂၅၄၄)ဧက၊ စုစုပေါင်း(၄၄၅၀)ဧက ဆောင်ရွက်ပြီးဖြစ်ပါတယ်။ သစ်တောနယ်မြေပြင်ပဖြစ်တဲ့ ရေထွက်များဝန်းကျင်မှာတော့ သစ်တောများ ပြန်လည်ဖြစ်ထွန်းနိုင်ရေးအတွက် သစ်တောဦးစီးဌာနနှင့် သံလွင်သစ္စာ (NGO) အဖွဲ့များ ပူးပေါင်းပြီးတော့ ကွင်းဆင်းစည်းရုံးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။

နမ့်စန်မြို့နယ်အတွင်း ရွှေ့ပြောင်းတောင်ယာ ပယောက်ရေးအတွက် အသိပညာပေးဆိုင်းဘုတ်များကို စိုက်ထူခဲ့ရာမှာ လက်ရှိမှာ (၈'×၄') ဆိုင်းဘုတ် (၅) ခု၊ (၃'×၂') ဆိုင်းဘုတ်

(၁၀)ခု စိုက်ထူပြီး ဖြစ်ပါတယ်။ ရေထွက်များဝန်းကျင်မှာရှိတဲ့ သဘာဝရေထွက်/ ရေထိန်းတောများနှင့် ဒေသခံများ ထိန်းသိမ်းထားတဲ့ သစ်တောဧရိယာတွေကို ရှုမ်းပြည်နယ်သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးဥပဒေ(၂၀၁၉ ခုနှစ်၊ ရှုမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်- ၅)နဲ့ ထိန်းသိမ်းသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျား။

လွိုင်လင်တောင်ကြောပေါ်မှာရှိတဲ့ သုဝဏ္ဏသျှံရေထွက် (ဒေသခေါ်ရေထွက်) ဧရိယာအတွင်းမှာတော့ (၁၅-၆-၂၀၁၉) ရက်နေ့မှာ နမ့်စန်မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်းပြီးတော့ မြေဧက(၄၀)မှာ ထောပတ်ပင် (၂၀၀၀) စိုက်ပျိုးပေးခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၀ ရက်နှင့် ၂၁ ရက်နေ့မှာတော့ အဆိုပါ ရေထွက်များနှင့်ဆက်စပ်တဲ့ လွိုင်လင်မြို့နယ်၊ လွိုင်လင်ကြိုးဝိုင်းအတွင်း သစ်ပင်မပေါက်တဲ့ တောင်ကတုံးများမှာ ကာကွယ်ရေးဦးစီးရုံးချုပ် (လေ)ရဲ့ အကူအညီနဲ့ ရဟတ်ယာဉ်များ အသုံးပြုပြီးတော့ ထင်းရှူး၊ ချယ်ရီ၊ စွယ်တော်၊ ရေသင်းဝင်း၊ မယ်ဇလီ၊ ဘောစကိုင်း၊ သပြေ၊ သစ်စေ့များနဲ့ပြုလုပ်ထားတဲ့ သစ်စေ့မြေလုံး (Seed Ball) (၁၅၀၀၀၀)ကို ကြဲချဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ရေထွက်ဝန်းကျင်နဲ့ အနီးအနားမှာရှိတဲ့ သီးနှံစိုက်ပျိုးမြေများမှာ သီးနှံသစ်တောရောနှောစနစ်ဖြင့်လည်းကောင်း၊ ရွှေ့ပြောင်းတောင်ယာများကိုတော့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းများအဖြစ်လည်းကောင်း၊ သစ်တောများ ပြန်လည်ဖုံးလွှမ်းလာစေရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဒေသခံများ၊ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းများ ပေါင်းစပ်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် မိုးရာသီအတွက်ကိုတော့ နမ့်စန်မြို့နယ်၊ ဟိုတန့်ရေထွက်အနီးဝန်းကျင်မှာရှိတဲ့ ရေထွက်ဧရိယာများမှာ မိုးရာသီနှစ်ရှည်သီးနှံပင်၊ စားပင်များ ပြန်လည်စိုက်ပျိုးသွားနိုင်ရေးအတွက် သစ်တောဦးစီးဌာနနှင့် ဒေသခံတောင်သူများ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်းမှာရှိတဲ့ ဟိုတန့်ရေထွက်အပါအဝင် လွိုင်လင်တောင်ကြော တစ်လျှောက်မှာရှိတဲ့ ရေထွက်တောဝန်းကျင်မှာ သစ်တောများကို အတားအဆီးမဲ့ တောင်ယာခုတ်ထွင်နေခြင်းအား သစ်တောဦးစီးဌာနရဲ့ တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)သို့ တက်ရောက်လာသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ မူလမြေပိုင်ရှင်များထံ အမှုပိတ်သိမ်းကြောင်း ပြန်ကြားလာမှုအပေါ် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီထံ မြို့နယ်/ ခရိုင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ တင်ပြလာသော မြေယာပြဿနာ ကိစ္စရပ်များကို စိစစ်ရာတွင် အထောက်အထားခိုင်လုံမှုမရှိဟုဆိုကာ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ကော်မတီသို့မြေယာအမှုများ ပိတ်သိမ်းစေသည်ကို လေ့လာတွေ့ရှိရပါတယ်။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ မူဝါဒတွင်ပါရှိသော အချက်အလက်များအရ အများကယုံကြည်လေးစားသူ ရပ်မိရပ်ဖမှ ထောက်ခံချက် ပါရှိပါက စဉ်းစားပေးရန်ဟု ပါရှိပါတယ်။

အောက်ခြေတွင် ကြားနာမှုနှင့် ကွင်းဆင်းခြင်းများပြုလုပ်ရာတွင် ဒေသခံလွှတ်တော် ကိုယ်စားလှယ်များမှ တစ်ချို့သော အမှုတွဲများကို မသိရှိရဘဲ လက်မှတ်ရေးထိုးချိန်တွင်သာ လက်မှတ်ရေးထိုးစေပြီး မြို့နယ်မှ ခရိုင်၊ ခရိုင်မှ ပြည်နယ်သို့ အဆင့်ဆင့် မြေယာအမှုများ တင်ပြနေသည်ကိုလည်း တွေ့ရှိရပါတယ်။

ဒေသခံတောင်သူလယ်သမားများမှာ ၎င်းတို့၏ လယ်ယာမြေများ အမှန်တကယ် သိမ်းဆည်းခံခဲ့ရပြီး တစ်ချို့သောကိစ္စရပ်များတွင် လယ်ယာမြေသိမ်းဆည်းထားသော အဖွဲ့အစည်းများမှလည်း အမှန်တကယ် သိမ်းဆည်းထားခဲ့ကြောင်း လေ့လာသုံးသပ်ရပါတယ်။ အရင်အစိုးရလက်ထက်တွင် ဒေသခံများမှ အသိပညာ အားနည်း၍သော်လည်းကောင်း၊ အစိုးရလုပ်ငန်းစဉ်များ၏ လုပ်ထုံးလုပ်နည်းကို မသိ၍သော်လည်းကောင်း၊ ဌာနမှဆောင်ရွက်နိုင်မှု အားနည်း၍သော်လည်းကောင်း၊ အထောက်အထားဖြစ်စေသည့် စာရွက်စာတမ်းများ ပြုလုပ်ရမည်ကို မသိရှိရဘဲ မိရိုးဖလာအတိုင်း ပြဿနာမရှိဟုယုံကြည်ကာ ရိုးသားစွာလုပ်ကိုင်နေထိုင်ခဲ့ကြပါတယ်။

သို့သော် ယခုခေတ်အချိန်တွင် သိမ်းဆည်းခံခဲ့ရသော လယ်ယာမြေများကို ပြန်လည်တောင်းဆိုတင်ပြရာတွင် သက်ဆိုင်ရာလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ လာရောက်တင်ပြသည်မှာ အများဆုံးဖြစ်ပါတယ်။ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ အမှုပိတ်သိမ်းသည်ဟု ပြန်လည်အကြောင်းကြားလာမှုအပေါ်တွင် နစ်နာသူများမှ မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို မသိရဘဲ နစ်နာပြီးရင်း နစ်နာနေသည်ကို တွေ့ရပါတယ်။ အောက်ခြေ ဒေသခံများသည် ထိုကော်မတီကို မျှော်လင့်ကြီးစွာ စောင့်မျှော်နေခဲ့ရပါတယ်။ ဥပမာ- ရှမ်းပြည်နယ် ကျောက်မဲခရိုင်အတွင်းမှာဆိုရင် အမှုပေါင်း (၆၆)မှုကို ပြန်လည်ပိတ်သိမ်းသွားမည်ဟုလည်း လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ဒေသခံများ တင်ပြလာသောမြေယာအမှုများနှင့် မြို့နယ်/ ခရိုင်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ တင်ပြခဲ့မှုနှင့်ပတ်သက်၍ ပြည်သူလူထု တောင်သူလယ်သမားများ နစ်နာမှုမရှိစေရန် မည်သို့ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုများကိုယ်စားကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းထွန်းဝင်း(ခ)စိုင်းနော်ခမ်း မေးမြန်းလာသည့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ မူလပိုင်ရှင်များထံ အမှုပိတ်သိမ်းကြောင်း ပြန်ကြားလာမှုနှင့်ပတ်သက်၍ ဒီမေးခွန်းနှင့်ပတ်သက်ပြီး အောက်ပါအတိုင်းရှင်းလင်းစွာ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေနဲ့ ဒေသခံပြည်သူများမှ တင်ပြလာတဲ့ သိမ်းဆည်းမြေယာကိစ္စ တိုင်ကြားစာများအပေါ် မြေ/ စစ်(ဗဟို)ကော်မတီမှ ချမှတ်ထားတဲ့ မူဝါဒ၊ လုပ်ငန်းစဉ် (၅၂)ချက်နှင့်အညီ စိစစ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိရာ ပိတ်သိမ်းခဲ့တဲ့ အမှုများနှင့် ပတ်သက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ (၆.၁၁.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် ၃၅(စ)မှာ "အဆင့်ဆင့်သော မြေ/ စစ်ကော်မတီများအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများကြောင့် နစ်နာမှုများကို ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ် (၅၂)ချက်နှင့်အညီ ဆောင်ရွက်ပြီး တွေ့ရှိချက်အား နစ်နာသူ(ကာယကံရှင်/ တိုင်ကြားသူ)၏ ဖြစ်စဉ်တင်ပြချက် မှန်ကန်မှု ရှိ/ မရှိနှင့် တင်ပြချက်မှန်ကန်ပါက သတ်မှတ်ချက်နှင့်အညီ မြေအစားထိုးပေးခြင်း၊ လျော်ကြေးနစ်နာကြေးငွေပေးခြင်းများဆောင်ရွက်ရန်၊ ချမှတ်ထားသည့်မူဝါဒ၊ လုပ်ငန်းစဉ်နှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ရမည့် အကြောင်းအရာမဟုတ်ပါက မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နစ်နာသူကာယကံရှင်အား ပွင်းလင်းမြင်သာစွာ ခေါ်ယူရှင်းလင်းဆောင်ရွက်ပြီးမှသာ အမှုတွဲများကို ဗဟို မြေ/ စစ်သို့ တင်ပြဆောင်ရွက်သွားရန်"ဟု ဆုံးဖြတ်ထားရှိပါတယ်။

ဒါကြောင့် ညွှန်ကြားချက်နှင့်အညီ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် အခြားဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ အခြားအဖွဲ့များမှ သိမ်းဆည်းခြင်းခံရသည့် လယ်ယာမြေများအား မူလပိုင်ရှင်များမှ ပြန်လည်တောင်းခံခဲ့သည့် တိုင်ကြားစာများအပေါ်

လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် ရပ်ကွက်/ ကျေးရွာအုပ်စု၊ မြို့နယ်/ ခရိုင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများမှ အဆင့်ဆင့် စိစစ်၍ မြေ/ စစ် မူဝါဒများနှင့်ကိုက်ညီမှု မရှိသောအမှုများကို တင်ပြသူ ကာယကံရှင်များအား အသိပေးရှင်းလင်းပြီးမှသာ အမှုပိတ်သိမ်းပြီး မြေသိမ်းဆည်းခံရမှုရှိကြောင်း မှန်ကန်မှုရှိပါက မူလတောင်သူများ နစ်နာမှုမရှိစေရေးအတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှ ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ် (၅၂)ချက်နှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် သိမ်းဆည်းခံရသည့် မြေမှာ အခြားဌာနအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများမှ စီမံကိန်းလုပ်ငန်းအသုံးပြုရန် ရယူထားပြီး မူလရယူစဉ်က မူလတောင်သူများအား နစ်နာကြေး၊ လျော်ကြေးပေးအပ်မှုမရှိဘဲ မြေရယူထားသည့် ကိစ္စရပ်များဖြစ်ပါက ပြည်နယ်မြေ/ စစ် ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအရ မူလတောင်သူသို့ ပြန်လည်စွန့်လွှတ်ပေးရန်နှင့် မြေရယူထားသည့်ဌာနမှ ဆက်လက်အသုံးပြုလိုပါကလည်း မြေယာလျော်ကြေး ပေးချေနိုင်ရေး မြေ/ စစ်(ဗဟို)ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သဘောထားတောင်းခံပြီး ဝန်ကြီးဌာနများ၏ သဘောထားပြန်ကြားချက်များအရ ဆောင်ရွက်ခြင်း၊ ကာယကံရှင်များအား အသိပေးရှင်းလင်းခြင်းများဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အမှုပိတ်သိမ်းကြောင်း ပြန်ကြားခဲ့တဲ့ မြေယာအမှုတွဲများဟာ အများအားဖြင့် သိမ်းဆည်းမြေဆိုင်ရာကိစ္စရပ်များ မဟုတ်ဘဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စတွေဖြစ်ခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများဖြစ်ခြင်း၊ သစ်တောဥပဒေအရ ဆောင်ရွက်ရမည့်ကိစ္စများဖြစ်ခြင်း၊ မြေသိမ်းဆည်းစဉ်အချိန်က လုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးပြတ်အောင်ဆောင်ရွက်ခဲ့၍ ပြန်လည်စွန့်လွှတ်မှုမရှိခြင်း၊ တင်ပြသူများမှ ပိုင်ဆိုင်မှုအထောက်အထားခိုင်မာစွာမရှိဘဲ တင်ပြသည့်ကိစ္စရပ်များဖြစ်ခြင်း၊ အချို့အမှုများမှာ ပုဂ္ဂလိကအချင်းချင်း မြေယာပိုင်ဆိုင်မှု အငြင်းပွားခြင်းဖြစ်၍ ဥပဒေကြောင်းအရ သက်ဆိုင်ရာ တရားရုံးတွင်သာ ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြတိုင်ကြားခြင်းများကြောင့် မူဝါဒ(၅၂)ချက်နှင့် ကိုက်ညီမှုမရှိသဖြင့် တင်ပြသူများကို ခေါ်ယူအသိပေးရှင်းလင်းပြီးမှသာ အမှုတွဲများကို

ပိတ်သိမ်းခြင်း ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဟန်လင်းထွန်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဗိုလ်ကြီးဟန်လင်းထွန်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် အကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဟန်လင်းထွန်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ တောင်ကြီးမြို့နယ်၊ အောင်သပြေ- အခြေခံပညာ အထက်တန်းကျောင်း၏ အလျား(၁၅၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၂၄)ပေ အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်သည် ၁၉၈၃ ခုနှစ်တွင် သစ်သားဆက်တိုင်များဖြင့် ဆောက်လုပ်ခဲ့သဖြင့် အပေါ်ထပ်အုတ်နံရံများဖောင်းကားလာကာ ကျောင်းဆောင်မှာလည်း နောက်ကျောဘက်သို့ အနည်းငယ်ယိုင်လာပြီး အန္တရာယ်ရှိလာသဖြင့် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အောင်သပြေ- အခြေခံပညာအထက်တန်းကျောင်းသည် တောင်ကြီးမြို့နယ်ရှိ အေးသာယာ၊ ရွှေညောင်- မိတ္ထီလာ ပြည်ထောင်စုလမ်းမကြီး၏ဘေး အောင်သပြေရပ်ကွက်နှင့် တစ်မိုင်ခန့်အကွာတွင် တည်ရှိပါတယ်။ ၁၉၅၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အောင်သပြေရပ်ကွက်၊ စဉ့်ဟယ်ရပ်ကွက်၊ ဆည်လဲရပ်ကွက်မှာရှိတဲ့ ကျောင်းသား/ ကျောင်းသူများအပြင် အမှတ်(၂၂၂)ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးတပ်ရင်း၊ အမှတ် (၉၅၆) ဆောက်လုပ်ရေး(အင်ဂျင်နီယာ)တပ်ခွဲနှင့် အမှတ်(၆၄၆) စစ်လက်နက်ပစ္စည်းတပ်ခွဲရှိတဲ့ ကျောင်းသား/ ကျောင်းသူများပါ တက်ရောက်လျက်ရှိသော ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်၌ တက်ရောက်ခဲ့သော ကျောင်းသား/ ကျောင်းသူဦးရေဟာ မူလတန်း(၂၅၆)ဦး၊ အလယ်တန်း(၂၉၆)ဦး၊ အထက်တန်း(၂၆၇)ဦးဖြစ်ပြီး စုစုပေါင်း ကျောင်းသား/ ကျောင်းသူဦးရေ(၈၁၉)ဦးခန့် တက်ရောက်ပညာသင်ကြားခဲ့တာ ဖြစ်ပါတယ်။

စုစုပေါင်းကျောင်းဆောင်(၉)ဆောင်ရှိပြီး စာသင်ခန်းအဖြစ် အသုံးပြုသောအခန်းပေါင်း (၂၉)ခန်းရှိပါတယ်။ လက်ရှိတက်ရောက်လျက်ရှိသော ကျောင်းသား/ ကျောင်းသူဦးရေအနေဖြင့် ကျောင်းဆောင်လုံလောက်မှုရှိသော်လည်း တင်ပြပါ အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်သည် (၁၉၈၃) ခုနှစ်ကတည်းက သစ်သားဆက်တိုင်များဖြင့် တည်ဆောက်ခဲ့ပြီး (၃၇)နှစ်တာကာလ ကြာမြင့်လာသဖြင့် ကျောင်းဆောင်၏ အပေါ်ထပ်အုတ်နံရံများ ဖောင်းကားလာ၍ ကျောင်းဆောင်မှာလည်း သစ်သားတိုင်အောက်ခြေများ ဆွေးမြေ့ပျက်စီးကာ အနည်းငယ် နောက်ကျောဘက်သို့ ယိမ်းယိုင်လာခြင်း၊ အပေါ်ထပ်ကြမ်းခင်းတန်းများ ဆွေးမြေ့နေခြင်း၊ တိုင်နှင့်အုတ်နံရံကြားတွင် ကွာဟနေပြီး ကျောင်းသား/ ကျောင်းသူများ ပညာသင်ကြားရေးအတွက် အမှန်တကယ်အန္တရာယ်ရှိနေပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျောင်းဆောင်ကတော့ ရှေ့တည့်တည့်ကနေ မြင်ရတဲ့ပုံဖြစ်ပါတယ်။ ကျောင်းရဲ့အနောက်ဘက်ခြမ်းကိုယိုင်နေတဲ့ပုံဖြစ်ပါတယ်။ ကျောင်းဆောင်အား ဘေးဘက်မှ မြင်ရတဲ့ပုံဖြစ်ပါတယ်။ သစ်သားဆက်တိုင်နှင့်အုတ်နံရံကြားမှာ ပျက်စီးမှုကို မြင်ရတဲ့ပုံဖြစ်ပါတယ်။ အောက်ခြေတိုင်များ ပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဆင့်တန်းများ ခြစားပြီးတော့ ပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ တိုင်နှင့် အုတ်နံရံကြား ကွာဟနေတဲ့ပုံဖြစ်ပါတယ်။ နံရံတွေပျက်စီး ပေါက်ပြဲနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ နံရံတွေပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဒါတော့ နံရံတွေပွပြီးတော့ ပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ အခန်းနံရံတွေ ပျက်စီးနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါတော့ ထုပ်တန်းတွေ ပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းကျောင်းဆောင်အား အသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အစီအစဉ် ရှိ/ မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိကြောင်းသိရှိလိုပါ၍ ကျောင်းသားမိဘများ၏ ကိုယ်စားဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဟန်လင်းထွန်းရဲ့ တောင်ကြီးမြို့နယ်၊ အောင်သပြေအခြေခံပညာအထက်တန်း ကျောင်း (၁၅၀× ၃၀)ပေ အုတ်ညှပ်နှစ်ထပ် ကျောင်းဆောင်အား အသစ်ပြန်လည်တည်ဆောက် နိုင်ရေး အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တောင်ကြီးမြို့နယ်၊ အောင်သပြေအခြေခံပညာအထက်တန်းကျောင်းဟာ (၅.၂၈)ဧက ရှိပြီး တပ်ပိုင်မြေ ဖြစ်ပါတယ်။ ကျောင်းဆောင်များအနေနဲ့ အဆောင်(၁) (၁၅၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်၊ အဆောင်(၂) (၁၃၀x၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင် စာသင်ခန်း(၆)ခန်း၊ အဆောင်(၃) (၉၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် စာသင်ဆောင် စာသင်ခန်း (၃)ခန်း၊ အဆောင်(၄) (၆၀x၂၂)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်စာသင်ဆောင်၊ အဆောင်(၅) (၉၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်၊ အဆောင်(၆) (၁၅၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်စာသင်ဆောင် စာသင်ခန်း(၅)ခန်း၊ အဆောင်(၇) (၉၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်စာသင်ဆောင် ဟောခန်း၊ အဆောင်(၈) (၁၄၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင် စာသင်ခန်း (၈)ခန်း၊ အဆောင်(၉) (၉၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် စာသင်ဆောင် စာသင်ခန်း(၃)ခန်းတို့ရှိပါတယ်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းသားဦးရေအနေနဲ့ KG (၅၀)ဦး၊ ပထမတန်း (၄၈)ဦး၊ ဒုတိယတန်း (၄၂) ဦး၊ တတိယတန်း (၆၃)ဦး၊ စတုတ္ထတန်း (၅၁)ဦး၊ မူလတန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၂၅၄)ဦးနှင့် တန်းခွဲ(၁၀)ခုရှိပါတယ်။ ပဉ္စမတန်း (၈၂)ဦး၊ ဆဋ္ဌမတန်း (၆၉)ဦး၊ သတ္တမတန်း (၆၉)ဦး၊ အဋ္ဌမတန်း (၇၅)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၂၉၅)ဦးနှင့် တန်းခွဲပေါင်း (၈)ခုရှိပါတယ်။ နဝမတန်း (၁၄၅)ဦး၊ ဒသမတန်း (၁၂၁)ဦး၊ အထက်တန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၂၆၆)ဦးနှင့် တန်းခွဲပေါင်း(၇)ခု ရှိပါတယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စုစုပေါင်း ကျောင်းသား/ ကျောင်းသူ (၈၁၅)ဦးရှိပြီး တန်းခွဲပေါင်း (၂၅)ခုရှိပြီး စာသင်ဆောင် အနေနဲ့လည်း စာသင်ဆောင်(၉)ဆောင်မှာ စာသင်ခန်း(၂၅)ခန်း အသုံးပြုလျက်ရှိပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (၁၅၀x၃၀)ပေ အဆောင်(၆)၊ အမှတ်(၆)အား အမိုးလဲခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်း၊ အခင်းပြုပြင်ခြင်း၊ တိုင်လဲခြင်း လုပ်ငန်းများအတွက် (၀၄-၀၂) ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေမှ ကျပ်(၉.၆)သန်း ခွဲဝေပေးခဲ့ရာမှာ ကျောင်းကော်မတီမှ (၂-၅-၂၀၂၀) ရက်နေ့မှစတင်ဆောင်ရွက်ခဲ့ပြီး (၂၆-၅-၂၀၂၀) ရက်နေ့မှာ အပြီးသတ် (၁၀၀%) ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ပါတယ်။

မေးခွန်းပါ အဆောင်(၁) (၁၅၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင်အား အသစ်တည်ဆောက်ရန်အတွက် ၂၀၂၁- ၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေမှ တောင်ကြီးမြို့နယ်ရဲ့ ခွဲဝေချက်အပေါ်မူတည်ပြီး မြို့နယ်ဦးစားပေး အစီအစဉ်အရ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းသွားမဲ့ မေးခွန်းကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်ရှိ ကျောက်ခေတ်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ပြဒါးလင်းဂူ(၁)နှင့် (၂)တို့အား မပျက်စီးအောင် မည်သို့ထိန်းသိမ်းစီမံဆောင်ရွက်ပေးနေကြောင်းနှင့် နိုင်ငံခြားသားခရီးသွားများနှင့် ပြည်တွင်းခရီးသွားပြည်သူများ စိတ်ဝင်စားစွာ သွားရောက်လေ့လာနိုင်အောင် မည်သို့စီမံဆောင်ရွက်ပေးမည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရုမ်းပြည်နယ်အစိုးရအား သဘောရိုးဖြင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုးညွှန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာအပေါင်းနဲ့

ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်ရှိ ကျောက်ခေတ် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ပြဒါးလင်းဂူ (၁) နှင့် (၂)တို့အား မပျက်စီးအောင် မည်သို့ထိန်းသိမ်း စီမံဆောင်ရွက်ပေးနေကြောင်းနှင့် နိုင်ငံခြားသားခရီးသွားများနှင့် ပြည်တွင်းခရီးသွားပြည်သူများ စိတ်ဝင်စားစွာ သွားရောက်လေ့လာနိုင်အောင် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်ရှိ ပန်းလောင်ပြဒါးလင်းဂူဒေသ ခရီးသွားမြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်နိုင်ရေးကိစ္စနှင့် ပတ်သက်၍ (၂၅-၈-၂၀၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၄-၈/၂၀၁၇) ဆုံးဖြတ်ချက်အပိုဒ် ၅(ဘ)အရ ပန်းလောင်ပြဒါးလင်းဂူဒေသ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းကို BOT စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၃၀-၈-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၀၄၀၈/၇-၂၁၂/အစရ(ရှမ်း)ဖြင့် တင်ပြခဲ့ရာ(၁-၁၁-၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သော စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ်(၁၈/၂၀၁၇)တွင် “ဆောင်ရွက်ရန်ခွင့်မပြုပါ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှဦးဆောင်၍ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်”ဟု ကောက်နုတ်ချက်ထားရှိတာ ဖြစ်ပါတယ်။

ပြဒါးလင်းဂူအမှတ်(၁)နှင့် အမှတ်(၂) ကျောက်ဂူနှစ်လုံးသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်တွင်း မြောက်လတ္တီတွဒ် ၂၁°၁၃' ၁၈.၉" နှင့် အရှေ့လောင်ဂျီတွဒ် ၉၆° ၃၄' ၃၈.၃" တွင် တည်ရှိပါသည်။ ၁၉၆၉ ခုနှစ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သော် ဦးဆောင်သောအဖွဲ့သည် “ပြဒါးလင်းဂူ”အား ကွင်းဆင်းလေ့လာပြီး တက္ကသိုလ်ပညာပဒေသာစာစောင်တွင် အများပြည်သူသိရှိလေ့လာနိုင်ရန် မှတ်တမ်းတင်ရေးသားခဲ့ပါတယ်။

၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ကျောက်ခေတ်အတွက် တန်ဖိုးမဖြတ်နိုင်သော ကျောက်နံရံပန်းချီများ တည်ရှိသောပြဒါးလင်းဂူ အမှတ်(၁)ကို အပြင်ဘက်မှကွေ့ဝိုက်၍ ကျောက်စိတ်တိုင်းကာရံထိန်းသိမ်းခြင်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်တွင်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၂)ဖြင့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသော ဇုန်အဖြစ် သတ်မှတ်ထိန်းသိမ်းခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှစတင်ပြီးတော့ ယခုချိန်ထိဝန်ထမ်း အင်အား(၂)ဦးခန့်ထားပြီး အချိန်ပြည့်တာဝန်ချထားကာ၊ ကာကွယ်ထိန်းသိမ်းစောင့်ရှောက် ရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ အခါအားလျော်စွာ ပြည်ပပညာ ရှင်များ၊ ပြည်တွင်းပညာရှင်များနှင့် ကျောက်နံရံပန်းချီများ၏ အခြေအနေအရပ်ရပ်ကို လေ့လာမှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနမှ ဝန်ကြီး၊ ဒုတိယ ဝန်ကြီးတို့ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါတယ်။ (၁၇.၁၂.၂၀၁၉) ရက်နေ့တွင် ဒုတိယ ဝန်ကြီး ဦးကြည်မင်းဦးဆောင်ကာ၊ ဒေါက်တာတိုးလှ ခေါင်းဆောင်သည့် ပညာရှင်အဖွဲ့သည် အသေးစိတ်ကွင်းဆင်းလေ့လာပြီး လိုအပ်သည်များ လမ်းညွှန်မှုပြုခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ်(၃.၀၀)သန်းဖြင့် လိုအပ်သော ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် (၈.၅)သန်းဖြင့် ပြဒါးလင်းဂူ အစောင့်နေအိမ်အသစ် ဆောက်လုပ်ခြင်းကို ဆောင်ရွက်နိုင်ရန် ရန်ပုံငွေတင်ပြထားပြီးဖြစ်ပါတယ်။ ၂.၄.၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၅/ ၇၇ - ၁/ ဦးဖ(၀၃၈၃)ဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးစီးအဖွဲ့ အလုပ်အမှုဆောင် ကော်မတီဝင်ကဥက္ကဋ္ဌနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြား ရေးမှူးက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သော “ပြဒါးလင်းဂူ ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီ”ကို ပြည်ထောင်စုဝန်ကြီးဌာန လမ်းညွှန်မှုနှင့်အညီ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြဒါးလင်းဂူအမှတ်(၁)နှင့် အမှတ်(၂)ဂူနှစ်လုံးကို ဥပဒေအရသော်လည်း ကောင်း၊ လက်တွေ့အခြေအနေအရသော်လည်းကောင်း၊ လိုအပ်သော ဘဏ္ဍာငွေဖြင့်သော် လည်းကောင်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနမှ တိုက်ရိုက်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ ဖြည့်စွက်ပြီးတော့ တင်ပြရမည်ဆိုလျှင် ဒါဟာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်ရိုက်တာဝန်ယူဆောင်ရွက်နေပါတယ်။ အမှန်တကယ်တော့ ကျွန်တော်တို့ဒေသ ခရီးသွား လုပ်ငန်းမြှင့်တင်ဖို့အတွက် နိုင်ငံတော်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်တဲ့ ဒုသမ္မတ(၂)ကလည်း ဒီနေရာကို အင်မတန်စိတ်ဝင်စားပါတယ်။ အဲ့တော့ ကျွန်တော်တို့

ရှမ်းပြည်နယ်အစိုးရအနေနဲ့ ၂၀၁၇ ခုနှစ်ကတည်းက ဒါကို ခရီးသွားလုပ်ငန်းအတွက် တင်ပြထားသော်လည်းပဲ ဆောင်ရွက်ခွင့်မပြုပါဆိုတဲ့ ဗဟိုစီးပွားကော်မတီကနေပြီးတော့ ညွှန်ကြားထားချက်ရှိပါတယ်။ သို့သော်လည်းပဲ လက်ရှိအခြေအနေအရ ဒီဟာကို ထပ်ပြီးတော့ ဒုတိယအကြိမ် ဒု-သမ္မတ(၂) အခုလာမည့်ခရီးစဉ်မှာ ကျွန်တော်တို့ဆက်လက် တင်ပြပြီး ကျွန်တော်တို့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆောင်ရွက်ဖို့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်အား ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်းကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ဟာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ အခုကျွန်တော် မေးမြန်းမဲ့မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ စိမ့်စမ်းရေသွယ်လုပ်ငန်းနှင့် ဆက်စပ်တဲ့ အမျိုးအစားအားလုံး စီစဉ်ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းပျဉ်းမြို့နယ်မှာဆိုရင် လက်ရှိအနေအထားအရ သောက်သုံးရေအခက်အခဲရှိတဲ့ ပန်ဝိုင်- ယမ်းခမ်း- ပန်နောင်လုံ ကျေးရွာအုပ်စုအတွင်းရှိ သောက်သုံးရေ အခက်အခဲကြုံတွေ့ရတဲ့ အောက်ဖော်ပြပါကျေးရွာများနှင့် ဆက်စပ်တဲ့ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြခြင်း ဖြစ်ပါတယ်-

(၁) ပန်နောင်လုံကျေးရွာအုပ်စု၊ မိုင်းမိကျေးရွာ၊ အိမ်ခြေ ၁၆ အိမ်၊ အိမ်ထောင်စု ၁၆ စု ၊ လူဦးရေ ၉၉ ဦး လိုအပ်ချက်က (၄) မိုင် အတွက်ရေပိုက်၊

(၂) ပန်နောင်လုံကျေးရွာအုပ်စု၊ ကြိုးဆာကျေးရွာ၊ အိမ်ခြေ ၂၈ အိမ်၊ အိမ်ထောင်စု လည်း ၂၈ စု၊ လူဦးရေ (၁၃၂) ဦး လိုအပ်ချက်က (၄)မိုင်အတွက် ရေပိုက်၊

(၃) ပန်ဝိုင်ကျေးရွာအုပ်စု၊ ပန်ပဲကျေးရွာ၊ အိမ်ခြေ ၄၄ အိမ်၊ အိမ်ထောင်စု ၄၄ စု လိုအပ်ချက်က (၂") ရေပိုက် (၈၀၀)၊ (၁")ရေပိုက်(၂၀၀)၊ ရေလှောင်ကန်(၁)လုံး၊

(၄) ပန်ဝိုင်ကျေးရွာအုပ်စု၊ မရှိုကြယ်ကျေးရွာ၊ အိမ်ခြေ ၆ အိမ်၊ အိမ်ထောင်စု ၆ စု၊ လူဦးရေ ၃၈ ဦး လိုအပ်ချက်က အလျား(၁၅)ပေ၊ အနံ(၁၅)ပေ ရေလှောင်ကန် (၁)လုံး၊

(၅) ပန်ဝိုင်ကျေးရွာအုပ်စု၊ လွယ်ပတ္တာကျေးရွာ၊ အိမ်ခြေ ၁၃ အိမ်၊ အိမ်ထောင်စု ၁၃ စု၊ လူဦးရေ(၁၁၂)ဦး လိုအပ်ချက်က အလျား(၁၅)ပေ၊ အနံ(၁၅)ပေ ရေလှောင်ကန် (၁)လုံး၊

(၆) ပန်ဝိုင်ကျေးရွာအုပ်စု၊ ဒူးလုံကျေးရွာ၊ အိမ်ခြေ ၈ အိမ်၊ အိမ်ထောင်စု ၈ စု၊ လူဦးရေ ၅၈ ဦး၊ အလျား(၁၅)ပေ၊ အနံ(၁၅)ပေ ရေလှောင်ကန်(၁)လုံး၊

(၇) ပန်ဝိုင်ကျေးရွာအုပ်စု၊ ပိန်းလုံကျေးရွာ၊ အိမ်ခြေ ၁၁ အိမ်၊ အိမ်ထောင်စု ၁၁ စု၊ လူဦးရေ ၆၈ ဦး၊ အလျား(၁၅)ပေ၊ အနံ(၁၅)ပေ ရေလှောင်ကန်(၁)လုံး၊

(၈) ပန်ဝိုင်ကျေးရွာအုပ်စု၊ စံပြ(လီဆူ)ကျေးရွာ၊ အိမ်ခြေ ၁၆ အိမ်၊ အိမ်ထောင်စု ၁၆ စု၊ လူဦးရေ ၈၃ ဦး၊ အလျား(၁၅)ပေ၊ အနံ(၁၅)ပေ ရေလှောင်ကန်(၁)လုံး၊

(၉) ပန်နောင်လုံကျေးရွာအုပ်စု၊ တုံဝမ်းကျေးရွာ၊ အိမ်ခြေ ၂၃ အိမ်၊ အိမ်ထောင်စု ၂၃ စု၊ လူဦးရေ ၁၄၉ ဦး၊ ဂါလန်(၃၀၀၀)ဆံ့ အုတ်ရေကန်(၁)လုံး၊

(၁၀) ပန်နောင်လုံကျေးရွာအုပ်စု၊ ဟွေတင်ကျေးရွာ(အာခါကျေးရွာ) ဖြစ်ပါတယ်။ အိမ်ခြေ ၁၅ အိမ်၊ အိမ်ထောင်စု ၁၅ စု၊ လူဦးရေ ၁၀၆ ဦး၊(၄)မိုင်အတွက်ရေပိုက်နဲ့ ဂါလန်(၃၀၀၀)ဆံ့ အုတ်ရေကန်(၁)လုံး၊

(၁၁) ပန်နောင်လုံကျေးရွာအုပ်စု၊ ဝမ်နောင်ကျေးရွာ၊ အိမ်ခြေ ၃၃ အိမ်၊ အိမ်ထောင်စု ၃၃ စု၊ လူဦးရေ ၁၉၀ ဦး လိုအပ်ချက်က (၄)မိုင် အတွက် ရေပိုက်၊ ဂါလန် (၃၀၀၀)ဆံ့ အုတ်ရေကန်၊

(၁၂) ယမ်းခမ်းကျေးရွာအုပ်စု၊ ဟိုယမ်း(ဝမ်ဆတ်)ကျေးရွာ၊ အိမ်ခြေ ၁၇ အိမ်၊ အိမ်ထောင် စု ၁၇ စု၊ လူဦးရေ ၉၅ ဦး လိုအပ်ချက် (၂)မိုင်(၄)ဖာလုံ အတွက် ရေပိုက်၊ အလျား (၁၀)ပေ၊ အနံ(၆)ပေ ရေကန်(၁)လုံး၊

(၁၃) ယမ်းခမ်းကျေးရွာအုပ်စု၊ နားလန်း(ကောင်းနိုင်း)ကျေးရွာ၊ အိမ်ခြေ ၃၀ အိမ်၊ အိမ်ထောင်စု ၃၀ စု၊ လူဦးရေ ၁၆၀ ဦး လိုအပ်ချက် (၂)မိုင်(၃)ဖာလုံ အတွက် ရေပိုက်၊ အလျား (၁၀)ပေ၊ အနံ(၆)ပေ ရေကန်(၁)လုံး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ ကျေးရွာအုပ်စုအတွင်းရှိ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရသော ဖော်ပြပါကျေးရွာများအား စိမ့်စမ်းရေသွယ်ရေးနှင့် ဆက်စပ်သည့်လုပ်ငန်း အမျိုးမျိုးတို့အား ဆောင်ရွက်ပေးနိုင်ရေးအတွက် ခွင့်ပြုဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်းပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမေးမြန်းတဲ့ ကျေးရွာ(၁၃)ရွာရဲ့ ရေရရှိမှု လိုအပ်ချက်များကို ရှင်းလင်းပေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာဖြစ်တဲ့ ပန်နောင်လုံကျေးရွာအုပ်စု၊ မိုင်းမိကျေးရွာဟာ လိုအပ်တာကတော့ ၂" PVC ပိုက် (၄/၀)မိုင် ဆောင်ရွက်ရန် လိုအပ်တယ်။ အဲ့ဒီအတွက် ငွေကျပ်သန်း (၃၀) ကုန်ကျမှာ ဖြစ်ပါတယ်။ ဒုတိယတစ်ခုဖြစ်တဲ့ ကြိုးဆာကျေးရွာဟာလည်း ၂" PVC ပိုက် ရေသွယ်ယူရန်အတွက် (၄/၀)မိုင် လိုအပ်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပန်ပဲကျေးရွာအုပ်စု ရေပိုက်သေးငယ်ခြင်းနှင့် ပျက်စီးနေခြင်းတို့ကြောင့် ရေထွက်အသစ်တစ်ခုကနေ (၂)မိုင် (၄)ဖာလုံ သွယ်ယူရန်အတွက် ရေပိုက်နှင့် ဂါလန်(၅၀၀၀) ဆံ့ရေလှောင်ကန်(၁)ကန် တည်ဆောက်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။

လွယ်လုံကျေးရွာအုပ်စု၊ မရှိကျယ်ကျေးရွာမှာလည်း သွယ်တန်းတဲ့ရေဟာ ရေပိုက်က တိုက်ရိုက်သွယ်တန်းတဲ့အတွက် အုတ်ရေကန်မရှိခြင်းကြောင့် ဂါလန်(၃၀၀၀)ဆံ့ အုတ်ရေကန် (၁)လုံး တည်ဆောက်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် လွယ်လုံကျေးရွာအုပ်စု၊ လွယ်ပတ္တာကျေးရွာဟာ သွယ်တန်းတဲ့ရေပိုက်ဟာ တိုက်ရိုက်သုံးစွဲထားတာဖြစ်တဲ့အတွက်

ရေသိုလှောင်ရန်အုတ်ရေကန်မရှိခြင်းကြောင့် ဂါလန်(၃၀၀၀)ဆံ့ အုတ်ရေကန်(၁)ကန် ဆောက်လုပ်ပေးရန်လိုအပ်မှာဖြစ်ပါတယ်။ လွယ်လုံကျေးရွာအုပ်စု၊ ဒူးလုံကျေးရွာမှာလည်း ရေကိုတိုက်ရိုက်သွယ်ယူသုံးစွဲခြင်းကြောင့် ဂါလန်(၃၀၀၀)ဆံ့ ရေကန်(၁)ကန် တည်ဆောက်ပေးရန်လိုအပ်မှာ ဖြစ်ပါတယ်။ လွယ်လုံကျေးရွာအုပ်စု၊ ပိန်းလုံကျေးရွာမှာ တိုက်ရိုက်သုံးစွဲခြင်းကြောင့် ရေသိုလှောင်ရန်အုတ်ရေကန် မရှိခြင်းကြောင့် ဂါလန်(၃၀၀၀)ဆံ့ အုတ်ရေကန် (၁)လုံး တည်ဆောက်ပေးဖို့အတွက် ငွေကျပ်(၃.၈)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ လွယ်လုံကျေးရွာအုပ်စု၊ စံပြ(လီဆူ)ကျေးရွာဟာလည်း ရေကိုတိုက်ရိုက်သွယ်တန်းသုံးစွဲခြင်းကြောင့် ရေသိုလှောင်ရန်အုတ်ရေကန်(၁)ကန် မရှိသဖြင့် ဂါလန်(၃၀၀၀)ဆံ့ အုတ်ရေကန် (၁)လုံး လိုအပ်မှာဖြစ်ပြီး ငွေကျပ်(၃.၈)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

ပန်နောင်လုံကျေးရွာအုပ်စု၊ တုံဝမ်းကျေးရွာဟာလည်း ကိုယ်ထူကိုယ်ထစနစ်ဖြင့်(၁/၂)" ပိုက် ရေသွယ်ထားခြင်းဟာ (၃/၀)မိုင်ရှိတဲ့အတွက် လက်ရှိရေထွက်နည်းပါးခြင်း၊ ရေပိုက်များသေးတာကြောင့် ရေလုံလောက်မှုမရှိသဖြင့် ရေထွက်သစ်ကနေ ၂" ပိုက်သစ်နဲ့ (၃/၀)မိုင်သွယ်တန်းပေးရမှာ ဖြစ်ပါတယ်။ ပန်နောင်လုံကျေးရွာအုပ်စု၊ ဟွေတင်းကျေးရွာမှာလည်း ၂" ပိုက် ရေသွယ်ယူခြင်း (၃/၀)မိုင်နှင့် ဂါလန်(၃၀၀၀)ဆံ့ အုတ်ရေကန်(၁)ကန် တည်ဆောက်ပေးရန် လိုအပ်ပြီး၊ ၄င်းအတွက် ငွေ(၃၅.၃)သန်း ကုန်ကျမှာဖြစ်ပါတယ်။ ဒါ့အပြင် ပန်နောင်လုံကျေးရွာအုပ်စု၊ ဝမ်နောင်ကျေးရွာမှာလည်း ရေပိုက်က လက်ရှိထွက်နေတဲ့ရေထွက်နည်းပြီး ရေပိုက်များသေးငယ်ခြင်းကြောင့် ရေမလုံလောက်သဖြင့် ရေထွက်သစ်ကနေ ၂" ပိုက် ရေသွယ်ယူခြင်း (၄/၀)မိုင်နှင့် ဂါလန်(၅၀၀၀)ဆံ့ အုတ်ရေကန်(၁)လုံး တည်ဆောက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။

ယမ်းခမ်းကျေးရွာအုပ်စု၊ ဟိုယမ်းကျေးရွာမှာလည်း ၂"ပိုက်နှင့်ချိတ်ဆက်ပြီး ၂"ပိုက် (၂)မိုင်(၄)ဖာလုံ ဆက်သွယ်ယူရမှာဖြစ်တယ်။ ရေပိုက်(၅၇၇)လုံးနှင့် ဂါလန်(၃၀၀၀)ဆံ့ အုတ်ရေကန်(၁)လုံး လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် ယမ်းခမ်းကျေးရွာအုပ်စု၊ ကောင်းလှိုင်းကျေးရွာဟာလည်း လက်ရှိရေထွက်အားနည်းပါးပြီး ရေပိုက်များသေးငယ်ခြင်းကြောင့် ရေမလုံလောက်သဖြင့် ၂" ပိုက်ရေသွယ်ယူခြင်း (၂)မိုင် (၃)ဖာလုံနှင့် ရေဂါလန် (၅၀၀၀)ဆံ့ အုတ်ရေကန်(၁)လုံး တည်ဆောက်ပေးရန်ဖြစ်ပြီး၊ ၄င်းအတွက် ငွေကျပ်(၂၄.၉၆၅)သန်း ကုန်ကျမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီနှစ်ဘတ်ဂျက်မှာ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ရေရရှိရေးလုပ်ငန်းအတွက် (၁)ဘီလီယံလျာထားတဲ့နေရာမှာ ပြီးခဲ့တဲ့ အစိုးရအဖွဲ့အစည်းအဝေးမှာ မြို့နယ်တိုင်းကို ရေရရှိရေးအတွက် တစ်မြို့နယ်ကို သိန်း(၂၀၀)စီ ခွဲဝေပေးဖို့ ဆုံးဖြတ်ပြီးဖြစ်ပါတယ်။ ဒါကြောင့် လွတ်တော်ကိုယ်စားလှယ်အနေနဲ့ မိမိကျေးရွာမှာရှိတဲ့ ကျေးရွာများကို ယခုရရှိမယ့် ရန်ပုံငွေကနေပြီးတော့ ဦးစားပေးအလိုက် လျာထားဆောင်ရွက်ပေးပါ။ ကျန်ရှိတဲ့ လုပ်ငန်းစဉ်များကို မိုင်းပျဉ်းမြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ ကိုယ်စားလှယ်တွေ သက်ဆိုင်ရာအလိုက် ဌာနများရေးဆွဲတင်ပြပြီး ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်အရ လျာထားတင်ပြသွားမယ်ဆိုရင် ရန်ပုံငွေပေါ်မူတည်ပြီး လုပ်ငန်းများအကောင်အထည်ဖော်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး၊ လွတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူဧည့်သည်များအားလုံး၊ လွတ်တော်ရုံးဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းမည့်မေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်း သဘာဝသယံဇာတတူးဖော်ရေး လုပ်ကွက်သစ်များချထားတဲ့နေရာမှာ ဒေသခံပြည်သူများနှင့် ဒေသခံလွတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့်သာ ပြည်နယ်အစိုးရမှ သဘောထားမှတ်ချက်ပေးရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံမှာဆိုရင် သဘာဝသယံဇာတ လွန်ကဲစွာထုတ်ယူမှုများကြောင့် ရေ၊ မြေ၊ တော၊ တောင်၊ မြစ်၊ ချောင်း၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု ပျက်စီးဆုတ်ယုတ်မှုနဲ့ အများဆုံးနိုင်ငံစာရင်းထဲမှာ ပါနေပါတယ်။

လက်ရှိကျွန်တော်တို့ ရှမ်းပြည်နယ်မှာဆိုရင် (၈.၂.၂၀၁၇)ရက်နေ့ လွှတ်တော်သို့ အစိုးရရဲ့တင်ပြချက်အရ အကြီးစားလုပ်ကွက်(၃၉)ကွက်နှင့် အသေးစားလုပ်ကွက် (၂၂၄) ကွက်၊ လက်လုပ်လက်စား(၁၂)ကွက်နှင့် စမ်းသပ်ခွင့်ပြု(၁၀၉)ကွက် ရှိနေတာကို လေ့လာ တွေ့ရှိရပါတယ်။ ယနေ့မှာဆိုရင် လွန်ခဲ့သော ၂၀၁၇ ခုနှစ်နှင့်ယှဉ်လျှင် ပိုပြီးတော့ အရေအတွက်များမယ်လို့ ကျွန်တော်တို့က ယုံကြည်ပါတယ်။

ရှမ်းပြည်နယ်အတွင်း သဘာဝသယံဇာတ သတ္တုတူးဖော်ရာမှာ တိကျကောင်းမွန်တဲ့ ဥပဒေတွေ မရှိသေးခြင်း၊ သတ္တုတူးဖော်သော သတ္တုရိုင်းများကို ကုန်ချောအဖြစ် ထပ်ဆင့် ထုတ်လုပ်နိုင်ရန် နည်းပညာမရှိသေးခြင်း၊ သတ်မှတ်စည်းကမ်းချက်များ မလိုက်နာနိုင်ခြင်း၊ ကြီးကြပ်မှုအားနည်းခြင်း၊ EIA, SIA ကိစ္စရပ်များ အလေးထားဆောင်ရွက်နိုင်မှုမရှိခြင်း၊ သတ္တု လုပ်ကွက်များ တူးဖော်နေသလောက် နိုင်ငံအတွက်၊ ပြည်နယ်အတွက်၊ ဒေသခံများအတွက် အကျိုးမရှိဘဲ သဘာဝသယံဇာတ သတ္တုတူးဖော်နေမှုများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုများ သာဒေသခံများ ပြန်လည်ခံစားနေရတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ထို့အပြင် သတ္တုလုပ်ကွက်သစ်များ ပတ်ဝန်းကျင်ပြည်သူများ သဘောထားမှတ်ချက် ယူရာတွင် ပွင့်လင်းမြင်သာမှု အားနည်းစွာဖြင့် တစ်ဖက်လှည့်ရယူခဲ့ခြင်းများကြောင့် လုပ်ငန်း များဆောင်ရွက်ချိန်မှာ အမှန်တကယ်နစ်နာသူများ ကန့်ကွက်နေမှုနှင့် ပြန်လည်ကြုံတွေ့နေ ရပါတယ်။ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်းဖြေရှင်းနေရသည် ကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မှာဆိုရင် ဟိန်းမေတ္တာ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းမှာဆိုရင် ပြည်ထောင်စု အစိုးရကော ခွင့်ပြုချက်ကျထားတဲ့ လုပ်ငန်းဖြစ်နေပါတယ်။ လုပ်ငန်းလည်း အကောင်အထည် ဖော်နေပါတယ်။ မိုင်းကိုင်ပြည်သူရဲ့ အမှန်တကယ်ခံစားထိခိုက်နေရတဲ့ လူထုများကန့်ကွက်မှု၊ ရဟန်းသံဃာတော်များရဲ့ ကန့်ကွက်မှုကြောင့် အခုဆိုရင် လုပ်ငန်းရပ်ဆိုင်းရပြီးတော့မှ အစိုးရ အဖွဲ့ဝင်များကော၊ လွှတ်တော်ရေးရာကော်မတီများကော ကွင်းဆင်းနေရတဲ့အနေအထားမှာ ရှိပါတယ်။ အမှန်တကယ်ဒါကိုပြန်လေ့လာကြည့်ရမယ်ဆိုရင် ကုမ္ပဏီများ၊ ဒေသခံများ သဘောတူညီမှု လက်မှတ်ယူတဲ့အချိန်မှာဆိုရင် အမှန်တကယ်ခံစားနေရသော ပြည်သူ မဟုတ်တဲ့သူများ၊ ၎င်းတို့နဲ့အဆင်ပြေသူများသာ လက်မှတ်ရေးထိုးခိုင်းပြီး အမှန်တကယ် ခံစားရမယ့်သူများ၊ ကန့်ကွက်နေသူများကို လက်မှတ်ရှောင်ကွင်းပြီးတော့မှ ဖုံးကွယ်ပြီးတော့

ထောက်ခံသလိုလိုနဲ့ အစိုးရဆီ ပြန်လည်တင်ပြနေတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်မို့ ဒါတွေဟာပြဿနာအကြီးအကျယ်ဖြစ်စေခဲ့တဲ့ သာဓကတစ်ခုဖြစ်ပါတယ်။ ထို့ကြောင့် အစိုးရကို ကျွန်တော်နမူနာတစ်ခုတင်ပြလိုတာကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ် ဝါးစိမ်းတောင်သတ္တုစမ်းသပ်တူးဖော်ရေးလုပ်ကွက်ကို ပြည်ထောင်စုအစိုးရကနေ တိုင်းဒေသကြီးအစိုးရကို သဘောထားမှတ်ချက်တောင်းခံရာမှာ တိုင်းဒေသကြီးအစိုးရက ဒေသခံပြည်သူများနဲ့ တွေ့ဆုံဖို့လိုအပ်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ သွားတွေ့တဲ့အချိန်မှာ လူထုကန့်ကွက်ချက်များကြောင့် တိုင်းဒေသကြီးအစိုးရထောက်ခံချက်ပေးရမယ့် အနေအထားကနေ ပြန်လည်ရုပ်သိမ်းပြီးတော့မှ ပြည်ထောင်စုအစိုးရကို သဘောထားမှတ်ချက်မပေးပါဘူး။ ဒါဟာ ပြည်သူလူထုအသံကိုနားထောင်တဲ့ တိုင်းဒေသကြီးအစိုးရအနေနဲ့ သိရှိရပါတယ်။ လေ့လာတွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း သဘာဝသယံဇာတ တူးဖော်ရေးလုပ်ကွက်သစ်များအတွက် ဒေသခံပြည်သူများနှင့် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့်သာ ပြည်နယ်အစိုးရမှ သဘောထားမှတ်ချက်ပေးရန်၊ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ရှမ်းပြည်နယ်ဓာတ်သတ္တုအသေးစား (သို့မဟုတ်) လက်လုပ်လက်စားလုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ကို (၁၈-၇-၂၀၁၈) ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ်(၂-၇/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် ၅(၁-ခ)အရ အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပါတယ်-

(က) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်ရေးဝန်ကြီး ဥက္ကဋ္ဌ
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ခ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဂ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်သစ်တောဦးစီးဌာန

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ဇ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
ပြည်နယ်သတ္တုတွင်းဦးစီးဌာန

ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ဟာ ပြည်ထောင်စုဝန်ကြီးဌာနမှ သဘောထားမှတ်ချက်တောင်းခံလာတဲ့ အလတ်စား၊ အကြီးစား စမ်းသပ်တိုင်းတာရန် လုပ်ကွက်များအား သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ခရိုင်ဓာတ်သတ္တုကြီးကြပ်ရေးအဖွဲ့တို့ရဲ့ စိစစ်ချက်များကို သယံဇာတစီမံခန့်ခွဲမှုကြီးကြပ်ရေး လုပ်ငန်းကော်မတီရဲ့ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ယူပြီး ပြည်ထောင်စုဝန်ကြီးဌာနသို့ သဘောထား မှတ်ချက်ပြန်ကြားပေးလျက်ရှိပါတယ်။ ခရိုင်ဓာတ်သတ္တုကြီးကြပ်ရေးအဖွဲ့မှာတော့ အထွေထွေအုပ်ချုပ်ရေးဦးစီး

ဌာန၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေး နှင့်စာရင်းအင်းဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့ ပါဝင်ပြီးတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ကွင်းဆင်းစစ်ဆေးတဲ့နေရာမှာ ဒေသခံများရဲ့သဘော ဆန္ဒများနှင့်အညီ သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်များနှင့်အတူ တင်ပြစေခြင်းဖြစ်ပါတယ်။

ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ဟာ ပြည်နယ်အတွင်း အသေးစားစမ်းသပ် တိုင်းတာရန်လျှောက်ထားလာတဲ့ လုပ်ကွက်များ၊ လက်လုပ်လက်စားထုတ်လုပ်ရန် လျှောက် ထားလာတဲ့ လုပ်ကွက်များအား ခရိုင်ဓာတ်သတ္တုကြီးကြပ်ရေးအဖွဲ့၊ သတ္တုတွင်းဦးစီးဌာနနှင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသို့ စိစစ်တင်ပြစေပါတယ်။ ခရိုင် ဓာတ်သတ္တုကြီးကြပ်ရေးအဖွဲ့မှ စိစစ်ချက်အနေနဲ့ ဒေသခံများအား အသိပေး၍ သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ထောက်ခံစာများရယူစေခြင်း၊ မြေပိုင်ဆိုင်မှု၊ မြေအမျိုး အစား အခြေအနေများနှင့် ပတ်ဝန်းကျင်ထိခိုက်နိုင်ခြင်း ရှိ/ မရှိ တို့အား ရှင်းလင်းတင်ပြစေ ခြင်း၊ သတ္တုတွင်းဦးစီးဌာနမှ စိစစ်ချက်အနေနဲ့ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့်အညီ လျှောက်ထားလာခြင်းရှိ/ မရှိ၊ လုပ်ကွက် ထပ်/ မထပ်နှင့် လုပ်ကွက်အတွင်း ပတ်ဝန်းကျင် အခြေအနေများ တင်ပြစေခြင်း၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ သတ်မှတ်ဧရိယာအတွင်း ကျရောက်မှုရှိ/ မရှိ၊ လျှောက်ထားသော ဓာတ်သတ္တုဖြစ်ထွန်း နိုင်ခြင်း ရှိ/ မရှိ တင်ပြစေခြင်း စသည့်အစီရင်ခံစာများ စုံလင်တဲ့အချိန်မှာ ပြည်နယ် သယံဇာတစီမံခန့်ခွဲမှုကြီးကြပ်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ ရှမ်းပြည် နယ်အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူပြီး လုပ်ကွက်ထပ်နေပါက သက်ဆိုင်ရာလျှောက်ထားသူသို့ အကြောင်းကြားပေးခြင်း၊ သတ်မှတ်ဧရိယာပြင်ပ ကြား ဧရိယာအတွင်း ကျရောက်ပါက ပြည်ထောင်စုဝန်ကြီးဌာနသို့ အသေးစား ဧရိယာသတ်မှတ် ပေးနိုင်ခြင်းရှိ/ မရှိ တင်ပြခြင်း၊ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အသေးစားစမ်းသပ် တိုင်းတာနှင့် လက်လုပ်လက်စားထုတ်လုပ်ရန် လုပ်ကွက်များချထားပေးခြင်းတို့ကို ဆောင် ရွက်လျက်ရှိနေပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (နေပြည်တော်)မှ ချထားပေးသော လုပ်ကွက်များ၊ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ ခွင့်ပြုချထားပေးသော လုပ်ကွက်များနှင့်ပတ်သက်၍ သဘာဝသယံဇာတများ စမ်းသပ်တိုင်းတာရာတွင် လည်းကောင်း၊ တူးဖော်ထုတ်လုပ်ရာတွင်လည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုမရှိစေဖို့ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်စေသလို ခွင့်ပြုမိန့် ရရှိသူတွေအနေနဲ့ (၂၉.၁၂.၂၀၁၅) ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၆၁၆/၂၀၁၅)နဲ့ ထုတ်ပြန်ထားတဲ့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)၊ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE)များ ရေးဆွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှတစ်ဆင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြစေပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ရရှိမှသာ လုပ်ကွက်များအား စမ်းသပ် တိုင်းတာအဆင့်မှ ထုတ်လုပ်မှုအဆင့်သို့ ကူးပြောင်းခြင်းကို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

အစီရင်ခံစာများရေးသားရာမှာ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ အတွက် လိုအပ်ချက်ဖြစ်တဲ့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အခန်း(၅)၊ အပိုဒ်ဖ(၃)(ဈ)တွင် “အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက် အလက်များ ဖော်ထုတ်တင်ပြခြင်း”ဟု ထည့်သွင်းဖော်ပြထားသည့်အတိုင်း အစီရင်ခံစာ ရေးသားတဲ့ ပုဂ္ဂိုလ်/ အဖွဲ့အစည်းတွေဟာ စီမံကိန်းလုပ်ငန်းအတွက် ဒေသခံများအား ချပြ ဆွေးနွေးချက်ပါဝင်တဲ့ အစီရင်ခံစာအား ပြည့်စုံစွာတင်ပြနိုင်မှသာ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (ECC) ထုတ်ပေးလျက်ရှိပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (နေပြည်တော်)မှ ရှမ်းပြည်နယ်အတွင်း ဓာတ်သတ္တုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်ပေးထားသော လက်ရှိခွင့်ပြုမိန့်များကတော့ အကြီးစားထုတ်လုပ်ရန် (၃၇) ကွက်၊ အလတ်စားထုတ်လုပ်ရန် (၄) ကွက်၊ အသေးစားထုတ်လုပ်ရန် (၂၃၁) ကွက်နှင့် အကြီးစားစမ်းသပ်တိုင်းတာ (၁၆) ကွက်၊ အသေးစားစမ်းသပ်တိုင်းတာ(၂၅)ကွက် စုစုပေါင်း (၃၁၃) ကွက်ရှိပြီးတော့ အသေးစားထုတ် လုပ်နှင့် စမ်းသပ်တိုင်းတာလုပ်ကွက်များကိုတော့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ

ထုတ်ပြန်ခဲ့တဲ့ မြန်မာ့သတ္တုတွင်းနည်းဥပဒေများအရ အလတ်စားလုပ်ကွက်များအဖြစ် ကူးပြောင်းဆဲဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ လက်ရှိထုတ်ပေး ထားသောခွင့်ပြုမိန့်များကတော့ အသေးစားစမ်းသပ်တိုင်းတာ(၇၁)ကွက်၊ လက်လုပ်လက်စား ထုတ်လုပ်ခြင်း (၅၁) ကွက် စုစုပေါင်း (၁၂၂)ခု ရှိသော်လည်း ၎င်းတို့အနက်မှာ အသေးစား စမ်းသပ် တိုင်းတာခွင့်ပြုမိန့် (၃) ခုမှာပြန်လည်အပ်နှံခဲ့ပြီးတော့ လက်လုပ်လက်စားထုတ်လုပ် ရန်ခွင့်ပြုမိန့် (၄၅) ခုကတော့ သက်တမ်း ကုန်ဆုံးပယ်ဖျက်ပြီးဖြစ်တဲ့အတွက် လက်ရှိထုတ် ပေးထားတဲ့ ခွင့်ပြုမိန့်ကတော့ စုစုပေါင်း(၇၄)ခု ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနှင့် ပတ်သက်ပြီးတော့ ပြည်နယ်အတွင်း သဘာဝသယံဇာတတူးဖော်ရေး လုပ်ကွက်အသစ်များအတွက် ပြည်ထောင်စုသို့ သဘောထား မှတ်ချက်ပြန်ကြားရာတွင်လည်းကောင်း၊ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ စိစစ် ချထားပေးရာတွင်လည်းကောင်း၊ ဒေသခံပြည်သူများနှင့် ဒေသခံ လွှတ်တော်ကိုယ်စားလှယ် များ၏ အခန်းကဏ္ဍနှင့် ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁)၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ (က)မှာ "နိုင်ငံတော်၏ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲ ခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်"ဟုဖော်ပြထားချက်နှင့် အညီ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီးတော့ ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ (၁၁.၇.၂၀၁၉) ရက်နေ့မှာ အမိန့်ကြော်ငြာ စာအမှတ် (၅၂/ ၂၀၁၉)ဖြင့် ထုတ်ပြန်ခဲ့တဲ့ မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ များအရ-

(က) နည်းဥပဒေများ အခန်း(၆)ပါ ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန်ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းတို့အတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ဂ)မှာ "ဓာတ်သတ္တုထွက်ရှိရာဒေသမှ ဒေသခံများအတွက် လူမှုရေးတာဝန်ယူဆောင်ရွက်မှုလုပ်ငန်း၊ အများပြည်သူများ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် အကြိုညှိနှိုင်းဆွေးနွေးခြင်းလုပ်ငန်းများ

ဆောင်ရွက်ရန်အတွက် ဒေသခံများနှင့် အကြိုညှိနှိုင်းဆွေးနွေးခြင်း၊ သဘော ထားရယူခြင်း” ဟုလည်းကောင်း၊

(ခ) နည်းဥပဒေများ အခန်း(၇)ပါ ဓာတ်သတ္တုအလတ်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းတို့အတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေ ၆၇၊ နည်းဥပဒေခွဲ (ဂ)မှာ“ဓာတ်သတ္တုထွက်ရှိရာဒေသမှ ဒေသခံများအတွက် လူမှုရေးတာဝန်ယူမှုဆောင်ရွက်မှုလုပ်ငန်း၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စား လှယ်များ၊ အများပြည်သူများနှင့် အကြိုညှိနှိုင်း ဆွေးနွေးခြင်း”ဟုလည်းကောင်း၊

(ဂ) နည်းဥပဒေများ အခန်း(၈)ပါ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန်ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းတို့အတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေ ၈၅၊ နည်းဥပဒေခွဲ (ဂ)မှာ “ဓာတ်သတ္တုထွက်ရှိရာဒေသအတွက် လူမှုရေး တာဝန်ယူမှုဆောင်ရွက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အများပြည်သူများ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် အကြိုညှိနှိုင်းဆွေးနွေးခြင်း”ဟု လည်းကောင်းဖော်ပြထားပါတယ်။

ဖော်ပြပါ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအရ လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့ဟာ လျှောက်ထား လာတဲ့ လျှောက်လွှာများကိုစိစစ်ဆောင်ရွက်နိုင်ရန် လျှောက်ထားသူ/ ကုမ္ပဏီ၏ကုန်ကျ စရိတ်ဖြင့် ဓာတ်သတ္တုထွက်ရှိရာဒေသမှ ဒေသခံများအတွက်လူမှုရေး တာဝန်ယူဆောင်ရွက်မှု လုပ်ငန်းများလို့ခေါ်တဲ့ (Co-operate Social Responsibility - CSR) ဆောင်ရွက်ချိန်တွင်မှ သာ ဒေသခံများနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြိုတင် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်စေနိုင်သည်ဟု ဖော်ပြထားကို တွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်း သဘာဝ သယံဇာတတူးဖော်ရေး လုပ်ကွက်သစ်များအတွက် ဒေသခံပြည်သူများနှင့် ဒေသခံလွှတ်တော် ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့်သာ ပြည်နယ်အစိုးရမှ သဘောထားမှတ်ချက် ပေးရန်မှာ မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများ၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်း မရှိသေးပါကြောင်းနှင့် ထိုသို့ပြဋ္ဌာန်းထား

ခြင်းများမရှိသော်လည်း လုပ်ကွက်အသစ်များလျှောက်ထားရာတွင် သက်ဆိုင်ရာ ကုမ္ပဏီ/ လူပုဂ္ဂိုလ်များအနေဖြင့် လျှောက်ထားဒေသရှိ ဒေသခံများနှင့် ကြိုတင်ဆွေးနွေးစေခြင်း၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် လိုအပ်သလို ကြိုတင်ဆွေးနွေးစေခြင်းများ ဆောင်ရွက်စေလျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ (၄)နှစ်တာကာလအတွင်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်မညီဘဲ ထုတ်ပေးထားသော မြေစာရင်းပုံစံ(၇)များနှင့် ထုတ်ပေးထားသူများကို မည်သို့ဖြေရှင်းအရေးယူဆောင်ရွက်လျက်ရှိသည်ကို သိရှိလို၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေကဏ္ဍနှင့် ပတ်သက်ပြီး ယခုလိုကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းကို ဦးစွာအကျဉ်းချုပ်အနေဖြင့် တင်ပြပါရစေ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၄)နှစ်သက်တမ်းကာလအတွင်း ပြည်နယ်သူ/ ပြည်နယ်သားများအနေဖြင့် ပြည်သူများမှ ရွေးကောက်တင်မြှောက်လိုက်တဲ့ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်အများစုဖြင့် ဖွဲ့စည်းထားတဲ့ ရှမ်းပြည်နယ်လွှတ်တော်ကို ယုံကြည်အားကိုးစွာဖြင့်ပေးပို့တဲ့တိုင်ကြားစာ အများအပြားလည်း လက်ခံရရှိခဲ့ပြီး မြေယာနှင့် ပတ်သက်တဲ့ အမှုတွဲအများဆုံးဖြစ်တာကိုလည်း စိစစ်တွေ့ရှိရပါတယ်။

ပြည်နယ်အတွင်းရှိ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် မြေသိမ်းမှုပြဿနာများကို လျင်မြန်စွာနဲ့ ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း

ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ (ဗဟို)ရဲ့ မူဝါဒ ၅၂ ချက် လုပ်ငန်းစဉ်များ ချမှတ်ပြီး သက်ဆိုင်ရာ ဒေသလွှတ်တော်ကိုယ်စားလှယ် အသီးသီးပါဝင်တဲ့ မြေ/ စစ် ကော်မတီအဆင့်ဆင့်တွင် ထည့်သွင်းဖွဲ့စည်းပြီး မူဝါဒလုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်မညီဘဲ သိမ်းဆည်းမြေယာများကိုလည်း ပြန်လည်ကွင်းဆင်း ဆောင်ရွက်မှုများကြောင့် ရှုံးပြည်နယ်လွှတ်တော်သို့ မြေယာပြဿနာအမှုတွဲများ တိုင်ကြားမှုလျော့နည်းသွားသော်လည်း ပြန်လည်စွန့်လွှတ်မြေများတွင် မူလတောင်သူမဟုတ်သည့် အခြားသူများမှ ပုံစံ (၇) ရယူထားမှုများ၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများ၊ သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဆုံးဖြတ်ချက်များသည် ဘက်လိုက်မှုရှိခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) များထပ်နေခြင်းစသည့် မြေယာပြဿနာများကို သက်ဆိုင်ရာလွှတ်တော်ရေးရာကော်မတီများသို့ ပြည်သူများမှတိုင်ကြားလာပြီး မြေပြင်ကို ကွင်းဆင်းစိစစ်ပေးဖို့ အမှုတွဲများမှ ပိုမိုများပြားလာတာကိုလည်း လက်ခံရရှိခဲ့ပါတယ်။

ဒုတိယအကြိမ် ရှုံးပြည်နယ်လွှတ်တော် သက်တမ်း ၂ နှစ်ကျော်ကာလမှ ယနေ့အချိန်အထိ တင်ပြပါ မြေယာပြဿနာအမှုတွဲများလည်း ပိုမိုများပြားလာသလို အစောကတင်ပြသလို အမှုတွဲများပိုမိုများပြားလာပြီး မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မြေယာမှုခင်းဖြစ်ပွားတဲ့အမှုတွဲများ မူမမှန်တဲ့ ပုံစံ (၇) ထုတ်ပေးထားခြင်းများနှင့် ဘက်လိုက်ဆုံးဖြတ်ချက်များအပေါ် ဒါဟာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်များဖြစ်ပြီး မိမိလွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပြုရေးအာဏာကိုသာ ရယူထားသူသာဖြစ်သည့်ကိုပြည်သူများမှ သိရှိနားလည်မှုအားနည်းတဲ့အပြင် လုပ်ပိုင်ခွင့်ရှိသူများဟုထင်မြင်ကာ အားကိုးတကြီးဖြင့် တင်ပြလာမှုများအပေါ် အဆိုပါမြေယာမှုခင်းပြဿနာများအပေါ် ပြည်သူများမှ နားလည်မှုလွဲမှားစွာဖြင့် မိမိတို့ကိုယ်စားလှယ်များအား တင်ပြတိုင်ကြားစာများအပေါ်မှာ လစ်လျူရှုထားသည်ဟုများ ထင်မြင်ယူဆသလို လွှတ်တော်ကိုယ်စားလှယ်များ ပေါ်မှာလည်း ပြန်လည်တိုင်ကြားမှုများလည်း ကြုံတွေ့နေရတဲ့ အခြေအနေမျိုးလည်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ရေးရာကော်မတီများအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်ဖြင့် တင်ပြတိုင်ကြားလာတဲ့ အမှုတွဲများကို မြေပြင်ကွင်းဆင်း စိစစ်မှုများပြုလုပ်ခဲ့ရာတွင်လည်း ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် မညီဘဲ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ရယူထားမှုများကိုလည်း တွေ့ရှိခဲ့ရသလို

ကျေးရွာဘုံပိုင်မြေနေရာများဆုံးရှုံးလာခြင်း၊ ရိုးသားတဲ့တောင်သူမြေများဆုံးရှုံးရပြီး မြေယာမှုခင်းဖွင့်လှစ်မှုများ စသည့်အခက်အခဲများနဲ့ ရင်ဆိုင်နေကြရတာကိုလည်း သိရှိခဲ့ရပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့် ထုတ်ယူထားသူများမှလည်း စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ယူပြီး မြေပြင်တွင်အမှန်တကယ်စိုက်ပျိုးမှုမရှိခြင်း၊ မြေကိုလက်ဦးမှုရယူပြီး မြေကိုစျေးကစားလိုခြင်းကြောင့် မြေကိုအမှန်တကယ်အကောင်အထည်မဖော်ထားခြင်း၊ ပုံစံ(၇)ရယူထားသူများမှာလည်း မြေပြင်ပေါ်တွင် အကွက်စိတ်ရောင်းချလိုမှုများ ပိုမိုများပြားလာတာဟာလည်း လယ်ယာမြေများပေါ်တွင် ခြံတိုင်များ၊ သွပ်ဆူးကြိုးများကာရံပြီး မြေပေါ်မှာ ဘာမှအကောင်အထည်မဖော်ဘဲနဲ့ ဒီလိုအများအပြားတွေ့ရှိနေရတာဟာလည်း ပြည်နယ်နေရာအနှံ့အပြားမှာ တွေ့မြင်နေရတာဟာ သက်သေပဲဖြစ်ပါတယ်။ ထိုသို့လယ်ယာမြေ ဆုံးရှုံးလာမှုများဟာလည်း တဖြည်းဖြည်းနဲ့ ပိုမိုများပြားလာမှုများဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တာနှင့်အညီ မြေပြင်မှာအမှန်တကယ်စိုက်ပျိုးထုတ်လုပ်တဲ့ အမှန်တကယ်စာရင်းကိုရရှိမှသာ (GDP) တွက်ချက်မှုအရအလျောက်လည်းကောင်း၊ လယ်ယာထုတ်လုပ်မှုတန်ဖိုးမှာ တကယ်စိုက်ပျိုးနေတဲ့ လယ်ယာမြေများကို သေချာအောင်တန်ဖိုးရှိအောင် ချန်လှပ်ထားနိုင်မှသာ ကျေးလက်နေ ပြည်သူများရဲ့ လူနေမှုဘဝများ မြင့်မားရေးဟာလည်း တိုက်ရိုက်ဆက်စပ်မှုရှိတယ်ဆိုတာ လည်း သက်ဆိုင်ရာများအနေဖြင့်လည်း ဂရုပြုသင့်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း တောင်သူလုပ်ကွက်များ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ထုတ်ပေးနိုင်ရေးအတွက် နှစ်စဉ်စီမံချက်များရေးဆွဲပြီး ပိုမိုဆောင်ရွက်ပေးသလို လယ်ယာမြေ၊ ကုန်းမြင့်လယ်ယာမြေ၊ စက်မှုလယ်ယာမြေ ကုန်ထုတ်ဖော်ခြင်းများလည်း (၁)နှစ်ပြီး (၁)နှစ် တိုးတက်ပြီးမှ တောင်သူများအတွက် ပိုမိုထုတ်ပေးတာကိုလည်း အသိအမှတ်ပြုရမှာဖြစ်သလို တောင်သူများကိုယ်စားလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ တစ်ဖက်မှာလည်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့် မညီဘဲထုတ်ပေးထားတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) များကို ပယ်ဖျက်ခြင်းများနှင့်အရေးယူဆောင်ရွက်နေမှုများ ကိုလည်း သိရှိရပါတယ်။ သို့ပါသောကြောင့် ကြယ်ပွင့်ပြမေးခွန်းအနေဖြင့် -

(က) ပြည်နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ပိုင်ဆိုင်မှုအငြင်းပွားကိစ္စ မြေယာအမှုတွဲမည်မျှရှိပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊

(ခ) မြေယာပြဿနာအမှုတွဲ အများဆုံးဖြစ်သည့် မြို့နယ်၊

(ဂ) ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်မညီဘဲ ပုံစံ (၇) မည်မျှ ပယ်ဖျက်ထားပါသနည်း၊

(ဃ) ပုံစံ (၇) လွဲမှားထုတ်ပေးမှုများကြောင့် အရေးယူခံထားရသောဝန်ထမ်း မည်မျှ ရှိပြီး၊ အမှုတွဲစိစစ်ဆဲဟာ မည်မျှရှိသည်ကို သိရှိလိုပါ၍ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရုမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မေးမြန်းတဲ့ ရုမ်းပြည်နယ်အစိုးရအဖွဲ့၏ (၄)နှစ်တာကာလအတွင်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်မညီဘဲ ထုတ်ပေးထားသော လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)များနှင့် ထုတ်ပေးထားသူများကို မည်သို့ဖြေရှင်းအရေးယူဆောင်ရွက်လျက်ရှိသည်ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မေးမြန်းတဲ့အပေါ်မှာ အချက်(၄)ချက်အလိုက်ကို ရှင်းလင်းစွာ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပထမအချက်ဖြစ်တဲ့ ပြည်နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ပိုင်ဆိုင်မှုအငြင်းပွားမှု အမှုတွဲမည်မျှရှိပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သိရှိလိုသည့် မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်တို့ ရုမ်းပြည်နယ်အတွင်းမှာ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု ဖြေရှင်းခြင်း၊ အယူခံခြင်းနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ အခန်း(၈)မှာ ပြဋ္ဌာန်းထားရှိပြီး ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံသည့်အမှု(၁၀၈)မှုရှိရာမှာ ဖြေရှင်းပြီးအမှုပေါင်း(၇၆)မှုရှိပါတယ်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံသည့်အမှုပေါင်း(၆၇)မှုရှိရာ ဖြေရှင်းပြီးအမှုပေါင်း(၂၇)မှုရှိပါတယ်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်၍ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံသည့်အမှုပေါင်း(၅၆)မှုရှိရာ ဖြေရှင်းပြီးအမှု

ပေါင်း(၃၅)မှ ဖြစ်ပါတယ်။ ကျန်ရှိသည့် အမှုတွဲများကိုလည်း သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ မည်သည့်မြို့နယ်တွေမှာ မြေယာပြဿနာ အမှုတွဲအများဆုံး ဖြစ်သနည်းဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု ဖြေရှင်းခြင်း၊ အယူခံခြင်းနှင့်ပတ်သက်၍ လားရှိုးမြို့နယ်တွင် မြေယာပြဿနာအမှုတွဲ အများဆုံးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး တတိယအချက်ဖြစ်တဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့် မညီသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) မည်မျှပယ်ဖျက်ထားပြီး ဖြစ်ပါသနည်းဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ရပ်ကွက်/ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ရှမ်းပြည်နယ်အတွင်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့် မညီသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) များကို တောင်ကြီးခရိုင်အတွင်း ရပ်စောက်မြို့နယ်တွင် (၂)ခု၊ ဖယ်ခုံမြို့နယ်တွင် (၅)ခုနှင့် လွိုင်လင်ခရိုင်အတွင်း လွိုင်လင်မြို့နယ်တွင်(၁၃)ခု၊ စုစုပေါင်း(၂၀)ခုကို ပယ်ဖျက်ထားရှိပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) လွဲမှားထုတ်ပေးမှုကြောင့် အရေးယူခံရသည့်ဝန်ထမ်း မည်မျှရှိပြီး၊ အမှုတွဲစိစစ်ဆဲ မည်မျှရှိသည်ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ (၇) လွဲမှားထုတ်ပေးမှုများကြောင့် အရေးယူခံရသော ဝန်ထမ်းများအနေဖြင့် တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်တွင် မြေတိုင်း-၅ (၁)ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ထပ်၍ ထုတ်ပေးထားမှုကြောင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၏ (၁၀-၁-၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၀၄၅၀/ ၂ လ- ၆ ဖြင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။

ဒါ့အပြင် ရပ်စောက်မြို့နယ်၊ အမှတ်(၃၅၃)အမြောက်တပ်ရင်းမှ မစွန့်လွှတ်မီ တပ်မြေဧရိယာအတွင်း မြေစာရင်းပုံစံ(၁၀၅)နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ထုတ်ပေးထားမှုကြောင့် ဒု-ဦးစီးမှူး(၁)ဦးအား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၏ (၁၅-၅-၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၅၈၉၈/ ၂ လ- ၆ ဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၁၀(ဃ)အရ(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) လစာနှုန်းအတွင်း လက်ရှိထုတ်ယူ

သည့် လစာ(၂၂၆၀၀၀) မှ အနိမ့်ဆုံးလစာ (၂၁၆၀၀၀)သို့ (၁)နှစ် လျော့ချခြင်း ပြစ်ဒဏ်များ ချမှတ်ခဲ့ပါကြောင်းနှင့် လက်ထောက်ဦးစီးမှူး(၁)ဦးအား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)၏ (၁၅-၅-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၅၉၀၀/ ၂ လ- ၆ ဖြင့် ရာထူးတိုးမြှင့်ခန့်ထားရန် အလှည့်ကျရောက်သည့် အချိန်မှစ၍ ရာထူးတိုးမြှင့်ခြင်းကို(၂)နှစ်ရပ်ဆိုင်းသည့် ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။

ရပ်စောက်မြို့နယ်၊ အင်တောမြို့မှာလည်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ထုတ်ပေးရာမှာ စာရင်းမြေပုံနှင့် မြေပြင်ကွင်းဆင်းတိုက်ဆိုင်စိစစ်မှု မရှိသည့်အတွက် ဒု-ဦးစီးမှူး (၁)ဦးအား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၏ (၁၅-၅-၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၅၈၉၉/ ၁ လ- ၅ ဖြင့် ရာထူးတိုးမြှင့်ပေးရန် အလှည့်ကျရောက်သည့်အချိန်မှစ၍ ရာထူးတိုးမြှင့်ခြင်းကို(၁)နှစ်ရပ်ဆိုင်းခြင်း ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။

ဒါ့အပြင် မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) လွဲမှားထုတ်ပေးမှုကြောင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)၏ (၃-၁-၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၀၁၂၃/ ၂ လ-၆ ဖြင့် မြို့နယ်ဦးစီးမှူးနှင့် မြေတိုင်း(၄) တစ်ဦးတို့အား ရာထူးအဆင့်လျော့ချခြင်းများ အရေးယူဆောင်ရွက်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) လွဲမှားထုတ်ပေးမှုများကြောင့် အရေးယူခံရသော ဝန်ထမ်း(၆)ဦးရှိပြီး အမှုတွဲအရေအတွက် (၄)တွဲ ရှိပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(ပထမနေ့)မှာ ရုမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရုမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကိုယ်စားလှယ် (၂)ဦးက အမည်စာရင်းပေးပို့ထားပါတယ်။ ပထမဦးစွာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ဟာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ရုမ်းပြည်နယ် အစိုးရအဖွဲ့ကတင်သွင်းထားတဲ့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအား စိစစ်သုံးသပ်အကြံပြု ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရုမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေအား တောင်းခံသည့်ဌာနပေါင်း (၁၉) ခုအတွက် စိစစ်ခွင့်ပြုပေးလိုက်တာက သာမန်အသုံးစရိတ်က ကျပ် ၂,၆၄၃.၈၈၀ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်က ကျပ် ၈,၆၁၉.၈၅၉ သန်း၊ စုစုပေါင်း ကျပ် ၁၁,၂၆၃.၇၃၉သန်း ဖြစ်ပါတယ်။ အဲ့ဒီအထဲမှနေပြီးတော့ ထုတ်နုတ်ပြီးတော့ စိစစ်သုံးသပ်သွားမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဦးစွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ လင်းခေးခရိုင်ရဲ့ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအရ လုပ်ငန်း (၁၂) ခုရှိရာ မောက်မယ်က (၁) ခု၊ မိုးနဲက (၁) ခုနှင့် ဟိုမိန်းမြို့က (၁၀) ခု ခွင့်ပြုပေးထားပါတယ်။ လုပ်ငန်း (၁၂) ခု အတွက် ခွင့်ပြုငွေက ကျပ်သန်းပေါင်း ၅၁၆.၆၆၉ သန်း အနက် ဟိုမိန်းမြို့အား ကျပ်သန်း ၄၉၂.၈၄၃ သန်း ခွင့်ပြုပေးထားရှိပါတယ်။ တကယ်တမ်းကျတော့ လင်းခေးခရိုင်ဆိုပြီးတော့ မြို့ပေါင်း(၅၀)မှာ (၁)ခု ကျသွားပါတယ်။ ကျိုင်းတောင်းမြို့အပါအဝင်ဆိုရင် (၆)ခု လောက်ရှိပါလိမ့်မယ်။ တကယ်တမ်း ဖြစ်သင့်ဖြစ်ထိုက်တာကတော့ ခွင့်ပြုလိုက်တဲ့ တိုးချဲ့တဲ့လုပ်ငန်းဆိုလျှင် မြို့နယ်(၆)ခု၊ မြို့နယ်အားလုံးအတွက် မျှတ၊ ညီမျှစွာဖြင့် သုံးစွဲဖို့လိုအပ်လိမ့်မယ်လို့ထင်ပါတယ်။ ပြည်သူလူထုကလည်း လင်းခေးခရိုင်ဆိုပြီးတော့နေတဲ့ ပြည်သူလူထုကလည်း လျှပ်စစ်မီးဆိုတာလူတိုင်းလိုအပ်လျက်ရှိတယ်။ မြို့တိုင်းမှာ လိုအပ်လျက်ရှိတယ်။ ပြီးပြည့်စုံတယ်ဆိုလို့ မရှိကြပါဘူး။

ဒါပေမဲ့လည်း ဒါကြီးကို ဟိုမိန်းက (၁၀)ခုလောက် ခွင့်ပြုထားတာ စဉ်းစားစရာဖြစ်နေတဲ့ အတွက်ကြောင့် ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက ဟိုမိန်းဆိုတာလည်း ငြိမ်းချမ်းရေးယူထားတဲ့ ဒေသဖြစ်တဲ့နှင့် အညီ ငြိမ်းချမ်းရေးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ငွေစာရင်းခေါင်းစဉ်ဖြင့်လည်း ကျခံသုံးစွဲနိုင်တဲ့အနေ အထားလည်း ရှိပါတယ်။ ဒါ့ကြောင့်လည်းပဲ ကျွန်တော်ဖြစ်စေချင်တာက အစိုးရအဖွဲ့ရဲ့ လိုအပ်ချက်လည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် လင်းခေးခရိုင်အတွင်းရှိ မြို့အားလုံးအတွက် သာတူညီမျှ အကျိုးခံစားခွင့်ဖြစ်စေရန် ခွင့်ပြုရန်ပုံငွေကျပ် ၅၁၆.၆၆၉ သန်းကို ဟိုမိန်းအတွက် အစိုးရလိုအပ်ချက်အရဆိုလျှင်လည်း တစ်ဝက်ကျခံ သုံးစွဲပါ။ ကျန်တစ်ဝက်ကို ကျွန်တော်တို့ကျန်တဲ့မြို့ လင်းခေးတို့ လင်းခေးဆို ခရိုင်မြို့တောင် ဖြစ်ပါသေး တယ်။ မိုးနဲ၊ မိုင်းပန်နှင့် မောက်မယ်အပြင် ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ ကျိုင်းတောင်းမြို့ကိုလည်း ထည့်ပြီးတော့ မီးလင်းရေးလုပ်ငန်း တိုးချဲ့ပြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ပေးစေလိုပါတယ်။ ဒါမှလည်း ပြည်သူလူထုအကျိုးပြုလုပ်ငန်းဆိုရင် ညီတူညီမျှ ခံစားခွင့်ရရှိမှာ ဖြစ်တဲ့အတွက်ကြောင့် လင်းခေးခရိုင်အတွက် ကျခံမည့်ဟာဆိုရင် အစိုးရရဲ့ လိုအပ်ချက်လည်း ဖြစ်စေတာကြောင့် ကျပ် ၅၁၆.၆၆၉ သန်းအား ဟိုမိန်းကို တစ်ဝက် လောက်ကျခံပြီးတော့ ကျန်တဲ့မြို့ (၅)မြို့ကလည်း ညီတူညီမျှ မီးလင်းရေးလုပ်ငန်းများ ပြန်လည်ရေးဆွဲ စိစစ်ဆောင်ရွက်ပေးသင့်ပါကြောင်း သုံးသပ်အကြံပြုတင်ပြအပ်ပါတယ်။

နောက်တစ်ခုက စိုက်ပျိုးရေးဦးစီးဌာနဖြစ်ပါတယ်။ သာမန်အသုံးစရိတ် ကျပ်သန်း ၅၀၀ ဖြစ်ပါတယ်။ ဒီထဲမှာကြည့်မယ်ဆိုရင် ခေါင်းစဉ်က(၂)ခုရှိပါတယ်။ (၀၃-၀၁) လုပ်အားခ ကျပ် သန်း ၂၅၀၊ လုပ်ငန်းများအတွက်က ပဲပုပ်မျိုးသန့်ထုတ်လုပ်ခြင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးရန် ထောက်ပံ့ခြင်းနှင့် ပိုးမွှားကင်းထောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဖော်ပြထားရှိပါတယ်။ နောက်ငွေစာရင်းခေါင်းစဉ် (၀၃-၁၃) လုပ်ငန်းသုံးဖြင့် ကျပ်သန်း ၂၅၀ မြေဩဇာပြင်ဆင်ခြင်း ဒါလည်းသဘာဝမြေဩဇာ၊ ပဲပုပ်မျိုးသန့် ထုတ်လုပ်ခြင်း၊ ရေကြီးနစ်မြုပ်နေသည့် လယ်များ ပံ့ပိုးခြင်းနှင့် GAP စနစ် လိုက်နာကျင့်သုံးရန် ပံ့ပိုးခြင်းဆိုပြီးတော့ ဖော်ပြထားပါတယ်။

အဆိုပါလုပ်ငန်းအမျိုးမျိုး ဆောင်ရွက်ပေးသွားမည့် မြို့နယ်၊ မြို့၊ ကျေးရွာအသီးသီး အတွက် လုပ်ငန်းစီမံချက်လည်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟုလည်း သိရှိရပါတယ်။ ဆွဲလည်းဆွဲပြီးပါပြီလို့ သူတို့တင်ပြထားတာ ရှိပါတယ်။ တကယ်တော့

နိုင်ငံတော်မှ ကျပ်သန်း ၅၀၀ ကုန်ကျမည့် အသုံးစရိတ်ဟာ ပြည်သူလူထုများဖြစ်တဲ့ တောင်သူ၊ လယ်သမားများအတွက် အခမဲ့ ပံ့ပိုးပေးခြင်းဖြစ်ပြီး စိုက်ပျိုးရေး နည်းစနစ်တိုးတက်လာစေရန်၊ မျိုးစေ့မျိုးသန့်ရရှိရန်၊ မြေဩဇာရရန် ကူညီထောက်ပံ့ပေးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာပြီး ကုန်ထုတ်လုပ်ငန်း ပိုမိုတိုးတက်ခြင်းဖြင့် စီးပွားရေးဖူလုံပြီး လူနေမှုဘဝ အဆင့်အတန်း ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြည်သူများအားလုံးကိုရော၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုပါအသိပေးရှင်းလင်း ဆွေးနွေးရန် လိုအပ်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့်လည်းပဲ အမှန်တကယ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို သက်ဆိုင်ရာဒေသ လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန်နှင့် လိုအပ်သလိုပူးပေါင်းဆောင်ရွက်နိုင်ရန် အဆိုပါ လုပ်ငန်းစီမံချက်အား ဖြန့်ဝေပေးရန် အကြံပြုတိုက်တွန်းအပ်ပါတယ်။

နောက်တစ်ခုက ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနဟာဆိုရင် ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်းပေါင်း ၁,၆၁၁.၉၃၄ သန်းကို မူလ ပထမကြားနာပွဲမစခင်က ပေးထားသည့် ကိန်းဂဏန်းအရ ကျွန်တော် ဖော်ပြခြင်းဖြစ်ပါတယ်။ (က) တောင်ကြီးမြို့ လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်း (၅) ခုအတွက်က ကျပ် ၆၀၂.၈၅၄ သန်း ဖြစ်ပါတယ်။ (ခ)အောင်ပန်းမြို့ ခန်းမဆောင် လမ်း၊ တံတားလုပ်ငန်း (၇) ခုအတွက် ကျပ် ၄၃၃.၃၈၀ သန်း ဖြစ်ပါတယ်။ (ဂ) လားရှိုးမြို့ လုပ်ငန်း (၃)ခုအတွက် ကျပ် ၅၇၅.၇၀၀ သန်း၊ စုစုပေါင်းကျပ်သန်းပေါင်း ၁၆၁၁.၉၃၄ သန်း ဖော်ပြထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်စတင်သည့် ပထမပုံမှန်ကစ၍ (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ကျင်းပခဲ့ရာမှာ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အသီးသီးကနေပြီးတော့ သူ့သက်ဆိုင်ရာမြို့ရဲ့ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ဖို့ မြို့ပြစနစ်ဆိုသည်မှာ လမ်း၊ မီး၊ အမှိုက်သိမ်းဆည်းမှု၊ သာယာလှပမှု အမျိုးမျိုးသော မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက်များကို အသီးသီး မေးခွန်းများဖြင့် ကြယ်ပွင့်ပြတာရော၊ မပြတာရော မေးမြန်းတာအများကြီးရှိခဲ့ပါတယ်။ အဲ့လိုမေးမြန်းတဲ့အခါမှာ သက်ဆိုင်ရာကိုယ်စားလှယ်မေးမြန်းချက်မှာ သက်ဆိုင်ရာအစိုးရအဖွဲ့မှာလည်း သက်ဆိုင်ရာ မြို့ရဲ့အခွန်အခကောက်ခံရရှိမှု အပေါ်ကိုပဲ အခြေခံပြီးတော့ လုံလောက်မှုမရှိ၍ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း အမြဲတမ်းဖြေကြားမှုနဲ့ပဲ ကြုံတွေ့နေရပါတယ်။ အဲ့ဒီကြုံတွေ့နေရတာ

ဆိုရင် ကျွန်တော်စဉ်းစားမိသည်မှာ စည်ပင်ဌာနကနေပြီးတော့ ဘတ်ဂျက်ငွေ သက်ဆိုင်ရာမြို့ရဲ့ အသီးသီးလိုအပ်ချက်ကိုအားနည်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းမရှိရင် သက်ဆိုင်ရာကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှသာလျှင် ဖြည့်စွက်ဆောင်ရွက်ပေးဖို့ အင်မတန်မှလိုအပ်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အဲ့ဒီကွက်လပ်လေးကို ဖြည့်ပေးနိုင်မှသာလျှင် တောရော၊ မြို့ပါ၊ အခုက တောကတော့ ပြောစရာမလိုပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဌာနအသီးသီးက လိုအပ်တဲ့ လမ်း၊ မီး၊ ရေ စသည်ဖြင့် အကုန်လုံးဖြည့်စွက်ပေးလျှင် ကျပ်ဘီလီယံပေါင်းမြောက်များစွာ ဖြည့်စွက်ပြီးတော့ ပြည်နယ်တစ်ခုလုံး ဖြည့်စွမ်းဆောင်ရွက်နေတာ အကုန်လုံး အသိပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ ရှမ်းပြည်နယ်မှာက မြို့ပေါင်းက သိသလောက်ဆို(၈၀)ကျော်လားတော့ မသိပါဘူးခင်ဗျား။ အဲ့လောက်ရှိတဲ့မြို့မှာဆိုရင်လည်း မြို့ကြီးတွေမှာ ပြောစရာမရှိပါဘူး။ မြို့ကြီးကျတော့လည်း သူရဲ့ရရှိတဲ့ ဝင်ငွေနဲ့ သူဟာသူ လုံလုံလောက်လောက် ဆောင်ရွက်နိုင်တဲ့အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ လိုအပ်ချက်အရဆိုပြီး မြို့ကြီးမှာထပ်ပြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အသီးသီးကအောက်မှာလည်း ထပ်ပြီးတော့ ရန်ပုံငွေချထားပေးတာ ရှိတာနဲ့အညီ မြို့ကြီးကပြောစရာ မလိုပါဘူး။ ဒါကိုလည်း ကျွန်တော် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ လိုအပ်ချက်အရ မြို့ရဲ့ဂုဏ်ဆောင် ရှမ်းပြည်နယ်ရဲ့ မြို့ကြီးဆိုတော့ ဂုဏ်ဆောင်ပြီး အားကောင်းကောင်းဖြင့် လာတဲ့ဧည့်သည်တော်များဖြစ်စေ၊ နိုင်ငံခြားဧည့်သည်ဖြစ်စေ ဆောင်ရွက်ပေးနိုင်တာကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လည်း အစောက ကျွန်တော်တင်ပြသလို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ တင်ပြသလို ဘာမှလည်း မရရှာတဲ့ မြို့ငယ်လေးတွေအပေါ် ဖြည့်စွက်ပေးဖို့လည်းလိုအုံးမယ်လို့ ကျွန်တော် မြင်မိပါတယ်။ အဲ့မှာ ပြန်ကြည့်ပါက ဝင်ငွေနည်းပါးတဲ့ မြို့နယ်ငယ်ပေါင်းက ကျွန်တော်ထင်တာ (၅၀) ပတ်ဝန်းကျင်ရှိမယ်။ (၈၀) ထဲက (၅၀) လောက်ကျန်ပါမယ်။ ဥပမာ-တစ်ခါမှ လွှတ်တော်ထဲမှာ ပြောသံဆိုသံမကြားတာရှိပါတယ်။ မိုင်းခုတ်မြို့၊ ပုံပါကျင်မြို့၊ မုံးထော်၊ မုံးထစသည်ဖြင့် မြို့ငယ်လေးတွေ အရင်တော့ တစ်ကြိမ်တစ်ခါမြို့နယ်ခွဲပြီးတော့ မြို့နယ်ဖြစ်လာတယ်။ တုံတာမြို့နယ် စသည်ဖြင့် မိုင်းယုမြို့နယ်၊ တောင်ပိုင်းမှာလည်း ရှိပါတယ်။ မိုင်းစံမြို့နယ်၊ တစ်ခြားမြို့နယ် ရှိကောင်းရှိမယ်။ မြောက်ပိုင်းမှာလည်း ထိုနည်းတူပဲ မိုင်းငေါ့တို့ စသည်ဖြင့် ဒီမြို့ငယ်တွေအမြောက်အများရှိပါတယ်။ တောင်ပိုင်းမှာဆိုလျှင် ကာလိတို့ အဲ့လိုဟာလေး

တွေပေါ့။ ကာလိကျတော့ တစ်ခါမှလည်း လွတ်တော်မှာ ပြောသံဆိုသံမရှိတဲ့ မြို့ငယ်လေးတွေ စောင့်ရှောက်မဲ့သူလည်းမရှိပါဘူး ဖြစ်လာပါတယ်။

ဒါကြောင့်လည်းပဲ ရရှိတဲ့ ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်း ၁,၆၁၁.၉၃၄ ကနေ ဒီလိုအပ်ချက်လေးတွေ ကွက်လပ်လေးတွေကို ဖြည့်ဆည်းဆောင်ရွက်သွားမယ်ဆိုရင် မကောင်းဘူးလားလို့ ကျွန်တော်မြင်မိတာနဲ့အညီ ယခုကျွန်တော်လည်း တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ သက်ဆိုင်ရာအစိုးရအဖွဲ့မှနေပြီးတော့ ချထားတဲ့ခွင့်ပြုငွေ ကျပ် ၁,၆၁၁.၉၃၄ သန်း၊ သက်ဆိုင်ရာမြို့ကြီး (၃) မြို့ ခွင့်ပြုပေးတဲ့ငွေ၊ ဒါပေမဲ့ ကြားနာပွဲတွင် ဆက်လက်ပြီးတော့ သက်ဆိုင်ရာက ပြန်လည်ပြီးတော့၊ မွမ်းမံပြီးတော့ ပြန်တင်ပြတာရှိပါတယ်။ ဒါလည်းအကြောင်းအမျိုးမျိုးကြောင့် တစ်ခြားမြို့မှာပြန်လည် ဖြည့်ပြီးတော့ ဆောင်ရွက်ပေးတာရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်အမြင်က ကျွန်တော် ဖြစ်စေချင်တာက အထူးအာရုံစိုက်ပြီးတော့ မြို့ငယ်လေးတွေ ဦးစားပေးဆောင်ရွက်ပေးချင်ပါတယ်။ လမ်းတွေ၊ တံတားတွေ၊ လိုအပ်ချက်တွေ တကယ်တမ်းထဲထဲဝင်ဝင်သိတာ စည်ပင်သာယာရေးဌာနက သိပါတယ်။ ဘယ်သူမှမသိပါဘူး။ တော်ယုံတန်ယုံလည်း ဘယ်သူမှ ဒီမြို့လေးတွေရောက်တာမရှိတဲ့အတွက်ကြောင့် ဘယ်လောက်မြို့သာခေါ်တာ ကျေးရွာသာသာလေးလောက်ပဲရှိကောင်း ရှိပါလိမ့်မယ်။ မြို့ဆိုတဲ့သတ်မှတ်ချက်နဲ့အညီ မြို့ဖြစ်လာပြီဆိုလို့ မြို့ပုံစံဖြစ်တဲ့ မြို့ပုံစံကို ဆောင်ရွက်ပေးဖို့ တာဝန်တွေက စည်ပင်ဌာနကော၊ အစိုးရအဖွဲ့ကော ရှိတယ်ဆိုတာ လေးစားစွာဖြင့်ပဲ တင်ပြလိုပါတယ်။ ဒါကြောင့်လည်းပဲ အဲဒီငွေထဲကနေပြီးတော့ ပြန်လည်ရေးဆွဲပေးဖို့ ကျွန်တော်တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘယ်လိုပဲဖြစ်ဖြစ် ငွေကျပ်သန်းပေါင်း ၁,၆၁၁.၉၃၄ သန်းကိုလည်း အားလုံး သက်ဆိုင်ရာမြို့ကို ဆောင်ရွက်ပေးပါလို့လည်း မဆိုလိုပါဘူး။ အစွန်း(၂)ဖက်ကိုလည်း ရှောင်ပါတယ်။ ဖြစ်နိုင်လို့ရှိရင် သက်ဆိုင်ရာမြို့ကြီးတွေ အစိုးရလိုအပ်ချက်ကော စည်ပင်ရဲ့လိုအပ်ချက်အရကော တစ်ဝက်စီ ခွဲပေးလိုက်ပါ။ မဖြစ်မပဋိပဒါအရ အစွန်း(၂)ဖက် ရှောင်ပြီးတော့ ကျပ်သန်းပေါင်း ၆၀၀ ကို တစ်ဝက်စီခွဲပြီးတော့ သက်ဆိုင်ရာ မြို့ငယ်လေးများအတွက် လိုအပ်ချက်ကို မျှမျှတတဖြင့်ခွဲဝေပြီး သူတို့လိုအပ်ချက်ကို ဆောင်ရွက်ပေးပါ။ ကျန်တဲ့ကျပ်သန်း ၈၀၀ ကျော်ကိုလည်း သက်ဆိုင်ရာ မြို့ကြီးများလိုအပ်ချက်ကိုလည်း ပြန်လည်ကျခံသုံးစွဲပေးမည်ဆိုလျှင် ဒီဖြည့်စွက်ငွေ ကျပ် ၁,၆၁၁.၉၃၄ သန်းဟာ ဆိုလျှင် ကျွန်တော်တို့

ပြည်နယ်တစ်ခုလုံး မြို့မှာနေထိုင်ကြတဲ့ လူဦးရေအားဖြင့် ကျွန်တော်သိသလောက်ဆိုရင် (၁၅)သိန်း၊ (၁၆)သိန်း ရှိပါပြီး။

ဥက္ကဋ္ဌ။ တိုတိုနှင့် လိုရင်းရောက်အောင်ဆွေးနွေးပေးပါ။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဟုတ်ကဲ့ခင်ဗျား။ အဲ့ဒါကို နောက်ဆုံးအနေဖြင့် ကျွန်တော်တင်ပြရမည်ဆိုလျှင် ပြည်သူများအားလုံး မြို့မှာနေထိုင်တဲ့ ပြည်သူများအတွက် ကျခံသုံးစွဲပေးဖို့ ကျပ် ၁,၆၁၁.၉၃၄ သန်းအား တစ်ဝက်စီခွဲဝေ ပြီးတော့ ကျန်တဲ့မြို့ငယ်များကို မျှမျှတတ ကျပ်သန်း ၈၀၀ ခွဲဝေပေးပါ။ ကျန်ငွေ ကျပ်သန်း ၈၀၀ ကျော် ကိုတော့ မြို့ကြီးများအတွက် လိုအပ်ချက်များကို ပြန်လည်ရေးဆွဲကျခံ သုံးစွဲသွားပါရန် လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဆန်းလင်းထွန်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးဆန်းလင်းထွန်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ အစည်းအဝေး သို့တက်ရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဆန်းလင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ သဘော တရားရေးရာကို အသားပေးပြီး တင်ပြအကြံပြု ဆွေးနွေးလိုပါတယ်ခင်ဗျား။

တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဘဏ္ဍာငွေရရှိမှသာဆောင်ရွက်နိုင်မည် ဖြစ်သကဲ့သို့၊ ဘဏ္ဍာငွေခွဲဝေမှု ညီညွတ်မှုတမှု အပေါ်မူတည်ပြီး ဖွံ့ဖြိုးတိုးတက်မှုတွေဟာလည်း အချိုးညီညွတ်စွာ ပေါ်ထွက်လာမည် ဖြစ်တာကို ဦးစွာပထမ အလေးအနက်ဆွေးနွေးတင်ပြလိုပါတယ်။ အလားတူ ရှမ်းပြည်နယ်၏ မြို့နယ် (၅၅) မြို့နယ်ကို အချိုးညီစွာဖွံ့ဖြိုးတိုးတက်လာဖို့ ဆိုရာမှာလည်း ပြည်ထောင်စုရန်ပုံငွေဖြင့် တိုက်ရိုက်သုံးစွဲခွင့်ပြုထားသောလုပ်ငန်းများမှအပ၊ ပြည်နယ်ရန်ပုံငွေနှင့် ပြည်ထောင်စုမှ

ဖြည့်စွက်ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဝေးလံခေါင်ဖျားသောဒေသရှိ မြို့နယ်များအထိ ညီညွတ်မျှတစွာ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဟာ အလွန်ပင်အရေးကြီးပါတယ်။

ဌာနဆိုင်ရာအလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချို့လုပ်ငန်းများဟာ တစ်နှစ်အတွင်းရရှိသော ဘဏ္ဍာငွေဖြင့် မလုံလောက်သဖြင့် လုပ်ငန်းဆက်များအဖြစ် သက်ဆိုင်ရာမြို့နယ်စီမံကိန်းဦးစီးဌာနသို့ တင်ပြဆောင်ရွက်ရတဲ့အခါမှာ မြို့နယ်စီမံကိန်းဦးစီးဌာနများ အနေဖြင့်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်းကောင်း ဘဏ္ဍာငွေထပ်မံတင်ပြတောင်းခံရာတွင် လုပ်ငန်း၏ မူလခွင့်ပြုရန်ပုံငွေပမာဏ၊ ယခင်နှစ် ဘဏ္ဍာငွေရရှိသုံးစွဲမှုပမာဏနှင့် လုပ်ငန်းပြီးစီးမှု၊ ယခုနှစ် ဘဏ္ဍာငွေ ထပ်မံတင်ပြတောင်းခံမှုပမာဏနှင့် လုပ်ငန်းလက်ကျန်တို့အား နှိုင်းယှဉ်ဖော်ပြ၍ တောင်းခံသင့်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဘဏ္ဍာငွေအရအသုံးစိစစ်ရေးကော်မတီ အနေဖြင့်လည်း ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အလိုက် ဘဏ္ဍာငွေမျှတစွာ ခွဲဝေသုံးစွဲနိုင်ရေး စိစစ်ကြပ်မတ်ရန်အပြင် မိမိ၏ မဲဆန္ဒနယ်အတွက်သာမကပဲ အမှန်တကယ်လိုအပ်လျက်ရှိသော မြို့နယ်များအတွက်လည်း ဘဏ္ဍာငွေညီညွတ်မျှတစွာ ခွဲဝေချထားပေးရေးကို အလေးအနက်ထားဆောင်ရွက်ဖို့လည်း တင်ပြဆွေးနွေးလိုပါတယ်။

လမ်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေတင်ပြတောင်းခံရာမှာ သက်ဆိုင်ရာမြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ် (သို့မဟုတ်) ဝန်ကြီးဌာနများအနေဖြင့် ဒေသအတွင်း ကျေးလက်ဒေသရှိ မဖွံ့ဖြိုးသေးသော ကုန်ထုတ်လမ်းများ၊ ကျေးလက်လမ်းများအပါအဝင် မဖြစ်မနေဆောင်ရွက်သင့်သည့် သွားလာမှုခက်ခဲသောလမ်းများဖောက်လုပ်ရေးအတွက် ဦးစားပေးအဆင့်အတန်းဖြင့် တင်ပြတောင်းခံရန်လိုအပ်ပါတယ်။

အထူးသဖြင့် မြို့ပြဒေသများမှာ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို အတော်များများ တွေ့မြင်နေရတာ ဖြစ်ပါတယ်။ (၁၆)ပေ အကျယ် (၁)ပေအရှည်ရှိတဲ့ နိုင်လွန်ကတ္တရာထပ်ပိုးလွှာရဲ့ တန်ဖိုးဟာ ၄၆,၀၀၀ ကျပ်မှ ၄၈,၀၀၀ ကျပ် ခန့်အထိ ကုန်ကျမှုရှိတဲ့အတွက် ကြောင့် ၎င်းလုပ်ငန်းများအစား မဖွံ့ဖြိုးသေးသော ကျေးလက်ဒေသများတွင် မဖြစ်မနေလိုအပ်နေသော ကုန်ထုတ်လမ်းများ၊ မြေသားလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျောက်ခင်းလမ်းများ ဖောက်လုပ်ပေးခြင်းဖြင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုကို မျှတစေမှာဖြစ်ပြီး

ပြည်သူအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးစေမှာ ဖြစ်ကြောင်းကိုလည်း ဆွေးနွေးတင်ပြလိုပါတယ်ခင်ဗျား။

လမ်းလုပ်ငန်းများအတွက် လမ်းအူကြောင်း ရွေးချယ်ခြင်းဟာ အလွန်အရေးကြီးတဲ့ကဏ္ဍတွင်ပါဝင်လျက်ရှိပြီး လမ်းအသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေး၊ အဆင်းအတက် ပြေပြစ်ချောမွေ့စေရေးနှင့် လမ်းခရီးတတ်နိုင်သမျှ တိုတောင်းစေရေးစတဲ့အချက်တွေကို ကွင်းဆင်းစစ်ဆေးပြီးမှသာ ဘဏ္ဍာငွေတင်ပြတောင်းခံသင့်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ အချို့လမ်းများတွင် လမ်းပခုံးများမရှိသဖြင့် ယာဉ်အန္တရာယ်များ ဖြစ်ပေါ်မှု၊ ဝဲ/ ယာ ရေမြောင်းများ မပါရှိသဖြင့် မိုးရာသီမှာ ရေတိုက်စားပြီး ပျက်စီးယိုယွင်းမှုကြောင့် သွားလာမှု ခက်ခဲလျက်ရှိခြင်း၊ အချို့လမ်းများတွင် အတက်အဆင်းမတ်စောက်လွန်း၍ သွားလာရန် ခက်ခဲသဖြင့် ပြန်လည်ဖြေလျော့ပေးရန် တင်ပြနေသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ (ဥပမာ၊ လောက်ကိုင်- ချင်းရွှေဟော်လမ်း) ဖြစ်ပါတယ်။

အချို့ကျေးလက်ဒေသများတွင်လည်း မြေသားလမ်းများ ဖောက်လုပ်ထားသော်လည်း ပြုပြင်ထိန်းသိမ်းမှု အားနည်းသဖြင့် နွေမိုးဆောင်း အသုံးမပြုနိုင်သော အခြေအနေရှိပါသဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ဖောက်လုပ်ပြီးလမ်းများ ပြန်လည်ပြင်ဆင် ထိန်းသိမ်းရေးအတွက် ဘဏ္ဍာငွေတင်ပြတောင်းခံရန် လိုအပ်မည်ဖြစ်ကြောင်းကိုလည်း ဆွေးနွေးတင်ပြလိုပါတယ်။ (ဥပမာ၊ မန်တုံ- ရေပုံးလမ်း) ဖြစ်ပါတယ်။

ထို့ပြင်မြို့ပြလမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရနှင့်လွှတ်တော်မှ ဘဏ္ဍာငွေသုံးစွဲခွင့်မပြုသေးသော လုပ်ငန်းများအား ကြိုတင်ဆောင်ရွက်ခြင်းမျိုးမပြုရန်နှင့် ဘဏ္ဍာငွေရသုံးစိစစ်ရေးကော်မတီမှ စိစစ်တင်ပြ အတည်ပြုပြီးမှသာ လုပ်ငန်းများစတင် လုပ်ဆောင်ရန်ကိုလည်း ဆွေးနွေးလိုပါတယ်ခင်ဗျား။

ထပ်မံ၍ လမ်းနှင့်အဆောက်အဦများအတွက် ဘဏ္ဍာငွေတင်ပြတောင်းခံရာတွင် မူလအဓိက လုပ်ငန်းတန်ဖိုးအပြင် ၎င်းနှင့်ဆက်စပ်လျက်ရှိသော လုပ်ငန်းဆက်များကိုပါ တစ်ပါတည်း ထည့်သွင်းတွက်ချက် တောင်းခံသင့်ပါတယ်။ ဥပမာ လမ်းလုပ်ငန်းတွင် ဝဲ/ ယာ ရေမြောင်းများ၊ မြေအောက်မြောင်းများနှင့် တံတားများ၊ အဆောက်အဦလုပ်ငန်းများအတွက် ၎င်းနှင့်ဆက်စပ်နေသော ရေစီးရေလာစနစ်များ၊ အဆောက်အဦ ပတ်လည်ရေမြောင်းများ၊ မြေထိန်းနံရံများ စသည်တို့ကိုလည်း တစ်ပြိုင်တည်း တွက်ချက်တောင်းခံသင့်ပါတယ်။

သို့မှသာ ဆောင်ရွက်ပြီးသောလုပ်ငန်းများဟာ ပြည့်စုံမည်ဖြစ်ပြီး၊ ရေရှည်တည်တံ့၍ ဘဏ္ဍာငွေအလေအလွင့် လျော့နည်းစေမှာဖြစ်ကြောင်းကိုလည်း ဆွေးနွေးတင်ပြလိုပါတယ်။ ထပ်မံ၍ ဆွေးနွေးလိုတာက အဆောက်အဦလုပ်ငန်းများတွင် အမှန်တကယ် အသုံးပြုနိုင်မည့် အခြေအနေရှိမှသာ တင်ပြတောင်းခံခြင်းမျိုး ရှိသင့်ပါတယ်ခင်ဗျား။ (ဥပမာ၊ မိုးမိတ်မြို့နယ် ထွေ/အုပ်ရုံး အဆောက်အဦဟာဆိုရင် လုံခြုံရေးအကြောင်းပြချက်ဖြင့် လက်တွေ့မှာ အသုံးပြုနိုင်ခြင်းမရှိဘဲ စွန့်ပစ်ခံထားရသကဲ့သို့ရှိနေ၍ ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးနေရသည်ကို သာဓကယူနိုင်မှာဖြစ်ပါတယ်။)

ဆက်လက်၍ မော်တော်ယာဉ်နှင့် စက်သုံးဆီသုံးစွဲမှုအတွက် ဘဏ္ဍာငွေတင်ပြတောင်းခံနေမှုနှင့် ပတ်သက်၍လည်း ဆွေးနွေးလိုပါတယ်ခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်သုံးစွဲနေသည့် ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့်ခုနှစ်နှင့် အသုံးပြုပုံပေါ် မူတည်၍ လစဉ်စက်သုံးဆီနှုန်းထားနှင့် ယာဉ်ပြင်ဆင်စရိတ်များကိုလည်း မူဝါဒတစ်ရပ် ချမှတ်ဆောင်ရွက်သင့်ပါတယ်။ ယာဉ်ပြင်ဆင်စရိတ်များကို အမှန်တကယ် ယာဉ်ပြင်ဆင်ဖို့လိုအပ်မှာ ဖြစ်သလို၊ လက်တွေ့မြေပြင်မှာ အသုံးပြု၍မရသောယာဉ်များအတွက် စက်သုံးဆီ တင်ပြတောင်းခံမှုမရှိစေရေးနှင့် ၎င်းယာဉ်များအား ပြန်လည်အပ်နှံစေရေးတို့အတွက်လည်း မူဝါဒချမှတ်ဆောင်ရွက်ခြင်းဖြင့်လည်း ဘဏ္ဍာငွေလေလွင့်မှုမရှိစေရန် ဆောင်ရွက်နိုင်ကြောင်းကိုလည်း အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။

အချို့ဆည်မြောင်းများအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်နေသောကြောင့် ရေပေးဝေခြင်းမပြုနိုင်သဖြင့် ဆည်ရေသောက် ဧရိယာအတွင်း စိုက်ကွက်များတည်ရှိနေသော်လည်း ဆည်ရေမရသဖြင့် ကောင်းစွာစိုက်ပျိုးခြင်း မပြုနိုင်သော ဆည်မြောင်းအချို့အတွက်လည်း ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန် အကြံပြုထောက်ပြ ဆွေးနွေးတင်ပြလိုပါတယ်ခင်ဗျား။ (ဥပမာ- လားရှိုးမြို့၊ ရန်အောင်မြင်ဆည်ဖြစ်ပါတယ်)။ ဒီလိုထိန်းသိမ်းရေးအတွက် စရိတ်အနည်းငယ်အသုံးပြုလိုက်ခြင်းဟာ မူလ ဆည်ကြီးတစ်ခုလုံးကို တည်ဆောက်ခြင်းရဲ့တန်ဖိုးကို ပြန်လည်ရရှိလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ထပ်မံဆွေးနွေးတင်ပြလိုတာကတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရှမ်းပြည်နယ်ရှိ မြို့နယ်များတွင် နှစ်စဉ်မိုးရာသီ စိုက်ပျိုးရေးပွဲတော်များ ပြုလုပ်၍ ရတနာ

တန်းဝင်ပင်၊ အရိပ်ရပင်၊ နှစ်ရှည်စားသုံးသီးနှံပင်နှင့် စက်မှုကုန်ကြမ်းသီးနှံပင်များကို စိုက်ပျိုးလျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ စိုက်ပျိုးခဲ့သော အပင်အမျိုးအစား၊ အရေအတွက်၊ တည်နေရာတို့နှင့်အတူ အပင်အမျိုးအစားအလိုက် ရှင်သန်ဖြစ်ထွန်းမှု ပမာဏကို မှတ်ပုံတင်ထားရှိပြီး အပင်များရှင်သန်မှုအတွက် ထိန်းသိမ်းပေးခြင်းများ ဆောင်ရွက်မည် ဆိုပါက ဘဏ္ဍာငွေအကုန်ကျခံ၍ စိုက်ပျိုးခဲ့မှုများမှ အကျိုးပြန်လည်ဖြစ်ထွန်းနိုင်မည်ဖြစ်ပြီး ဘဏ္ဍာငွေသုံးစွဲရမှုကို အကျိုးရှိထိရောက်စေမှာဖြစ်ကြောင်းကိုလည်း တင်ပြဆွေးနွေးအပ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဆွေးနွေးရရင် ကျွန်တော့်ရဲ့ ဆွေးနွေးချက်များဟာ အကြံပြုထောက်ပြဆွေးနွေးခြင်းဖြစ်တဲ့အတွက် လိုအပ်ချက်ရှိတဲ့ အားနည်းချက်တစ်ချို့ကို ဖော်ပြဆွေးနွေးသွားတာဟာ လက်တွေ့လုပ်ငန်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းနှင့် ဌာနများကို အပြစ်တင်ပြောဆိုလိုခြင်းမဟုတ်ဘဲ ရှေ့ကလိုအပ်ချက်တွေကို သာဓကယူပြီး ပြည်သူ့ဘဏ္ဍာငွေများအား လိုအပ်သောနေရာများတွင် ဦးစားပေးအဆင့်အလိုက် စနစ်တကျ ခွဲဝေသုံးစွဲနိုင်ရေး၊ ဘဏ္ဍာငွေလေလွင့်မှုမရှိစေရေး၊ ပြည်နယ်အတွင်း မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှု အချိုးကျကျညီညွတ်မျှတစေရေးတို့အတွက် စေတနာထား၍ အပြုသဘောဖြင့် လေ့လာသုံးသပ် ဆွေးနွေးတင်ပြခြင်းသာ ဖြစ်ပါတယ်။ ကြွရောက်လာသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်ကျန်းမာစိတ်ချမ်းသာ၍ မိမိတို့၏ လုပ်ငန်းဆောင်တာများ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ကျွန်တော့်၏ ဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ အရ သက်ဆိုင်ရာကော်မတီ(၂)ခုမှ အစီရင်ခံစာ တင်ပြရမှာဖြစ်ပါတယ်။ ဒါကြောင့် ပထမဦးစွာ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

ဦးခင်မောင်တင့်၊ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်

လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းလာသည့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)အပေါ် ကော်မတီက စိစစ်သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား သာမန်အသုံးစရိတ် ကျပ် ၃.၀၁၅ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၇.၃၁၉ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၂၀.၃၃၄ ဘီလီယံဖြင့် အတည်ပြုခဲ့ပါတယ်။ ပြည်ထောင်စုမှ စိစစ်လျော့ချမှုအရ သာမန်အသုံးစရိတ် ကျပ် ၂.၆၄၄ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၈.၆၂၀ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၁၁.၂၆၄ ဘီလီယံသာ ခွင့်ပြုခဲ့ကြောင်း တွေ့ရှိရပါတယ်။

စိစစ်လျော့ချခဲ့သည့် ဌာနများမှာ ဗဟိုအဖွဲ့အစည်း(၃)ခု၏ အဆိုပြုငွေကျပ် ၃,၄၂၆.၃၀၆ သန်း၊ စိစစ်လျော့ချသည့်အတွက် ငွေကျပ် ၁,၇၀၁.၁၀၀ သန်း ဖြစ်သည့် အတွက် ခွင့်ပြုငွေမှာ ကျပ် ၁,၇၀၅.၂၀၆ သန်း ဖြစ်ပါတယ်။ ပြည်နယ်အဆင့်ဌာနဆိုင်ရာ(၁၄)ခု၏ အဆိုပြုငွေကျပ် ၁၀,၂၅၇.၄၁၈ သန်း၊ စိစစ်လျော့ချသည့်အတွက် ငွေကျပ် ၄,၃၄၄.၈၁၉ သန်း ဖြစ်ပြီး ခွင့်ပြုငွေမှာ ကျပ် ၅,၉၁၂.၅၉၉ သန်း ဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း(၁)ခု၏ အဆိုပြုငွေကျပ် ၄,၀၃၄.၀၀၀ သန်း၊ စိစစ်လျော့ချသည့် ငွေကျပ်သန်း ၂,၀၀၀.၀၀၀ ဖြစ်သည့်အတွက် ခွင့်ပြုငွေမှာ ကျပ် ၂,၀၃၄.၀၀၀ သန်း ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့များ (၁)ခု၏ အဆိုပြုငွေကျပ် ၂,၆၁၅.၈၅၄ သန်း၊ စိစစ်လျော့ချသည့် ငွေကျပ် ၁,၀၀၃.၉၂၀ သန်း ဖြစ်သည့် အတွက် ခွင့်ပြုငွေမှာ ကျပ် ၁,၆၁၁.၉၃၄ သန်း ဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေ ကျပ် ၄၈.၉၆၆ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေ ကျပ် ၀.၀၈၃ ဘီလီယံ၊ စုစုပေါင်းရငွေ ကျပ် ၄၉.၀၄၉ ဘီလီယံနှင့်

သာမန်အသုံးစရိတ်ကျပ် ၁၁၀.၄၉၄ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ် ၁၉၆.၇၆၅ ဘီလီယံ၊ စုစုပေါင်း အသုံးစရိတ်ကျပ် ၃၀၇.၂၅၉ ဘီလီယံ ဖြစ်သည့်အတွက် လိုငွေ ကျပ် ၂၅၈.၂၁၀ ဘီလီယံကို ပြည်ထောင်စုမှထောက်ပံ့ပေးကြောင်း တွေ့ရှိပါတယ်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အပေါ် ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ဒီကနေ့ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ကြွရောက် ချီးမြှင့်ပေးပါသော လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည် နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခ နှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော် ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ အဖွဲ့ဝင် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ကော်မတီကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါ တယ်။

နိဒါန်း

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၂၂.၆.၂၀၂၀) ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အား အတည်ပြုနိုင်ရေးအတွက် ပြည်ထောင်စုမှ စိစစ်လျော့ချပြီးသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းများအား ကြိုတင်စိစစ်နိုင်ရန် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နှင့်အညီ ဥပဒေပြုရေးဆိုင်ရာကော်မတီ အစည်းအဝေးကို (၁၅.၆.၂၀၂၀) ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး၊ နည်းဥပဒေ ၆၄ နှင့်အညီ ဌာနဆိုင်ရာ ကြားနာပွဲကို (၁၆.၆.၂၀၂၀)ရက်နေ့မှ (၁၈.၆.၂၀၂၀)ရက်နေ့အထိ (၃)ရက်တိုင် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခဲ့သည့် ဌာန/ အဖွဲ့အစည်း (၁၉)ခုနှင့် ကျင်းပပြုလုပ်ခဲ့ပါတယ်။ (၂၄.၆.၂၀၂၀)ရက်နေ့မှာ ကော်မတီ(၂)ခုပူးပေါင်း၍ အပြီးသတ်ညှိနှိုင်းဆွေးနွေးမှုအရ လေ့လာသုံးသပ် အကြံပြုချက်များကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ အရ အစီရင်ခံစာ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂.၆.၂၀၂၀) ရက်နေ့ (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါတယ်။

၃။ ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခဲ့သည့် ဌာန(၁၉)ခုအတွက် သာမန်အသုံးစရိတ် ငွေကျပ် ၃,၀၁၄,၃၈၀ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁၇,၃၁၉.၁၉၈ သန်း၊ စုစုပေါင်း အသုံးစရိတ် ငွေကျပ် ၂၀,၃၃၃.၅၇၈ သန်းကို အတည်ပြုခဲ့ပြီး ပြည်ထောင်စုမှ စိစစ်လျော့ချချက်အရ ငွေကျပ် ၉,၀၆၉.၈၃၉ သန်း စိစစ်လျော့ချခဲ့သဖြင့် ဖြည့်စွက်ခွင့်ပြုငွေမှာ ကျပ် ၁၁,၂၆၃.၇၃၉ သန်း ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဖော်ပြပါဇယားကတော့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်

ရှမ်းပြည်နယ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း အသေးစိတ်စာရင်းပဲ ဖြစ်ပါတယ်။ ခုနတုန်းကမူလ တင်ပြတဲ့ စာရင်းဖြစ်ပါတယ်။ အခုကျတော့ ပြည်ထောင်စုကနေ စိစစ်ခွင့်ပြုခဲ့တဲ့ လျော့ချပြီးတဲ့ ဌာန/ အဖွဲ့အစည်း(၁၉)ခုရဲ့ ခွင့်ပြုငွေတောင်းခံချက်အပေါ် စိစစ်ခွင့်ပြုတဲ့စာရင်းချုပ်ပဲ ဖြစ်ပါတယ်။

၄။ ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း(၂)ခန်း၊ ပုဒ်မပေါင်း(၃)ခု ပါဝင်ပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်တွေ့ရှိချက်အရ နောက်ထပ်ခွင့်ပြုသည့် သုံးငွေတွင် ပြည်နယ်အစိုးရအဖွဲ့ သာမန်သုံးငွေ ကျပ် ၃၈၂.၅၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁,၂၁၂.၀၅၀ သန်း၊ စုစုပေါင်း ငွေကျပ် ၁,၅၉၄.၅၅၀ သန်း၊ ပြည်နယ်ဥပဒေချုပ်ရုံး သာမန်သုံးငွေ ကျပ် ၃၉.၂၄၃ သန်း၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး သာမန်သုံးငွေ ကျပ် ၇၁.၄၁၃ သန်း၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးတို့၏ သာမန်သုံးငွေ ကျပ် ၄၉၃.၁၅၆ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၁,၂၁၂.၀၅၀ သန်း၊ စုစုပေါင်း ငွေကျပ် ၁,၇၀၅.၂၀၆ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။ ဒါကတော့ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့၏ သာမန်သုံးငွေနှင့် ငွေလုံးငွေရင်းသုံးငွေစာရင်းဇယားပဲ ဖြစ်ပါတယ်။

၅။ ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သုံးငွေတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အောက်ရှိ ဌာန(၁)ခု၏ သာမန်သုံးငွေ ကျပ် ၅၈၀.၀၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၁၆.၆၉၆ သန်း၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၁) ခု၏ သာမန်သုံးငွေကျပ်သန်း ၁၆၀.၀၀၀၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၂၄.၈၃၀ သန်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အောက်ရှိ ဌာန(၂)ခု၏ သာမန်သုံးငွေ ကျပ် ၃.၂၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၃၃၃.၄၂၉ သန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၁)ခု၏ သာမန်သုံးငွေ ကျပ် ၃.၇၅၀ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအောက်ရှိ ဌာန(၃)ခု၏ သာမန်သုံးငွေ ကျပ် ၆၀၈.၉၄၃ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၃.၆၀၀ သန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိ ဌာန(၂)ခု၏ သာမန်သုံးငွေ ကျပ် ၁၈၇.၇၉၁ သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အောက်ရှိ ဌာန(၁)ခု၏ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၂၃၄.၅၂၀ သန်း၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနအောက်ရှိ ဌာန(၃)ခု၏ သာမန်သုံးငွေကျပ် ၆၀၇.၀၄၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၃,၁၄၈.၈၀၀ သန်း၊

စုစုပေါင်း ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သာမန်သုံးငွေ ကျပ် ၂,၁၅၀.၇၂၄ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၃,၇၆၁.၈၇၅ သန်း၊ စုစုပေါင်း ကျပ် ၅,၉၁၂.၅၉၉ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။ ဖော်ပြပါဇယားကတော့ ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သာမန်သုံးငွေနှင့် နောက်ထပ်ခွင့်ပြုသည့် ငွေလုံးငွေရင်းသုံးငွေစာရင်းပဲ ဖြစ်ပါတယ်။

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ သုံးငွေတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၂,၀၃၄.၀၀၀ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။ ဖော်ပြပါဇယားကတော့ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရဲ့ နောက်ထပ်ခွင့်ပြုသည့် သုံးငွေစာရင်း ဖြစ်ပါတယ်။

၇။ စည်ပင်သာယာရေးအဖွဲ့များ၏ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၁,၆၁၁.၉၃၄ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။ ဖော်ပြပါဇယားကတော့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ စည်ပင်သာယာရေးအဖွဲ့များ နောက်ထပ်ခွင့်ပြုသည့် ငွေလုံးငွေရင်းသုံးငွေစာရင်းပဲ ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း ၁,၆၁၁.၉၃၄ သန်း ဖြစ်ပါတယ်။

၈။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)တွင် သာမန်သုံးငွေ ကျပ် ၂,၆၄၃.၈၈ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၈,၆၁၉.၈၅၉ သန်း၊ စုစုပေါင်း ကျပ် ၁၁,၂၆၃.၇၃၉ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။ ဖော်ပြပါဇယားကတော့ ရှမ်းပြည်နယ်၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဌာန/ အဖွဲ့အစည်း(၁၉)ခု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းပဲ ဖြစ်ပါတယ်။

၉။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ (၈.၅.၂၀၁၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၉)ဖြင့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများ ပြင်ဆင်သတ်မှတ်ခြင်းကြောင့် ဌာနများမှ ဒေသစရိတ်လိုငွေအတွက် သာမန်အသုံးစရိတ် တောင်းခံထားကြောင်း တွေ့ရှိရပါတယ်။

၁၀။ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဌာနအလိုက် အမှန်တကယ် ထပ်မံသုံးစွဲရန် လိုအပ်သော အသုံးစရိတ်များကိုသာ တောင်းခံထားသည်ကို တွေ့ရှိရပါတယ်။

၁၁။ အချို့ဌာနများသည် “အစိုးရအဖွဲ့၏ ညွှန်ကြားချက်”အရ ရန်ပုံငွေခွဲဝေရာတွင် မျှတမှုမရှိသည်ကို တွေ့ရှိရပါတယ်။ ဥပမာ- စည်ပင်သာယာရေးဌာနအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးပေးထားသော ငွေကျပ် ၁,၆၁၁.၉၃၄ သန်းအား တောင်ကြီး၊ ကလော၊ လားရှိုး (၃)မြို့တွင်သာ ခွဲဝေပေးပြီး၊ ကျန်မြို့နယ်များအတွက် ခွဲဝေပေးထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။

၁၂။ ရန်ပုံငွေခွဲဝေလျာထားရာတွင် အချို့လုပ်ငန်းများမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်အရလည်းကောင်း၊ ဝန်ကြီးများ၏ ခရီးစဉ် ညွှန်ကြားချက်အရ လည်းကောင်း၊ ဒေသတင်ပြချက်အရလည်းကောင်းဟူ၍ ထည့်သွင်းလျာထားသည်ကို လေ့လာတွေ့ရှိရပါတယ်။

စိစစ်ချက်အရ ပြင်ဆင်သည့်လုပ်ငန်းများ

၁၃။ စိစစ်ချက်အရ အောက်ဖော်ပြပါဌာန(၄)ခု၏ လုပ်ငန်းများအား ပြောင်းလဲပြင်ဆင်ခဲ့ပါတယ်-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မူလလျာထားလုပ်ငန်းရပ်(၈)ခု ဖြစ်သည့် ကလောမြို့နှင့် အောင်ပန်းမြို့များတွင် မီးပွိုင့်တပ်ဆင်ရန်၊ မီးလုံးတပ်ဆင်ရန်၊ မီးတိုင်ပြုလုပ်ရန်၊ ယာဉ်ထိန်းအဆောက်အဦ ဆောက်လုပ်ရန် ကျပ် ၁၅.၈၀၀ သန်းမှာ လုပ်ငန်းသစ်ဖြစ်သဖြင့် တောင်ကြီး-ကျောက်တလုံးသွားလမ်း မီးပွိုင့်အသစ် တည်ဆောက် တပ်ဆင်ခြင်းနှင့် ဓာတ်မီးတိုင်(၁)တိုင် ပြောင်းရွှေ့ခြင်းနှင့်လမ်းပြုပြင်ခြင်း(တောင်ကြီးတက္ကသိုလ်လမ်း၊ ဧရာဝတီလက်ဖက်ရည်ဆိုင်လမ်းဆုံ)အတွက် ပြောင်းလဲပြင်ဆင်ခဲ့ပါတယ်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် (RE) ဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းများမှ ပြင်ဆင်ဆောင်ရွက်လိုတဲ့ လုပ်ငန်းစာရင်းကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး မူလလျာထားတဲ့လုပ်ငန်းကတော့ (၁) ကလောမြို့နှင့် အောင်ပန်းမြို့များတွင် မီးပွိုင့်တပ်ဆင်ရန်၊ မီးလုံးတပ်ဆင်ရန်၊ မီးတိုင်ပြုလုပ်ရန် ယာဉ်ထိန်းအဆောက်အဦ ဆောက်လုပ်ရန် လျာထားငွေကျပ် ၁၅,၈၀၀,၀၀၀ ဖြစ်ပါတယ်။ (က) အောင်ပန်းမြို့၊ မိတ္ထီလာ-အောင်ပန်း- တောင်ကြီး- ပင်းတယလမ်းဆုံမီးပွိုင့် ပြုပြင်တပ်ဆင်ခြင်း မူလလျာထားငွေ

(၂)သန်း ဖြစ်ပါတယ်။ (ခ) အောင်ပန်းမြို့တွင်း အချက်ပြမီးပွိုင့်များတပ်ဆင်ခြင်း (အ.ထ.က (၁၀) ညောင်ပင်ထောက်ကျောင်းရှေ့)(မီးလုံး(၃)လုံး၊ တိုင်(၂)တိုင်×(၈)သိန်း) စုစုပေါင်း (၁)သန်း (၆)သိန်း ဖြစ်ပါတယ်။ (ဂ) အောင်ပန်းမြို့တွင်း အချက်ပြမီးပွိုင့်များတပ်ဆင်ခြင်း (အ.ထ.က(၈) လှည်းရိုးကျောင်းရှေ့) (မီးလုံး(၁)လုံး၊ တိုင်(၂)တိုင်×(၅)သိန်း) စုစုပေါင်း (၁၀)သိန်း ဖြစ်ပါတယ်။ (ဃ) အောင်ပန်းမြို့တွင်း အချက်ပြမီးပွိုင့်များတပ်ဆင်ခြင်း (အိုးစည်သုံးလုံး၊ မိုးကောင်းရပ်ကွက်) (မီးလုံး (၁)လုံး၊ တိုင်(၂)တိုင်×(၅)သိန်း) နှစ်ခုအတွက် (၁၀)သိန်း ဖြစ်ပါတယ်။ (င) အောင်ပန်းမြို့တွင်း အချက်ပြမီးပွိုင့်များတပ်ဆင်ခြင်း (ပြည်တော်သာ အတက်လမ်း) (မီးလုံး(၃)လုံး၊ တိုင်(၁)တိုင်×(၈)သိန်း) တန်ဖိုးအားဖြင့် (၈)သိန်းဖြစ်ပါတယ်။ (စ) အောင်ပန်းမြို့တွင်း အချက်ပြမီးပွိုင့်များတပ်ဆင်ခြင်း (မင်္ဂလာကန်လမ်းဆုံ) (မီးပွိုင့် အသစ်(၃)တိုင်) တန်ဖိုးငွေအားဖြင့် သိန်း (၈၀) ဖြစ်ပါတယ်။ (ဆ) အောင်ပန်းမြို့တွင်း အချက်ပြမီးပွိုင့်များတပ်ဆင်ခြင်း (ပညာရေး(၃) လမ်းဆုံ) (မီးလုံး (၁)လုံး၊ တိုင်(၁)တိုင်) (၅)သိန်း၊ (ဇ) ကလောမြို့၊ မြို့လယ်ညောင်ပင် မီးပွိုင့်ယာဉ်ထိန်းအဆောက်အဦ၊ သွပ်မိုးသံထည်၊ တန်ဖိုးအားဖြင့် (၉)သိန်း။ အဲ့ဒီလုပ်ငန်းတွေကို ပြောင်းလဲလိုက်တဲ့လုပ်ငန်းတွေကတော့ တောင်ကြီး- ကျောက်တလုံးသွားလမ်း မီးပွိုင့်အသစ်တည်ဆောက်တပ်ဆင်ခြင်းနှင့် ဓာတ်မီးတိုင်(၁) တိုင် ပြောင်းရွှေ့ခြင်းနှင့် လမ်းပြုပြင်ခြင်း (တောင်ကြီးတက္ကသိုလ်လမ်း၊ ဧရာဝတီလက်ဖက်ရည်ဆိုင်လမ်းဆုံ) စုစုပေါင်း ၁၅,၈၀၀,၀၀၀ ဖြစ်ပါတယ်။ ခုနက ကျွန်တော် တင်ပြအစီရင်ခံထားတဲ့ (က)ကနေပြီးတော့မှ(ဇ)ထိ လုပ်ငန်းပေါင်းတွေကို တောင်ကြီး-ကျောက်တလုံးလမ်း မီးပွိုင့်အသစ်တည်ဆောက်တပ်ဆင်ခြင်းနှင့် ဓာတ်မီးတိုင် (၁)တိုင် ပြောင်းရွှေ့ခြင်းလုပ်ငန်းကို ပြောင်းလဲဆောင်ရွက်ဖို့ ဆုံးဖြတ်ထားတဲ့အနေအထား ဖြစ်ပါတယ်။

(ခ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မူလလုပ်ငန်းရပ်(၂)ခု အတွက် လျာထားငွေ ကျပ် ၆၄.၃၀၀ သန်းအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လုပ်ငန်းရပ်(၃)ခုတွင် ပြောင်းလဲလျာထားခဲ့ပါတယ်။

အဲ့ဒီလုပ်ငန်းကတော့ (၁) မဘိမ်းမြို့၊ ဓာတ်အားရရှိရေးအတွက် အသစ်တည်ဆောက်မည့် ၃၃/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံဝင်းအား ခြံစည်းရိုးကာရံခြင်း ၁၇၀၀ ပေ၊ (၂) မဘိမ်းမြို့၊ ဓာတ်အားရရှိရေးအတွက် အသစ်တည်ဆောက်မည့် ၃၃/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံဝင်းအတွင်း ၂" အဝီစိတွင်း တူးခြင်း ဒီလုပ်ငန်း(၂)ခုရဲ့ စုစုပေါင်းမူလတန်ဖိုးက (၆၄)သန်း

ဖြစ်ပါတယ်။ ပြန်လည်ပြောင်းလိုက်တဲ့ လုပ်ငန်းတွေကတော့ (၁) မဘိမ်းမြို့၊ ဓာတ်အားရရှိရေး အတွက် အသစ်တည်ဆောက်မည့် ၃၃/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံဝင်းအား ခြံစည်းရိုး ကာရံခြင်းလုပ်ငန်း ၇၀၀ ပေ၊ (၂) သီပေါမြို့နယ်၊ နောင်အန်းကျေးရွာအုပ်စု၊ ခိုလုံကျေးရွာ ၄၀၀ ဗို့ဓာတ်အားလိုင်း ၀.၆ မိုင်အား AAC 95 mm2 ဖြင့် တိုးချဲ့တည်ဆောက်ခြင်း ကျပ် ၂၇.၃၀၀ သန်း၊ အပေါ်က ခြံစည်းရိုး ပေ (၇၀၀) ကာခြင်းအတွက် ကျပ် ၁၈.၂၀၀ သန်း၊ (၃) နမ့်ဆန်မြို့၊ ကွယ်ဟယ်အုပ်စု၊ နားဟိုင်းကျေးရွာ ဓာတ်အားရရှိရေးအတွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ၀.၄၁၃ မိုင်အား AAC 95 mm2 ဖြင့် တိုးချဲ့တည်ဆောက်ခြင်း ကျပ် ၁၈.၈၀၀ သန်း ပြောင်းလဲလိုက်တဲ့ လုပ်ငန်း(၃)ခုရဲ့ စုစုပေါင်းတန်ဖိုးကတော့ ကျပ် ၆၄.၃၀၀ သန်း ဖြစ်ပါတယ်။

(ကျပ်သန်း)

စဉ်	မူလလုပ်ငန်း	မူလ လျာထား ငွေ	ပြောင်းလဲသည့်လုပ်ငန်း	ပြောင်းလဲ လျာထား ငွေ
၁	မဘိမ်းမြို့၊ ဓာတ်အားရရှိရေးအတွက် အသစ် တည်ဆောက်မည့် ၃၃/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံဝင်းအား ခြံစည်းရိုးကာရံခြင်း ၁၇၀၀ ပေ၊	၄၉.၈၀၀	မဘိမ်းမြို့၊ ဓာတ်အားရရှိရေး အတွက်အသစ် တည်ဆောက် မည့် ၃၃/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံဝင်းအား ခြံစည်းရိုး ကာရံခြင်း ၇၀၀ ပေ၊	၁၈.၂၀၀
၂	မဘိမ်းမြို့၊ ဓာတ်အားရရှိရေးအတွက် အသစ် တည်ဆောက်မည့် ၃၃/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံဝင်းအတွင်း ၂" Ø အဝီစိတွင်း တူးခြင်း Ground Tank တည်ဆောက်ခြင်း၊ ရေစင် တည်ဆောက်ခြင်းနှင့် Pumb House တည်ဆောက် ခြင်း၊	၁၄.၅၀၀	သီပေါမြို့နယ်၊ နောင်အန်းကျေး ရွာအုပ်စု၊ ခိုလုံကျေးရွာတွင် ၄၀၀ ဗို့အားလိုင်း ၀.၆ မိုင် အား AAC 95 mm2 ဖြင့် တိုးချဲ့တည် ဆောက်ခြင်း၊	၂၇.၃၀၀
			နမ့်ဆန်မြို့၊ ကွယ်ဟယ်အုပ်စု၊ နားဟိုင်း ကျေးရွာ ဓာတ်အား ရရှိရေးအတွက် ၄၀၀ ဗို့ ဓာတ် အားလိုင်း ၀.၄၁၃ မိုင်အား AAC 95 mm2 ဖြင့် တိုးချဲ့ တည်ဆောက်ခြင်း၊	၁၈.၈၀၀
	စုစုပေါင်း	**၆၄.၃၀၀**		**၆၄.၃၀၀**

(၈) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မူလလုပ်ငန်းရပ်(၄)ခု အတွက် လျာထားငွေကျပ် ၂၃၄.၈၇၅ သန်းအား လုပ်ငန်းရပ် (၅)ခုအတွက် ပြောင်းလဲ ပြင်ဆင်လျာထားခဲ့ပါတယ်။

ရှမ်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ငွေလုံးငွေရင်း ဖြည့်စွက် ရန်ပုံငွေမှ ပြောင်းလဲဆောင်ရွက်လိုသည့် လုပ်ငန်းစာရင်းကို ကျွန်တော်တင်ပြပါမယ်။ မူလ လုပ်ငန်းကတော့ (၁) ဆီဆိုင်မြို့နယ်၊ မကောက်(နှ)-သပြေကုန်းလမ်း မြေသားလမ်းဖောက်

လုပ်ခြင်း (၁/၀)မိုင်၊ တန်ဖိုးအားဖြင့် ကျပ်သန်း ၃၀.၀၀၀ ဖြစ်ပါတယ်။ (၂) လားရှိုးမြို့နယ်၊ ခါးသျှိ-နမ့်အွန် ဘုန်းကြီးကျောင်းအဝင်လမ်း ၀/၀ မိုင် မှ ၁/၇ မိုင်ထိ (၁/၇)မိုင်အား ၃၄ ပေ အကျယ် မြေသားချဲ့၍ ၁၈ ပေ အကျယ် ဗြုံး ၃ လက်မထု ခင်းကြိတ်ခြင်း၊ (၁/၇) မိုင်၊ တန်ဖိုးအားဖြင့် ကျပ် ၆၁.၈၇၅ သန်း ဖြစ်ပါတယ်။ (၃) လားရှိုးမြို့နယ်၊ နားဟွယ်အဝင်လမ်း ၀/၀ မှ ၂/၀ မိုင်ထိ (၂/၀)မိုင်အား ၃၄ ပေ အကျယ် မြေသားချဲ့၍ ၁၈ ပေ အကျယ်ဗြုံး ၃ လက်မထု ခင်းကြိတ်ခြင်း၊ (၂/၀) မိုင် တန်ဖိုးအားဖြင့် ကျပ်သန်း ၆၀.၀၀၀ ဖြစ်ပါတယ်။ (၄) သီပေါမြို့နယ်၊ ကုန်းသာ-မိုင်းလင်းလမ်း ကျောက်ခင်းခြင်း၊ (၁/၀)မိုင် တန်ဖိုးအားဖြင့် ကျပ် ၈၃.၀၀၀ သန်း၊ စုစုပေါင်း ကျပ် ၂၃၄.၈၇၅ သန်း ဖြစ်ပါတယ်။

ပြောင်းလဲလိုက်တဲ့ လုပ်ငန်းတွေကတော့ (၁) ရွာငံ- ကျောက်ပုံ- ထမင်းပေါင်းလမ်း ကျောက်ခင်းခြင်းလုပ်ငန်း(၁/၆.၁၈) မိုင် တန်ဖိုးအားဖြင့် ကျပ် (၅၆.၂၅၀) သန်းဖြစ်ပါတယ်။ (၂) လားရှိုးမြို့နယ်၊ ခါးသျှိ-နမ့်အွန် ဘုန်းကြီးကျောင်း အဝင်လမ်း ၀/၀ မှ ၁/၀ မိုင်ထိ (၁/၀)မိုင်အား ၃၄ ပေ အကျယ် မြေသားချဲ့၍ ၁၈ ပေ အကျယ် ဗြုံး ၃ လက်မ ထုခင်းကြိတ်ခြင်း၊ (၁/၀) မိုင် တန်ဖိုး အားဖြင့် ကျပ်သန်း (၃၀.၀၀၀) ဖြစ်ပါတယ်။ (၃) လားရှိုးမြို့နယ်၊ နားဟွယ်အဝင်လမ်း ၀/၀ မှ ၁/၁ မိုင်ထိ (၁/၁) မိုင်အား ၃၄ ပေ အကျယ် မြေသားချဲ့၍ ၁၈ ပေ အကျယ် ဗြုံး ၃ လက်မထု ခင်းကြိတ်ခြင်း၊ (၁/၁) မိုင် တန်ဖိုးအားဖြင့် ကျပ် (၃၃.၇၅၀) သန်း ဖြစ်ပါတယ်။ (၄) သီပေါမြို့နယ်၊ မိုးတေ(ရွာသစ်) - ပန်မနလမ်း မြေသားလမ်းဖောက်လုပ်ခြင်း၊ (၂/၀)မိုင် ကျပ် (၆၀.၀၀၀) သန်း၊ သီပေါမြို့နယ်၊ ဆောင်ကြဲ- စယ်ခန်လမ်း မြေသားလမ်းဖောက်လုပ်ခြင်း၊ (၁/၆.၆)မိုင်၊ ကျပ် (၅၄.၈၇၅) သန်း၊ စုစုပေါင်း ပြောင်းလဲလိုက်တဲ့ လုပ်ငန်းတန်ဖိုးကတော့ ကျပ် (၂၃၄.၈၇၅) သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

(ကျပ်သန်း)

စဉ်	မူလလုပ်ငန်း	မူလ လျာထား ငွေ	ပြောင်းလဲသည့်လုပ်ငန်း	ပြောင်းလဲ လျာထား ငွေ
၁	ဆီဆိုင်မြို့နယ်၊ မကောက်(နှ)-သပြေကုန်းလမ်း မြေသားလမ်း ဖောက်လုပ်ခြင်း (၁/၀)မိုင်	၃၀.၀၀၀	ရွာငံ- ကျောက်ပုံ- ထမင်းပေါင်းလမ်း ကျောက်ခင်းခြင်းလုပ်ငန်း (၁/ ၆.၁၈) မိုင်	၅၆.၂၅၀
၂	လားရှိုးမြို့နယ်၊ ခါးသျှိ-နမ့်အွန် ဘုန်းကြီးကျောင်းအဝင်လမ်း ၀/၀ မှ ၁/၇ မိုင်ထိ (၁/၇)မိုင်အား ၃၄ ပေ အကျယ် မြေသားခဲ့၍ ၁၈ ပေ အကျယ် ဗြုံး ၃ လက်မထု ခင်းကြိတ်ခြင်း၊ (၁/၇) မိုင်	၆၁.၈၇၅	လားရှိုးမြို့နယ်၊ ခါးသျှိ-နမ့်အွန် ဘုန်းကြီးကျောင်း အဝင်လမ်း ၀/၀ မှ ၁/၀ မိုင်ထိ (၁/၀)မိုင်အား ၃၄ ပေ အကျယ် မြေသားခဲ့၍ ၁၈ ပေ အကျယ် ဗြုံး ၃ လက်မ ထု ခင်းကြိတ်ခြင်း။ (၁/၀) မိုင်	၃၀.၀၀၀
၃	လားရှိုးမြို့နယ်၊ နားဟွယ်အဝင်လမ်း ၀/၀ မှ ၂/၀ မိုင်ထိ (၂/၀)မိုင်အား ၃၄ ပေ အကျယ် မြေသားခဲ့၍ ၁၈ ပေ အကျယ်ဗြုံး ၃ လက်မထု ခင်းကြိတ်ခြင်း။ (၂/၀) မိုင်	၆၀.၀၀၀	လားရှိုးမြို့နယ်၊ နားဟွယ်အဝင် လမ်း ၀/၀ မှ ၁/၁ မိုင်ထိ (၁/၁) မိုင်အား ၃၄ ပေ အကျယ် မြေသားခဲ့၍ ၁၈ ပေ အကျယ် ဗြုံး ၃ လက်မထု ခင်းကြိတ်ခြင်း။ (၁/၁) မိုင်	၃၃.၇၅၀
၄	သီပေါမြို့နယ်၊ ကုန်းသာ-မိုင်းလင်း လမ်း ကျောက်ခင်းခြင်း၊ (၁/၀)မိုင်	၈၃.၀၀၀	သီပေါမြို့နယ်၊ မိုးတေ(ရွာသစ်)-ပန်မန်လမ်း မြေသားလမ်း ဖောက်လုပ်ခြင်း၊ (၂/၀)မိုင် သီပေါမြို့နယ်၊ ဆောင်ကြဲ-စယ်ခန်လမ်း မြေသားလမ်း ဖောက်လုပ် ခြင်း၊ (၁/၆.၆)မိုင်	၆၀.၀၀၀ ၅၄.၈၇၅
	စုစုပေါင်း	**၂၃၄.၈၇၅**		**၂၃၄.၈၇၅**

(ဃ) စည်ပင်သာယာရေးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မူလက မြို့နယ် (၂)ခု၏ လုပ်ငန်းပမာဏ(၅)ခုအတွက် လျာထားငွေ ကျပ် ၃၂၇.၇၈၀ သန်းအား ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) စုစုပေါင်း (၇)မြို့နယ်၏ လုပ်ငန်းပမာဏ(၈)ခုအတွက် လုပ်ငန်းများပြောင်းလဲဆောင်ရွက်ရန် လျာထား ဆောင်ရွက်ခဲ့ပါသည်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြည့်စွက်လုပ်ငန်းများ၊ စည်ပင်သာယာရေးဌာနရဲ့လုပ်ငန်းများ လျာထားချက်ပြောင်းလဲမှုအခြေအနေကို ဆက်လက်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

မူလလုပ်ငန်းကတော့ (၁) တောင်ကြီးမြို့၊ ဗိုလ်ချုပ်လမ်းနှင့် အရှေ့မြို့ပတ်လမ်းဆက်သွယ်သောလမ်းခင်းခြင်းလုပ်ငန်း တန်ဖိုးအားဖြင့် ကျပ် (၁၄.၉၀၀)သန်း ဖြစ်ပါတယ်။ အဲ့ဒီလမ်းကို ကတ္တရာဖိုးမပါ (တောင်ကြီးဟိုတယ်ဘေး) မြေမှကတ္တရာသို့ ခင်းခြင်းပဲ ဖြစ်ပါတယ်။ (၂) ကလောမြို့၊ အောင်ပန်းခန်းမ တည်ဆောက်ခြင်း၊ (အပိုင်း-၂) တန်ဖိုးအားဖြင့် ကျပ် (၁၄၄.၇၀၀) သန်း၊ (၃) ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ဗထူးလမ်း AC ခင်းခြင်း၊ တန်ဖိုးအားဖြင့် ကျပ် ၅၆.၁၈၀ သန်း၊ (၄) ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အမှိုက်ကျင်းသွားလမ်း (ဗျိုက်တောင်အတက်/ အဆင်းလမ်း) မြေသားလမ်း တိုးချဲ့ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ တန်ဖိုးအားဖြင့် ကျပ် (၁၁၂.၀၀၀) သန်း ဖြစ်ပါတယ်။ ဒါကတော့ မူလလျာထားတဲ့လုပ်ငန်းဖြစ်ပါတယ်။ မူလ လျာထားတဲ့လုပ်ငန်းရဲ့ စုစုပေါင်းတန်ဖိုးကတော့ ကျပ် (၃၂၇.၇၈၀) သန်း ဖြစ်ပါတယ်။

အဲ့ဒီမူလလျာထားတဲ့လုပ်ငန်းကနေပြီးတော့ ပြောင်းလဲဆောင်ရွက်လိုက်တဲ့ လုပ်ငန်းတွေကို တင်ပြပါမယ်။ (၁) ပင်လုံမြို့၊ ဘော်ဒါလမ်းမြေမှကတ္တရာခင်းခြင်း၊ တန်ဖိုးအားဖြင့် ကျပ် (၉.၉၇၀) သန်း ဖြစ်ပါတယ်။ (၂) လဲချားမြို့၊ (၂)ခန်းတွဲ၊ (၂)ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း၊ တန်ဖိုးအားဖြင့် ကျပ်(၄၂.၂၀၀) သန်း၊ (၃) ဖယ်ခုံမြို့၊ (၂)ခန်းတွဲ၊ (၂)ထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊ ကျပ် (၁၄.၅၀၀) သန်း၊ (၄) ကျောက်မဲမြို့၊ ပင်လုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျပ် (၁၀၅.၃၁၀) သန်း၊ (၅) မိုင်းဆတ်မြို့၊ ဦးအောင်မြတ်လမ်း သို့မဟုတ် စျေးပတ်လမ်းမြေသားလမ်းဖောက်လုပ်ခြင်း၊ ကျပ်သန်း (၄၀.၀၀၀)၊ (၆) မိုင်းတုံမြို့၊ မြို့မရပ်ကွက်၊ အမှတ်(၁)လမ်း ကွန်ကရစ်ခင်းခြင်း (၄၀၀'×၁၂'× ၆") တန်ဖိုးအားဖြင့် ကျပ် (၁၁.၂၀၀) သန်း ဖြစ်ပါတယ်။ (၇) မိုင်းယန်းမြို့၊ မြို့ရှောင်လမ်းကျောက်ချောခင်းခြင်း၊ တန်ဖိုးအားဖြင့် ကျပ် (၁၆.၆၀၀)သန်း၊ (၈) မိုင်းခတ်မြို့၊ (၂)ခန်းတွဲ (၂)ထပ်ရုံးနှင့် ဝန်ထမ်းအိမ်ရာတွဲလျက် တည်ဆောက်ခြင်း၊ တန်ဖိုး အားဖြင့် ကျပ် (၈၈.၀၀၀) သန်း ဖြစ်ပါတယ်။ မူလလျာထားတဲ့လုပ်ငန်းရဲ့ တန်ဖိုးကလည်း ကျပ် ၃၂၇.၇၈၀ သန်း ဖြစ်ပြီးတော့မှ ပြောင်းလဲဆောင်ရွက်လိုက်တဲ့ လုပ်ငန်းရဲ့တန်ဖိုးကလည်းပဲ ကျပ် ၃၂၇.၇၈၀ သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

(ကျပ်သန်း)

စဉ်	မူလလုပ်ငန်း	မူလ လျာထား ငွေ	ပြောင်းလဲသည့် လုပ်ငန်း	ပြောင်းလဲ လျာထား ငွေ
၁	တောင်ကြီးမြို့၊ ဗိုလ်ချုပ်လမ်းနှင့် အရှေ့မြို့ပတ်လမ်း ဆက်သွယ်သော လမ်းခင်းခြင်းလုပ်ငန်း (ကတ္တရာဖိုးမပါ) (တောင်ကြီးဟိုတယ်ဘေး)(မြေမှ ကတ္တရာ)	၁၄.၉၀၀	ပင်လုံမြို့၊ ဘော်ဒါလမ်းမြေမှ ကတ္တရာခင်းခြင်း၊	၉.၉၇၀
၂	ကလောမြို့၊ အောင်ပန်းခန်းမ တည်ဆောက်ခြင်း၊ (အပိုင်း-၂)	၁၄၄.၇၀၀	လဲချားမြို့၊ (၂) ခန်းတွဲ၊ (၂)ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း၊	၄၂.၂၀၀
၃	ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ဗထူး လမ်း AC ခင်းခြင်း၊	၅၆.၁၈၀	ဖယ်ခုံမြို့၊ (၂)ခန်းတွဲ၊ (၂)ထပ် ဝန်ထမ်းအိမ်ရာတည်ဆော က် ခြင်း၊	၁၄.၅၀၀
၄	ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အမှိုက်ကျင်း သွားလမ်း (ဗျိုက်တောင် အတက်/ အဆင်းလမ်း) မြေသားလမ်း တိုးချဲ့ခြင်းနှင့် ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း၊	၁၁၂.၀၀၀	ကျောက်မဲမြို့၊ ပင်လုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊	၁၀၅.၃၁၀
၅			မိုင်းဆတ်မြို့၊ ဦးအောင်မြတ် လမ်း (သို့) ဈေးပတ်လမ်း မြေသားလမ်း ဖောက်လုပ် ခြင်း၊	၄၀.၀၀
၆			မိုင်းတုံမြို့၊ မြို့မရပ်ကွက်၊ အမှတ်(၁)လမ်း ကွန်ကရစ် ခင်းခြင်း (၄၀၀'×၁၂ '× ၆ ")	၁၁.၂၀၀
၇			မိုင်းယန်းမြို့၊ မြို့ရှောင်လမ်း ကျောက်ချောခင်းခြင်း၊	၁၆.၆၀၀
၈			မိုင်းခတ်မြို့၊ (၂)ခန်းတွဲ (၂)ထပ်ရုံးနှင့် ဝန်ထမ်း အိမ်ရာ တွဲလျက် တည် ဆောက်ခြင်း၊	၈၈.၀၀၀
	စုစုပေါင်း	**၃၂၇.၇၈၀**		**၃၂၇.၇၈၀**

သုံးသပ်ချက်

၁၄။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါတယ်-

(က) ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အပေါ် ဌာနဆိုင်ရာများနှင့် ကြားနာပွဲကို (၁၆.၆.၂၀၂၀)ရက်နေ့မှ (၁၈.၆.၂၀၂၀) ရက်နေ့အထိ (၃)ရက်တာ ကျင်းပ ပြုလုပ်ခြင်းကြောင့် အသုံးစရိတ်များ လျာထားငွေများကို အမှန်တကယ် လိုအပ်သည့် လုပ်ငန်းများတွင် အကျိုးရှိရှိထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး ပြည်သူလူထုအတွက် များစွာအကျိုးဖြစ်ထွန်းစေပါတယ်။

(ခ) ကြားနာပွဲပြုလုပ်ခြင်းကြောင့် ဌာန/ အဖွဲ့အစည်းများအနေဖြင့် နောင်ဘဏ္ဍာ ရေးနှစ်များတွင် တိကျမှန်ကန်၍ ပြီးပြည့်စုံသည့် လုပ်ငန်းစာရင်းများ ဖြစ်ပေါ် စေပါတယ်။

(ဂ) ကော်မတီနှစ်ရပ် ကြိုတင်စိစစ်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ် အချင်းချင်း၊ လွှတ်တော်နှင့် အစိုးရသဘောထားကွဲလွဲမှုများ လျော့နည်းနိုင်သမျှ လျော့နည်းသွားနိုင်မှာ ဖြစ်ပါတယ်။

(ဃ) လွဲမှားနေသော လုပ်ထုံးလုပ်နည်းများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ တည့်မတ်စွာ ထိန်းကျောင်းပေးနိုင်မှာ ဖြစ်ပါတယ်။

အကြံပြုချက်

၁၅။ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါ တယ်-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လက်သင့်ရာ မြို့နယ်များအား ရန်ပုံငွေ ချပေးနိုင်စေရန် ဌာနဆိုင်ရာများအား တိုက်ရိုက်ညွှန်ကြားခြင်းမျိုး ပြုလုပ်ခြင်း မျိုး ရှောင်ရှားသင့်ပါတယ်။

(ခ) ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇ အရ ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသည့် ဥပဒေကြမ်းကို လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သတောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ပြည်နယ်အစိုးရ ဘတ်ဂျက်ဟူသမျှသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ သဘောတူဆုံးဖြတ်ချက်ဖြင့်သာ သုံးစွဲရမည်ဆိုသည့်မူကို သတိပြုသင့်ပါတယ်။

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုဘတ်ဂျက်တွင် တောင်းဆိုပိုင်ခွင့်ရှိသည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်များအား ပြည်နယ်ဘတ်ဂျက်တွင် ထည့်သွင်းလျာထားခြင်း မပြုသင့်ပါ။ အကယ်၍ ပြည်နယ်ရန်ပုံငွေဖြင့်သာ ဆောင်ရွက်ရသည့်လုပ်ငန်းများဖြစ်ပါက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ညှိနှိုင်းပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် တောင်းဆိုခြင်းသည်သာ ဖြစ်သင့်ပါတယ်။

(ဃ) ဌာနဆိုင်ရာများအနေဖြင့် ပြည်ထောင်စုဘတ်ဂျက်တွင် လျာထားတင်ပြဆောင်ရွက်လျက်ရှိသည့် ဆက်စပ်လုပ်ငန်းများအား ပြည်နယ်ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲတင်ပြခြင်းမျိုးကို သတိမူသင့်ပါတယ်။

(င) "ဒေသတင်ပြချက်နှင့် ပြည်သူများ၏တင်ပြချက်အရ" (Budget) ထည့်သွင်းပေးခြင်းမှာလည်း မဖြစ်သင့်ကြောင်းနှင့် ပြည်သူများ၏ လိုအပ်ချက်မှန်သမျှကို လွှတ်တော်ကိုယ်စားလှယ်အား အသိပေးပြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှတစ်ဆင့် တင်ပြခြင်းသည်သာလျှင် လွန်စွာသင့်မြတ် ဖြစ်သင့်လှပါတယ်။

(စ) ဌာန/ အဖွဲ့အစည်းများအနေဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ခွဲဝေလျာထားရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ကတိကဝတ်များ၊ တင်ပြချက်များကို ပထမဦးစားပေး ထည့်သွင်းရန်နှင့် မဖြစ်မနေသုံးစွဲရမည့် လုပ်ငန်းများကိုသာ ဒုတိယဦးစားပေး လျာထားရန် အကြံပြုပါတယ်။

(ဆ) ရန်ပုံငွေခွဲဝေလျာထားရာတွင် ရှမ်းပြည်နယ်တစ်ခုလုံးအား လွှမ်းခြုံ၍ အချိုးညီမျှစွာ မျှမျှတတ ခွဲဝေဆောင်ရွက်သင့်ပါတယ်။

(၈) စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲပုပ်မျိုးသန့်ထုတ်လုပ်ခြင်း၊ GAP စနစ် လိုက်နာကျင့်သုံးရန် စည်းရုံးထောက်ပံ့ခြင်းနှင့် ပိုးမွှားကင်းထောက်ခြင်း စသည့်လုပ်ငန်းများ မြို့နယ်၊ မြို့၊ ကျေးရွာအသီးသီးအတွက် လုပ်ငန်း ဆောင်ရွက်မည့် စီမံချက်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးဆောင်ရွက်သွားရန် အကြံပြုအပ်ပါတယ်။

(၈) ဟိုမိန်းမြို့သည် ငြိမ်းချမ်းရေးရယူထားသည့် ဒေသဖြစ်သည်နှင့်အညီ ငြိမ်းချမ်းရေးဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်သာ ကျခံသုံးစွဲသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

(၉) လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်လွန်ကတ္တရာ(AC) လမ်းခင်းခြင်း လုပ်ငန်းများအစား ဖွံ့ဖြိုးမှုနည်းပါးသည့် ကျေးလက်ဒေသများတွင် လိုအပ်လျက်ရှိသော ကုန်ထုတ်လမ်းများ၊ မြေသားလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျောက်ခင်းလမ်းများကိုသာ ဦးစားပေးဖောက်လုပ်ပေးသင့်ကြောင်း အကြံပြုပါတယ်။

(၁၀) လမ်းလုပ်ငန်းများဆောင်ရွက်ရန် အသုံးစရိတ်များ တင်ပြခြင်းမပြုမီ လမ်းအသုံးပြုသူများအန္တရာယ်ကင်းရှင်းရေး၊ အတက်အဆင်းပြေပြစ်ချောမွေ့ရေး၊ လမ်းအရှည်လျော့နည်းရေး စသည့်အချက်များကို ကွင်းဆင်းစစ်ဆေးပြီးမှသာ အသုံးစရိတ်များကို လျာထားသင့်ပါတယ်။

(၁၁) လမ်းဖောက်လုပ်ရန်အတွက် အသုံးစရိတ်များ လျာထားတင်ပြရာတွင် ဆက်စပ်လုပ်ငန်းများဖြစ်သည့် Box Culvert၊ Retaining Wall များနှင့် လမ်းဘေးရေနုတ်မြောင်း Side Drain များအတွက်ပါ ထည့်သွင်းလျာထားတင်ပြသင့်ပါတယ်။

(၁၂) ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် နှစ်စဉ် မိုးရာသီ စိုက်ပျိုးပွဲတော်များတွင် စိုက်ပျိုးခဲ့သည့်အပင်များအား ရှင်သန်ဖြစ်ထွန်းမှု မှတ်တမ်းများထားရှိခြင်း၊ စိုက်ပျိုးပြီးအပင်များ ရှင်သန်စေရေး ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်သင့်ပါတယ်။

(၁၃) ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ ဆောက်လုပ်ရာတွင် ရုံးအဆောက်အဦများ ဆောက်လုပ်ပြီးမှသာ မြေနေရာ

အတွက် တောင်သူပိုင်မြေများအား မြေယာလျော်ကြေးပေးချေရန် တောင်းခံခြင်းမျိုး မပြုလုပ်သင့်ပါကြောင်း အကြံပြုပါတယ်။

(ဏ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် အသုံးစရိတ်များ ခွဲဝေလျာထားရာတွင် တစ်ပြေးညီ ညီတူမျှတူ လျာထားပေးသင့်ပါတယ်။

(တ) မြို့နယ်/ ခရိုင် စီမံကိန်းရေးဆွဲရာတွင်ပါဝင်ပြီး ပြည်နယ်အဆင့်စီမံကိန်းရေးဆွဲရာတွင် ပါဝင်ခြင်းမရှိသည့် လုပ်ငန်းများအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားသင့်ပါတယ်။

တင်ပြချက်

၁၆။ ဥပဒေကြမ်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အပါအဝင် ဗဟိုအဖွဲ့အစည်း(၃)ခု၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ(၁၄)ခု၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၁)ခုနှင့် စည်ပင်သာယာရေးဌာန (၁)ခုတို့၏ သာမန်သုံးငွေ ကျပ် ၂,၆၄၃.၈၈၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၈,၆၁၉.၈၅၉ သန်း၊ စုစုပေါင်း ကျပ် ၁၁,၂၆၃.၇၃၉ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို စိစစ်တွေ့ရှိရပါသဖြင့် ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)တို့အား ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်တွေ့ရှိချက်၊ ပြင်ဆင်ချက်များအတိုင်း ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့နှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် အတွက် (၂၂.၆.၂၀၂၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်တွင် ယခုဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း၊ ပြင်ဆင်ထားသည့်အတိုင်း ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ အတည်ပြုရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ဒီကနေ့ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ယခု အစည်းအဝေးအပါအဝင် လွှတ်တော်အစည်းအဝေးများကို အားတက်သရော တက်ရောက်ကြပြီး အစည်းအဝေးတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်အပေါင်း (၂၇)ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း (၄၈)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အဆိုအနေနဲ့ အဆို တစ်ခုကို အတည်ပြုနိုင်ခဲ့ပြီး၊ အဆိုတစ်ခုအား မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဥပဒေ(ကြမ်း)နှင့်စပ်လျဉ်းပြီး ဒီဇွန်လမှာ မဖြစ်မနေဆောင်ရွက်ပေးရမည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ (မူကြမ်း)ကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ဤဥပဒေကြမ်းဟာ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၃၄၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ်(၁)အရ လွှတ်တော်သို့ပေးပို့၍ တင်သွင်းဆုံးဖြတ်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ပုံမှန်ဥပဒေ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)၊ ဒေသန္တရစီမံကိန်းဆိုင်ရာဥပဒေ(မူကြမ်း)နှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေ (မူကြမ်း)မှအပ ဖွဲ့စည်းပုံအခြေခံ ဥပဒေဇယား(၂)ပါ အခြားဥပဒေ(မူကြမ်း) သို့မဟုတ် အများပြည်သူနှင့်သက်ဆိုင်သော ဥပဒေ(မူကြမ်း)များကို ပြည်နယ်အစိုးရအဖွဲ့အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခွင့်ရှိပါတယ်။

ဒုတိယအကြိမ် သက်တမ်းမှာ ဒီကနေ့ထိ အများပြည်သူနှင့်သက်ဆိုင်သည့် ဥပဒေ (မူကြမ်း) (၁၃)ခု တင်သွင်းအတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဆွေးနွေးအတည်ပြုရန် ဥပဒေ(မူကြမ်း) တစ်ခု ကျန်ရှိပါသေးတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းမှာ အတည်ပြု

ပြဋ္ဌာန်းနိုင်ခဲ့သော အများပြည်သူနှင့်သက်ဆိုင်သည့် ဥပဒေ စုစုပေါင်းမှာ (၁၂) ခုဖြစ်ကြောင်း ဖော်ပြပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ စုစုပေါင်းအသုံးစရိတ် ကျပ် (၂၀.၃၃၄) ဘီလီယံ အတည်ပြုခဲ့ပေမယ့် ပြည်ထောင်စုမှ စိစစ် လျော့ချခဲ့ရာ စုစုပေါင်းအသုံးစရိတ်မှာဆိုရင် ကျပ်(၁၁.၂၆၄)ဘီလီယံ ခွင့်ပြုတာကို အားလုံး အသိပဲ ဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်းပြီး ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ စိစစ်ရေးကော်မတီနှင့် ဥပဒေပြုရေးဆိုင်ရာကော်မတီတို့က သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်အပါအဝင် သက်ဆိုင်ရာဌာနများနှင့် ကြားနာပွဲခေါ်ယူ၍ အကြိုညှိနှိုင်း ဆောင်ရွက်ခဲ့ပြီး ပွင့်လင်းမြင်သာမှုရှိအောင် အချို့လုပ်ငန်းများကို ပြောင်းလဲလျာထားခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီ(၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ၂၀၁၉ ခုနှစ်၊ ရှမ်းပြည်နယ်တရားလွှတ်တော်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ပြည်နယ်တရားသူကြီးချုပ်က တင်ပြ၍ လွှတ်တော်မှာ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းရဲ့ နောက်ဆုံး နှစ်ဖြစ်သော ဒီ၂၀၂၀ ပြည့်နှစ်မှာဆိုရင် လွှတ်တော်အစည်းအဝေး (၃)ကြိမ် ကျင်းပပြီးစီးပြီ ဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် ဩဂုတ်လနောက်ဆုံးပတ်မှာ လွှတ်တော်အစည်း အဝေး ခေါ်ယူဖို့ မျှော်မှန်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်မှာ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်အစီအမံများ ကို ကြိုတင်ပြင်ဆင်ထားစေလိုပါတယ်။

အထူးအစည်းအဝေး (၁/ ၂၀၂၀) နှင့် ယခုအစည်းအဝေးကြားကာလအတွင်း INGO အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ(၂)ကြိမ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ COVID ထိန်းချုပ် ရေးကာလဖြစ်တာနှင့်အညီ ဥပဒေ(ကြမ်း) အကျဉ်းချုပ်မှတ်တမ်းရေးသားခြင်း Briefing Memo အလုပ်ရုံဆွေးနွေးပွဲကို NDI မှလည်းကောင်း၊ ကော်မတီရေးရာ ကျွမ်းကျင်မှုသင်တန်း

ကို UNDP မှလည်းကောင်း Online စနစ်ဖြင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို သက်မှတ်ရက်အတွင်း အောင်မြင်စွာဆောင်ရွက်ပေးတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျန်ရှိသော လွှတ်တော်ရဲ့ သက်တမ်းကာလအတွင်း ဆက်လက်ဆောင်ရွက်ရမည့် လွှတ်တော်ပြင်ပ လုပ်ငန်းတာဝန်များကို မိမိတို့ဒေသအသီးသီး ပြန်လည်ရောက်ရှိတဲ့အခါ သမိုင်းပေးတာဝန်အဖြစ် ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ။ ကြုံတင်မှန်းဆ၍မရနိုင်သည့် COVID -19 ၏ စိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များ၊ လမ်းညွှန်ချက်များ၊ နှိုးဆော်ချက်များနှင့် သိကောင်းစရာများကို ပြည်သူတစ်ရပ်လုံးက သိရှိလိုက်နာစေပြီး ကမ္ဘာ့ကပ်ရောဂါဆိုးကြီးအန္တရာယ်မှ အမြန်ဆုံး ကင်းဝေးနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့) အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်လွှတ်တော်

မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်မှ

ပထမဝါဆိုလဆန်း ၆ ရက်ထိ

(ခရစ်သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၂၂ ရက်နေ့မှ ဇွန် လ ၂၅ ရက်နေ့ထိ)

တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

ဆုံးဖြတ်ချက်များ

ပထမနေ့ (၂၂- ၆- ၂၀၂၀) တနလာ်နေ့

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦး၊ တက်ရောက်သူ (၁၂၃)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဒုတိယနေ့ (၂၃- ၆- ၂၀၂၀) အင်္ဂါနေ့

၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦး၊ တက်ရောက်သူ (၁၂၀)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

တတိယနေ့(၂၄- ၆- ၂၀၂၀) ဗုဒ္ဓဟူးနေ့

၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦး၊ တက်ရောက်သူ (၁၂၄)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၆။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းများ လျော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်စေရေးတို့ကို စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၇။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ရှမ်းပြည်နယ်တရားလွှတ်တော်က ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ တင်ပြသည့် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းအား မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

စတုတ္ထနေ့ (၂၅- ၆- ၂၀၂၀) ကြာသပတေးနေ့

၈။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦး၊ တက်ရောက်သူ (၁၂၆)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၉။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)ကို အစည်းအဝေး (စတုတ္ထနေ့)တွင် လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုသည်။

၁၀။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ"** အား ရှင်းလင်းတင်ပြခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။